www.burmeseclassic.com




BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ထွေး (၀၁၄၉၀)
ရွှေဉာဏ်လင်းစာပေ၊ ၃၉/၄၄လမ်း။
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်း/ - ဒေါ်နွဲ့နွဲ့ရီ (၀၀၇၁၁)
အဖုံးပုံနှိပ်သူ ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၆၆)၊ ပြည်တော်အေးလမ်း။
လေးထောင့်ကန်ရပ်ကွက်၊ သဃ်္ဃန်းကျွန်း။
ရန်ကုန်မြို့။

အကြိမ် - ပထမအကြိမ်
၂၀၁၅ ခုနှစ် ဩဂုတ်လ

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၅၀၀/-

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

သျှင်မ ၈၉၅.၈၃
ရွှေထုပ်လေး/ သျှင်မ၊
ရန်ကုန်။ ရွှေဉာဏ်လင်းစာပေ၊ ၂၀၁၅။
၃၆၀ စာ၊ ၁၅ စင်တီ × ၁၈ စင်တီ ။
(၁) ရွှေထုပ်လေး




## အခန်း (၁)

လက္ခဏာဗေဒင်ဟောတဲ့ဆရာ မဟုတ်ဘူးဆိုပြီး လက်ဖဝါးနှစ်ဖက်ကို ဖြန့်ပြနိုင်းနေသည်။ ပြီးတော့ မျက်နှာကို စူးစိုက်ကြည့်၏။

ဂန္ဓာရီလှည့်လည်နေသည့်ဆရာကြီးဆိုသည့်အတိုင်း ပါးရိုးတွေထွက်၍ မျက်တွင်းခွက်ထဲမှာ မျက်လုံးအစုံက စိန်ပွင့်တွေလိုလက်နေသည်။ အဖြူရောနေသည့် မျက်ခုံးအစုံက အဖျားနားမှာရှည်၍ အောက်ဘက်ကို ခပ်မျောမျောကျနေ၏။

နှုတ်ခမ်းမွေးရှည်တို့က မုတ်ဆိတ်ဖြူတို့နဲ့ လက်ဆွဲနှုတ်ဆက်နေသလိုပင် ..။

ဥပမိရုပ်ခန္ဓာကာ အမြင်အာရုံစူးရှပုံလည်းရှိပေမယ့် လှုငါးယောက်ရှိနေသော အခန်းထဲမှာ ကြာမြင့်စွာ တိတ်ဆိတ်နေခဲ့ရှိကာ အသက်ရှူသံတွေတောင် ပြန်ကြားနေရ၏။

ဒီဆရာကြီးကို ဆရာတော်ကြီးရဲ့ကျောင်းမှာတွေ့တော့ ဘဏ္ဍာထိန်းကြီးက သဘောကျကြည်ညိုကာ ဘာမှန်းညာမှန်းမသိသေးဘဲ လက်အုပ်ချီခဲ့၏။

ဆရာတော်ကြီးက ထိုအခါကျမှ ဒီပုဂ္ဂိုလ်အကြောင်းကိုပြောပြခဲ့သည်။

"သူက .. ဂန္ဓာရီလှည့်နေတာ၊ မိုးကုတ်တောပိုင်းကပဲကွယ့်၊ သူ့ပတ်ဝန်းကျင်မှာတော့ တော်တော်ကြွယ်ဝတဲ့သူဌေးပေါ့၊ မိဘတွေမရှိ

www.burmeseclassic.com



ကြတော့တာနဲ့ ပိုင်ဆိုင်သမျှကို တစ်ဝက်ခွဲယူပြီးရောင်းချလှူဒါန်းပစ်တယ်၊ တစ်ဝက်ကတော့ သူ့ဇနီးနဲ့ သားအတွက် ရင်းနှီးဖို့ ပေးခဲ့တယ်၊ သူက အသက်နှစ်ဆယ့်ခုနစ်နှစ်တည်းက သမထအလုပ်တွေမှာ စိုက်နစ်ခဲ့တာ၊ သချိုင်းမြေတွေမှာ တရားထိုင်တယ်၊ အဓိဋ္ဌာန်ဝင်တယ် …၊ သူ့ကို လောကီအကျိုးတရားတွေအကြောင်း ဘာမှသွားမမေးနဲ့ ဘာတွေပုံပေးပေး ဘယ်တော့မှ မဟောဘူး …"

ဆရာတော်ကြီး ဒီတိုင်းမိန့်ခဲ့သည်။ ဒါပေမယ့် ဒေါ်နှံ့သာမွှေး က စံအိမ်တော်မှာ နေ့လယ်စာတစ်နပ်လောက်ကျွေးပြီး ဒါနပြုပါရစေလို့ ဖိတ်ခေါ်လိုက်တာနှင့် မျက်လွှာတစ်ချက်ပဲပင့်ကြည့်ပြီး အသက်တစ်အောင့်လောက်အကြာမှာ ခေါင်းညိတ်လက်ခံလိုက်၏။

ဆရာတော်ကြီးကလည်း ကျေနပ်ပြီး ခေါင်းတညိတ်ညိတ်နှင့် …၊

"အဲဒါ ဒကာမကြီးတို့နဲ့ ပဋ္ဌာန်းဆက်ရှိနေတာ၊ ဒကာမကြီးတို့နေအိမ်မှာလည်း ပုဂ္ဂိုလ်တွေစောင့်ရှောက်တဲ့သဘောပဲကွယ့်၊ သူ တစ်ခုခု အာရုံထူးရလို့ပဲဖြစ်မယ် …"

လို့ ခန့်မှန်းလိုက်သေးသည်။ ခုထိတော့ ဘယ်လိုမိန့်မှာချက်မှ မလာသေးဘဲ မြေးမလေးရဲ့ လက်ဖဝါးနှစ်ဖက်ကို မျက်မှန်မပါ၊ မှန်ဘီလူးမကိုင်ဘဲ သေချာကြည့်နေသည်။

ဒေါ်နှံ့သာမွှေး အတွေးတွေများနေတုန်းမှာပဲ ဆရာကြီး မျက်လုံးတွေ မိုတ်သွားကာ ခဏကြာတော့ ဖြည်းဖြည်းချင်းပြန်ပွင့်လာလျက်…

"ဒီမိန်းကလေးရဲ့ အတိတ်က အကျိုးပေးကုသိုလ်ကံက ရှာမှရှားပဲ …၊ လက်ရှစ်ချောင်းရဲ့ မြင့်မြတ်တဲ့ ဂြိုဟ်ခုံတွေမှာ ခရုအမှတ်အသားတွေပါနေတယ်၊ လက်ကောက်ဝတ်တွေမှာ ရတနာလည်ဆွဲနဲ့ သုံးပတ်ရစ်ထားတယ်၊ အသက်လမ်းကြောင်းမှာ ကြာဖူးခံပြီး သန်လျက်နဲ့ အညွန့်တင်နေတာ … သူ့အပေါ်ကိုကျရောက်မယ့် ဘယ်လိုဘေးအန္တရာယ်မဆို သူ မသိလိုက်ပဲ အလိုအလျောက်ပယ်ရှားသွားလိမ့်မယ် …"

ဒေါ်နှံ့သာမွှေး မျက်နှာဝင်းထိန်သွားကာ ခေါင်းတညိတ်ညိတ်ဖြစ်







သွားခဲ့၏။ ဖခင်ဖြစ်သည့် ဦးမြတ်သခင် အတွက်က ဆိုဖွယ်ရာမရှိတော့ပေ …။

ရတနာစိန်ကျောက်ဆိုတာ ဒီကလေးအတွက်က ကစားစရာတွေပါ။ လိုအပ်နေတာက ဆရာကြီးရဲ့ ဟောကြားချက်တွေ မှန်ကန်နေဖို့ပဲဖြစ်သည်။ ဘဏ္ဍာထိန်းကြီး ဦးဝေဠု ကလည်း ပြုံးနေကာ နောက်မှာထိုင်နေသည့် ကလေးရဲ့ အထိန်းတော်ကြီး ဒေါ်ခတ္တာ ကိုပါ လှည့်ကြည့်မိ၏။

ဒေါ်ခတ္တာ က တပြုံးပြုံးနှင့် ခေါင်းတွေညိတ်ပြနေတာ မပြီးနိုင်…။

"သူပြုခဲ့တဲ့ ရှေးအတိတ်က ကောင်းမှုကံကြောင့် သူ့ကိုစောင့်ရှောက်ကြတဲ့ ပုဂ္ဂိုလ်ထူးတွေရှိတယ်၊ ဒီကလေးဟာ သူ့ရဲ့ ဘုန်းကံအရ ရောက်လေရာအရပ်မှာ သူ့အတွက်ဖြစ်လာတဲ့ ဣဋ္ဌာသယရတနာအိုးကြောင့် သူ့ရဲ့ ပတ်ဝန်းကျင်မှာပါ သာယာစိုပြည်နေလိမ့်မယ်၊ မရှိမလှ မဝ ဆိုတဲ့ စကား ဘယ်သော့အခါမှ မကြားရနိုင်တဲ့ ပါရမီရှင် …"

ထိုဟောစတမ်းကြောင့် ဝမ်းမြောက်ခြင်းတွေက ပြုံးတော့ပြုံးနေကြပေမယ့် မပီမပြင်ကြဘဲ ဒေါ်နှံ့သာမွှေး တစ်ခုခုမေးမည်ပြင်လိုက်လျှင် ဘဏ္ဍာထိန်းကြီးက မသိမသာခေါင်းခါပြပြီး တားမြစ်၏။

ဘဏ္ဍာထိန်းကြီးက အသက်ခုနစ်ဆယ်ကျော်နေပြီဖြစ်ကာ ဒီအိမ်မှာ ကိုယ်က အသွားဖြစ်နေပေမယ့် ဘဏ္ဍာထိန်းကြီးက ကိုယ့်ထက် အသက်ပိုကြီးသည်။

ထို့ပြင် တကယ့် သစ္စာရှိလှူယုံကြီးမို့ ရဲဘော်ရဲဘက်ကောင်းတစ်ဦးလို တိုင်ပင်အားကိုးနိုင်တဲ့သူဖြစ်၏။ ဦးဝေဠု က ခေါင်းခါပြလိုက်တာကြောင့် မျိုသိပ်လိုက်ရပေမယ့် ဒီလိုဟောလိုက်တာကိုတော့ စိတ်ထဲမှာ မတင်မကျဖြစ်သွားခဲ့၏။

မွေးပွဲကတ္တီပါခင်းသည့် ထိုင်ခုံပေါ်မှာ အမြဲတမ်းထိုင်နေပြီး၊ အထိန်းတော် အခြွေအရံတွေနဲ့ အမြဲနေနေတဲ့ တစ်ဦးတည်းသော မြေးလေး 'ရွှေစံအိမ်' ကြီးရဲ့ တစ်ဦးတည်းသော မျိုးဆက်သွေး …။

သူမလေးက ဘယ်အရပ်ဘယ်ဒေသကိုရောက်ဖို့ရှိလို့လဲ ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်တွေနဲ့မှလည်း ဆုံဆည်းဖို့အကြောင်းမရှိ။

"နောက်ထပ်တစ်ခုရှိတာက ဒီကလေး မကြာခင် ခရီးကြမ်းတစ်ခုကို သွားလိမ့်မယ် .."

"အို၊..."

"ခင်ဗျာ .."

"ဆရာကြီးရှင် .. အဲ့ဒါကတော့ .."

"မမကြီး ခဏလေးသည်းခံစောင့်ပါ .."

ဦးဝေဠု က ဒေါ်နှံ့သာမွေး ကိုပြောပြီးမှ ဆရာကြီးဘက်ကိုလှည့်၍ ...

"ဆရာကြီးခင်ဗျာ .. အဲဒီလိုဖြစ်ဖို့ရှိတာကို တားဆီးနိုင်မလားဆိုတာ အမိန့်ရှိပေးပါဦး .."

"မရှိဘူး .. သူ အဲဒီ ခရီးကိုသွားကိုသွားလိမ့်မယ်၊ သူ့ရဲ့ ဘုန်းကံအစစအရာရာကြီးမားခဲ့သလို၊ သူနဲ့ ပဋ္ဌာန်းဆက်ရှိနေတဲ့ ဖူးစာဖက်ကလည်း သူ့နဲ့ ကုသိုလ်ပြုဘက်ပါရမီထူးတဲ့သူပဲ ..၊ ဒါပေမယ့် အတိတ်ဘဝမှာ ကောင်းမှုအတူပြုကြပေမယ့် 'စိတ်ထားတတ်မှုမြဲတ်' တာမျိုး.."

ဒေါ်နှံ့သာမွေး ရဲ့ ရင်ဘတ်ကြီး စည်တီးသလို တအုန်းအုန်းမြည်ဟီးလာခဲ့၏။ ချောက်ချားပြူးကျယ်လာသည့်မျက်လုံးအစုံသည် ဆရာကြီး နောက်ဆက်တွဲပြောလာမည့်စကားတွေအပေါ်မှာ စူးစိုက်ထားရင်း သေမိန့်ကျခံရတော့မည့်လူလို ..။

"သူ့ရဲ့ ပါရမီဖြည့်ဘက် ဖူးစာရှင်က ဘုန်းကံမြင့်မားပေမယ့် ဥစ္စာချို့တဲ့ သူဆင်းရဲမျိုး .."

"ဒါကို တားဆီးလို့ရရမှာပေါ့ ဆရာကြီးရယ် ..၊ ကျွန်မတို့ရဲ့ မြေးလေးက လူကြီးမိဘရဲ့ သွန်သင်ဆုံးမမှုအောက်မှာ ခုချိန်ထိ ပိုက်ဆံတောင် ကိုင်မသုံးတတ်သေးပါဘူး .."

"မမကြီး ဆရာကြီး မိန့်တာကိုပဲ ပြီးဆုံးအောင်နားထောင်လိုက်ပါ၊ ပြီးမှ ဘာဆက်လုပ်ကြမယ်ဆိုတာ ကျွန်တော်တို့ တိုင်ပင်လို့ရတာပဲ.."





"ဟုတ်ပါတယ် .. ဆရာကြီးကို မယုံကြည်တာမဟုတ်ပါဘူးရှင်၊ ဒါကို တားဆီးပေးလို့လည်းမရဘူးဆိုတာ ကျွန်မတို့အနေနဲ့ ဘာလုပ်ခွင့်ရှိသလဲဆိုတာ တွေးမိသွားလို့ပါ .."

လူကြီးတွေရဲ့ ဆန္ဒတွေ ပူပင်သောကတွေအားလုံးက လက္ခဏာရှင်ကိုတော့ ဘယ်လိုသက်ရောက်မှုမျိုးမှမရှိခဲ့ပေ။ ဆရာကြီးရှေ့မှာ ကျုံ့ကျုံ့လေးထိုင်ကာ လက်ဖဝါးလေးတွေဖြန့်ပြထားရင်း ရွှေထုပ်လေးက ဆရာကြီးရဲ့ စကားတွေကိုပဲ စိတ်ဝင်စားနေခဲ့၏။

ကိုယ့်အကြောင်း ဟောပြောနေသည့်အသိနဲ့မဟုတ်ဘဲ ဒီပုဂ္ဂိုလ်ကြီး ဒီလောက်ထိ သိနေတာတွေက တကယ်လား၊ မှန်းဆပြောနေတာလား ..၊

တကယ်ဖြစ်လာမှာတွေကို တကယ်သိနေတာမှန်လျှင် သူမရော ဒီဆရာကြီးလို သူများအကြောင်း လူကိုမြင်တာနဲ့ ဘာဖြစ်လို့ တန်းခနဲ မသိနိုင်တာလဲ ..၊

ပြောဟောနေသည့်အကြောင်းအရာတွေနဲ့ထပ်တူ ဆရာကြီးရဲ့ ဥပမိရုပ်ကိုပါ ဖတ်ရှုလေ့လာနေမိ၏။

"ခင္ဗ်ာ .."

"ရှင် .. မမကြီး .."

"မြေးကိုခေါ်သွား .."

"ဟုတ်ကဲ့ .."

ဒေါ်ခင္ဗ်ာ ထရပ်လိုက်တာနှင့် ရွှေထုပ်လေး က နောက်ကိုအရင်ဆုတ်သည်။ ပြီးမှ ထရပ်ကာ ...

"ဘွားလေး .. သား ဒီမှာ နားထောင်လို့မရဘူးလားဟင် .."

"မရဘူး မြေးလေး .. မြေးလေးရဲ့ လက္ခဏာ ယူဖတ်တာပြီးသွားပြီ၊ ဥယျာဉ်ထဲမှာ သွားကစားနေနော် .."

ရွှေထုပ်လေး ခေါင်းလေးညိတ်ပြီးထွက်သွားခဲ့၏။ ဆရာကြီးက ရွှေထုပ်လေး ရဲ့ ခြေလှမ်းတွေအတိုင်းလိုက်ကြည့်နေတာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီမိန်းကလေးမှာ အစောင့်ရှောက်ပုဂ္ဂိုလ်တွေရှိတယ်၊ ပုဂ္ဂိုလ်ချင်း ဆက်သွယ်ချက်နဲ့ ကျုပ် ဒီကိုလာခဲ့တာ၊ ကျုပ် တာဝန်ပြီးသွားပြီဆိုတော့ ပြန်ချိန်တန်ပြီ .."

"ခဏလေး နေပါဦး ဆရာကြီးရယ် .. ပုဂ္ဂိုလ်တွေက ဆရာကြီးကို ဒီအိမ်ထိ ကြွလာနိုင်းတယ်ဆိုတော့ ကလေးအတွက် မကောင်းတာကို တားမြစ်ပြီး ကောင်းတဲ့လမ်းကို ညွှန်ကြားစေချင်တာဖြစ်မှာပါ၊ အခု ဖြစ်လာဖို့ရှိတဲ့ အဆိုးအညံ့တွေကို .."

"သံသရာစဉ်ဆက်ပါလာတဲ့ ပဋ္ဌာန်းဆက်အကြောင်းတရားတွေကို ကျုပ် မတားဆီးနိုင်ပါဘူး၊ ဖြစ်လာတာ မလာတာ၊ တားဆီးနိုင် မနိုင် ဆိုတာလည်း သူ့ရဲ့ ကံတရားပဲ .."

ဆရာကြီး ပြန်သွားသည်နှင့် ဒေါ်နှံ့သာမွှေး အစီအစဉ်တွေ စတင်တော့သည်။

"ကိုဝေဠု တောင်ဘက်ဆောင်တစ်ခုလုံးကို မိန်းကလေးတွေ အချိန်မလပ်စောင့်နေပါစေ၊ အပြင်က မီး, ရေ, လေ စက်ပြင်ကိစ္စ ဘာကြောင့်ဖြစ်ဖြစ် ဝင်လာတဲ့သူမှန်သမျှ အသက်ငါးဆယ်ဝန်းကျင်တွေပဲ အဝင်ခံရမယ်နော် ..၊ တောင်ဘက်မှာ ပျက်တာပြင်ဖာဖို့ရှိရင် ကြိုချိန်း ..၊ မြေးနဲ့ မိန်းကလေးတွေကို မြောက်ဘက်ဆောင်ပြောင်းနိုင်းပြီးမှ ပြင်စရာရှိတာ ပြင်၊ ဖြုတ်စရာရှိတာ ဖြုတ် .."

"စိတ်ချပါ မမကြီး .."

"ခြံဝင်းတစ်ခုလုံးမှာ တံခါးခြောက်ခုရှိတာ မလွယ်တံခါးတွေကို အသေပိတ်ပစ်ပါ၊ တံခါးစောင့်နှစ်ယောက်စီထား၊ ခတ္တာ .. ညည်း ငါ့မြေးကို မပြတ်ကြည့်နေရမယ်၊ အိပ်နေရင်တောင် ဘယ်ကိုဘယ်နှစ်ခါလှည့်တယ်၊ ညာကိုဘယ်နှစ်ခါစောင်းတယ် ငါမေးရင်ပြောနိုင်ပေစေ.."

"ဟုတ်ကဲ့ .. တသွေမတိမ်း ဖြစ်စေရပါ့မယ် မမကြီး .."

"နေဦး .. လာခဲ့ ဒီနားကို .."

ဒေါ်နှံ့သာမွှေး က ဒေါ်ခတ္တာ အပါအဝင် မိန်းကလေးတွေအားလုံး





ကို တန်းစီဝင်လာနိုင်းကာ ရွှေထည်လက်ဝတ်ရတနာတွေနှင့် ကတ္တီပါ သေတ္တာလေးကိုဖွင့်၍ စားပွဲပေါ်မှာ တင်လိုက်သည်။

"အားလုံးကိုပြောမယ် .. ငါတို့ စံအိမ်တော်မှာ ကျေးကျွန်မြဲတယ်၊ သစ္စာရှိလူယုံတွေက ဦးဆွေးဆံမြေ့ တာဝန်ထမ်းကြတယ် .."

ဒေါ်နှံ့သာမွှေး က ပန်းစွန်းတစ်ဖက်စီကနေ ခြုံ၍ ဘယ်ညာရစ်ထားသည့် ရွှေခြည်ထိုးမြပဝါကို ရင်ဘတ်ပေါ်ထိ မာန်ပါပါထပ်ဆွဲတင်၍ အလုပ်သမားတစ်ယောက်စီကိုကြည့်သည်။

သူတို့ရှေ့မှာ တစ်လှမ်းချင်းလှမ်းနေသော ခြေလှမ်းတွေက သန့်စင်တည်ကြည်သော မျက်နှာသွင်ပြင်ကြောင့် ထည်ဝါခန့်ညားနေ၏။

ဒီအိမ်မှာ ဘဏ္ဍာထိန်းကြီး ဦးဝေဠု နှင့် နို့ထိန်း ဒေါ်ခတ္တာ ကအစ အကျီမှာ ရွှေကြယ်သီးတပ်ပြီး ဝတ်ဆင်ရတာဖြစ်သည်။

သစ္စာရှိ လုပ်သက်ပေါ်မှာမူတည်ကာ လက်ဝတ်လက်စားတွေနှင့် သက်တမ်းအနုအရင့်ကို ခွဲခြားထားသည်။

တစ်ပြေးတစ်ညီတည်း အမြဲတမ်းရှိနေရခြင်းကတော့ တစ်ကိုယ်ရေ သန့်ရှင်းသပ်ရပ်မှုပင် ..။

အားလုံး၏သစ္စာရှိမှု၊ ကြိုးစားမှုပေါ်မှာမူတည်၍လက်ဝတ်လက်စားတွေ ချီးမြှင့်သည်။ ဒီနေ့ ဒေါ်နှံ့သာမွှေး က ထိုအကြောင်းအရာများနှင့် ပတ်သက်၍ ..၊

"ဒီနေ့ နင်တို့တွေရဲ့ ပျော်ရွှင်စရာမင်္ဂလာနေ့ပဲ .. ဒီနေ့မှာပဲ ပြောဖို့ရှိလာတာက အားလုံးရဲ့ တာဝန်သိမှု၊ သစ္စာရှိမှုကို ခါတိုင်းထက်ပိုရလိမ့်မယ်ဆိုတာပဲ ..၊ ငါတို့ စံအိမ်မှာ တာဝန်ထမ်းဆောင်ပြီးတဲ့သူတွေ ဦးဆွေးဆံမြည့် ထမ်းရွက်သွားကြတာကို ဥပမာပြရတာကလည်း မင်းတို့တွေရဲ့ အရှင်သခင်တွေက ဘယ်လောက်ထိ စာနာထောက်ထားခဲ့သလဲ ဆိုတာကို သတိရစေချင်လို့ .."

အားလုံးက လက်တွေဆန့်ချပြီး လက်ဖဝါးချင်း ဆုပ်ယှက်ထားကာ မျက်လွှာချထားရင်း နာခံနေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီစံအိမ်မှာ မင်းတို့တွေ စီးပွားရှာလို့မရပေမယ့် ငွေကြေးဥစ္စာ စုဆောင်းခွင့်ရှိတယ်၊ စုဆောင်းဖို့အတွက် ငါတို့ကိုယ်တိုင်ကပဲ ချီးမြှင့်ပေးတယ်၊ အဲ့ဒါတွေမှာ လိုအပ်တာရှိပါတယ်လို့ ပြောစရာရှိသလား၊ ဥပမာ ဒီအိမ်က စည်းစံနစ်တစ်ခုခုအပေါ်မှာ ငြိုငြင်မိတာမျိုး .."

"မရှိပါဘူး မေမေကြီး .."

"ဘာမှ ပြောစရာမရှိပါဘူး .."

"ကျွန်တော်တို့ ဒီမှာ အားလုံးပြည့်စုံပါတယ် .."

တစ်ယောက်စီ ကျေနပ်စွာ အသံထွက်လာတော့ ဒေါ်နှံ့သာမွှေး ခေါင်းတဆတ်ဆတ်ညိတ်သည်။

"ဟုတ်ပြီ .. အခု ပြောမှာကို သေချာနားထောင်ကြ၊ နင်တို့ရဲ့ မမလေးမှာ ထိခိုက်မှုရှိနိုင်တယ်လို့ ဆရာတစ်ပါးက ဟောကိန်းထုတ်သွားတယ်၊ ဗေဒင်ယတြာအရ ဘာမှ ပြင်ဆင်ချေဖျက်ဖို့ နည်းလမ်းမပေးခဲ့တဲ့အတွက် မြေးမလေးကို ထိခိုက်မှုမရှိအောင် ကာကွယ်ဖို့က မင်းတို့တာဝန်ပဲ .."

အားလုံး၏ စိတ်ပါလက်ပါ ထမ်းရွက်လိုသော ကတိပြုသံတွေကြားမှ ဒေါ်နှံ့သာမွှေး စိတ်ချမ်းသာသွား၏။

"ကိုဝေ့ဌ သူတို့အတွက် ပစ္စည်းတွေ ချီးမြှင့်လိုက်ပါဦး .."

လုပ်သက်ပေါ်မူတည်၍ တစ်မျိုး၊ တာဝန်ကျေပြွန်မှုပေါ်မှာ တစ်မျိုး၊ တာဝန်ကြီးသူကို တာဝန်အလိုက် ရတနာပစ္စည်းတွေမှာ တန်ဖိုးထည့်ထားပေးခဲ့သည်။

အားလုံးဝမ်းသာအားရ လက်ခံရယူပြီးတော့မှ ..၊

"အားလုံး တာဝန်ကိုလေးစားပါ၊ အလုပ်လုပ်ရင် တာဝန်အပြင် စေတနာလည်း ပါပါစေ၊ အလုပ်လုပ်ပြီဆိုရင် တာဝန်ပြီးမြောက်ဖို့သာ အဓိကလို့ သဘောမထားဘဲ ကိုယ်လုပ်တဲ့ အလုပ်အောင်မြင်မှသာ ဒီတာဝန်ပြီးဆုံးတယ်ဆိုတာ ဒွန်တွဲမှတ်ပါ၊ မင်းတို့ရဲ့ စောင့်ရှောက်မှုနဲ့ ငါ့မြေးကို စိတ်ချချင်တယ် .."





စံအိမ်တော်မှာ ကိုယ့်အတွက် လုံခြုံရေးတွေ တင်းကြပ်ပြီး ဘယ်သူတွေ ဘယ်လောက်ပွက်လောရိုက်နေသလဲဆိုတာ ရွှေထုပ်လေး ဘာမသိ။

သူမ အကျင့်က တွေးစရာတစ်ခုရှိနေပြီဆိုလျှင် ဒါကို အဖြေမသိရမချင်း လက်မလျှော့တတ်တာပင် ..၊

"တာကြီး ရေ .."

"မမလေး .. ကြီးကြီးက မေမေကြီးအတွက် ဆေးသွေးပေးနေပါတယ်၊ ဘာခိုင်းစရာရှိလို့လဲဟင် .."

"မေးစရာရှိလို့ .. တံခါးက ဘာလို့ဖွင့်မရရတာလဲ .."

ကြေးဆောင်ခွေထားသည့် တံခါးရွက်အထူကြီးတွေက အပေါ်ပိုင်း တစ်ဝက်က မှန်ကွက်လေးထည့်ထား၏။ ထို့ကြောင့် အပြင်ဘက်က စာဥ ကို ရွှေထုပ်လေး က မြင်နေရကာ ..၊

"စာဥ .. ငါ မေးနေတယ်လေ .."

"ဟို .. အပြင်ကနေ ပိတ်ထားလို့ပါ .."

"ပိတ်ထားတယ် .."

"ဟုတ်ကဲ့ .."

သူမ မျက်လုံးဝိုင်းသွားတာနှင့် စာဥ ခေါင်းလေးငုံ့ကျသွား၏။

"စာဥ .."

"ရှင် .. မမလေး .."

"ဒါ .. ဒါ ဘာလုပ်ကြတာလဲ .."

တံခါးပိတ်ထားလိုက်သည်ဆိုသည်နှင့် ရွှေထုပ်လေး ထိတ်လန့်သွားကာ တံခါးကို ပြေးတွန်းလိုက်၊ နောက်ပြန်ဆုတ်ပြီး စာဥ ကို အော်မေးလိုက်နှင့် ထောင်ချောက်မိသွားသည့် စာသူငယ်လေးလိုပင်။

"ဒါဆို .. ငါ အပြင်မထွက်ရတော့ဘူးလား .. စာဥ .. စာဥ ငါ့ကို တံခါးဖွင့်ပေး .. ဖွင့်ပေးဆိုမှ .."

"မမလေးရယ် .. စာဥ မဖွင့်ရဲလို့ပါ .. အဲ့ဒါလေ .."



www.burmeseclassic.com

www.burmeseclassic.com



"တာကြီး လုပ်တာဆို၊ တာကြီး ကို ခုသွားခေါ်ပေး .. သွားလေ.. သွား .."

နိုင်းနေပေမယ့် စာဥ ထံမှ ဟုတ်ကဲ့သံထွက်မလာသဖြင့် ရွှေထုပ်လေး သိနေသည်။ စာဥ ဒီနားမှာပဲ ကွယ်ရာမှာ သွားပုန်းနေတာပါ။

"စာဥ .. စာဥ ထွက်ခဲ့နော်၊ ငါ နင်နဲ့ ကစားနေတာမဟုတ်ဘူး၊ ငါ့ကို တံခါးဘာလို့သော့ခတ်ထားတာလဲ၊ တာကြီး ရေ .. တာကြီး ကို သားခေါ်နေတယ်နော် .. တာကြီး ဘယ်မှာလဲ .."

အထဲက ဘယ်လောက်အော်နေနေ မှန်နားကပ်လိုက်မှ အပေါက်ပိစိကွေးလေးက တိုးတိုးလေးပဲကြားရတာဖြစ်၏။ ဒါပေမယ့် စာဥ သိနေသည်။ အထဲမှာ မမလေး ဘယ်လောက်ယောက်ယက်ခတ် ပြေးလွှားပြီး အော်နေပြီဆိုတာ ..၊

"စာဥ .."

"ဟင် .. ကြီးကြီး .. ကြီးကြီး လုပ်ပါဦး၊ မမလေး အော်နေပြီ၊ သနားပါတယ် ကြီးကြီးရယ် .."

ခေါ်ခတ္တာ ပျာယီပျာယာရောက်လာသည်နှင့် စာဥ အခန်းအောက်ခြေမှာ ငုတ်တုတ်လေးပုကုပ်နေရာကနေ ခုန်ထ၏။

"အိပ်နေတာကို ဘယ်လိုလုပ်နိုးလာတာလဲ .. ခဏလေးပဲရှိသေးတာကို .."

"အိပ်ထားတဲ့ပုံမရှိပါဘူး ကြီးကြီးရယ်၊ ကြီးကြီး ထွက်သွားပြီး သိပ်မကြာခင် ဒီနားရောက်လာတာပဲ၊ အဲဒါ .. တံခါးပိတ်ထားတယ် လည်းပြောလိုက်ရော .."

"ဘုတ် .. ဘုတ် .."

"ဟဲ့ !.. ပလုတ်တုတ် .."

"တာကြီး .."

"ဟင် ! .. မမလေး .."

မှန်ကို အထဲကနေ တအားရိုက်ပုတ်နေတာ တော်ရုံမှန်ဆိုကွဲထွက်





သွားတာကြာပြီ ရှိလိမ့်မည်။ ခုတော့ မှန်ကလည်း မကွဲပေ။ သူမလေး အထဲကနေ မျက်လုံးလေးတွေ မှိတ်ကျသွားအောင် အော်နေတာတောင် အပြင်ကနေ တိုးတိုးပဲကြားရ၏။

ဒေါ်ခတ္တာ ဘယ်လိုလုပ်ရမလဲ ထိတ်လန့်နေတုန်းမို့ မှန်ကိုပုတ်လိုက်တာနှင့် တုန့်ခနဲဖြစ်သွားရှာကာ ..၊

"လာပြီ .. လာပြီ သားလေးရဲ့ လာပါပြီ .."

ကိုင်လာသည့် မျက်နှာသုတ်ပဝါတွေကို ပခုံးပေါ်ပြောင်းထမ်းလိုက်ကာ တံခါးပေါက်ဆီ ကိုယ်လုံးကြီးဖိုင့်ဖိုင့်နှင့် ပြေးသွားရ၏။ ပြီးတော့—

"စာဥ .. မယ်နီ တို့ကို အပေါ်ပြတင်းပေါက်တွေနဲ့ လှေကားထစ်တွေမှာ သွားစောင့်နိုင်းထား .."

"ဟုတ် .."

ဒေါ်ခတ္တာ သော့ကိုအချိန်ဆွဲဖွင့်ရင်း စာဥ ပြေးလွှားချိန်ရအောင် ဉာဏ်များနေရသည်။ စကားပြော အလွန်နူးညံ့၍ ကလေးဆန်သော ချစ်စရာကောင်းသော ဤသူငယ်မလေးသည် ငယ်စဉ်ကလေးအရွယ်မှ ခုချိန်ထိ သခင်မလေးတစ်ပါးလို ကြီးပြင်းခဲ့လင့်ကစား၊ မောက်မာကြမ်းတမ်းသော စကားတို့ကိုလည်း မဆိုတတ်ခဲ့ပေ ..။

ရယ်နေလည်းလှ၊ ငိုနေလို့လည်း အလှမပျက်သည့် ရွှေအိမ်စံ မင်းသမီးလေး ..၊

သူမလေးကို အားလုံးကချစ်ကြသည်။ သူမကို ချော့မရအောင်ဖြစ်ရပြီဆို သူမလေး ငိုတဲ့အတိုင်း အလိုက်သည်းလိုက် လိုက်ငိုတတ်ကြတာ သူမကို ထိန်းတဲ့သူအားလုံး ..။

"တာကြီး .."

"အောင်မယ်လေး .. လန့်လိုက်တာ .."

တံခါးပွင့်သွားသည်နှင့် ရွှေထုပ်လေး သူ့ရင်ခွင်ထဲ ပြေးဝင်လာကာ ..၊

"တာကြီး တို့ ဘာလုပ်တာလဲဟင် ..၊ သားကို ဘာလို့တံခါးသော့

www.burmeseclassic.com



ခတ်ထားတာလဲ ..”

“ညမှုညတာမို့လို့ပါ ကလေးလေးရယ်၊ စံအိမ်ကြီးက မြို့နဲ့ နည်းနည်းလှမ်းတယ်လေ ..”

“မဟုတ်ဘူး .. သား သိတယ်၊ ဟိုနေ့က ဘဘကြီး ပြောသွားလို့ သားကို ဘယ်မှမသွားရအောင် သော့ခတ်ပိတ်ထားတာ ..”

“အဲဒါပါပေမယ့် မဟုတ်ပါဘူး သားလေးရယ်၊ သားလေး လူကြီးတွေမသိအောင် ဘယ်မှမသွားတတ်ဘူး၊ ဘာမှမလုပ်ဘူးဆိုတာ တာကြီးတို့ သိတယ်လေ ..”

“မဟုတ်ဘူး .. မဟုတ်ဘူး တာကြီး ညာနေတယ်၊ ဒါဆို အခု ဘွားလေးဆီ သွားမေးမယ် ..”

“မသွားပါနဲ့ သားလေးရယ် .. မသွားပါနဲ့ ..”

သွားမယ်လို့ပြောလိုက်တာနှင့် ခန္ဓာကိုယ်သွယ်သွယ်လေးက လူကိုတွန်းဖယ်ပြီး တံခါးနားကို ချက်ချင်းရောက်သွား၏။

ဒေါ်ခတ္တာ ကိုယ့်ခန္ဓာကိုယ် ဝတာကို ခဏမေ့ထားပြီး သူမလေးနဲ့ အပြိုင်အုပ်မိအောင် ပြေးလိုက်ဆွဲရကာ ..၊

“သားလေး .. အောင်မယ်လေး ကလေးလေးရယ် မလုပ်လိုက်ပါနဲ့ ..၊ မမကြီးက နောက်ဖေးတံခါးကြီးမပြီးသေးလို့ အပြီးသတ်အောင် သွားနိုင်းနေတာ ..”

“ဟင် .. တံခါးကြီးက ဘာဖြစ်လို့လဲ ..”

“တံခါး ..”

စကားစတစ်ခု အစွန်းထွက်သွားမိပြန်ပြီ ..။

ဒေါ်ခတ္တာ ဘယ်လိုပြန်ရုတ်သိမ်းရမှန်းမသိသေးခင် ရွှေထုပ်လေးက သံသယဝင်သွားပြီဖြစ်ကာ ..၊

“ဟင် .. လို့ .. ပြောလေ တာကြီး၊ တံခါးတွေကရော ဘာလို့ပြင်နေတာလဲ ..၊ သားကြောင့်ပဲလား .. သားက အဲ့လိုဝင်းတွေခြံတွေထဲမှာ သော့ခတ်ပိတ်ထားရလောက်အောင် ဘာတွေလုပ်မိလို့လဲ ..”





“မဟုတ်ရပါဘူး ကလေးရယ် .. ဩော် .. ဘယ်လိုပြောရမှန်း မသိတော့ပါဘူး ..”

ပြဿနာသည် ဒေါ်နံ့သာမွှေး ၏ ပြုပြင်ပြောင်းလဲမှုတွေ စလိုက်တည်းက တစ်ပါတည်းပါလာခဲ့တာဖြစ်၏။

ထိုအချိန်မှစ၍ ရွှေစံအိမ်မှာ သူ့နေရာနဲ့သူ စံနစ်တကျလှုပ်ရှားလုပ်ကိုင်နေကြသည့် အလုပ်သမားတွေမှာ မိန်းကလေးတွေရှိသမျှက ရွှေထုပ်လေး၏ အဆောင်နားဝန်းကျင်မှာပဲ ခြေရှုပ်နေကြလျက်၊ ခြံစည်းရိုးတံတိုင်းတွေပြင်၊ တံခါးချပ်တွေပြောင်းလဲတပ်ဆင်ခြင်းနှင့် ..၊

“ဒီနေ့လည်း ခြံတံတိုင်းတွေ ပြင်ရနေတာပဲလား တာကြီး ..”

“ဟုတ်တယ် ကလေးရဲ့၊ သူခိုးတွေ ဒီနားကဖြတ်ဖြတ်ပြေးလို့လေ၊ ခြံရဲ့ နောက်ကျောဘက်မှာ စစ်သချိုင်းဟောင်းကြီးက တောထနေတာလေ၊ လူတစ်ကိုယ် ကိုယ်ယောင်ဖျောက်ရင် အသာလေးပဲ ..”

“ဟုတ်တယ် ..”

“ဟုတ်တာပေါ့ .. အဲ့ဒီအပိုင်းကပဲ ပေလေးရာကျော်တာကို မနည်းပြန်လုပ်နေရတာပေါ့ ..”

“အစတည်းက တံတိုင်းပဲဟာ ..”

“ဟုတ်တယ် .. ဒါပေမယ့် ဟောင်းနေပြီလေ၊ တစ်ချို့ပက်ကြားအက်မလိုဖြစ်နေတာတွေက မားဦးနဲ့ထိုးကလော်လိုက်ရင်တောင် ပွဲကျသွားနိုင်တာ ..”

“အဲ့ဒီလို ကလော်ပြီး ဘယ်သူမှ ဝင်မလာကြဘူးလား ..”

“ဩော် .. ကလေးရယ်၊ သိကြမှဖြင့်ဝင်လာကြမှာပေါ့ ..”

စစ်စစ်ပေါက်ပေါက်တွေမေးပြီး ရွှေထုပ်လေး ၏ မျက်နှာလေးက ဘဝင်ကျသွားပုံလည်းမပေါ် ..၊

ဒေါ်ခတ္တာ ကလည်း သူမလေးကိုပဲ မပြတ်တမ်းအကဲခတ်နေတာမို့ ဒါကိုသိနေသည်။ သိနေသဖြင့် အချိန်တိုင်းပဲ ခေါင်းကြီးနေရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးဝေဠ မမကြီးကို ခဏလောက် စကားပြောချင်တာ၊ မမကြီး မအားဘူးလားဟင် .."

"မမကြီး မအားဘူး၊ အလုပ်သမားတွေက လိုနေသေးတယ်၊ ရတဲ့လူခေါ်လို့လည်း အဆင်မပြေတော့ အလုပ်ကမပြီးဘူး၊ တံတိုင်းတွေက မြို့ချလိုက်ပြီးမှ နှစ်ဖက်စလုံး လက်စမသတ်နိုင်တော့ စံအိမ်လုံခြုံရေး အတွက်ပါ လုံးပမ်းနေရတာ .."

ဦးဝေဠ ကိုယ်တိုင် နေ့ရောညရော လူလုံးပျောက်နေသဖြင့် ခဏလေးတွေ့တုန်း စကားစလိုက်ပေမယ့် အဆုံးသတ်အောင် ဘာမှပြောခွင့် မရခဲ့ပေ။

မြေးအတွက် စိုးရိမ်ကြီးကာ ဒေါ်နှံ့သာမွှေး က နေပြောက်ထိုးတဲ့ ထရံပေါက်ကအစ လိုက်ပိတ်ဖို့ကြိုးစားနေတာဖြစ်၏။ တကယ်တော့ ရွှေထုပ်လေး မှာ မိဘနှစ်ပါးမရှိတော့ပေမယ့် အဘိုးဖြစ်သူလည်း သက်ရှိထင်ရှားရှိနေပါသေးသည်။

သို့သော် သူဌေးကြီး ဦးမြတ်သခင် က အဓိဋ္ဌာန်တစ်ခါဝင်လျှင် သုံးလ, ခြောက်လ ဝင်နေတတ်ကာ ကျန်းမာရေးကောင်းနေပေမယ့် ဘုရားခန်းနဲ့ ခဏတစ်ဖြုတ် လမ်းလျှောက်ရုံအပြင် အခြားအပြင်ကို သွားလာတာ မရှိသလောက်ပင် ...။

"စံအိမ်အပြင်ကို မလိုအပ်ဘဲ ဘယ်သူမှ တလွှားလွှားမထွက်ရဘူး၊ ဈေးကားလာရင် ကားကိုစစ်ဆေးတာ၊ ပစ္စည်းတင်ချ၊ ငွေချေတာက အစ ကိုဝေဠ တစ်ယောက်ပဲလုပ်ပါစေ .."

ထိုအမိန့်ကို ထုတ်ခဲ့ပြီး သူကအစ မသွားလာဘဲနေခဲ့တာဖြစ်၏။ အားလုံးသော စည်းကမ်းတွေဟာ ရွှေထုပ်လေး နဲ့သာ ပတ်သက်နေခဲ့ တာဖြစ်လျက် ခုလို နိမိတ်ဖတ်၊ ဟောစတမ်းထွက်လာခဲ့ပြီဆိုသည့်အခါ...။





## အခန်း (၂)

"ဟော့ကောင် .. ဇေဒင် မမေးနဲ့ ဆန်ကုန်တယ်၊ 'အဆိပ်' ဆိုတဲ့ ကောင်က သူ့နာမည် သူပေးထားတာမဟုတ်ဘူး၊ သူ့ကြောင့် ဒုက္ခရောက်တဲ့ ကောင်တွေ အပ်နှင်းထားတဲ့ အထင်ကရနာမည် .."

"သူ့နာမည်က ဒါ မဟုတ်ဘူးပေါ့ .."

"မဟုတ်ဘူး .."

"ဘာလဲ .."

"မသိဘူး .."

ကလပ်ထဲမှာ စားပွဲတစ်ဝိုင်းမှာ လူရှစ်ယောက် စုပြုံရယ်နေကြပေမယ့် ပြောနေကြတဲ့အကြောင်းအရာကလည်း 'အဆိပ်' အကြောင်းပဲဖြစ်ကာ ...၊

"သူက နာမည်ကျော် ဟက်ကာတစ်ယောက်ပဲ၊ ဘယ်နိုင်ငံက လေတိုက်ပြီး လွင့်လာသလဲမသိဘူး၊ ငါတို့သိတဲ့အချိန်မှာ သူက မိဘမရှိဘူး၊ လိပ်စာမရှိဘူး၊ အလုပ်အကိုင်ပြစရာမရှိဘူး .."

"ဘာရှိလဲ .."

"ဘာမှမရှိဘူးထင်တာပဲ .. သူက တစ်ကိုယ်တော် .."



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကို 'တစ်ကိုယ်တော်' လို့လည်း ခေါ်သေးတယ်ထင်တယ်၊ ဒီလိုခေါ်တာ တစ်နေရာမှာ ကြားဖူးတယ် .."

"ဟား .. ဟား .. ဒါဆို မင်း မဆိုးဘူးလို့ပြောရမယ် .."

"မှန်သွားလာ .."

"ဟုတ်တယ် .. တစ်ကိုယ်တော် ဆိုတာလည်း သူပဲ၊ ဒီကောင်က ဉာဏ်အရမ်းကောင်းတာ၊ ဘာအလုပ်မှမရှိပေမယ့် မင်း သူ့ကိုသွားကြည့်ပါလား .."

"လူမသိအောင် လုပ်ရှားတဲ့ အလုပ်တွေရှိတာပဲကွ၊ ငွေမရှာနိုင်ဘဲနဲ့ ဘယ်သူမှ မသုံးနိုင်ဘူး .."

လူလတ်ပိုင်းတွေချည်း စုမိနေကြပြီး လူငယ်တစ်ချို့က မလိုသံနှင့် ကန့်ကွက်သည်။ ဒိုင်ခံပြောပြနေသူသည် နာမည်က မြင့်အောင် ဖြစ်ကာ၊ လက်တလောမှာ ကုမ္ပဏီကြီးတစ်ခုရဲ့ မန်နေဂျာရာထူးကနေ အလုပ်ဖြုတ်ခံထားရတာဖြစ်သည်။

ဒီမှာ လာဆုံမိကြသူအားလုံးက ရာထူးကြီးကြီး၊ ဒါမှမဟုတ် သူဌေးကြီးလိုလို နေနိုင်စားနိုင်နေတဲ့ဘဝကနေ အကြောင်းအမျိုးမျိုးနဲ့ ပျက်စီးဆုံးရှုံးနေကြကာ၊ စိတ်ညစ်စရာအမျိုးမျိုးကို ရင်ဝယ်ပိုက်နေရသူတွေဖြစ်၏။

"ဒီမှာ သတ္တိစိုး မင်း ငယ်ပါသေးတယ်ကွာ၊ ငွေမရှာနိုင်ဘဲ မသုံးနိုင်တာမှန်ပေမယ့်၊ မှောင်ခိုလုပ်စားဖို့လည်း မလိုဘဲနဲ့ အဆိပ် ဆိုတဲ့ ကောင်မင်းသားလိုနေနိုင်တယ်၊ အဲဒါ မယုံရင် မင်းအစ်ကိုကို မေးကြည့် .."

သတ္တိစိုး ရဲ့ မကျေနပ်သည့် မျက်နှာက ဇေယျာ ဘက် လှည့်သွားသည်။ ဇေယျာ ကတော့ လက်ရှိစီးပွားပျက်အခက်အခဲကို ရင်ဆိုင်နေရတာမို့ မျက်မှောင်ကြီးကုပ်၍ ငေးနေခဲ့လျက် ...၊

"ဟေး .. ယူ တို့နဲ့လာကပါလား .."

ဒီနေရာရောက်ရင် တွဲနေကျ မိန်းမလှလေးက လက်ချင်းလာချိတ်





၏။ ထိုအခါကျမှ ငိုင်ငိုင်ငေးငေးပုံစံ မပျောက်တပျောက်နှင့် လှည့်ကြည့်၏။ ပြီးတော့ ပြုံးပြကာ ...၊

"အလုပ်ကိစ္စရှိသေးလို့ ချာတိတ်ရေ .. သူ့ကိုခေါ်ကွာ .."

ကောင်မလေးက လှသည်။ နုသည်။ အနီရဲရဲ ဝတ်ထားသည့် ကိုယ်လုံးက ပြေးနေသည့် ရောင်စုံမီးနဲ့ ဟပ်နေ၏။ ထို့ကြောင့် သတ္တိစိုး မျက်နှာပြုံးသွားကာ သူ မေးခဲ့သည့်မေးခွန်းကို သတိမရတော့ဘဲ ပါသွားလေသည်။

"ဟား .. ဟား .. ဟား .."

"ဩော် .. ကိုဇေ .. ကိုဇေ .. တူဝရီးနှစ်ယောက်တည်းရှိပြီး မတ်တပ်အိပ်ရမှာကြောက်နေသေးတယ်၊ ကျုပ်တို့က မိသားစုနဲ့ အစုအဖွဲ့ကြီးနဲ့ပါ၊ ကျုပ်တို့ ညည်းဖို့ချန်ထားပါဦး .."

"ကဲ .. ဘယ်သူမှ မညည်းဘူးဗျာ ..၊ လာ .. ဒီမှာ နှစ်ဝိုင်းဆက်ထိုင်မယ်၊ ကျွန်တော်တို့ ဘာလုပ်ကြမလဲ .."

"အဆိပ် ဒီကိုလာမှာပါ .. သေချာပါတယ် .."

"သေချာမှဖြစ်မယ် .. ကျုပ်တို့ လာစောင့်ရတာ တစ်ပတ်နှစ်ရက်နဲ့ သုံးပတ်ရှိပြီ .."

အသီးသီးနေရာယူကြကာ ကောင်မလေးတွေ လာချိတ်သမျှကိုလည်း စိတ်လက်မရှမ်းသာစွာ ငြင်းပယ်နေရသည်။ သူတို့မျှော်နေကြတာက အဆိပ် ...။

မျှော်နေရင်း စိတ်မရှည်လာတိုင်း အဆိပ် အကြောင်း အများဆုံးသိနေသည့် မြင့်အောင် ကိုပဲ ဒိုင်ခံ ...၊

"မြင့်အောင် .. မင်းလူ ဘယ်လိုလဲ .."

"ဩော် .. ငါ့လူ မဟုတ်လို့ပေါ့၊ ငါ့လူဆို ဖုန်းတစ်ကောင်ပေးဂိုက်ရုံပဲ .."



www.burmeseclassic.com

www.burmeseclassic.com



"အေး .. နေပါဦး၊ သူ့ကို မင်းပြောတော့ မိုးပေါ်ကကျလာသလိုလို၊ နိုင်ငံခြားက ရောက်လာသလိုလို၊ သူ့အကြောင်းကိုတော့ ဘာဖြစ်လို့ သိနေတာလဲ .."

"အခု မင်းတို့ကို ငါပြောသလိုပေါ့၊ ငါ့ကိုလည်း တစ်ခါက သူနဲ့ နီးစပ်ခဲ့ဖူးတဲ့တစ်ယောက်ကပြောပြတာပဲ ..၊ ဒီကောင်က ကွန်ပျူတာ ကိုင်တာများ မွေးတည်းက ကွန်ပျူတာရှက်ပြီး ထွက်လာတာတဲ့အတိုင်း ပဲတဲ့၊ သင်္ချာဘာရိန်းအရမ်းကောင်းတာဆိုပဲ၊ ဒါကြောင့် သူ အလုပ်လုပ်တဲ့ ကုမ္ပဏီက ဂိမ်းဆော့ဖ်ဝဲတွေ အရမ်းနာမည်ကြီးခဲ့တာလေ၊ လူဆယ်ယောက်ကစားလို့ လေးယောက်နိုင်အောင်ကစားနိုင်ရင် အဲ့ဒီလေးယောက် တော်တော် တော်တာတဲ့ .."

"ဒီလို .. ဆော့ဖ်ဝဲပညာရှင်ကို ဘယ်သူက ကန်ထုတ်မှာလဲ .."

"မနာလိုတဲ့လူက ကန်ထုတ်တာပေါ့ကွ၊ သူ့ကြောင့် အကျိုးအမြတ်ရနေတဲ့သူဌေးက သူတော်လေ ကြိုက်လေပေမယ့် သူ့ကြောင့် အကျိုးယုတ်နစ်နာရတဲ့လူကတော့ သူတော်လေ မုန်းလေပေါ့ .."

"အင်း .. ဒီလိုလား .."

"သူ ဝင်ဖျက်လို့မရတဲ့ ပရိုဂရမ်မရှိဘူး၊ သူရေးတဲ့ ပရိုဂရမ်ကို တော်ရုံဟက်ကာ မဖျက်နိုင်ဘူး၊ အဲ့ဒါကြောင့် ဟုန်းခနဲထတောက်တဲ့ မီးတောက်က ဟုတ်ခနဲပြန်ငြိမ်းတတ်တာမျိုးလေ၊ အဆိပ် ဆိုတဲ့နာမည်နဲ့ ဟုန်းခနဲကျော်ကြားလာတာ တော်တော်အံ့သြဖို့ကောင်းတာတဲ့၊ ဒါပေမယ့် ပြဿနာသဲ့သဲ့ပဲကြားလိုက်ရတယ်၊ သူ့သတင်းမကြားရတော့ဘူးတဲ့ .."

"ကြာပြီလား .."

"ငါ အဲ့ဒါတွေ နားထောင်ခဲ့တာတော့ သိပ်မကြာသေးပါဘူး၊ သူ့ကို ဘယ်သူဌေးက ချိန်းတော့ ငါ့ရဲ့ သူဌေးကလည်း သူနဲ့တွေ့ဖို့





အလုအယက်သွားတာလေ၊ ငါ သူ့ကိုမြင်ဖူးလိုက်တာ အဲ့ဒီတုန်းကပဲ..၊ ဒါပေမယ့် အဲဒီတုန်းက သူ့အကြောင်းမသိသေးပါဘူး၊ လူငယ်တစ်ယောက်ကို သူဌေးကြီးတွေက ဘာဖြစ်လို့ မျက်နှာချိုသွေးနေကြတာလဲလို့တောင် တွေးမိသေးတယ် .."

"ဘာအတွက် တွေ့ကြတာလဲ သိလား .."

"ဘယ်သူဌေးကတော့ သူ့စီးပွားအတွက် လုံခြုံရေးဘာညာ ဆော့ဖ်ဝဲအသစ်အဆန်းတစ်ခုခု ရေးခိုင်းချင်တာဖြစ်မှာပေါ့၊ ငါ့သူဌေးကတော့ တမင်သွားတွေ့တဲ့ သဘောထင်တယ် .."

သူတို့ စကားစတွေ ခဏပြတ်သွားကာ အားလုံး နာရီကြည့်တဲ့လူကကြည့်၊ ဝင်ပေါက်ဆီ လှည့်ကြည့်မျှော်တဲ့သူက မျှော် ..၊

"ဒါဆို .. ကျုပ်တို့နိုင်းမယ့်ကိစ္စ အဆင်ပြေပါ့မလား .."

သူတို့စုဝေးသည့်ထဲမှာ အသက်အကြီးဆုံး ဦးလူအောင် က သူပဲဖင်တကြွကြွဖြစ်နေကာ စိတ်စောတုန်လှုပ်နေတာလည်း သူပဲဖြစ်၏။

"ငွေဆိုတာ သည်းခြေကြိုက်ပဲဗျာ ..၊ ကျုပ်တို့က စုပုံပေးကြမှာ၊ သူ့အတွက် တန်ရာတန်ရာကြေးထက်ပိုပါတယ်၊ သူ မက်မောသွားမှာပေါ့ .."

"အေးလေဗျာ .. အထင်စွတ်ကြီးမနေစမ်းပါနဲ့၊ ဟိုတုန်းက နာမည်ကျော်လည်း အခု မကျော်တော့ရင် မရရတာယူရမှာပဲ .."

"လာနေပြီ .."

"ဟာ် .."

"ဟိုမှာ ခေါင်းစွပ်ဆွယ်တာအဖြူနဲ့ ကုတ်အကျီအနက်ဝတ်ထားတဲ့ တစ်ယောက် .."

ခေါင်းတွေ အော်တိုမစ်တစ်လှည့်သွားကြကာ အားလုံးငြိမ်ငြိမ်သက်သက်တွေဖြစ်ကုန်ကြ၏။ အရုပ်အမောင်းက အများထဲမှာမှုံးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာသည် လေးထောင့်ဆန်ဆန်ဖြစ်လျက်၊ နဖူးကျယ်ပုံနှင့် မေးဖျားအကွာအဝေးက ညီမျှကာ မျက်နှာရှည်ပုံလည်းပေါက်၏။ ဆံပင်တွေက မတိုမရှည်ဖြစ်၍ နောက်ကို သေသေသပ်သပ်သိမ်းလှန်ထားသည်။

မျက်နှာကြီးသလိုရှိပေမယ့် ထူလွန်းသော မျက်ခုံးတန်းတို့နှင့် နှာတံကလည်းပေါ်တာထက် ပိုထင်းနေသဖြင့် မျက်နှာကြီးနေခြင်းက ကြည့်ပျော်ရှုပျော် ပြန်ဖြစ်သွားသည်။

အရပ်ရှည်ပြီး ဗိုက်ကပ်နေသောကြောင့် လူပုံက ပိန်သည့်ဘက်မှာ များနေ၏။

"အင်း .. လူကတော့ ခပ်ဖြောင့်ဖြောင့်ပဲ .."

"ချောတယ်ပဲပြောစမ်းပါဗျ .. ကြည့်နေလိုက်ဦး၊ ကလပ်ထဲက မိန်းကလေးတွေ သူ့ဆီရောက်ကုန်လိမ့်မယ် .."

"သူကလည်း ဒါကျတော့ အလိုက်အထိုက်လေးလား .."

"မသိဘူးလေ .. ပွေတာရှုပ်တာ မကြားမိဘူး .."

"ကဲဗျာ .. ကြည့်နေဖို့ အချိန်မရဘူး၊ ကျုပ်တို့ သူ့ကိုဘယ်လို ဆက်သွယ်ရမလဲ၊ သူ ဘာကြောင့် လာတာထင်လဲ .."

"အဲ့ဒါလည်း မသိဘူးလေ၊ ကျွန်တော်လည်း သူ ဒီကို မကြာမကြာ လာတယ်ဆိုတာပဲသိတာ .."

"နောက်ဆို သိထားတာကို ပြင်လိုက်တော့၊ မကြာမကြာလာတာ မဟုတ်ဘူး၊ တစ်လတစ်ခေါက်လို့ .."

"ဟုတ်တယ် .. ကျုပ်တို့လိုလူတွေရှိရင် အချိန်ကုန်သက်သာသွားတာပေါ့ .."

စိတ်မရှည်ခြင်းတွေကြောင့် မျက်နှာတွေဝါ ရှုံ့တွတွဖြစ်နေကြ၏။ သူတို့ထဲက ဦးဆောင်ထရပ်လိုက်သူက မြင့်အောင် နဲ့ ဧယျာ





ပဲဖြစ်ကာ ..၊

"ကျွန်တော်တို့ ဒီကိုခေါ်လာခဲ့မယ် .."

"အေး .. အေး .."

အားလုံး စိတ်လှုပ်ရှားစွာ ကျန်ရစ်ခဲ့ကြ၏။ ဘာရယ်မဟုတ်ဘဲ 'အဆိပ်' ဆိုသည့်လူရွယ်ကို မြင်လိုက်ရတည်းက စိတ်ဖိစီးမှုကို မသိမသာ ခံစားလိုက်ရတာ အကြောင်းပြချက်တော့မရှိ ..၊

မြင့်အောင် ကတော့ ဘားရှေ့မှာထိုင်နေသည့် အဆိပ် ရဲ့ဘေးကို ခပ်တည်တည်ဝင်ထိုင်လိုက်ကာ ဖန်ခွက်ထိုးပေးလိုက်၏။

ဧယျာ က သူ့ဘေးမှာလာထိုင်မည်ထင်ပေမယ့် အဆိပ် ရဲ့ ဘေးမှာပဲ သွားထိုင်လိုက်တော့ သူ မျက်လုံးပြူးသွား၏။ စိုးရိမ်စိတ်နှင့် ကြည့်လိုက်တော့ သူ ထင်သည့်အတိုင်း အဆိပ် ရဲ့ မျက်ဝန်းတွေ သူနဲ့ ဧယျာ ထိုင်လိုက်တဲ့အတိုင်း ဟိုဘက်ဒီဘက်တစ်ချက်ဝေ့သွား၏။

ဧယျာ ဆိုတဲ့ကောင် ..၊

လူဆိုး ..။

ဒီနေရာမျိုးမှာ ဒီပုံစံညှပ်ပူးညှပ်ပိတ် ထိုင်တယ်ဆိုတာ စိန်ခေါ်ခြင်းကိုစတင်လိုက်သည့် နိမိတ်ဆောင်တယ်ဆိုတာ နည်းနည်းလေးမှ မကြားမိဘူးလား ..၊

သူ မျက်နှာမဲ့ပြလိုက်မှ ဧယျာ မျက်နှာပျက်သွားကာ ခေါင်းညိတ်၏။ ပြီးတော့မှ နေရာမှမသိမသာပြန်ထရပ်သည်။ ပြီးတော့လည်း တွေ့ရရထိုင်တာထတာမဟုတ်ဘဲ ဘာတွေကယောင်ကတမ်းဖြစ်နေမှန်းမသိ။

ဒီကြားထဲမှာ စိတ်စောနေသည့် ဦးလူအောင် က သူတို့ကိုလှမ်းကြည့်ပြီး အားမလိုအားမရတွေဖြစ်ကာ နေရာမှ ထလာပြန်သည်။

သူတို့လူစု တစ်စုလုံးမှာ ဒီကိစ္စအတွက်ကြိုးပမ်းဖို့ကို ဘယ်သူမှ နောက်ကျန်မနေခဲ့ချင်ကြပေ။ အတူတူကြိုးပမ်းကြသည့် ရလဒ်တို့မှာ



www.burmeseclassic.com

www.burmeseclassic.com



အကျိုးအမြတ်က ဝေပုံကျဖြစ်မှာဖြစ်သည်။

ထို့ကြောင့် တစ်ယောက်ပြီးတစ်ယောက် ထလာကြကာ အဆိဝ်ရဲ့ ဘေးမှာ ယောင်တောင်ပေါင်တောင် တဝဲလည်လည်တွေနှင့် ခြေရှုပ်နေကြလေသည်။

"ကိုကြီးက တစ်ယောက်တည်းလားဟင် .."

အရေးထဲမှာ မချောလေးတစ်ယောက်က လာကဲချင်သေးသည်။ သူ့ ဖန်ခွက်ထဲမှာ ဘာမှမရှိတာကိုကြည့်ပြီး ထပ်ယူပေးဖို့ ဖန်ခွက်ကို တိုးသည်။

သို့သော် အဆိဝ် က အရင်ကိုင်ကာ ဖန်ခွက်ကိုဘေးရွှေ့ပစ်လိုက်ပြီး နောက်လက်တစ်ဖက်ထွက်လာတော့ ပိုက်ဆံတွေပါလာကာ ..၊

"မနောက်ယှက်နဲ့ သွားတော့ .."

ဓေယျာ မျက်ခုံးနှစ်ဖက်မြင့်တက်သွားသည်။ ကောင်မလေးက ကိုယ်ကျပ်လည်ဟိုက်နှင့် ပေါင်တစ်ဝက်လောက် စကက်တိုလေးဝတ်ထားသည့် တကယ့် ငယ်ငယ်ချောချောလေး ..။

အရောမပါဘဲ နှစ်ခွက်ဆင့်မော့ပစ်လိုက်သည့် မျက်နှာကို စီးမိုးကြည့်ကာ ကိုယ့်လူတွေနဲ့ မျက်လုံးချင်းဆုံမိကြ၏။

'ဒီကောင်လွယ်ပါ့မလား' ဆိုသည့်အကြည့်တွေ တစ်ယောက်နဲ့ တစ်ယောက် ဖလှယ်ကြတာဖြစ်သည်။

"မတတ်နိုင်ဘူး .."

ဆိုသည့် အဓိပ္ပာယ်နှင့် ဆက်လုပ်ဖို့ ဦးလူအောင် က မေးဆတ်အချက်ပြသည်။ သူတို့ရဲ့ အပေးအယူအချိတ်အဆက်တွေ မပြီးသေးခင် အဆိဝ် ပြန်ထွက်သွားလျှင် အားလုံးမျက်လုံးပြူးသွားကြ၏။

"မင်းက ဘာလုပ်နေတာလဲ .."

"ခင်ဗျားကလည်း ဖွတ်ပဲ .. သူက အဆိဝ် .. ကျွန်တော်တို့က





အဆိဝ်မဟုတ်ဘူး၊ အခြေအနေကြည့်နေရတာ .."

"လာပါကွာ .. ကြာပါတယ်၊ မဖြစ်တော့လည်း ဖြစ်သလိုပဲပေါ့.."

အားလုံး ဖရိုဖရဲတွေချိတ်ဆက်ပြီး အပြင်ကို တက်သုတ်ရိုက်ထွက်ခဲ့ကြတော့ မှောင်နဲ့မည်းမည်းထဲမှာ ဘာကိုမှမမြင် ..၊

'ဒီကောင် ဘယ်ရောက်သွားတာလဲ ..'



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

"ဘယ်ရောက်သွားတာလဲ .."

"ကျုပ်တို့ ချက်ချင်းလိုက်လာတာပဲ .."

"ဒီကောင်က ကားစီးနိုင်မယ့်ကောင်မှမဟုတ်တာ၊ ဘာဖြစ်လို့ ဒီဘက်မှာလာရှာတာလဲ .."

"သြော် .. ပြောလို့ရမလားကွ၊ ဆင်ကျုံ့တော့ကျွဲ၊ ဒီကောင် သူ့ပညာနဲ့ ဘယ်လောက်တောင်ချမ်းသာခဲ့လဲ၊ ကားလောက်တော့ ကျန်ရင် ကျန်မှာပေါ့၊ အဆိပ် ဆိုတာ ဘယ်လိုလူစားမှန်း ခုထိ ဘယ်သူမှသေချာသိတာမဟုတ်ဘဲနဲ့ .."

အပြင်ရောက်လာကြတော့ ကားပါကင်ဘက်ကိုလည်း သွားကြည့်သည်။ လမ်းဘက်ကိုလည်း ထွက်ကြည့်မိ၏။ သူတို့ချင်း ငြင်းခုံနေကြတုန်းမှာ ချောက်ခနဲ မီးခြစ်သံတစ်ချက်ကြားလိုက်ရသဖြင့် အားလုံး မျက်နှာတွေ နောက်ကို ချာခနဲလှည့်သွားကြ၏။

"ဟိုမှာ .."

"သူက ခုမှထွက်လာတာလား .."

သူတို့ ကိုယ့်အသံကိုယ်ကြားရုံ ပြောမိကြကာ အဆိပ် နဲ့ မျက်နှာချင်းဆိုင်ပြန်လှည့်လိုက်ကြသည်။





"ခင်ဗျားတို့ ဘာကိစ္စ ကျုပ်နောက်ကို လိုက်နေတာလဲ .."

အသံကတော့ ကရုဏာအသံမျိုးပဲဖြစ်ကာ ခပ်ပြတ်ပြတ်ပြောပုံကြောင့် ဆွဲဆောင်မှုတစ်မျိုးလိုဖြစ်နေ၏။ မြင့်အောင် နဲ့ ဦးလှအောင် ကပဲ ရှေ့ကို ပိုတိုးလိုက်ကြပြီး ...၊

"ဟုတ်ပါတယ် .. ကျုပ်တို့ မင်းကိုတွေ့ချင်လို့ ဒီမှာလာစောင့်နေကြတာ .."

"ဘာကိစ္စနဲ့လဲ .."

"မင်းကို အလုပ်အပ်ချင်လို့ .."

"ကျုပ် ဘာလုပ်နေတယ်ထင်လို့လဲ .."

"ဟင်!.."

"မင်းက .. ပရိဂရမ်မှာအရမ်းတော်တဲ့ ဟက်ကာပဲ .."

အဆိပ် က မကြားချင်သည့်မျက်နှာနှင့် တစ်ဖက်လှည့်နေ၏။

"ကျုပ်တို့လည်း မင်းလိုပဲ အဆိပ် .."

"ကျုပ်နာမည် အဆိပ် မဟုတ်ဘူး .."

"မင်းရဲ့နာမည်ဝှက်တစ်ခုလေ .."

"ခင်ဗျားတို့ရဲ့လိုရင်းကိုပြော၊ ကျုပ်နဲ့ ပတ်သက်တာကို စိတ်ဝင်စားဖို့မလိုဘူး .."

"အဟွန်း .."

မြင့်အောင် က မျက်နှာတင်းသွားပေမယ့် ဦးလှအောင် က ရယ်လိုက်ပြီး လည်ချောင်းတစ်ချက်ရှင်း၍ ...

"တစ်ချို့ကိစ္စတွေက တုံးတိတိနဲ့ လိုရင်းကိုတန်းသွားဖို့ တော်တော်ခက်တာကွ ..၊ စကားပရိယာယ်ဆိုတာ .."

"စကားပရိယာယ်မလိုဘူး ဦးလှအောင် .."

"ဟင် .. မင်းက ငါ့ကိုသိနေတယ် .."

ဦးလှအောင် သာမကဘဲ ကျန်တဲ့လူတွေပါ 'ဒီကောင် ငါ့တို့ကိုသိနေသလား' ဆိုသည့်အတွေးတွေဝင်ကုန်ကြ၏။

"ခင်ဗျားတို့ ကျုပ်ကို လာစောင့်နေတာ ဒီတစ်ခါတည်းမှမဟုတ်

www.burmeseclassic.com



တာ ..."

"ဒါဆို .. ဘာကြောင့်ဆိုတာလည်း မင်းသိနေမှာပေါ့ .."

"မသိဘူး .. ဒါပေမယ့် မသိချင်ဘူး .."

"မဟုတ်သေးဘူးလေ .."

"ဒီမှာ ဦးလှအောင် .. လူတွေက ကိုယ့်အခက်အခဲကိုဖြေရှင်းဖို့ အတွက် နိုနေတဲ့အရိပ်ကို ချိုးပြီး မီးမွှေးတယ်၊ လမ်းဘေးသောက်ရေ အိုးစင်က ရေနဲ့ ခြေဆေးတယ် .."

"အဆိပ် .. ငါတို့ပြောချင်တာက ဘဝအရေးတွေ၊ တကယ့် အကြီး ကြီး .."

"တကယ့်အရေးကြီးဖြစ်လာရင် အဲဒီလိုလူတွေ ဘာတွေလုပ်ကြ မလဲ စဉ်းစားကြည့်လေ .."

"မင်းက ငါတို့ကို အဲဒီလိုလူတွေလို့ ပြောလိုက်တာလား .."

"ဟွန်း .."

မီးရောင်တော့ရှိပေမယ့် မှောင်ရိပ်များနေသည့်နေရာမှာ ဒီရယ်သံ နဲ့ဆို အဆိပ် ရဲ့ မျက်နှာ ဘယ်လိုမဲ့ပြုံးနှင့်ဖြစ်နေမလဲ ...၊

သိပ်တော့ မပီပြင်ပေမယ့် ခန့်မှန်းလို့ရနေသည်။ ဦးလှအောင် က ဒေါသထွက်သွားသည့်စိတ်ကိုထိန်း၍ အဆိပ် နဲ့ နီးသွားအောင် ရွှေ့ထပ်တိုးလိုက်သည်။

"မင်းကို ကြေးစားငှားတဲ့သဘောနဲ့မဟုတ်ဘူး အဆိပ် .. အကျိုး တူခံစားခွင့်နဲ့ပါ .."

"ကျုပ် ဘာခံစားခွင့်မှမလိုချင်ဘူး၊ ခင်ဗျားတို့ ဘာလုပ်စေချင် သလဲ ဆိုတာမသိပေမယ့် ခံစားမိတယ်၊ ကျုပ်ကိုယ်ကျုပ် ပရိုဂရမ်မာ ဆိုတာ မေ့ထားတာကြာပြီ .."

သူတို့မျက်စိမျက်နှာတွေ ပျက်ကုန်ကြသည်။ ဘာလုပ်ရမှာပါ၊ ဘယ်လောက်ထိ အကျိုးအမြတ်ရမှာပါဆိုတာ ပြောပြလိုက်လျှင် ဒီကောင် မက်မောသွားနိုင်ပေမယ့် မသေချာလို့မဖြစ် ...၊

"ဒီတော့ ဘာကိစ္စဆိုတာ မပြောဘဲ နေလိုက်တာ အကောင်းဆုံး





ပဲ .."

"အဆိပ် .."

"မတားနဲ့တော့ ဦးလှအောင် .."

ဦးလှအောင် က လိုက်ဆွဲတော့မတတ်ဖြစ်သွားပေမယ့် မြင့်အောင် နဲ့ ဇေယျာ က လှမ်းတားလိုက်သည်။

"ကျွန်တော်သိတယ် .. သူ လုပ်မှာမဟုတ်ဘူး .."

ဦးလှအောင် က ဟိုကိုလိုက်မသွားပေမယ့် ဇေယျာ ကိုင်ထားသဲ လက်ကို ခပ်ဆတ်ဆတ်ပုတ်ချပစ်၏။

"ငါတို့က ခန့်မှန်းခြေတွေနဲ့ တွက်ချက်အဖြေရှာနေရမယ့်အချိန် လားကွ၊ သူ့စိတ် သူ့သဘော ဘယ်လိုရှိရှိ ကိုယ့်ဘက်ပါလာအောင် ဆွယ်ရမယ်၊ သူ လုပ်ချင်အောင် ကြိုးစားရမယ်၊ မင်းတို့က အောက်ကျ တယ်ထင်နေသေးတာလား၊ ကိုယ့်ထက် သူ ပိုတတ်နေရင် ဆရာ ခေါ် ရမှာပဲ .."

"ဆရာ ခေါ်ရုံမကလို့ ထိုင်ရှိခိုးတာတောင် သူ မလုပ်ဘူးဆိုတဲ့ကိစ္စ ကို လုပ်မှာမဟုတ်ဘူး .."

"မင်းပဲ သူ့အကြောင်း မသိဘူးဖြစ်လိုက်၊ သိနေတော့လည်း မင်းသဲ မြင့်အောင် .."

"သိနေတာမဟုတ်ဘူး တွေးကြည့်လို့သိတာ ...၊ အိုင်တီခေတ်ကြီး မှာ ကွန်ပျူတာတွေ, လက်ပ်တော့ပ်, ဒက်စတော့ပ် လူတိုင်းကိုင်တတ် တယ်၊ ဒါပေမယ့် တတ်လို့ကိုင်တာထက် ငတ်လို့ကိုင်နေကြတာပဲများ တာ ...၊ ရုံးတစ်ရုံး၊ ကုမ္ပဏီတစ်ခုမှာ ထိုက်သင့်တဲ့ လစာလေးနဲ့ အိမ်မှာ စားဝတ်နေရေး အထောက်အကူရရုံ .."

"ဟုတ်တယ် .. သူ့လိုတော်တဲ့သူရှားတယ်လေ၊ ဒါပေမယ့် တော် နေတဲ့လူတွေက ငွေမမက်ဘူးလား ...၊ များများတော်အောင်ကြိုးစားတာ ကိုက များများရချင်လို့ပဲ၊ မင်းတို့လို ငုတ်တုပ်ထိုင်ပြီး ဖြစ်နိုင်ချေတွေ တွေးပြီး အချိန်ကုန်မခံနိုင်ဘူး မြင့်အောင်၊ ငါ လိုအပ်နေတဲ့ ငွေအကောင် ကို ဒီကောင်ပဲ ရှာပေးနိုင်မှာ မရရအောင် ငါလိုက်ခေါ်မယ် .."



www.burmeseclassic.com

www.burmeseclassic.com



ဦးလှူအောင် က ခြေလှမ်းပြင်ပြန်၏။

"အန်ကယ်လ်အောင် .."

သူနဲ့ ရင်းနှီးသည့် ဇေယျာ က သတိပေးသလိုခေါ်ပြီး အနားကပ်လာ၏။ ပြီးတော့ အသံကိုနှိမ့်၍ ...

"ကျွန်တော်တို့က သူများပရိုဂရမ်ထဲမှာ သိမ်းထားတဲ့ ဒေတာတွေကိုလိုချင်နေတာ၊ ရှင်းရှင်းပြောရရင် ခိုးတာပဲ၊ အဲဒါကို အန်ကယ်လ်အောင် က ဘယ်လိုသွားပြောမှာလဲ ..၊ ငါတို့ ဘယ်သူ့ဆီက ဘာကိုလိုချင်တယ်ဆိုပြီး နာမည်နဲ့တကွ အားလုံးကိုပြောတော့မှာလား .."

ဦးလှူအောင် ပါးစပ်တပြင်ပြင်နှင့် တစ်ခုခုပြန်ပြောဖို့ကြိုးစားနေပေမယ့် မပြောနိုင် ..။

"ဘယ်သူ့ဆီက ပရိုဂရမ်ကို ဝင်ကြည့်ချင်တယ်ပြောလိုက်တာနဲ့ ဒါကို ဘယ်သူ့ဆီမှာ သွားရောင်းတော့မယ်ဆိုတာ သူ မသိဘူးထင်လို့လား၊ အဆိပ် ဆိုတဲ့ နာမည် အလကားတွင်နေတာမဟုတ်ဘူး အန်ကယ်အောင် ..၊ ဒီကောင်က သိပ်ပါးနပ်တာ သူ့ခေါင်းက ကွန်ပျူတာလိုရမ်း(န်)နိုင်တယ်၊ အန်ကယ်လ်က သူ့အကြောင်း ကျွန်တော်တို့ စုရုံးထားပြီး ပြန်ပြောမှ သိရတာပါ .."

"ဟ .. မင်းကလည်း သိနေပြန်ပြီလား ..၊ ဒီမှာ လူစုမိကြတုန်းကတော့ ဒီကောင်က ဘယ်သူမှ မသိမမြင်နိုင်တဲ့ ဘုံဗျားက ပြုတ်ကျလာတာလိုလို မင်းတို့ပဲ .."

"ဦးလှူအောင် က ဒါပဲ ..၊ ခွေးရစ်သလို ပြန်ပြောနေတယ်ဗျာ ..၊ သူ့ကို ပရိုဂရမ်တစ်ခုအတွက် အားကိုးတကြီးဖြစ်လာတည်းက ဒါကို ဒီလူ ဘယ်လိုနိုင်နင်းသလဲဆိုတာတော့ သိရတာပေါ့ .."

"ဒါကြောင့် ငါနောက်မဆုတ်ချင်တာပဲ၊ ဒီအလုပ်ကို သူကလွှဲပြီး တခြားလူမလုပ်နိုင်ဘူး၊ Red Light က လုံခြုံရေးဆော့ဖ်ဝဲတွေ၊ လုပ်ငန်းဒေတာတွေအကုန်လုံးကို အမေရိကန်နှစ်ယောက်ခေါ်ပြီး သေချာရေးနိုင်းထားတာ၊ ဒီပရိုဂရမ်တွေကို ဘယ်ကောင်မှ မဖျက်နိုင်ဘူး .."

ကြက်တူရွေးကတော်တော် မယ်ဆော်ကကဲကဲ လို့ပဲပြောရမလား၊





အရှုံးအမဲသားကျွေးမိလေခြင်းလို့ပဲ ခပ်ရိုင်းရိုင်းနှိုင်းရကောင်မလား ..၊

ဦးလှူအောင် ဖြစ်နေပုံက မျက်ကန်းတစ္ဆေမကြောက်သလိုဖြစ်နေလေသည်။

"ဦးလှူအောင် ရယ် .. ခင်ဗျားမှာပဲ သောကများနေတာမဟုတ်ပါဘူး၊ ဒီမှာစုဝေးနေတဲ့သူတွေမှာ အခက်အခဲအကျပ်အတည်းတွေ ကိုယ်စီရှိနေကြတာပါပဲ .. ဒါပေမယ့် .."

"ငါက ပိုပါတယ်ကွာ ..၊ မင်းတို့တွေမှာ လူပျိုတွေ၊ မိဘက ချမ်းသာတာတွေရော၊ ပြီးတော့ မင်းတို့က မက်လောက်စရာရမှာမို့လို့ မက်လာကြတာ၊ ငါက ဒီတောင်ကိုမှ မကျော်နိုင်ရင် မိသားစုဘဝပျက်မတတ် ငါလည်းထောင်ကျမယ်၊ ငါက Red Light ရဲ့ အမိကပြစ်ချက်သင့်ထားတဲ့လူ .."

ဒီကုမ္ပဏီကို သူ စိတ်နာနေသည်။ အမှားလေးတစ်ချက်ကို ပုံကြီးချဲ့၍ လူကိုလည်းအရှက်ခွဲသည်။ အလုပ်လည်း ဖြုတ်ပစ်ခဲ့သည်။ ပြီးတော့ ဖွဲ့ချက်တင်ထားတဲ့ငွေကို ပြန်ဆပ်ဖို့ ကာလသတ်မှတ်ထားတာ ရက်ရက်စက်စက် ကပ်ကပ်လေး ..။

ဒီကုမ္ပဏီရဲ့ လုံခြုံခိုင်မာတဲ့ ပရိုဂရမ်တွေကို ဖျက်ပစ်ရမည်။ အမှိုက်ထဲ မထည့်ဘဲ အမှိုက်ကရွှေဖြစ်အောင် ပြန်လုပ်ဖို့က ဒီလူငယ်တွေနဲ့ပူးပေါင်းမှ ..။

"ဟုတ်တယ် .. အန်ကယ်လ်၊ ဇေယျာ တို့ ပြောကြတာလုံးဝမှန်တယ်၊ သူ့ကို ခေါ်တယ်ဆိုတာ ဘာအတွက်မှန်းသိတယ်လို့ပြောသွားတယ် ငွေဆိုတာလည်း သူ မကိုင်ဘူး၊ မသုံးဖူးတာမဟုတ်ဘူးလေ၊ ဒီလိုမသမာတဲ့အလုပ်ကိုမပြောနဲ့၊ သူ အလုပ်ပြန်လုပ်ပြီဆိုတာနဲ့ ပြည်တွင်းပြည်ပ ဘယ်မှာဖြစ်ဖြစ် လုပ်ငန်းရှင်တိုင်းက ဝဲလ်ခမ်း(မ်) ဖြစ်နေမှာပဲ၊ မလုပ်ချင်လို့ကို မလုပ်ဘူးပြောသွားတာ၊ အန်ကယ်လ်ကြိုးစားလည်း ထူးမယ်လို့ မထင်ဘူး .."

"အသိသာကြီး ဒီကောင့်ရုပ်ကိုကြည့်ပါလား မျက်နှာမှာ အဆိပ်တက်နေတာ .."



www.burmeseclassic.com

www.burmeseclassic.com



"ဘာအဆိပ်လဲ .."

"မာန အဆိပ်တွေလေ ..၊ တခြားမဟုတ်ဘူး မာနတွေကြောင့် အဆိပ်တက်နေတာ၊ ကျွန်တော်တို့က သူ မက်မောလာအောင် ဖွင့်ပြောပြလိုက်ရင်လည်း သိသွားတာပဲ အဖက်တင်မယ် .."

"အဖက်တင်မှာမဟုတ်ဘူး .. အန္တရာယ်တွေ အထုပ်လိုက်တင်မှာ၊ ဒီသတင်းပေါက်ကြားသွားရင် ဦးလူအောင် လည်း ကြွေးတောင်ဆပ်ခွင့်မရလိုက်ဘဲ ထောင်ထဲကို ဒိုင်ဗင်ပစ်ဝင်သွားမှာ .."

"ဟော့ .. ဟော့ .. မင်္ဂလာမရှိတာတွေ ပြောမနေကြနဲ့၊ ငါတို့ နောက်ထပ်ဆုံပြီး တစ်ခုခုကြံလို့ရသေးတာပဲ၊ ဒီနေ့တော့ ငါပြန်မယ် .."

တော်သေးတာပေါ့ ..။ အဆိပ်သောက်မယ့်အကြံကို လက်လျှော့သွားလို့ ..၊

မြင့်အောင် သက်ပြင်းချရင်း ခေါင်းခါမိ၏။

တော်တော်မလွယ်တဲ့ ဦးလူအောင် ..၊

အဆိပ် ဆိုတဲ့ သတ္တဝါကတော့ ရေပေါ်မှာထင်တဲ့အရုပ်လို ..။





## အခန်း (၄)

"မမကြီး နေကောင်းရဲ့လား .."

"ကောင်းပါတယ် .."

ကောင်းပါတယ်ဆိုသည့်မျက်နှာက အနီရောင်သမ်းနေကာ နဖူးပြင်မှာ ချွေးစတို့နှင့် စိုလက်နေ၏။ သုံးမင်တန်းနေသော ခရေပင်ကြီးအောက်မှာ အစိမ်းရောင် ပိတ်ပါးသားလေးကို ထီးလုပ်မိုးထားသေးသည်။

ထိုအောက်မှာမှ ခရမ်းရင့်အောင် ကတ္တီပါထိုင်ခုံကြီးနဲ့ ဒေါ်နှံ့သာမွှေးက ထိုင်နေတာဖြစ်ကာ မိန်းကလေးတစ်ယောက်က မလှမ်းမကမ်းမှာ ရပ်နေ၏။ ဦးဝေဠု ကတော့ ဒေါ်နှံ့သာမွှေး နှင့် မလှမ်းမကမ်းမှာ ကုလားထိုင်တစ်လုံးနှင့် ရှိနေလျက် ..၊

"မမကြီး ကိုယ့်ကျန်းမာရေးကို ဂရုစိုက်မှဖြစ်မှာ၊ သူဌေးကြီးက ခုမှ အမိဋ္ဌာန်အစရက်ဆိုတော့ သူ မထွက်မချင်း မမကြီး ဒီတိုင်း ပင်ပန်းသွားမယ်ဆိုရင် .."

"ကိုဝေဠု ရယ် .. ရှင်တို့သူဌေးကြီး အဓိဋ္ဌာန်ဝင်နေနေ မနေနေ သူ့တာရားအလုပ်ကာဝ သူ့ရင်ထဲမှာ ရှိနေတာပါ၊ တောရပ်မှီပြီး ရေသည့်ရဟန်းပြု



www.burmeseclassic.com

www.burmeseclassic.com



မသွားဘဲ အိမ်မှာရှိနေပေးတာနဲ့တင် ကျေနပ်ပါပြီ၊ သူ့အလုပ်နဲ့သူ အေးအေး ချမ်းချမ်းနေပါလေ့စေ ..”

ဒေါ်နှံ့သာမွှေး က လင်ယောကျ်ားကို အရှင်သခင်တစ်ပါးလို ကိုးကွယ်အားထားတဲ့သူဖြစ်သည်။ ထို့ပြင် ကိုယ်ကိုယ်တိုင်ကလည်း သားသမီးအပူ၊ မြေးအတွက်ပူပင်သောကတွေနဲ့ ပင်ပန်းနေပြီဖြစ်သည်။

ဒါပေမယ့် ကိုယ်ပါရောပြီး အေးရာအေးကြောင်းနေလိုက်လို့က မဖြစ်သေးပေ။ စည်းစိမ်ဥစ္စာတွေက ထိန်းမနိုင်သိမ်းမနိုင်လောက်အောင် တစ်ပုံတစ်ပင် ..၊

ဆက်ခံအုပ်ထိန်းမယ့်သူက နုနုငယ်ငယ် မိန်းမငယ်လေးတစ်ယောက်တည်း ..။

ဒီမြေးမလေးကို သင်ပြထိန်းမတ်ပေးဖို့ရှိသေးသည်။

သူမလေးရဲ့ အနာဂတ်ကို မမြင်မစမ်းနဲ့တော့ ဒီတိုင်း ငုတ်တုတ်ထိုင်ပြီး ရင်တမမ ရှိမနေချင် ..။

“ကျွန်တော် တစ်ခုလောက်ပြောပါရစေ .. မမကြီး ..”

ဒေါ်နှံ့သာမွှေး က တံတိုင်းပြန်လည်တည်ဆောက်နေကြသည့် အလုပ်သမားတွေဆီ မျက်လုံးတွေပို့ထားရင်း ခေါင်းညိတ်သည်။

“ပြောလေ ..”

“ကျွန်တော်တို့လုပ်နေတာတွေကို ကလေးသေချာသိသွားရင်၊ သူ့ကို ခြောက်လှန့်သလိုများဖြစ်နေမလားလို့ပါ ..”

“ဟင် !..”

“ဆရာကြီးဟောသွားတာကို သူ ကြားလိုက်တာလည်းရှိတယ်လေ၊ အခု ဒီမှာ တံတိုင်းပြင်နေလို့ သူ့ကို ခြံထဲဆင်းမလာအောင် အခန်းထဲထည့်ပိတ်ထားရတာရော၊ အထိန်းတော်တွေ ပိုချထားတာရော၊ ပြီးတော့ မမကြီးက သူ့အတွက် ကြင်ရာတော်ရှာပေးဖို့လည်း စဉ်းစားနေပြီဆို





တော့ ဒါတွေကို စုပြုံပြီး ကလေးသိသွားရင် ..”

“သူ့အတွက် စီစဉ်ပေးမှာတွေကို သူ မသိလို့မှမရဘဲ ကိုဝေဠု၊ မြန်းခနဲ အသိပေးလိုက်တာထက် သူ သိထားတာက ပိုကောင်းတယ် မဟုတ်ဘူးလား၊ အခု ကျွန်မ စိတ်မချမ်းမြေ့ဖြစ်နေရတာက ဟောဒီ တံတိုင်းခတ်တဲ့ကိစ္စကို ကိုယ့်စိတ်ကြိုက် အဆုံးမသတ်နိုင်သေးတာကိုပဲ ..”

ပိုက်ဆံပေးနိုင်းနိုင်ပေမယ့် လုပ်ပေးဖို့ပြောလာသည့် အလုပ်သမားတိုင်းကို မခိုင်းချင် ..။ ဒါကြောင့် ‘နင်သွား၊ နင်ထွက်’ နဲ့ တစ်ယောက်ပြီးတစ်ယောက် ဖယ်ထုတ်ပစ်လိုက်တော့၊ လိုချင်တဲ့အလုပ်သမားအရေအတွက် လူဦးရေက ပြဿနာရှိခဲ့၏။

ထိုမှစ၍ တံတိုင်းပြုပြင်ခြင်းကိစ္စက အနှောင့်အယှက်များစွာနှင့် ရက်ရှည်သွားခဲ့ရင်း ပြန်လည်ပြုပြင်ခြင်းသဘောကိုက ဒီတစ်ခုကို ဖြုတ်ချလိုက်တာနှင့် ဟိုတစ်ခုကလည်း ဒဏ်ရာပေါ်လာတတ်ကာ၊ တံခါးတစ်ဖက်တည်းကို ပြုပြင်မှာပေမယ့် ဟိုဘက်ကို ပြန်ဖွဲ့၊ ဒီဘက်ကို ပြန်ပြင်နှင့် အလုပ်ကလည်း ပိုများသွား၏။

နေရာတကာမှာ သံသယထားတတ်တာတော့ မဟုတ်ပါ။ သို့သော် ဒေါ်နှံ့သာမွှေး စိတ်ကိုက ကြိုပြီးတွေးပူနေတတ်သည့်အကျင့်ရှိနေသဖြင့် မြေးကြောင့်တစ်မျိုး၊ ဒီအလုပ်တွေမှာ ကိုယ်မပါမပြီး ခြံပြင်ကြီးတလွှင့်လွှင့်နှင့် နေရာတကာ လိုက်ကြည့်နေရတာက တစ်မျိုး ..။

“ဒီ တံတိုင်းကိစ္စ မပြီးသရွေ့ စိတ်မအေးနိုင်ဘူး ကိုဝေဠု ..၊ ကျွန်မ မျက်နှာက ပင်ပန်းပြီး လဲတော့မယ့်ပုံ ပေါက်နေလိမ့်မယ်၊ ဒါပေမယ့် လူပင်ပန်းတာမဟုတ်ဘူး .. စိတ်မအေးနိုင်ဘူးဖြစ်နေတာ၊ ဒီရက်ပိုင်းတွေမှာ ကျွန်မစိတ်တွေ လေးနေတယ် ..”

“ဆရာကြီးရဲ့ ဟောပြောချက်တွေကြောင့်လည်း ဖြစ်နိုင်ပါတယ်..”

“မဟုတ်ဘူး .. လူတိုင်း ကိုယ့်ရဲ့ကံကြမ္မာကို ကြိုပြီးမမြင်နိုင်ကြဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် သိချင်ကြတာပါပဲ ..၊ ကျွန်မတို့က ဒီဆရာကြီးနဲ့ ပဋ္ဌာန်း ဆက်ရှိခဲ့လို့ သူ့လို ပုဂ္ဂိုလ်က အိမ်ထိကြွလာပြီး ဟောကိန်းထုတ်သွားတာ၊ ဒါဟာ သူတော်ကောင်းတရား နာကြားလိုက်ရတာမျိုးပါ.."

ဒေါ်နှံ့သာမွှေး နေရာမှ ခပ်ဖြည်းဖြည်းထရပ်လိုက်ကာ၊ တစ်ဖက်ကို လျှောက်ထွက်သွား၏။ ဦးဝေဠု လှမ်းလိုက်ထပြီး နောက်က ခပ်လှုပ်လှုပ် လိုက်၏။

သစ်ပင်အောက်မှာ ထပ်၍ဖြန့်ခံမိုးထားသော ခေါင်မိုးရိပ်အောက် က လွတ်ကင်းသည်အထိ ဒေါ်နှံ့သာမွှေး ခြေလှမ်းမရပ်သေးဘဲ သွားနေသည်။ ခပ်လှမ်းလှမ်းမှာရှိနေသည့် မိန်းကလေးက ထီးကပျာကယာ ဖွင့်၍ ပြေးလိုက်လာပြီး မိုးပေးထား၏။

တစ်ဖက်က ကုံကော်ပန်းပင်တန်းတွေရဲ့ အစပ်ကိုရောက်မှ ဒေါ်နှံ့သာမွှေး က ခြေလှမ်းရပ်လိုက်ကာ ..၊

"သူ ဟောလိုက်တာကိုစွဲလှမ်းပြီး ကျွန်မ စိတ်ပူနေတာမဟုတ်ဘူး၊ ဒါကို မတားဆီးနိုင်မှာကိုပဲ ပူတာ၊ ပြီးတော့ သူ့ရဲ့ ဘိုးတော်ဆီ မသာယာတဲ့ သတင်းဆိုးတွေ မရောက်စေချင်ဘူး၊ ကျွန်မ ဘုရားတရားအလုပ် မလုပ်နိုင်အောင် လောကီကိစ္စတွေနဲ့ ပူပင်နေရမယ့် သူ့ကိုတော့ သူ့အလုပ် သူ အေးအေးချမ်းချမ်းလုပ်နေစေချင်တာ၊ ကျွန်မ မလုပ်နိုင်ပေမယ့် သူ ပွားများနေတဲ့ ဘာဝနာတရားကြောင့် သူ့အတွက် ပါရမီဖြည့်ပေးနိုင်တဲ့ ကောင်းကျိုးလေးတစ်စိုးတစ်စိ ခံစားရရင် ကျေနပ်တယ် .."

"အစ်ကိုရေ .. အစ်ကို့မြေးမလေးတော့ ဘယ်လို ဘေးအန္တရာယ်နဲ့တွေ့နေပြီ၊ ဘာကြောင့် ဒုက္ခရောက်သွားပြီ .."

ဆိုသည့်စကားမျိုး နည်းနည်းလေးမှ မပြောပြချင်ပါ။

ဒါကြောင့် ကိုယ့်အင်အားနဲ့ တတ်နိုင်သမျှ ဆောင်ရွက်ပေးချင်သည်။ မြေးမလေးရဲ့ အနာဂတ်ခရီးလမ်း ဖြောင့်ဖြူးသာယာသွားပြီဆို





လျှင် သူမလည်း ခင်ပွန်းဖြစ်သူနဲ့အတူ ဘုရား ဝေယျာဝစ္စလေးတွေနဲ့ ပျော်မွေ့ပြီး တရားဘာဝနာပွားများနိုင်မည်။

လိုချင်ဆုံးက မြေးလေးကို ဆရာကြီးဟောထားတဲ့အတိုင်း ဒုက္ခတွင်းထဲ ခုန်မဆင်းဖြစ်အောင် တားဆီးနိုင်ဖို့ ..၊

"အဟမ်း .."

ဦးဝေဠု က ဒေါ်နှံ့သာမွှေး ပြောတာကို ပြီးဆုံးအောင် နားထောင်နေပြီးမှ ချောင်းဟန့်လိုက်ရင်း ..၊

"မမကြီးရဲ့ ပူပင်စိတ်တွေအားလုံးက ကလေးရဲ့ နောင်ရေးပါပဲ.."

"ဟုတ်တယ် .."

"ကလေးကို အညတရတစ်ယောက်နဲ့ ဘယ်လိုမှ ဘဝလက်တွဲဖော်အဖြစ်မခံနိုင်ဘူးဆိုတာလည်း မမကြီး ပူပင်တာ သဘာဝကျတယ်၊ ဒါပေမယ့် .."

ဆက်မပြောဘဲ မရဲတရဲရပ်သွားသဖြင့် ဒေါ်နှံ့သာမွှေး က လှည့်ကြည့်သည်။ ဦးဝေဠု က မျက်လုံးချင်းဆုံပြီးမှ မျက်လွှာပြန်ချ၍ ---

"ဖူးစာခြင်းဘက်ဆိုတာလည်း ပဋ္ဌာန်းတွေရှိလာခဲ့တဲ့အတိုင်း စုံဖက်ကြတာပါ .."

"ဒါကို ရှောင်လွှဲမရနိုင်ဘူးလို့ ပြောချင်လို့လား .."

"ဒါကလည်း သတိထားရမယ့်အချက်ပဲ၊ ကျွန်တော် ပြောချင်တာက မမကြီး သတိထားမိလားမသိဘူး .. ဆရာကြီး ဟောသွားတာ သူနဲ့ ကောင်းမှုအတူပြုခဲ့တဲ့သူ၊ သူ့လိုပဲ ပါရမီထူးရှိခဲ့တဲ့ လူဆိုတာ .."

ဒေါ်နှံ့သာမွှေး က ခေါင်းမညိတ်ပေမယ့် ဦးဝေဠု ပြောနေတာကိုတော့ မတားဆီးပါ။ အကြောင်းကိစ္စတိုင်ပင်ပြီဆို ကိုယ့်ထက်လည်း အသက်ကြီးသည့် ဦးဝေဠု ကို အမြဲတမ်း အလေးထားနေရာပေးခဲ့သည်ဆို ..၊

"ကျွန်တော်တို့ရဲ့ ကလေးလေး ဒီလောက်ထိ ဘုန်းကြီးခင်လတ္တ



www.burmeseclassic.com

www.burmeseclassic.com



ထာနဲ့ ပြည့်စုံနေတာ သူ့ရဲ့ ဖူးစာဖက်က ဒီလောက်ထိ မဆိုးရွားနိုင်ပါဘူး၊ ကျွန်တော်က ရှိပါစေတော့လို့ပြောနေတာမဟုတ်ပါဘူး၊ မမကြီး သဘောမကျတဲ့စကားပါသွားရင် ခွင့်လွှတ်ပါ၊ ကံကိုယုံပြီး ဆူးခြုံနင်းလို့မရပေမယ့် ကိုယ်ဖြစ်ချင်တိုင်းဖြစ်ခွင့်မရကြတာ ကံကြမ္မာပါပဲ ..”

“ကျွန်မသိတယ် ကိုဝေဠု .. ထိုင်လည်းမနေနိုင်ဘူး၊ ဖြစ်ချင်တာတိုင်းဖြစ်အောင် လုပ်မယ်ဆိုတဲ့ အတ္တစိတ်တွေချည်းပဲ ကဲနေတာမျိုးလည်းမဟုတ်ဘဲ ဒီနှစ်ရပ်ရဲ့ကြားက ကြိုးစားခွင့်ရှိနေတဲ့ အခွင့်အရေးတစ်ခုကိုပဲ ရယူချင်တာမျိုးပေါ့၊ အကောင်းဆုံးတွေချည်းပဲ ရနေခဲ့တဲ့ မြေးလေးရဲ့ ကံကြမ္မာကို ပြောင်းပြန်လှန်လိုက်သလို ဆိုးဝါးသွားတာမျိုး အဖြစ်မခံနိုင်ဘူး၊ အဲဒီအတ္တမာနကိုတော့ ထားရမှာပဲ ..”

ပြောနေရင်း စကားကိုဖြတ်ထားပြီး ဦးဝေဠု ကိုကြည့်သည်။

“ဒါနဲ့ ကိုဝေဠု ပြောချင်တာ မပြီးသေးဘူးထင်တယ် ..”

“ပြီးတော့ ပြီးပါပြီ .. ဒါပေမယ့် ..”

“ပြောလေ .. ဘယ်လိုစကားပဲဖြစ်ဖြစ် စေတနာစကားဆိုတာ မှားတဲ့မှန်တဲ့အပေါ်မှာ ဘာမှ ပြောင်းလဲမသွားပါဘူး၊ နားထောင်လက်ခံသူရဲ့ ခွဲခြားဆင်ခြင်နိုင်စွမ်းနဲ့ပဲဆိုင်တာ၊ ကျွန်မတို့တွေ စကားမှားမခံနိုင်တဲ့သူတွေမှ မဟုတ်ဘဲ ..”

“ကျေးဇူးတင်ပါတယ် .. ဒါဆိုရင်တော့ ကျွန်တော့် အမြင်အရ ပြောရရင် ဒီရက်ပိုင်းမှာ စုပြုံပြောင်းလဲကုန်တာတွေနဲ့အတူ ကလေးကို ကြင်ရာတော်ရှာပေးဖို့ပါနေတာ အချိန်အခါမသင့်သေးဘူးထင်တယ်..”

“ဘာဖြစ်လို့လဲ ..”

“ကလေး လက်မခံနိုင်လောက်ဘူးထင်လို့ပါ ..”

“ဆရာကြီးက သူ့ရှေ့မှာတင် ဟောသွားတာပဲ၊ အဲ့ဒီအချိန်မှာလည်း မြေးရဲ့ မျက်နှာလေးက သူ့ရဲ့အချစ်ရေး အိမ်ထောင်ရေးအပေါ်မှာ အထူး





တလည်စိတ်ဝင်စားနေတာမျိုး ကိုဝေဠု မတွေ့ဘူးမို့လား ..”

“လုံးဝကို ဖြူဖြူစင်စင်ရှိနေတဲ့ ကလေးစိတ်လေးပါ ..”

“ဒါကြောင့် .. သူ့ရဲ့ အိမ်ထောင်ရေးကို စီစဉ်မယ်ဆိုရင် သူ ခါးခါးသီး လက်မခံနိုင်လောက်အောင် ဖြစ်မသွားဘူးလို့ ကျွန်မ ယုံကြည်တယ်..”

“ဒါက တစ်ပိုင်း မမကြီး၊ ကျွန်တော် စိုးရိမ်တာက ဒီစံအိမ်ကြီးထဲမှာ မျိုးစုံကစားလို့ရတယ်၊ သူ ငယ်ငယ်တည်းက ကစားဖော်တွေရှိတယ် .. ဒီအရွယ်ထိ အထိန်းတွေနဲ့နေလာခဲ့တာ .. သူ ဒီစံအိမ်ကြီးထဲမှာပဲ ပျော်ပျော်နေတတ်ပါတယ် ..”

“ဟုတ်တယ်လေ .. မြေးလေးက အပြင်သွားမယ်လည်းမပူဆာဘူး၊ မသွားရဘူးပြောလည်း မျက်နှာမပျက်ခဲ့ဘူး ..”

“အဲဒါတွေက သူ့စိတ်လွတ်လပ်သလို နေခွင့်ရနေတဲ့အတွက် သူ့ ဟာသူ ပြည့်စုံပြီလို့ထင်နေတဲ့ စိတ်လေးပဲလေ၊ အခု သူ အပြင်မထွက်ရတော့ဘူး..”

“တံတိုင်းပြီးသွားရင်တော့ ခြံထဲမှာပေမယ့် ကန့်သတ်မှုလေးနည်းနည်းထားပြီး သူ့ကို ထွက်ခွင့်ပြုမှာပါ၊ အရင်လို ပြန်လွတ်လပ်ခွင့်ဆိုတာကတော့ ကြင်ရာတော်ရှာပေးပြီးမှပဲ ..”

ဒေါ်နန့်သာမွှေး ရဲ့ စကားသံက စိတ်မကောင်းခြင်းတွေနှင့် သက်ပြင်းချအနားသပ်၍ ..၊

“သူ လက်ခံသွားမယ်ထင်ပါတယ် ..”

“သူ လက်မခံဘဲ တစ်ခုခုထင်ရာလုပ်သွားမှာလည်း စိုးရိမ်ရတယ် မမကြီး၊ ကျွန်တော်တို့က စိတ်ချယုံကြည်မှုအပြည့်နဲ့လုပ်တာပေမယ့် သူကတော့ သူ့အမှားတစ်ခုခုရှိလို့ အကျဉ်းချခံလိုက်ရသလို နာကျင်သွားတယ်ဆိုရင် ..”

“အို .. မဖြစ်နိုင်တာပဲ ကိုဝဠု ရယ် ..”

ဒါကိုတော့ ဒေါ်နန့်သာမွှေး နားထောင်နိုင်စွမ်းပင်မရှိ ..။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက် လွတ်လပ်ခွင့်ပေးပြီး ဖူးဖူးမှုတ်ချစ်နေကြတာ၊ မင်းသမီးတစ်ပါးလို ရွှေပေါ်မြတင်ထားခဲ့တာ သူ ဒါကိုနားလည်ရမှာပေါ့ .."

"နားလည်စေချင်တိုင်း နားလည်သွားကြရင် မိဘနဲ့ သားသမီးကြားက အဆင်မပြေမှုတွေ ဘယ်ရှိတော့မလဲ မမကြီး၊ ဘုရားဒကာကြီး ဗိမ္ဗိသာရမင်းကြီးတောင်မှ သားတော် အဇာတသတ်ရဲ့ အကျဉ်းချခြင်းခံခဲ့ရသေးတာပဲမို့လား .. နားလည်မှုလွဲမှားခြင်းဆိုတာ ဒေါ်သထွက်နေတာလို အကဲခတ်ကြည့်ဖို့လွယ်တဲ့အရာမဟုတ်ဘူး၊ အဲဒီ လွဲမှားမှုကြောင့် သက်ရောက်မှုတစ်ရုံတစ်ရာ ကိုယ့်ဆီကျရောက်လာပြီဆိုမှ အထင်လွဲရက်လေခြင်းဆိုပြီး နာကျင်ခံစားကြရတာ .."

ဒေါ်နှံ့သာမွှေး မျက်နှာမှာ စိုးရိမ်ခြင်းနှင့် တွေဝေမှုတွေ ဒွန်တွဲလွှမ်းဆွဲသွားခဲ့၏။ ကိုယ်လုပ်နေတာမှန်သလား၊ သူပြောနေတာက မှန်သလား..၊

ဘယ်သူမှားလဲ မှန်သလဲဆိုတာကို သူပြောတဲ့အတိုင်း သက်ရောက်မှုတစ်ရုံတစ်ရာကိုရောက်လာတဲ့အထိ ရှေ့ဆက်တိုးရင်း စောင့်ကြည့်နေသင့်သလား ..၊





## အခန်း (၅)

သူမ ဒီတိုင်း စောင့်ကြည့်နေရင်တော့ ကြာရင် အိမ်ထောင်ချပေးခြင်းခံရတော့မည်ကို တွေးမိလာခဲ့သည်။

"မမလေး .. ထမင်းစားမကောင်းဘူးလားဟင် .."

"ဘယ်လိုလုပ်စားကောင်းမှာလဲ .. ဒီမှာပဲအိပ် ဒီမှာပဲစား ဘယ်မှလည်း ထွက်မဆော့ရဘူး .."

စာဥ မျက်နှာလေးလည်း ရွှေထုပ်လေး အတိုင်း ငိုမဲ့မဲ့ရှုံ့တွတွလေး ဖြစ်နေကာ ...၊

"မမလေးရယ် .. အိပ်ရာက ဟိုဘက်ခန်းမှာဥစ္စာ၊ ဒီမှာက စားသောက်ပွဲတွေအစုံအလင်နဲ့ ထမင်းစားခန်းလိုပါပဲ၊ ရေချိုးတော့လည်း.."

"စာဥ ရယ် နင်ကလည်းတစ်မျိုး .."

"မမလေးက ဘာမှမှ မစားသောက်တာကို .."

"စားနေတာပဲဥစ္စာ၊ နင်က စားကောင်းလားမေးလို့ မကောင်းဘူးပြောတာလေ ..၊ ငါ့ကို ဘာဖြစ်လို့ ဒီထဲကနေ မထွက်ခိုင်းတော့တာလဲ နင်သိလား .."

"မမလေးရဲ့ လုံခြုံရေးအတွက်ပေါ့ .."

"ဒီလောက် တံတိုင်းမြင့်ကြီးတွေ လေးလက်လေးတန်နဲ့ ဒီမှာပဲ



www.burmeseclassic.com

www.burmeseclassic.com



ငါ တစ်သက်လုံးနေလာတာကို ..”

“အခု တံတိုင်းတွေပြန်ဖြိုချပြီး အသစ်ပြန်လုပ် ..”

“အဲ့ဒါပြီးရင်လည်း ငါ့ကို အိမ်ထောင်ချပေးမှာလို့ ပြောသံကြားနေသေးတယ် ..”

“ဟင် .. ဟုတ်လို့လား ..၊ မမလေးကို ဘယ်သူပြောတာလဲဟင်”

“နင်နဲ့ တုတ်တုတ် ပြောနေတာလေ ..”

“အယ် ..”

စာဥ မျက်လုံးအဝိုင်းသားနှင့် နှုတ်ခမ်းတွေဝလုံးဖြစ်သွားသည်။ ပြီးတော့ ဖျတ်ခနဲ ခေါင်းငုံ့သွားကာ လက်ဝါးချည်းပွတ်၍ ..၊

“အဲဒါ .. အဲဒါက ..”

“ငါထင်ပြီးသားပါ ..၊ ဘယ်သူ့ကိုမှလည်း မပြောပါဘူး၊ ကဲပါ မျက်နှာမော့စမ်းပါ ..”

စားလက်စ ထမင်းပန်းကန်ကို ဘေးကိုတွန်းထားလိုက်ပြီး ...

“ငါ့ကို ဂန္ဓာရီဆရာကြီးယောသွားတဲ့အကြောင်းတွေ နင်မသိဘူးမို့လား ..”

“ဟင့်အင်း ..”

“အေး .. ငါ အဲဒါတွေကိုသိတယ်၊ ငါ့ကို အိမ်ထောင်ရေးကံမကောင်းဘူးလို့ပြောသွားတည်းက ဘွားလေး အဲ့ဒါတွေလုပ်နေတာပဲ၊ အားလုံးက ငါ့ကြောင့်လုပ်နေတာ ..”

စာဥ က တကယ်မသိတာဖြစ်သည်။ နေရာမှထကာ စားသောက်ပွဲကို သိမ်းဆည်း၍ ကြွေဇလုံကြီးထဲမှာ သေချာထည့်လိုက်သည်။ ပြီးတော့ ဘဲလ်သံပေးလိုက်တာနှင့် မိန်းကလေးနှစ်ယောက် လာယူသွားခဲ့၏။

တံခါးပြန်ပိတ်လိုက်ပြီးမှ အနားမှာ ပြန်လာထိုင်၍ ..၊

“အဲ့ဒါ မမလေးကို ဆင်းရဲတဲ့လူနဲ့ ..”

“မဟုတ်ဘူး .. ငါ အဲဒါကို နားမလည်လို့မဟုတ်ဘူး၊ ငါ့ရဲ့ ရှေ့





ရေးဆိုတာရော၊ ဟိုတုန်းကရော ခုချိန်ထိ ငါ ဘာကိုမှ စိတ်မဝင်စားခဲ့ဘူး ..”

“မမလေး ရော့ .. သစ်သီးလေးစားလိုက်ဦး ..”

“စာဥ နော် .. ငါ့စကားကို သေချာနားမထောင်ဘူး ..”

ပန်းသစ်တော် ပန်းကန်လေးကိုင်ထားသည့် စာဥ လက်လေး တုန့်ခနဲဖြစ်သွားကာ ချက်ချင်းနောက်တွန့်သွား၏။

“မမလေးက စားနေကျမို့လို့ပါ ..”

“အခု .. စကားပြောနေတာ ဘာလို့ဖြတ်ဖြတ်ပြောနေတာလဲလို့”

“ဟုတ် .. မပြောတော့ပါဘူး ..”

စာဥ ကြောက်ရွံ့နေတာကိုကြည့်ပြီး ရွှေထုပ်လေး သနားသွားမိသည်။ ထို့ကြောင့် စိတ်တိုသွားသည့်မျက်နှာကို ပြန်ပြုံးလိုက်ကာ ဆတ်ခနဲ ခေါင်းညိတ်၍ ...

“ဟုတ်ပြီ .. ရပြီ .. ဒီကိုကြည့် ..”

“ဟုတ် ..”

စာဥ က မော့ဆိုတော့လည်း မော့ရှာ၏။ တကယ်ဆို ဘာအကြောင်းဖြစ်ဖြစ် တာကြီး နဲ့ပဲ သူမ ပြောနေကျပါ။ မသိတာတွေမေးသည်၊ ဆုံးမစကားတွေပါလာပြီဆို ရာဇဝင် ဇာတ်တော်တွေ၊ ပုံပြင်တွေလည်း ပါလာတတ်ကာ ဒါတွေကိုလည်း သူမ နှစ်သက်ခဲ့၏။

ခုချိန်မှာတော့ သူမ စကားပြောချင်တာက တာကြီး နဲ့မဟုတ်တော့ပေ။ ထို့ပြင် တာကြီး ကိုယ်တိုင်က သူမဘေးမှာ စကားအေးအေးပြောနေတယ်ဆိုတာ သိပ်မရှိတော့သဖြင့် ..၊

“ငါ အိမ်ထောင်ရေးကံ မကောင်းတာ ငါ့အပြစ်လား နင်စဉ်းစားကြည့်စမ်း ..”

ဟင် ..၊

စာဥ မျက်လုံးပြူးပြန်၏။

“မမလေးရယ် .. အဲ .. အဲ့ဒီကိစ္စကြီးတွေကို ကျွန်မဘယ်လိုလုပ်



www.burmeseclassic.com

www.burmeseclassic.com



ပြောရဲပါ့မလဲ၊ စဉ်းလည်းမစဉ်းစားတတ်ပါဘူး၊ ကြီးကြီး လာမှ မေးကြည့်ပါနော် ..”

“မမေးချင်ပါဘူး .. တာကြီး ကို မခေါ်ဘူး ..”

“မခေါ်ဘူး ..”

“ဟုတ်တယ် .. တာကြီး က ဘွားလေးကိုပိုချစ်တာ၊ ငါ့ကို စကားလာပြောရင်လည်း ဘွားလေးလုပ်နေတာတွေပဲကောင်းတာ၊ ငါပြောတာက ဘာမှမဟုတ်ဘူးချည်းပဲ ..၊ ငါက နည်းနည်းလေးပဲ ခေါင်းညိတ်ပေးစေချင်တာ ..”

နည်းနည်းလေးကို လက်ညှိုးထိပ်ဖျားလေးချန်ပြီး လက်မလေးနဲ့ မှုးကပ်ပြနေသဖြင့် ရွှေထုပ်လေး ရင်ထဲမှာ မကျေနပ်ချက်ကြီးကြီးမားမားတော့ ဖြစ်မနေဘူးဆိုတာ စာဥ က တိတ်တိတ်ဆိတ်ဆိတ်လေး မှတ်ချက်ချနေ၏။

မမလေး က ကလေးလေးလိုဝဲလို့တွေးရင်း သနားခြင်းတွေ ပိုတိုးနေ၏။

“ဘွားလေးက ငါ့ကို အပြစ်လုပ်ထားတဲ့လူလို ဖဏ်ခတ်ထားတာ”

“ဟင် ..”

“မဟုတ်ပါဘူးလို့ လာမပြောနဲ့နော် ..”

“မပြောပါဘူး ..”

“ပြီးရော ..”

“ဒါပေမယ့် ..”

“ဘာမှမပြောနဲ့ဆိုမှ ..”

ဒီလောက်ထိ အော်လာပြီဆိုရင်တော့ မမလေး စိတ်တော်တော်လေးတိုနေပြီကို စာဥ သိလိုက်၏။ စကားသံလေးနဲ့ သူမ မျက်နှာလေးကိုက ခက်ထန်တတ်တဲ့ အမူအရာမျိုးဘယ်တုန်းမှ မတင်ခဲ့တဲ့အတိုင်း။ မျက်ရည်လေးတွေ ဝဲနေတဲ့အထိ ကြေကွဲနေတာတောင် ဒေါသသံမထွက် ..။





“ငါ့ကို အပြစ်သားလိုမျိုး ထောင်သွင်းအကျဉ်းချထားတာ ..”

“မမလေးရယ် .. မငိုပါနဲ့ ..”

“မငိုပါဘူး .. မျက်ရည်ကျတိုင်းငိုတယ်မထင်နဲ့ .. ငါ့မျက်ရည်က ဒီလိုပဲ ..”

ထိုစဉ် အပြင်ကနေ တံခါးဖွင့်သံ ကြားလိုက်ရကာ အမွှေးရည်ဘူးတွေ၊ တဘက်တွေ၊ ပဝါတွေနှင့် မိန်းကလေးနှစ်ယောက် ခေါင်းတွေင့်၍ ဝင်လာကြ၏။ သူမတို့ ထိုင်နေသည့် စားပွဲအနီးမှာမှ ခြေစုံရပ်ကာ..

“မမလေး နေ့လယ်ပိုင်း ကိုယ်လက်သန့်စင်ဖို့ပါ ..”

တစ်နေ့ကို ရေတစ်ချိန်ပဲ ချိုးခွင့်ပေးပေမယ့်၊ ရေမွှေးပတ်လေးနဲ့ ကိုယ်လက်သန့်စင်ကာ နံ့သာမွှေးလိမ်းပြီး အကျီလဲရတာက နှစ်ခါ ..။

ငယ်စဉ်တည်းက ဒီတိုင်းအကျင့်ပါလာခဲ့ပေမယ့် ခုချိန်မှာတော့ ဝင်လာကြသည့် ခြေလှမ်းတွေကို လိုက်ကြည့်ရင်း ရွှေထုပ်လေး ငြိမ်သက်နေခဲ့၏။

“သွားမယ် ..”

“နံ့သာမွှေးတွေ သွေးလာတာကျဲလိုက်တာ ..”

“ဒီနေ့ကျတော့ ပျစ်လှချေလား .. အဲ့ဒါကြီးလည်း မကြိုက်ပါဘူး ..”

“ဟာ .. တစ်ရေးအိပ်ဦးမှာ၊ နောက်မှလုပ်မယ် .. ဘွားလေးလည်းမသိစေနဲ့၊ နင်တို့ အဲဒီမှာခဏလေးထိုင်ပြီး မုန့်စားနေလိုက်ကြ ..”

စသဖြင့်သော ငြိုငြင်ခြင်းကင်း၍ သွက်လက်နူးညံ့သည့် ရွှေထုပ်လေးရဲ့ အသံစာစာလေးတွေလည်း ပျောက်ဆုံးနေခဲ့လေသည်။

ထို့ပြင် ညှိုးငယ်ရီဝေသော မျက်ဝန်းလေးတွေက ပြန်ပိတ်သွားသည့်တံခါးကြီးကို လှမ်းငေးနေကာ ..၊

“နင်တို့ကျတော့ ငါ့ဆီကို လာချင်တိုင်းလာကြတယ်၊ လည်ချင်ရာလုပ်ပြီး ပြန်ထွက်သွားကြတယ် ..”

တစ်ယောက်တည်း တိုးလျှစွာရေရွတ်နေခဲ့လျှက် ..၊



www.burmeseclassic.com

www.burmeseclassic.com



"ငါ မခေါ်ဘဲ ငါ့နားမကပ်ရဲကြတဲ့ လူတွေက ငါရေချိုးဖို့ နံ့သာလိမ်းဖို့တွေကို ကိုယ့်ဘာသာချိန်မှတ်ကန့်သတ်ပြီး လာလုပ်နေကြတယ်၊ ငါက ဘာလဲ .."

"မမလေးရယ် ကျွန်မတို့က ကိုယ့်ဘာသာမလုပ်ရဲပါဘူး၊ အဲ့လို မဟုတ်ရပါဘူး မေမေကြီးခိုင်းလို့ပါ .."

သူမတို့ ရှိုနိုးမတတ် ဖြေရှင်းကြ၏။ ရွှေထုပ်လေး ကတော့ မကြားသလိုပင် ...၊

သူမ ပြောနေတာကလည်း ဘယ်သူ့ဆီက ဖြေရှင်းသံကိုမှ စိတ်ဝင်စားလို့မဟုတ်ဘဲ ရင်ထဲမှာ ခံစားနေရတာကို ရေရွတ်မိခြင်းသာဖြစ်လျက်...၊

"ဘွားလေး ဘာလို့ပြောင်းလဲသွားတာလဲ .." ဟု ဆက်လက်ရေရွတ်နေရင်း ...၊





## အခန်း (၆)

"ဒီညနေ ကုန်ကားလာမှာမို့လား .."

"ဟုတ်တယ် မမကြီး .."

"ကိုဝေဠု ကိုပြောလိုက်စမ်း၊ ကုန်ကားအပြန် နောက်တစ်ပတ်မှာ ထပ်တိုးယူလာပေးဖို့ ပစ္စည်းစာရင်း မလုပ်ထားတော့ဘူးလို့၊ အဲဒါ နေ့လယ်အပြီးလုပ်ပြီး ငါ့ကို လာပြလို့ .."

"ဟုတ်ကဲ့ မမကြီး .."

"နေဦး .."

ဒေါ်နံ့သာမွှေး က နံရံတွေတစ်လျှောက်မှာ ခပ်ဖြည်းဖြည်းလိုက်ကြည့်နေကာ ဒေါ်ခတ္တာ ကို လှည့်မကြည့်တော့ဘဲ ...၊

"အုတ်တံတိုင်းထွေပေါ်မှာ ဓာတ်လိုင်းတွေလွှတ်ထားဖို့ကိစ္စ တိုင်ပင်ရအောင် အီးပီက ဦးလှကြိုင် ကို ဒီလာဖို့ ဖုန်းနဲ့အရင်ကြိုချိန်းထားလို့ ပြောလိုက်ဦး .."

"ဟုတ်ကဲ့ပါ .. မမကြီး မှာစရာရှိသေးလား .."

"မရှိတော့ဘူး သွားတော့ .."

တံတိုင်းခတ်သည့်ကိစ္စတွေ အပြီးသတ်တော့မှာမို့ ဒေါ်နံ့သာမွှေး စိတ်တော့ တစ်ထစ်အေးသွားခဲ့သည်။ တံတိုင်းတစ်လျှောက်မှာ သွပ်ဆူး



www.burmeseclassic.com

www.burmeseclassic.com



ထပ်ဆင့်ပြီး လျှပ်စစ်လွှတ်ထားဖို့ကိစ္စကိုလည်း အန္တရာယ်များသည်မို့ အစက တွေဝေနေခဲ့ပေမယ့် ခုချိန်မှာတော့ တွေဝေမနေနိုင်တော့ပေ..။

အားလုံးစိတ်ချရမှ မြေးလေးကို အိမ်ထောင်ပြုဖို့ ဖွင့်အတင်းပြောစရာမလိုဘဲ အရင်လိုပုံမှန်နေထိုင်မှုလေး ပြန်ပေးပြီး ကျေနပ်သွားအောင် ချော့နိုင်မှာဖြစ်သည်။

ဒီအချက်လေးကို ပြန်လျှော့ပေးလိုက်တာနှင့် မြေးလေး ကျေနပ်သွားမှာပါ။ ဒါပေမယ့် အိမ်ထောင်ပြုဖို့ကိုတော့ အနေးနဲ့အမြန်စီစဉ်ရမှာပင် ..။

ခုတစ်လော မြေးလေးဆီမှာ အေးဆေးသွားထိုင်ပြီး မွှေ့ပိုက်ချော့မော့မနေနိုင်ခဲ့ပေမယ့် ဒီတံတိုင်းကိစ္စပြီးတာနှင့် မြေးနဲ့အရင်လို ပြန်နေတော့မည်။

အိမ်ထောင်ရေးဟာ အရေးကြီးသလို အိမ်ထောင်ဖက်ကောင်းရမှသာ ဘဝနဲ့ စိတ်ချမ်းသာမှုအပြည့်အဝရမှာဖြစ်တဲ့အကြောင်းတွေလည်း တဖြည်းဖြည်းပြောရင်း စည်းရုံးသွားရမည်။

မြေးလေးက ဆင်းရဲခြင်းကို ကြားလည်း မကြားဖူး၊ မြင်ဖူးဖို့ဆိုတာ အဝေးကြီးပင် ..။

ချစ်ရေးချစ်ရာကို စိတ်မဝင်စားတာက ကျေနပ်စရာပေမယ့် အိမ်ထောင်ရေးအပေါ်မှာ ကြည်ဖြူတာ ပြုံငြင်တာဘာမှမခံစားရသလို နေနိုင်တာကိုတော့ မကြိုက်ပါ။

အရာရာကို အကောင်းဆုံးတွေချည်းပဲ မြင်တွေ့ခံစားနေရခြင်းအတွက် နိမ့်ကျဆိုးရွားမှုတွေကို ဘာမှမသိခဲ့တာက စိုးရိမ်စရာအကောင်းဆုံးပင် ..။

ဆင်းရဲတာကို ဘာမှန်းမသိသည့် သူမက ဆင်းရဲမှာကိုကြောက်တတ်မှာမဟုတ်ပေ။ မကြောက်သည့်လူကို ကြောက်စရာတွေပြောပြီး ဘယ်လိုစည်းရုံးမလဲ ..၊

ဒေါ်နှံ့သာမွှေး မိမိဘာလုပ်ရမည်ကို အကောင်းဆုံးရွေးထုတ်စဉ်းစားနေခဲ့စဉ် ..၊ ရွှေထုပ်လေး ကလည်း စွန့်စားဖို့ အဆင်သင့်ဖြစ်နေခဲ့





ရာ ..၊

"အု .. အု .. ဝူး .. ဝူး .. အင့် .."

"ခဏလေးပါ စာဥ ရယ် ..၊ နင့်ကိုနာအောင် ချည်မထားပါဘူး မအော်နဲ့နော် .."

ပါးစပ်မှာ အဝတ်စည်းကာ ကုလားထိုင်မှာကြိုးနဲ့ကပ်တုပ်ခံထားရသည့် စာဥ ခမျာ မျက်လုံးတွေ ကျွတ်ထွက်မတတ်ပြူးကျယ်နေ၏။

ကြိုးချည်ခံထားရတာကို နာကျင်လို့မဟုတ်ပေ၊ ရွှေထုပ်လေး တစ်ခုခုလုပ်တော့မှာကို သိလိုက်သဖြင့် ထိတ်လန့်စိုးရိမ်နေတာဖြစ်သည်။

သူမ ထင်သည့်အတိုင်း ရွှေထုပ်လေး က ဘဲလ်ကိုနှိပ်လိုက်ပြီး တံခါးနားပြေးကပ်နေလျှင် ..၊

"ဂလောက် .."

တံခါးဖွင့်သည့်သူကဖွင့်ပြီး ဝင်လာ၏။ သို့သော် အထဲမှာ စာဥအဖြစ်ကိုမြင်လိုက်ပြီး မျက်လုံးရောပါးစပ်ရော ပြူးပြဲသွားခဲ့စဉ် ..၊

"ဂျိမ်း .."

"ဟယ် .. မမလေး .."

"ဂလောက် .."

ရွှေထုပ်လေး အပြင်ကို ပြေးထွက်ကာ တံခါးကိုဆွဲပိတ်ပြီး အပြင်ကနေ သော့ခတ်ထားလိုက်သည်။ ပြီးတော့ သော့ကို အခန်းရှေ့က တရုတ်နင်းပန်းအိုးကြီးပေါ် လှမ်းပစ်တင်ကာ ..၊

"ဟယ် .. မမလေး .."

"မမလေး ဘယ်ကိုသွားတာလဲ မသိဘူး .."

ရုတ်တရက်မြင်လိုက်ကြပေမယ့် တစ်ယောက်နဲ့တစ်ယောက် မေးမြန်းအဖြေရှာနေရင်း ရွှေထုပ်လေး ဟိုဝင်ဒီထွက်ကွေ့ပတ်ပြေးရင်း ပျောက်သွားလေသည်။

ထိုစဉ် ဒေါ်ခတ္တာ ကလည်း အပေါ်ထပ်ထိရောက်လာခဲ့လေရာ..

"ဟဲ့ .. ဘာတွေဖြစ်နေကြတာလဲ .. ပြူးတူးပြဲတဲတွေ .."

"မမလေး .. မမလေး ပြေးသွားတယ် .."



www.burmeseclassic.com

www.burmeseclassic.com



ဟင် ..၊

ဒေါ်ခင္တာ အခန်းဆီမျက်လုံးရောက်သွားကာ ..၊

"ဘာတွေလျှောက်ပြောနေတာလဲ .. အခန်းတံခါးက ပိတ်ထားတဲ့ ဥစ္စာ .."

ခင်မာမာ ပြောလိုက်ပေမယ့် ထိတ်ခနဲတော့ဖြစ်သွားခဲ့ရာ ..၊

"ဒီမှာ စောင့်နိုင်းထားတဲ့ ကောင်မလေးတွေရော .."

"သမီးတို့လှမ်းကြည့်တည်းက ဘယ်သူမှမရှိဘူး ကြီးကြီး .."

"အိုကွယ် .. မဟုတ်သေးပါဘူး .."

မဟုတ်သေးပါဘူးပြောသံမှာ အဖျားခတ်တုန်ယင်နေပြီဖြစ်ကာ တံခါးရှေ့ကိုအပြေးတစ်ပိုင်းသွားမိ၏။

"ကလေးရေ .. အို .. မဖြစ်ပါဘူး၊ ဟဲ့ .. စာဥ ရော .. နေပါဦး၊ ကောင်မလေးတွေ လိုက်ရှာစမ်း၊ သော့ခတ်ထားတဲ့အခန်းကို ဒီလို ပစ်ထားပြီးသွားစရာလား .. ဒါ ဘယ်လောက်အန္တရာယ်ကြီးသလဲ၊ ဒီမိန်းကလေးတွေတော့ .."

အဖြစ်မှန်ကို မသိစိတ်က လက်ခံနေမိပြီပေမယ့် မဖြစ်ဖို့ဆုတောင်းရင်း အထိန်းတော် မိန်းကလေးတွေကိုရှာပေမယ့် မတွေ့ ..၊

"ရွှေထုပ်လေး မရှိတော့ဘူး .."

"ဘာ .. ငါ့မြေးလေး .."

'ရွှေစံအိမ်'ကြီးတစ်ခုလုံး မီးဘေားသင့်သကဲ့သို့ ရုတ်ရုတ်သဲသဲ ဆူညံကုန်၏။ ဒီသတင်းကို ဒေါ်နံ့သာမွှေး ထံ အတော်နောက်ကျမှ ပို့နိုင်ခဲ့လျက် .. သတင်းရသည်နှင့် ဒေါ်နံ့သာမွှေး မတ်တပ်ကနေ ခွေလဲကျသွားလေသည်။

သတိတော့ မလစ်ခဲ့ဘဲ မတ်မတ်လည်း မရပ်နိုင်တော့ဘဲရှိကာ၊ လက်ညှိုးတထိုးထိုးနှင့် ..၊

"ရှာ .. မတွေ့တွေ့အောင်ရှာကြစမ်း ..၊ ငါ့ .. ငါ့မြေးလေးကိုတွေ့ရင် မြေးကိုထိတ်လန့်မသွားစေနဲ့၊ ချော့မော့ပြီးပြန်ခေါ်၊ ရှာကြလေ .. ရှိသမျှလူအကုန်ထွက်ရှာကြ၊ အောင်မယ်လေး ငါ့မြေးလေး ဘာမှလည်းမသိဘဲနဲ့ .."





လူတွေလက်ထဲကနေ ရင်ဘတ်ကိုဖိထားရင်း မျက်ရည်တွေ လျှံကျလာခဲ့၏။

"ငါ့မြေးလေး အပြင်မထွက်ဘူး ငါသိတယ်၊ သူ မသွားတတ်ဘူး၊ ရှာကြစမ်း .. တောအုပ်လေးထဲမှာ သေချာရှာ၊ သူ့အဘိုးရဲ့ အဆောင်နားမှာကြည့်၊ မဆူကြနဲ့ .. ငါ့မြေးလေး လန့်သွားရင် နင်တို့အသေပဲ၊ ဘုရားကယ်တော်မူပါ၊ နတ်မြတ်နတ်ကောင်းတွေ စောင်မကြပါ .."

လူတွေအများကြီးရှိသလောက် တစ်ယောက်မကျန် ထွက်ရှာကြပေမယ့် မတွေ့ကြပေ ..၊

'ရွှေထုပ်လေး အပြင်ရောက်သွားနိုင်သလား' ဆိုသည့်အတွေးတွေ ဝင်လာကြပေမယ့် အားလုံးဆုတောင်းနေကြတာက 'မဟုတ်ပါစေနဲ့' ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

ကားတွေများလှချေလား ...၊

မြို့ထဲကို သူမ ရောက်ဖူးပါသည်။ ဒါပေမယ့် ဒီနေရာမဟုတ်ပေ။ မြို့ထဲဆိုတာ ဘယ်လိုနေရာကိုခေါ်တာမှန်းမသိပေမယ့် ဒီနေရာကသာ ပိုရှုပ်ပြီး ကားတွေကလည်း ဒီမှာပဲ စုပြုံကျပ်နေ၏။

စံအိမ်ကို ကုန်စိမ်းကုန်ခြောက်လာပို့နေကျကားကြီးပေါ်မှာ ရွှေထုပ်လေး စီးလိုက်လာခဲ့ခြင်းဖြစ်သည်။ မနက်တုန်းက အိပ်ခန်းထဲက ထွက်ပြေးကာ ဘွားလေး အခန်းထဲမှာ ဝင်ပုန်းနေခဲ့သည်။

အားလုံးက အပြင်မှာပဲ သည်းမည်းရှာနေကြစဉ် သူမကတော့ ညနေ ဈေးကားအလာကို အခန်းထဲကနေ အေးဆေးစောင့်နေခဲ့လိုက်၏။

ကားလာခါနီးမှ အချိန်ကိုက်ခိုးဆင်းလာခဲ့ကာ ပစ္စည်းတွေချနေတုန်း ဟိုကပ်ဒီကပ်နှင့် ကားပေါ်တက်နေခဲ့ခြင်းဖြစ်သည်။

ကားရပ်သွားမှ အသံဗလံတွေနားထောင်ပြီး အိတ်ခွံတွေစုပုံပစ်ထည့်ထားသည့်အောက်က တိုးထွက်လိုက်သည်။ ကားပေါ်ကနေအပြင်ကို ခိုးချောင်းကြည့်ပြီးမှ ဆင်းလာခဲ့၏။

သူမလေး အောက်ကို ဖြုတ်ခနဲခုန်ချလိုက်တာနှင့် ခြေထောက်က





မျက်သွားကာ ဟိုယိုင်ဒီယိုင်နှင့် လဲတော့မလိုဖြစ်သွားလျှင် ...၊

"ဟိုမှာ .. ဟိုမှာ .. ဝိညာဉ်ချစ်သူ .."

"မဟုတ်ဘူး .. ဥစ္စာစောင့် .."

ကလေးအရွယ်သာသာ ဆယ့်သုံးလေးနှစ် မတိမ်းမယိမ်းအရွယ်လေးတွေက သူမကို လှမ်းကြည့်ပြီး လက်ညှိုးထိုးပြောသွားကြ၏။

ကိုယ့်ကိုယ်ကိုယ် ဝိညာဉ်တွေ၊ ဥစ္စာစောင့်တွေ ပြောခံရလောက်အောင် ဘာပုံစံပေါက်နေမှန်းတောင်မသိခဲ့ပေ။ ဒါပေမယ့် သူမ ကိုယ်ပေါ်မှာ အဖြူရောင်ဘောင်းဘီရှည်ပွပွကြီးနှင့် လည်ပင်းနဲ့လက်ဝတွေမှာ ပြီးတော့ အင်္ကျီရှည်၏ ခါးစပ်မှာ အပြာရောင်နှုတ်ခမ်းပြားတွေ ကွပ်ထားသော အင်္ကျီအဖြူရင်စေ့လက်ရှည်ကြီးလည်းရှိနေ၏။

ပတ်ဝန်းကျင်မှာ မြင်မြင်သမျှလူတိုင်း သူမလို ဘယ်သူမှ ဝတ်မထားတာကြည့်ကာ ရွှေထုပ်လေး ကားကြီးနားကို ပြန်ကပ်ပြီး လူတွေမမြင်အောင် ကွယ်လိုက်မိသည်။

စံအိမ်ကြီးထဲက ထွက်ချင်သည့်စိတ်တစ်ခုသာရှိနေခဲ့လျက် အပြင်ကိုရောက်အောင်ထွက်လာနိုင်ခဲ့ပြီး ဘယ်ကိုသွားရမှန်းမသိ ...။

ငါ ဘာလုပ်မှာလဲ ...၊

ကိုယ့်ကိုယ်ကိုယ် ပြန်မေးပြီး စဉ်းစားကြည့်သည်။ မြို့ထဲမှာ ဘွားလေးရဲ့သူငယ်ချင်း ရတနာရွှေဆိုင်ပိုင်ရှင် ဒေါ်မမငြိမ်း ရှိသည်။ တွေးခဲ့တုန်းက ဒေါ်မမငြိမ်း လည်းရှိတာပဲဆိုသည့်အတွေးပါခဲ့သော်လည်း အိမ်ကိုလာတာတစ်ခါပဲ မြင်ဖူးကာ ဘယ်မှာနေမှန်းမှမသိဘဲ ဘယ်လိုသွားရမလဲ...။

နေရပ်လိပ်စာဆိုတာကို အလေးအနက်မထားဘဲ ထွက်လာပြီးမှ 'ဘယ်မှာလဲ' လို့တွေးမိသည့်အချိန်မှာ ကိုယ်က အပြင်ရောက်နေပြီဖြစ်၏။

"ဟိတ် .. ဘာလုပ်နေတာလဲ .."

"အမလေး .."



www.burmeseclassic.com

www.burmeseclassic.com



ထိတ်လန့်စရာတွေ တွေးနေတုန်း လူက တုန်ခနဲဖြစ်သည်။ ကားကြီးဆီ ပြန်လာသည့် စပယ်ယာက အဖြူရောင်ဝတ်စုံဖားဖား၊ ဆံပင်ရှည်ကြီးတွေ မည်းမည်းစင်းစင်းနှင့် သူမကို ပြန်မေးနေ၏။

ပြီးတော့ .. နေဝင်ဖျိုးဖျမှာမို့ ကိုယ့်ကိုယ်ကိုယ် မျက်စိမှားသလားထင်ကာ သေချာအောင် ရှေ့ထပ်တိုးပြီး ကြည့်သည်။ ရွှေထုပ်လေး ကြာကြာမနေတော့ဘဲ ချာခနဲ လှည့်ပြေးသွားလျှင် ပေါင်အောက်ထိ ရှည်သောဆံနွယ်တွေက သူမ နောက်ပါးမှာ ခြုံလွှာကဲ့သို့ ကျန်ရစ်ခဲ့လျက် ..၊

"လှလိုက်တဲ့ ဆံပင်တွေ .."

"ဒေါင် .."

ထိုလူ၏ ကိုင်ထားသော လက်ဆွဲရေချိုင့်ကြီး လက်ကနေ လွတ်ကျသွား၏။ သူမ လှလွန်းလို့မဟုတ်ပါ။ ဆံပင်တွေလှလိုက်တာဆိုသည့် အကြည့်က သူမ၏ ခြေကျင်းဝတ်မှာ ဝင့်ခနဲလက်သွားသည့် တစ်စုံတစ်ရာကိုမြင်၍ဖြစ်လျက် ..၊

"ရွှေခြေချင်း .."

နှုတ်မှဖွဖွရေရွတ်ရင်း ထပ်၍ ..၊

"ဥစ္စာစောင့် .."

ဖြစ်နိုင်တာကို အတည်ပြုလိုက်၏။ ပြီးတော့ နောက်ကပြေးလိုက်ပြီးကြည့်လျှင် ..၊

"ဟော့ကောင် .."

"ဟ .. အာ .. လန့်လိုက်တာ မင်းကလည်း .."

"ဘာတွေလန့်နေတာလဲ ..၊ မိုးတောင်မချုပ်သေးဘူး၊ ဘာလဲ .. မနေ့ညက စက်လှေဆိပ်မှာ လူသတ်မှုဖြစ်သွားတာကိုတွေးပြီး လန့်နေတာလား.."

ကမ်းနားလမ်းမှာ အလုပ်လုပ်နေကြတာမို့ လမ်းတစ်ဖက်ကူးလိုက်တာနှင့် ဆိပ်ကမ်းကို ရောက်မှာဖြစ်၏။ ကမ်းနားမှာ ဆိုက်ကပ်ထားသည့်





သင်္ဘောကြီးတွေ၊ စက်လှေ၊ သမ္ဗာန်တွေပေါ်မှာလည်း ဟိုသတင်းကြား၊ ဒီသတင်းကြားဖြစ်ရတာ မကြားချင်မှအဆုံး ..။

"မင်းကလည်း မသိပဲနဲ့ စွတ်ပြောနေတယ် .."

ရွှေထုပ်လေး ကို ဘယ်ပျောက်သွားလဲ လိုက်ရှာနေရင်း စကားတောင် ပြန်လှည့်မပြောနိုင် ..။

"ကျွတ် .. ဘယ်ရောက်သွားတာလဲ .."

"ဘာလဲကွ .."

"သေချာတယ် .. အဲဒါ ဥစ္စာစောင့်ပဲ .."

"ဟမ် .."

"ငါ သေချာကြီးကိုမြင်လိုက်တာ .. သူ့အသံလည်း ကြားလိုက်တယ်.."

"ဘာလဲကွာ .. ဘယ်သူလဲ .."

"ဥစ္စာစောင့်ပါဆို .."

"ဖိုးချွန်.ရာ .. မင်း သောက်တာများသွားပြီ၊ အဲဒါကြောင့် ငါပြောသားပဲ .. မင်းအိမ်ပြန်စာချန်ထားပါဦးလို့ .. ဒီလောက်မူးနေရင် ဘယ်လိုလုပ်အိမ်ပြန်မှာလဲပြော .."

"ဖန်ခွက်လေးသေးသေးလေးနဲ့တစ်လုံးကို မူးစရာလားကွ ..၊ ငါ သေချာမြင်တာ၊ သူ့အသံကိုတောင် ကြားလိုက်ပါတယ်ဆိုမှ .."

"ဘာလဲ .. မောင်လေး နေကောင်းလားလို့ မေးသွားလား၊ ကိုကြီးကလည်း စွတ် .."

"ပေါက်စ .. မင်းလာနောက်နေတယ်ဟုတ်လား၊ အဖြူရောင်ဘောင်းဘီရှည်နဲ့ .."

"ဟား .. ဟား .. ဟား .. ဥစ္စာစောင့်က ခေတ်မီလှချေလား၊ ကျွန့်ဘုရားမှာမစောင့်ဘဲ ကမ်းနားမှာ လာစောင့်တဲ့ဥစ္စာစောင့်မို့လို့ထင်တယ်.."

ဖိုးချွန် မျက်နှာမဲသွားကာ ရှာဖွေခြင်းကိုရပ်တန့်ပြီး ပြန်လှည့်၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ...

"ငါက 'ဟိတ်' လို့အော်လိုက်တော့ 'အမလေး' ဆိုပြီး တုန်သွားတာကွ၊ ပြီးတော့ ငါ့ကို အလန့်တကြားကြည့်ပြီး တန်းပြေးတာပဲ၊ အဲဒီမှာ ငါမြင်လိုက်တာ .."

"ဟာမ် .."

"သူ့ခြေကျင်း .."

"ဘာခြေကျင်းလည်း ရွှေခြေကျင်းလား .."

"ဟုတ်တယ် .. အကြီးကြီးပဲ၊ ဒါမျိုး ဘယ်မိန်းကလေးကဝတ်လို့လဲ .. ခုခေတ်က ဖု(တ်)ချိန်းသေးသေးပျော့ပျော့လေးတွေပဲ ဝတ်ကြတာ.."

ပေါက်စ ဟုတ်နိုးနိုးမျက်နှာနှင့် သူပါ ဟိုကြည့်ဒီကြည့်ဖြစ်သွား၏။ သူတို့တွေ ရှာဖွေနေတာကို ကားတစ်စီးကျော်ကနေ ကပ်ကွယ်ပုန်းနေရင်း ရွှေထုပ်လေး က မြင်နေရ၏။

ကိုယ့်ရင်ခုန်သံတွေကို ပြန်ကြားနေရပေမယ့် ဘယ်ကတိုးဆောင့်နေမှန်းမသိ ..၊ ပြီးတော့မှ ကိုယ့်ရင်ဘတ်ကိုဖိထားမိ၏။

"ဒီနေရာက ဘာလို့ ငါ့ကိုထုနေတာလဲ .."

နှလုံးခုန်သံဆိုတာ ရှိမှန်းသိပေမယ့် တစ်ခါမှ တဒိန်းဒိန်းမြည်အောင် တိုးဆောင့်နေတာမျိုးမကြုံဖူးသဖြင့် ရင်ခုန်သံတွေကိုလည်း သူမ မရင်းနှီးဘဲ ဖြစ်နေခဲ့သည်။

တစ်သက်မှာ ကြောက်လန့်၍ ရင်ခုန်ရခြင်းသည် ဒါပထမဆုံး..။

"မိန်းကလေး .."

"အမေ့ .."

နောက်ကခေါ်သံကြောင့် တုန့်ခနဲဖြစ်သွားပြန်၏။ လှည့်ကြည့်လိုက်တော့ အသက်ခုံးဆယ်ကျော် လေးဆယ်ဝန်းကျင် အမျိုးသမီးတစ်ယောက်..၊

ကျောက်စိမ်းရောင်ပါတိတ်ဝတ်စုံနှင့် ဆံပင်က မျက်နှာရှေ့ကနေ သိမ်းလှန်ပြီးကာ ပွပွမောက်မောက်လေး နောက်မှာစုထုံးထား၏။

နောက်တွဲဆံထုံးလိုသိပ်ရိုးတာလည်းမဟုတ်ဘဲ မျက်နှာပြည့်ပြည့်လေးနှင့် တော်တော်လည်းလှနေ၏။ မိန်းမသားချင်းဆိုသည့်အသိနှင့် ရွှေထုပ်လေး ဝမ်းသာသွားသည်။

"မမ .."

"ညီမက ဒီမှာဘာလုပ်နေတာလဲ .."

သူမကလည်း ရွှေထုပ်လေး ၏ မျက်နှာမှ တစ်ကိုယ်လုံးကို သေချာစေ့စပ်စွာကြည့်ပြီးမှမေးသည်။ ပြီးတော့ ပြုံးပြကာ ..၊

"ကစားနေတာလား .."

"ဟင့်အင်း .."

"ဘာတွေလန့်နေတာလဲ၊ ကြည့်ရတာ အမေ လိုက်ရိုက်လို့ ဒီမှာလာပုန်းနေတာထင်တယ် .."

"ဟင့်အင်း .."

အမျိုးသမီးမျက်နှာတစ်မျိုးပြောင်းသွားသည်။ အင်္ကျီလက်ဝ ဘောင်းဘီအဖျားစတို့ ပုံနေပေမယ့် သူမရဲ့ လက်နှစ်ဖက်နဲ့ ခြေထောက်တွေတလက်ဝတ်ရတနာတွေကို မစို့မပို့မြင်နေရ၏။

ပြီးတော့ ဖွေးနုသန့်စင်သော မျက်နှာသွယ်သွယ်လေးနှင့် မျက်ဝန်းလေးတွေထဲက ထိတ်လန့်မှုကို ဖတ်ရှုကာ ..၊

"ညီမက ဒီနားမှာနေတာလား .."

"ဟင့်အင်း .."

"မဟုတ်ရင် တစ်ခုခုပြောဦးလေ၊ 'ဟင့်အင်း' ချည်းပဲပြောနေတော့ အဖြေမပါတော့ မမက ဘယ်လိုလုပ်သိမှာလဲ ..၊ တစ်ခုခုကူညီပေးရမလား .. ညီမလေးနာမည် ပြောပါဦး .."

"သားကို စံအိမ်မှာတော့ 'ရွှေထုပ်လေး' လို့ပဲခေါ်တာ .."







www.burmeseclassic.com

www.burmeseclassic.com



စံအိမ် ဆိုသည့်စကားနှင့် မာယာဆန်နေသော သူမ မျက်နှာလေးနဲ့ ဆံပင်တွေကြောင့် အမျိုးသမီးက နားလည်သွားသည့်မျက်နှာနှင့် ပြုံးနေ၏။

"သားဆိုတာ နာမည်လား၊ အိမ်မှာ ရွှေထုပ်လေး လို့ပဲခေါ်တယ်ဆိုတော့ .. နာမည်မှန်ကရော .."

"ရွှေစင်မြသား .."

"အို .. တော်တော်လှတာပဲ ..၊ ဒါကြောင့် ညီမလေးက ကိုယ့်ကိုယ်ကိုယ် သားလို့ပြောတာကိုး၊ ဟွန့် .. တစ်မျိုးလေးပဲ .."

"မမကရော .."

"တို့နာမည်က 'မူရာကြွယ် .."

"မူရာကြွယ် .."

"အင်း .. အခု ညီမကို ဘာကူညီရမလဲပြော၊ မိုးချုပ်တော့မယ်နော်၊ တို့လည်း ပြန်ရဦးမှာ .."

"မမက ဘယ်ကိုပြန်မှာလဲဟင် .."

"တို့အိမ်ကိုပေါ့၊ ဒီမှာ ပွဲရုံကိစ္စနဲ့လာတာလေ ..၊ တို့ကားက ဟိုဘက် သစ်ပင်အောက်မှာ .."

မူရာကြွယ် ..၊

ဒီအစ်မက အိမ်ကိုပြန်တော့မည်။ သူမကတော့ မပြန်နိုင် ..၊

ဒါဆို ဘယ်သွားရမလဲ ..၊

"ညီမက ကားပါသလား၊ တို့ အကူအညီမလိုတူးဆိုရင် သွားမယ်နော်.."

"ဟင့်အင်း .. နေပါဦး မမ .."

ကျောခိုင်းလိုက်ပြီးမှ မူရာကြွယ် နှုတ်ခမ်းတို့ပြုံးရိပ်ထင်သွား၏။ ဒါပေမယ့် သူမလေးဘက်ကို လှည့်လိုက်တော့ အံ့ဩသည့်မျက်နှာသေ ပုံစံနှင့် ..၊

"ဘာဖြစ်လို့လဲ .."





"ဟို .. သား ဘယ်သွားရမှန်းမသိလို့ .."

"ဟင် .. ညီမလေးက အိမ်ကထွက်ပြေးလာတာလား ."

"ဟုတ် .."

"ဩော် .. ပြောရောပေါ့ကွယ်၊ ညီမလို ချစ်စရာမအူမလည်ပုံစံလေးနဲ့ ဒီလိုအချိန်မျိုးမှာ ဒီနေရာမှာ မရှိသင့်ဘူး၊ ယောကျ်ားတွေက ဒါမျိုးတွေ့လို့များတော့ လုံးဝကို အလွတ်မပေးဘူးသိလား .."

စောစောက ယောကျ်ားနှစ်ယောက်ကိုသတိရကာ ရွှေထုပ်လေး ခေါင်းညိတ်လိုက်၏။

"သူတို့က သားကို အိမ်ပြန်ပို့ကြမှာလားဟင် .."

"ဘယ်ဟုတ်မလဲ .. မိန်းကလေးတစ်ယောက်ကို ဇော်ကားဖျက်ဆီးဖို့အပြင် ဘာရှိမှာလဲ ..၊ ညီမလေးက အိမ်ပြန်ချင်လို့လား၊ တို့လိုက်ပို့မယ်လေ .."

"ဟင့်အင်း .. ဟင့်အင်း ဘွားလေး ခုလောက်ဆို ဒေါသထွက်နေပြီ .. သား အိမ်ပြန်လို့မဖြစ်ဘူး .."

"ဒါဆို ဘာလုပ်ပေးရမလဲ၊ တစ်ယောက်တည်းဆိုတော့ ဟိုတယ်လ်မှာ သွားတည်းလို့လည်း အဆင်ပြေမှာမဟုတ်ဘူး .."

"မမပဲ ကူညီမယ်ဆို .."

"အင်းလေ .. ညီမလေးက ဘာလုပ်ပေးစေချင်တာလဲ ပြောမှပေါ့"

"သား .. မမနဲ့ လိုက်ခဲ့လို့ရလား .."

"လိုက်ခဲ့မယ် .."

မူရာကြွယ် မျက်ဝန်းတွေ ဝင်းခနဲတောက်ပသွားကာ မျက်နှာကတော့ အခက်တွေ့သွားသလို ရှိလျက် ..၊

"လိုက်လို့တော့ရတယ်၊ ဒါပေမယ့် ညီမရဲ့ မိဘတွေက လိုက်လာပြီး ပြဿနာရှာရင် တို့က လက်ခံထားတော့ .."



www.burmeseclassic.com

www.burmeseclassic.com



"မလိုက်ဘူး မမ .. သားတို့အိမ်က ဟိုးမြို့အစွန်မှာ အဝေးကြီးပဲ၊ ပြီးတော့ .. သား ဒီရောက်နေတာ ဘယ်သူမှလည်းမသိဘူး .."

"အို့ခေ .."

လက်ဝတ်ရတနာတွေအပြည့်နှင့် ဖူးမွှတ်သန့်စင်သော မိန်းမငယ်လေးတစ်ယောက်ကို ကားထဲထည့်လာခဲ့ရသဖြင့် မူရာကြွယ် အပျော်ကြီးပျော်နေခဲ့၏။

ဒီထက်ပျော်စရာရှိရင်တောင် ဒီလောက်ပျော်မိမှာမဟုတ် ..၊

သူမလေး အပြင်ဘက်ကို တအံ့တသြငေးမောကြည့်နေတုန်း မှန်ထဲကနေ လှမ်းကြည့်ရင်းကျေနပ်စွာပြုံးလိုက်မိသည်။ ပြီးတော့ ..၊

"ခဏလေးနော် .. ကားထဲကစောင့်၊ မမ ဝယ်စရာရှိလို့ .."

ဆိုင်တစ်ဆိုင်ထဲဝင်လာခဲ့ပြီး ဖုန်းထုတ်လိုက်ကာ ..၊

"ဟဲ့ .. နင့်ဘော့စ်နဲ့ပြောမယ် .. ဖုန်းချိတ်ပေး .."

"...... ...... ......"

ခဏပဲစောင့်လိုက်ရပြီး သူ့ဒွေးက ဖုန်းကိုင်လိုက်လျှင် ..၊

"ဦးထက်ရျာန် .. အံ့ပွန်္နံ့ .. မူရာ့ အသံကိုကြားတာနဲ့ သဘောပေါက်မှာပါ .."

"...... ...... ......"

"အိုး .. မူရာ ဘယ်တုန်းက ဘယ်သူ့ကို အသိုးကျေးဖူးလို့လဲ၊ သိုးဖို့မပြောနဲ့ ထမင်းအေး ဟင်းအေးတောင် စားခဲ့ဖူးလို့လား၊ စကားကို ကြည့်ပြောနော် .. သူများလက်ထဲ ထည့်ပေးလိုက်ရမလားပြော .."

"...... ...... ......"

"အိုခေ .. အိုခေ .. အဲလိုလုပ်စမ်းပါ၊ ဒီတစ်ခါ လုံးဝ ပျူးဝါး(ရ်)တိုက်(ပ်)ပဲ၊ အားလုံးထက်ပိုလှတယ်၊ သန့်တယ်၊ စုတ်စုတ်ပြတ်ပြတ်လေးလို့မထင်နဲ့နော် .. ရွှေလှောင်ချိုင့်ထဲက ခုန်ချလာတဲ့ လှောင့်ချိုင့်စံ





မင်းသမီးလေးရယ် .."

"...... ...... ......"

"အို .. တကယ်ပြောတာပေါ့၊ ဒါ နောက်စရာလားလို့၊ ဟွန်း.. ဦးထက်ရျာန် နားလည်ထားရမှာ မူရာ ဘာလိုနေသလဲဆိုတာ .."

"...... ...... ......"

"ဟား .. ဟား .. ဟား .. အဲဒါတွေကြောင့် ရှင့်ကိုပဲ ဦးဆုံးဆက်သွယ်တာလေ ..၊ မလောပါနဲ့ .. ကောင်မလေး သိပ်ကြောက်သွားလို့ မဖြစ်ဘူးလေ .."

ဖုန်းချလိုက်ပြီး ဟက်ဟက်ပက်ပက်ရယ်နေမိသည်။ မကြာမီ ကိုယ်ပေါ်ကို ရွှေမိုးငွေမိုးရွာသွန်းဖြိုးတော့မည်။

လှမ်းကြည့်လိုက်တော့ ရွှေထုပ်လေး က ကားထဲမှာ လိုက်ကြည့်ငေးလို့ကောင်းနေတုန်း ..၊

ရွှေထုပ်လေး .. တဲ့ ..၊

အဟုတ်ပါပဲ ..၊ ကိုယ့်အတွက် ရတနာအထုပ်လိုက် လာချပေးသည့် ရွှေထုပ်လေး ပါ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

"စားလို့ကောင်းလား .."

"ဟင့်အင်း .."

"ဟင်!..."

ရွှေထုပ်လေး က မျက်နှာလေးမကောင်းစွာရှိရင်း ထမင်းစားနေရသည့်ပွဲတွေကို ငေးကြည့်နေ၏။ ပြီးတော့ ဇွန်းကိုအသာလေးချထားလိုက်ကာ ...၊

"ဝပြီ .."

"ဘယ်လောက်မှလည်း မစားဘူး ရွှေထုပ်လေး ရယ် .."

သူမ ပါးစပ်ထဲမှာ ဘယ်ဟင်းစားလိုက်စားလိုက် ချိုပြိပြိကြီးပဲဖြစ်နေကာ ပန်းကန်အဖြူရောင်ကြီးကိုမြင်ရတာလည်း ဒုက္ခပေးနေ၏။

ကိုင်ထားရသည့် ဇွန်းဆိုတာက အဖြူရောင်တိုနို့နို့ ...။

"ဘာဖြစ်လို့လဲ .. ညီမလေးက ဘယ်လိုဟင်းကိုစားချင်တာလဲ ပြောလေ .."

"ဒီမှာ မမ တစ်ယောက်တည်းနေတာလားဟင် .."

"ဟုတ်တယ် .. ညီအစ်မတွေတော့ရှိတာပေါ့၊ ဒါပေမယ့် သူတို့နဲ့က ညဥ့်နက်မှပဲ ဆုံဖြစ်တယ်၊ တစ်ခါတလေ သူတို့မလာရင်လည်း





တို့ကသွားမှတွေ့ရတယ်၊ ညီမက ပျင်းလို့လား .. စိတ်ချ .. နောက်ဆိုပျော်သွားမှာ .."

စံအိမ်မှာ ကစားချင်တယ်ဆို ကစားဖို့အတွက် ဘယ်နှစ်လောက်လိုသလဲ၊ အနားမှာ ချက်ချင်းစုပြုံရောက်လာကြ၏။

ထမင်းစား၊ ရေချိုး သူမ ဘာလုပ်လုပ် အနားမှာ အနည်းဆုံးနှစ်ယောက်သုံးယောက်နှင့် ...။

"ပြောလေ ညီမ .."

"ဘာမှမဟုတ်တော့ဘူး .."

သူမ စံအိမ်ကို မတွေးတော့ဖို့ ဆုံးဖြတ်လိုက်မိသည်။ ဟိုမှာပျော်နေလည်း နင်မကြာခင် ယောကျ်ားရပြီး အားလုံးကိုခွဲသွားရမှာပဲ ...၊

ခုလည်း နင့်ကို အခန်းသော့ခတ်ပြီး တစ်ယောက်ချင်းဝင်လာတွေ့တာ ရွှေထုပ်လေး ...၊ နင်က ဘာကိုတမ်းတနေတာလဲ၊ ဒီမှာကြည့်စမ်း ဈေးဆိုင်တွေ၊ လူတွေအမျိုးမျိုး၊ ကားတွေအမျိုးမျိုး နင်ဘာမှမမြင်ခဲ့မသိခဲ့တာတွေလေ ...။

နောက်ဆို ပျော်စရာကြီးဖြစ်သွားမှာ ...၊

သူမ ကိုယ်တစ်ခုခုတွေးနေတာကိုလည်း လျှို့ဝှက်စွာမလုပ်တတ်ဘဲ မှူရာကြွယ် တတွတ်တွတ်မေးနေတာကို လှည့်မကြည့် ပြန်မဖြေ ...၊

တွေးတောနေ့စပ်ပြီးဆိုမှ လှည့်ပြုံးပြကာ ...၊

"မမ .. ဒီပန်းကန်တွေက တရုတ်ကြွေပန်းကန်ဆိုတာလားဟင်"

သူမ စိတ်ဝင်စားဆုံးဖြစ်နေသည့် ပန်းကန်ကိုပဲ လွှဲမေးလိုက်ရင်းသေချာကိုင်ကြည့်၏။ မှူရာကြွယ် ဘာပြန်ဖြေရမှန်း မသိအောင် အံ့ဩနေခဲ့လျက် ...၊

"ဟုတ်တယ်လေ .. ညီမက ဒီပန်းကန်ကို ခုမှမြင်ဖူးတာလား .."

တကယ်မေးချင်တာပေမယ့် ရွှဲ့မေးလိုက်သလို သက်ရောက်သွားခဲ့၏။ ဒါပေမယ့် ရွှေထုပ်လေး က ဆတ်ခနဲခေါင်းညိတ်ကာ ...

"သိတယ် .. ဒါပေမယ့် ခုမှ မြင်ဖူးတာ၊ စံအိမ်မှာဆို ဒီပန်းကန်တွေက စာဥ တို့ မယ်နီ တို့ပဲစားတာ .."



www.burmeseclassic.com

www.burmeseclassic.com



"သူတို့က စံအိမ်မှာ ဘာလုပ်ကြတာလဲ .."

"သားနဲ့ ကစားပေးတာလေ .."

အိမ်အကူတွေကိုလည်း မသိဘူးတဲ့လား ..၊

ဒီလောက်ထိ အပြင်လောကနဲ့ စိမ်းသက်နေသူကို သူမ ဒီတစ်ခါ ပဲတွေ့ဖူးရကာ ..၊

"ဒါဆို ရွှေထုပ်လေး တို့က ဘယ်လိုပန်းကန်တွေနဲ့ စားကြတာလဲ.."

"ရွှေပန်းကန်တွေနဲ့ .."

ဟင် !..၊

တံတွေးမျိုချလိုက်တာ ဂလု လို့တောင်မြည်သွားသလားမသိ ..။ သူမလေးကတော့ ချထားလိုက်သည့်ဇွန်းကိုပါ သေချာကိုင်ကြည့်လိုက်ကာ ..၊

"ဒါက ဘာဇွန်းလဲဟင် .."

"စတီးလ်ဇွန်းလေ .."

"အော် .. စတီးလ်ကလည်း ဒီလိုအရောင်လား၊ သားက ငွေဇွန်း မှတ်လို့ .."

"ညီမတို့က ငွေဇွန်းတွေနဲ့ စားတာလား .."

"ဟင့်အင်း .. ရွှေဇွန်းတွေနဲ့ပါ .."

"ဟမ် .."

"ငွေထည်က သောက်ရေချိုင့်တွေ၊ ဆန်အိုးကြီးတွေ .. ပြီးတော့.."

"ရပြီ .. ရပြီ .. ဟိုလေ တို့ပြောဦးမယ်သိလား၊ ရွှေထုပ်လေး က အိမ်ကလူကြီးတွေမသိအောင် ဆင်းလာတာဆိုတော့ နောက်ဆိုရင် အဲ့ဒီ ရွှေပန်းကန်အကြောင်းတွေ ရွှေဇွန်းတွေအကြောင်းတွေ တခြားလူတွေ ကို မပြောမိစေနဲ့နော် .."

"ဘာဖြစ်လို့လဲဟင် .."

"ဒီလောက်တောင် ချမ်းသာပါလားဆိုပြီး ရွှေထုပ်လေး ကို အန္တရာယ်ပြုကြမှာပေါ့၊ ပြီးတော့ .. လူကိုဖမ်းချုပ်ပြီး အိမ်မှာကျန်ခဲ့တဲ့ လူကြီးတွေဆီက ငွေညှစ်ကြမယ် .."





"ငွေညှစ်တယ်ဆိုတာက ဘာလုပ်တာကိုပြောတာလဲ ..၊ ဘွားလေး တို့ဆို ပိုက်ဆံကို ညှစ်မယူပါဘူး၊ ဒီတိုင်း မီးခံသေတ္တာထဲက အေးဆေး နှိုက်ယူကြတာ .."

ဖြစ်ရလေ မယ်ရွှေထုပ် ..၊

စိတ်တော့မရှည်တော့ပေမယ့် သူမအကြောင်း ပိုသိလာလေ ရင်မှုလေပါ။ ဒီလောက်ချမ်းသာနေသည့် မိန်းကလေးကို ဘယ်လူကြီးက ဒီတိုင်းလွှတ်ထားမှာလဲ ..၊

ကိစ္စရှိတာကို မြန်မြန်လုပ်မှပါ။ ကိုယ့်အတွက်က သူ့မိဘတွေ ချမ်းသာတာကို စိတ်ဝင်စားဖို့မလိုပေ ..။ သူမလေးကို မြင်လိုက်တာနှင့် စိတ်အကြိုက် အိတ်လိုက်ပစ်ချပေးနိုင်သည့် မီလျှံနာတွေပေါ်မှပေါ့။

"ငွေညှစ်တယ်ဆိုတာက ဒီမိန်းကလေးကို သတ်ပစ်မယ် ဘာညာ ပြောပြီး မသတ်စေချင်ရင် ပိုက်ဆံဘယ်လောက်ပေးရမယ် ဘာညာကွာ.. အဲဒီလိုခြိမ်းခြောက်ပြီးတောင်းတာကိုပြောတာ ..၊ ပြီးရင် ပိုက်ဆံရတာနဲ့ လူကိုဖျက်ဆီးပြီး ထွက်ပြေးကြရော .."

"ပိုက်ဆံပေးတာလည်း လွှတ်မပေးဘူးလား .."

"ငွေညှစ်ပါတယ်ဆိုမှ ဒီလိုလူတွေက အရမ်းယုတ်မာတာလေ ..၊ ပြောသလို ကတိဘယ်တည်မလဲ၊ အဲ့ဒါကြောင့် လူတွေကအရမ်းကြောက် ဖို့ကောင်းတာ ..၊ ညီမ စကားပြောဆင်ခြင်ရမယ်နော် .."

မတော်လို့ သူ့ရွှေးချင်းသိသွားခဲ့လျှင် 'ဟာ ဒီကောင်မလေးရဲ့ မိဘ တွေနဲ့ ငါသိတယ် မဖြစ်ဘူး' ဆိုပြီး အလုပ်မဖြစ် ငွေမရတဲ့အပြင် ကိုယ့် ကိုပါ အမှုပတ်လာဖို့ရှိသေးသည်မို့ ..၊

"နောက်ဆို စံအိမ်အကြောင်းမပြောနဲ့တော့နော် ..၊ မမက စေတနာ နဲ့ သတိပေးတာ .."

"ဟုတ် .."

ကိုယ့်အပေါ်မှာ အထင်ကြီးယုံကြည်သွားသည့် မျက်ဝန်းလေးတွေ နှင့် သူမလေးက အလွယ်တကူခေါင်းညိတ်၏။ သူမ ခေါင်းညိတ်ခေါင်း ညွှဲလုပ်လိုက်တိုင်း ပခုံးနှစ်ဖက်မှာ ဖေးတင်နေကြသည့် နက်မှောင်သည့်



www.burmeseclassic.com

www.burmeseclassic.com



ဆံကေသာတွေက လင်းလက်နေကြတာကို မှုရာကြွယ် က ဂရုစိုက်မိ၏။

ဒီကောင်မလေးက တော်ဝင်မျိုးနွယ်တွေဘာတွေများလား …၊

တွေးမိလာလေ ပိုလန့်လာလေ …၊

ဆံပင်တွေက ရှည်သလောက် ထူလွန်းတာလည်းမဟုတ်ဘဲ အိစွဲ့နက်မှောင်နေတာမျိုး …။

ဘာမှမသိနားမလည်လောက်အောင် အခြွေအရံတွေဘယ်လောက်လောက်နဲ့ တယုတယ ပြုစုစောင့်ရှောက်ခံလာခဲ့တဲ့ မိန်းကလေးလဲ …။

"ဟော … ကားသံကြားတယ် …"

ကားသံကြားတိုင်း ခဏခဏ ထကြည့်မိနေသဖြင့် ရွှေထုပ်လေး က သတိထားမိကာ …၊

"မမက ဘယ်သူ့ကို မျှော်နေတာလဲဟင် …"

"သြော် … ဟိုလေ … မမမှာ အစ်ကိုဝမ်းကွဲတစ်ယောက်ရှိတယ်၊ သူလာမှ မမက ညီမတွေနဲ့ သွားတွေ့တာတို့၊ တိုင်ပင်စရာရှိရင် တိုင်ပင်ရတာတို့ ဘာဖြစ်ဖြစ်ပေါ့ သူလာရင် အားလုံးအဆင်ပြေတယ် …"

"သြော် …"

"ညီမလေးရဲ့ ရွှေခြေကျင်းကို ချွတ်ထားလိုက်ပါလား …"

"ဟင် …"

"ဒီလိုလေ မြို့ပေါ်မှာ မိန်းကလေးတွေက ရွှေတွေသိပ်မဝတ်ကြဘူး…"

ရွှေထုပ်လေး က ဘောင်းဘီစလေး 'မ' ၍ ခြေချင်းကိုပြန်ငုံ့ကြည့်၏။ ပြီးတော့ သူမ လက်နှစ်ဖက်မှာ လုံးချောလက်ကောက်တွေကို လက်စလေးပင့်ကြည့်ပြန်သည်။

မှုရာကြွယ် က အကဲခတ်ကာ …၊

"ခုနပြောသလိုပေါ့၊ ညီမလေးကို ချမ်းသာမှန်းသိရင် လူတွေအန္တရာယ်ပေးကြမှာစိုးလို့ပါ …"

"ဟုတ်လား … ဒါ … ဒါပေမယ့် … သားကိုယ်မှာ ဒါတွေမရှိရင် သားက ခဏခဏဖျားတာ …"

ပြောနေရင်း စမ်းတဝါးဝါးပုံစံလေးနှင့် …၊





"ပြီးတော့ ချွတ်လည်းမချွတ်ခဲ့ဖူးဘူး၊ ဒါတွေသူများမမြင်အောင် ဝတ်ထားလို့မရဘူးလားဟင် …"

"ညီမလေး ပစ္စည်းတွေက သေးသေးပါးပါးလေးတွေမှ မဟုတ်တာ၊ ဘယ်လိုလုပ်ရမှာလဲ … ဟော …"

နောက်ထပ် ကားသံကတော့ တိုက်ခန်းရှေ့မှာပဲ ရပ်တန့်သွားခဲ့ပြီး သိပ်မကြာလိုက်ခင် ဘောင်းဘီရှည်ပွပွ ဟာဝေယံရှပ်အပြာရောင်နှင့် စမတ်ကျကျဝတ်ထားသည့် ယောကျ်ားကြီးတစ်ယောက်ဝင်လာ၏။

သူ့မျက်လုံးတွေက မီးရောင်အောက်မှာ ဝင်းဝင်းစက်စက်လေးနှင့် လှနေသည့် ရွှေထုပ်လေး ထံမှာ စူးစိုက်နေခဲ့ကာ …၊

"ကိုကိုကြီးရယ် … ညီမလေးက စောင့်နေတာကြာလှပြီ၊ ဒီမှာ ဧည့်သည်ရှိတော့လေ ထားခဲ့ပြီး အပြင်ထွက်ဖို့လည်း မလွယ်ဘူးဖြစ်နေတာ…"

မှုရာကြွယ် က မျက်ခုံးတစ်ဖက်ပင့်ပြပြီး အဓိပ္ပာယ်တွေနဲ့ပြောသွားသည်။ ပြီးမှ ရွှေထုပ်လေး ကို ကြည့်လိုက်ပြီး …

"သြော် … အင်း … ဧည့်သည်က သူလား …"

"ဟုတ်တယ် … သူလည်း ဒီမှာ ညီမလေးတစ်ယောက်တည်းရှိတော့ ပျင်းနေတာလေ၊ အဲဒါ ယုယ တို့ရှိတဲ့ဆီခေါ်သွားရကောင်းမလားလို့ ဒါမှမဟုတ် သူတို့ကို ဒီခေါ်လာပေးမလား …"

မျက်လုံးချင်းတိုင်ပင်ကာ မှုရာကြွယ် က နေရာမှထရပ်လိုက်ပြီး…၊

"ကိုကိုကြီး ဘာစားခဲ့လဲ … တစ်ခုခုစားလေ …"

"မစားတော့ဘူး အအေးလေးတစ်ခုခုပဲ ရရင်တော်ပြီ …"

"သိပ်ရတာပေါ့ …"

စကားပြောရင်း ဦးထက်ချာန် ကို နောက်ထဲဝင်လာခဲ့ဖို့ မျက်ရိပ်ပြပြီး ဝင်လာခဲ့၏။ ပြောစရာရှိတာ အပြတ်ပြော၍ မှာစရှိတာတွေလည်း မှာကြားဖာတ်တိုက်ရဦးမည်။

ရွှေထုပ်လေး ဒီတိုင်းကျန်ရစ်ခဲ့ပေမယ့် ဝင်လာသည့် လူကြီးရဲ့ မှိုက်ပွပွနဲ့ ပါးနှစ်ဖက်ဖောင်းနေသည့်ပုံစံကို ထူးဆန်းနေကာ တွေးစရာအလုပ်ရနေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"လူတွေအများကြီးနဲ့ မြေးကမဆက်ဖူးပေမယ့် .. လူတွေရဲ့ အင်္ဂါရုပ်ကိုဖတ်တဲ့နေရာမှာတော့ နှံ့စပ်နေရမှာပေါ့၊ ဒီမှာကြည့် .. ဒီလိုမျက်နှာလေးထောင့်ဆန်ဆန်မှာ မျက်ခုံးထူထူနှစ်ဖက်က ..."

အသက်ဝင်နေသည့် လူတွေကို မမြင်ရသော်လည်း စာအုပ်ထူကြီးထဲမှာတော့ မျက်နှာအနေအထားအမျိုးမျိုးနှင့် အရပ်အမောင်း လက်မောင်းလက်ဖျံတွေကအစ ခြေဖျားလက်ဖျားအထိ သူမ အများကြီးမှတ်သားခဲ့ရ၏။

"ဘွားလေးကလည်း သားကို လူတွေများများနဲ့ တွေ့ရအောင်ခေါ်သွားပေးပါဆိုမှ .."

"မတွေ့ရဘူး .. လူ့အကြောင်းပေါင်းမှသိဆိုပေမယ့် လူယုံသတ်လို့သေရတဲ့လူတွေကိုတော့ ဘယ်လိုပြောမလဲ ..၊ တစ်ယောက်စီရဲ့စိတ်ကိုဖတ်ဖို့မပြောနဲ့ ကိုယ့်စိတ်တစ်ခုကိုတောင် မနိုင်လို့ ဘွားတို့ နိဗ္ဗာန်မကူးနိုင်ကြတာပေါ့ .."

ဘွားလေးက လူတွေကို မယုံကြည်သည့်နေရာမှာ နံပါတ်တစ်ရထားသူဖြစ်နိုင်သည်။ ထို့ပြင် ယုံကြည်ရသည်လို့ သတ်မှတ်ထားသည့် စံအိမ်တော်ကြီးမှာရှိသမျှ လူတွေကိုလည်း မက်မောခင်တွယ်နေတတ်ကာ အခြားလူအားလုံး ဘယ်သူမှ မကောင်းနိုင်ဆိုသည့် စွဲလမ်းစိတ်လည်းကြီးမားနေခဲ့၏။

ဒါဆို သူမ အခု လူတွေကြားထဲရောက်လာခဲ့ရပြီ၊ ဘယ်လိုလူကိုဖယ်၍ ဘယ်လိုလူကို ပေါင်းသင်းဆက်ဆံသင့်တာလဲ ..၊

ဗိုက်ပူပူ ပါးဖောင်းဖောင်းနှင့် လူကြီး၏ ပုံစံအရ အဆီပြန်၍ ကြေးနီရောင်သမ်းနေသော မျက်နှာသည် ..၊

"ကဲ .. ရွှေထုပ်လေး ရေ .. ညီမ အဖော်ရအောင် မမ ညီမလေးနှစ်ယောက်ကို သွားခေါ်လိုက်မယ်နော် .. ခဏပဲ ဒီမှာ တီဗီကြည့်နေလည်းရတယ်၊ ကိုကိုကြီးလည်းရှိတာပဲ .. ဖြစ်တယ်မို့လား .."

"ဟုတ် .."

ရွှေထုပ်လေး က ကိုကိုကြီးဆိုသူကို လှည့်ပတ်ရှာရင်း ကြောင်ကြမ့်စွာ ခေါင်းညိတ်၏။ မမရဲ့ အစ်ကိုဆိုတည်းက သူမ စိတ်ထဲမှာ ဘယ်လို





သံသယမျိုးမှ မရှိခဲ့ပေ ..။

"ဘာရှာနေတာလဲ .. ကိုကိုကြီးက အထဲမှာ အအေးသောက်ရင်းခဏနားနေတာပါ၊ ပြီးရင် သူ ထွက်လာလိမ့်မယ် ..၊ ကိုကိုကြီးက စကားတော့နည်းပေမယ့် သဘောကောင်းပါတယ်၊ ညီမလေး သူနဲ့တွေ့ရင် အားလုံးအဆင်ပြေသွားလိမ့်မယ် .."

"ဟုတ်ကဲ့ မမ .."

အရာအားလုံးသည် မသိနားမလည်မှုအောက်မှာ တိတ်ဆိတ်အေးချမ်းစွာရှိနေခဲ့သော်ငြား ..၊

"ရွှေထုပ်လေး .. ဟုတ်လား .."

"ဟင် .."

ထူးလိုက်တာမဟုတ်ဘဲ လန့်သွားတာဖြစ်သည်။ မှုရာကြွယ် ထွက်သွားတာ သိပ်မကြာသေးခင် ကိုယ့်ဘေးကို နီးနီးကပ်ကပ်ကြီး ရောက်လာသဖြင့် ရွှေထုပ်လေး ပခုံးလေးကျုံ့သွားကာ ...

"ရှင် .. သားကိုခေါ်တာလား .."

"မင်း ယောကျ်ားလေးမဟုတ်ဘဲနဲ့ .. ကိုယ့်ကိုယ်ကိုယ် သားလို့ပြောတာလား .."

"သားက .."

'ကိုယ့်အကြောင်းတွေ သူများတွေကို လျှောက်မပြောနဲ့' လို့မှာထားသည့် မှုရာကြွယ့် စကားကို သတိရသွားကာ ...

"မဟုတ်ပါဘူး .. ပြောနေကျမို့လို့ပါ၊ ဘာဘာ ဘာကိစ္စရှိလို့လဲဟင်.."

"ဟာကွာ .. မဟုတ်သေးပါဘူး .."

ဦးထက်ဈာန် မျက်နှာကြီး အကျည်းတန်အောင် ရှုံ့မဲ့သွား၏။

"အစ်ကိုကြီးလောက်တော့ လုပ်ပါ၊ ဟဲ .. ဟဲ .. မင်းလေးက ဘယ်ကလဲ၊ မိဘတွေကရော .."

ပြောပြီးအနားမှာ ကပ်ထိုင်လိုက်သဖြင့်၊ ရွှေထုပ်လေး လက်ဝိုက်လေးဖြစ်သွားသည်။ ပြီးတော့ ဘေးကို ထပ်ကပ်ထိုင်လိုက်ကာ ..၊

"ဘာဘာက ဘာလို့အတင်းပူးကပ်ထိုင်တာလဲ၊ ဟိုဘက်မှာ ဆိုဖာခုံ



www.burmeseclassic.com

www.burmeseclassic.com



တွေ အများကြီးပဲဟာ ..”

“နှစ်ယောက်တည်းရှိတာ တစ်ယောက်တစ်ခြားစီထိုင်နေကြရင် ပျင်းစရာကြီးကွာ ..၊ မင်းလက်လေးတွေက နုနုဖက်ဖက်လေးပါလား၊ အသားနဲ့ထိမိတာနဲ့ ရင်ခုန်သံမြန်စေတာမျိုးပဲ ..”

“အို .. ဘာလုပ်တာလဲ .. မကိုင်ပါနဲ့ ..”

“တိုလိုက်တာကွာ .. မင်းပျင်းနေမှာစိုးလို့ အစ်ကိုကြီးက အတူ ကစားပေးချင်လို့ပါ၊ လာစမ်းပါ ..”

“ဟင့်အင်း .. ဟင့်အင်း .. လွှတ် ..”

ရွှေထုပ်လေး ရုတ်ခနဲထပြေးလျှင် ဦးထက်ချာန် က အသည်းအသန် လှမ်းဆွဲကာ ဆိုဖာပေါ်မှာ လှဲသိပ်လိုက်၏။

သူမ စဉ်းစားနေခဲ့မိသော ပါးဖောင်းဖောင်း အဆီပြန်နေသည့် မျက်နှာကြီးက သူမ မျက်နှာထက်မှာ မှန်ယိုနေသည့် ဆင်ရိုင်းကြီးနှင့် တူနေလျက် ..၊

“မင်းလေးကို လိုချင်လွန်းလို့ အစ်ကိုကြီးဆီက ဟိုမိန်းမ ဂဏန်းတွေ ဘယ်နှစ်လုံးလောက် ချူချသွားလဲ မင်းလေး မသိပါဘူး၊ လာပါ.. မင်းရဲ့ ဦးဦးဖျားဖျား ရင်ခုန်သံလေးတွေနဲ့ ကိုကြီး မေ့မူးချင်လို့ပါ ..၊ လာပါကွာ .. ကလေးက လိမ္မာပါတယ် .. မဆိုးရဘူး ..”

“ဟင့်အင်း .. ဖယ်ပေး .. လွှတ် ..”

“ခေါက် .. ခေါက် .. ခေါက် ..”

တံခါးခေါက်သံက ခဏပဲနားကာ ဘဲလ်တီးလိုက် တံခါးခေါက်လိုက်နှင့် ဆူညံနေ၏။

“လာခဲ့ ..”

“မကိုင်နဲ့ .. လွှတ် .. ကယ်ပါဦး၊ ဘွားလေးရေ .. တာကြီး ကယ်ပါဦး ..”

“အော်မနေနဲ့ .. နင့်ကို အသားနာအောင်မလုပ်ချင်ဘူး ..”

ဦးထက်ချာန် ရွှေထုပ်လေး ကို အခန်းတစ်ခုထဲမှာ ထည့်ပိတ်ချကာ ရှုံ့မဲ့နေသည့်အကျီကော်လံ ရင်ဘတ်တွေကို ပြုပြင်ကာ တံခါးသွားဖွင့်လိုက်၏။





“ဘာကိစ္စလဲ ..”

စိတ်တိုတိုနှင့် မေးသံကလည်း ပြေပြေပြစ်ပြစ်မရှိတော့ပေ။ ဒါပေမယ့် ကျောပေးရပ်စောင့်နေသူက မဖြေဘဲ တံခါးတစ်ဖက်ကို ကွယ်သွား၏။

“ဟေ့ .. မင်း မရမကခေါ်ပြီး ဘာကိစ္စလဲလို့မေးတာ ဖြေလေ ..”

အတွင်းသံပန်းတံခါးရော အပြင်ကျွန်းတံခါးကိုပါ ဆွဲဖွင့်၍ အပြင်ထွက်လိုက်၏။ ဒေါသက မျက်နှာမြင်လိုက်တာနှင့် ကိုင်ပေါက်ပစ်မိမလားတောင်မသိ ..။

သို့သော် .. အပြင်မှာ ဘယ်သူမှမရှိချေ။

ဒါက မြေညီထပ်ပါ။ မျက်နှာစာသုံးခုတွဲရှိပြီး ဘေးနှစ်ခန်းစလုံးက ပိတ်သွားကြပြီဖြစ်၏။ တိုက်ခန်းရှေ့တွေမှာ မီးလုံးလေးတွေ ထွန်းထားတာရှိပေမယ့် တိတ်ဆိတ်နေခဲ့၏။

“တောက် ..”

ဒေါသဖြစ်ဖြစ်နှင့် ‘ဘယ်ကောင်လဲကွ’ လို့ အော်မေးလိုက်ရရင် ကြည့်ကောင်းဦးမည်။ ရုတ်တရက်ကြီး ကိုယ်ယောင်ပျောက်သွားအောင် ပြေးနိုင်သူကို အံ့သြရမည့်အစား ဒေါသမှတစ်ပါး တခြားမရှိ ..။

“ဂျိမ်း ..”

ဒီတစ်ခါလာစမ်း ..၊ တံခါးရှေ့မှာ ဖုံးလာခွဲပေ့စေ မဖွင့်ဘူး ..။

တံခါးကို မြန်မြန်ဆန်ဆန်ဆွဲ အခန်းထဲပြေးဝင်ဖို့သာ စိတ်က စောနေခဲ့လျက် ..၊

“ဒုတ် ..”

“အ ..”

ခြေထောက်က ဘာကိုတိုက်မိလိုက်မှန်းမသိဘဲ ကိုယ့်ကိုယ်ကိုယ် မလဲအောင် ထိန်းရင်း ဘေးတိုက်ယိုင်သွား၏။

“ဒုန်း ..”

“အောင်မယ်လေးဗျ ..”

ထိန်းနေရင်း ပန်းအိုးစင်ဘေးမှာ တိုးတိုက်ထိုင်ကျသွားကာ ပန်းအိုးကြီး ပြိုလဲ၍ ခေါင်းပေါ်တည့်တည့်စိုက်ကျလာပြီး တစ်ခေါင်းလုံး မီးပွင့်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ရှုတ်တရက် ပြာမိုက်ပူထူကာ သတိလစ်သွားသလား၊ မသွားသေးဘူးလား၊ ကိုယ့်ကိုယ်ကိုယ် အဖက်ဆယ်လို့မရတရ ...၊

"လုပ်ပါဦး .. ကယ်ကြပါဦး၊ သား ဒီထဲမှာ ပိတ်မိနေပြီ၊ တာကြီးရေ .. ဘွားလေး .. အဟင့် .. ဟီး .. ဟီး .."

ရွှေထုပ်လေး တံခါးကို ထုနက်နေရင်း ငိုနေမိစဉ် ဆံပင်တွေကို လေတိုးသွားသလို လည်တိုင်မှာ အေးခနဲဖြစ်သွား၏။ ထို့ကြောင့် ဖျတ်ခနဲ လှည့်ကြည့်မိသည်။

ပြတင်းပေါက်တံခါးမှာ တပ်ထားသည့် ခန်းဆီးစလေးက တလွန့်လွန့်လှုပ်နေလျှင် ...

"တံခါးဖွင့်နေတာလား .."

ဝမ်းသာအားရ ရေရွတ်မိကာ ပြတင်းပေါက်ဆီ ပြေးသွားမိ၏။ ထိုအခါ ပြတင်းပေါက်မှန်တံခါးနှစ်ချပ်က စေ့ရုံသာစေ့ထားသဖြင့် တွန်းဖွင့်လိုက်လျှင် အပြင်က ညရဲ့လေနုအေးက သုတ်ခနဲဝင်လာ၏။

ခေါင်းပြူ၍ ငုံ့ကြည့်လိုက်တော့ တစ်ဖက်မှာလည်း နံရံကြီးရှိနေကာ ဟိုဘက်နဲ့ ဒီဘက်ကြားမှာ လူတစ်ကိုယ်စာသွားသာရုံလမ်းကြားသေးသေးလေးကို တွေ့လိုက်ရသည်။

ဒီလမ်းကလေးက ဘယ်ထိလဲ၊ ဘယ်ဘက်မှာအဖွင့် ဘယ်ဘက်မှာပိတ်ထားတာလဲ ...၊ ဘာမှမသိဘဲ ကျော်ခွတက်ပြီးခုန်ချလိုက်မိသည်။

တံခါးတစ်ချပ်စာလွတ်ရုံ လမ်းကလေးမို့ တံခါးကိုပြန်ပိတ်ပြီးမှ ပခုံးလေးကျုံ့၍ ရှေ့ကိုဆက်တိုးလာခဲ့ရ၏။

ထိုစဉ် ဦးထက်ချာန် သတိရလာခဲ့၏။

"ကျွတ် .. ကျွတ် .. နာလိုက်တာ .. ကိုင်းကွာ .."

"ဒုန်း .."

ပန်းအိုးကြီးကို ဆောင့်ကန်လိုက်ကာ ဦးထက်ချာန် ဒေါသတကြီးထရပ်လိုက်သည်။ သူ ဘယ်လောက်ကြာအောင် သတိလစ်သွားခဲ့သလဲ မသိပေမယ့် ခဏတစ်ဖြုတ် မူးမိုက်သွားရုံပဲဖြစ်တာကို ခံစားမိနေသည်။

နောက်မှာ စိတ်ဇောသန်နေသဖြင့် လုံးဝသတိလစ်မေ့မျောမသွား





အောင် ထိန်းနိုင်ပေမယ့် ခေါင်းတွေက နာကျင်မူးနောက်နေဆဲနှင့် ...၊

"ကလေးလေး .. ရွှေထုပ်လေး .. ကိုကြီးတို့ အေးဆေးနော်၊ ဘာမှမဖြစ်ဘူး .."

တံခါးနားမှာ တိုးတိုးလေး ကပ်ပြောရင်း တံခါးကို သော့ဖွင့်လိုက်၏။

"ဟင်!..."

အိပ်ခန်းထဲမှာ ဘယ်သူမှမရှိ ...၊

"ရွှေထုပ်လေး .."

မူးနောက်နောက် နာကျင်နေသည့်ခေါင်းက ဝေဒနာတွေတောင် ကြက်ပျောက်ငှက်ပျောက်ဖြစ်ကုန်၏။ ပြီးတော့ မျက်လုံးတွေပါ ပြူးကျယ်ကုန်ကာ ...၊

"ဘယ်မှာပုန်းနေတာလဲကွာ .. ထွက်လာခဲ့ပါ၊ အလကား အချိန်တွေကုန်တယ် .."

လေသံမာသွားလိုက် .. ပျော့သွားလိုက်နှင့် ခုတင်အောက်ကိုလည်း ငုံ့ကြည့်မိသည်။ အဝတ်လဲသည့် လိုက်ကာစကိုလည်း ဖယ်ကြည့်ခဲ့၏၊

ဗီရိုထဲတွေ ကြိုကြားမကျန် အကုန်လုံးရှာကြည့်ပြီး ဘယ်မှာမှမတွေ့တော့ မယုံနိုင် ...၊

"ဒါ .. မဖြစ်နိုင်ဘူး .."

အခန်းက အကျယ်ကြီးမှ မဟုတ်ဘဲ ...၊

ထပ်ခိုးပေါက်လည်းမရှိ၊ ထပ်ပြီး ပုန်းကွယ်နေစရာ ချောင်ကြားလည်းမရှိတော့ဘဲ သူမလေး ဘယ်မှာသွားပုန်းနေသလဲ ကြမ်းခင်းတွေခွာပြီး မြေအောက်ခန်းတွေဘာတွေထဲ ဆင်းပြေးသလားလို့ တွေးမိပြီ ငုံ့ကြည့်တော့လည်း သူ နင်းထားတာ သံမံတလင်း ...၊

စိတ်ပေါက်ပါက်နှင့် မွေ့ရာခင်းတွေ ခေါင်းအုံးအောက်တွေပါ လှန်လှောဆွဲဖွပစ်ကာ တက်ခေါက်သံက ကြမ်းရှရှာထွက်၏။

"ဘယ်ရောက်သွားတာလဲကွ .. ဟော့ .. မင်းက ကိုယ်ပျောက်ဓါတ်လို့လား .."

www.burmeseclassic.com



တစ်ခန်းလုံးမှာ တံခါးမကြီးနဲ့ ပြတင်းပေါက်နှစ်ပေါက်ပဲရှိသည်။ တံခါးမကြီးကို သူ အပြင်ကနေ သော့ခတ်ပြီးမှ ထွက်သွားတာဖြစ်လျက် ပြတင်းပေါက်မှာလည်း သံပန်းတစ်ထပ် မှန်တံခါးတစ်ထပ်နှင့် ...၊

စိတ်မကျေနပ်သမျှ ပြတင်းတံခါးနားရောက်သွားကာ ပန်းခက်တွေနဲ့ လှပစွာ အကွက်ဖော်ပြီး တပ်ထားသည့် သံပန်းကိုသေချာကိုင်ကြည့်မိသည်။

အတွင်းက ခန်းဆီးတွေနဲ့ပါဆို သံပန်းနဲ့ မှန်တံခါးသုံးထပ်ကာထားတာကို ဘယ်အပေါက်က ထွက်သွားတာလဲ ...၊ တွေးလို့မရတော့ကာမှ ဒေါ်သူပုန်ထကာ မူရာကြွယ် ဆီ ဖုန်းဆက်လိုက်၏။

မူရာကြွယ် ရောက်လာတော့ ဆံပင်တွေပွယောင်းယောင်း အကျီ င်္ဂ က မသေမသပ်နှင့် ဦးထက်ရျာန် ကို တအံ့တသြ ...၊

"ဘယ်လိုဖြစ်လို့ မြန်မြန်ဆန်ဆန် .."

"ဘယ်လိုဖြစ်တာလဲ သိချင်ရင် အိပ်ခန်းထဲဝင်ကြည့် .."

"ဟင်!..."

အဖြစ်အပျက်ကိုပြောပြတော့ မူရာကြွယ် တအံ့တသြဖြစ်ရကာ...

"ဦးထက်ရျာန် အပြင်ထွက်တော့ တံခါးသေချာပိတ်ခဲ့တာ သေချာလို့လား ...၊ သော့ခ်ချရုံပဲဆိုရင် အတွင်းက ဖွင့်လို့ရနေတဲ့ဟာ .."

"ဒီလောက်တော့ ကျုပ် မသိဘဲနေပါ့မလား .. ဟောဒီမှာ သော့.."

"ချွင် .."

ဘောင်းဘီအိတ်ထဲ ဖြစ်သလို ထိုးထည့်လိုက်သည့် သော့တွဲကို ကြမ်းပေါ်ပစ်ချပြကာ ...

"ကိုယ့်ဘာသာ သော့ဖွင့်ပြီးဝင်ခဲ့တာ .."

"အပြင်က လာခေါ်တဲ့လူကလည်း ဘာမှမပြောဘဲ ပြန်သွားတယ်"

"ဟုတ်တယ် .. မင်း ညှိသည်ပဲနေမှာပေါ့ .. ယောက်ျားတစ်ယောက်ပဲ .."

"အို .. ကျွန်မက ဒါမျိုးလုပ်ပေမယ့် ကိုယ့်အရှက်သိက္ခာနဲ့ ကိုယ်နေတာနော် .. လူကိုကြည့်လိုက်ဦး .."

"ဒါက .. မြို့လွှာတစ်ခုပဲ .. အကြောင်းသိချင်း ကပ်ကြွားမနေပါ





နဲ့ ...၊ မင့် အခန်းထဲမှာ ဘယ်လိုလျှို့ဝှက်ချက်တွေရှိသလဲ၊ မင်း အလုပ်လုပ်ရင် မရိုးသားတာတော့ မကောင်းဘူး မူရာ .."

"ဘာ .. ဘာပြောတယ် .. ရှင်က ရွှေထုပ်လေး ကို ကျွန်မ ဖြန့်ဝှက်ထားလိုက်တယ်လို့ စွပ်စွဲလိုက်တာလား .."

"မင်း မဟုတ်ဘူးဆိုရင် .. သူက ကိုယ်ပျောက်သွားတာလား –"

"ကိုယ့်သိက္ခာကိုထိန်းပြီး စကားပြောစမ်းပါ ဦးထက်ရျာန် ရယ်၊ သူ ကိုယ်ပျောက်သွားတာမဖြစ်နိုင်ဘူးဆိုရင် ဦးထက်ရျာန် က ကမူး ရှူးထိုးထွက်သွားပြီး တံခါးမပိတ်မိခဲ့တာရော မဖြစ်နိုင်ဘူးလား၊ ကျွန်မ အခန်းတံခါးတွေက အဲဒီလိုလုပ်လို့ရအောင် အထူးစီစဉ်ထားတဲ့ တံခါးတွေပါ .."

ပြောနေရင်း ပြတင်းပေါက်နားသွားကာ ခန်းဆီးစကိုလက်နဲ့ 'မ' လိုက်ပြီး သံပန်းတွေကို မြင်အောင်ပြ၍ ...

"ဟိုဘက်မှာ လမ်းလည်းမရှိဘူး၊ သူခိုးတိုးတဲ့ ကြားလောက်ပဲရှိတာ၊ ရှိရင်တောင် ဒီတံခါးမှာ သံပန်းအသေတပ်ထားတာ .. တံခါးဖွင့်ပိတ်စရာ လက်တစ်နှိုက်လေးပဲ အပေါက်ရှိတာကို သူ ဘယ်ကထွက်မလဲ တွေးကြည့် .."

"အဲဒါ မင်းပဲ တွေးကြည့်လိုက် မူရာကြွယ် ...၊ ငါကတော့ ပိုက်ဆံရမယ့်အလုပ်ကလွဲရင် အလကားဦးနှောက်ခြောက်မခံဘူး၊ အခု မင်းကို ပေးလိုက်တာတွေအားလုံး ငါပြန်ရုတ်သိမ်းမယ် .."

"ဘာ .."

အခြေအနေတွေ ရှုပ်ထွေးကုန်၏။ ရွှေထုပ်လေး ဘယ်တံခါးက ဘယ်လိုထွက်ပြေးသလဲဆိုတာထက် ပိုက်ဆံတွေပြန်လုကြရင်း ဘယ်သူကမှလည်း အရှုံးမပေးနိုင်ကြ ...။

လူထုပတ်ဝန်းကျင်မှာ မမောပန်းနိုင်စွာ ပြေးလွှားနေခဲ့သည့် ရွှေထုပ်လေး ၏အဖြစ်သည် ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

"သူခိုး .. သူခိုး .. အဲ့ဒီဘက်ကိုပြေးသွားတာ .."

လူသံတွေ အများကြီးကြားလိုက်ရကာ ရွှေထုပ်လေး ဘယ်ကိုကြည့်၍ ဘာလုပ်ရမှန်းမသိဖြစ်သွားသည်။ မှောင်မည်းနေသော လမ်းသွယ်လေးထဲမှာ သူမ ဝတ်ထားတာက အဖြူရောင် ..၊

ဆံပင်ရှည်တွေကို ရှေ့ရင်ဘတ်တစ်ခြမ်းပေါ် စုသိမ်းယူလိုက်ကာ ပုဏ္ဏရိပ်ပင်တွေနဲ့ ခြံခတ်ထားသည့် ထောင့်ကွယ်လေးမှာ ပြေးကပ်နေလိုက်၏။ သို့သော် ...

ဓာတ်မီးရောင်တွေတဝင်းဝင်းနှင့် ပြေးလွှားလာကြသည့် လူစုကို လှမ်းမြင်လိုက်ရကာ သူမ တစ်ကိုယ်လုံးအေးစက်သွားပြီး ကြောင်တောင်တောင်လေးရပ်နေမိ၏။

ထိုစဉ် သူမလက်လေးတစ်ဖက်ကို ပိုင်နိုင်စွာ ဆုပ်ကိုင်၍ ခြံထဲဆွဲသွင်းခံလိုက်ရကာ ..၊

"တိတ်တိတ်နေ .."

နှာခေါင်းထဲမှာ စူးရှမွှန်ထူသွားတာ ဘယ်လိုအနံ့ဆိုးကြီးမှန်းမသိ..။

အရက်နံ့ဆိုတာ သူမ မသိပေ။ ထို့ပြင် ယောကျ်ားတစ်ယောက်၏ ရင်ခွင်ထဲမှာ ပွေ့ဖက်ထားခြင်းအပြင် ပါးစပ်ပေါ်မှာ လက်ဝါးကြမ်းကြီးနဲ့ အုပ်ထားခြင်းခံရကာ ..၊





"နင့်ကို သူခိုးထင်ပြီး ခေါင်းရိုက်ခွဲသွားလိမ့်မယ် မလှုပ်နဲ့ .."

ရှေ့မှာ လူစုကြီးက တုတ်တွေဓားတွေနှင့် ဓာတ်မီးတွေလျှောက်ထိုးရှာဖွေနေရာ သူမ မလှုပ်ရဲဘဲ ဒီတိုင်းငြိမ်နေခဲ့ရ၏။

တကယ်တော့ 'ကျားကြောက်လို့ ရှင်ကြီးကိုး ရှင်ကြီးကျားထက်ဆိုး' သည့်အဖြစ်ဆိုတာ သူမ မသိခဲ့ခြင်းသာ ..။

"ဟား .. ဆံပင်တွေကလည်း လှလိုက်တာ၊ ရောင်းစားရင်တော့ မျိုးမျိုးမြတ်မြတ်ရမှာသေချာတယ် .."

လူကို ကြိုးနဲ့တုပ်ပြီး အိပ်ရာပေါ်မှာ ဒီတိုင်းထား၏။ ပါးစပ်ကိုတော့ ဘာနဲ့မှ အုပ်စည်းမထားဘဲ အော်လိုက်တာနဲ့ ဓားနဲ့ထထိုးမှာလို့ ကြိမ်းဝါး၏။

လူကြီးရဲ့ဘေးမှာ အရက်ပုလင်းနဲ့ မတ်ခွက်တစ်လုံးရယ်၊ ကြေးအထပ်ထပ်နှင့် ဓားမြှောင်တစ်ချောင်းရယ်ရှိကာ ပန်းကန်တစ်ချပ်ထဲမှာတော့ ဘာကောင်လေးတွေကို ကြော်ထားသည်မသိ ..၊

"ဟော့ .. ဟော့ .. ပွတာပဲ၊ အလုပ်ပြုတ်လာလို့ လူကညစ်နေတာ၊ ဒီည နင်က ငါ့အတွက် အဖော်လုပ်ပေါ့ .."

လူကြီးမျက်နှာက နဂိုတည်းက အညိုရောင်မှာ ခုကျတော့ နီညိုရောင်ဖြစ်နေ၏။ ချိုင်းပြတ်စွတ်ကျယ်အဖြူနှင့် စစ်ရောင်ဘောင်းဘီပွပွကြီးကို ဝတ်ထားသည်။

အုတ်ခံပျဉ်ထောင်အိမ်လေးက သေသပ်ကျနပေမယ့် အိမ်ထဲမှာတော့ ဒီလူကြီးကိုပဲတွေ့ရ၏။ လူကိုကြည့်လိုက် ရယ်လိုက်နှင့် တစ်ယောက်တည်းစကားတွေပြောပြီး ပုလင်းထဲက အရည်တွေကို ခွက်ထဲထည့်ကာ တငွက်ငွက်မော့သောက်နေသေးသည်။

အရက်သမား ..၊

သေရည်သောက်စား အရက်သမားဆိုတာ ဒါမျိုးလား ..။ ဒါဆို ဒီလူကြီးသောက်နေတာ အရက်တွေပဲ ..။

ရွှေထုပ်လေး ဟိုဘက်မှာ ကျန်ရစ်သည့် ကြောက်ရွံ့မှုတို့ကို မေ့လျော့သွားခဲ့လျက် ဒီလူ့ရဲ့ အန္တရာယ် ဘယ်လိုလာမလဲဆိုတာကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ထိတ်လန့်ကြောက်ရွံ့နေတာမဖြစ် …၊

သူမ ထူးဆန်းနေတာက ပန်းကန်ပြားထဲက အကောင်ပလောင်လေးတွေကိုဖြစ်ကာ …၊

"အား … ကောင်းလိုက်တဲ့အရက် …"

"ကောင်းလိုက်တဲ့ အမြည်းကွာ …"

စသဖြင့် ဒီလူကြီး ရေရွတ်နေသမျှကို ပန်းကန်ထဲက သတ္တဝါလေးတွေနဲ့ နှိုင်းယှဉ်ကြည့်နေမိ၏။

အမြည်းဆိုတာ ဘာမှန်းမသိသော်လည်း ဒါလေးတွေကို တကျွတ်ကျွတ်ဝါးစားသည့်အခါ အမြည်းလို့ပြောသံအရ ဒါကို အမြည်းလို့ခေါ်မှန်းသိလိုက်သည်။

ဒါက အမြည်းကောင်လေးတွေပေါ့ …၊

"ဘာကြည့်နေတာလဲ … စားချင်လို့လား … ရော့ …"

"ဟင့်အင်း …"

သူက အကောင်လေးတစ်ကောင်ကိုပန်းကန်ထဲကယူပြီး လှမ်းပေးသည်။

"ယူလေ … ဒီစာတစ်ကောင်ကို ဘယ်လောက်ပေးရလဲသိလား၊ ခေါင်းလေးတွေ ဝါးကြည့် ကျွတ်ရွနေတာပဲ …"

"ဟင့်အင်း … မစားဘူး …"

"နေပေါ့ …"

'စာ' ဆိုတာကို သူ့ပါးစပ်ထဲထည့်ပြီး နှစ်ချက်သုံးချက်ပဲဖွဲ့ကာ အတင်းထိုးသိပ်ထည့်ပစ်သည်။ ပြီးတော့ တစိမ့်စိမ့်ဝါးနေရင်း နီရဲနေသည့် မျက်လုံးတွေနဲ့ လှမ်းကြည့်၏။

"နင့်နာမည်က ဘယ်သူလဲ …"

"ရွှေ …"

ရွှေထုပ်လေး လို့ မပြောဖြစ်တော့ဘဲ ရွှေ တစ်လုံးမှာပဲရပ်သွားခဲ့၏။

"ရွှေ …"

လူကြီးက သံယောင်လိုက်ရွတ်ကာ …၊

"ရွှေဖြစ်ဖြစ် စိန်ဖြစ်ဖြစ် နင်လိမ်လိမ်မာမာနေမှရမယ် …၊ နင့်ကို





ငါက လမ်းပေါ်ကနေ ကယ်တင်ထားရတာ …၊ ငါက ကယ်တင်ခဲ့ယူမယ် … နင်က ထွက်မပြေးနဲ့ …"

"ကယ်တင်ခဲ့ယူမယ် …"

"ဟုတ်တယ်လေ … နင်က ဘာနိုးလာသလဲ မသိတာကို ငါက ဆွဲခေါ်လိုက်တာ နားမလည်ဘူးလား …၊ ငါ့အခု ချက်ချင်း လူကြီးလက်သွားအပ်လိုက်လို့ရတယ်နော် … ခုနက ဖမ်းနေကြတဲ့ သူခိုး ကျွန်တော့်အိမ်ထဲ ဝင်လာပါတယ်ဆိုရင် ပြီးပြီ …"

"ဟုတ်လည်း မဟုတ်ဘဲနဲ့ …"

"အံမာ … ဘာပြောတယ် …"

"သားက သူခိုးမှ မဟုတ်တာ …"

"သား … ဒါနဲ့ပြောတော့ ရွှေ ဆို …"

လူကြီးက မေးခွန်းတွေမေးရင်း ကျိူ့ထိုးနေကာ ရွှေထုပ်လေး ကလည်းမဖြေ၊ သူ့စကားတွေကလည်း ဟိုရောက်ဒီရောက်နှင့် ဘာကိုမှအဓိကမဟုတ်ခဲ့ဘဲ …၊

"ငါတို့လုပ်ငန်းစလို့ရပြီ …"

ဟင် …၊

"အိပ်မယ်လေ …"

လူကြီးထိုင်ရာက ထလိုက်ကာမှ ယိုင်တိုင်တိုင်ပုံစံကြီးဖြစ်သွားတာ ရွှေထုပ်လေး ထိတ်လန့်ဖို့သတိရလာသည်။

လူကိုကြည့်ပြီး အေးဆေးထိုင်သောက်နေတုန်းက ကိုယ့်ကို ရည်ရွယ်ပြောနေတာတွေကိုတောင် ကြောက်ရမှန်းမသိခဲ့ပေ …၊ ဟိုလူကြီးလိုပဲ အမူအရာတွေဖောက်ပြန်လာပြီဆိုမှ …၊

"ဦးလေးကြီးနော် … ရှေ့တိုးမလာနဲ့ …"

"ဟဲ … ဟဲ … လိမ္မာရမယ်လို့ပြောထားတယ်လေ …၊ အံမာ … ငါက လူမိုက်ကြီးနော် …၊ တူမတွေရှိပေမယ့် အလုပ်နဲ့အကိုင်နဲ့ ငါထောက်ပံ့ရတာ မဟုတ်ဘူး၊ နင် လိမ္မာရင် ငါက နောက်နေ့တွေလည်း ကြည့်ရှုထောက်ပံ့ပါ့မယ်…"

"ဟင့်အင်း … ရှေ့မတိုးနဲ့ …"

www.burmeseclassic.com



"ဟီး .. ဟီး .."

လူကြီးက ဒယိမ်းဒယိုင်နဲ့တိုးလာလျှင် ရွှေထုပ်လေး က ခုတင်ခေါင်းရင်းထိ ခြေကန်ပြီး တိုးတက်၏။

"ကြိုးတုပ်ထားတာတောင် မထူးစိတ်မပိုက်ဘူးလား မိန်းမလေးရယ် ..၊ ဟဲ .. ဟဲ .. ဟဲ .. ဒါဆိုရင်တော့ ကြိုးဖြေမပေးတော့ဘူးနော်၊ ပြီးမှ ရက်စက်တယ်မပြောနဲ့ .."

"မလာနဲ့ .. သွား .. သွားဆို သွားနော် .."

"သွားစရာလား ကလေးဆိုးလေးရဲ့ ပူတူတူးလေးရဲ့ .. ဟီး .. ဟီး.. အနီးကပ်ကြည့်လေ ချစ်ဖို့ကောင်းလေ အရုပ်လေးကျနေတာပဲ .."

"ဂျွတ် .. ဖြောင်း .."

"အား .."

အားပါးတရရယ်ကာ ခုတင်ပေါ်ကို လှမ်းတက်လိုက်စဉ် ကျန်ခဲ့သည့် ခြေထောက်တစ်ဖက်က ကြမ်းကျွံကျသွားခဲ့ပြီး ..၊

"အောင်မလေး .. သေပါပြီ .. သေပြီ .. သေပြီ .. ငါ့ခြေထောက် ခြေထောက် .. အား .."

နစ်ကျွံသွားသည့်ခြေထောက်က ဒူးခေါင်းထိ နစ်သွားကာ ကျိုး၍ အစွန်းထွက်လာသည့် သစ်စတွေက အသားထဲမှာ သံမှိုရိုက်ထည့်လိုက်သလို ထိုးစိုက်ကုန်ကာ ..၊

"ကယ်ကြပါဦး .. ခြေထောက်လှုပ်လို့တောင်မရတော့ဘူး .. အကူသိုလ်မ .. ကန်းနာမလေး၊ နင် ငါ့ကိုဘာလုပ်လိုက်တာလဲ စုန်းမ .. သရဲမ.."

သူ မျိုးစုံအောင် ဆဲနေပေမယ့် ရွှေထုပ်လေး ဘာမှမသိတော့ပေ။ ခြေထောက်မှာ သစ်ချွန်တွေ ထိုးစိုက်လျက် သွေးတွေစိမ့်ထွက်လာသည့် မြင်ကွင်းကို ခုတင်ပေါ်ကနေ ငုံ့ကြည့်နေရင်း မျက်ဝန်းလေးတွေ တစစပြူးကျယ်လာကာ ခေါက်ခနဲ ပုံကျသွား၏။

သတိလစ်မေ့မြောသွားတာ ဘာဆိုဘာမှမသိတော့ဘဲ ..၊





## အခန်း (၁၀)

မနက်မိုးလင်းသွားတော့လည်း ထိုနေရာမှာပဲ တုံးလုံးကြီးလဲနေ...တာ လူကြီး လုံးလိုမ့်ညည်းညူနေ၏။ ထိုအသံကြောင့် ရွှေထုပ်လေး သတိ...ရလာခဲ့ပြီး ..၊

"ဟင် .. ဦးလေး .."

"ခြော် .. မင်းကတော့ အိပ်လို့ကောင်းသွားတယ်မဟုတ်လား၊ ...သာစမ်း .. ငါ့ကို ဒီကြမ်းစတွေလာနှုတ်ပေး .."

"သား မကြည့်ရဲဘူး .."

"ဘာ .."

မနက်နေမထွက်သေးဘဲ လူကြီးရဲ့အော်သံက ဟိန်းထွက်လာကာ ...ါသတွေ အလွန်အမင်းဖြစ်နေခဲ့လျက် ..၊

"ဘာကိုမကြည့်ရဲတာလဲ .. လာ .. ခု ဆင်းလာခဲ့ .."

ခြေထောက်ကို မရမက ဆွဲထုတ်ထားသဖြင့် အသားစတွေလည်း ...ထန်နေကာ သစ်စတွေလည်း စူးကျန်ရစ်၏။ ဝေဒနာကို အလူးအလိမ့်...ခံစားနေရင်း အမူးလည်းပြေနေပြီဖြစ်ကာ ..၊

"နင့်ကြောင့် ပတ်ဝန်းကျင်ကိုလည်း မခေါ်ရဲဘူး၊ လာခဲ့ .. ငါ့...အဆ်ရာကို လာလုပ်ပေး .."

"ဦးလေးပဲ သားကို ကြိုးနဲ့တုပ်ထားပြီးတော့ .."



www.burmeseclassic.com

www.burmeseclassic.com



"နင့်ခြေထောက်တွေ လွတ်နေသေးတယ်၊ အားပြုပြီး ခုတင်ခြေရင်း တိုးလာခဲ့ .. ငါ ဖြေပေးမယ် .."

"ဟုတ် .."

ဒီလူကြီး တစ်ညလုံး ဝေဒနာခံနေရတာကို သနားသည့်စိတ်က ညကအဖြစ်တွေကိုလည်းမေ့၏။ ပြီးတော့ မကြည့်ရဲတာတွေကိုလည်း အားတင်းပြီး ကြည့်ဖို့ဆုံးဖြတ်လိုက်သည်။

သူတစ်ပါး ဝေဒနာခံစားနေရတာကို ဒီတိုင်းထိုင်ကြည့်နေရမှာ ထက်စာလျှင် သူမ စွန့်စားရမည်။

"လာခဲ့ .. မီးဖိုချောင်ထဲမှာ ဓာတ်ဘူးသွားယူပြီး ဇလုံထဲမှာ ရေနွေး ထည့်လာခဲ့ .."

ဘာလုပ်ရမည်ကို လူကြီးက ထိုင်ရာမထပြောပြနေလျက် သူမ လုပ်နေရတာ မှားမှားယွင်းယွင်း ..။

"တောက် .. ဘာဖြစ်လို့ လက်ကတုန်နေတာလဲ၊ ရဲရဲလုပ်စမ်းပါ ဟ .. ပင်နယ်စလင်ဆေးပြားရှိတယ် အဲဒါကို ကြေသွားအောင်ထုပစ် လိုက် .. ငါ့ဒဏ်ရာတွေပေါ် ဖြူးချပြီး ပတ်တီးစည်းလိုက် .."

အမျိုးမျိုးသော ကြိမ်းမောင်းမာန်မဲခြင်းများနှင့် ဒဏ်ရာကိစ္စတွေ ပြီးမြောက်သွားခဲ့လျှင် ..၊

"ရွှေ .."

လူကြီးက မတ်တစ်မရပ်နိုင်ဘဲ ဖင်ရွှေ့သွားကာ အိမ်ရှေ့ဧည့်ခန်း မှာ အကျအနထိုင်၍ ..၊

"နင့်ပုံစံက သူခိုးတော့ မဟုတ်နိုင်ပါဘူး၊ ဘာလဲ .. အိမ်ကထွက် ပြေးလာတာလား .."

"ဟုတ် .."

"ထင်သားပဲ .. ဘယ်ကိုသွားမလို့ပြေးလာတာလဲ .."

"အန်တီငြိမ်း ဆီကိုပါ .."

"ဒါပေမယ့် နင် မသွားတတ်ဘူးမို့လား .."

လူကြီး ဒက်ခနဲပြောချလိုက်ကာ ရွှေထုပ်လေး မျက်နှာကို အကဲ





ခတ်ပြီး အောင်နိုင်သူလိုရယ်၏။

"ပုံစံက အူကြောင်ကျားနဲ့ နင့်ပုံစံကို မြင်လိုက်တာနဲ့ ငတုံးမမှန်း လူတိုင်းသိမှာပဲ ..၊ ဒါပေမယ့် နင့်ကိုယ်မှာ ရွှေတွေပါတယ်ဆိုတော့ အင်း .. နင်က သူဌေးပဲ .."

သူ့ဘာသာ ရေရွတ်နေကာ ..၊

"အဲဒီတော့ နင်သွားချင်တဲ့နေရာ ငါလိုက်ပို့ပေးမယ် .. နင်က ငါ့ ဒဏ်ရာပျောက်တဲ့အထိ ဒီမှာနေပြီး ငါ့ကိုပြုစု .."

ရွှေထုပ်လေး က မျက်တောင်လေးခတ်နေရင်း သူပြောနေတာကို စဉ်းစားနေ၏။

"နင် မသွားတတ် မလာတတ်နဲ့ ဒုက္ခတွေ့မှာပဲ၊ ဒီမှာ ငါက ဒုက္ခိတ ဖြစ်နေတော့ နင့်ကို ဟိုလိုဒီလို ကြံစည်ဖို့လည်းမရှိတော့ဘူး၊ ဒီမှာနေရင်း အချိန်ကိုစောင့်တာ မလုံခြုံဘူးလား .."

ရွှေထုပ်လေး ခေါင်းညိတ်လိုက်တော့ 'ငတုံးမ' လို့ စိတ်ထဲက ရေရွတ်ပြီး မဲ့မဲ့ကြီးခေါင်းခါ၏။ ပြီးမှ ပြန်လှည့်ကာ ...

"ဒါဆို တစ်ခုထပ်ရှိသေးတယ်၊ နင့်ကို ငါ့ညီမဝမ်းကွဲလို့ပြော ထားပေးမယ်၊ ငါလည်း ရိုးရိုးသားသားနေမယ် .. အဲ့ဒီအတွက် နင့်ကိုယ် ပေါ်က ရွှေတွေကို ငါ့ကိုပေးရမယ် .."

"ဟင်!..."

"အကုန်မယူပါဘူး .. တစ်ဝက်ပဲ .."

ပြောပြီးမှ စိတ်တိုသွားကာ ..၊

"နင်က နားအုံထင်နေတယ်ဟုတ်လား၊ ငါက လူဆိုးဆိုရင် နင့်ကို လည်း ဓားကားလို့ရတယ်၊ ရွှေတွေလည်း ယူလို့ရတယ် .. သနားလို့ .. ဟွန့် .."

"ဟုတ် .. သား အကုန်လုံးပေးပါ့မယ် .."

ပေးရမှာပါ။ အဆီကိုစားမယ် .. အသားကိုလည်းမျှမယ် ..။ နင် လို အူအူတူတူအတာတ သန့်သန့်စင်စင်လေးကို ငါမှ ဦးဦးဖျားဖျား မရ ရင် ဘာမို့လဲ ..၊



www.burmeseclassic.com

www.burmeseclassic.com



"မှတ်ထား .. ငါ့နာမည် ကျော်ကြီး တဲ့ .."

နာမည်ကို ကြိမ်းဝါးသလိုပြော၍ ပြုံးလိုက်သည်။ ပြီးတော့ မဲ့သွား၏။

"ကျွတ် .. ကျွတ် .. နာလိုက်တာ .. ဆေးထိုးထားမှထင်တယ်.."

ကျော်ကြီး တို့ အပြင်ထွက်မယ်ဆိုလည်း လူမမာတွဲမယ့် ကောင်မလေးနဲ့ အဆင်ပြေနေလေသည်။ ပတ်ဝန်းကျင်ကတော့ ကွက်ကြည့်ကွက်ကြည့်နှင့် ..၊

တစ်ချို့က ပေါ်တင်မေးကြသည်။

"ငါ့ညီမဝမ်းကွဲပါ .."

ပတ်ဝန်းကျင်မှာ ကျော်ကြီး က ဆက်ဆံရေးကျဲပုံလည်းရ၏။ သူ့လို ရုပ်ကြမ်းစိတ်ကြမ်းနဲ့ လူဘေးမှာ ဆံပင်တွေအရှည်ကြီးနှင့် အရုပ်လေးနဲ့တူအောင်လှသည့် မိန်းမငယ်လေးကို မြင်ရတာ အားလုံး အံ့သြနေကြပေမယ့် ..၊

"ဒီမှာ .. အစ်ကို .."

ခြေထောက်က တော်တော်ထောက်နိုင်နေပြီမို့ တက္ကစီပေါ်က အဆင်းမှာ ကိုယ့်အကြံအစည်နဲ့ကိုယ် ကျေနပ်နေတုန်း ဘယ်ကလူတွေမှန်းမသိ ..၊

"တစ်ခုလောက် မေးချင်လို့ပါ .."

နှစ်ယောက်စလုံး မျက်နှာရှည်ရှည် ဆံပင်ရှည်တွေနဲ့ဖြစ်ကာ မျက်မှန်တွေတပ်ထားကြတာလည်း အတူတူပင် ..။

လူကုံထံတွေနဲ့လည်းတူကာ လူတော်လူကောင်းတွေမဟုတ်တာလည်း သိသာနေ၏။ ထို့ပြင် .. သူတို့က ရွှေထုပ်လေး ကိုပဲ တကြည့်ကြည့်နှင့် ရှိနေသဖြင့် ကျော်ကြီး စိတ်တိုသွား၏။

"ပြော .. ဘာမေးမလို့လဲ .. ဘာလဲ .."

"ဒီဓာတ်ပုံထဲကလူကို အစ်ကိုများသိမလားလို့ပါ .."

မျက်နှာရှေ့ရောက်လာလို့ မျက်လုံးဝေ့လိုက်ပေမယ့် ကျော်ကြီး က ဓာတ်ပုံကြည့်ဖို့ကို စိတ်မဝင်စားပေ ..။

"လူပျောက်ရှာချင်ရင် ရဲစခန်းမှာ တိုင်ချက်ဖွင့်လိုက်ပေါ့ကွ .."





"ဒါကလွှယ်ပါတယ် အစ်ကိုရာ၊ အစ်ကိုက အဖျော်ယမကာ စက်ရုံက လက်ထောက်မန်နေဂျာ ကိုကျော်ကြီး မို့လား .."

"ဟုတ်တော့ ဘာဖြစ်လဲ .."

"သူ့အိမ်ဘေးမှာ ဒီလူရှိတယ်ဆိုတဲ့ သတင်းကြားလို့ပါ .."

"ငါ့အိမ်ဘေးမှာရှိတာ ငါ့အိမ်ပေါ်မှာရှိတာမှမဟုတ်ဘဲ .. မသိဘူး၊ စိတ်လည်းမဝင်စားဘူး .. တခြားမှာသွားမေး .."

ကျော်ကြီး က ရွှေထုပ်လေး ကို ဖက်၍မှီထားပြီး အိမ်ထဲဝင်သွား၏။

"တောက် .."

"စိတ်ထိန်း မိုးညို .. အရူးတစ်ကောင်ကြောင့် ငါတို့ကိစ္စ လူသိကုန်လိမ့်မယ် .. လွှတ်ထားလိုက် .."

"အစ်ကိုတို့ ဘာမေးချင်လို့လဲ .."

လူရွယ်တစ်ယောက်က လွယ်အိတ်လေးပခုံးမှာ ချိတ်လာကာ ရောက်လာကာ ..၊

"ဦးကျော်ကြီး က အလုပ်ပြုတ်လာတည်းက .. ခေါက်သွားတာ.."

နားထင်ကို လက်ညှိုးနဲ့ထောက်ပြပြီး ရယ်ရင်းပြော၏။

"အစတည်းက ဘယ်သူနဲ့မှမတည့်တာဗျ .. အခု .. အရက်တွေဖိသောက်ပြီး မိန်းမငယ်ငယ်လေးလည်းရထားတော့ .."

"ဘေးမှာပါသွားတာ သူ့မိန်းမလား .."

"မသိပါဘူး .. ညီမဝမ်းကွဲလို့တော့ပြောတာပဲ၊ သူ့ကို ကောင်းစားနေတုန်းကတောင် ဘယ်ညီမမှ လာကြည့်တာမရှိဘဲနဲ့ ခုမှ ဆဲဆိုကြိမ်းဝါးနေတာတွေခံပြီး ဘယ်ညီမက ပြုစုမှာလဲ .."

သူတို့က ခေါင်းညိတ်လိုက်ပြီး လက်ထဲက ဓာတ်ပုံကိုပြ၍ စုံစမ်းကြသည်။

"အဲ .. တစ်ခါတော့ မြင်ဖူးလိုက်သလိုပဲ၊ သူ ကျွန်တော်တို့နားမှာနေတာ မနေတာတော့ မသိဘူး .."

"ကျွန်တော်တို့နားဆိုတာက ဒီနေရာကိုပြောတာလား .."

"ဟုတ်တယ် .. သူ့ပုံစံက တစ်မျိုးထင်နေတော့ သတိထားမိလိုက်



www.burmeseclassic.com

www.burmeseclassic.com



တာ၊ ဆောရီးပါဗျာ .. သေချာတော့မသိဘူး ..”

သူတို့ မျက်မှန်ထဲကနေ မျက်လုံးချင်းဆုံလိုက်ကြ၏။ ပြီးတော့ ကျော်ကြီး ၏ ခြံနှင့်ကပ်လျက်က ဝါကျင့်ကျင့် ဟောင်းအိုနေသော တစ်ထပ်တိုက်လေးဆီ လှမ်းကြည့်မိကြသည်။

တိုက်လေးက ခေါင်းရင်းနောက်ပိုင်းမှာ နွယ်ပင်တွေတောင် တက်နေခဲ့လျက် မျက်နှာစာကလည်း သိပ်ကျယ်ပုံမပေါ်ပေ။

သို့သော် .. လူနေထိုင်သည့် လက်ရာခြေရာတွေကို အကဲခတ်လို့ ရနေ၏။

“ငါတို့မမှားဘူးဆိုရင် အဆိပ် အဲဒီမှာရှိကိုရှိတယ် ဒသ ..”

“သိပ်သေချာတာပေါ့ .. ဒီသတင်းရဖို့ ငါတို့ အများကြီးပေးလိုက်ရတာ လွဲစရာမရှိပါဘူး ..၊ တောင်ပို့မှန်းသိနေကာမှတော့ ဖွတ်ထွက်လာအောင် စောင့်ရုံပေါ့ ..”

ကြိမ်းဝါးရင်း လှည့်ပြန်သွားကြသူတွေကို အိမ်ထဲကနေ ကျော်ကြီးက ချောင်းကြည့်ပြီး မဲ့ရွဲ့နေကာ ..၊

‘အလကား ချေးထုပ်တွေ .. ထွီ ..’





အခန်း (၁၁)

ခြေထောက်ကျိုးချင်ယောင်ဆောင်ပြီး တမင်တကာရှုံ့မဲ့ညည်းညူပြနေတာကိုလည်း ဒီငတုံးမလေးက မရိပ်မိ ..။

ခုမှ အိမ်မှာနိုင်းစရာလူလည်းရှိ၊ မျက်နှာလှလှနုနုငယ်ငယ်လေးက ကြည့်လိုက်တိုင်း အမောပြေနေရကာ ..၊

“ဟဲ .. ဟဲ ..”

တစ်ယောက်တည်း အသံထွက်ရယ်လိုက်မိလျက် ကျော်ကြီး တို့ကံမကောင်းလို့အလုပ်ပြုတ်ခဲ့ပေမယ့် အိမ်မှာ စုတ်တွေလာဘ်တွေဝင်နေတာ ဘယ်နတ်သိကြားတွေ ‘မ’ နေတာလဲ ..။

နေရာမှ အသာလေးထရပ်ကာ နားစွင့်ကြည့်လိုက်သည်။ ညကိုးနာရီလောက်ပေမယ့် ပတ်ဝန်းကျင်က တိတ်ဆိတ်နေပြီဖြစ်ကာ ဟိုကောင်မလေး အိပ်မောကျနေပြီမှန်းလည်း သိလိုက်၏။

ဒီမိန်းကလေး အစားလည်း ဟုတ်တိပတ်တိဘာမှမစား ..။

မစားသည့်အပြင် သူစားနေတာတွေကိုတောင် ကိုင်တွယ်ပေးနေရပေမယ့် ထိတ်ထိတ်လန့်လန့်၊ တစ်ခါတလေ ရွံရှာသလို ရှုံ့မဲ့မဲ့လေးဖြစ်နေသေးသည်။

ရေသောက်ခါနီးရင်တောင် ရေခွက်နဲ့ မသောက်ဘဲ ဆေးသည့်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းကိုလှည့်၍ လက်ခုပ်လေးနဲ့ ခံသောက်သည်။

"နင်က လမ်းဘေးကျင့် လမ်းဘေးကြံ ကြံနေတာလား .. ငါ့အိမ်မှာ သောက်ရေခွက်တွေအများကြီးပဲ .."

လို့ပြောတော့ 'ရေခွက်တွေကန်တယ်' တဲ့ ..။

သူမ ပြောတဲ့စကားကို တခြားလူဘယ်လိုခံစားသွားရသည်။ ဘယ်လောက်ပြင်းထန်သည်ဆိုတာ မသိ ..။ ပြောချင်သလိုပြော နေချင်သလို နေသည်။

နိုင်းလိုက်တော့လည်း ရေလေးတစ်ခွက်သွားခပ်ပါဆိုတာတောင် ခလုတ်တွေတိုက်၊ ရေခွက်လွတ်ကျ ..။ သူကလည်း ရွှေ ကို အော်ငေါက်မာန်မဲနေရတာနဲ့ပဲ သဘောတွေကျနေတာဖြစ်ကာ နိုင်းသာနိုင်းပေမယ့် ကိုယ်လုပ်လိုက်မှပဲ အားလုံးပြီးခဲ့တာပါ။

တစ်ခုနိုင်းပြီးလို့ ကြည့်လိုက်ရတိုင်း သူမ လက်ဖဝါးလေးတွေမှာ သွေးခြည်ဥကျန်ရစ်တာမြင်မကောင်း ..၊

"နင် ဘယ်လိုကောင်မလေးမှန်းမသိပေမယ့် ငါကတော့ ကြိုက်တယ်.."

အိပ်ခန်းပေါက်ဝကနေ ရပ်ကြည့်ရင်း တွေးမိုးချမိ၏။ ခုတင်ပေါ်မှာ တစောင်းလေးအိပ်နေတဲ့ ပူပင်ကြောင့်ကြမဲ့ဗွာပင် ..၊ နှစ်ယောက်တည်းရှိတဲ့အိမ်မှာ ဒီယောက်ျားကို ဘာလို့ ဒီလောက်တောင် ယုံကြည်နေရတာလဲ..။

ဘာဖြစ်ဖြစ် ဒီမိန်းကလေး အကြောက်အလန့်ကိုမရှိတာပါ။

"အဟမ်း .."

ချောင်းတစ်ချက်ဟန့်ပြီး အသံပေးကြည့်သည်။ သူမ တုပ်တုပ်မှ မလှုပ်..။

အိပ်ပျော်နေမှာပေါ့ .. ဘာမှမစားသောက်ဘဲ ဒီလောက်နေမှတော့ လှဲလိုက်တာနဲ့ ဗုန်းဗုန်းလဲပြီးသားဖြစ်မှာပင် ..။

'မတတ်နိုင်ဘူး ရွှေ .. ငါလည်း ငါ့ဝမ်းပူဆာ မနေသာပဲ .. ဟဲ.. ဟဲ..'

တီးတိုးရေရွတ်ရင်း ရှေ့ကိုတိုးလာခဲ့၏။ လည်ကုပ်က ယားသလိုလို ကျောထဲမှာ ပိုးကောင်တွေတတ်လာသလိုလို ချက်ချင်းဖြစ်လာသည့် ခံစားချက်ကြောင့် ပြုံးလိုက်မိသည်။





ဒါ ရင်ခုန်တာလား ..၊

မဟုတ်သေးပါဘူး ..။ လူပျိုကြီးဆိုပေမယ့် သူ အတွေ့အကြုံမရှိတာမှ မဟုတ်တာဘဲ .. ဒါဆိုဘာလဲ ..။

ကိုယ့်ရင်ခုန်သံတွေကို ပြန်စဉ်းစားရင်း မကြီးမငယ်နှင့် ရှက်မိသလိုလို ..။

"အ .. ယားလိုက်တာဟ .."

ရှက်ပိုးတွေ ထနေတာလားလို့တွေးရင်း ကိုယ့်ကိုယ်ကိုယ် ဆန်းစစ်ရင်း ယားတာက ပိုဆိုးလာသည်။

"ကောင်းတယ် .. ကိုယ့်ရဲ့ သတို့သမီးနားကို အင်္ကျီမပါဘဲသွားနိုင်းနေတာ .."

နောက်တစ်မျိုးတွေး၍ ဝတ်ထားသည့်အင်္ကျီကို ကြယ်သီးဖြုတ်ပြီး ပခုံးတွေပေါ်ထိ ရင်ဖွင့်ထားလိုက်၏။

ပြီးတော့ ခုတင်ဘေးမှာ ထိုင်လိုက်ကာ ဆံပင်တွေတစ်ထွေးကြီးပုံကျလျက် ရွှေထုပ်လေး အိပ်နေတာကို မက်မက်မောမော ကြည့်မိသည်။

"လှလိုက်တဲ့ ဆံပင်တွေ .. ငါ့လို ကဗျာမဆန်တတ်တဲ့လူတောင်မှ လှမှန်းသိတာ၊ ရောင်းစားလိုက်ရင် မနည်းဘူးရမှာ .. မိန်းမရော – ရွှေတွေရော .. ဆံပင်တွေရော ဟီး .. ဟီး .."

မက်မောစိတ်တွေနှင့် ဆံပင်တွေကို ကောက်ယူပြီး နမ်းလိုက်မိလျှင်..။

"ဟား .. ဟ .. ဟက်ချိုး .."

နှာခေါင်းထဲကို ဆံပင်မွှေးတွေ ဝင်သွားသလိုလို၊ ရေတ်မှုန့်တွေဝင်သွားသလား .. တစ်ခုခုသည် ..၊

"အောင်မယ်လေးဗျ .."

နှာချေသံကြောင့် ရွှေထုပ်လေး နိုးသွားမှာစိုးကာ ခုတင်ပေါ်မှာထိုင်ရင်းကနေ ကမန်းကတန်းထရပ်လိုက်သဖြင့် ခြေထောက်က ဒက်ရာကြောင့် ထိုင်လျက်ပြန်ကျကာ ..၊

"သေပါပြီ .. အောင်မယ်လေး .. အား .. အ .."

ခြေထောက်ကနာတာတစ်မျိုး၊ တစ်ကိုယ်လုံး ယားတာကပိုဆိုး



www.burmeseclassic.com

www.burmeseclassic.com



လာကာ အင်္ကျီကိုလုံးဝချွတ်ပစ်လိုက်ရခြင်းသို့ရောက်ကာ ..။

"သွားစမ်း .."

လုံးထွေးပစ်ပေါက်လိုက်ပြီး အပေါ်ပိုင်းကိုယ်ဗလာနှင့် ရွှေထုပ်လေး ဘက်လှည့်သည်။

"ဒါတောင် နင်က မနိုးဘူးဟုတ်လား၊ အေးဆေးအိပ်နေနိုင်တယ်ပေါ့ .. ကောင်းတယ် ဒီည နင်က ငါ့အစာပဲ .."

ရွှေထုပ်လေး ရဲ့ ပခုံးနှစ်ဖက်ကိုကိုင်ကာ အားပါးတရမွှေ့ဖက်မည် ပြင်လိုက်စဉ် ..။

"အား .. ဟား .."

ခေါသတကြီး တက်ခေါက်ကာ ကျောပြင်ကို လှည့်ကုတ်နေမိသည်။ ကုတ်နေရင်း လက်ကမမီသဖြင့် တိုင်နဲ့ကျောနဲ့ကပ်ပြီး ပွေးပွတ်နေရသည်။

"တောက် .. လူစင်စစ်ကနေ တိရစ္ဆာန်လုံးလုံးဖြစ်နေပြီ .."

ကျောကယားနေရရင်း လည်ပင်းက ယားၧ။ ပြီးတော့ ကျောပြင်ဆီ ပြန်ရောက်ကာ နောက်ဆုံး ရေစည်ရှိရာ ပြေးဆင်းပြီး ရေတဝုန်းဝုန်း ခပ်ချိုးပစ်လိုက်ရသည်။

"ဒီတစ်ခါလာထား .."

ချမ်းသလိုဖြစ်လာကာ ခေါင်းစွတ်အင်္ကျီလက်ရှည်ကို ဝတ်၍ အခန်းထဲ အကျအနပြန်ဝင်သည်။

"ဟ .."

အခန်းထဲရောက်တာနှင့် ကျောထဲကစစ်ခနဲ လည်ကုပ်ကဖျင်းခနဲ..။

ခုတင်ပေါ်ထိုင်မိသည့်အချိန်မှာ ဘယ်လိုမှ မနေနိုင်တော့ဘဲ ..။

"ဟား .. ဘယ်ကောင် ငါ့အိမ်ထဲလာပြီး ခွေးလေးယားသီးလာဖြူးသွားတာလဲ .. ဘယ်ကောင်လဲ .."

ရပ်ကွက်ထဲကလူတွေ ဒီလိုလုပ်ခဲ့ဖူးတာကို သတိရသွားၧ။

ခွေးလေးယားသီးခြောက်တွေကို အမှုန့်လုပ်ပြီး သူ လှမ်းထားသည့် အင်္ကျီတွေမှာ လာသုတ်သွားကြသဖြင့် သူ ဒီလိုအဖြစ်ဆိုးမျိုးနဲ့ တစ်ခါခံခဲ့ရဖူးၧ။





ဒါပေမယ့် အင်္ကျီအဝတ်အစားတွေကို သူ အပြင်မှာမလှန်းခဲ့တာ ကြာပြီပဲ ..။

တစ်ညလုံး အင်္ကျီလဲလိုက်၊ အခန်းထဲပြန်ဝင်လိုက်နှင့် နောက်ဆုံး ဒီတံခါးကို ဖြတ်တိုင်း ယားလာတာဟုတွေးမိပြီး တံခါးအပေါ်ဘောင်ကို စောင်တစ်ထည်နဲ့ သေချာထုပ်ပတ်ထားလိုက်ပြီး ခါးထောက်ရင်မော့ ကြည့်မိၧ။

"ကဲ .. ခုတော့ ဘာကောင်တွေခုန်ချနိုင်သေးလဲ .. အ .. အား .. သေပြီ .."

ကြိမ်းဝါးနေရင်း အခန်းထဲမဝင်ရသေးဘဲ ယားလာလေသည်။

ထိုတစ်ညလုံး သူမကို မရမချင်း မကျေမနပ်နိုင်ဘဲ တစ်ခါပြီးတစ်ခါ ကြိုးစားရင်း နောက်ဆုံး ဘာမှမကြိုးစားနိုင်တော့ဘဲ ကြမ်းပေါ်မှာ လူးလိမ့်ကုတ်ရတော့သည်။

ကိုယ်မှာ အဝတ်အစားမကပ်နိုင်တော့အောင် အော်ဟစ်လူးပျံနေရပေမယ့် ရွှေထုပ်လေး က တစ်ချက်လေးမှ မလှုပ် ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

"သွား .. နှင့်ဆံပင်တွေ သွားဖြတ်ချခဲ့ ..၊ အိမ်မှာအလုပ်လုပ်တာ ဆံပင်တွေ ဖိုးရိုးဖားရားနဲ့ အပ္ပသည်ရုပ်နဲ့ .."

"ဆံပင်တွေတော့ မဖြတ်ပါရစေနဲ့ ဦးလေးရယ် .."

"ဘာ ဦးလေးလဲ နှင့်ကို ငါ့ညီမလို့ပြောထားတာ .. အစ်ကိုကြီးလို့ ပြောင်းခေါ်စမ်း .."

ရွှေထုပ်လေး က သူ့ကို ဒီတိုင်းကြည့်နေသဖြင့်၊ ဒေါသတွေပိုတိုးလာကာ ပုလင်းခွံကြီးနဲ့ ကြမ်းပြင်ကို ဒုန်းခနဲ ဆောင့်ချလိုက်ကာ ..၊

"ဘာကြည့်နေတာလဲ လူကို .. ဟင် .. နှင့်ကြောင့် .. ငါ့မှာ .."

ကိုယ့်အကုသိုလ်နဲ့ကိုယ် ပြန်ပြောပြန်ရင်လည်း မကောင်း ..။

ကျောပြင်မှာ ကိုယ့်လက်သည်းချက်တွေနဲ့ တွေ့ကရာနဲ့ ကောက်ပွတ်ကောက်ခြစ်မိပြီး ပွန်းရှထားတာတွေ ဘယ်လောက်တောင် များပြားနေသလဲတော့မသိ ..။

ကျောတစ်ပြင်လုံး စပ်ဖျင်းနာကျင်နေကာ ကုန်းလိုက်ကော့လိုက်တာတောင် အော်နေရသည့်အဖြစ် ..။ နောက်ထပ်ပြီးတော့လည်း မစမ်းရဲတော့ဘဲ စိတ်မကျေနပ်သမျှ ဖြစ်ရသည့်ဒေါသတွေက သူမ အပေါ်မှာ





ပဲ အစုလိုက်အပြုံလိုက် ..၊

"ရွှေ .."

နောက်ထပ် မျက်လုံးပြူးကြီးနှင့် ခေါ်ကာ ..၊

"ရှော့ ကတ်ကြေး .."

"ဟင့်အင်း .."

"ဘာ ဟင့်အင်းလဲ .."

ချွမ်းခနဲကျလာသည့် ကတ်ကြေးကိုကြည့်၍ ရွှေထုပ်လေးက နောက်ထပ်ဆုတ်သည်။ သူမလေး ဒီကိုရောက်လာတည်းက ဒီဝတ်စုံနဲ့ပဲ နေကာ ချွတ်တာလဲတာလည်းမရှိ ..။

ရေမိုးချိုးတာလည်း မမြင်၊ ဒါပေမယ့် သူမ အနားမှာရှိနေတိုင်း ကြာညိုနံ့လေးသင်းနေတတ်ကာ သူမ မျက်နှာလေးမှာ စိတ်အိုက်ရှုပ်ထွေး၍ စွန်းထင်းသော ချွေးဆိုတာလည်း တစ်ခါမှရှိနေတာ မတွေ့ခဲ့ ..။

ခြေဖျားလေးတွေချည်းပေါ်နေအောင် ခြေဖမိုးပေါ်ပုံကျနေသည့် အဖြူရောင်ဘောင်းဘီအောက်ဖျားစတို့မှာတော့ ညစ်ပေနေသင့်သည် မဟုတ်ဘူးလား ..။

ဒါပေမယ့် ခြေဖျားကအစ ဘောင်းဘီစအဖျားထိ ဖြူဥဖွေးသန့်နေ၏။ နောက်ဆုတ်လိုက်သည့်ခြေထောက်လေးတွေကို ကြည့်လိုက်မိရင်း ကျော်ကြီး တစ်ချက်တော့ ငိုင်ကျသွား၏။

သူမ ဘယ်ကလာပြီး ဘယ်လိုဆုတောင်းကောင်းတွေရှိခဲ့လို့ ဒီလိုနေနိုင်တာလဲ ..။ မဟုတ်ဘူး .. သန့်ရှင်းနေအောင် နေတတ်တဲ့လူက သန့်ရှင်းတာပဲ ..။

သူမ ဘယ်လိုမိန်းကလေးမျိုးဖြစ်ဖြစ် ကိုယ့်အရိပ်အောက်မှာ ငြိမ်နေတဲ့ ရွှေထုပ်ကိုတော့ ရအောင်ယူထားရမည်သာ ..။

"ဆံပင်ကို လည်ပင်းကနေ ညှပ်ချပစ်လိုက် .. ပြီးရင် .."



www.burmeseclassic.com

www.burmeseclassic.com



"သား ဆံပင်တွေကို မညှပ်ဘူး .."

"ဘာ .."

"ဦးလေးခိုင်းတာတွေ သား လုပ်ပေးနေတာပဲ .."

"ဘာလုပ်ပေးတာလဲ .. နင့်ကိုခိုင်းပြီး ငါချည်းပဲလုပ်လိုက်ရတာ၊ နင်ဘာလုပ်ရတာရှိလဲ .. ပြီးတော့ ငါလိုချင်တာလည်း ဒါတွေမဟုတ်ဘူး .. စုန်းမလေးရဲ့ .."

မျိုးသိပ်မရနိုင်လွန်းတော့ ပြောချလိုက်မိသည်။ သူမကတော့ မျက်တောင်လေးပုတ်ခတ်ပုတ်ခတ်နဲ့ ဘာမှမသိ ..။ သိချင်တဲ့ပုံလည်းမပြ..။ ကြောက်ပြီဆိုတော့လည်း သူ့ခြေထောက်က သွေးတွေနဲ့ ဒဏ်ရာကို မြင်တာနဲ့ သတိတောင်လစ်သွားခဲ့သည်။ ကြောက်ရမှန်းမသိတော့ဘူး ဆိုရင်လည်း သရဲက သွားဖြီးပြတာတောင် ကြောက်ပါ့မလား ..။

"နင့်ကို လက်ခံထားရတာ ငါနစ်နာတယ်၊ အဲဒီတော့ .."

"သားရဲ့ ရွှေတွေကိုယူပါ .."

"ယူမှာ .. ဒါတွေယူဖို့ကလည်း ငါ့သဘောပါ၊ ချွတ်ယူလိုက်လို့ရတာတွေ၊ နင်ပေးမှ ငါရမှာမဟုတ်ဘူး၊ အခု အဲဒီဆံပင်တွေကို အရင်သွားဖြတ်လာခဲ့ .."

"ဟင့်အင်း .."

"ဘာပြောတယ် .."

"ဆံပင်မဖြတ်ဘူး .."

"အံမာ .."

"မလုပ်ပါနဲ့ .. ဆံပင်ကို မလုပ်ပါနဲ့ .."

ရွှေထုပ်လေး နောက်ဆုတ်ငြင်းဆန်နေသဖြင့် ကျော်ကြီး က ကက်ကြေးကို ကောက်ယူလိုက်၏။ သို့သော် ညက ဒဏ်ရာပြန်နာနေသဖြင့် ရုတ်တရက် မထနိုင်ဘဲဖြစ်နေလျှင် ရွှေထုပ်လေး အိမ်ပေါ်ကနေ ချာခနဲလှည့်





ပြေးလေသည်။

"ဟိတ် .. အံမာ .. အခု ပြန်လာခဲ့ ..၊ နင်လမ်းပေါ်မှာ အိပ်စရာနေရာမရှိဖြစ်သွားမယ် ဘာမှတ်လို့လဲ .. ရွှေ .."

ကျော်ကြီး ကြိမ်းမောင်းနေရင်း စိုးရိမ်စိတ်ဝင်လာ၏။ တန်ဖိုးမကြီးတာကို သူ့အရင်လောဘတက်မိလို့ ရွှေတွေပါ ပါသွားပြီမှန်းသိကာ နောင်တလည်းရ စိတ်တွေလည်း တိုကာ ..၊

"ရွှေ .. ငါ ဆံပင်တွေမယူတော့ဘူး ပြန်လာခဲ့ .."

ရွှေထုပ်လေး လှည့်ကြည့်လိုက်တော့ ကျော်ကြီး လှေကားပေါ်က ဆင်းလိုက်လာတာ မြင်လျှင် သူမ ဘယ်လိုမှ နေလို့မရတော့တာကို သိလိုက်၏။

ထို့ကြောင့် ဖွင့်လျက်သားရှိသည့် ခြံတံခါးကနေ အပြင်ကို အားသွန်ခွန်စိုက် ပြေးထွက်လိုက်လျှင် ..

"ဟာ .."

"အမေ့ .."

လူတစ်ယောက်နှင့် အင့်ခနဲပစ်တိုက်၏။ ကိုယ့်အရှိန်နှင့်ကိုယ်တိုက်မိလိုက်သည့်အခိုက်မှာ ခေါင်းထဲမှာ မိုက်ခနဲဖြစ်သွားသည်။

ပြင်းထန်သော ထိခတ်မှုနှစ်ရပ်ဆုံမိသလို သူမ တစ်ကိုယ်လုံး ပက်ခနဲလန်ထွက်သွားလျှင် မြဲစေ က လက်မောင်းတစ်ဖက်ကို ပြန်ဆွဲထားလိုက်၏။

ထိုအခါ သူမကို ထိန်းကိုင်လျက်သားနှင့် နောက်ပြန်နှစ်လှမ်းလောက်ဆုတ်သွားခဲ့၏။

"ဟေး .. ပြန်လာခဲ့စမ်း .."

ရွှေထုပ်လေး မူးမူးမိုက်မိုက်ဖြစ်နေပေမယ့် ကျော်ကြီး အသံကြားလိုက်တာနှင့် နောက်ကို အလန့်တကြားလှည့်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ .. မြစေ ကို မော့ကြည့်ကာ ရန်းထွက်သွားခဲ့ပြီး ...

"အံမာ .. ပြန်မလာဘူးဟုတ်လား၊ သူခိုးမ .. ငါ့ ရွှေတွေခိုးပြေးတာ၊ နင်ပြေးလို့ လွတ်မယ်ထင်သလား .."

မဟုတ်ဘူး သား မခိုးပါဘူး ...၊

ကျော်ကြီး ပြောသမျှကို ကြားနေရသဖြင့် ရွှေထုပ်လေး မနားတမ်းပြေးသည်။ ခြေထောက်မှာ ဖိနပ်မပါတာကိုလည်း သတိမရ ..။

မျက်လုံးတွေ ပြာလာအောင် မောနေတာကိုလည်း နားရမှန်းမသိ..။

ဆံပင်တွေကိုလည်း မဖြတ်နိုင်၊ သူခိုးမအဖြစ်လည်း အဖမ်းမခံနိုင်ပါ။ သူခိုးအော်ပြီးပြေးလိုက်ကြသည့် လူတွေလက်ထဲမှာ တုတ်တွေ၊ ဓားတွေကိုင်ထားကြတာ သူမ မြင်ခဲ့သည်။

သူမကို သူခိုးမပါဆိုပြီး ဦးကျော်ကြီး ဆွဲခေါ်ပြလိုက်တာနှင့် ဒီလူတွေက ဝိုင်းဝန်းခုတ်ထစ်ကြမှာဖြစ်၏။

မနားနဲ့ ရွှေထုပ်လေး .. ပြေးထားစမ်း ...၊

"တောက် .."

ကျော်ကြီး ခြေထောက်က နာနေသဖြင့် ဆက်လည်းမလိုက်နိုင်တော့ပေ ..။ ရွှေထုပ်လေး ပြေးသွားသည့်ကျောပြင်လေးနဲ့ ဆံနွယ်တွေ တလွင့်လွင့်ကို မချိတင်ကဲ ငေးကြည့်နေရင်း ရောက်သည့်နေရာမှာပဲ ရပ်လျက်ကျန်ရစ်၏။ နောက်ပြန်လှည့်လိုက်တော့ ရွှေ နဲ့ တိုက်မိသွားသည့်လူက ထိုနေရာမှာပဲ ရပ်နေဆဲရှိသဖြင့် ...၊

"ကိုယ့်လူက ဒီမှာ ဘာလုပ်နေသေးတာလဲ .."

မြစေ က သူ့လက်ထဲမှာ ပြုတ်ကျန်ရစ်ခဲ့သော ရွှေသော့တံခလေးကို ရူးစိုက်ကြည့်နေရင်း ဒီတိုင်းလျှောက်ထွက်သွား၏။

ကျော်ကြီး မျက်လုံးထဲမှာ လက်ခနဲ အရာတစ်ခုကို နေရောင်နှင့် မြင်လိုက်သဖြင့် တစ်စုံတစ်ခုကို တွေးမိသွား၏။ ထို့ကြောင့် ရပ်ကျန်ခဲ့





ပြီးမှ ပြေးလိုက်သွားကာ ...

"ဟေ့ .. အဲ့ဒါ .. ရွှေ .. ရွှေ .. ရွှေ ပေးခဲ့တာလား .. အဲဒါ .. ငါ့ဟာ .."

ပြောရင်း လက်ကို နောက်ကနေ ဖမ်းဆွဲထားလိုက်လျှင် ...၊

"အ .."

မြစေ လက်တစ်ဖက်လှုပ်ရှားသွားကာ၊ မျက်နှာချင်းဆိုင်လှည့်လိုက်သည့်အချိန်မှာ ကျော်ကြီး ရဲ့ အင်္ကျီရင်ဘတ်စကို သူ့လက်တစ်ဖက်နဲ့ ဆောင့်ဆွဲကိုင်ထားပြီး ဖြစ်လျက် ...၊

"နေ့ရော ညရော ခင်ဗျားအသံချည်းပဲ ကြားနေရတာ နားပူနေပြီ ...၊ ဒီညကစပြီး ခင်ဗျား ပါးစပ်ကိုပိတ် .."

"အ .."

"ခွပ် .."

အင်္ကျီကိုဆောင့်လွှတ်လိုက်ကာ မေးဖျားကို လက်ပြန်ရိုက်ထည့်လိုက်၏။ ကျော်ကြီး ဘာတစ်ခုမှ မတုံ့ပြန်နိုင်ဘဲ ဘိုင်းခနဲ ဖင်ထိုင်ပစ်လဲသွားလေသည်။

"ငါ့ကိုထိုးတယ် ဟုတ်လား .. မင်းကဘာလဲ .. ဘာမို့လို့လဲ .. သေကွာ .. သေစမ်း .."

လမ်းဆားက အုတ်ခဲကျိုး အကြီးအသေးနှစ်ခုကို ပြေးကောက်ကာ ထွက်သွားသည့်နောက်ကို ထော့ကျိုးခြေထောက်နှင့် အမီလိုက်သည်။

ပစ်မလွဲနေရာရောက်မှ ရပ်ကာ အုတ်ခဲကျိုးနဲ့ နောက်စေ့ကိုချိန်ပြီး လွှဲပေါက်လိုက်၏။ မြစေ က နောက်ကို မျက်နှာအနည်းငယ်ငဲ့ကြည့်လိုက်ပြီး တစ်ခုခုနဲ့ ပစ်လိုက်မှန်းသိတာနှင့် ခေါင်းငုံ့ရှောင်လိုက်၏။

အုတ်ခဲကျိုးက ရှီးခနဲဖြတ်ပြေးသွား၏။ နောက်ထပ်တစ်ခု ပေါ်ဖို့ပြင်လျှင် ပတ်ဝန်းကျင်က လူငယ်နှစ်ယောက်ပြေးထွက်လာပြီး ကျော်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ကို အော်ဟစ်တားဆီး၏။

"ဦးကျော် .. ခင်ဗျားကလည်း လွန်တယ်ဗျာ .. ညွှသည်ကိုလည်း ချမ်းသာမပေးဘူး .."

သူ့လက်ထဲက အုတ်ခဲကျိုးကိုဆွဲလုလွှင့်ပစ်လိုက်လျှင် ကျော်ကြီး မျက်လုံးကြီးတွေ ပြူးထွက်လာ၏။ ပြီးတော့ အေးဆေးလျှောက်ထွက်သွားသည့် မြစေ ကျောပြင်ကို လှမ်းကြည့်ပြီး တက်ခေါက်ကာ ...

"ဘာညွှသည်လဲ .. ဒီကောင် ဘာတွေပြောသွားလဲ .. မင်းတို့ ကြားလို့လား .."

"မကြားလည်းသိတယ်ဗျ .."

"ခင်ဗျား အသံကို လမ်းထဲမှာ မကြားချင်မှအဆုံး၊ ဘယ်နှယ်သူများတွေက အရက်ရောင်းရင် အရက်ပေါ်မှာသစ္စာရှိတယ်၊ ပိုပြီး လူရိုသေလာအောင်နေတယ်၊ ခင်ဗျားကျမှပဲ အရက်စက်ရုံမှာလုပ်တာနဲ့ပဲ ပုလင်းထောင်ပြီး အကြိုက်သောင်းကျန်းနေတယ် .."

"ဟေ့ကောင်တွေ မဆီမဆိုင်လျှောက်ပြောမနေနဲ့၊ ဟိုကောင် ငါ့ကို ကြိမ်းလားမောင်းလားလုပ်ပြီး စထိုးတာ .."

"ခင်ဗျားသွားစတာ ကျုပ်တို့ မြင်နေတာပဲ .."

ပြဿနာဖြစ်လာပြီဆို သူ့ဘက်က ဘယ်သူမှမရှိ။ အဲဒါ ဘယ်သူလွန်တာလဲဆိုတာကျတော့ သူ မမြင်ပေ။ ဒါပေမယ့် သူ့အတွက် ဆုံးရှုံးသွားရခြင်းတွေကိုတော့ တွက်ကြည့်ရင်း နှမြောရင်းနှင့် ...၊

"မဖြစ်ဘူး .. ဒီကောင်မလေး ဘယ်မှသွားတတ်မှာမဟုတ်ဘူး၊ ငါ အလွယ်လေး ပြန်ဖမ်းလာလို့ရတယ်၊ မတွေ့တွေ့အောင်ရှာမယ် .. ရွှေတွေ ငါပဲရမယ်၊ ငါပိုင်ပြီးသားတွေ ငါရအောင်ပြန်ယူမယ် .."

တစ်ယောက်တည်းကြိမ်းဝါးနေရင်း အရူးတစ်ပိုင်းဖြစ်နေလေသည်။ မရတော့ဘူးဆိုမှ အကျီလေးဖားဖား ရွှေခြေချင်းလေးတဝင်းဝင်းနှင့်





ကောင်မလေးကို မြင်ယောင်နေတာ ဖျောက်လို့မရ ...။

ရတနာထုပ်လေး ရတနာထုပ်လေး ငါ့အိမ်ပေါ်ရောက်လာတာကို ငါမိုက်တာ ...၊ အဆီကိုစားပြီး အသားကိုလည်း မျိုလို့ရတယ်၊ ဒါပေမယ့် ငါ ဘာမှမရလိုက်ဘူး ...။

မရလို့မဖြစ်ဘူး၊ ငါက ကောက်ကျစ်တဲ့ ရွှဲကုန်သည်မဟုတ်ဘူး၊ ငါ တော့းမဟုတ်ဘူး ...၊

နေ့ချင်းညချင်း သွက်သွက်ခါရူးသွပ်သွားပြီလား ...။ သူကိုယ်သူ သတိရပေမယ့် မထိန်းနိုင်တော့ပေ။ မြင်နေတာက ရွှေတွေတဝင်းဝင်းနဲ့ ကောင်မလေး ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

"မမကြီး ဘယ်လိုနေသေးလဲ ဦးဓေ .."

"ဒီလိုပါပဲ .."

ဦးဓေ္ဓ မျက်နှာမသာမယာနှင့် အခန်းထဲက ထွက်သွား၏။ ဒေါ်ခတ္တာ လည်း မျက်ရည်တဝဲဝဲနှင့် ဘာမှဆက်မမေးရဲဘဲ ကျန်ခဲ့လေသည်။

'ငါ့မြေးလေး .. တစ်ခုခုထိခိုက်ခဲ့ရင် နင်တို့မလွယ်ဘူး' လို့ တင်းကျပ်ကြိမ်းဝါးခဲ့ပေမယ့် တကယ်တမ်းကျတော့ ဘယ်သူ့ကိုမှ အပြစ်မပေးခဲ့ရှာပါ။

ဒီစံအိမ်ကြီးဟာ 'ရွှေစံအိမ်' ဖြစ်ပေမယ့် 'မေတ္တာစံအိမ်' ကြီးဆိုလျှင် ပိုမှန်မှာပါ။ အရှင်သခင်တွေကစပြီး အောက်ခြေအလုပ်သမားတွေ အထိ တစ်ဦးအပေါ် လေးစားချစ်ခင်ကြသည်။

မမကြီး ဒီလိုဖြစ်နေတည်းက စံအိမ်ကြီးတစ်ခုလုံး ဘယ်သူမှ မပျော်ရွှင်ကြသလို ရွှေထုပ်လေး နဲ့ အမြဲအတူနေကြသည့် မိန်းကလေးတွေကဆို ကစားချိန်လည်းငို၊ စားသောက်ချိန်တိုင်းလည်း ငို ..၊

"မမကြီး ဒီနေ့လည်း ဘာမှမစားဘူးလားဟင် ကြီးကြီး .."

နောက်ထပ် မယ်နီ တို့ရောက်လာကြတော့ ဒေါ်ခတ္တာ ခေါင်းပဲခါပြမိကာ ..၊





"တာဉ တို့ ရှင်ငြိမ်း တို့ကို ပြောထားစမ်း၊ မမကြီးရှေ့မှာ ကလေး အကြောင်းမမေးဘဲ မပြောနဲ့ .. မျက်ရည်မကျကြနဲ့လို့ .."

"ဟုတ်ကဲ့ပါ .."

ဒေါ်နဲ့သာမွှေး ကတော့ 'မြေးလေး ခလုတ်မထိ ဆူးမငြိပါစေနဲ့' လို့သာ တတွတ်တွတ်ဆုတောင်းနေကာ ..၊

"ငါ့မြေးလေးကို အမြန်ဆုံးတွေ့အောင် လူခွဲရှာကြပါ၊ ငါ့မြေးလေး က ဘာမှသိတာမဟုတ်ဘူး၊ ပိုက်ဆံတောင်ကိုင်မသုံးခဲ့ဖူးဘူး၊ ဒုက္ခအကြီး အကျယ်တွေ့ပါပြီကွယ် .. ငါ .. ငါမှားတာ၊ ငါစေတနာတွေပိုမိတာ၊ မြေးလေး ငါ့ကိုမုန်းသွားပြီ .."

ဒီစကားတွေကိုပဲ ထပ်တလဲလဲ ရွတ်နေခဲ့၏။

"မြို့နယ်အပိုင်ရဲစခန်းတွေကို ဓာတ်ပုံပို့ပြီး တိတ်တဆိတ် စုံစမ်း ပေးဖို့ အမှုဖွင့်ထားစမ်း၊ တာဝန်ရှိသူတွေကလွဲပြီး တခြားလူမသိစေနဲ့ လို့၊ အဲ့ဒီအတွက် ကြိုက်သလိုကုန်ပေ့စေ .. ပုံချပေး .."

"မမကြီး ကျန်းမာရေးကို ဂရုစိုက်ပါ၊ ကလေးကိစ္စအရမ်းလည်း စိတ်မပူပါနဲ့၊ ကျွန်တော်တို့ကလေးလေးက သူ့ကို စောင့်ရှောက်မယ့် ပုဂ္ဂိုလ်တွေရှိနေတယ်လို့ ဆရာကြီး ဟောသွားတာပဲ .."

"ဆရာကြီးက အိမ်ထိကြွလာပြီး ငါ့ကို သတိပေးခဲ့တယ်၊ ငါတို့ က လုံခြုံအောင် မကာကွယ်နိုင်ခဲ့ဘူး .."

"ဒီလိုမဟုတ်ပါဘူး မမကြီးရယ် .. ကျွန်တော်တို့ စိုးရိမ်လို့ပဲ ကာကွယ်ဖို့ကြိုးစားခဲ့ကြတာပါ၊ ဒါကိုတားနိုင်ဖို့ကတော့ .."

"ငါ့ကြောင့် .. ငါ အစွန်းရောက်ခဲ့တာ .."

မျက်ရည်တွေ ဝေ့ဝဲလာလိုက်၊ 'ငါ့မြေးလေး ဒုက္ခရောက်လိမ့်မယ်' ပြောပြီး သတိတရသုတ်ပစ်လိုက် ..၊

"မြို့ပေါ်မှာ ငါတို့အိမ်မှာ ဝင်ထွက်ဖူးတဲ့ လူတွေကို အကုန်လုံးဆက် သွယ်ပြီး အကြောင်းကြားထား၊ ငါ့မြေးလေးကိစ္စကို တိုးတိုးတိတ်တိတ် စုံစမ်းပေးဖို့၊ မြေးလေးရောက်လာရင်လည်း အကြောင်းကြားဖို့ .."

"အဲဒါတွေ ကျွန်တော် လုပ်ပြီးပါပြီ .. ကလေးအတွက်အန္တရာယ်



www.burmeseclassic.com

www.burmeseclassic.com



ပြန်မဖြစ်အောင် သေချာသတင်းဖြန့်ထားပါတယ်၊ သိပ်မကြာခင် ကလေးကိုတွေ့ရမှာပါ၊ ဒါပေမယ့် ..."

"ဟင် .. ဒါပေမယ့် ဘာလဲ .."

ဦးဝေဠု က မျက်နှာမကောင်းစွာရှိရင်း ခေါနံ့သာမွှေး ကို တောင်းပန်သလိုကြည့်ကာ ...၊

"ကလေးက သူ့ဖူးစာဖက်နဲ့များ ဆုံဆည်းနေခဲ့ရင် .."

"တော်ပြီ တော်ပြီ .. အဲဒါတွေ ထားလိုက်ပါဦး .."

ခေါနံ့သာမွှေး က ဒရင်းဘတ်ဒ်ပေါ်မှာ ခပ်လျော့လျော့လှဲနေရာကနေ လက်ကာတားဆီး၍ ...

"ငါ့ကို နောက်ထပ်သောကများဖို့တွေ မပြောကြပါနဲ့၊ ငါ ရူးသွားလိမ့်မယ် .."

ဦးဝေဠု ဘာမှမပြောတော့ဘဲ ပါးစပ်ပိတ်နေလိုက်၏။ ခေါနံ့သာမွှေး ဘယ်လောက်ထိ သောကတွေများနေခဲ့ရသလဲဆိုလျှင် တစ်ယောက်တည်း စကားတွေပြောလိုပြော၊ ဦးဝေဠု ကိုလည်း နင်တွေ ငါတွေနဲ့ပြော၍ ငိုယိုတောင်းပန်လို့တောင်းပန် ...။

ဒုက္ခပင်လယ်ဝေနေရသည့် မိခင်တစ်ယောက်ကဲ့သို့ သားသမီးအတွက် လူတိုင်းကို ပြေးဖက်အကူအညီတောင်းချင်နေတာမျိုး ...။

အိမ်ကထွက်သွားသည့် မိန်းကလေးဟာ အိမ်နေရင်း အင်္ကျီဘောင်းဘီတွေနဲ့ပဲဖြစ်ကာ ပိုက်ဆံတစ်ပြားတစ်ချပ်မှလည်း ယူမသွား၊ အင်္ကျီအဝတ်စား ဘာဆိုဘာမှ ယူမသွားခဲ့ဘဲ လက်ချည်းသက်သက်နှင့်မှန်း သိနေတော့ ဘယ်လိုမှ ဖြေမဆည်နိုင် ...။

"ဘာမှကို ကြောက်ရလန့်ရမှန်းမသိတာ၊ သူ တစ်ခါမှလည်း မလှတာ မဝတာတွေ မရှိစကား ကြားဖူးခဲ့တာမဟုတ်ဘဲ ပိုက်ဆံမပါရင် ငတ်မှာလည်း မပူဘူး၊ ဘယ်မှာနေရမလဲဆိုတာလည်း မတွေးဘဲ လုပ်သွားတာ၊ ကိုယ်ပေါ်မှာ ပါသွားတာတွေကို ရောင်းချစားဖို့တောင်မှ သိပါ့မလား .."

လူကြီးတွေက အားလုံးကို ကြိုတင်တွက်မိနေပြီမို့ သူမအတွက်





ငိုကြွေးပူလောင်နေကြပေမယ့် လူတွေအများဆုံး မြို့လယ်ခေါင်ကိုရောက်နေသည့် ရွှေထုပ်လေး ကတော့ ရွှေဆိုင်ရှေ့မှာ ...၊

"ခြေချင်းက တစ်ဖက်တည်းလား .."

"နှစ်ဖက်ပါ .."

"နှစ်ဖက်ရှိရင် နှစ်ဖက်စလုံးရောင်းမှဖြစ်မယ်၊ ဒီလက်ရာမျိုးကို လိုက်တုလို့ရပေမယ့် ကွဲပြားတာကတော့ ရှိနေမှာပဲလေ .. အဲ့ဒါကြောင့် တစ်ဖက်တည်းတော့ မဖြစ်ဘူး .."

"နှစ်ဖက်စလုံး .."

ခြေချင်းတစ်ဖက် ချွတ်ရတာတောင် ခြေဖဝါးက ဒဏ်ရာတွေပေါ် ဒဏ်ရာဆင့်ကာ တော်တော်အနာခံခဲ့ရသည်။ ဒါပေမယ့် နှစ်ဖက်မှဆိုတော့လည်း ချွတ်ရတော့မှာဖြစ်ကာ ...၊

"ခဏလေးနော် .."

ဘောင်းဘီအနားစလေးမှာ စုလုံးချည်ထားသည့် ကြိုးစကို ငုံ့ပြီး ဖြေနေတော့ ဆိုင်ရှင်အမျိုးသမီးက အပြင်ထွက်လာပြီးကြည့်သည်။ ပြီးတော့ သူမ တစ်ကိုယ်လုံးနဲ့ ခြေချင်းကို ဘောင်းဘီအနားစထဲ ထည့်ဝှက်ထားပုံကို အကဲခတ်ပြီး ...၊

"ပစ္စည်းမှာ ရွှေ ဆိုတဲ့ တံဆိပ်ပါတယ်၊ ဘယ်ဆိုင်ကလဲ .."

"ဆိုင်ကမဟုတ်ပါဘူး၊ သားတို့ ဘိုးဘွားပိုင်ပစ္စည်းပါ .."

ရွှေထုပ်လေး က ကိုယ့်ဘာသာအလုပ်ရှုပ်နေရင်း မော့မကြည့်ဘဲ ဖြေသည်။ ကျောထက်က ဆံနွယ်ရှည်တွေကို ခါးနောက်က လက်ပြန်သိမ်း၍ ရင်ခွင်ထဲထည့်ထားသဖြင့် သူမ ပုံစံလေးက သူခိုးဂျပိုးနဲ့တော့ မတူဘူးဖြစ်နေ၏။

ဒါပေမယ့် ခြေချင်းတစ်ဖက်ကိုပဲ လေးကျပ်ခွဲရှိသဖြင့် သူမကလည်း ဝတ်ထားနေကျပစ္စည်းလို ချွတ်နေတာကိုမြင်နေရကာ သံသယ များစွာနှင့် ဘာမှလည်းမမေးဖြစ် ...။

"ရော့ .."

"ညီမရဲ့ ပစ္စည်းတွေကို ညီမ တာဝန်ယူနိုင်တယ်ဆိုရင်တော့ ..



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ ညီမ ရောင်းသွားတယ်ဆိုတာ လိုအပ်တာလေးတွေတော့ လုပ်ပေးခဲ့မှဖြစ်မယ် ..”

ဘာတွေပြောနေမှန်း ရွှေထုပ်လေး နားမလည်ပေ။ ဒါပေမယ့် ပိုက်ဆံရှိမှ ဘာမဆိုဝယ်ယူနိုင်မှာဖြစ်မှန်း ပိုနားလည်လာသဖြင့် အရဲစွန့်ပြီး လာရောင်းခဲ့ခြင်းဖြစ်သည်။

ဒါတွေကို ဦးကျော်ကြီး ဆီက သူမ သိလာခဲ့တာပါ။

ကိုယ့်မှာ လိုအပ်ချက်တွေရှိလာလေ ငွေက လိုအပ်လာလေမို့ သူမ ဒီနေရာကို ရောက်လာခဲ့ရကာ ...၊

“ဟုတ်ကဲ့ .. လုပ်ပေးပါ့မယ်၊ အဲ့ဒါလေးကိုပဲ ဝယ်ပေးပါ ..”

ရွှေဆိုင်ပိုင်ရှင်က ခေါင်းညိတ်၍ ခြေချင်းနှစ်ဖက်ကို သေချာကိုင်ကြည့်နေစဉ် ...၊

“မိန်းမ .. မင်း ဘာလုပ်နေတာလဲ ..”

“ဟင်!..”

ရုတ်တရက် ပြေးလွှားရောက်လာသည့်လူက လက်တစ်ဖက်က ရွှေထုပ်လေး ကို ဆောင့်ဆွဲလိုက်ကာ တစ်ဖက်က ခြေချင်းနှစ်ဖက်ကို ဆိုင်ရှင်လက်ထဲကနေ ပြန်ဆွဲယူလိုက်ကာ ...၊

“မင်းကွာ ..ခုချိန်ထိ ကလေးဆန်ချင်တုန်းပဲ .. လာ ပြန်လိုက်ခဲ့”

“ဘာတွေပြောနေတာလဲ .. ရှင်တို့ကို သား မသိဘူး .. လွှတ်..”

“မမလေးကလည်းဗျာ .. မမလေး ထွက်သွားတာ ဂေဟာတစ်ခုလုံး မီးလောင်တာကျနေတာပဲ၊ ကျွန်တော်တို့ကို ခေါင်းမီးတောက်အောင် မလုပ်ပါနဲ့ တောင်းပန်ပါတယ် ..”

ဟင်!..၊

‘ဂေဟာ’ ဆိုတာတွေ ‘မမလေး’ ဆိုတဲ့အသုံးအနှုန်းတွေကြောင့် သူမ တစ်ချက်ကြောင်သွားမိသည်။ ဆွဲခေါ်လိုက်သူက သူမကို နောက်လူလက်ထဲ တွန်းပို့လိုက်ပြီး ...၊

“ဒီမှာ ခင်ဗျားတို့ အဲဒါမျိုးလာရောင်းတိုင်း လက်ခံနေရင် သူခိုးလက်ခံဖြစ်မယ်နော် .. ဒါ မိသားစုပိုင်ပစ္စည်းတွေ ..”





ဆိုင်ပိုင်ရှင်ကိုပါ ကြိမ်းဝါးပြီးမှ ခြေချင်းတွေကို ကုတ်အင်္ကျီရှည်ကြီး၏အိတ်ထဲ မာန်ပါပါထည့်လိုက်သည်။

“လာ ပြန်မယ် ..”

“ဘာလုပ်တာလဲ .. မဟုတ်ဘဲနဲ့၊ မမ .. မမ သူပြောတာမဟုတ်ဘူး ..”

သူမ နောက်ကျစွာ ငြင်းဆန်မိခြင်းဖြစ်ကာ လူတွေအများကြီးရှိနေကြသည့်ကြားထဲမှာပဲ နှုတ်ခမ်းမွေးစစနှင့် လူနှစ်ယောက်၏ ဆွဲခေါ်ရာနောက် ပါသွားခဲ့လေသည်။

“ကျွန်တော့်မိန်းမပါဗျာ .. သူ တစ်ခုခု အထင်လွဲပြီဆိုရင် ဖွတ်၊ ဘယ်သူဘယ်လို ရှင်းပြလို့မှ တိုးမပေါက်ဘူး ..”

အရစ်ပိုမြင့်၍ မျက်နှာကျပုံ ခပ်သန့်သန့်နှင့်လူက အနီးကပ်ဆုံးရှိနေသည့် လူတစ်ချို့ကို တမင်ကြားအောင် ပြောသွားသေးသည်။

ပြီးတော့ သူတို့ကားရပ်ထားခဲ့သည့်နေရာထိ အတင်းတွန်းထိုးခေါ်သွားခဲ့ပြီ ...။

“ကားထဲ ထည့်လိုက် သူ့ကို ..”

“တံခါးဖွင့်ပေးလေ ..”

ရွှေထုပ်လေး ကို အမိက ချုပ်ထားရသည့်လူက ကားတံခါးမဖွင့်နိုင်သဖြင့် ထိုသူက တံခါးဆွဲဖွင့်၏။ သို့သော် ...

“ဟ ..”

တံခါးက ဖွင့်လို့မရ ...၊

“မင်း လော့ခ်ချခဲ့တာလား ..”

“မချပါဘူး၊ ချက်ချင်းဆွဲထည့်ရမယ်မှန်းသိလို့ တမင်ဒီတိုင်းထားခဲ့တာဟာ ...၊ ကားပေါ်မှာ ကျန်ခဲ့တဲ့ ဟိုကောင်ဘယ်ရောက်သွားလဲမသိဘူး ..”

“သူ ကားထဲမှာ အိပ်နေတယ် ..”

ဟင်!..၊

ဘယ်ကအသံမှန်းမသိဘဲ နှစ်ယောက်စလုံးကြောင်တောင်တောင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားကြသည်။ ပြီးတော့ ဆောဘီကို လှည့်ပတ်ကြည့်မိလျှင် ...၊

"ဒါ ရှာနေတာလား .."

ကားသော့ကို လက်ချောင်းနဲ့ချိတ်ထားကာ သူတို့မြင်ပြီဆိုမှ အပေါ်အနည်းငယ်မြှောက်၍ ပြန်ဖမ်းထားလိုက်၏။

"ဟေ့ကောင် .. မင်း ဘယ်သူလဲ .."

"သူ့ယောကျ်ား .."

"ဘာကွ .."

"ဟား .. ဟား .. ဟား .."

မျက်နှာမော့၍ ဟားတိုက်ရယ်လိုက်တာပေမယ့် အသံညက်ညက်က နားထဲမှာ စွဲကျန်လောက်အောင် တစ်မျိုးတစ်မည်ထူးခြားနေ၏။ ဒီကောင် မဲလုံး ကို တစ်ခုခုလုပ်ပြီး ကားသော့ကို ဖြုတ်ယူထားလိုက်တာပဲ ...။

"ငါတို့ပြဿနာမဖြစ်ချင်ဘူး .. မင်းဘယ်သူလဲ .."

"သူ့ယောကျ်ားပါဆို .. ဘာလဲ .. မင်းတို့တောင် သူ့ယောကျ်ား ဖြစ်နိုင်သေးရင် ငါလည်း ဖြစ်လို့ရတာပဲ .."

သူတို့နှစ်ယောက်ဆီကနေ ကောင်မလေးထံ ရောခနဲကျသွားသည့် အကြည့်တွေက စူးရှသည်။ ဒါပေမယ့် ခဏပဲဖြစ်ကာ ...၊

"ဒုတ် .. ဒုတ် .."

ကားလော့ခ်တွေကို ဖြုတ်ပေးလိုက်ပြီး ...၊

"သူ့ကို ကားထဲထည့်လိုက် .."

"ထည့်ရမှာပေါ့ .. ပြီးမှ မင်းနဲ့ ရှင်းမယ် .."

ခေါင်းဆောင်က တံခါးဖွင့်ပေးလျှင် ရွှေထုပ်လေး ကို ချုပ်ထားသူက သူမကို ကားထဲတွန်းထည့်လိုက်သည်။ သို့သော် ဒီဘက်ကို ပြန်လှည့်လိုက်သည်နှင့် ...၊

"ဖောင်း .."

ပြင်းထန်သည့် ရိုက်ချက်ကြောင့် ထိုလူ မျက်နှာရောလူပါ တစ်ဖက်လည်သွား၏။ တံခါးဖွင့်ပေးထားသည့်လူ ဒေါခနဲဖြစ်သွားကာ လှုပ်





ရှားမည်ဟန်ပြင်လိုက်၏။

သို့သော် တံခါးကို မလွှတ်သေးဘဲ ထားလိုက်တာ သူ့ခများဖြစ်စေတော့ ဆောင့်ကန်ပိတ်ပစ်လိုက်သည့်တံခါး၏အရှိန်အောက်ကို လူပါပါသွားခဲ့၏။

"အား .."

လက်ဖဝါးတစ်ခုလုံး တံခါးနဲ့ ညပ်သွား၏။ ပြန်ဖွင့်ပြီး နှုတ်ဖို့ပြင်လျှင် လူစိမ်းက တံခါးကို ခြေထောက်တစ်ဖက်နဲ့ လှမ်းထောက်ထားလိုက်ကာ ...၊

"ကိုယ့်ကိုယ်ကိုယ် သိပ်လည်နေပြီ မထင်နဲ့ .."

လူစိမ်းက သူ့နားမှာ ထိကပ်မတတ်တိုး၍ ကုတ်အင်္ကျီထဲက ရွှေခြေချင်းတွေကိုပါ အသာလေးနှိုက်ယူလိုက်သည်။

"မြို့ကြီးပြကြီးမှာ အုတူတူအတာတလူတွေ ရောက်လာတာနဲ့ မင်းတို့ အကဲခတ်နိုင်သလို၊ မင်းတို့လိုကောင်တွေကို အကဲခတ်နိုင်တဲ့မျက်လုံးတွေ ပတ်ဝန်းကျင်မှာရှိနေတာ မမေ့နဲ့ .."

"ဟိတ်ကောင် .. မင်း .. မင်း .. အား .."

တံခါးကို နည်းနည်းပဲဟပြီး လူတစ်ကိုယ်လုံးကိုဆောင့်တွန်းပစ်လိုက်သဖြင့် ထိုလူ ဆွဲထုတ်လိုက်သည့် သူ့လက်သူပြန်ဆုပ်ကိုင်ပြီး မြေပြင်မှာ ဒူးထောက်ကျသွား၏။

"ဟိတ်ကောင် .. ဆင်းစမ်း .."

ကားနောက်ခန်းထဲမှာ သတိရနေပြီဖြစ်သည့် မဲလုံး ဆိုသူကို ဆွဲထုတ်ပစ်လိုက်ပြီး တံခါးကို ဆောင့်ပိတ်လိုက်၏။ သူတို့ ဘာမှမတတ်နိုင်လိုက်ဘဲ လူစိမ်းက ကားထဲရောက်သွားပြီဖြစ်ကာ ...၊

"မှတ်ထား .. ငါ့နာမည် မြဲစေ .. ဒီကားကို နောက်တစ်နာရီကြာရင် လှည်းတန်းမီးပွိုင့်မှာ လာယူ .."

"ဟာ .. မလုပ်နဲ့လေ .. ဟိတ်ကောင် .. မင်း ."

ဟိုလူတွေ အော်ဟစ်ကျန်ခဲ့တာကို ရွှေထုပ်လေး ကားပေါ်ကနေ လည်ပင်းလေးလိမ်နေအောင် လှည့်ကြည့်နေ၏။ သူမကို မြဲစေ မှန်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ကနေ စူးစိုက်ကြည့်နေခဲ့လျက် သူ့ကို ဝင်တိုက်ပြီးထွက်ပြေးသွားသည့် မိန်းကလေးမှန်းသိနေသည်မှလွဲ၍ သူမကို ဘယ်လိုမှ ခန့်မှန်းလို့မရဘဲ ရှိနေကာ ..၊

"ဒါနဲ့ .. ရှင်က .."

သူ့ဘက်ကို ဖျတ်ခနဲလှည့်ကြည့်လာကာ မေးခွန်းကလည်း တစ်ထပ်တည်းပါလာ၏။

"ဘာဖြစ်လို့ သားရဲ့ ယောကျ်ားလုပ်လိုက်တာလဲ၊ ရှင်တို့မြို့ပေါ်မှာ ကိုယ်နဲ့ဘာမှမဆိုင်တဲ့ မိန်းမတစ်ယောက်ကို သူကလည်း ငါ့မိန်းမ၊ သူကလည်း ငါ့မိန်းမ .."

"အဲဒီတော့ မင်းက ဘယ်သူ့မိန်းမ ဖြစ်ချင်နေတာလဲ .."

"ဘယ်သူ့မိန်းမမှ မဖြစ်ချင်ပါဘူး၊ သားက သူတို့ကို သိတောင်မှမသိတာ .."

"မသိရင်လည်း မသိတဲ့အကြောင်းပြောပြီး လူတွေကို အကူအညီတောင်းပေါ့ကွ .."

"မသိဘူးလို့ပြောနေတာပဲ အားလုံးက ဒီတိုင်းပဲကြည့်နေကြတာ၊ သူတို့က ဒီတိုင်းပဲလားဟင် .. တခြားမိန်းကလေးတွေကိုလည်း ယောကျ်ားတွေက ဝိုင်းလုနေကြတာပဲလား၊ ဘယ်သူတွေဝိုင်းလုနေနေ လူတွေကလည်း ကြည့်နေတာပဲလား .."

သူမ မေးနေတာကိုမဖြေဘဲ မြစေ က ကားကိုလမ်းဘေးမှာ ထိုးရပ်ပစ်လိုက်သည်။

ကားရပ်သွားမှ ရွှေထုပ်လေး ပတ်ဝန်းကျင်ကို ခေါင်းထောင်ကြည့်ဖော်ရကာ ..၊

"ဘာဖြစ်သွားတာလဲဟင် .. နောက်ထပ်ဘယ်သူရောက်လာလို့လဲ.."

"ဟုတ်တယ် .. မင်းကို တစ်တိုင်းပြည်လုံးမှာရှိတဲ့ ယောကျ်ားတွေဝိုင်းလုကြတော့မှာ .. အဲဒီတော့ ခု ဆင်းလိုက်တော့ .."

"ဆင်းရမယ် .."

သူကပဲ မဟုတ်မဟာပ်ခိုင်းသလိုလို သူမက ပြူးတူးပြဲတဲနှင့် ..၊





"သားကို ဒီမှာ ဆင်းခိုင်းတာလား .."

"ဟုတ်တယ် .."

"သား .. သားက .."

"ဒီမှာ .. မင်းလူတွေအကြောင်း ဘာမှမသိတာလား၊ အဲဒီလိုပုံချိုးနေတာလား .."

"မဟုတ်ပါဘူး .."

"ဘာဖြစ်ဖြစ်ထားလိုက်တော့၊ နောက်ထပ်တစ်ခါ ဒါမျိုးရှိလာရင် ကိုယ့်ပြဿနာကိုယ်ရှင်းနိုင်အောင်ကြိုးစား .. ရော့ .."

သူမ ပေါင်ပေါ်ကို ခြေချင်းတစ်စုံ ဘုတ်ခနဲ ကျလာကာ တစ်ခုတခြေနင်းပြားပေါ် ဆက်လက်လိမ့်ဆင်းသွား၏။ ရွှေထုပ်လေး ကမန်းကတမ်း ပြန်ကောက်ထားလိုက်ပြီး ..၊

"ချက်ချင်းကြီး ဆင်းခိုင်းနေတာ ဘာဖြစ်လို့လဲဟင် .. ရှင် ဒေါသထွက်အောင် သား ဘာပြောမိလို့လဲ .."

"ဘာမှမပြောလို့ ဆိုးနေတာ .. ဘာမှမသိတာတွေကိုလည်း ကြည့်မရဘူး၊ လူတစ်ယောက် ဒီအသက်အရွယ်ထိ နုံအနေတာ မင်းကို နုံအနိုင်ဆုံးဆု ဘယ်သူမှမပေးဘူး၊ ကဲ .. ဆင်းစမ်းကွာ .."

"သား နုံအတာမဟုတ်ဘူး၊ မသိတာတွေချည်းဖြစ်နေလို့ ခုမှ .."

"ဟုတ်လား .. ဒါဆို မင်းက ဒီအရွယ်ထိ ဘယ်သစ်ခေါင်းထဲမှာ သွားအောင်းနေတာလဲ .."

"သစ်ခေါင်းမဟုတ်ပါဘူး .. အိမ်ထဲမှာပါ .."

"ကျွတ် .."

စိတ်မရှည်တတ်သည့်အကျင့်က သနားညှာတာသင့်တာကိုလည်း ဂရုမစိုက်ချင် ..။

"ကဲ .. ဆင်းကွာ .. ဒါ သူများကား .."

လူကို ကားပေါ်ကနေ ဆွဲချတော့မည့်ပုံ ပေါက်လာပြီမို့ ရွှေထုပ်လေး ခေါင်းလေးမညိတ်ချင်ညိတ်ချင်နှင့် ညိတ်ရရှာကာ ..၊

"ဆင်းပါ့မယ် .. ဟိုလေ .."



www.burmeseclassic.com

www.burmeseclassic.com



'ခုနက ဟိုလူတွေ လက်ထဲကနေကျတော့ ဘာဖြစ်လို့ကယ်လာခဲ့တာလဲ' လို့ မေးချင်မိသည်။ ဒါပေမယ့် နောက်တစ်ခါ ကိုယ့်ပြဿနာ ကိုယ်ရှင်းလို့ပြောခဲ့ပြီးပြီမို့ မေးချင်တာကို ကိုယ့်ဘာသာပြန်ဖြေရင်း ခြေချင်းလေးကိုပိုက်၍ ...

"သားကို ဒါလေးတစ်ခုတော့ ကူညီခဲ့ပါနော် .."

မြစေ မျက်လုံးတွေ မှန်ထဲကနေ သူမဆီရောက်သွားသည်။ မျက်လုံးချင်းဆုံသွားမှ ရွှေထုပ်လေး က ခြေချင်းတွေကို ရှေ့တိုးပေးကာ ..၊

"ဒါလေးတွေ ရှင်ယူသွားပြီး သားကို ပိုက်ဆံနည်းနည်းလောက်ပေးခဲ့ပါ .."

"ဘာ .."

ခြေချင်းကိုရောင်းနေတာမှန်းသိကာ မြစေ နောက်ကိုကိုယ်တစောင်းလှည့်လာကာ ..၊

"မင်း ဘာပြောတယ် .."

"ဒါတွေ သား နောက်ထပ်သွားမရောင်းရဲတော့လို့ .."

"မရောင်းရဲရင် မရောင်းနဲ့ပေါ့ကွ ..၊ ရှုပ်ရှုပ်ယှက်ယှက်တွေ ဘာလာပြောနေတာလဲ ..၊ ကိုယ့်ပစ္စည်းကိုယ်ပိုက်ပြီးဆင်းတော့ .."

ဘယ်လိုကောင်မလေးလဲ ..၊

အင်္ကျီလက်ဝ ခြေဖျားစတွေကို ကြိုးတွေနဲ့ကပ်ချည်ပြီး လူလယ်ခေါင်သွားသည်။ ဆိုင်ရှေ့ရောက်မှ ကြိုးတွေဖြည်ထုတ်ပြီး ခြေချင်းကို ကိုယ်ပေါ်ကချွတ်ရောင်း၏။

ဒါတွေမဖြစ်စေချင်ရင် မဝတ်နဲ့ပေါ့။ ဒါမှမဟုတ် အင်္ကျီလက်ရှည်ဘောင်းဘီရှည်အဖျားအတွန့်အရှုံ့လေးတွေ ဝယ်ဝတ်လိုက်ရင်ပြီးပြီ ..။

ခုမှ လူမနီးသူမနီးတောတောင်ကန္တာရထဲက တက်လာသလို ဆံပင်ရှည်ကြီးတဝဲဝဲ၊ အင်္ကျီပွပွလက်ဝတွေကြိုးချည်လို့ .. သူမ ရူးနေတာလား..။ မာယာများနေတာမဟုတ်မှန်းသိသည်။ သူမ ပုံစံကိုက မူယာပိုနေတာလို့ ဘယ်နေရာမှ ထင်ရက်စရာမရှိတာဖြစ်သည်။ ဒါပေမယ့် ဘယ်လိုမှကို နားလည်ပေးလို့မရအောင် ဖြစ်နေခြင်းက သူမကို ကူညီချင်စိတ်တို့လည်း





ကုန်စေ၏။

မျက်ဝန်းညိုလေးတွေမှာ မျက်ရည်တွေ စို့တက်လာတာမြင်လိုက်ရလျှင် သူ မျက်နှာလွှဲပစ်မိ၏။ ခဏကြာတဲ့အထိ သူမ ငုတ်တုတ်လေးထိုင်နေရင်း ငြိမ်သက်နေသည်။

ငိုနေတာလား တစ်ခုခုပြောဖို့ စဉ်းစားနေတာလား ..၊

ဒါပေမယ့် တံခါးဖွင့်သံလေးကြားလိုက်ရကာ ...

"သား ဆင်းတော့မယ် .."

"နေဦး .."

"ဟင် .."

သူ တားလိုက်တာနှင့် ဝမ်းသာအားရလေး ပြန်လှည့်လာတာ မျက်ရည်စက်လေးတောင် လက်ခနဲ လွင့်သွားရှာ၏။

"ရော့ .."

ပိုက်ဆံရှိသလောက် ထုတ်ယူလိုက်ပြီး သူမအားကို ပစ်ချပေးလိုက်သည်။

"အဲ့ဒါ ယူသွား .."

"ဒါ .. ဝယ်မှာလားဟင် .."

သူမ ခြေချင်းကို လက်နှစ်ဖက်နဲ့ ဗိုက်မှာဖိကပ်ထားသဖြင့် မျက်ရည်ကိုတော့ လက်မောင်းနဲ့ပင့်သုတ်ပစ်ကာ ...

"ရှင့်ကို ကျေးဇူးတင်ပါကယ် .."

ခြေချင်းကို ဆိုဖာပေါ်မှာချ၍ ပိုက်ဆံကိုကောက်ယူလိုက်သည်။ ပြီးတော့ တစ်ချက်ပဲ ထောင်ကြည့်ကာ မရေတွက်ဘဲ ပြန်လှည့်ဆင်းလိုက်သည်။

"ဟေ့ .. ဘာလုပ်တာလဲ၊ မင်း ပစ္စည်းတွေပြန်ယူသွား .."

ရွှေထုပ်လေး ဟင်ခနဲဖြစ်သွား၏။ ဘယ်လိုဖော်ပြရမှန်းမသိနိုင်သည့် ဝမ်းနည်းကြေကွဲခြင်းက ရင်ထဲမှာ လှိုက်တက်ဆို့နင့်လာ၏။

သူမ ဒီနေ့ထက်ထိ အစားကောင်းကောင်းမစားခဲ့ရသေးပါ။ ကိုယ့်ရှေ့ရောက်လာတဲ့ စားစရာတွေကို မျိုချလို့မရသည့်အဖြစ်ဟာ ပိုက်ဆံရှိရင်တောင် ကိုယ်စားချင်တဲ့ ကောင်းနိုးရာရာလေးတွေ ဝယ်စားနိုင်မည်မှန်း တွေးမိပြီး ရွှေကိုငွေဖြစ်ဖို့ ကြိုးစားနေမိတာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံကို နမျှောတာသစ္စာ ဆုပ်ကျစ်ထားမိတာ မလွှတ်နိုင် ..။

"ဘာဖြစ်လို့လဲဟင် .. ဒါ ရွှေအစစ်တွေပါ၊ သားအမြဲတမ်းဝတ်ထားတဲ့ .."

"မဟုတ်ဘူး .. မင်းကို ငါပေးတဲ့ပိုက်ဆံက သောင်းကျော်လေးရယ်၊ ဒါတွေဝယ်လောက်အောင်လည်း ငါက ချမ်းသာတာမဟုတ်ဘူး၊ အဲဒီတော့ ပေးတာကိုယူပြီး အားလုံးပြန်သယ်သွားလိုက် .."

သူ ရှေ့ပြန်လှည့်လိုက်ကာ စတီယာရင်မှာ လက်တင်လိုက်သည်။ သူမ ဆင်းသံမကြားသေးသဖြင့် ဘာလုပ်နေမှန်းမသိပေမယ့် မှန်ထဲကိုလည်း မကြည့်မိအောင် ရှေ့တူရှုကို ငေးနေလိုက်၏။

ခဏကြာတော့ တံခါးဖွင့်သံကြားလျှင် သူ စက်နှိုးလိုက်သည်။ တံခါးပိတ်လိုက်သံနှင့် ကစ်ထပ်တည်း သူ ကားကိုမောင်းထွက်လာခဲ့သည်။

ဒါပေမယ့် စိတ်ထဲမှာ တစ်ခုခုထင့်နေကာ နောက်လှည့်ကြည့်လိုက်တော့ သူ့ပိုက်ဆံခေါက်လေးကို သူမ ပြန်ချထားခဲ့တာ ဒီ ..ိုင်း ..။

"ကျွိ .."

ကားက အကွေ့တစ်ခုကို ချိုးကွေ့လိုက်ပြီးမှ ဘီးခနဲထိုးရပ်သွားကာ..၊

"ကျွတ် .."

ဒီကောင်မလေး ဘာလေးလဲ ..၊

လူတွေကို မပက်သက် မဆက်ဆံချင်အောင် ဖြစ်ပျက်ခဲ့သည့် ကိုယ့်ခံစားချက်၊ ကိုယ့်ရဲ့ အတိတ်က ဒီကောင်မလေးကို သနားစရာမလိုအောင် တွန်းအားတွေပေးနေခဲ့သည်။

ဒါပေမယ့် မသိစိတ်တစ်နေရာမှာ တုံ့ဆွဲနေတာ ဘယ်လိုငြိတွယ်မှုလဲ..။

"တီ .. တီ .."

"ဟေး .. ရှေ့မှာသွားရပ်ကွ .."

လမ်းကွေ့မှာမို့ ကွေ့ထွက်လာသည့် ကားတွေ သူ့ကို ဆူညံအောင်အော်သွားကြ၏။ ရှေ့ကို တဖြည်းဖြည်းတိုးခဲ့ရင်း ကားကိုရပ်လည်း မရပ်မိ၊ အရှိန်ကလည်း ဒီအတိုင်းနှင့် ..၊

"တောက် .. အစကတည်းက မဆိုင်သလိုနေလိုက်ရင် ပြီးပြီ .."





စတီယာရင်ကို ခပ်ဖိဖိထုပစ်ရင်း မကျေမနပ်ရေရွတ်ပြီမှ၏။ မနေ ခတိုင်နိုင် ဝင်ပါလိုက်မိသည့် ကိုယ့်ကိုယ်ကိုယ်ပဲ ကားကိုအရှိန်တင် လမ်းဘေးက သစ်ပင်တစ်ပင်နဲ့ ပစ်ဆောင့်၍ ဆုံးမိ ..ချင်လာ၏။

ပျော့ညံ့ခြင်းကို သူ အဲဒီလောက်ထိ မုန်းလေသည်။ လောကမှာ အချစ်မေတ္တာ၊ သံယောဇဉ်တွေကြောင့် လူတွေအားလုံး ဘဲကြမ္မာရဲ့ ကျေးကျွန်တွေ ..နေကြရသည်။

ငွေနောက်လိုက်နေကြတာလည်း အခြေခံလိုက်တော့ ဒါတွေကြောင့်..။ ပြိုင်ဆိုင်အနိုင်လိုချင်ကြတာလည်း ဒါကြောင့်ပဲဖြစ်သည်။ ထို့ကြောင့် ..စိတ်ကို ဗလာအတိုင်းထားလိုက်ချင်သည်။

သို့သော် ရှေ့ကိုဆက်မောင်းသွားပြီး ဖြတ်မျဉ်းတွေ့တာနှင့် နောက် ..ခေါက်လာခဲ့ရင်း ..၊

'နောက်တစ်ခါ မင်းနဲ့ ထပ်မတွေ့အောင်ရှောင်မယ် ..'



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

"ဆံပင်အရှည်တွေဝယ်တယ်ဟ်၊ ဆံပင်အကျွတ်တွေ .. အဲ .. ဆံ အရှည်ကြီးတွေ ဈေးကောင်းပေးဝယ်တယ် .."

ဒီဈေးသည် ဒီနားမှာပဲ ဝတ်လျှောက်ပြီးအော်နေတာ သုံးခေါ ပြီ ..။

ကိုယ်ငိုနေတာကို ခေါင်းငိုက်စိုက်ချထားပြီး လူမမြင်အောင် ကွယ်ထားပေမယ့် ဆံပင်ဝယ်သည်ဆိုတာကို မကြားဖူးတော့ မော့ လိုက်မိသည်။

သူမ မျက်နှာလေးတစ်ပြင်လုံး နီရဲနေကာ မျက်တောင်ကော့ တွေမှာလည်း မျက်ရည်တွေဖိုးရွဲပူးတွဲနေသဖြင့် ရှေ့ကဖြတ်သည့် သည်ကလည်း တုံ့ခနဲရပ်သွားပြီး ကြည့်ကာ တအံ့တသြ ..။

သူမကလည်း ဆွဲခြင်းလေးတစ်ဖက်ချိတ်၍ ဆံပင်ဝယ်တယ် နေသည့် အမျိုးသမီးကိုသေချာကြည့်သည်။ ကိုယ့်မျက်နှာပေါ်က ရည်တွေကို သုတ်ပစ်ဖို့ ပြီးမှသတိရကာ ကမန်းကတန်းသုတ်ပစ်

အမျိုးသမီးက သူမ အကြည့်ကို အဓိပ္ပာယ်တစ်မျိုးကောက်၍ အ တိုးလျှောက်လာပြီး ..။

"ညီမလေး ဆံပင်ရောင်းချင်လို့လား .."





"ဆံပင် .."

ကိုယ့်ခေါင်းကို အလန့်တကြားပြန်ကိုင်လိုက်မိကာ ပြီးမှ ထိုင် တိုင်း ရင်ခွင်ထဲဆွဲထည့်ထားရသည့် ဆံပင်တွေကို လက်က ဟိုစမ်း ဖြစ်သွားခဲ့ရင်း ..။

"ဟင်အင်း .. ဆံပင်ကိုရောင်းစရာလား မမကလည်း .."

"ရောင်းကြတာပဲလေ .. ဒီမှာတွေ့လား .."

ရှေ့မှာ ဆွဲခြင်းကိုချ၍ ဆံပင်အတိုအရှည်တွေ ကျကျနနလိပ်ပတ် ထားတာကို ထုတ်ပြနေသေးသည်။ ဒါပေမယ့် ရွှေထုပ်လေး က တော့ အားမကျပါ။

'မိန်းမတို့ဘုန်း ဆံထုံး' ဆိုတဲ့စကား ဘွားလေး အမြဲတမ်းပြော တတ်သည်။ ဒီဆံပင်တွေကို တယုတယပိုးမွေးသလိုမွေးခဲ့တာကို ကိုယ်တိုင်ကလည်း မြတ်နိုးခဲ့သည်။

"ဟင် .. ဘယ်လိုလဲ ညီမ၊ ကိုယ်ပိုင်တဲ့ ဆံပင်ကိုရောင်းတာ အန္တ အကောင်းဆုံးပဲ ..၊ ညီမလေးရဲ့ ဆံပင်ဆိုရင် အရေမ်းလှတော့ ဈေး ကောင်းရမှာ၊ ဘယ်လောက်ရှည်လဲ တစ်ချက်လောက်ပြပါလား.."

သူမကာ လက်လှမ်းလိုက်တော့ ရွှေထုပ်လေး ခေါင်းငုံ့ရှောင်လိုက် ..၊

"သား ဆံပင်ကို မကိုင်ပါနဲ့ .."

သူမ လက်တန်းလန်းနှင့် ရှက်အမ်းအမ်းဖြစ်သွားသည်။ ပြီးတော့ ကိုချ၍ ရယ်ပြကာ ..၊

"မကိုင်တော့ပါဘူး .. ဟိုလေ .. ညီမလေး အကုန်လုံးမဖြတ်ချင် တစ်တောင်လောက်ဖြစ်ဖြစ် .."

"ဘယ့်နှယ်တုံးအေ .. မရောင်းပါဘူးဆိုမှ ချိန်ပါ .. ချိန်ပါနဲ့ပါလား.."

ထိုင်စရာခုံမရှိ သာယာစိုပြည်ခြင်းမရှိသော လမ်းဘေးခပ်လှမ်း က ကုက္ကိုပင်ကြီးအောက်မှာ နောက်ထပ်မိန်းမကြီးတစ်ယောက် လာပြီး ...

"ထိုင်မလို့တော့မဟုတ်ပါဘူး၊ လှမ်းကြားလိုက်လို့၊ ခဏတော့



www.burmeseclassic.com

www.burmeseclassic.com



ပိုင်ဦးမယ် ..”

“ကျွန်မကလည်း သူ ရောင်းချင်နေသလားလို့ပြောတာပါ၊ မရောင်းဘဲနဲ့ အတင်းဖြတ်ယူလို့လည်း မရပါဘူး ..”

“ဩော် .. မရောင်းပါဘူးဆိုနေမှ ရောင်းချင်နေတယ်ပဲ ထင်ရသေးတယ် ညည်းမှာ ..”

မိန်းမကြီးကလည်း ဆွဲခြင်းနဲ့ပဲဖြစ်ကာ ပုံပန်းသဏ္ဍာန်အရတော့ ဆံပင်ဝယ်သည့်အမျိုးသမီးထက်ပိုပြီး သေသပ်ခန့်ညားး၏။

ဆွဲခြင်းကလည်း ကြိမ်ခြင်းဖြစ်သဖြင့် ယဉ်ကျေးမှုရိုးရာပစ္စည်းလေးမို့ ထည်ဝါနေသည်။ ဆံပင်ဝယ်သူ ထွက်သွားတော့ သူမက ရွှေထုပ်လေးကို သေချာကြည့်ကာ ..၊

“သမီးက ဒီမှာ ဘာထိုင်လုပ်နေတာလဲ ..”

“ဟို ..”,

“ယောကျ်ားနဲ့ စိတ်ဆိုး .. အဲ .. သမီးပုံစံက အိမ်ထောင်သည်နဲ့တော့ မတူပါဘူး၊ ဘာလဲ .. အိမ်နဲ့စိတ်ဆိုးပြီး ထွက်ပြေးလာတာလား

ကိုယ့်ကို ကြည့်လိုက်တိုင်း ဒီတိုင်းပြောနိုင်နေကြတာ ဘာကြောင့်လဲ..

အဖြေတော့ မသိပေမယ့် မျက်လုံးတွေမှာ မျက်ရည်စင်အောင် ထစ်ဘုတ်လိုက်မိသည်။

“အင်း လူတိုင်းမှာ သောကကိုယ်စီရှိကြတာပါပဲ ..”

မိန်းမကြီးကလည်း ရွှေထုပ်လေး ကို ဖွတ်ကြီးမမေးခဲ့ပါ။ ကိုယ့်ကိုယ်ကိုယ် သံဝေဂရသလို ညည်းညူလိုက်တာပဲရှိကာ ..၊

“အခေါက အခု နာမည်ကြီးနေတဲ့ ရုပ်ရှင်မင်းသားရဲ့အမေပါ၊ ဘယ်မင်းသားဆိုတာတော့ မပြောချင်တော့ပါဘူး၊ သူကလည်း ပြောစေချင်မှာမဟုတ်ဘူး .. အဒေါ့်နာမည်က ဒေါ်လှခင် တဲ့ ..”

ဒေါ်လှခင် .. ရုပ်ရှင်မင်းသားရဲ့ အမေ ..၊

ရုပ်ရှင်ဗီဒီယိုတွေတော့ တစ်ခါတစ်ရံကြည့်ခွင့်ပေးခဲ့သည်။ ဒါလည်း ဆယ်ကျော်သက်အရွယ်လောက်ကပါ။ နောက်ပိုင်းကျတော့ မင်းသားမင်းသမီးတွေကို အထင်ကြီးအားကျမှာစိုးသည်ဆိုပြီး ကြည့်ခွင့်မရတော့ပေ





ပြီးတော့ အဲ့ဒီနေရာကိုသွားချင်တယ်၊ ဘာညာတွေ ဂုဏ ပူဆာနဲ့မိသဖြင့် အနာဂတ်ကိုမျှော်တွေးပြီး ဘွားလေးက တီဗွီကြည့်ခွင့်ကို လုံးဝပိတ်ပစ်လိုက်ကာဖြစ်၏။

ဘာပဲဖြစ်ဖြစ် မင်းသားရဲ့အမေဆိုကော့ စိပ်တော့ဝင်စားမိ၏။ ဇိုက်ဆာတာရော ဝမ်းနည်းတဲ့စိတ်တွေပါ ခဏတစ်ဖြုတ်ပျောက်ဆုံးသွားခဲ့လျက် ..၊

“အဒေါ်ကို မင်းသားက မခေါ်ချင်ဘူးလားဟင် ..”

“ဟုတ်တယ် .. ငါက မွေးပေမယ့် ငါတို့က တောမှာပဲ ပိုပိုလျှံလျှံလေးရှိတာလေ၊ မြို့မှာချမ်းသာနေတဲ့ သူဆွေးတွေကိုတော့ ခြေဖျားတောင်မီပါ့မလား၊ အဲ့ဒါကြောင့် မြို့မှာချမ်းသာနေတဲ့ ငါ့အစ်မပေကွဆီမှာ သားကြီးကို ပို့ထားလိုက်တာ၊ သူတို့က ချမ်းသာတယ်၊ ငါ့သားက ရုပ်ရည်ကလည်းချောတော့ .. ခုဆို နာမည်ကြီးမင်းသားဖြစ်နေပြီ .. ဒါပေမယ့် ငါ့ကိုတော့ သူ့ဆီ ခဏခဏမလာပါနဲ့တဲ့ ..”

“ဟင် ..”

“ချမ်းသာတဲ့ သူ့အဒေါ်ကိုပဲ အမေ ခေါ်ချင်မှာပေါ့အေ ..”

“ဒါပေမယ့် အမေကိုတော့ ဒီလိုမလုပ်သင့်ပါဘူး ..”

“လုပ်ပါစေ .. ငါကတော့ အမေပဲကွယ်၊ ကျေနပ်နိုင်ပါတယ်၊ ကျေလည်းကျေနပ်နိုင်တယ် .. သူချစ်နေတာက ကိုယ့်အစ်မရင်းပဲ .. သူ့လုပ်စာကို ငါ့အစ်မ စားတာလည်း ကျေနပ်တယ်၊ သားကြီးကို သူပဲ ပြုစုပျိုးထောင်ပေးခဲ့တာ ..၊ ပြီးတော့ ငါတို့လည်း ကိုယ့်အရပ်ဒေမှာ ဆင်းရဲတာမှတ်လို့ ..”

ပြောနေရင်း မိဘဆိုသည့် အနေသံကတော့ ပါနေသည်သာ ..၊ ရွှေထုပ်လေး ကိုယ့်အဖြစ်ကို သတိမရဘဲ ဒေါ်လှခင် မျက်နှာကိုပဲငေးနေမိသည်။

“သူ့ရဲ့ဂရုမစိုက်ခြင်းကို ဥပေက္ခာကိုပြုထားနိုင်ပေမယ့် ငါ့မှာလည်း မာနနဲ့ပဲကွယ် .. မကြည်ဖြူမှန်းသိနေကာမှတော့ ဘာလုပ်မှာလဲ၊ အဲဒါကြောင့် ရွာက စားဖွယ်သောက်ဖွယ်ကြော်လှော်ယူလာတာလေး



www.burmeseclassic.com

www.burmeseclassic.com



တွေပေးပြီး ညတောင် မအိပ်ခဲ့ပါဘူး ..."

"အခေါ်က ရွာကိုပြန်တော့မှာပေါ့ .."

"ဟုတ်တယ် .. ဒါပေမယ့် သူငယ်ချင်းအိမ်မှာ နှစ်ရက်သုံးရက်တော့ သွားတည်းဦးမယ်၊ ဘုရားဖူးကုသိုလ်ယူပြီးမှ ပြန်မယ်၊ လောလောဆယ်က ထမင်းစားဖို့ပဲ .."

ရွှေထုပ်လေး ရဲ့ စိတ်တွေ တကြုတ်ကြုတ်မြည်နေသည့် ကိုယ့်ဗိုက်ဆီပြန်ရောက်၏။

"ဒါနဲ့ သမီးက အိမ်ပေါ်က ဆင်းလာတာဆိုတော့ ထမင်းရောစားပြီးပြီလား .."

"ရှင် .."

"ဘစ်မျိုးမထင်နဲ့ သမီးမှာ လက်ချည်းပဲမို့မေးလိုက်တာ၊ အခေါ်ကို ကိုယ့်အခေါ်လို သဘောထား၊ ရှက်စရာမလိုပါဘူးကွယ် ..၊ လာ.. ထ .. ထမင်းသွားစားရအောင် အခေါ် ဝယ်ကျွေးမယ် .."

ထမင်းကျွေးမယ် ...

ဒီလိုစကားကြားလိုက်တာနှင့် ကိုယ့်စိတ်ကို သတိဆွဲပြီးသားဖြစ်ကာ ခေါ်လှခင် မျက်နှာကိုကြည့်လိုက်မိ၏။

သူမ စတင်တွေ့ခဲ့ရသည့် မူရာကွယ် ...၊

သူမထံမှလည်း အကူအညီပေးချင်နေသည့် ဖော်ရွေမှုအပြုံးချိုချိုတွေနဲ့ပါ။ ပြီးတော့ ဦးကျော်ကြီး ရဲ့ အလိုရမ္မက်ကြီးမှုတွေ ...၊

"နင်က ငါ့မိန်းမပဲ .. ငါ့အလိုဆန္ဒဖြည့်ပေးရမယ် .."

"ဒီည .. ငါ့အတွက် အဖော်လုပ်ပေးရမယ် .."

"ဆံပင်တွေ .. ခုသွားဖြတ်ခဲ့ .."

"နင့်ကိုယ်က ရွှေတွေကိုလည်း ငါယူမှာ .."

စကားသံတွေ ပုံရိပ်တွေ ...။

"ဟား .. ဟား .. ဟား .. လိမ္မာစမ်းပါ ကလေးရယ် .. လာစမ်းပါ.."

"ဒါ .. ကျွန်တော့်မိန်းမပါ .. မင်းဘယ်လိုဖြစ်တာလဲ .. ကလေးမဆန်ချင်စမ်းပါနဲ့ .."





"သူ့ယောကျ်ား .."

"မင်းကို့တောင် .. သူ့ယောကျ်ားဆိုရင် ငါလည်း သူ့ယောကျ်ားလုပ်လို့မရဘူးလား .."

မျက်နှာတွေ .. ရယ်သံတွေ .. ဒေါသတွေ ...။

ဒီထဲမှာ ဘယ်သူကောင်းခဲ့လို့လဲ .. သူမ ဘယ်သူ့ကိုယုံရမလဲ ...။

"လူတစ်ယောက်က ဒီအရွယ်ထိ ဒီလောက် တုံးတစ်နေတာ ဝုဏ်ယူစရာလား .."

"ဘာမှမသိတာက ဆိုးနေတာ အူတူတူအတတတွေကိုလည်း မကြိုက်ဘူး .."

ဒီလူကရော ဘာလဲ ...။

ဟိုလူတွေလိုပဲ သူလည်း ကိုယ့်ကို သူ့မိန်းမလို့ပြောခဲ့သည်။ ဒီထိခေါ်လာပေးသည်။ ဒါပေမယ့် ဘယ်လိုတောင်းပန်လို့မှမရဘဲ ကားပေါ်ကနေ ချပစ်ခဲ့၏။

ရယ္ယူလိုခြင်းအမျိုးမျိုးတွေနဲ့ လူဆိုးတွေက ဘယ်လိုလူမျိုးတွေလဲ...။ ရက်ရက်စက်စက် မာန်မဲမောင်းချခဲ့တဲ့ သူ့လိုလူက ဘာလဲ ...။

ဘယ်သူ့ကြောင့်မှ သူမဘဝ သက်တောင့်သက်သာမရှိခဲ့သေးပါ။

"သမီး .."

"ဟင် .. ရှင် .."

"ဘာဖြစ်လို့လဲ .. သမီး ဗိုက်ဆာနေတာ အခေါ် သိပါတယ်၊ ဗိုက်ဆာရဲ့သားနဲ့ မစားဘဲနေတာဆိုရင်လည်း ဘာအခက်အခဲရှိနေလို့လဲ ပြောလေ.."

ရင်ခွင်ထဲမှာ ခြေချင်းရှိနေသည်။ ပြီးတော့ ခြေထောက်ကဒဏ်ရာတွေက လမ်းဆက်လျှောက်ဖို့ အဆင်ပြေပါ့မလားဆိုတာလည်း မသေချာ။ ထလိုက်သွားဖို့အတွက် သူမမှာ အခက်အခဲတွေနဲ့ နင့်နေတာ ဘယ်လိုမှ မဖြေရှင်းတတ်ဘဲဖြစ်နေရလျက် ...၊

"အခေါ်ရယ် ယောကျ်ားတွေက ရွှေရှိတဲ့မိန်းကလေးဆိုရင် ဘာဖြစ်လို့ မိန်းမတော်ချင်နေတာလဲဟင် .."

သူမ မမျိုသိပ်နိုင်စွာ ညည်းညူသလိုလေး ပြောနေသဖြင့် ခေါ်လှခင်



www.burmeseclassic.com

www.burmeseclassic.com



က ထရပ်လိုက်ပြီးမှ ခပ်ဖြည်းဖြည်းပြန်ထိုင်ကာ …

"သမီး ဘာပြောလိုက်တာလဲ .."

"ရွှေကိုလိုချင်ရင် ရွှေကိုယူပေါ့ .. သူတို့နဲ့လည်းမသိဘဲနဲ့ သူတို့မိန်းမဆိုပြီးတော့ .."

"ဘယ်သူတွေကလည်း ဒါမျိုးတစ်ခါမှမကြားဖူးပါဘူးကွယ် ..၊ ရွှေရှိတိုင်း မိန်းမတော်ချင်လို့ရမလား ..၊ မိန်းမတွေက အရုပ်တွေမှမဟုတ်တာ .."

"ဟင် .. ဟုတ်လား .."

ဒါမျိုးမရှိဘူးဆိုတော့ ရွှေလုပ်လေး ဝမ်းသာအားတက်သွား၏။ ဒေါ်လှခင် ကတော့ သူမလေး ဘာတွေပြောနေမှန်းကို နားမလည်နိုင်သေးဘဲရှိနေကာ ..၊

"သမီးက ဘာတွေမြင်ခဲ့လို့လဲ .."

သူမ မဟုတ်တရုတ်တွေ မြင်ခဲ့ပြီး ယိုတ်လန့်နေသည်လို့ ထင်သွားမိကာ ..၊

"သူများလင်မယားတွေ သူတို့အကြောင်းနဲ့သူတို့ ဖြေရှင်းနေကြတာဖြစ်မှာပေါ့ကွယ် ..၊ သားလူတွေ အမှတ်တမဲ့မြင်တော့ ဟိုထင်ဒီထင်ပေါ့ ..၊ ပြီးတော့ ရန်ကုန်မှာကလည်း ခုမှတော်သေးတာ .. ဟိုအရင်ကဆို လူလိမ်လူကောက်တွေပေါမှပေါပဲ .."

"ဟုတ်လား .."

"သိပ်ဟုတ်တာပေါ့ .. တောကနေ မလည်မဝယ်ပုံလေးနဲ့ မြို့ရောက်သွားလို့ကတော့ မကောင်းတဲ့အိမ်ခေါ်သွားပြီး ရောင်းစားခံရတာတွေရှိတယ်၊ လူတွေဝိုင်းမဆွဲရဲအောင် သူတို့မိန်းမပါပြောပြီး ခပ်တည်တည်ရိုက်နှက်ကြိမ်းမောင်းပြီး ခေါ်ကြတယ် .."

"ဟယ် .."

သူမ ဖြစ်ပျက်ကြုံတွေ့ခဲ့ရတာတွေကို ထိုင်ကြည့်ပြီး ပြောနေသလိုပါလား ..။

ဟန်ဆောင်တတ်သည့်ပညာ မကြွယ်သေးသည့် ရွှေထုပ်လေး ရဲ့





အံ့ဩမှုက ဒေါ်လှခင် ကို ကြည့်ရင်း ကြက်သေသေသွားသလိုပင် ..။ ရန်ကုန်မှအစတည်းက ဒီလိုတွေရှိခဲ့သည်။ သူမ ရောက်လာတော့လည်း ဒီတိုင်းလိမ်ညာခံခဲ့ရသည်။

ဒါဆို ဒီရွှေတွေကို ခြေထောက်မှာ ပြန်လည်းမဝတ်နိုင်၊ ဒီတိုင်းထည့်သိုသိမ်းဖွက်စရာ လက်ထဲမှာလည်း ဘာမှမပါဘဲ သူမ ဒီနေရာတနေတောင် ထသွားဖို့မလွယ်ပါလား ..။

ကိုယ့်ခြေထောက်တွေကို ပြန်ငုံ့ကြည့်တော့ ဦးကျော်ကြီး ဆီကထွက်ပြေးလာတည်းက ဖိနပ်မပါဘဲ ဒီနေ့ထိ ပြေးလွှားနေခဲ့ရတဲ့ ပွန်းပဲ့ဒဏ်ရာတွေ အပူလောင်ထားတာတွေက ခြေဖဝါးစောင်းတွေ ခြေချောင်းတွေမှာအပြည့် ..။

ပြီးတော့ ခြေချင်းချတ်လိုက်တုန်းက ပွန်းရှထားတာတွေကြောင့် ပိုဆိုးသွားသေးသည်။

"ကြည့်ရတာ ငါ့တူမကြီး ကိုယ်တိုင်ကြုံလိုက်ရတဲ့ပုံပဲ ..၊ အဲဒါကြောင့် လမ်းဘေး ဒီလိုချောင်နေရာမှာ လာကုပ်ပြီး ထိတ်လန့်နေတာလား.."

"အဒေါ်က ဘာဖြစ်လို့ အကုန်လုံးသိနေတာလဲဟင် .."

"အဒေါ်အသက်က သမီးအမေအရွယ်မို့လို့ပေါ့ကွယ်၊ ခေတ်ကြီးတိုးတက်လာလို့ လူငယ်တွေအရမ်းဖော်လာကြတာက သင်ယူလို့ရတဲ့နည်းပညာတွေပဲ ဖြစ်မှာပေါ့ ..၊ ဖြတ်သန်းလာခဲ့ရတဲ့ ဘဝရဲ့ အတွေ့အကြုံတွေနဲ့ ရင့်ကျက်မှုကိုတော့ ဘာခနဲ့ မရင်းဘဲမရနိုင်ပါဘူး .."

ပြောပြနေရင်း ဒေါ်လှခင် မျက်နှာက ဆွေးရိပ်သမ်းသွားခဲ့၏။ ပြီးတော့ နာကျင်သည့် အပြုံးတို့ဖြစ်လာခဲ့လျက် ..၊

"အဲဒီအတွေ့အကြုံတွေထဲမှာ ခံနိုင်ရည်ရှိတဲ့ ရင့်ကျက်တည်ငြိမ်မှုတွေကအဓိက ..၊ အခု အဒေါ့်သားအရင်းက မိဘကို မမြင်ချင် မလာချင်ဘဲ အဒေါ်ဖြစ်တဲ့သူကိုမှ အမေ ခေါ်ချင်ပါတယ်ဆိုတာ ဘယ်လောက်ရင်နာဖို့ကောင်းလဲ ..၊ ဒါပေမယ့် အဒေါ် ခံနိုင်ရည်ရှိနေတယ်၊ အဒါက သားသမီးကို ခွင့်လွှတ်ပေးဆပ်ပြီး ချစ်တဲ့အချစ်နဲ့ လောကဓံဆိုတာကို နားလည်နိုင်လို့ပဲ .."



www.burmeseclassic.com

www.burmeseclassic.com



"အဒေါ်ပြောတဲ့ အရမ်းတော်တဲ့လူငယ်တွေဆိုတာ မြို့ပေါ်မှာ သွားလာနေကြတဲ့ လူတွေထဲက လူငယ်တွေပေါ့နော် .."

"အင်းလေ .."

"ဒါဆို .. သူများနည်းတူ သွားလာခွင့်မရဘဲ အပြင်လောကကို ဘာမှမသိခဲ့တဲ့ လူငယ်တစ်ယောက်က အဒေါ်လို ရင့်ကျက်မှုတွေကို ဘယ်တော့မှ မရနိုင်တော့ဘူးပေါ့ .."

ဒေါ်လှခင် မျက်မှောင်ကုတ်သွားသည်။ ပြီးတော့ သူမကို သေချာ အကဲခတ်မိခြင်းသို့ ဖြစ်စေကာ ..၊

"ငါ့တူမက ခံစားချက်တွေအများကြီးပဲကိုး ..၊ စိတ်တော့ဝင်စားရာပဲ၊ ဒါပေမယ့် အဒေါ်ကလည်း သွားစရာရှိသေးတယ်၊ သူများအိမ်ရောက်မှလည်း မစားချင်ဘူးလေ၊ ပြီးတော့ .. ဆိုင်တစ်ဆိုင်ထဲဝင်မလို့ ဘာတွေရလဲမေးလိုက်မိပါတယ်၊ အဲ့ဒီဆိုင်က ဆိုင်ထဲမှာထိုင်တဲ့အတွက် ဘာပေးရတယ်ဆိုလား .. ပိုက်ဆံရှင်းရင် စားသောက်ဆိုင်ရဲ့ အခွန်အခတွေဘာတွေပေါ့ကွယ် .. ရှုပ်နေတာပဲ .. အဲဒါနဲ့ မစားဖြစ်ခဲ့ပါဘူး .."

"စားသောက်မယ်ဆို ပိုက်ဆံပေးရတာပဲ မဟုတ်ဘူးလားဟင်.."

"အဲဒါနဲ့ မဆိုင်ဘူး တူမရဲ့ .. ထိုင်တဲ့အတွက် ဘာလဲမသိပါဘူး၊ စားတာနဲ့မဆိုင်ဘူး .."

တောကလူနဲ့ ဘာမှမသိတဲ့သူ စကားပြောကြတော့ 'ဘာမှန်းမသိပါဘူး' တွေပဲဖြစ်နေကာ ..၊

"တူမကြီးက မလိုက်ချင်ရင်လည်းနေခဲ့လေ ..၊ ဒါပေမယ့် တစ်ခုတော့ပြောခဲ့ဦးမယ်၊ လူတွေထဲမှာ တစ်ခုခုကြုံလာမှ ကြောက်ပြီး ခုလိုနေရာမှာ ချောင်ကပ်ထိုင်မနေနဲ့ .. ဒီနေရာမျိုးမှာလည်း အန္တရာယ်ရှိတာပဲ .."

"ဟင် .."

"မိန်းကလေးတစ်ယောက်တည်းအတွက် နေတာထိုင်တာစားတာသွားတာ ဘယ်နေရာမှာဖြစ်ဖြစ် အရမ်းသတိထားရတယ်ကွယ် .."

"အဒေါ် နေပါဦး .."

ဒေါ်လှခင် ခြေလှမ်းဖြင့်နေပြီမို့ ရွှေထုပ်လေး လှမ်းဆွဲမိတာ မျာ





သွား၏။ သို့သော် ထမလိုဖြစ်သွားပြီးမှ ရင်ခွင်ထဲက ခြေချင်းနှစ်ခုကို သတိရပြီး ငုတ်တုတ်လေးပြန်ဖြစ်လျက် ..၊

"တကယ်လို့ သားက အကူအညီတောင်းမိရင် အဒေါ် ကူညီမှာ လားဟင် .."

"ဘယ်လို .."

ရွှေထုပ်လေး ခဏပဲစဉ်းစားကာ ..၊

"အဒေါ်နဲ့ သား လိုက်ခဲ့လို့ရမလား .."

"ဘုရားရေ .."

ဒေါ်လှခင် ဘုရားတသွား၏။ ပြီးတော့ သူမကို သေချာပြန်ကြည့်ကာ

"အေး .. သမီးရယ် .. ညည်းပုံစံလေးကတော့ ကြားဖူးခဲ့တဲ့ မိန်းကလေးမျိုးတွေဟုတ်ဟန်မတူပါဘူး၊ အဒေါ့် စိတ်ထဲမှာလည်း ကူညီချင် စိတ်ဖြစ်ပါတယ်၊ ဒါပေမယ့် အဒေါ်ကလည်း ညည့်သည်ပဲလေ .. တော ကို ခေါ်သွားဖို့လည်း ဘယ်လိုမှမဖြစ်နိုင်ဘူး .. တကယ်မဖြစ်နိုင်လို့ပါ–

ရွှေထုပ်လေး ကတော့ မခေါ်ဘူးဆိုတာကို စိတ်မဆိုးသည့်ပြင် ဝမ်းသာသွားမိသေးသည်။ လိုက်ခဲ့ဖို့ တန်းခေါ်ခဲ့သည့် မူရာကြွယ် ရဲ့ ကွာခြားရဲ့လားဆိုတာ သိချင်လို့မေးလိုက်မိတာမို့ ယုံကြည်စိတ် ချက်ချင်းဖြစ်လာကာ ..၊

"ဒီမှာ အဒေါ် ဒါတွေကြောင့် သား ဘယ်မှမသွားရဲတော့တာ –

"ဟယ် .."

ဒေါ်လှခင် မျက်လုံးကြီးပြူးသွား၏။

ထို့ပြင် ထိုင်နေသည့် ကိုယ်ကြီးတောင် ဟိုဘက်ကိုယိမ်းသွား ပြီး ရွှေထုပ်လေး ကို အလန့်တကြားကြည့်၏။

"ဒါတွေက .."

"သားပိုင်တဲ့ ပစ္စည်းတွေပါ .. ခိုးလာတာမဟုတ်ပါဘူး –"

သူမ ကြုံတွေ့ခဲ့သမျှကို ဒေါ်လှခင် သိရှိသွားချိန်ကွင် ..



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၅)

စားသောက်ဆိုင်က မှန်တွေဟာထားကာ စားပွဲကုလားထိုင်တွေကအစ ပြောင်လက်နေသဖြင့် သန့်သန့်ရှင်းရှင်းလေးမို့ သဘောကျသွားသည်။

ရွှေထုပ်လေး ကိုယ့်ပုံစံကိုတော့ ပြန်မကြည့်ဘဲ သန့်ရှင်းတာကို ရှာဖွေရင်း ဆိုင်ထဲဝင်ထိုင်မိလေသည်။ သူမရဲ့ နဂိုဝတ်လာသည့် အိမ်နေရင်းဝတ်စုံလေးကိုက အပြာနုအရိပ်လေးတွေပဲပါသည့် အဖြူရောင်ဝတ်စုံဖြစ်သည်။ ဒီဝတ်စုံကိုပဲ မလဲခဲ့တာ တစ်ပတ်လောက်ရှိပြီဖြစ်ကာ ..၊

အင်္ကျီဆောင်းဘီ အဖျားစတွေက ကြိုးချည်လိုက် ပြန်ဖြည်ချလိုက်မို့ တွန့်ကြေနေသေးသည်။

ထို့ပြင် ဆံပင်တွေက ဒီတိုင်းဖြန့်လျက်သားမို့ လူကဖြူဖတ်ဖတ်၊ ပုံစံက ညစ်ထပ်ထပ်လေးနှင့် ဝတ်ထားပော့ ဘောင်းဘီရှည်ပွပွ ..။

"ရေသန့်တစ်ဘူးပေးပါ .."

ရေသန့်မှာသည့် စားပွဲကို ရွှေထုပ်လေး လှည့်ကြည့်မိ၏။

"ကြေးအိုးဆီချက်က ပွဲသေးရလား .."

"ရပါတယ်ခင်ဗျာ .."

ထိုဆီကိုလည်း လှည့်ကြည့်မိတာချာခနဲ ..

ကြေးအိုးမှာသည့်ဝိုင်းမှာ ယောကျ်ားလေးနှစ်ယောက်၊ မိန်းကလေး





နှစ်ယောက်ရှိနေလျက် ရွှေထုပ်လေး ပြူးတူးပြဲတဲလေး ငမ်းကြည့်လိုက်လျှင် မှာသည့်မိန်းကလေးက မျက်မှောင်ကုတ်သွားပြီး စူးစူးရဲရဲပြန်ကြည့်၏။

ပြူးပြဲမိသလို ဖြစ်သွားသည့် နှုတ်ခမ်းက ဟိုမရောက်ဒီမရောက်နှင့် လမ်းဆုံးကာ ချာခနဲ မျက်နှာလွှဲလိုက်ရ၏။ သူမ ဘာမှမလုပ်ပါဘဲနှင့် ဒေါသထွက်နေသည့်မျက်နှာနှင့် ဘာဖြစ်လို့ကြည့်နေပါသနည်း။

မျက်လုံးတွေကို မီနူးမှာ စူးစိုက်ထားလိုက်ရပေမယ့် စိတ်ကတော့ ဒေါသထွက်နေသည့် သူမတို့အဖွဲ့အပါအဝင် တခြားသော စားပွဲဝိုင်းတွေက ဘယ်လိုမှာကြသလဲ၊ ဘာတွေစားကြသလဲဆိုတာ စိတ်ကရောက်နေခဲ့၏

သူမ အင်္ဂလိပ်စာမတတ်လို့မဟုတ်ပါ။ ဒါပေမယ့် မီနူးမှာရေးထားတာတွေကိုတော့ ဘာတွေမှန်းမသိတာ အမှန်ပင်။ ကြက်၊ ဝက်၊ ငါး စသဖြင့် တွေ့ပေမယ့် ဒါတွေကို ဘယ်လိုချက်ပြုတ်ကြော်လှော်ထားတာလဲ ..။

ကြေးအိုးဆီချက်ဆိုတာ ဘယ်လိုစားစရာလဲ ..။

စားစရာအနံ့တွေရလာတော့ မျက်စောင်းထိုးခံလိုက်ရတာကိုမေ့လျော့သွားပြန်ကာ အနီးဆုံးမှာရှိသည် ဝိုင်းကို လည်ပင်းရှည်ကြည့်မိ၏။

ပန်းကန်ပြားအကြီးကြီးထဲမှာ ခရမ်းချဉ်သီးဖတ်တွေ၊ စိမ်းစိမ်းဝါဝါတွေ၊ ပြီးတော့ ဖြူဖြူတွေနဲ့ ဟင်းလား .. လက်သုပ်သုပ်ထားတာလား..။

ဟိုဘက်ဝိုင်းမှာတော့ ပန်းကန်လုံးစောက်စောက်အကြီးကြီးနဲ့ အရည်သောက်ဖြစ်မည်ထင်သည်။

တစ်ယောက်ဘည်း လည်ပင်းစပရင်ဖြစ်နေကာ တခြားစားပွဲက မျက်လုံးတွေ ကိုယ့်ထံ စိတ်ဝင်တစား စုပြုံနေတာ သတိထားမိကာမှ ကိုယ့်မျက်နှာကို ရှေ့မှာတည့်တည့်မတ်မတ်ဖြစ်သွားအောင် ပြန်ရုတ်သိမ်းရသည်။

နေရာတကာမှာ သူမက ဘာဖြစ်လို့ ထူးထူးဆန်းဆန်းဖြစ်နေရတာလဲ ..။ ကိုယ်က လိုက်ကြည့်နေရပါက ဘာမှမသိလို့ သိချင်လို့ပါနဲ့သာ ..။

သူတို့က အားလုံးတတ်သိနားလည်နေကြပြီးသားကို ကိုယ့်ကို

www.burmeseclassic.com



ဘာလို့ ပြန်ကြည့်နေကြတာလဲ ..။

ဘယ်သူ့ကိုမှ မကြည့်မိအောင် စိတ်ကိုကင်းကာ မီနူးထဲက ကိုယ့်ဘာသာစိတ်ကူးနဲ့ ရမ်းသမ်းမှာဖို့ဆုံးဖြတ်လိုက်၏။

"ချလွှမ်း .."

"ဟာ .. ဟေ့ .. ညီလေး ဒီမှာ ခက်ရင်းတစ်ချောင်းထပ်ပေးစမ်းပါကွာ .."

မကြည့်တော့ဘူးဆိုမှ အသံတွေ ထူးထူးခြားခြားထွက်လာတော့ လှမ်းကြည့်မိ၏။ ဘေးမှာ ကလေးလေးက ဖန်ခွက်သေးသေးလေးနဲ့ ကော်ဖွန်းအဖြူလေးနဲ့စားနေကာ အရည်သောက်သမားက ကြွေဇွန်းထူထူကြီးနဲ့ တူနဲ့ တစ်ဖက်စီကိုင်ဆွဲနေ၏။

တစ်ချို့က ဇွန်းခက်ရင်းနှင့် ..၊

ဒီဆိုင်မှာ ကြိုက်တာမှာယူလို့ရသလား ..။

"ခေါက်ဆွဲကြော် ပွဲကြီးတစ်ပွဲနဲ့ ကြေးအိုးအကြီး ဝမ်း .."

စားပွဲထိုးတွေကလည်း အော်နေကြတာ မတူညီတာတွေ ..။

"ဒီမှာ .."

"ဟုတ်ကဲ့ .. ဘာမှာမလဲမသိဘူး .."

"ခေါက်ဆွဲကြော် ပွဲသေးတစ်ပွဲကို ရွှေပန်းကန်နဲ့ ရွှေဇွန်းနဲ့ဆိုဘယ်လောက်လဲဟင် .."

"ဗျာ!.."

"ဟိုလိုဇွန်းတွေနဲ့ မဟုတ်ဘူးလေ .."

စားပွဲထိုးမျက်နှာ တစ်မျိုးဖြစ်သွားကာ ရွှေထုပ်လေးက ပြုံးပြကာ..

"သူများတွေလည်း ကြိုက်တာမှာကြတာပဲမို့လား .. သားမှာ ပိုက်ဆံပါပါတယ် .."

ဒီအသံကို ကြားလိုက်တာနှင့် ဘယ်သူဆိုတာ မြဲစေ သိလိုက်သည်။ ပါးစပ်ထဲထည့်တော့မည့် ပုဇွန်ကင်က လေထဲမှာ တို့ခနဲခဏရပ်သွားပြီးမှ ခရီးဆက်ခွင့်ရ၏။

"ရွှေပန်းကန်နဲ့စားရင် ဈေးကြီးလို့လားဟင် .."





"မဟုတ်ဘူးအစ်မ .. အစ်မ ဘာတွေပြောနေတာလ .."

"ရွှေပန်းကန်နဲ့ ရွှေဇွန်းလေ .. သားက ဟိုဇွန်းတွေနဲ့ မစားတတ်လို့ပါ.."

သူ လက်ထဲကတူကို ချထားလိုက်ပြီး နောက်လှည့်ကြည့်မိ၏။ အားပေါ်ကနေ ချထားပေးခဲ့တာမှ မကြာသေးဘဲ ဘာဖြစ်လို့ ဒီမှာလာဆင်တွေ့ရတာလဲ ..။

စားစရာကို ဆက်လက်စားသောက်နေရပေမယ့် အရသာမတွေ့တော့ပေ။

"သူက ဘာမို့လို့လဲ .."

"အေးလေ .. တောကြိုအုံကြားကလာတဲ့ စုတ်စုတ်ပြတ်ပြတ်ပုံနဲ့.."

"ရူးနေတာထင်တယ် .."

"မျက်နှာလေးက ဖွေးဖွေးသန့်သန့်လေး .. သနားပါတယ် .."

စားပွဲတစ်ဝိုင်းဆီကနေ တီးတိုးသံတွေ ပွစိပွစိထွက်လာကြကာ သူ ဒီတိုင်းကြားနေရသည်။ ဒီကောင်မလေးဘာမှကို ဖောက်မှန်းကမ်းမှန်း နားမလည်တာလား ..။

နောက်ဆုံးမှာ ကြေးအိုးဆီချက်မှာသံကြားလိုက်ရကာ ..၊

"ကြေးအိုးဆိုပြီးတော့ ကြွေပန်းကန်ကြီး .."

"အစ်မကလည်းဗျာ .. ကျိုင်ပဲ .."

"သားက ကြေးအိုးနဲ့ချပေးမှာထင်လို့မှာတာ .."

ခပ်ကြိတ်ကြိတ်ရယ်သံတွေ ထွက်လာကြတော့ ရွှေထုပ်လေး သတိထားမိသွားသည်။ ဟိုကြည့်ဒီကြည့် လိုက်ကြည့်မိစဉ် ကိုယ့်ကိုကြည့်မနေသော ဆိုင်၏အတွင်းဘက်ချောင်ကျကျစားပွဲက ကျောပြင်တစ်ခုကို လှမ်းမြင်လိုက်သည်။

အားလုံး ကိုယ့်ကို ကြည့်ပြီး လှောင်ရယ်နေကြသည့်အဖြစ်ကြောင့် ထိုက်ကြည့်မိတာပေမယ့် မြဲစေ ရဲ့ ကျောနောက်ကို မြင်သွားသည်နှင့် ဝမ်းသာအားရလေးဖြစ်သွား၏။

လတ်တလော ဝယ်ထားခဲ့သည့် ပိုက်ဆံအိတ်လေးကို မလွယ်သဲ ခွင်ထဲမှာပဲ ပိုက်ထားကာ နေရာမှ ကမန်းတကန်းထရပ်သည် ။



www.burmeseclassic.com

www.burmeseclassic.com



ရှေ့မှာရှိသည့် စားသောက်ပွဲတွေကို ထားခဲ့ပြီး မြစေ ထိုင်နေသည့် စားပွဲဆီ ကူးပြောင်းသွား၍ …၊

"ကိုကြီး .."

နောက်က လှုပ်ရှားမှုတစ်ခု၏ အရိပ်ငွေ့ကို ခံစားမိလိုက်တည်းက သူ သိသည်။ ဘေးမှာ ထိုင်ချလိုက်တဲ့အထိ တစ်ချက်မှမကြည့်ခဲ့ဘဲ မျက်နှာကို အောက်ကပင့်ကြည့်ပြီးခေါ်လိုက်မှ မျက်တောင်ဖျားတွေစင်း ကြည့်သည်။

"ကိုကြီးကို တွေ့တာ ဝမ်းသာလိုက်တာ၊ ဟိုရက .. သားရဲ့ရွှေတွေကို အဒေါ်ကြီးတစ်ယောက်က ကူညီလို့ အကုန်လုံး ပေါင်းထားလိုက်တယ် သိလား .."

မြစေ က လှည့်ကြည့်မှ နှုတ်ခမ်းလေးပေါ် လက်ချောင်းလေးတွေနဲ့ ကမန်းကတန်းပြန်ပိတ်ကာ …၊

"မဟုတ်ဘူး .. ဟိုလေ .. ပေါင်းတဲ့ဆိုင် တိုက်ကြီးပဲသိလား၊ မဟုတ်ပါဘူး .. အမိန့်ရ .. အ .. ပေါင် .. ဆိုင် .. တဲ့ .. ဟုတ်တယ် ပေါင်းတာ မဟုတ်ဘူး .. အပေါင်ဆိုင် အဲဒါအမှန်ပဲ .."

"တိုးတိုးပြောစမ်း .."

"ဟင် .."

နောက်တစ်ခါ နှုတ်ခမ်းလေးကို ဖိကိုက်ထားမိပြန်ကာ ဘေးကို လိုက်ကြည့်မိပြန်သည်။ တိုစဉ် သူမ ဟိုဘက်စားပွဲမှာ ထားခဲ့သည့် ကြေးအိုးဆီချက်နဲ့ ဟင်းချိုပွဲတွေကို စားပွဲထိုးကောင်လေးက ဒီဘက်ကို ပြောင်းယူပေး၏။

"ဟင် .. အဲဒါတွေ မစားတော့ဘူးလေ၊ ရွှေပန်းကန်နဲ့လည်းမရ၊ ကြေးအိုးနဲ့လည်းမရဘဲနဲ့ .."

"ဟာ .."

စားပွဲထိုးကောင်လေး စိတ်ပျက်စွာညည်းလျှင် မြစေ က ယားခဲ့ဖို့ မေးဆတ်ပြလိုက်ပြီး …၊

"ရေသန့်ဘူးယူခဲ့ပေး .."





"ဟုတ်ကဲ့ .."

ရွှေထုပ်လေး က စားစရာတွေကို အာရုံမရောက်တော့ဘဲ သူ့ကို ထားပြောဖို့သာ စိတ်စောနေကာ …၊

"အစ်ကို စားနေတာဘာလဲဟင် …၊ သူတို့က ကြေးအိုးဆိုပြီး ကြေးအိုးနဲ့လည်းမဟုတ်ဘူး .. အဲဒီထဲက ဘာတွေလဲ .."

"ဘာတွေဖြစ်ဖြစ် ကြေးအိုးကြီးနဲ့လာချပေးရင် အိုးကိုပါ မင်း ဝါးစားမှာလား .."

"ဒါပေမယ့် .."

"မင်းဟာမင်း အိမ်မှာ စိန်စီတဲ့ပန်းကန်နဲ့ပဲစားစား၊ အပြင်မှာ လူများဘယ်လိုနေကြ စားကြလဲ .."

"သူများတွေလည်း စားချင်တာမှာစားကြတာပဲ .."

"ရွှေပန်းကန်တွေ ကြေးအိုးကြီးတွေပါသလား .."

ရွှေထုပ်လေး မျက်နှာငယ်လေးနဲ့ တိတ်ကျသွား၏။ ဒါပေမယ့် အသောက်မပျက်နှင့် စကားပြောနေတာကြည့်ရင်း ကျနသော နှုတ်ခမ်း အစုံက သူမ မျက်လုံးထဲမှာ ငေးမောစရာဖြစ်သွားခဲ့၏။

ဝမ်းနည်းစွာ တိတ်ကျသွားခြင်းက မြစေ ကို ငေးနေခြင်းဖြင့် ကြာရှည်တာ မိန်းကလေးတစ်ယောက်အဖို့ ပတ်ဝန်းကျင်အမြင်မှာ ကြည့်ရဆိုး သွားခဲ့၏ …၊

မြစေ မျက်မှောင်ကုတ်သွားကာ သူမရဲ့ စားစရာပန်းကန်ကို မျက်နှာ ရှေ့ရောက်အောင် ထပ်ရွှေ့ပေးလိုက်ပြီး …၊

"စားစရာရှိတာစား .."

ဟင် …၊

ငေးနေမိသဖြင့် သူမ လန့်သွားကာ ကြေးအိုးဆီချက်ကို ငုံ့ကြည့်ပြီး ပြီးတော့ အသားဖတ်တွေနိုင်းချင်းကို မျက်လုံးရောက်သွားကာ…၊

"သား .. အဲဒါတွေနဲ့ မစားဘူး .."

"ဘာ!..."

"အသားတွေ သား မစားဘူး၊ ငါးနဲ့ ပုဇွန်ပဲစားတာ .."



www.burmeseclassic.com

www.burmeseclassic.com



"မစားရင် အစတည်းက စားချင်တာမှာပါလား .."

"အဲဒါကျတော့ရလား .."

ရှင်းပြရင်း စိတ်ပျက်သွားမိသည်။ စားစရာကို လက်စသပ်ကာ ရေဘူးကို ကိုင်လိုက်တော့ သူမကလည်း ကိုင်လိုက်တာနှင့် ဆုံကာ...

"ကိုကြီး ရေသောက်မလို့လား .. သားက ရေပဲသောက်တော့မလို့"

ပိုက်ဆံအိတ်ကို ပေါင်ပေါ်မှာတင်ထားတာတောင် လက်တစ်ဖက်က ဖိကပ်ထားကာ ရေသန့်ဘူးကို ခဲယဉ်းစွာဖွင့်နေ၏။

သူ ရှေ့ကပန်းကန်ကိုဘေးရွှေ့ပစ်ကာ သူမလက်ထဲက ရေသန့်ဘူးကို ဆွဲယူလိုက်သည်. ပြီးတော့ သူပဲ ဖွင့်ပေးလိုက်ကာ ..၊

"ရေသန့်ဘူးတစ်ဘူး ထပ်ပေး .."

"ဒီမှာ ဖန်ခွက်ရှိတာပဲ .. အစ်ကို ထည့်သောက်လေ .."

"မလိုဘူး မင်းသောက်လိုက်တော့ .."

"ဟုတ် .."

ဒါကျတော့ ဝမ်းသာအားရခေါင်းညိတ်၏။ ပြီးတော့ ဒီတိုင်းနှုတ်ခမ်းနဲ့ကပ်ပြီးမော့သောက်၏။ ဖွေးနုကျော့ရှင်းသော လည်တိုင်လေးမော့စင်းလျက် နှုတ်ခမ်းနဲ့ ထိကပ်ထားသဖြင့် မြဲစေ မျက်နှာရဲတက်လာကာ လှည့်တော့မကြည့်ဖြစ်ပေမယ့် စိတ်က ပတ်ဝန်းကျင်ကိုရောက်သွားမိသည်။

ဘယ်နေရာမှာမှ အချိုးမပြေတာ ကိုယ်နဲ့ဘာဆိုင်လို့လဲ ..။ သူ့ဟာသူ ဘယ်လိုနေနေ ထားလိုက်၊ ကိုယ့်စိတ်ကို တခြားလွှဲ၍ မဆိုင်သလို ဘယ်လိုပဲနေနေ မျက်နှာပူသလိုလို၊ စိတ်တိုနေသလိုလို ဒီနေရာမှာ ဆက်လက်မနေလိုတော့ခြင်းက အင်တိုက်အားတိုက်ဖြစ်၏။

"ရှင်းမယ် .."

စိတ်တာကောင်လေးကိုခေါ်လိုက်တော့ သူမက ပိုက်ဆံအိတ်လေးတော့ ဖွင့်ဖို့ပြင်ရှာပေမယ့် ...၊

"ဒါတွေ သား မစားဘူးနော် .. ဒါပေမယ့် ပိုက်ဆံပေးရမှာလား"

မေးနေတုန်းမှာ မြဲစေ က ပိုက်ဆံရှင်းပြီးထသွားပြီဖြစ်ကာ ...၊

"အစ်ကို ရှင်းသွားပြီးပြီ .."





"ရှင်းသွားတယ် .."

သူ ပိုက်ဆံပေးတာ ဒီပွဲအတွက်ပါပေးသွားသည်တဲ့ ..။ ဒါဆို သူက သားကို သူ့လူလို့တော့ သတ်မှတ်ခဲ့တာပဲ။ သူနဲ့ပတ်သက်တဲ့သူလို့ တွက်လို့သာ ဒါကိုရှင်းပေးသွားတာ ..။

ကိုယ့်ဘာသာ ရှင်းလင်းအောင်ပြန်တွေးနေတုန်း မြဲစေ က ပျောက်ကွယ်သွားပြီဖြစ်၏။

"ဒီမှာ အဲဒါတွေ သာ်းယူသွားမှာလေ၊ ပိုက်ဆံပေးပြီးပြီဥစ္စာ .."

စိတ်ကာကောင်လေးက ပန်းကန်တွေသိမ်းလိုက်ပြီး ရေသန့်ဘူးတွေကို စုကပ်လိုက်သည်နှင့် ရွှေထုပ်လေး က ရေဘူးတွေကိုပဲ ပြန်ဆွဲထားကာ ..၊

"ဒီဘူးက မသောက်ရသေးဘူး၊ သားလည်း နည်းနည်းပဲသောက်ရသေးတာ .."

ပြောလည်းပြောကာ ရေဘူးနှစ်ဘူးကို ဒီတိုင်းပူးလျက်ပိုက်လိုက်ပြီး ဆလင်းဘတ်အိတ်လေးကို ကြိုးရှည်ကိုပါ စုသိမ်း၍ တစ်ဖက်ကချိုင်းကြားမှာ ညှပ်လိုက်သည်။

သူမ အပြင်ကို ခြေထောက်လေးတဆဆနှင့် ပြေးထွက်လာတော့ မြဲစေ ကို ဘယ်ဘက်လှမ်းကြည့်လို့မှမမြင် ..။

တစ်ဖက်မှာ ကားအနည်းငယ်ရှင်းပေမယ့် တစ်ဖက်မှာတော့ လူတွေရော ကားတွေပါ ရှုပ်ထွေးနေ၏။ သူမ ဘယ်ဘက်ကိုလိုက်သွားပြီး ရှာရမလဲ ..။

သူမလက်ထဲမှာ ပိုက်ဆံတွေပါသည့်အိတ်နှင့် မရှိမဖြစ်ရေဘူးက ပါနေသည်။ ရေဘူးကို သူမ မစွန့်လွှတ်နိုင်သလို ပိုက်ဆံအိတ်ကို သူများတွေမျက်စိကျသွားကြမလားလည်း တွေးမိ၏။

တစ်ယောက်တည်း ဟိုဘက်ကိုလေးငါးလှမ်းလျှောက်လိုက် ဒီဘက်ကိုလှည့်လျှောက်လာလိုက်နှင့် ပြီးမှ စိတ်ဒုန်းဒုန်းချလိုက်ကာ ညာဘက်ကို ရွေးချယ်လိုက်သည်။

သူမအတွက် ဒီအချိန်မှာ မိတ်ဆွေကောင်းတစ်ယောက်သောက် ရွှေထက်တန်ဖိုးကြီးနေသည်မို့ သူ့ကိုတွေ့အောင်ရှာမှဖြစ်မည်။



www.burmeseclassic.com

www.burmeseclassic.com



"လောကကြီးက အဆိုးနဲ့အကောင်း အမြဲဒွန်တွဲနေတာကွယ့် ..
သမီး မသိတာကို သံသယထင်ရှားအောင် ဘယ်တော့မှ ဖွင့်ချပြမှာမဟုတ်
ဘူး၊ အဲဒါကြောင့် လူဆိုးကတော့ အစဉ်ချီနေလိမ့်မယ်၊ လူကောင်းက
တော့ လူ့မနောကမနှစ်သက်တဲ့စေတဲ့ အဖန်အခါးတွေနဲ့ပဲရှိနေမှာ ..
လို့ အဒေါ်ပြောသွားခဲ့သည်။

ပြီးတော့ ..၊

"သမီး လူကဲမခတ်တတ်ပေမယ့် ပြောကိုင်းမယုံမိဖို့ ကိုယ့်စိတ်
ကို ထိန်းချုပ်နိုင်အောင်ကြိုးစားပါ .." တဲ့ ..။

မှာကြားခဲ့သမျှကို သူမ မှတ်မိနေသည်။ တစ်ခုခုကို စဉ်းစားစရာ
ဖြစ်လာတိုင်း ဒီစကားတွေကိုပဲ ပြန်တွေးမိနေသဖြင့် ခေါင်းထဲမှာ သံ
ရိုက်သလိုစွဲနေခဲ့ပြီဖြစ်သည်။

သူမ ကြားမိလိုက်သော 'မြဲစေ' ဆိုသည့်နာမည်နှင့် ထိုလူဟာ
ကိုယ့်ကို ဒုက္ခပေးမည့်လူမဟုတ်နိုင်မှန်း ယုံကြည်နေမိသည်။

တို့ကြောင့် မတွေ့တွေ့အောင်လိုက်ရှာပြီး ထိုလူ့အနီးအပါးမှာ
နေနိုင်ဖို့ ကြိုးစားရမည်။ ယုံကြည်ချက်တွေ ပြင်းထန်နေပေမယ့် လူတွေ
အသွားအလာများသည့်ဘက်ကို ရွေးချယ်ခဲ့မိသဖြင့် ဘယ်ကိုကြည့်ကြည့်
မမြင်ဘဲ အတော်ကြာအောင် လျှောက်နေခဲ့ရသည်။

တွေ့မယ့်တွေ့တော့ သူက ကွမ်းယာသည်နဲ့ ဘာတွေရပ်ပြော
မှန်းမသိ ..။

"ကိုကြီး .."

ရွှေထုပ်လေး ဂမ်းသာအားရဖြစ်သွားကာ ခေါ်ဖို့မရည်ရွယ်ဘဲ လှမ်း
ခေါ်လိုက်မိလျက် ..၊

"အ .."

"ဒုတ် .."

ရောဘူးတွေ ပိုက်ထားသည့်လက်ကို တစ်ယောက်ကတိုးဝှိုက်သွား
သဖြင့် လူလည်းတစ်ပတ်လည်ပါသွားကာ ရောဘူးအသစ်က ခါချ
လိုက်သလို ပြုတ်ကျသွား၏။





သူမ အရေးအကွက် မြဲစေ က အဓိကမဟုတ်တော့ဘဲ ရောဘူးနောက်
ကို လိုက်ဖို့ အဓိကဖြစ်သွားကာ လိမ့်သွားသည့် ရောဘူးနောက်ကိုလိုက်
ယောသည်။ ဒါပေမယ့် ရောဘူးက ထမပြေးဘဲ သူမသာလျှင် ရောဘူးဆီ
ကို မရောက်နိုင်ဘဲ ခြေလှမ်းပြင်လိုက်တစ်ယောက်က ဖိုးတိုက်သွားလိုက်..၊

"ရောဘူး .. အဲဒါ သား ရောဘူးပါ၊ ဟယ် .. ခြေထောက်နဲ့ မကန်
လိုက်ပါနဲ့၊ ခဏဖယ်ပေးပါရှင် .. ရောဘူးကျသွားလို့ .."

ကိုယ့်ဘာသာ ဗျာများပြီး ခြေလှမ်းမှားနေသလို သူမ ပုံစံကိုရယ်
ကာ လူငယ်သုံးယောက်က ရောဘူးကိုကောက်တဲ့လူကကောက် ရွှေထုပ်လေး
ကို ရှေ့က ကိုးယို့ကားယားတားတဲ့သူက တားနှင့် ..၊

"ရှေ့ကဖယ်ပေးပါ .."

"အာ .. ဟို့ ဘာလုပ်လို့လဲကွ .."

"ဘာလုပ်တာလဲ .. အဲဒါ သား ရောဘူး .."

ရောဘူးကို ကောက်သွားတာမြင်လျှင် ရှေ့ကဂဘားဆီးကာဆီးလုပ်
နေသူကိုလည်း မကျော်လွှားနိုင်ဘဲ ရွှေထုပ်လေး ခြေဖျားလေးထောက်
၍ လှမ်းအော်၏။

ထိုစဉ် သူမရဲ့ လက်မောင်းတစ်ဖက်ကို တစ်ယောက်က ခပ်ကြမ်း
ကြမ်းလာဆွဲကိုင်လျက် ..၊

"မြင်လိုက်ရရင် ထော်လော်ကန့်လန့်ချည်းပဲ .. တောက် .."

ကိုကြီး ..၊

မြဲစေ လာကိုင်လိုက်တာမှန်းသိလျှင် လန့်ဖျပ်ပြီး လွှဲရုန်းလိုက်သည့်
ကိုယ်လေးကို ပြန်၍ပျော့သွားကာ ..၊

"ကိုကြီး အဲဒါ ကိုကြီးရဲ့ ရောဘူး .."

"ဟုတ်တယ် .. အဲဒါ ရောဘူး .. ရွှေဘူးမဟုတ်ဘူး .."

လက်ကိုအကြမ်းပတမ်းဆုပ်ကိုင်ထားသည့်ပြင် သူ ခြေလှမ်းကျဲ
သည့်အတိုင်း မညှာမတာဆွဲခေါ်သွားသဖြင့် ရွှေထုပ်လေး ပုံပျက်ပန်းပျက်
ပါသွားကာ ဖိနပ်လေးတစ်ဖက်ပါ ကျွတ်ကျန်ရစ်လေသည်။

မြဲစေ က တက္ကစီတား၍ ရွှေထုပ်လေး ကို အရင်တွန်းတင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပြီးမှ သူ ဝင်ဆိုင်၍ ..၊

"ရွှေပုန်းညက်အိမ်ရာကို သွားမယ် .."

ရှေ့ကိုပြောပြီးမှ လှည့်ကြည့်လိုက်တော့ သူမက သူ ဆွဲကိုင်ထား သည့်လက်မောင်းလေးကို တစ်ဖက်နဲ့ဖိဆုပ်ရင်း မျက်နှာလေး ငုံ့ထား၏။ ဒါပေမယ့် မျက်ရည်ပေါက်ကြီးတွေ တလိမ့်လိမ့်ကျနေတာကို သူ မြင် လိုက်ကာ ..၊

"ဘာဖြစ်လို့လဲ .. မင်းကို မတော်မတရားဆွဲခေါ်လာတယ်ထင်နေ လို့လား .."

သူမ ဖျက်ခနဲမော့ကြည့်ကာ မျက်ရည်အရွဲသားနှင့် ခေါင်းခါသည်။ ခေါင်းခါပြပေမယ့် နှုတ်ခမ်းထောင့်လေးတွေ မဲ့နေတာကိုတော့ မဖျောက်နိုင်..။

တင်းနေသည့် မြဲစေ မျက်နှာတစ်ထစ်ပြေကျသွားလျက် တစ်ဖက် ကို လှည့်လိုက်ပြီးမှ ..၊

"မင်း ပတ်ဝန်းကျင်ကို ဘာဖြစ်လို့ နည်းနည်းလေးမှ ဂရုမစိုက် တာလဲ ..၊ ဘယ်မှာဖြစ်ဖြစ် စီခနဲဆို မင်းပဲ .."

ခေါင်းလေးပြန်ငုံ့သွားပြီး ရွှေထုပ်လေး ရဲ့ ပခုံးလေးတွေကုန်သွား သည်။ ကျိတ်ရှိုက်လိုက်သည့် ရှိုက်သံသဲ့သဲ့လေးကြောင့် သူ ဘာမှဆက် ပြောချင်စိတ်မရှိတော့အောင်ဖြစ်သွားမိ၏။

ဒါပေမယ့် မပြောလို့လည်းမဖြစ်ပေ။ သူမပုံစံနဲ့ ပတ်ဝန်းကျင် ဘယ်လိုမှ အံဝင်ဂွင်ကျမဖြစ်ရခြင်းအကြောင်းကို သူ နားမလည်နိုင်ပေ မယ့် သူမကတော့ တကယ်ပဲ ဘယ်လိုမှကို အံမဝင်နိုင်တာဖြစ်လေသည်။

ဒါတွေကလည်း သူ့ရှေ့ကျမှချည်းဖြစ်နေတာ သူ ကံဆိုးဖို့လား၊ ဒါမှမဟုတ် သူကိုက မနေတတ်မထိုင်တတ် ဝင်ဝင်ပါမိတာလား ..။

နဖူးက ဆံပင်တွေကို နှစ်ကြိမ်မြောက် သပ်လို့အပြီးမှ စိတ်အိုက် ခြင်းက သိသာစွာတိုး၏။ ဒီကြားထဲ သူမလေးက ငိုရှိုက်နေရင်း ရေသောက် ဖို့ ကြိုးစားနေသေးသည်။

နောက်ထပ်ပေါ်လာသည့် အမြင်မတော်ခြင်းတစ်ရပ်လား ..။ ဒါပေ မယ့် သူ ခပ်စောင်းစောင်းငဲ့ကြည့်နေလိုက်တာနှင့် သူ ဖျတ်ခနဲလှည့်





ကြည့်ကာ ရေဘူးကိုနှုတ်ခမ်းက ခွာလိုက်သည်။

ပြီးတော့ အငိုရပ်ပြီးမှ ရေသောက်ရမှာကို သတိရသွားပုံနှင့် ..၊ မျက်ရည်တွေကို လက်မောင်းလေးနဲ့ ပင့်သုတ်ပစ်၏။ သက်ပြင်းတွေ ဘာတွေရှိုက်၍ ကိုယ်ကို မတ်မတ်ပြင်ကာ အသက်ရှူခြင်းစသဖြင့် စိတ် ပြောင်းလဲဖို့ကြိုးစားရှာသည်။

ပြီးမှ ရေယပ်သောက်ဖို့ပြင်ရင်း လှည့်ကြည့်သည်။ သူ မျက်နှာလွှဲ ပေးလိုက်မှ ရေသောက်၏။ သို့သော် ကားမောင်းနေတာမို့ ယိမ်းလိုက် ယိုင်လိုက် ရေဘူးနဲ့ပါးစပ်နဲ့လွဲသွားလိုက်မို့ သူမ ရင်ဘတ်နဲ့ ပခုံးတွေမှာ ရွဲရွဲစို၏။

ကျွတ် .. အမြင်မတော်ခြင်း နောက်တစ်ခု ..။

"ရေသောက်ဖို့က ဒီလောက်တောင်အရေးကြီးနေသလား .."

မနေနိုင်တော့ ပြောလိုက်မိသည်။ သူ မမြင်ချင်သော မျက်နှာ ငယ်လေး သူ့ဘက်ရောက်လာပြန်ကာ ..၊

"သား .. ဗိုက်ဆာလို့ပါ ရေသောက်တာ ဘာဖြစ်လို့လဲဟင် .."

"ဘာမှမဖြစ်ဘူး၊ ဒါပေမယ့် မင်းလုပ်သမျှက ဖြစ်နေတာ .."

"ဘာတွေဖြစ်နေတာလဲ .."

"အဲဒါတွေလေ .."

သူမ ပခုံးနဲ့ ရင်ဘတ်ပေါ်ကိုတစ်ချက်ကြည့်ပြော၍ မြဲစေ မျက်နှာ ကြီးတင်းနေကာ ..၊

"ဗိုက်ဆာတာ ရေတွေချည်းသောက်နေလို့ ဝသလား၊ ဆိုင်ထဲမှာ စားစရာမှာပြီးတော့ မစားဘဲနဲ့ .."

"ဘာတွေမှန်းမသိလို့ .."

"ဘာ .."

"သားက .. အသားတွေမစားပါဘူးဆို .."

"မစားချင်ရင် ပလိန်းလုပ်ခိုင်းလို့ရတယ် .."

"သူများတွေရပေမယ့် သားမှာတော့ ဘာမှမှမရတာ .."

"ကျွတ် .."



www.burmeseclassic.com

www.burmeseclassic.com



"သား ရေပဲသောက်နေတာ ခြောက်ရက်ရှိပြီ .."

"ဘာပြောတာ .."

"ဟိုဟာနည်းနည်း ဒီဟာနည်းနည်းတော့ မစားဘူးလို့မြည်းကြည့်ပါတယ်၊ ဒါပေမယ့် ထမင်းမစားရတာကြာပြီ .."

မြဲစေ ကိုယ့်ကိုယ်ကိုယ် ကမ္ဘာပတ်ဖူးခဲ့ပြီထင်နေခဲ့၏။ ခုမှပဲ သူ လုံးဝမရောက်ဖူးသောနိုင်ငံ ရှိနေသေးမှန်းသိတော့သည်။ ဒါပေမယ့် ဘာနိုင်ငံလဲ ..၊

သူမအကြောင်း တစ်စုံးတစ်စိတော့ သူ မေးဖို့လိုပြီထင်၏။ ဒါပေမယ့် ..၊

"ဒုတ် .."

"ဟာ .."

သူမ ရှောဘူးလွှတ်ကျသွားကာ လူက မိုက်ခနဲဖြစ်သွားသဖြင့် ပခုံးလေးတစ်ဖက်ကို ဖမ်းဆွဲထားလိုက်ရင်း ..၊

"ဘာဖြစ်တာလဲ .. မင်း .."

သူမကိုယ်လေးယိမ်းထိုးနေတာကို ရုတ်တရက်သတိမထားမိဘဲ ခြေထောက်တစ်ခုလုံး ပြုတ်ကျသည့် ရှောဘူးကြောင့် ရွဲရွဲစိုသွားတာကို ဒေါသက ထောင်းခနဲဖြစ်သွားလျက် ..၊

"ခုပဲပြောနေတုန်း .. မင်း ဒီလောက်နမော်နမဲ့ .."

ဟင် ..၊

ဒီတစ်ခါ ဒေါသပါသွားသဖြင့် လက်ကိုဆွဲပူလိုက်သလိုဖြစ်သွားကာ သူမ မျက်တောင်ဖျားလေးတွေ လေးလံမှေးစင်းလျက် ..၊

"အရမ်းအိပ်ချင်လို့ .."

စကားတော့ဆုံးအောင်ပြောသွားပေမယ့် သူ့ဘက်ပြိုလဲကျလာကာ သူမ နှစ်ခြိုက်စွာအိပ်ပျော်ခြင်းသို့ရောက်လေသည်။

သွားပြီ .. ခြောက်ရက်ရှိပြီဆိုတာ မစားရတာလား မအိပ်ရတာလား..၊





အခန်း (၁၆)

"သေပါတော့ကွာ ..၊ ယုန်ကောင်ပြေး ခွေးမြောက်လိုက်ဖြစ်ပြန်ပြီ .."

"ဟိတ်ကောင် .. ငါတို့က ခွေးမဟုတ်ဘူးကွ .."

"ဟုတ်ဟုတ်မဟုတ်ဟုတ် စကားပုံအတိုင်းပြောတာကွ .."

ဆိုင်ရှေ့ကနေ လိုက်ပတ်ကြည့်ပြီး ဒေါသ ကိုယ့်နဖူးကိုယ်ရိုက်၏။ စိုးအောင် က မကျေမနပ်ထပ်ရှာကာ ..၊

"ဟိုကောင် မိုးကြိုး က ဘယ်မှာလဲ၊ အဆိပ် ကို အဆိပ်မခတ်နိုင်လို့ သူ့ကိုယ်သူ ကြိုးဆွဲချသေပြီလား .."

"ဖုန်းခေါ်ကွာ .. အဆိပ် ဆိုတဲ့ကောင် ရွှေပုင်းညက်ကို ဒီတိုင်းရောက်သွားလို့မဖြစ်ဘူး .. မြန်မြန်လုပ် .."

ဖုန်းခေါ်လိုက်တော့ မိုးကြိုး က တန်းကိုင်ကာ ..၊

"စိတ်မပူပါနဲ့ ငါ ထည့်ပေးလိုက်တဲ့ ရေသန့်ဘူးကို သူ့ဆီတည့်တည့်မတ်မတ်သွားပေးလိုက်တာ .."

"ဟေ့ကောင် .. သောက်ပစ်ကဲ့အထိ မင်း ကြည့်နေရဲ့လား .."

"ဩော် .. လည်ချောင်းအထိခေါင်းပြူပြီး လိုက်ကြည့်ရမှာလားကွ၊ ထပြန်သွားတော့ ရှောဘူးကိုတောင် လက်ကျန်မထားခဲ့ဘူး ယူသွားတာ .."



www.burmeseclassic.com

www.burmeseclassic.com



"မင်း သေချာလား .."

"သေချာပါတယ်ဆိုကွာ .. ဘော့စ်ဆီ အေးဆေးမက်ဆေ့ချ်ပို့လိုက်တော့ .."

"အိုခေပြီပေါ့ .."

စိုးရိမ်နေသည့် မျက်နှာ ချက်ချင်းပြုံးရွှင်သွားသည်။ ပြီးတော့ ဒဿကို လှည့်ကြည့်ကာ ..၊

"ဒီကောင် အိပ်ဆေးမိသွားပြီဆိုတော့ သူ့ခေါင်းထဲမှာသိုးကုန်ပြီ၊ ဘယ်လိုလဲ မင်းနဲ့ငါ ဘယ်သူ့ဘက်က လောင်းမလဲ .."

"စဉ်းစားရဦးမယ် .."

"ဟား .. မင်းကလည်း ဒီလောက်သေချာနေတာကိုကွ ..၊ ဒီဝိုင်းက တကယ့်အကြီးကြီးနော် ..၊ အားလုံးက အဆိပ် ကိုလန့်ပြီး လျှော့ချကြမှာ .. ငါတို့ဘော့စ် ထောပြီ .."

"ယောကောင် .. ဒီကောင်နဲ့ ကစားမယ်ဆိုတည်းက သူ့ကိုကြောက်တဲ့ကောင်မပါဘူး .."

"ဒါပဲလေ .. လူဆိုတာ မာနနဲ့ပဲ၊ အဲဒီလို ဖိုက်(ထ်) ကြမှာကို အကြိုက်ဝင်ကျူးရုံပဲ .. ငါကတော့ .. ဟဲ .. ဟဲ .."

ဒဿ က ခုချိန်ထိ ပေါ့ပါးစွာမပြုံးနိုင်သေးဘဲဖြစ်နေ၏။ ကားပေါ်တက်ပြီး စိုးအောင် သူ့ဌေးဆီသတင်းပို့နေချိန်မှာ သူ အကြိတ်အနယ် ချင့်ချိန်ဆုံးဖြတ်နေတာ မပြီးနိုင် ..။

တကယ့် အမိပတိတွေတောင်မှ အဆိပ် ကို ဘယ်အခါမှ လျှော့တွက်ခဲ့ကြတာမဟုတ်ပေ ..။

"ဒီကောင်နဲ့ ဝိုင်းမိရင် သူနဲ့ မျက်လုံးချင်းမဆုံစေနဲ့ .. ဒါပေမယ့် သူ အသက်ရှူတာတောင်မှ အလွတ်ပေးလို့မရဘူး .."

"ကျုပ်တို့က ဒီထက် ဂရုစိုက်တယ် ကိုထင်လင်း၊ ဒါပေမယ့် အချိန်တန်ရင် သူပဲ ကျူးသွားတာ .."

"ဟုတ်တယ် .. ဒီကောင်က ပွဲတိုင်းမကစားဘူး၊ ကစားတိုင်း ဘယ်တော့မှ အရှုံးနဲ့မထဘူး .."





"တစ်ချိတည်းနိုင်သွားရင် သူ ကံကောင်းတာ၊ နှစ်ချီကျမှ နိုင်ရင် ကျုပ်တို့သတိလစ်တာ၊ အရှုံးနဲ့ မထတော့ဘူးဆိုရင် သေချာပေါက် ကျုပ်တို့ပါပြီ ..'

"ကျုပ်တို့ကလည်း လောင်းကစားသမားပေမယ့် ကစားသမားသစ္စာဆိုတာ ထားရသေးတယ်၊ မဟုတ်လို့ကတော့ ကိုယ်ရတာနဲ့ထပြီးသားပဲ .."

"ဟာဗျာ .. သစ္စာ ဟုတ်ဟုတ် မဟုတ်ဟုတ် ဒါမျိုးက သတ္တိနည်းတာပဲဗျ .."

ဤသို့သော တကယ့် ဟိုက်ဘော့စ်တွေ ညည်းညူငြင်းခုံကြတာ သူတို့မကြားချင်မှ အဆုံး ..။ ဒီနေ့ မသမာတဲ့နည်းနဲ့ အဆိပ် ရဲ့ ဖျတ်လတ်စူးရှခြင်းတွေကို သူတို့ ဖြတ်တောက်ပစ်ခဲ့ပြီ။ ဒါပေမယ့် စိတ်ချရပါ့မလား ..။

"မဟုတ်ဘူး .. ဒီကောင့်ကိုယ်မှာ အစောင့်ရှိနေတာဖြစ်မယ်၊ ပရိဂရမ်မာလုပ်စားတော့လည်း ဆော့ဖ်ဝဲအကြီးကြီးတွေ သူပဲရေးနိုင်တယ်၊ သူပဲ ထွင်နိုင်တယ်၊ သူများ ဘယ်လောက်ရှုပ်ထွေနက်နဲအောင်ရေးထားပါစေ .. သူ ဝင်ဖျက်နိုင်တယ် ..၊ အခု ကလေကချေဖြစ်နေပါပြီဆိုတော့လည်းကြည့်ဦး .. 'သူများတွေ ကံမရှိ ဉာဏ်ရှိတိုင်းမွဲ' တဲ့ စကားပုံအတိုင်းပဲ ဆိုးပြီဆိုရင် အဆိုးတွေချည်းလာကြတာလေ .."

"ဟုတ်တယ် .. သူကတော့ ဆော့ဖ်ဝဲရေးတော့လည်းဘုရင်ပဲ၊ လောင်းကစားဘက်လှည့်တော့လည်း ဖြုံချလိုက်ပြီဆိုရင် 'ခေါင်' မှ.."

သူဌေးဆိုတဲ့ ဂုဏ်ဒြပ်တွေနဲ့ ထည်ထည်ဝါဝါနေကြတဲ့လူတွေက ဒီလောက်ပဲသိသည်။ သူတို့က အဆိပ် နောက်ကို တစ်ကောက်ကောက်လိုက်နေရသလောက် ဆုံမိပြီဆို နဖူးကွဲဒူးပြဲဖြစ်ကြရတာလည်း သူတို့သာ ..။

နောက်ထပ် အဆိပ် ဆိုတဲ့ကောင် ဘာတွေတော်သေးသလဲဆိုတာ သူတို့ထက် ဘယ်သူပိုသိမှာလဲ ..။

မျက်စိရောနားရော လျှင်သည်။ လက်ကလည်းမြန်သည်၊ ကိုယ်ခံ



www.burmeseclassic.com

www.burmeseclassic.com



ပညာ ဘယ်လောက်တတ်သလဲမသိပေမယ့် ရင်ဆိုင်ပြီဆို သူကချည်း ဦးအောင်ဆော်သွားတာဖြစ်၏။

အဆိပ် ဆိုတာ သူ့ကိုယ်သူ ကင်ပွန်းတပ်တဲ့ နာမည်မှမဟုတ်ဘဲ..။

"ဟိတ်ကောင် .."

"ဟာ် .."

"ငေးလိုက်တာကွာ ..၊ မင်းလောင်းရဲမှ လောင်းစမ်းပါ၊ အဆိပ် နာမည်ကြားတာနဲ့ ငုတ်တုတ်သေသွားဦးမယ် .."

"သေမှာစိုးလို့ စဉ်းစားနေတာ နမပေးရဲ .. အိပ်ဆေးက အဆိပ် ကို တိုး,မတိုး မသေချာပဲနဲ့ .."

"ဟား .. ဟား .. ဟား .."

စိုးအောင် က လှောင်ရယ်သံနှင့် အားပါးတရရယ်လေသည်။

"ခွေးကောင် .. ပါးစပ်ကြီးပြန်ဇစ်မရောဲနေဦးမယ်၊ တော်ကြာ ငိုဖို့ချန်ထားဦး .. ရယ်လွန်းရင် ငိုရတတ်တယ် .."

"မင့်ကြီးတော်မို့ နိမိတ်ဖတ်နေတာလား .. ဖွဟဲ့ .. လွဲပါစေ .. ဖယ်ပါစေ .."





## အခန်း (၁၇)

လောင်းကြေးတွေ ပုံထပ်လာတည်းက မြဲစေ က တစ်ချက်ပဲကြည့် သည်။

"မင်းက နည်းသေးတယ်မို့လား .. မလောင်းရဲဘူးလား .."

မသိသည့်လူက ခနဲ့သည်ပဲထင်ကာ အဆိပ် ဆိုတာကို သိထားသည့် လူက ဦးချစ်ခိုင် ကို မသိမသာမျက်ရိပ်ပြ၍တားသည်။ တကယ်တော့ ဦးပညာ နဲ့ ဦးချစ်ခိုင် တို့က ကိုင်ပင်လားကြပြီးဖြစ်ကာ အဆိပ် ကို အဆိပ်ပြန်ခက်၍ မြဲစေ ငိုက်ကျသွားပြီဆိုမှ သူတို့ချင်းပညာပြိုင်ဖို့ ..။

ထို့ကြောင့် ဘယ်သူတွေ မျက်ရိပ်ပြနေနေ ဦးချစ်ခိုင် က အပြုံး မပျက်ရှိနေကာ ဒီပွဲမှာ သူနိုင်မှာပဲလို့ အပိုင်တွက်ထားတာလည်း မျက်နှာ မှာပေါ်နေလေသည်။

ထို့အတူ ဦးတင်လင်း ကလည်း အဆိပ် နာမည်ကြီးလွန်းတာကို ဒီပွဲမှာပဲ အနိုင်ယူပြဖို့ တိဟ်တဆိတ် ဆုံးဖြတ်ချက်ဝို့နှင့် အပိုင်တွက် နေခဲ့၏။

ဒီဝိုင်းထဲမှာ တကယ့်လက်သည်ဖြစ်သော ဦးပညာ သည်သာ အေးဆေး တဲ့ငြိမ်သက်နေခဲ့လျက် မြဲစေ ဘယ်တော့ အိပ်ငိုက်သမ်းဝေလာမလဲဆို တာကို မပြတ်အကဲခတ်နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



တပည့်ဖြစ်သူတွေကို မျက်လုံးနဲ့ မေးခွန်းထုတ်လိုက်၊ ကိုယ့်ကိုယ်ကိုယ် တည်ငြိမ်နေပုံဖြစ်အောင် ထိန်းချုပ်နေလိုက်နှင့် 'ဒီပွဲမှာတော့ ဒီကောင့်ကို ဖြုတ်ပစ်မယ်' လို့ စိတ်ကရေရွတ်နေတာ တရားမှတ်နေတဲ့အတိုင်း ...။

တခြားသောသူတွေလည်း ထိုနည်းနှင်နှင်ဖြစ်ကာ မြစေ ကို ရှိန်နေသည့်စိတ်က တစ်ပိုင်း 'နိုင်ရမည်' ဆိုသော မခံချင်ဒေါသတွေနဲ့ မျက်ခြေမပြတ် စောင့်ကြည့်နေကြတာချင်းက အတူတူပဲဖြစ်၏။

အားလုံး၏ အလယ်မှာ ငွေပုံကြီးက ဟီးထနေကာ စိတ်ဝင်စားဖွယ်မရှိသေးသော အစပိုင်းမှာပဲ စိတ်အိုက်လှုအိုက်ဖြစ်နေကြ၏။

ထိုထဲမှာ မပါသော ဒဿ တို့ကလည်း ကိုယ့်သူဌေးရဲ့ အကြည့်တွေ သူတို့ဆီရောက်လာတိုင်း ခေါင်းညိတ်ပြနေကြရကာ 'ဒီကောင်ခုချိန်ထိ ဘာမှမဖြစ်သေးပါလား' လို့တွေးရင် စိုးရိမ်မျက်နှာတွေနှင့်ဖြစ်လာကြ၏။ ထိုစဉ် ...

"ဒုန်း .."

တိတ်ဆိတ်ခြင်းကို ကျယ်လောင်သည့်အသံတစ်ရပ်က ဖျက်ဆီးသွားခဲ့ပြီး ထိုအသံဆီကို အားလုံးလှည့်ကြည့်လိုက်ကြ၏။

မည်းနက်ခက်ဖြာသော ဆံနွယ်ရှည်တွေဖြန့်ဝဲလျက် ဝင်းဖန့်ဝါရွှေသော နုညက်နေသည့်မျက်နှာသွယ်သွယ်လေး ပိုင်ရှင်သူမသည် ...၊

"ဒါ .. ဘယ်သူလဲ .."

"မသိဘူးလေ .. ကျုပ်တို့ကနောက်မှ ရောက်လာတာကို .."

သိတဲ့လူတွေကလည်း မသိတဲ့လူတွေကို မပြောအားဘဲ ချွေးသုတ်နေရ၏။ ကြောက်လွန်းလို့တော့မဟုတ်ပေ။ အဆိပ် ဒီတိုင်းကျန်းခန့်သာ၍ မာရျာစွာရှိနေခြင်းအတွက် သူတို့အပေါ်ကျရောက်လာမည့် ပြစ်ဒဏ်က အဆိပ် ထံမှလား .. ဒါမှမဟုတ် ကိုယ့်သူဌေးဆီကလား ...။

ဝိုင်းရဲ့အခြေအနေကတော့ အနိုင်အရှုံးဆီ ဦးမတည်သေးပေမယ့် သူဌေးရဲ့အကြည့်တစ်ချက်ကို သူတို့ခေါင်းကြီးနေပြီဖြစ်သည်။ အဆိပ်





က ဘယ်လိုလာဦးမလဲ ...၊

"ကဲ .. ဘယ်သူဖြစ်ဖြစ်ပါဗျာ .."

တစ်ယောက်က အဆိပ် ထံမှ မျက်လုံးမလွှဲရဲဘဲ ပေ့ါင်ကြည့်သူကို သတိပေးလက်တို့၏။ အားလုံး၏အကြည့်တွေက ကစားပွဲထဲပြန်ရောက်သွားချိန်မှာ ရွှေထုပ်လေး ရဲ့ ဘာမှန်းမသိခြင်းကလည်း တိုက်ခန်းကျယ်ကြီးထဲက ရှိသမျှလူတွေဆီ စေ့စေ့စပ်စပ်ကျရောက်နေလျက် ...၊

ကိုကြီးနဲ့ ဒီလူတွေဝိုင်းဖွဲ့ပြီး ဘာတွေဖတ်နေကြတာလဲ ...၊

အခန်းထဲမှာ သူမ အိပ်ပျော်နေတာဖြစ်ကာ နိုးလာတော့ မွေ့ရာတစ်ခုပေါ်မှာ သူမတစ်ယောက်တည်း။ ထလာကြည့်တော့လည်း ဘယ်သူမှမရှိ ...။

သူ ဒီလိုပဲ ရက်ခွာခွာထားခဲ့နေကျအတိုင်း တစ်နေရာရာထားခဲ့ပြီဖဲထင်ကာ ဘေးမှာရှိနေသည့် ကိုယ့်အိတ်လေးကို ကောက်ယူပြီး လှေတားကြီးအတိုင်း အပြေးတစ်ပိုင်းဆင်းလာခဲ့မိ၏။

ဒီရှေ့ကိုအဖြတ်ကျမှ တိုက်တိုက်ဆိုင်ဆိုင် နံရံက ပန်းချီဘောင်တစ်ခုကို ပခုံးနဲ့တိုက်မိပြီး ပြန်လှည့်လိုက်သောကြောင့် အခန်းထဲက လူတွေကိုမြင်သွားခဲ့ခြင်းဖြစ်သည်။

လူတွေ ဆယ်ယောက်လောက်ရှိတာကို ဒီလောက်တိတ်တိတ်ဆိတ်ဆိတ် ဘာလုပ်နေကြတာလဲ ...။

~~ဘိုးဓလေး~~လို တရားထိုင်နေကြတာတော့ မဖြစ်နိုင်မှန်းသိသည်။

ဒါပေမယ့် မြစေ ကို လှမ်းမြင်လိုက်တည်းက သောကဟူသမျှအားငြိမ်းသွားခဲ့သည်မို့ ရှေ့ကိုတရွေ့ရွေ့တိုးလာခဲ့ရင်း အားလုံးကို တစ်ယောက်စီလိုက်ကြည့်မိသည်။

တစ်ဝိုင်းတည်း ဝိုင်းဖွဲ့နေကြတာက ခုနစ်ယောက်၊ မိုးတိုးမတ်တတ်တွေရပ်ပြီး စီးကရက်တွေကိုယ်စီနဲ့ ရှိနေကြတာက လေးယောက် ...။

အားလုံး လူဆယ့်တစ်ယောက်ရှိနေပြီး အသက်ရှုသံတွေတောင်ကြားရလောက်တဲ့အထိ တိတ်ဆိတ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ရွှေထုပ်လေး က မြဲစေ ရဲ့ဘေးမှာ ရှိုရှိုသလေးဝင်ရပ်လိုက်တာနှင့် အားလုံး၏ မဲအားမလင်မျက်လုံးတွေက သူမဆီ ဝေ့ခနဲတက်လာကြသည်။

နေရာယူပြလိုက်တာက မြဲစေ ရဲ့ ကောင်မလေးအဖြစ် ဖော်ညွှန်းလိုက်သလိုဖြစ်သွားသဖြင့် ဦးချစ်နိုင် က အားပါးတရပြုံးလိုက်ပြီး ...

"မင်းကလည်း အားလုံးသိချင်နေတာကို ပဟေဠိလုပ်နေသေးတယ် မြဲစေ ရာ .. ကိုယ့်ကောင်မလေးဆိုလည်း ပြောလိုက်ရင်ပြီးကာဝဲဟာကို.."

"ဘာမှမဟုတ်လို့ ဘာမှမပြောတာ .."

"အိုး .. ဒီလိုလား .."

မြဲစေ မျက်နှာတင်းနေကာ သူမဘက်ကို မျက်နှာလွှဲ၍ ...

"မင်းကိစ္စရှိတယ်မို့လား .. ပြန်လို့ရပြီ .."

"ဟင် .. ကိုကြီး .."

"သွားတော့ .."

"အတင်းမနှင်ပါနဲ့ကွာ .. ကြည့်ပါဦး မျက်နှာလေးက သနားစရာလေး .."

"အေးလေကွာ .. ငါတို့တွေကလည်း ရက်စက်တတ်တဲ့ လူတွေ မဟုတ်ပါဘူး .."

ရွှေထုပ်လေး နှုတ်ခမ်းလေးတွေ ဖွင့်ဟသွား၏။ ဝိုင်းဝိုင်းလည်အောင် ချောက်ချားသွားသည့် မျက်ဝန်းလေးတွေကိုကြည့်ကာ ယောကျ်ားတစ်ချို့က ဖော်ရွေသည့်အပြုံးတွေနှင့် လှောင်ရယ်နေကြသလိုလို အားပေးနေကြသလိုလို ...။

ဦးထက်ရှာန် ဆိုသည့် လူကြီး၏ မျက်နှာ ဖျက်ခနဲပေါ်လာကာ သူမရှေ့မှာ ဦးထက်ရှာန် တွေ့အများကြီးရောက်နေသလို ခံစားလာမိသည်။

ကိုကြီး ဘယ်လိုပြောလိုက်တာလဲ ...၊

"ဘာမှမဆိုင်ဘူး သွားတော့ .." တဲ့ ...။





ဟင့်အင်း ...၊

ရွှေထုပ်လေး မျက်ရည်တွေဝေ့လာကာ မြဲစေ နားကို ကိုင်ကပ်လိုက်မိ၏။ ကုလားထိုင် ကျောမှီမှာတင်ထားသည့် လက်က မြဲစေ ရဲ့ ပခုံးကို အားကိုးတကြီးဆုပ်ကိုင်ထားချင်မိတဲ့အထိ ယုံကြည်နေသည့်စိတ်က အနိုင်အမာ ...။

"ဟော့ .. မင်း မပြန်ချင်သေးရင် ဟိုမှာ ခဏသွားထိုင်နေ၊ ဒီဝိုင်းပြီးရင် မင်းရဲ့အိတ်ထဲကို ဦးက အများကြီးထပ်ဖြည့်ပေးဦးမှာ .."

"ဦးချစ်နိုင် .. ခင်ဗျားအပိုတွေလျှောက်ပြောနေတာနော် ...၊ အခုချိန်က အားလုံးသိမ်းကျုံးယူသစ်လိုက်ရင် ဘာကြောင့်ညာကြောင့်တွေ ပါမလာစေနဲ့၊ တခြားမှာ အာရုံထားမိကယ် ဘာညာတွေ .."

"ဟား .. ဟား .. ဟား .. မင်း .. ဟင် .."

"ဟား .. သေစမ်း .."

"ဒါ .. အဓိပ္ပာယ်မရှိဘူး .."

တစ်ဝိုင်းလုံး သွေးပျက်သွားကြသည်။ အေးဆေးငြိမ်သက်နေခဲ့သည့် အခြေအနေက မြဲစေ ပစ်ချလိုက်သည့် ဖဲချပ်လေးကြောင့် အားလုံး၏စိတ်တွေ ဖရိုဖရဲဝုန်းဆန်လျက် ...၊

"အဲဒါ လုံးဝ မရိုးသားဘူး၊ ဒီမိန်းကလေး နောက်ကနေ တစ်ခုခု ညွှန်လိုက်တာ .."

အပိုင်တွက်ပြီး သဘောတွေကျနေသည့် ဦးတင်လင်း က စောင့်ကြည့်ခဲ့သည့် တည်ကဲ့မန့်ညားခြင်းတွေကို ဂရုမစိုက်ဘဲတအော်၏။

"ဟိုကောင်မလေး ဘေးဖယ်နေလိုက်စမ်း .."

"သူကဘာလဲ .. မင်းနဲ့မဆိုင်ဘူးဆိုရင် အခု ဆွဲတုက်လိုက်တော့.."

"ဒဿ တို့ .."

"ရက်(စ်)ဆာ(ရ်) .."

ဒဿ တို့က ကိုယ့်ဆီကပ်လာကြမှန်းသိလိုက်တာနှင့် ကြောက်စိတ်တစ်ခုသာ ကြီးစိုးသွားခဲ့ပြီး ရွှေထုပ်လေး မြဲစေ ရဲ့ လည်ပင်း



www.burmeseclassic.com

www.burmeseclassic.com



ကို နောက်ကနေ အတင်းဖက်ထားလိုက်၏။

"ဟာ .. ဟော့ .. အဲဒါလုပ် .. လုပ်စမ်း .."

ဦးချစ်နိုင် မျက်နှာမှာလည်း စောစောက အပြုံးတွေကွယ်ပျောက်သွားခဲ့ပြီး အဖြစ်အားလုံးသည် ရွှေထုပ်လေး ကြောင့်ဖြစ်ရသလို ဇွေ့ဇွေ့ခုန်နေ၏။

ထိုပြင် မြစေ ၏ မထီမဲ့မြင် အပြုံးနှင့်အတူ သူ့ရဲ့ငွေသိမ်းက ငွေတွေကို သိမ်းကျုံးယူလိုက်ခြင်းကြောင့် ဒေါသူပုန်ထလျက် ..။

"မင်း ရိုးရိုးသားသား ကစားဖို့ ငါတို့အစတည်းက ရှင်းအောင်ပြောထားတာ .."

"မရိုးသားဘူးလို့ပြောရအောင် .. ကျုပ် ဘာလုပ်တာမြင်လို့လဲ.."

"မင်း .."

အဆိပ် ဆိုတဲ့ကောင် ဒီလိုပဲလုပ်နေကျ ..။

ဒီကောင့်ကို မရိုးသားဘူးလို့ အားလုံးစွပ်စွဲနေကြပေမယ့် ဘယ်သူ လည်း ဘာမှ ပြောနိုင်ကြတာမဟုတ်ပေ။ ခုလည်း သူတို့အားလုံးစုစည်းတိုင်ပင်လာခဲ့ကြတာတွေအားလုံး အလကား ..။

"ဘယ်လိုလဲ .. ရပ်လိုက်မလား .."

"ဘာလို့ရပ်ရမှာလဲ .. နောက်တစ်ပွဲထပ်ဝေမယ်၊ ဒဿ တို့ အဲ ကောင်မလေးကိုဆွဲထုတ်သွား .. မင်းတို့လည်း တံခါးဝမှာပဲနေကြ .."

"ရက်(စ်)ဆာ(ရ်) .."

"အို .. မလိုက်ဘူး၊ သားက ဘာလို့အပြင်ထွက်နေရမှာလဲ .. ဟာ အင်း .."

မြစေ ရဲ့ လည်ပင်းကိုနောက်ကဖက်ထားသဖြင့် ကျောမှီတစ်ခု ခြားနေကာ သူမရဲ့ ရင်ဘတ်လေးတစ်ခုလုံးက မြစေ ၏ ပခုံးပေါ်မှာ အုပ်စီးထားသလိုရှိနေကာ ..။

"ကိုကြီး .. သားကို မောင်းမထုတ်ပါနဲ့နော် .. သား ကိုကြီးနဲ့ နေမှာ .."





"မသွားချင်ရင် မင်း ဟိုဘက်ခုံမှာ သွားထိုင်နေလိုက် .."

ရွှေထုပ်လေး က မြစေ ပြသည့်ဘက်ကိုလှမ်းကြည့်ကာ ဒဿ အနားရောက်လာသဖြင့် လက်တွေကို လာဆွဲလို့မရအောင် ဖက်ထားလျက်အားနှင့် ခြေထောက်လေးတွေ ရွှေ့ရှောင်သည်။

ထိုစဉ် ဖိညှပ်ကိုင်ထားသည့် ဆလင်းဘတ်စ်အိတ်လေးက ဘုတ်ခနဲပြုတ်ကျ၏။

"ဟဲ .. ဟဲ .. အေးဆေးခေါ်မရရင်တော့ မင်း ရထားတာလေးတွေတောင် ပြန်ဆုံးသွားမှာနော် .."

ဒဿ က သွေးအေးသော မဲ့ပြုံးနှင့်ပြော၍ ပိုက်ဆံအိတ်ကို ငုံ့ကောက်လိုက်၏။ ထိုစဉ် ..။

"အား .."

သူ့လက်ပေါ်ကို မြစေ က ခြေထောက်တစ်ဖက်နှင့် ဖိနင်းထားလိုက်ကာ ..။

"ငါ သူ့ကိုပြောနေတာ မင်း နားမပါဘူးလား .."

"ဟိုတ်ကောင် .. မင်း .. အ .."

လက်ကိုပြန်ဆွဲနုတ်ဖို့ကြိုးစားပေမယ့် အဆမတန် ဖိနင်းထားသဖြင့် ဒဿ မျက်နှာရှုံ့မဲ့နေကာ မော့ကြည့်လိုက်တော့ မြစေ က ကစားပွဲမှာ အာရုံစိုက်နေသည့်မျက်နှာနှင့် သူ့ကို တစ်ချက်မှ ငုံ့ကြည့်တာမဟုတ်..။

"အဆိပ် .. မင်း .. ဒီကောင်မလေးကို ကာကွယ်တာကိုက မရိုးသားတာ .."

"ဒဿ ဖယ်နေလိုက်တော့ .."

သူဌေးဖြစ်သူ၏ အမိန့်သံကြားမှ ဒဿ အသံတိတ်သွားကာ မြစေ လည်း ခြေထောက်ကိုပြန်ရုတ်၏။

"တောက် .."

လက်ဆစ်တွေမှာ မြစေ ၏ ရှူးဖိနပ်ကြောင့် ပွန်းရှသွေးစို့သွားခဲ့သည်မို့ တက်ခေါက်ပြီး မတ်တပ်ထရပ်လိုက်၏။ ရွှေထုပ်လေး က

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အိတ်ကို ကမန်းကတန်းကောက်လိုက်ပြီး သူပြောသည့် ခုံမှာပဲ သွားပြောင်းထိုင်၏။

အိပ်ချင်စိတ်မပြေဘဲ မျက်လုံးတွေလည်းစပ်နေပေမယ့် မြဲစေ မျက်စိအောက်က ပျောက်မသွားရေးအတွက် ရွှေထုပ်လေး ခေါင်းလေးယောင်နေရှာကာ လည်ပင်းလေးပါ စင်းနေ၏။

ဒီတစ်ခါ သူမ မြဲစေ နားကို ထပြေးမ သွားအောင် ဒဿ တို့ သုံးယောက်က တြိဂံပုံနေရာယူ၍ ရွှေထုပ်လေး ဘေးမှာ အနီးကပ်ရှိနေကြ၏။

ဒဿ မျက်နှာရှုံ့မဲ့နေကာ အံကြိတ်ထားသည့်ကြားက နီရဲကင်းမဲ့နေ၏။ သူ့လက်ကို သူ့ဘာသာ ပဝါပါးတစ်စနဲ့ပပ်နေပြီး မြဲစေ နဲ့ ရွှေထုပ်လေး ကို မကျေမချမ်းကြည့်နေဆဲ ...။

"ဒီမှာ ဝှတ်တုတ်ထိုင်စောင့်နေရမှာ မပျင်းဘူးလား .."

ရွှေထုပ်လေး ကို မျက်နှာနားကပ်၍ မေးလိုက်၏။ သူမ မျက်နှာလေး ဘေးကိုတိမ်းသွားကာ စိုးအောင် ကို စိတ်ပျက်သလိုလေး မော့ကြည့်လိုက်ပြီး ...၊

"မပျင်းပါဘူး .."

"မင်း မပျင်းပေမယ့် ငါတို့က ပျင်းတယ် .."

"ဟုတ်တယ် .. အဲဒါ မင်းမှာတာဝန်ရှိတယ်နော် ကောင်မလေး"

သူတို့ ရွှေထုပ်လေးနားကပ်ကာ စကားတွေတီးတိုးဆိုနေပေမယ့် မျက်လုံးတွေကတော့ မြဲစေ ထံမှာဖြစ်ကာ သူတို့ရဲ့ ရည်ရွယ်ချက်ကိုက မြဲစေ ရဲ့စိတ်တွေ စုစည်းမရတော့အောင် နှောင့်ယှက်ဖျက်ဆီးဖို့ဖြစ်၏။

ဒါပေမယ့် ကြည့်လိုက်တိုင်း မြဲစေ က ဒီဘက်ကို အာရုံထားမှုတစ်စက်လေးမှမရှိ ...။

ကိုယ့်ဆရာသမားနှင့် အခြားသောလူတွေ ချွေးပြန်နေကြတာကို လှမ်းအကဲခတ်ကာ မကျေနပ်ချက်အခံရှိထားခဲ့သည့် ဒဿ က အမျိုးမျိုးအကြံတုတ်နေ၏။

ဒီကောင့်အကြောင်းသိလို့ နည်းအမျိုးမျိုးသုံးပြီး အနိုင်ယူဖို့ကြိုး





စားခဲ့တာလည်း မအောင်မြင် ...။

ဒီတစ်ခါ မအောင်မြင်တာကတော့ သူတို့မှာပဲ တာဝန်ရှိနေသည်ဖြစ်ရာ ဒီနေ့ပွဲအတွက် ကိုယ့်သူဌေး အထိမနာရအောင် သူ ကြိုးစားရမည်။

ထို့ကြောင့် မြဲစေ ဒုတိယကစ်ချိုသိမ်းကျုံးရယူသွားတာမြင်လိုက်သည်နှင့် စိုးအောင် ကို မျက်စပစ်လိုက်သည်။

"ကောင်မလေး .. လာ .. ထ .. သွားရအောင် .."

"ဘာလဲ .. မကိုင်ပါနဲ့ .."

"မင်းကလည်းကွာ .. ဒီနားမှာ မင်းတစ်ယောက်ပဲ ကောင်မလေးရှိတာလေ .. မင်းက အားလုံးအတွက်ပဲ .."

"ဟင့်အင်း .. လွှတ် .."

ရွှေထုပ်လေး လက်ကို အတင်းပြန်ရုန်းကာ နေရာမှ ဝုန်းခနဲထရပ်လိုက်မိသည်။

သူမ အကြောက်အကန်ရုန်းတော့မည်မှန်းသိသည်နှင့် ဒဿ တို့သုံးယောက်က ချက်ချင်းစုပြုံလာကြ၏။ ဒါပေမယ့် နှစ်ယောက်ကခပ်တွန့်တွန့်ဖြစ်နေကာ ဒဿ ကပဲ ရွှေထုပ်လေး ရဲ့ လက်မောင်းတစ်ဖက်ကိုဆွဲ၍ ခါးကိုလက်တစ်ဖက်နဲ့ သိမ်းဖက်ထားလိုက်၏။

"ရှင်တို့ဘာလုပ်ကြတာလဲ .. လွှတ်နော် .. ကိုကြီးရေ ကယ်ပါဦး.. ကိုကြီး .."

ဒဿ အကြမ်းပတမ်းဆွဲချသွားဟဲ့နောက် ပါသွားကာ ရွှေထုပ်လေး သည်ပင်းကျိုးမတတ်နောက်ပြန်လှည့်ပြီး အော်၏။ သူတို့ တံခါးဝအထိ လျှာလျှော့ရှုံ့ရှုံ့ရောက်သွားခဲ့ကြပြီးမှ ...၊

"ဟာ .."

"ဟော့ .."

နောက်က အာမေဋိတ်သံသဲ့သဲ့ကို ကြားလိုက်ရလျှင် မြဲစေ လှမ်းလှုပ်ရှားပြီမှန်းသိကာ ဒဿ ကျကျနန တုံ့ပြန်လိုက်တိုက်ခိုက်ဖို့ နောက်ကို သတိနှင့် အလှည့် ...၊



www.burmeseclassic.com

www.burmeseclassic.com



"ခွပ် .."

"အား .."

လည်ကုတ်ဆီပြေးဝင်လာသည့် ဆို့(ခ်)ပုလင်းလေးက ပါးချိတ်တစ်ဖက်လုံးကို ပြုတ်ထွက်သွားလောက်သည့်အရှိန်နှင့် ပစ်ခွင်းသွားခဲ့ပြီး တစ်ချက်သာအော်လိုက်နိုင်၏။

"ဒသသ .."

စိုးအောင် ခွေခနဲလဲကျသွားသည့် ဒသသ ကို အလန့်တကြားငုံ့ကြည့်ခေါ်မိစဉ် ...၊

"ဘုတ် .."

"အား .."

"ခွမ်း .."

ဘယ်ဘက်ရင်အုံတည့်တည့်ကို ပစ်မှန်သွားသည့် အချိုပန်းကန်လုံးက ကြမ်းပေါ်ပြုတ်ကျကွဲသွား၏။

"မင်း .. မင်း ဘယ်လိုလုပ်လိုက်တာလဲ မြစေ .."

သူ့လူတွေ ထိချက်ပြင်းကုန်သဖြင့် ဦးပညာ လက်သီးလက်မောင်းတန်း၍ ဗျူးဗြဲထဖြစ်၏။

"မင်းကိုယ်မင်း ဘာကောင်မှတ်နေသလဲ .."

"ခင်ဗျား ကိုယ့်ကိုယ်ကိုယ် ဘာသတ္တဝါလဲဆိုတာပဲ ပြန်စဉ်းစား ဦးပညာ .."

မြစေ က နေရာမှထရပ်လိုက်ပြီး ထိုင်ခုံကို နောက်ပြန်ကန်၍ ဖယ်ထုတ်ပစ်လိုက်သည်။

"လောင်းကစားသမားတိုင်း မညစ်ပတ်ဘူး၊ ခင်ဗျားတို့ကတော့ ယုတ်မာကောက်ကျစ်တဲ့နည်းမျိုးစုံနဲ့ သေချာပြင်ဆင်ခင်းကျင်းထားကြတာပဲ .."

ပြောရင်း ရွှေထုပ်လေး သူ့ဘက်လှည့်ပြေးလာတာကို ငုံ့ကြည့်၍–

"ဟိတ်ကောင် .. ရပ်နေစမ်း .."





ရွှေထုပ်လေး ကို ပြန်ဖမ်းမလို့ပြင်လိုက်သည့် မိုးကြိုး ရဲ့ လက်ရှေခြေပါ ဟုံ့ခနဲရပ်သွားသည်။

ဒီကောင့်ကို ဒီလောက်တောင် ဖိးသေနေကြသလား ...။

"တောက် .."

အားလုံးမျက်နှာမှာ တွန်းလှန်လိုဖောက်ရဲကြပုံမမြင်လျှင် ဦးပညာ ာက်ခေါက်လိုက်မိ၏။ ဒီကောင့်ပုံစံ ဆေးမိထားသလိုဖြစ်မနေတာမြင်တည်းက ဒီလိုပြဿနာတွေရှိလာတော့မှာကို သူ ကြိုတွက်မိသည်။

အဘယ့်ကြောင့် ဆိုသော် .. အဆိပ် ဆိုတဲ့ကောင် သူ့ဆီက အချိုကြီးစားသွားပြီးပြီ။ သူများတွေထက် သူ့မှာ မုံပြီးခံစားချက်ပြင်းနေသည်။

ဖဲဘုရင်ဆိုသည့် သူ့နာမည်ကို ဖြိုဖျက်ခဲ့သော၊ သူ ပုံအောသမျှကို ပဋ္ဌလက်ဆန်ဆန် ဝါးမျိုသွားခဲ့သေ၊ ...

အဆိပ် ဆိုသည့် ဒီကောင် ...၊

"မင်း .. မင်းက ငါ့ကို ဒီလိုပြောရဲဟယ်ဟုတ်လား၊ မင်းလို ကလေကချေအညာတရကောင်ကလား .."

ဦးပညာ ကလည်း မြစေ ကဲ့သို့ပင် ထိုင်ခုံကို နောက်ပြန်ကန်ထုတ်ပစ်လိုက်ပြီး စားပွဲပေါ်မှာ လက်နှစ်ဖက်ထောက်၍ ...

"ဒီည မင်းနဲ့ငါ တစ်ယောက်ယောက်ဘဝပျက်တဲ့အထိ မယတမ်းကစားမယ်၊ ဘယ်လိုလဲ .. မင်းက အစတည်းက ဘဝမရှိတဲ့ကော..ပဲ.."

"ဟွန်း .."

မြစေ က မဲ့ပြုံးနှင့် မျက်နှာမော့ရယ်သည်။ ပြီးတော့ ခါးထောက်၍–

"ခုချက်ချင်းပဲ ခင်ဗျားရဲ့ တစ်ဘဝလုံး ချမ်းသာသမျှ ဒူးထောက်အပ်ပါ့မယ်ဆိုရင်တောင် ကျုပ် မလိုချင်ဘူး .."

ဦးပညာ မျက်မှောင်ကုတ်သွားကာ စူးစူးရဲရဲကြည့်နေ၏။

"ခင်ဗျားရှာထားတဲ့ ငွေတွေက သတိစရာမှမကောင်းတာ .."

"ဘာ .. ဘာပြောတယ် .. မင်း .."

"အခု .. ဒီပွဲကို ကျူပ်သဘောနဲ့ ကျုပ် ဖျက်တယ် .."



www.burmeseclassic.com

www.burmeseclassic.com



"ဟာ .. အဆိပ် .."

"မင်းမလုပ်နဲ့ ဟော့ကောင် .."

ကျယ်ပြန့်ရှည်လျားသည့် စားပွဲရှည်ကြီးက အားစိုက် 'မ' လိုက်တာနှင့် ဂြဲစေ လက်ထဲမှာ တမ်ဖက်စောင်းကြွတက်ပါသွားခဲ့ပြီး ...၊

"ဝေါ .. ဘုက်ဘုတ် .. ဒုန်း .. ချလွမ် .."

"အား .."

"ဒုန်း .."

စားသောက်လက်စ ပန်းကန်ပေ့ ပုလင်းတွေနှင့် ငွေစက္ကူအပုံလိုက်ကြီးကအစ တောင်ပြိုသလို တဖျောဖျောသွန်ကျသွားခဲ့ပြီ။ သူတို့ကမန်းကတန်း ထပြေးပေမယ့် အလဲလဲအကွဲကွဲ ဖရိုဖရဲတွေဖြစ်ကုန်၏။

ဒဏ်ရာမရတဲ့သူ ဘယ်သူမှမရှိဘဲ ရုတ်တရက် ဘယ်သူမှ မထနိုင်ကြတော့ပေ။ မြဲစေ က ဖရိုဖရဲပစ္စည်းတွေနဲ့ ခုံကြားထဲက ဦးပညာကို စူးစိုက်ကြည့်ကာ ...၊

"မြဲစေ ဆိုတဲ့ကောင်က ဘယ်သူ့ကိုမှ လက်တုံ့မပြန်ချင်လို့ အရှုံးအပေါ်လိုနေနေတာ၊ နောက်ထပ်ပြီး ကျုပ်နဲ့ပတ်သက်တဲ့ တစ်စုံတစ်ယောက်ကို ထိခိုက်ဖျက်ဆီးဖို့ကြိုးစားကြည့်လိုက် .."

ပြောနေရင်း သူ့မျက်နှာက အံတကြိတ်ကြိတ်နှင့် တင်းမာနေခဲ့ပြီး...၊

"မြဲစေ ဆိုတဲ့အတိတ်ကိုမေ့ပြီး အနာဂတ်က အဆိပ် အဖြစ်နဲ့ ကျုပ်ရှိနေမယ် .."

သူ့နောက်မှာ ပေတီပေကြောင်လေးရပ်နေသည့် ရွှေထုပ်လေး ရဲ့လက်တစ်ဖက်ကိုဆွဲကာ ခြေလှမ်းကျဲများနှင့် ထွက်ခွာသွားခဲ့သည်။ တံခါးဝမှာရှိနေသည့် မိုးကြိုး က အသည်းအသန်ရှောင်တိမ်းဖယ်ရှားပေးလိုက်ရင်း...၊

"ကံကောင်းလို့ ကိုင်ပေါက်မသွားတာ .."

ဟုတွေး၍ တံတွေးမျိုချမိတော့ 'ဂလု' ခနဲမြည်လေသည်။





အခန်း (၁၈)

"ကဲ .. ပြော .."

လူသူကင်းရှင်းသော လမ်းထိပ်ထောင့်ချိုးတစ်ခုရောက်သည်နှင့် ဆုပ်ကိုင်ထားသည့် လက်ကိုလွှတ်လိုက်ပြီး ရွှေထုပ်လေး နဲ့ မျက်နှာချင်းဆိုင်ရပ်လိုက်ကာ ...၊

"မင်းကဘာလဲ .. အခု ဘယ်ကိုလိုက်ပို့ရမလဲ .."

သူမ မကြားချင်ဆုံးစကား ...၊

ရွှေထုပ်လေး ဆလင်းဘတ်ခ်ကို ပိုက်ထားကာ သူ့ကို ဘာပြောရမှန်းမသိဘဲ ရုတ်တရက်ပြန်ဖြေနိုင်ဖို့လည်း မကြိုးစားဘဲ 'သူ ထားခဲ့ဦးမှာလား' လို့ တွေးကြောက်သွားခြင်းသာ ဦးဆုံးဝင်လာခဲ့၏။

မြဲစေ က ဆေးမှာပါလာသည့် ကောင်လေးကို ငုံ့ကြည့်ကာ ...

"မင်းအတွက် တစ်နပ်ယူသွား .. ဒီကိုပစ်လိုက် .."

ကောင်လေးကလည်း ခေါင်းညိတ်လိုက်ကာ ယူစရာရှိတာယူပြီးအိတ်ကိုပစ်ပေးသည်။ ပြီးမှ ...

"ကျန်တော့်ကို အချိန်မရွေးခေါ်လိုက် .."

ရိုသေလေးစားမှုတွေမပါဘဲ ပြောသွားသည့် ပေါက်စနီချာတိတ်လေးကို ရွှေထုပ်လေး က လှည့်ကြည့်နေတာ လည်ပင်းလိမ်လိုက်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိတ် .."

"ဟင် .."

ခေါ်လိုက်တော့ ပြူးပြူးပျာပျာလေး ပြန်ကြည့်၏။

"မင်းရဲ့ မဆင်ခြင်မှုတွေမှာ အဲ့ဒီလို ကြည့်တာတွေအဆိုးဆုံးပဲ ..၊ မင်း ဘာလဲဆိုတာ ဘေးလူတွေ ဂရုစိုက်ကြည့်ဖို့မလိုအောင် သိသာနေတာ .."

"ဘာကိုသိသာနေတာလဲဟင် .."

"မင်းကို အချဉ်ဖမ်းဖို့ပေါ့ .."

'အချဉ်ဖမ်း' ဖို့ဆိုတာကို သူမက သံယောင်လိုက်ရွတ်နေသေးသည်။

"မင်း ဘယ်က လဲ .."

"အိမ်ကထွက်လာတာပဲ .."

"ဘာ!.."

"သား တကယ်ပြောတာ၊ အိမ်ကထွက်လာတယ်၊ ပြီးတော့ .. သား စီးတဲ့ကားကြီးက ကားတွေအများကြီးရှိတဲ့နေရာမှာ ရပ်သွားတာလေ .. ပြီးတော့ .."

"ငါ မင်းလိပ်စာကို မေးနေတာ မြသား .."

"မြသား .. မြသား လို့ခေါ်တယ် .."

ရွှေစင်မြသား ဆိုတဲ့နာမည်ကို သူ မှတ်ထားသဖြင့် ပျော်သွားမိသည်။ ပြီးတော့ ဘယ်သူမှ မခေါ်ဖူးသည့် 'မြသား' ဆိုတာလေးက နားထဲမှာ ချိုကြည်သာလျက် ..၊

"သူများတွေက ရွှေထုပ်လေး လို့ခေါ်ကြတာ .."

"ဘယ်လိုခေါ်ခေါ် ငါ့ပါးစပ်ထဲမှာ လွယ်သလိုခေါ်လိုက်တာ၊ မေးတာကိုဖြေ .. မင်းရဲ့လိပ်စာက ဘာလဲ .."

"သား မသိဘူး .."

"မသိရင် နေခဲ့တော့ .."

"ဟာ .. အဲ့လိုမလုပ်ပါနဲ့ .. သားကိုထားမသွားပါနဲ့တော့နော်၊





သား ဘယ်မှသွားစရာမရှိလို့ပါ .."

သူ့လက်မောင်းကို ဆွဲထားသဖြင့် လက်ကိုလွှဲဖယ်ချလိုက်၍ ...

"မင်း သွားစရာမရှိတိုင်း ခေါ်သွားရအောင် ငါက အိမ်ခြေမဲ့တွေကို လိုက်ရှာကယ်တင်နေတဲ့ ပရဟိတသမားမဟုတ်ဘူး .."

"သားက အိမ်ခြေမဲ့မဟုတ်ပါဘူး၊ ပြန်မသွားရဲလို့ပါ .. ဘွားလေးက အရမ်းစည်းကမ်းကြီးတာ သားကိုလည်း အပြင်ကို ဘယ်တုန်းကမှ ပေးမထွက်ခဲ့ဘူး၊ အဲ့ဒါကြောင့် .. အဲဒါကြောင့် သားက အိမ်ကိုပစ္စည်းတွေလာပို့တဲ့ကားကြီးနဲ့ အပြင်ကို ခိုးလိုက်ခဲ့တာ .. အဲ့ဒါကြောင့် .. သား .."

"အဲဒါကြောင့်တွေ တော်တော့ .."

သူမ ပုံစံနဲ့ အဖြစ်အပျက်တွေအရ မျိုးရိုးမနိမ့်တဲ့ လူကုံထံအသိုင်းအဝိုင်းကဆိုတာ အသိသာကြီးပါ။ ဒါပေမယ့် ကိုယ့်ဘဝကိုတောင် မထူမတ်နိုင်ခဲ့သည့် သူ ..၊

ကိုယ့်မိသားစုကိုမှ မကာကွယ်မစောင့်ရှောက်နိုင်ခဲ့ဘဲ သူမဘဝက ကိုယ်နဲ့ဘာဆိုင်လို့လဲ ..။

အတိတ်၏ပုံရိပ်တွေက သူ့ရဲ့စိတ် ဘုံမှာ ပြန်လည်ထင်ဟပ်လာခဲ့ပြီး .. အံကြိတ်ထားရသည့် မေးရိုးနှစ်ဖက်က တင်းနေခဲ့၏။

"မင်း ဆက်ပြီး ခေါင်းမာနေဦးမယ်ဆိုရင်တော့ တဏှာသိလ်တော်နေတဲ့ မင်းညီမနဲ့ မင်းရဲ့ အမေအတွက် မငွဲညှာရာရောက်သွားမှာနော်.."

"သူတို့ဘာသာ ကိုယ့်ဒေါသနဲ့ကိုယ်ပါကွာ ..၊ ဘာဖြစ်လို့ ငါ့တို့ကို စွက်ဖွဲ့တာလဲ .. ဘာသက်သေရှိလို့လဲ .."

"အစတည်းက အားလုံးစိတ်ချမ်းသာဖို့ ငါတို့ပြောနေတာပဲ မြင်ချေ ခုတော့ .. ကိုယ့်ကိုယ်ကိုယ် အပြစ်ရှိသလိုကြီးခံစားနေရပြီမို့လား — ဒါကြောင့် မင်း ကယောင်ကတမ်းတွေဖြစ်ပြီး ငါတို့ကို မဆီမဆိုင်လာ ဥပါဒ်နေတာ .. ဟား .. ဟား .. ဟား .."

"တောက် .."



www.burmeseclassic.com

www.burmeseclassic.com



ဒီရယ်သံတွေကို အရက်တွေတွင်တွင်မျိုချနေတဲ့ အချိန်မှာလည်း မျောက်လို့မရ …။ အိပ်မက်တွေတိုင်းမှာလည်း ဒီအသံတွေကြောင့် ချောက်ချားစွာ နိုးထခဲ့ရသည်။

လူ့ဘဝမှာ သံယောဇဉ်ရယ် … မေတ္တာ သစ္စာရယ် …၊

ကောင်းတာဘာရှိလို့လဲ …။

ငါးပါးသီလကိုမြဲမြံစွာ မစောင့်ထိန်းနိုင်ပေမယ့် သူများရဲ့ စည်းစိမ်ဥစ္စာကို မဖောရားသဖြင့် ရယူဖျက်ဆီးခြင်းအမှုကိုတော့ သူ သစ္စာကြီးစွာ ရှောင်ကြဉ်ခဲ့သည်။

ဒီအတွက် သူ ရခဲ့တာ ဘာရှိသလဲ …။

မသမာသူတွေ ပိပိရိရိလုပ်ကြသည့်အောက်မှာ အမေနဲ့ ညီမလေးတို့သေဆုံးခဲ့ရသည်။ ထို့ကြောင့် ဆရာသမားတစ်ယောက်ပြောခဲ့ဖူးသောစကားရပ်တစ်ခုကို ကူကယ်ရာမြက်တစ်ပင်လို ဆုပ်ဆွဲခဲ့မိသည်။

"အလုပ်လုပ်နေတဲ့သူမှာ အပြစ်ရှိတာပဲကွ …၊ ပြစ်ချက်မရှိ ပြီးမြောက်အောင်မြင်သွားတဲ့အလုပ်ဆိုတာမရှိဘူး၊ ပြည့်စုံလှပတဲ့ ရုပ်ထုတစ်ခုလိုပေါ့ကွာ … မင်းတို့ငါတို့ကြည့်ရင် လှနေကြနေတာပဲမြင်ကြတာ … ဒါပေမယ့် သူ့ကိုယ်မှာထုဆစ်ခံထားရတဲ့ ဆောက်ထွင်းရာတွေ အပြည့်နဲ့ပဲ …" တဲ့ …။

'ဘာမှမလုပ်ရင် ဘာမှမဖြစ်ဘူး' လို့ပြောတာကို အတည်ယူ၍ သူ့ဘဝကို ဖြစ်သလို ရေစုန်မျှောနေခဲ့တာ ဘယ်နှစ်နှစ်ရှိပြီလဲ …။

ဒါကြောင့် သူ မိုက်ရိုင်းခဲ့သည်။ သူ မုန်းတီးမိသည့် လူစားမျိုးတွေနဲ့ ပတ်သက်လာတိုင်း ပညာမတာကိုင်ကွယ်ဆုံးမပစ်ခဲ့၏။

ရင်ထဲမှာဖြစ်တည်နေသည့် နာကျင်မှုတွေကြောင့် ကိုယ့်ကိုယ်ကိုထိခိုက်ပျက်စီးစေမှာကိုလည်း နည်းနည်းလေးမှ ဂရုမစိုက်တော့ပေ။ သေမှာမကြောက်တော့အောင် ပြင်းထန်နေသည့်စိတ်ကဦးဆောင်ကာ ဘယ်လက်နက်ကိုမှ ဂရုမထားခဲ့သည့်အလျှောက် ရဲသော်မသောခိုသည့် စကားကသူ့အဟွက်ဖြစ်နေခဲ့၏။





အဆိပ် လို့ အလိုအလျောက်တွင်လာခဲ့သည့် နာမည်ကို မကြိုက်ခဲ့သော်လည်း ဒီနေ့ သူ့ခံစားချက်တွေ အသစ်ကနေပြန်စခဲ့ပြီဖြစ်၏။

မျက်ဝန်းအကြည့်တွေက မျှော်ထုပ်လေး ရဲ့ မျက်မှာသက်မှာ စူးစိုက်နေခဲ့ရင်း …

"မင်း ငါနဲ့နေရင် ဒုက္ခတွေ့မှာပဲ …"

အဟာန်ကြာအောင် တိတ်ဆိတ်နေပြီးမှ ပြောလိုက်တော့ ဒီစကား…။

သူ ဘာပြောမလဲလို့ မျှော်လင့်နေခဲ့သည့် ရွှေထုပ်လေး မျက်နှာလေး ငယ်သွားကာ …၊

"ဟယ်မှာဒုက္ခတွေ့လို့လဲ … ကိုကြီး သူတို့ကိုနိုင်တာပဲဟာ …"

"မြသား …"

"ဟင် …"

"မင်း ငါ့ကိုရော … ငါ့အကြောင်း ဘယ်လောက်သိလို့ အားကိုးနေတာလဲ …"

"မသိဘူး …"

"ဘာမသိတာလဲ …"

"ကိုကြီးအကြောင်း …"

"ဘာမှမသိဘဲနဲ့ ဘာဖြစ်လို့ …"

"ကိုကြီးက လူဆိုးတွေနဲ့ ရန်ဖြစ်နေတာပဲ …၊ အဲဒါ လူဆိုးမဟုတ်လို့ပေါ့ … ပြီးတော့ … ပြီးတော့ သား မသိဘူး၊ ဒါပေမယ့် ကိုကြီးကိုတော့ ယုံတယ် …"

"အေး … အဲဒါ မင်း ကံဆိုးတာပဲ …"

သူ ရွှေထုပ်လေး ရဲ့လက်ကို ဖျတ်ခနဲဆွဲကိုင်လိုက်ကာ …၊

"မင်းကို ငါကိုယ်ကိုင် ပြန်ပို့မယ် …"

"ဟင် … ဘယ်လို …"

"မင်းရဲ့လူကြီးတွေ မရှာဘဲတော့ နေမှာမဟုတ်ဘူး၊ မင်းကို ရှာခန်းသွားအပ်ပြီး လူပျောက်တိုင်ထားတာရှိမရှိ စုံစမ်းလိုက်ရင်ပြီးပြီ …"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း .. မလိုက်ဘူး .."

ဆုပ်ကိုင်ထားသည့် လက်ကို အတင်းပြန်ဆွဲရုန်းကာ ရွှေထုပ်လေးက နောက်ကိုသုံးလေးလှမ်းဆုတ်ပစ်၏။ ပြီးတော့ ခေါင်းတွင်တွင်ခါ၍ ...

"သား မလိုက်ဘူး၊ သားကိုမြင်သွားရင် ဘွားလေး ခွင့်လွှတ်မှာ မဟုတ်ဘူး၊ အပြင်လောကဆိုတာ အရမ်းရှုပ်ထွေးလွန်းလို့ သား ဘာမေးမေး ဘယ်တော့မှတောင် ပြောပြခဲ့တာမဟုတ်ဘူး၊ အခု .. ဘွားလေး စိတ်ပူတာတွေ သား ဖြစ်နေပြီ၊ သား ပြန်သွားရင် အခန်းတံခါးပိတ်ထားခံရဟော့မှာ .."

စကားတွေတရစပ်ပြောပြီး ငုက်တုတ်လေးထိုင်ချလိုက်၏။ ပြီးတော့ မျက်ရည်ပေါက်တွေ တလိမ့်လိမ့်ကျလာကာ ..၊

"ကိုကြီး မခေါ်သွားဘူးဆိုရင် သားကိုဒီမှာပဲ ထားခဲ့ပါ .."

"ထားခဲ့ရင် .. မင်းအဘွား ဒဏ်ပေးမှာလောက်တော့ မဆိုးဘူး ထင်တယ်ပေါ့ .."

ရွှေထုပ်လေး ရှိုက်သံလေးတိခနဲရပ်သွား၏။ ဒါပေမယ့် မဖြေနိုင်။

သူမကို ငေးစေ့စပ်စပ်ကြည့်မိစဉ် နီရဲနေသော ခြေချောင်းလေးတွေ ဘောင်းဘီစအောက်ကနေပေါ်နေတာကို မြင်လိုက်ကာ ..၊

"ဖိနပ်ကရော .."

ဖိနပ်ကိုမေးတော့ ခြေထောက်ကိုငုံ့ကြည့်၏။ ပြီးတော့ ပြန်မော့မလာဘဲ ခြေဖျားလေးတွေကို ဖိအုပ်ထားလျက် ..၊

"ရေဘူးလိုက်ကောက်တုန်းက တစ်ဖက်ကျွတ်သွားလို့ ချွတ်ပစ်ခဲ့တာ .."

ဒါဆို သူမတောက်လျှောက် ခြေဗလာနဲ့ ပါလာခဲ့တာလား ..၊

ရင်ထဲမှာတစ်ချက်တော့ ပြင်းရှစွာထိ၏။ ကိုယ့်စိတ်ကိုလည်း လိုသလိုမနိုင်းနိုင်သည်မို့ သက်ပြင်းတစ်ချက်ချမိကာ ..၊

"ထ .. မင်းအတွက်လိုအပ်တာတွေ သွားဝယ်မယ် .."





ဟင် ..၊

လက်ခနဲဖြစ်သွားသည့် မျက်ဝန်းလေးတွေက ခဏအငံ့ မှာ စိုးရိမ်ဟန်တစ်ဝက်နှင့် ..၊

"အဲ့ဒါတွေဝယ်ပေးပြီး ပြန်ပို့မလို့လားဟင် .."

မြစေ က သူမမေးတာကိုမဖြေဘဲ ရှေ့ကိုမျှော်ကြည့်ပြီးမှ ပြန်ငုံ့အာ ...

"နည်းနည်းလျှောက်ရဦးမှာ .. မင်း ဖြစ်ရဲ့လား .."

"ဟုတ် .."

ရွှေထုပ်လေး ကလည်း ထပ်မမေးတော့ပေ ..။ ခြေထောက်မှာ အလုလောင်ဖုတွေနဲ့ ခြစ်ရာတွေပွန်းရာတွေကြောင့် နာကျင်နေပြီပေမယ့် ဒီိုယ့်စကားမှားသွားတိုင်း သူက ခွင့်လွှတ်တာမဟုတ် ..။

ထို့ကြောင့် ကားပေါ်ထိုင်မိတဲ့အထိ ဘာမှမပြောတော့ဘဲနေရပေမယ့် ..၊

"အား .. ကျွတ် .. ကျွတ် .."

လက်မောင်းတစ်ဖက်ကို ဖိဆုပ်ထား၍ တစ်ဖက်လှည့်ညည်းမိ၏။ ဒါပေမယ့် မြစေ ကလှည့်ကြည့်ကာ ..၊

"ဘာဖြစ်တာလဲ .."

"နာ .. ဘာမှမဖြစ်ပါဘူး .."

သူမ မပြောချင်မှန်းသိလိုက်သဖြင့် သူလည်း ဆက်မမေးတော့ပေ။ ဈေးမှန်းပွင့်ကုန်တိုက်ထဲ ဝင်ဖို့ကျတော့ သူပဲ အရင်ဝင်ကာ သူမအတွက် ဖိနပ်တစ်ရံအရင်ဝယ်သွားပေးဖို့ ဦးတည်လိုက်သည်။

သူ့အစီအစဉ်က သူမကို ဖိနပ်စီးစေပြီးမှ ပြန်ခေါ်လာဖို့ပေမယ့် အဲတယ်တမ်းကျတော့ ဖိနပ်ဝယ်ဖို့က နံပါတ်မသိဘဲ ဝယ်ဖို့အဆင်မပြေ..။

ထို့ကြောင့် အိမ်စီးဖိနပ်ပျော့ပျော့လေးတစ်ရံ အရင်ဝယ်ပြီး ပြန်ထွက်ခဲ့သည်။

"ရော့ .. ဒါလေးက အဝတ်ဖိနပ်ဆိုတော့ နူးညံ့တယ်၊ ဒါစီးပြီးမှ



www.burmeseclassic.com

www.burmeseclassic.com



အထဲမှာ မင်းနဲ့ကော်တာ ကိုယ့်စိတ်ကြိုက်ရှာပေါ့ .. စီးကြည့် ..”

အိမ်စီးဖိနပ်ဖို့ မပေါ်ခရာတော့မရှိပေ ..။ ဒါပေမယ့် သူမကလည်း ဖိနပ်ကိုယူပြီး ဓမီးသေးဘဲ သူ့ကိုမော့ကြည့်ကာ ..။

“သား အထဲဟိုမလိုက်နိုင်ဘူးထင်တယ် ..”

“ဘာလို့လဲ ..”

“ခြေထောက်က ခုမှ အရှိမ်းနာလာတာ .. ပြီးတော့ ..”

သူမ တစ်ခုခုပြောမယ်ပြင်ပြီးမှ မပြောဘဲ မျက်လွှာလေးချကာ..

“တကယ်နာနေပြီ .. သား ဒီနားကပဲစောင့်မယ်လေ ..”

ပြောပြီး သူမရဲ့ ဘယ်တော့မှ လွှယ်ထားသည်မရှိသော ဆံလင်းဘတ်ခ်လေးကိုထိုးပေးကာ ..။

“ကိုကြီးပဲ ဝယ်ဘာပေးပါ ..”

“ဟာ .. အဓိပ္ပာယ်မရှိ ..”

အိတ်ကိုကြည့်ပြီး သူ ဒေါကန်သွား၏။ ဒဏ်ရာဆိုတာ နားလိုက်မှ အနာပေါ်တက်တာသိပေမယ့် ကိုယ့်ကိုပြန်ခိုင်းနေတော့ စိတ်တိုမိတာ အမှန် ..။

“မိန်းကလေးအသုံးအဆောင်တွေ ငါက လိုက်ဝယ်ရမှာလား ..”

“မဟုတ်ပါဘူး ကိုကြီးရယ် .. အကျီလေး ဘောင်းဘီလေး..”

“ဘာ ..”

“မ .. မဟုတ်ပါဘူး ..”

“မဟုတ်ရင် လိုက်ခဲ့ ..”

သူ ပြန်မကြည့်မကြည့်ကော့ဘဲ ဒီတိုင်းလှည့်ထွက်လာခဲ့သည်။ စက်လှေကားခြေရင်းရောက်မှ ပြန်ကြည့်မိတော့ သူ ထင်သည့်အတိုင်း သူမ မျက်လုံးလေးဝိုင်းနေကာ လှေကားကိုမော့ကြည့်နေပုံက သံရဲတာ ရွှေမြင်တဲ့အတိုင်း ..။

“ကိုကြီး .. လှေကားကြီးက ဘာလို့လှုပ်နေတာလဲဟင် ..”

“အဲဒါ စက်လှေကား ..”





“စက်လှေကား .. ဟင့်အင်း .. သား မတက်ရဲဘူး ..”

ပြောပြီးနောက်ကိုပြန်လှည့်ပြေးမလိုဖြစ်နေသဖြင့် လေးလုံ့ပွတွေ ရယ်ကုန်ကြ၏။

“လာ ..”

“ဟင့်အင်း ..”

သူ လက်ကိုင်ဖို့လှမ်းလိုက်တာနှင့် ခေါင်းခါပြီး နောက်ဆုတ်ပစ်လျှင် ..။

“မရဘူး ..”

“အား .. ကိုကြီး .. ကြောက်တယ် ..”

သူမ ခါးလေးကို ဆွဲခနဲပွေ့ယူကာ စက်လှေကားပေါ်တက်ပစ်လိုက်၏။ ရွှေထုပ်လေး သူ့ကျောပြင်ကို အသေအကြေဖက်ထားကာ ခြေဖျားထောက်ထားသေးသည်။

“ဟော့ .. ခြေထောက်ချလိုက်စမ်း ..”

“ဟင့်အင်း ..”

“မင်းကို ငါတွန်းချလိုက်ရမလား ..”

“ဟင့်အင်း .. မလုပ်ပါနဲ့ ..”

တစ်ယောက်ကိုတစ်ယောက် အသေအကြေဖက်ထားသလိုဖြစ်နေသောကြောင့် သိတဲ့လူတွေက ရယ်နေကြကာ .. ခပ်လှမ်းလှမ်းက မြင်တဲ့လူပေကတော့ ဘယ်လိုတွေထင်ကုန်သည်မသိ ..။

တစ်ယောက်ကိုတစ်ယောက် လက်တို့ပြကြသည်။ အောက်ကလူတွေက မော့ကြည့်ကာ အပေါ်ထပ်ကလူတွေက ငုံ့ကြည့်ကြလေသည်။

ပတ်ဝန်းကျင်ကို သူ ဂရုမစိုက်ပါ။ ဒါပေမယ့် ရွှေစင်မြသား ဆိုသည့်မိန်းကလေး ဘာဖြစ်လို့ဒီသောက်ယိ အသိနည်းနေရသလဲဆိုတာ နားမလည်နိုင် ..။

ဖွံ့ဖြိုးမှုနည်းသည့် အရပ်ဒေသကလာတာလည်း မဖြစ်နိုင်။ ခင်းရဲ့ချိတဲ့လို့ ပညာမဲ့လို့ဆိုတာမျိုးလည်းမဟုတ် ..။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် .. ဟိုမှာ ဘော်လီဆိုင် .. အဲ့ .."

လွှတ်ခနဲဝမ်းသာအားရဲထပြောလိုက်ပြီးမှ ပါးစပ်လေးပိတ်သွား၏။ သူ နေရာမှာပဲ ခြေစုံရပ်ကာ ..၊

"အဲ့ဒီဆိုင်ထဲဝင်သွား မင်းလိုချင်တာ ပြလိုက် .. သူတို့လုပ်ပေးလိမ့်မယ် .."

"ကိုကြီးကရော .."

"ဘာ .."

"သားနဲ့ မလိုက်ခဲ့ဘူးလား .."

"ရွှေစင်မြသား .."

"ရှင် .."

"မင်းကိုခေါ်နေတာမှုဟုတ်ဘူး .."

"ဟုတ် .."

"မင်း .. ကွာ .."

သူ စိတ်ရှိလက်ရှိပြောချလိုက်ချင်သေမယ့် ပတ်ဝန်းကျင်ကရှိသေးသည်။ ပြီးတော့ သူမက တကယ့်ကို မသိတတ်ဆိုးဝါးနေတာမို့ ..၊

"မင်း ပစ္စည်းတွေဝယ်တာကို ငါက တကောက်ကောက်လိုက်ပေးရအောင် .. ကျွတ် .."

"မဟုတ်ပါဘူး .. သားက ကိုကြီး သားကိုထားခဲ့ပြီး ထွက်သွားမှာစိုးလို့ပါ .."

"ခုနကတော့ ဒီမှာပဲထားခဲ့ပါဆို .."

"အဲဒါက ခုနကပြောတာ .."

"သွား .. မင်းကို ထားခဲ့ချင်ရင် ဒီထိတောင်ပါလာမှာမဟုတ်ဘူး။ တောက် .. ဒါဆိုမှဒါ .. ဘာလေးမှန်းကိုမသိဘူး .."

ခပ်ကြိတ်ကြိတ်ညည်းတွားရင်း ဒီဘက်လှည့်လိုက်တော့ ပတ်ဝန်းကျင်တစ်ချို့တလေက သူတို့ကိုကြည့်နေကြ၏။

အနီရောင်ရှပ်အင်္ကျီပေါ်မှာ မီးခိုးရောင်ကုတ်အင်္ကျီ ဘောင်းဘီရှည်





ကော်ဖီရောင်နှင့် တောင့်တင်းမြင့်မားသော သူ့ပုံစံက ဖြူဖြူသွယ်သွယ်..။ အိမ်နေရင်း အင်္ကျီညစ်ထပ်ထပ်လေးနှင့် ဆံပင်တွေလည်း ရှုပ်လျားစွာရှိနေသော သူမနှင့် ယှဉ်တွဲ၍ ရှိနေခြင်းကြောင့် လူကြည့်စရာတော့ဖြစ်နေနိုင်သည်။

သူ့အတွက် ပတ်ဝန်းကျင်ဘယ်လိုမြင်နေမလဲလို့ တွေးမိခြင်းကလည်း ဒါ ပထမဆုံးပဲဖြစ်ကာ ဒါသည် သူမကြောင့်ပဲဖြစ်လေသည်။

"ကိုကြီး .."

သူမ ပြန်ရောက်လာပြီးခေါ်မှ လှည့်ကြည့်လိုက်လျှင် ..၊

"ပိုက်ဆံပေးရမှာလေ .."

"မင်း .. အိတ်ထဲမှာမပါလို့လား .."

"ပါပါတယ် .."

"ပါရင် အဲဒါပေးခဲ့ပေါ့ .."

"ဟို .. အဲဒါက .."

သူမ ဘာဖြစ်နေသလဲဆိုတာ သူ မသိပေ။ ဟို့ကြောင့် ဘာပြောလာမလဲလို့ကြည့်နေမိ၏။ ရွှေထုပ်လေး က ပိုက်ဆံအိတ်ကိုငုံ့ကြည့်၍ အလုပ်မရှိ အလုပ်ရှာကာ ပွတ်သပ်နေ၏။ ပြီးမှ ..၊

"သား .. သား ပိုက်ဆံမပေးတတ်လို့ .."

"ဘာ .."

အံ့သြရမှာတောင် အားနာမိရတဲ့အဖြစ်ပါလား ..။

သူမ ဝယ်သမျှ သူချည်းပဲဒိုင်ခံလိုက်ရှင်းပေးနေရကာ၊ အပြန်မှာ ဓာတ်လှေကားက ဆင်းရကောင်းမလားတွေးမိနေတုန်း သတိရလို့ကြည့်လိုက်တော့ နောက်မှာ သူမ ပါမလာခဲ့ ..။

"ပြင်ပရွှေ မဝယ်ဘူး အစ်မ .."

"ရွှေချည်းပဲမဟုတ်ပါဘူး .. ဒါက စိန်ပါ.."

"ဟုတ်ကဲ့ မဝယ်ဘူး အစ်မ .."

ရတနာဆိုင်တစ်ဆိုင်ရှေ့မှာ ရွှေထုပ်လေး ခြေစုံရပ်နေမိကာ ဆိုမြင်



www.burmeseclassic.com

www.burmeseclassic.com



ကွင်းခြောင်း ကိုယ်အဖြစ်ဆိုးခဲ့တာကိုသတိရသွားမိ၏။

လိုစဉ် ယောကျ်ားနှစ်ယောက်ရောက်လာကာ ..၊

"ဟာ .. မလှုပ်ပါနဲ့ ဗိန်းမရာ၊ ဒါ ကိုယ်ပေးထားတဲ့ မွေးနေ့လက်ဆောင်လေးလေ .."

"ရှင်မသိပါဘူး .. ဖယ်စမ်းပါ .."

"မရဘူးကွာ .. မလှုပ်ရဘူး .."

နောက်ပြန်လှည့်လာခဲ့သည့် မြဖေ ၏ မြင်ကွင်းထဲမှာ လင်မယားနှစ်ယောက်အလယ်မှာ မြသာ ..။

"အဲ့ဒီလိုမတရားမလုပ်နဲ့၊ ရှင် လူဆိုးမှန်း ဘယ်သူသိသိ မသိသိ သားက သိတယ်၊ သူ့မိန်းမမဟုတ်ဘဲနဲ့ ရွှေတွေကိုလိုချင်လို့ တမင်ဟန်ဆောင်နေတဲ့လူဆိုးပါ၊ ဒီလူကို ဖမ်းကြပါရှင် .."

ပတ်ပန်းကျင်မှာ ရွှေထုပ်လေး အော်သံကြောင့် ဗရုတ်ဗရက်တွေ ထဖြစ်ကုန်၏။ ဟိုလင်မယားမှာလည်း ဘာကိုဘယ်ကစရှင်းရမှန်းမသိဘဲ .. မိန်းမဖြစ်သူက မျက်လုံးပြူးနေကာ ယောကျ်ားက ကိုင်မိထားသည့် လက်ကောက်ကွေကို ပစ်ချရတော့မလိုလို၊ ဒီတိုင်းကိုင်ပြီး တစ်နေရာရာ ပြေးပုန်းနေရမလို ကယောင်ချောက်ချားတွေဖြစ်ကုန်၏။

"မြသား .. မင်း လာစမ်း .."

ဘယ်လိုမှ ရှင်းပို့မလွယ်တော့မှန်းသိလိုက်ကာ သူ အားလုံးကို တောင်းပန်သလိုဝေ့ကြည့်၍ ..၊

"ဆောရီးပါဗျာ .. ကျွန်တော့်ညီမက စိတ်သိပ်မမှန်လို့ပါ .."

ဒီတိုင်းပြောချလိုက်ပြီး သူမ လက်လေးကိုဆွဲထွက်လာခဲ့၏။ ထိုအခါ သူမ ရှုးလည်းမရှုးဘဲနဲ့ဆိုသည့် မျက်ဝန်းလေးတွေနှင့် ကြည့်ခဲ့လေသည်။

'ရွှေစင်မြသား ဟို့ ပေါချက်ကုကမ်းကုန် ..'



## အခန်း (၁၉)

"မင်းသေချာလား .. မိုးကြိုး .."

"သေချာပါတယ် ဘော့စ် .. ကျွန်တော် ဘော့စ်ပြောတဲ့အတိုင်း ထပ်ချပ်မကွာ လိုက်သွားကြည့်တာပါ၊ အဲ့ဒီကောင်မလေးကို ဒီကောင် တောက်လျှောက်ခေါ်သွားတာ သေချာပါတယ်၊ နောက်ထပ်သေချာတာက သူတို့ချင်း မရိုးမသားပုံစံလုံးဝမရှိဘူး .."

"ဘာကွ .."

လူမနေတဲ့ အိမ်ရာဝင်းထဲက အခန်းတစ်ခန်းထဲထိခေါ်လာပြီး နှစ်ယောက်တည်း အတူရှိနေတာ ရိုးသားတယ်ဆိုရင် ဘာလဲ ..၊

"သူတို့ချင်း ဆွေမျိုးတော်ကြတာလား .. ဒါမှမဟုတ် .."

"အဆိပ် ဆိုတဲ့သတ္တဝါမှာ ဆွေမျိုးမရှိဘူးကွ၊ ဒီကောင် ငါနဲ့မပတ်သက်ခင်တည်းက ငါသိနေတာ၊ အစတုန်းက ငါ့အစ်ကိုနဲ့ ဒီကောင် စပြိုင်ခဲ့တာ ..၊ ငါ သူ့ကိုသိခဲ့တာလည်း ပရိုဂရမ်မှာပဲ .. ငါ့ရှေ့ရောက်လာတော့ ဖဲဘုရင်ဖြစ်နေပြန်ရော ...ဘယ်လိုလောင်းကစားမျိုးမဆို သူ မတတ်တာမရှိဘူး .."

"တတ်ရုံတတ်တာမဟုတ်ဘူး ဘော့စ် .. ဒီကောင်ပါလာပြီဆို .."

"ဟိတ်ကောင် တိတ်စမ်း .."



www.burmeseclassic.com

www.burmeseclassic.com



ဒသသ ၏ မ႒ီမသလုံးထွေးထွေးစကားသံက တိခနဲတိတ်၏။ ပါးစောင်းကို ပုလင်းနဲ့ ထိထားသဖြင့် သွားနှစ်ချောင်းကျိုးကာ နဲ့သွားသည့် တစ်ချောင်းကိုပါ နှုတ်ပစ်လိုက်ရသည်မို့ တစ်ခါတည်းနဲ့ ဆုံးရှုံးခဲ့ရတာ သွားသုံးချောင်း ..။

ရှေ့မှာ ကစားနေတာကိုလည်း အနိုင်နဲ့အပြီးသတ်သွားသေးသည်။ ကောင်မလေးကိုလည်း ဂရုမစိုက်ဘူးလို့လို့နှင့် အပြင်ခေါ်ထုတ်ခါနီးကျမှ ထိုင်ရာမထလှမ်းပစ်လိုက်တာ တန်းခနဲ ..။

တစ်ခါတည်းတောင်မ႒ောက်ဘဲ ဆက်တိုက်ပစ်ထည့်လိုက်တာ စိုးအောင် တော်တော်နဲ့ အသက်ရှူမမှန်ခဲ့ပေ ..။

အစတည်းက ဒီကောင့်ကို လွှတ်လိုက်လို့မရဘူးဆိုတဲ့စိတ်က ထင့်နေခဲ့သည်။ ကြောက်လို့တော့ မဟုတ်ပေမယ့် အဆိပ် နဲ့ ပတ်သက်တာမှန်သမျှကို သတ်ထားဖို့လိုသည်ဆိုတာ လုပ်ဖော်ကိုင်ဖက်ချင်းတော့ သူ မကြာခဏပြောနေခဲ့တာပါ ..။

ခုလည်း သူတို့ အဆိပ် ကို ဒီပွဲမှာ မုချရှုံးနိမ့်သွားအောင် ဘယ်လိုမှ သတိမထားမိနိုင်သော အသေးစားလုပ်ကြံမှုလေးတစ်ခုကို ခက်ခက်ခဲခဲစီစဉ်ထားခဲ့တာဖြစ်သည်။

ဒါ ဘာမှမဟုတ်လောက်ပေမယ့် မဖွင့်ရသေးသည့် ရေသန့်ဘူးတစ်ဘူးထဲကို အိပ်ဆေးအပြင်းတွေထည့်၍ လက်စလက်နပြန်ဖျောက်ထားရ လွယ်သလား ..၊

ဒါပေမယ့် ဒီရေကို အဆိပ် မသောက်ခဲ့တာသေချာသည်။ သောက်မိလျှက်နှင့် ဘာမှမဖြစ်ဘူးဆိုတာ ယုတ္တိမရှိတာမို့ ဆေးရှိန်ပြလာနိုးနှင့် ကြည့်နေရင်း အားလုံးအငိုက်မိခဲ့ကြတာဖြစ်၏။

ကောင်မလေး အပေါ်ထပ်က အိပ်မှုန်စုံဝါးဆင်းလာပုံအရ ရေကို ဒီကောင်မလေး သောက်ခဲ့တာလား ..။

သို့ဆိုလျှင် ကောင်မလေးက စားသောက်ဆိုင်ထဲမှာတည်းက အဆိပ် နဲ့ အတူတူရှိနေသည်ပဲ ..။





ရှိနေတာမှန်လျှင် မိုးကြိုး က ဘာလို့ထည့်မပြောတာလဲ ..၊

သူတို့ သတိမမူ မထင်မှတ်ခဲ့သော အရာရာဟာ အဆိပ် ဆိုတဲ့ကောင် အောင်မြင်ဖို့တွေသာဖြစ်လာခဲ့လျက် ..၊

"မင်းက ခုမှ ပါးရိုးစမ်းပြီး ဘာလဲ .. သွားသုံးချောင်းကျိုးတာ ပြန်တွေးပြီး ကြောက်ဒူးတုန်နေတာလား .."

သူတွေးနေတာကို မော့ကြည့်ပြီး ဦးပဉ္ဉာ က စွပ်စွဲလိုက်တာ တန်းခနဲ ..၊

"မဟုတ်ပါဘူး ဆော့စ် .. ကျွန်တော် ဒီလောက်ခံလိုက်ရတာကို ဘယ်လိုမှ .."

"ဟွန်း .. မင်းပုံစံကတော့ အစတည်းက ခုချိန်ထိ အဆိပ် ဆိုတဲ့နာမည်ကြားတာနဲ့ အဖျားပြတ်ဆေးပြေးသောက်တော့မလိုပဲ၊ ငါက ဒသသကြီး ဆိုတဲ့နာမည်နဲ့ မင်းကိုတော်တော်အထင်ကြီးခဲ့တာ .."

ဒသသ မျက်နှာနီတိတီဖြစ်သွားသည်။ သတိထားသင့်တာတွေ သူသိနေသလိုသာ သူ့ဗွေးလက်ခံခဲ့ရင်း ဒီလိုရှုံးပွဲတွေဖြစ်လာပါ့မလား ..။

ခုတော့ .. သူတို့သတင်းအစုံအလင်ပေးနေလည်း သူ့ဗွေးက ဂရုမစိုက်။ သူတို့ကိုယ်တိုင်လည်း ဒါလုပ်ဆိုလုပ်ရတဲ့ဘဝကို ..။ ကိုယ်သိတာကိုယ့်ဘာသာ ကြိတ်တွေးနေရုံအပြင် ဘာတတ်နိုင်လို့လဲ ..။

"ဟွန်း .. ငါကတော့ နာကြည်းလောက်စရာမဖန်တီးပါဘူး၊ အလောင်းအစားဆိုတာ မစားရရင် လျှော်ရမှာပဲ ..၊ ဒါပေမယ့် နာကြည်းအောင် သူပဲလုပ်သွားတာ၊ သင်းကို ငါ့အစွမ်းရှိသလောက် ဒုက္ခပေးမယ်၊ သူ့အကြောင်း ဒို့ထက်သိရအောင် စုံစမ်းမယ် ..၊ ကျကျနန ပညာပေးမှာ၊ သင်းက မော်ဆရာဖြစ်ပါစေ .. ငါက ဝိဇ္ဇာကြိမ်လုံးရအောင်ရှာပြမယ်.."

ဦးပညာ တော်တော်ခံပြင်းနေကာ တပည့်တွေကို အကုန်လုံးအောင်ထုတ်လိုက်ကာ ဖုန်းတစ်လုံးနှင့် ဝရန်တာထွက်လာခဲ့သည်။

"အေး .. ကိုမြင့် ငါပါ .. မင်း အလုပ်ရှုပ်နေလား .."

".... .... .... ...."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် .. သတင်းကမြန်လှချေလား ..၊ ငါတစ်ယောက်တည်း မဟုတ်ပါဘူး၊ ကိုထင်လင်း တို့အုပ်စုရော့ပဲ .. ကိုချစ် ဆို သူ့မိန်းမနဲ့ ခုထိ အဆင်မပြေသေးဘူး၊ ဒီကောင် နှမ်လှည့်တည်းနဲ့ ဆောင်ကျော် ခိုင သွားတာကွ ..၊ ပြောသွားသေးတယ် ဘာမဟုတ်တဲ့ ငွေလောက်နဲ့တဲ့ .."

"...... ...... ...... ......"

"ဘာ .."

"...... ...... ...... ......"

"ဩော် .. ဩော် .. ဒီကလေကချေက အဲ့ဒီလိုကောင်လား၊ ဟွန်း.. ဒါကြောင့် ရှင်ပြုတုန်းက ရွှေထီးဆောင်းခဲ့တာကိုမမေ့နိုင်ဘဲ ဖာန်တက်နေတာကိုး ..၊ ခွေးရှူးကောင်းစား တစ်မွန်းတည့်ပဲကွ ..၊ ဒီလောက်ဆို ဘယ်သူခွေးရူးလဲဆိုတာ သူ့ကိုယ်သူ သိသင့်ဟာပေါ့၊ နေပါစေ .. သူ့ကိုယ်သူမသိလည်း သိသွားအောင် ငါလုပ်ပေးမှာပါ .."

ကြားရသမျှ သတင်းစကားအတွက် အံတကြိတ်ကြိတ်နှင့်ဖြစ်နေ မိရင်း အဆိပ် ရဲ့ မျက်နှာက အာရုံမှာထင်ဟပ်နေကာ လူကိုစိန်ခေါ်နေ သလိုပင် ..။

သူ့ဟာသူ ဘာကောင်ဖြစ်နေနေ လူဟာလူပဲ ..။

"ငါ သူ့ရဲ့အတိတ်အကြောင်းသိချင်တယ်ကွာ ..၊ မင်းက ငါ့ထက် ပိုသိမှာပါ၊ လုပ်ပါ .. ဘယ်လမ်းကြောင်းကစလိုက်ရမလဲ .."

"...... ...... ...... ......"

"ဟား .. လာပြန်ပြီ ကိုမြင့် ရာ .. မင်းကလည်း ငါ့ထက်အကြီး ဖြစ်နေပြီး ငါ့တပည့်တွေပြောတဲ့စကားတွေ လာပြောနေပြန်ပြီ၊ ဟုတ်တယ်.. ငါနဲ့ဘာမှမငြိခဲ့ဘူး၊ ဒါပေမယ့် အခု ငြိသွားပြီ၊ ငါ့ငွေတွေကို ဒီကောင် ရိုးရိုးသားသားရယူသွားတာမဟုတ်ဘူး၊ ပြီးတော့ ငါ့တပည့်တွေကို ငါ့ ရှေ့မှာတင် ကိုယ်ထိလက်ရောက်စော်ကားသွားတာ .."

"...... ...... ...... ......"

"ငါ့ကိုလာအစ်အောက်မနေနဲ့ ကိုမြင့်၊ ငါနဲ့ဘာမှ ငြိခဲ့တာမရှိဘဲ





နဲ့ ငါက ဘာလုပ်ရမှာလဲ ..၊ မင်းလေသံတွေကလည်း အဆိပ် ကိုတော် တော်အထင်ကြီးနေတဲ့ပုံပါလား .."

"...... ...... ...... ......"

"ငါ့ခံလိုက်ရတာ ငါ ညှဲ့လို့မပြောဘူးကွ ..၊ သူ မရိုးမသားလုပ် သွားတာ၊ အဲဒါကြောင့် ငါ မခံနိုင်ဘူး၊ သူ့အကြောင်း ..."

"...... ...... ...... ......"

"ဩော် .. သူ့အကြောင်းသိချင်တာ ငါတစ်ယောက်တည်းပေမယ့် အခု ဘယ်မှာလဲဆိုတာ သိချင်တဲ့လူတွေတော့ အများကြီးပဲ ကိုမြင့်၊ ငါ ဒီလောက်မတုံးဘူး၊ သူ့လိုကောင်ရဲ့ ရှေ့ကြောင်းနောက်ကြောင်းက သိရလေ အကျိုးရှိလေပဲ .."

"...... ...... ...... ......"

"ဘာ .."

"အင်း .. ဟုတ်ပြီ၊ ဒါဆို ငါ UK ကိုလိုက်မယ် .."

"...... ...... ...... ......"

"သိပ်လိုက်တာပေါ့ .. ငွေချောငွေနဲ့လိုက်တဲ့၊ ဒီကောင့်အတွက် ကုန်သမျှ ငါ ဂရုမစိုက်ဘူး၊ ပြန်ပြောစမ်းပါ သူ့ဆရာ ဘယ်သူ .."

"...... ...... ...... ......"

"ဂျက်မော်ဂန် ဟုတ်လား .. အိုခေ .."



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

ဘယ်မြို့နယ်၊ ဘယ်ရပ်ဝန်းရောက်ရောက် တံခါးဖွင့်ပြီး ဝင်နေလို့ရအောင် သူ ငှားထားသည့်အိမ်တွေရှိသည်။ ဒါပေမယ့် အားလုံးသည် ခပ်ညံ့ညံ့တိုက်ခန်းလေးတွေ၊ ပျဉ်ထောင်အိမ်လုံးလေးတွေချည်းဖြစ်ကာ ဘယ်မှာဖြစ်ဖြစ် သူ အလွန်ဆုံးနေရင် နှစ်ညသုံးည ..။

နောက်ထပ်ပြန်လာဖြစ်တာလည်းရှိသည်။ မလာဖြစ်တော့တာလည်း ရှိသည်။ ထိုသို့သော အကြောင်းများနှင့် ပတ်သက်၍ သူ နေထိုင်သမျှ နေရာတိုင်းမှာ အိမ်ထောင်ပရိဘောဂပစ္စည်းဆိုတာလည်း ဘာမှမရှိ ..။

"ဒါ .. ဘယ်သူ့အိမ်လဲဟင် .."

"ငါနေတာ ငါ့အိမ်ပေါ့ .."

"မဟုတ်ပါဘူး .. ကိုကြီးတစ်ယောက်တည်းနေ ..."

"မင်း ငါ့ကိုမစပ်စုနဲ့၊ ဟိုအခန်းထဲမှာ ဖျာနဲ့စောင် ခြင်ထောင်တော့ ရှိတယ်၊ တစ်စုံပဲရှိတာဆိုတော့ အဲဒီမှာ အမှိုက်သရိုက်ခါပြီးအိပ်၊ မသတီရင်လည်းမတတ်နိုင်ဘူး .."

"ကိုကြီးကရော .."

"လာပြန်ပြီ .."

သူက စပ်စုတယ်ထင်နေပေမယ့် ရွှေထုပ်လေး ကိုယ့်စိတ်ကို သူ





သိအောင် မပြောတတ်လို့ပါ။ သူမအတွက် ခုချိန်မှာ ကောင်းကောင်းအိပ်ရဖို့လည်းမဟုတ်၊ ကောင်းကောင်းစားရဖို့လည်း မပူပေ ..။

မြဲစေ မျက်စိအောက်က ပျောက်ဆုံးမှသာ သူမဘဝပျက်မှာဖြစ်သည်။ အိမ်ကထွက်လာတုန်းက အပြင်မှာဆို လူယုတ်မာတွေအများကြီးရှိနေမှာပဲဆိုတာကလွဲပြီး ကျန်တာခေါင်းထဲမှာမရှိခဲ့ ..။

အိမ်ကထွက်ပြီး ပြန်ဝင်ဖို့ဆိုတာလည်း စက်ခဲမည်မထင် ..။ သူမ မသိခဲ့သော အဆိုးရွားဆုံးဟာ လူ့လောကမှာ ကျင်လည်လှုပ်ရှားဖို့အတွက် ငွေ ဘာမရှိမဖြစ်လိုအပ်ခြင်းဆိုတာပင် ..။ သိလာတဲ့အခါကျတော့ သူမမှာ ဒုက္ခတွေပင်လယ်ဝေနေပြီဖြစ်၏။

ထို့ပြင် မိန်းကလေးတစ်ယောက်အတွက် ပျက်စီးစေနိုင်သည့် လမ်းကြောင်းများ ..။

"မင်း ဘာလုပ်နေတာလဲ မြသား .."

"ဟင် .."

အခန်းထဲမဝင်ဘဲ တွန့်ဆုတ်နေကာ သူ ဖွင့်လိုက်သည့်မီးရောင် ဖွေးခနဲလင်းသွားတာကို ယောင်နနဲ့ကြည့်မိသေးသည်။

"ဟို .. ကိုကြီး ဒီမှာအိပ်မှာဆိုရင် အိပ်ခန်းတွေအပြင်မှာ ယူခင်းလိုက်မယ်လေ ..၊ ကိုကြီးနားမှာပဲ သား .."

"ဘာ .. မင်းက ငါနဲ့အတူအိပ်မလို့ ဟုတ်လား .."

"ဟင့်အင်း ဘေးမှာပါ .."

တောင်တောင်အီအီ ထင်ရက်စရာမရှိသော သူမ မျက်နှာလေးကို ကြည့်၍ အခန်းထဲမှာ မအိပ်ရဲလို့ပဲလို့ တွေးလိုက်မိသည်။

"ကိုကြီး သားကိုထားပြီး ထွက်သွားမှာစိုးလို့ .."

"နေစမ်းပါဦး .. မင်းကိုငါ စောင့်ရှောက်ပါ့မယ်လို့များ ပြောမိခဲ့သလား .."

"မပြောပါဘူး .."

"ဟုတ်တယ် .. ဒါပေမယ့် မင်းကိုငါ ဒီအိမ်ခေါ်လာခဲ့တာလည်း လိမ်ညာပြီး ခေါ်လာခဲ့တာမဟုတ်ဘူး၊ အဲ့ဒါကြောင့် မင်းမသိအောင်



www.burmeseclassic.com

www.burmeseclassic.com



လစ်ထွက်သွားဖို့လည်းမလိုဘူး၊ ငါ သွားတော့မယ်ဆို မင်းသိရမယ် .. အဲဒီတော့ သွားအိပ် ..”

“ဟုတ် ..”

သူမက နို့စိမ်းရောင်ဂါဝန်ခပ်ပွပွမှာ အပါးစားလက်ရှည်လေးနှင့် ဖြစ်ကာ ဂါဝန်က ဒူးအောက်လောက်ထိပဲရှိသည်။ အောက်ပိုင်းက ဘောင်းဘီရှည်အပြာရောင်လေးထပ်ဝတ်ထားသဖြင့် ဂါဝန်ကလက်ရှည်၊ ဘောင်းဘီရှည်တစ်ထပ်နှင့် ဆံပင်တွေက ဖုံးရိုးဖားရားမို့ ဘာပုံလေး ပေါက်နေမှန်းမသိတော့ပါ။

အရောင်တူတာလေးတွေနဲ့ မဲ့(ချ်)ဖြစ်အောင်လည်း မဆင်တတ်ဘဲ ဘာတွေလျှောက်ဝယ်ပြီး ဘယ်လိုတွေဝတ်မှန်းလည်းမသိ ..။

အပိုဝယ်လာတာတွေထဲမှာလည်း ဘာတွေဘယ်လို ဝယ်ချလာသည် မသိတော့ပါ။

“မြသား ..”

“ရှင် .. ကိုကြီး ..”

ဝင်သွားပြီး တိတ်ဆိတ်နေသဖြင့် သူပဲ ပြန်ခေါ်ယုတ်ရကာ ..၊

“မင်း မုန့်တွေဝယ်လာတယ်မို့လား .. ဒီမှာ ဘာလို့ချထားခဲ့တာလဲ .. လာယူ ..”

“မယူတော့ဘူး ကိုကြီး .. သား မစားတော့ဘူး ..”

သူမ ဘာမှဟုတ်တိပတ်တိမစားဘဲ ရေချည်းပဲသောက်နေတာ သူ့ရှေ့ဟင်၊ အထုပ်ကိုလှမ်းယူပြီး ဖွင့်ကြည့်လိုက်တော့ ကွက်ကီးထုပ်လေးတွေနဲ့ ကိတ်ခြောက်တွေဖြစ်၏။

သူ့ ဒံပေါက်ဝင်ဝယ်တုန်းက စားမလားဆိုတော့လည်း ခေါင်းခါသည်။ တွေးနေရင်း ကိုယ်ဝယ်လာသည့် ဒံပေါက်ထုပ်ဆီ အကြည့်ရောက်၏။

သူမ မစားဘူးပြောပေမယ့် သူဝယ်လာတာ နှစ်ထုပ်ပဲဖြစ်ကာ အချိုရည်တွေရော၊ ရေသန့်တွေရော သူပဲဝယ်လာခဲ့၏။ ခုတော့ ဘာမှမစားဘဲ ဝင်အိပ်သွားပြန်သည်။

ဘယ်အချိန်ရှိသေးလို့လဲ ..၊





နာရီကြည့်လိုက်တော့ ညရှစ်နာရီတောင် မထိုးသေးပေ ..။

ကိုယ့်ဘဝကိုယ် ဘာမှန်းမသိတော့အောင် မှေ့မျောက်နေထိုင်ခဲ့သည့် သူ့ဘဝထဲကို ဘယ်လိုမိန်းကလေးထပ်ရောက်တာလဲ ..။ ကိုယ်က သိနေတာကို မေ့ချင်သည်။ သူမကကော့ ဘာမှမသိတာတွေနဲ့ ရှုပ်ထွေးနေခဲ့၏။

သူမနဲ့သူ ဘယ်လိုအကြောင်းတရားတွေနဲ့ လာရောက်ဆုံဆည်းခဲ့တာလဲ ..။

မထင်မှတ်သော တွေ့ဆုံမှုလေးတွေကစပြီး သူကိုယ်တိုင် လက်ဆွဲခေါ်လာရတဲ့အထိ ပတ်သက်လာခဲ့တာတွေကို မယုံနိုင် ..။

“မင်းကို ငါတို့မနိုင်ဘူးပဲထားပါ၊ လူတွေဟာ ကိုယ်ခံရတာထက် သူများ ကိုယ့်ရှေ့မှာ ခံရတာကို ပိုပြီးမကြည့်နိုင်ဘူးကွ ..၊ အထူးသဖြင့် ကိုယ်ချစ်တဲ့သူတွေ ခံစားနေရရင်ပေါ့ .. ဟား .. ဟား .. ဟား ..”

မင်းသားခေါင်းဆောင်းထားသော (သို့မဟုတ်) လူကြီးလူကောင်းလို့အများက သတ်မှတ်ထားကြသည့်လူကုံထံဆိုတဲ့ အသိုင်းအဝိုင်းထဲက တစ်ချို့တာလေ ..။

ထိုလူတစ်စု၏ လက်ထဲမှာ အမေနဲ့ ညီမလေးတို့ အသက်ဆုံးခဲ့ရသည်။ လုပ်ကြံမှုပေမယ့် အက်ဆီးဒင့်တစ်ခုနဲ့ သေဆုံးသွားသလို သူတို့အင်အားနဲ့ ဖိနှိပ်ခဲ့သည်။

သူ့ရှေ့မှာတော့ တဝါးဝါးတဟားဟားရယ်မောကြ၍ ..၊

“မင်း ကာတ်ထားတဲ့ပညာကို ငါတို့က ရိုညှင်သလို ညှစ်ယူလို့မရပါဘူး၊ ဒါပေမယ့် ငါတို့တွေ သိက္ခာခဝါချပြီး မင်းနောက်လိုက်၊ မင်းကို ခယခဲ့ရသမျှ ဘာမှမလူးဘူးဆိုဟော့လည်း ပေးခဲ့ရသမျှကို ပြန်ယူရတာပေါ့ .. ဒီအဖြစ်မျိုး မင်းနောက်ထပ် မကြုံချင်ရင်တော့ ဘယ်သူ့ကိုမှ မချစ်မိအောင်ကြိုးစားပေါ့ကွာ ..”

ဒါတွေကြိမ်းဝါးခဲ့တာက ဦးရှိန်းမောင် ..၊ ပြီးတော့ ဦးတိုက်မိုးနဲ့ ဦးကောင်း ..။

သူတို့တွေအားလုံးထဲက ဘယ်သူ့လက်ချက်ဆိုတာ မသိခဲ့ဆ။ ဦးရှိန်းမောင် ကတော့ ခုချိန်ထိ ယူကေမှာလား .. ဘယ်နိုင်ငံရောက်နေပြီ



www.burmeseclassic.com

www.burmeseclassic.com



လဲ မသိပေမယ့် ကျန်တဲ့လူတွေကိုတော့ တပည့်တပန်းပေါင်းများစွာနှင့် မြန်မာပြည်မှာ မြင်နေရ၏။

ပြီးတော့ နောက်ထပ်ထွက်ပေါ်လာကြသည့် သူ မသိခဲ့သည့် လူတွေ။

'လုပ်စားတော့ မိုးခေါင် .. နိုးစားတော့ ခွေးဟောင်' ဆိုတာမျိုး ကလေကချေဖြစ်ပါလေ့စေဆိုတော့လည်း ဖဲသမား လောင်းကစားသမား ဘဝမှာတောင် အဆိပ် ဆိုသည့် နာမည်ထူးနှင့် လူတွေက သူ့ကိုသိနေကြသည်။ ပြီးတော့ ကြဲဖန်ငြိုးမယ်ဖွဲ့၏။

ဒီနာမည် ဘယ်သူကင်ပွန်းတပ်လိုက်မှန်းမသိ ..။ ဘာဖြစ်လို့ သူ့ကိုပဲ မဲခေါ်တင်ကြသည်ဆိုတာလည်း မသိခဲ့။ သူ့ဘဝအတွက် နေရာတကာဟာ ဘာဖြစ်လို့ တိတ်ဆိတ်အေးချမ်းမှုမရှိခဲ့တာလဲ ..။

စီးကရက်တစ်လိပ်ထုတ်သောက်ရင်း စီးကရက်သာတိုသွားသည် သူ့အတွေးတွေက ရှုပ်ထွေးနေဆဲ ..။

'ရွှေစင်မြသား' ဆိုသော မိန်းကလေးနဲ့ ပတ်သက်မိသည့်အတွက် ဘယ်သူ့မှာ ထိခိုက်ဖွယ်ရှိနေသလဲဆိုတာ သူ တွေးမိတော့ စိတ်ဇွေပို၍ ထိုင်းမှိုင်းသွားခဲ့သည်။

ဒီလောက်ထိ ရှုပ်ထွေးမှုတွေထဲမှာ သူမလေးက ဘာတစ်ခုမှလည်း သိတာမရှိ။ ဘာမှလည်း နားမလည်သလို လူတိုင်းစားသလို မစားတတ်၊ လူတိုင်းနေသလို မနေနိုင် ..၊

"ကျွတ် .."

သူမကြောင့် သူ ဗျာများရဖို့တွေရှိနေသလို သူမ ဒုက္ခရောက်တော့မည်ဆိုတာလည်း ဗေဒင်မေးဖို့မလိုပေ ..။

ခုလောက်ဆိုရင်ပဲ ဦးပညာ တို့လူစုတွေ ကြွက်မနိုင် ကျီမနိုင်ရှိဖို့ ကြံစည်နေလောက်ပြီဖြစ်သည်။ တိုက်ခန်းလေးရဲ့ အပြင်ဘက်ကိုထွက်လာခဲ့ရင်း အုတ်ခုံပေါ်မှာထိုင်ကာ နံပါတ်တစ်ခုကို ခေါ်လိုက်ကာ ..၊

"ကိုဟိန်း ငါပါ .."

"..... ..... ..... ....."

"အေး .. သိရင်လည်းပြီးတာပဲကွာ၊ ငါက မင်းလို စားပွဲအေးဆေး ထိုင်





ပြီး ဆုံးဖြတ်သုံးသပ်နေနိုင်တဲ့လူမဟုတ်တော့ အမြဲတမ်းပျော်မှ ဘာလေ ..."

"..... ..... ..... ....."

"အေးပါ .. ဟုတ်ပြီကွာ .. စခန်းမှူးလည်း အလုပ်ပြောင်းသွားပါတယ်၊ မှန်တယ် .. ဒါပေမယ့် ခုတော့ ငါ မင်းနဲ့အေးဆေးမတွေ့အားသေးဘူး၊ ငါ့ကိုတစ်ခုလောက် ကူညီစမ်းပါ ..၊ စခန်းမှာ လူပျောက်တိုင်ထားတာ ဘာညာများရှိသလားသိချင်လို့ .."

"..... ..... ..... ....."

"ဟုတ်တယ် .. မိန်းကလေး၊ ဘာလဲ ရှိနေတာလား .."

"..... ..... ..... ....."

"ကျွတ် .. မင်းကလည်း နောက်နေပြန်ပြီ အရေးကြီးလို့ပေါ့ကွ ..၊ ဒါဆိုလည်း မင်း တခြားအပိုင်ရဲ့စခန်းတွေဆီ လှမ်းထောက်လိုက်ကွာ.. ငါ အမြန်ဆုံးသိချင်တယ် .."

"..... ..... ..... ....."

"ဓာတ်ပုံတော့ မပို့နိုင်ဘူး၊ ဒါပေမယ့် သိသာတယ်၊ သူ့ပုံစံက ဆံပင်က တင်ပါးကျော်တယ်၊ ဖြူဖြူသွယ်သွယ်လေး အသက်က နှစ်ဆယ်လောက်တော့ရှိမလားမသိဘူး .."

"..... ..... ..... ....."

"ရှေးဆန်တဲ့ လူချမ်းသာထဲက ဖြစ်မယ်ထင်တယ် .."

သူမနဲ့ပတ်သက်ပြီး ပြောပြလိုက်ကာ အမြန်ဆုံးအကြောင်းပြန်ဖို့ ပါ မှာထားလိုက်၏။ သူမကို အိမ်တိုင်ရာရောက် ပြန်ပို့ပေးဖို့ ဆုံးဖြတ်ချက်နဲ့ ဖြစ်သော်လည်း ..၊

"ဟလို .."

ထိုင်ရာကမထရသေးမီ မသိသောနံပါတ်တစ်ခု ဝင်လာသဖြင့် ကိုင်လိုက်လျှင် ..၊

"အဆိပ် လို့ ရာဇဝင်တွင်သွားတဲ့ မင်းနဲ့ငါ ဆွေးနွေးချင်တယ် မြစေ.."

"ဦးကောင်း .."

"ဟုတ်ပ .. မင်းက မြန်မာနိုင်ငံပြန်ရောက်သွားမှ ကိုယ်ယော်



www.burmeseclassic.com

www.burmeseclassic.com



ဖျောက်သွားတာ ပိရိပါတယ်၊ ဒါပေမယ့် နာမည်ကျော်ရင် မက်မောတဲ့ သူတွေ ဝိုင်းနေတတ်တယ်ကွ ..၊ လူ့ဘဝကလည်း မလိုလျှင်ရ၊ လိုလျှင် မရဆိုတာမျိုးထင်ပါရဲ့ .. မင်းက နာမည်မကျော်ချင်ပေမယ့် မင်းလက်နဲ့ထိရင်ရွှေဖြစ်နေတော့ မကျော်ချင်လည်း ကျော်လာတာပဲလေ .."

"ခင်ဗျားဘာကိစ္စရှိလို့လဲ .."

"မင်းသိပါတယ် မြဇေ ရာ၊ ဒါပေမယ့် ငါက သူများတွေလိုတော့ မင်းနဲ့ မညှိပါဘူး၊ မင်းဘယ်လိုမှ ငြင်းချင်မှာမဟုတ်တဲ့ အဖိုးအခနဲ့ ကမ်းလှမ်းတာ၊ အများကြီးလုပ်ပေးဖို့မလိုဘူး၊ စင်ကာပူက ကိုရှိန်းမောင်ရဲ့ ဘဏ်ခွဲကိုဖြိုမယ်၊ ဒါပေမယ့် မင်းလုပ်ရမှာက ဂျက်မော်ဂန် ရဲ့ လုံခြုံရေးပရိုဂရမ်ကို .."

"ကျွန်တော် မလုပ်ဘူး .."

"အဲဒီလို ဆုံးဖြတ်ချက် မစောနဲ့လေ ..၊ ဂျက်မော်ဂန် ရေးတဲ့ ဆော့ဖ်ဝဲတွေကို ထိုးဖောက်နိုင်တဲ့ဟက်ကာဆိုလို့ မင်းပဲရှိတယ် .."

"ဟက်ကာမဟုတ်ဘူး .. အခု ကျွန်တော့်ခေါင်းထဲမှာလည်း ဘာမှ မရှိတော့ဘူး၊ ရှိရှိ မရှိရှိ မြန်မာနိုင်ငံကို ပြန်ဝယ်နိုင်လောက်အောင် ပုံပေးမယ်ဆိုလည်းမလုပ်ဘူး၊ အိုင်တီအင်ဂျင်နီယာဆိုတဲ့ဘဝကို အဲ့ဒီမှာပဲ ထားခဲ့လိုက်တာကြာပြီ .."

"နှံ့နှစ်ပျက်စီးသွားတဲ့ ပတ္တမြားမရှိ ... မြဇေ၊ ကိုရှိန်းအောင် လို လူအပေါ် မင်း သစ္စာရှိနေဖို့လည်းမလိုပါဘူး၊ မင်းဘဝကို ဖျက်ဆီးခဲ့တာသူပဲ.."

"အဲဒါတွေ ဘာမှမသိချင်တော့လို့ ထားခဲ့တာ ဦးကောင်း၊ ကလေးတွေ သွေးကြွေးတွေနဲ့ လူကြမ်းလုပ်ရအောင် ကျွန်တော်က ဓာတ်လမ်းထဲက မင်းသားမဟုတ်ဘူး .."

"သွေးကြွေးမဟုတ်ပေမယ့် လက်တုံ့ပြန်ရမှာပေါ့ကွ ..၊ ဒီအတွက် မင်း စားကိုင်သေနတ်ပစ်ဖို့လည်းမလိုဘူး၊ အခု မင်းရဲ့ဆရာလည်းမရှိတော့ဘူး မြဇေ ..၊ သူသေပြီ မင်းက ငွေကိုမလိုချင်တော့ပေမယ့် သူကတော့ ငွေနောက်လိုက်ရင်းသေခဲ့တာ၊ ပညာတွေတတ်ပေမယ့် ဘုန်းကြီးပြီးအသက်မရှည်တာလေ ..၊ ပြီးတော့ မင်းဆရာ ဂျက်မော်ဂန် ကိုယ်တိုင်





မင်းအတွက် သစ္စာထားခဲ့လို့လား .."

ဦးကောင်း ပြောနေတာ တို့ထောင်သလိုရှိပေမယ့် ဒါတွေက အမှန်တွေပဲဖြစ်သည်။ သို့သော် သူကိုယ်တိုင်သိနေလျက်နှင့် ပြည်ဖုံးကားချထားခဲ့တာမို့ ဒီစကားတွေအတွက် ထူးခြားခံစားရတာမျိုးမဖြစ်တော့ပေ ..။

"မင်းကို ဘဝပျက်စေခဲ့တဲ့လူအတွက် ငွေတစ်မျက်နှာတည်းနဲ့ သူအများကြီးလုပ်ပေးခဲ့တာ .."

"ဘယ်သူမဆို ကိုယ်မှန်တယ်ထင်ရင် လုပ်ကြတာပဲ၊ အခွင့်အရေးဆိုတာ လူတိုင်းမှာရှိတယ် ..၊ သူ့လုပ်ရပ်တိုင်းက ကျွန်တော်နဲ့မဆိုင်ပါဘူး၊ ခင်ဗျားပြောချင်တာ အဲဒါကွေလား .."

"မဟုတ်သေးဘူး .. ငါ မင်းနဲ့အေးအေးဆေးဆေးတွေ့ချင်တယ်၊ မင်းကတော့ ကြိုဆိုမှာမဟုတ်ပေမယ့် ငါကတော့ မင်းရှိတဲ့နေရာကိုရောက်အောင်လာရမှာပဲ မြဇေ .. ငါပြောတာကို မင်း သေချာစဉ်းစားထားစမ်းပါ၊ မင်းဘဝကို ဒီတိုင်းလက်သာကိုယ်ချွတ်နဲ့ ပြီးဆုံးသွားလို့မရဘူးနော်၊ ဒါကို နောက်ဆုံး တာဂတ်အဖြစ်ထားပြီး စဉ်းစားကွာ ..၊ မင်း တစ်သက်စာဖူလုံသွားအောင် ငါပေးမယ်၊ နောက်တစ်ခါဆိုကာ ထပ်မရှိတော့ဘူးဆိုတာသည်း ကတိပေးတယ် .. အိုခေနော် .."

သူ့ဘာသာပြောပြီး အိုခေသွားသည်။

သူ့အတွက်တော့ စိတ်ပျက်ဖွယ်တွေ အလုံးအထွေးနှင့် ည ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

"ဘွားလေး .. ကိုကြီးရေ .. ဟင့်အင်း .. ဟင့်အင်း .."

ညည်နက်မှာ ရွှေထုပ်လေး ရဲ့ အော်သံက စူးစူးဝါးဝါး ..။

သူ ဆတ်ခနဲ ထထိုင်လိုက်မိကာ အခန်းထဲကို ဘယ်လိုရောက်သွားခဲ့မှန်းမသိခဲ့ ..။ မီးရောင်နဲ့ မအိပ်တတ်တာမို့ အပြင်မှာ သူ မီးမှိတ်ထားပေမယ့် သူမ အခန်းထဲမှာတော့ လင်းထိန်နေ၏။

"တစ်ခန်းလုံးလည်း ဖုန်အလိမ်းလိမ်းနှင့် ဒီတိုင်းရှိနေကာ ကြမ်းပေါ်မှာ လိပ်ပတ်ထားသည့် ဖျာနဲ့ အိပ်ရာခင်းက ဒီတိုင်းအလိပ်လိုက် ..။

ထိုအလိပ်လိုက်ပေါ်မှာ သူမလေးက အပေါ်ကိုယ်တစ်ပိုင်းမှိုကာကွေးကွေးလေး ..။

"မြသား .. ဟေ့ .."

"ဟင် .. အား .. မကိုင်ပါနဲ့ .."

ပခုံးကို သူ ကိုင်လိုက်တာနှင့် သူမ အားခနဲအော်ကာ လက်ကိုဖယ်ချပစ်သည်။ မျက်လုံးတွေကမပွင့် ..။ ထို့ပြင် သူမလက်ဖဝါးနဲ့ ထိမိစဉ်လက်တွေပူခြစ်နေတာကို သိလိုက်ကာ ..။

"ဖျားနေပြီ .."

စိတ်ပျက်စွာ တီးတိုးရေရွတ်မိ၏။ အိပ်ရာလိပ်ကို လှဲကျင်းဖို့နေ





သာသာ ဖြန့်ခင်းဖော်တော်မရဘဲ ဖုန်တွေထဲမှာ ဒီတိုင်းဝင်လှဲနေသည်။ ပြီးတော့ ကုပ်ကွေးထားတာ ပုဇွန်ကဲ့သို့ ..။

"မြသား .. မြသား မင်း ခဏထဦး .."

"ဟင် .."

"ဟိတ် .. ကြားလား .."

"မကြားဘူး .. ဖလိုက်ချင်ဘူး၊ ရှင်တို့ကလူဆိုးတွေ၊ မလိုက်ဘူးနော် .. သွား .."

သူမ ကယောင်ကတမ်းတွေပြောနေပြီမို့ ဘာလုပ်လို့လုပ်ရမှန်းမသိအောင် ဦးနှောက်ခြောက်သွားမိ၏။

"အား .. နာလိုက်တာ .. ကျွတ် .. ကျွတ် .."

"ဘယ်ကနာတာလဲ .. ဘာဖြစ်တာလဲ ပြောစမ်း .. မြသား .. မေးနေတာကြားလား .."

"လက် .. လက်မောင်းမှာ ကိုကြီး အတင်းဆွဲထားတာ .. အဟင်း"

သူမေးနေတာကို ဖြေနေတာမဟုတ်ပေ။ သူမဘာသာ နာကျင်တာတွေကိုပြောပြနေတာဖြစ်၏။ လက်မောင်းဆိုတာ သူကိုင်လိုက်တဲ့ဘက်ကလား .. ဘာဖြစ်တာလဲ ..။

သူမ ဒီလောက်ထိဖြစ်သွားအောင် သူ ဘာလုပ်ခဲ့မိသလဲ ..။

အင်္ကျီလက်ရှည်ဝတ်ထားသဖြင့် ကြည့်လို့လည်းမရ ..။

နောက်ဆုံးမှာ သူ့ရဲ့တစ်ဦးတည်းသော မိတ်ဆွေ စခန်းမှူး အောင်ဟိန်းကို ဖုန်းဆက်အကူအညီတောင်းရ၏။

"ဆောရီးကွာ .. ညည်နက်မှ ငါ ဒုက္ခရောက်နေလို့ပါ၊ မင်းအသိဆရာဝန်ထဲက တစ်ယောက်လောက် ငါပြောတဲ့လိပ်စာအတိုင်း လူနာလာကြည့်ပေးဖို့ ပြောပေးစမ်းပါ၊ လုပ်ပါကွာ .. ဒီမှာ အရေးကြီးနေလို့ပါ.."

ဘာမှလည်း သေချာရှင်းမပြနိုင်ဘဲ မနက်မှာ လာရှင်းပြပါ့မည်ပြော၍ ဆရာဝန်ပင့်နိုင်းရ၏။ အောင်ဟိန်း က ဆရာဝန်နဲ့အတူ သူကိုယ်တိုင်လိုက်လာပေးရှာသည်။

ဆရာဝန် စမ်းသပ်ကုသနေတုန်း သူ့နားကပ်လာကာ ..၊



www.burmeseclassic.com

www.burmeseclassic.com



"မြဲစေ .. ဒါ မြန်မာနိုင်ငံနော် .. မင်း လက်မထပ်ဘဲနဲ့ လစ်ဗင်း တူဂဲသား ရှိ နေလို့မရဘူး၊ အဲဒါကြောင့် ငါပါလိုက်လာမဲ့ရတာ .."

"မဟုတ်ပါဘူးကွာ .. ဒုက္ခရောက်နေတဲ့ မိန်းကလေးပါ .."

"ဘာဖြစ်နေတဲ့မိန်းကလေးဖြစ်ဖြစ် သူဟာ မင်းညီမ မဟုတ်ဘူး.."

"ငါ သူ့ကိုပြန်ပို့ပေးမှာ .."

"ဘယ်တော့လဲ .."

မြဲစေ မျက်မှောင်ကုတ်သွားသည်။

"ဘယ်ကိုပို့မှာလဲ .."

မြဲစေ ပြန်မဖြေဘဲ ကျွတ်ခနဲ့ ဟဲသပ်သည်။ ပြီးတော့ နဖူးပွတ်၏။ အောင်ဟိန်း က သူ့ကိုစိုက်ကြည့်နေပြီးမှ ..၊

"မင်း ဒီတစ်ခါတော့ ငါ့စကားနားထောင်ရလိမ့်မယ် မြဲစေ ..၊ ငါ့မျက်နှာကိုထောက်ပြီးတော့ပေါ့၊ မဟုတ်ရင်တော့ ငါ မင်းမျက်နှာကို ထောက်မှာမဟုတ်ဘူး .."

"မထောက်နဲ့ကွာ ..၊ လောလောဆယ် ငါဘာမှမစဉ်းစားချင်ဘူး"

"မစဉ်းစားချင်ရင် သက်ဆိုင်ရာလူကြီးတွေကို အကြောင်းကြား ပြီး လုပ်စရာရှိတာလုပ်ပေးလိုက်လေ ..၊ နောက်တစ်ခုရှိတာက မင်း လက်ထပ်ယူလိုက် .."

"ကိုဟိန်း .."

"ပြော .."

"မင်း တပ်မပြောဖို့သတိပေးတာ .."

အောင်ဟိန်း က အသံမထွက်အောင်ရယ်ကာ ..၊

"ဟိုမှာ ဆရာဝန်ထွက်လာပြီ .."

သူတို့နှစ်ယောက် အခန်းတံခါးဖွင့်ထားသည့်ရှေ့မှာပဲ ရပ်နေကာ ဆရာဝန်ပြောလာမှာကိုစောင့်နေလိုက်၏။

"မိန်းကလေးက နှိပ်စက်ခံထားရတာလား .."

"ဗျာ .."

"ဟင် .. ဘာဖြစ်လို့လဲ .."





ရုတ်တရက်မို့ မြဲစေ လန့်သွားသည်။ အောင်ဟိန်း ကတော့ မျက်နှာ ပျက်သွားပေမယ့် ဆရာဝန်ကို ဟန်မပျက်ပြုံးပြလိုက်ကာ ...

"မဟုတ်ဘူးထင်တယ် အန်ကယ်လ်သိန်း .. သူက ကျွန်တော့် သူငယ်ချင်းရင်းပါ၊ ဒီမိန်းကလေးကို သူက ကူညီကယ်ဆယ်ထားတာ.."

"အန်ကယ်လ်ကလည်း မိန်းကလေးမှာ ဒဏ်ရာတွေများလွန်းလို့ မေးရတာပါ၊ လက်မောင်းတစ်ဖက်က ယောင်နေတယ်၊ ခြေဖဝါးနှစ် ဖက်စလုံးက ခဲနဲ့မွှန်းထားသလိုမျိုး.."

"ဟာ .. ဒါတော့လွန်ပြီထင်တယ် .."

မြဲစေ မျက်နှာနီရဲသွားကာ ဒေါသထောင်းခနဲဖြစ်သွားသည်။ အောင်ဟိန်း ကိုယ်တိုင် စိုးရိမ်ထိတ်လန့်သွားသည့်မျက်နှာနှင့် ဟိုကြည့် ဒီကြည့်ဖြစ်သွားခဲ့ပြီး ...၊

"အန်ကယ်လ်သိန်း .. အဲ့ဒါတွေကတော့ .."

"ဒါလည်း အန်ကယ်လ် မြင်တဲ့အတိုင်းပြောတာပါ၊ ခြေဖဝါးနှစ် ဖက်စလုံးကို သန့်စင်ပြီး ဆေးထည့်ပေးရမယ်၊ မေးခိုင်ကာကွယ်ဆေးနဲ့ အပူကျဆေးလည်းထိုးပေးထားတယ်ဆိုတော့ တဖြည်းဖြည်းတော့ အဖျား ကျသွားလိမ့်မယ် .."

အန်ကယ်လ်သိန်း ဆိုသော သရာဝန်ကြီးရဲ့ မျက်နှာပုံပန်းသဏ္ဍာန် အရ မြဲစေ အပေါ်မှာ သင်္ကာမကင်းရှိနေတာသိသာနေခဲ့လျက် ..၊

"နှစ်ရက်သုံးရက်လောက်တော့ ဆေးထိုးရလိမ့်မယ်၊ လူနာက အား နည်းနေတော့ ကုသရမယ့်ဆေးကိုလည်း အချိုးအဆချိန်ရသေးတယ်၊ အားမနာတမ်းပြောရရင်တော့ ဒီလိုလူနာမျိုးကို အန်ကယ်လ်တို့ မကု ချင်ဘူး .."

"ဒီမှာ ဒေါက်တာ .. ကျွန်တော်က .."

"မြဲစေ နေဦး .."

အောင်ဟိန်း က လက်ကာတားပြီး ဆရာဝန်ဘက်လှည့်၍ ..၊

"နောက်ရက်တွေမှာလည်း အန်ကယ်လ်သိန်း ပဲ ကုပေးပါ၊ ဘာ ဖြစ်လို့လဲဆိုတော့ လူနာစကားပြောနိုင်တဲ့အခါ အန်ကယ်လ်သိန်း မေး



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရင် အားလုံးရှင်းသွားမှာမို့လို့ပါ၊ ဒီမိန်းကလေးနဲ့ပတ်သက်ခဲ့တာတွေကို ကျွန်တော်တို့မသိပေမယ့် ကျွန်တော်တောင် သူငယ်ချင်းဘက်က ကျွန်တော် အာမခံနိုင်တယ် ..."

"ဟုတ်ပါပြီ .. စခန်းမှူးကိုလေးစားပါတယ်၊ ဒါကြောင့် လူနာအတွက်ဆေးကုပေးဖို့လည်း အန်ကယ်လ်တာဝန်ယူမှာပါ၊ ဒါမျိုးက ဥပဒေနဲ့ဘယ်လိုအကျုံးဝင်နေသလဲဆိုတာ စခန်းမှူးရှေ့မှာ ပြောရမှာလည်း အားနာပါတယ်၊ အကယ်၍ဖြစ်လာခဲ့ရင် အားလုံးအတွက် ထိနိုက်နိုင်တယ်ဆိုတာလေးပဲ ပြောပြရုံပါ ..."

သောက်ဆေးတွေ သေချာပြပေးခဲ့ပြီး ဆရာဝန်က အရင်ထွက်သွားသည်။ အောင်ဟိန်း ကတော့ သူ့ကိုခေါင်းခါပြပြီး အားပေးသလိုပြုံးပြသွားသည်။

အောင်ဟိန်း လိုက်လာလို့ပါလား .. မဟုတ်ရင် ဒီဆရာဝန်ဆေးတောင် မပေးဘဲနဲ့များ ပြန်လှည့်သွားမလားမသိ ...။

ကြားလိုက်ကာစက ဒေါသထွက်သွားပေမယ့် အခြေအနေတကယ်ပဲဆိုးနေသလားဆိုတာကို တွေးမိလိုက်တော့ ခြေလှမ်းတွေက စိုးရိမ်စိတ်နှင့် သွက်လက်နေကာ ...၊

"ဟင် .."

သူမရဲ့ ခြေဖဝါးလေးတွေ ရဲညိုနေ၏။ ပြီးတော့ ဓားရှထားသလို ဒဏ်ရာတွေပွထနေကာ ခြေသည်းကြားတွေမှာလည်း အပူလောင်ဖုတစ်ချို့ရှိနေသေးသည်။

တစ်ချို့အဖုတွေက ပေါက်ပြနေကာ ခြေချောင်းထိပ်တွေမှာ အနီပြန်သလိုဖြစ်နေကြ၏။

"အား .. ကျွတ် .. ကျွတ် .."

သူ ထိကိုင်နေတာကြောင့် ရွှေထုပ်လေး ခြေထောက်ကိုရုတ်ပြီး ညည်းသည်။ သူမ မိနစ်မပါဘဲ တစ်ချိန်လုံးသွားနေခဲ့တာကို သတိရကာ မြဲစေ မျက်ဝန်းတွေမှာ ကရုဏာရိပ်တို့လွှမ်းခြုံသွားခဲ့လျက် ...၊

"ဒီလောက်ပဲ နာနယ်ရသလား .. မင်း .."





စိတ်ထဲမှာ ရေရွတ်ရင်း ဒဏ်ရာတွေကို ငုံ့ကြည့်မိပြန်သည်။ ပြီးတော့ နုရဲနေသော လက်ဖဝါးလေးတွေကို အသာလေးဆွဲယူကြည့်မိ၏။ ဒဏ်ရာနဲ့ မသက်ဆိုင်သော လက်ဖဝါးလေးတွေကတောင် ဒီလောက်နုရဲနေတာ၊ မြေပြင်ပေါ်မှာ ပြေးလွှားလျှောက်သွားနေခဲ့သည့် သူမ ခြေဖဝါးလေးတွေ ဤသို့အဖြစ်ဆိုးခဲ့တာ သနားစရာ ...။

သူ ဘာလုပ်ပေးသင့်သလဲ ...၊

ဆေးတိုက်ဖို့အတွက် သူမ နိုးလာရင် စားစရာတစ်ခုခုတော့ ကျွေးရမှာဖြစ်ကာ သူမကလည်း ရေကလွဲပြီး ဘာမှသိပ်စားဘာမဟုတ် ...။

ဒီခြေထောက်တွေကို သန့်စင်ဆေးကြောပေးဦးရော ...၊

နာကျင်နေတဲ့လူကတော့ အကိုင်ခံမှာမဟုတ်ပေမယ့် ဒါကိုချော့မော့ပြုစုပေးရအောင် သူမ ရလာတဲ့ဒုက္ခတွေက ကိုယ်နဲ့ ဘယ်လိုသက်ဆိုင်ခဲ့လို့လဲ ...၊

"ကိုကြီးကြောင့် အဲဒါ သိလား ...၊ ကိုကြီး ရက်စက်တယ်၊ အားနာတယ် .. အဟင့် .."

ရုတ်တရက် ထအော်လိုက်သဖြင့် သူ မျက်လုံးပြူးသွားသည်။ တိုက်ခန်းထဲမှာပေမယ့် ညဥ့်နက်သန်းခေါင်ကြီး ဒီစကားတွေ ဘေးလူကြားသွားရင် ခက်ပြီ ...၊

တစ်ခါမှ ဒီလောက်ထိ ကယောင်ချောက်ချားမဖြစ်ခဲ့ဘူးပါ။ ကိုယ့်အဖြစ်ကိုလည်း တရားကျမိလျက် တရားသောဆုံးဖြတ်ချက်ကိုပါ ချဖြစ်ခဲ့၏။

ကိုကြီးကြောင့်လို့ နောက်တစ်ခါမပြောရေးအတွက် သူ ...၊



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂၂)

"ကိုကြီး .."

အသိဝင်လာတာနှင့် မျက်လုံးပွေမပွင့်သေးခင် နှုတ်မှတမ်းတမိတာ 'ကိုကြီး' ..။

"ကိုကြီး .. ကိုကြီးရော .."

"ဒီမှာရှိတယ် .. ဒီဘက်ကိုလှည့် .."

တံခါးဝကို အသည်းအသန်လှမ်းကြည့်နေသည့် မျက်နှာလေးက သူ့ဘက်ကို ဆတ်ခနဲလှည့်လိုက်လျှင် မည်းနက်သောဆံနွယ်တွေက ပခုံးပေါ်မှာ ခွေဝိုက်ဖေးတင်နေခြင်းကနေ လွှန့်ခနဲဝေ့ဖြာကျ၏။

"ကိုကြီး ထွက်သွားပြီလို့ အိပ်မက်မက်နေလို့ .."

စိတ်မရှည်စွာ တွန့်ကုတ်နေသည့် မျက်ခုံးတန်းတို့ကိုကြည့်ကာ ရွှေထုပ်လေး ဖြေရှင်းရှာ၏။ အိပ်ခန်းထောင့်မှာ ခြေတစ်ဖက်ဆင်း ဒူးတစ်ဖက်ထောင်၍ ဒီတိုင်းကျောကပ်ထိုင်နေသော မြစေ မျက်နှာက အိပ်ထားပုံလည်းမရှိ ..။

ဒါပေမယ့် အိပ်ငိုက်နေတာမဟုတ်မှန်းသိသာနေကာ ..၊

"ကိုကြီးက သားကိုစောင့် .."

မေးသည့်မေးခွန်းကို အဆုံးမသတ်နိုင်ဘဲ သူမ ကိုယ့်ကိုယ်ပေါ်က အကျီကို သတိထားမိသွား၏။ ထို့ကြောင့် ငုံ့ကြည့်လိုက်မိလျှင် ..၊





"ဒါ .. ဒါ ကိုကြီး လဲပေးထားတာလားဟင် .."

"ဟုတ်တယ် .."

"ဟုတ်တယ် .."

ပြူးထွက်သွားသည့် မျက်လုံးလေးတွေကို ဒေါသမကင်းစွာကြည့်မိပြီးမှ မျက်နှာပြန်လွှဲပစ်၍ ..၊

"မင်း လက်မောင်းက ဒဏ်ရာယောင်နေတာကို ဆရာဝန်က ရေနွေးဖတ်ကပ်ပေးဖို့မှာခဲ့တယ်၊ အဲဒါ အဆင်ပြေအောင် လဲလိုက်ရတာ .."

ရှင်းပြရပေမယ့် သူလည်း လှည့်မကြည့်မိသလို ရွှေထုပ်လေး ကလည်း မျက်လုံးအပြူးသားနှင့် ဆံပင်ကိုင်လိုက် ရင်ဘတ်ဖိလိုက် ..။

ပြီးတော့ မျက်တောင်တွေတဖျတ်ဖျတ်ခတ်၍ တံတွေးမျိုချမိကာ..၊

"ကို .. ကိုကြီး မျက်လုံးမှိတ်လဲတာမို့လားဟင် .."

"မျက်လုံးမှိတ်ထားမှတော့ ဘာမြင်ရတော့မှာလဲ .."

"ဟင် .."

"ဟာ .. မဟုတ်ဘူး .. အဲဒါ .."

ဒေါသနှင့် လှည့်အော်မိပြီးမှ ဖျတ်ခနဲပြန်လွှဲရင်း နေရာမှထရပ်လိုက်မိသည်။ ပြီးမှ ပင့်သက်ရှိုက်၍ ..၊

"မင်း ဖျားနေလို့ ကိုယ့်ညီမလိုသဘောထားပြီး လဲထားပေးခဲ့တာ၊ ပြီးတော့ အနားမှာ ငါပဲရှိတော့ ဘယ်လိုလုပ်ရမလဲ .."

"ဟုတ် .. ဟုတ်ကဲ့ပါ၊ သားကလည်း .. ပဒိုဒ္ဓစွာ .."

ခြေထောက်တွေကို မျက်လုံးရောက်သွားပြန်ကာ ခြေဖဝါးနဲ့ ခြေချောင်းတွေမှာ စိုကပ်ကပ်ချုပ်ပျစ်ပျစ်တွေဖြစ်နေတာကို ခံစားမိလိုက်ပြီး—

"ကိုကြီးပဲ ဆေးလိမ်းပေးခဲ့တာလား ..၊ ညတုန်းက သား ဘာတွေဖြစ်နေတာလဲဟင် ..၊ ကန်တော့နော် .. ကိုကြီး သားက ကိုကြီးကိုမယုံလို့ မေးတာမဟုတ်ပါဘူး၊ ဟို .. ရှတ်တရက်ဆိုတော့ .. ရှက် .."

"ရပြီ ထားလိုက်တော့၊ တော်ကြာ .. ဆေးခန်းသွားရမယ်၊ မင်း အခု မျက်နှာသစ်ပြီးရင် ခေါက်ဆွဲပြုတ်သောက်လိုက်၊ ပြီးရင် ဆေးသောက်—"

"ကိုကြီး .."



www.burmeseclassic.com

www.burmeseclassic.com



သူမရှေ့ကနေ မြန်မြန်ထွက်သွားချင်ပြီမို့ ခြေလှမ်းပြင်မိသည်။ ရွှေထုပ်လေး က မော့ကြည့်ကာ ...၊

"ကိုကြီး မအိပ်ရသေးဘူးမို့လား .."

"အဲဒါ မင်းကိစ္စမဟုတ်ဘူး၊ ပြောတာကိုလုပ်လိုက် .."

"အပြင်မှာ အိပ်ရာလည်း မရှိဘဲနဲ့ .."

"မြသား .."

"ရှင် .."

"မျက်နှာကြီးပြူးပြဲမော့ကြည့်နေသားနဲ့ ခေါ်တိုင်းလိုက်ထူးနေရလား .."

"ဟုတ် .. မထူးတော့ပါဘူး .."

တွေ့လား ... မသိရင် တမင်လိုက်ပြောင်နေတာလိုလို ...။

"စကားပြောနေရင် မင်းကိုယ်မင်း မသိရင်နေ၊ တစ်ဖက်လူ ဒေါသထွက်နေသလား ..၊ အငေါ်တူးနေသလားဆိုတာသိအောင် နည်းနည်းပါးပါးကြိုးစား .."

"ကိုကြီးက ဒေါသချည်းပဲထွက်နေတာ .."

"ဘာ .."

"ကိုကြီး စိတ်တိုနေလို့ မပြောဘဲနေရရင် သား ဘာမှပြောရမှာမဟုတ်တော့ဘူး .."

"မပြောနဲ့ပေါ့ကွ .. မင်း ဒါကျတော့ ပြန်ပြောတတ်တယ်၊ မပြောသင့်တာတွေ ပက်ခနဲဒက်ခနဲပြန်မပြောဖို့ကျတော့ ဆင်ခြင်ရမှန်းမသိဘူး .."

ရွှေထုပ်လေး ဘာမှမပြောရဲတော့ဘဲ ရှုံ့မဲ့မဲ့လေးနှင့် ငြိမ်သွားရှာ၏။

"မင်း တစ်ညလုံး ကယောင်ကတမ်းတွေလျှောက်ပြောနေလို့ ခုချိန်ထိ တစ်ချက်လေးမှ မအိပ်ရသေးဘူး၊ ပြီးတော့ .. ဒီတိုင်းငုတ်တုတ်ထိုင်ငိုက်နေရတယ်ထင်လို့လား .."

"မထင်ပါဘူး .."

"မင်းကိုမေးနေတာမဟုတ်ဘူး .."





ရွှေထုပ်လေး ခေါင်းငုံ့သွားပြန်သည်။ သူမ မအိပ်ခင်တုန်းက တစ်ကိုယ်လုံး ကိုက်ခဲနာကျင်ပြီး မျက်ရည်များတောင်ကျခဲ့၏။ ကိုယ့်ကိုယ်ကိုယ် အိပ်ပျော်မယ်လို့လည်း မထင်ခဲ့ဘဲ အိပ်ပျော်သွားခဲ့သည်။

ဒါပေမယ့် ခု ပြန်နိုးလာတော့ မအိပ်ခင်က ဝေဒနာတွေ ဘာလို့မယုံနိုင်အောင် သက်သာပေါ့ပါးနေခဲ့သည်။ ဆရာဝန်လာသွားသည်ဆိုပေမယ့် သူမအတွက် ကိုကြီး တစ်ညလုံး ပြုစုလုပ်ကိုင်ပေးနေခဲ့တဲ့ ရလဒ်တွေပါ။

"ဟို .. သားပြောတာက ကိုကြီး သားအတွက် အများကြီးပင်ပန်းခဲ့တာကိုသိပါတယ်လို့ .."

"အဲဒါတွေ သိစေချင်လွန်းလို့ ပြောနေတာမဟုတ်ဘူး၊ အရိုပ်သုံးပါးနားလည်တတ်အောင်နေ၊ စကားမများနဲ့ .."

"ဟုတ်ကဲ့ .."

မြစေ ထွက်သွားတာနှင့် သူမ နေရာမှ ထရပ်ကြည့်သည်။ ညကတိုးဆောင့်နာကျင်နေတာတွေ သက်သာနေသော်လည်း လမ်းလျှောက်တော့ ဘယ်လိုမှ အဆင်မပြေ ...။

"အ .. အား .."

နံရံကိုလက်နဲ့ကိုင်ရင်း ပခုံးနဲ့ မှီရခြင်းသို့ရောက်ကာ ...၊

"အား .. ကျွတ်ကျွတ် .."

အသံမထွက်အောင် အံကြိတ်ညည်းနေရင်း ရေချိုးခန်းဘယ်မှာလဲဆိုတာ ခေါင်းထဲရောက်လာ၏။ သူမ မသိနိုင်ဘူးဆိုတာ တွေးမိလိုက်သဖြင့် အထဲပြန်ဝင်လာသည့် မြစေ ကလည်း သူမနောက်ကို ရောက်နေပြီဖြစ်ကာ ...၊

"ဒီဘက်ကိုလာ .."

သူမရဲ့ ခန္ဓာကိုယ်သွယ်သွယ်ပါးပါးလေးကို ခါးနှစ်ဖက်ကနေ ဆွဲ 'မ' လိုက်ပြီး ဒီဘက်လှည့်ပေးလိုက်သည်။ ရှေ့သုံးလေးလှမ်းကြီးသွားကာ ရေချိုးခန်းတံခါးကို တွန်းဖွင့်ပေးလိုက်ပြီး ...၊

"အထဲမှာ ရေအိမ်တစ်ခါတည်းဝင်လို့ရတယ် ခြေထောက်ကို ရေ



www.burmeseclassic.com

www.burmeseclassic.com



မခိုစေနဲ့ ..”

“ဟုတ် ..”

သူ အိမ်စီးဖိနပ်လေး ပယ်ပေးထားလို့တော်သေးသည်။ မဟုတ်ရင် မလွယ် ..၊ ဒီနေရာမှာ ရမ်းသမ်းဝယ်လိုက်မိတာက အဆင်ပြေသွား၏။

ပြန်ထွက်လာတော့ သူ့လက် ကမ်းပေးလိုက်သည်။ ရွှေထုပ်လေး က လက်လေးထည့်ပေးပြီးမှ ပြန်ရုတ်ကာ ..၊

“သား .. အရမ်းနာနေတာ .. အဲ့လိုရမှာမဟုတ်ဘူး ..”

ပြောပြီးတာနှင့် သူ့လက်မောင်းကို ဖက်ထားလိုက်ပုံက ချောတိုင် တက်တော့မယ့်အတိုင်း ..။

“အဲ့လို ခိုသားမှရမှာ ..”

ဟု ပြောကာ ပြောတဲ့အတိုင်း လူကို ယီးလေးခိုလိုက်လာခဲ့သည်။ စိတ်က သိပ်ရှည်တာမဟုတ် ..။

“ကျွတ် .. လက်ဖယ်စမ်း ..”

“အမ့် ..”

လက်ကိုဖယ်ချပစ်ပြီး သိမ်းပွေ့လိုက်သဖြင့် နောက်ထပ်ဒုက္ခရောက် သွားတာက သူ့လည်ပင်း ..။

ညှိခန်းကိုရောက်တော့ ရှိထားသည့်ကုထားထိုင်အပေါင်းတွေ ပေါ်မှာပဲ သူမကို လိုင်လျက်လေးချထားပေးကာ ..

“ကဲ .. လွှတ်လေကွာ ..”

“ကိုကြီး ..”

“ဘာလဲ ..”

ခုံတစ်လုံးမှာ သူ ထိုင်ချလိုက်ပြီး မျက်နှာပွတ်မတော့ ရွှေထုပ်လေး က လှမ်းကြည့်နေကာ ..၊

“ကိုကြီး အိပ်လိုက်ဦးလေ .. ပြီးမှ ..”

“အိပ်လို့မဖြစ်ဘူး ချိန်းထားတာ ..”

ပြောနေတုန်း ဖုန်းလာသဖြင့် ထုတ်ကိုင်လိုက်ကာ ..၊

“ဟလို ..”





“.... .... .... ....”

“အေး .. မသွားရသေးဘူး၊ ခုပဲ သွားမလို့၊ ဆရာဝန်က ကိုးနာရီ ခွဲမှမို့လား ..”

“.... .... .... ....”

“သက်သာပါတယ် ..”

“.... .... .... ....”

“ငါလား .. ဘာမှမဖြစ်ဘူး၊ မင်းဆီမလာရဖို့ဟွေးရင်း ခေါင်းစား နေတာ ..”

“.... .... .... ....”

“ဟော့ကောင် .. ရယ်မနေနဲ့၊ မင်း ထွက်လာလို့ရတယ်မို့လား .. မင်းပဲထွက်ခဲ့ကွာ ..”

“.... .... .... ....”

“အိုခေ .. ကျေးဇူးပဲ ..”

ဖုန်းချပြီးတာနှင့် သူမကို လှမ်းကြည့်ကာ ..၊

“အခု ငါပြောထားတဲ့ကိစ္စတွေ ပြီးအောင်လုပ်လိုက်၊ ပြီးမှသွားမယ်..”

ပြီးအောင်လုပ်ဆိုပေမယ့် နပ်ထားပြီးသည့် ခေါက်ဆွဲပြုတ်ဘူးကို သူကိုယ်တိုင် မျက်နှာရှေ့ရောက် သွားချပေးလိုက်ရသည်။

ပြီးရင် ဆေးတိုက်ဖို့ တာဝန်ရှိနေသေး၏။

ဒီဝဋ်ကြွေး မကုန်ဆုံးသရွေ့တော့ ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၃)

သူ ကြုံတွေ့ခဲ့ရသမျှကိုပြောပြလိုက်တော့ အောင်ဟိန်း က ရယ်ချင်နေသည့်မျက်နှာနှင့် တည်ဖို့ကြိုးစားနေသေးကာ ..၊

"အင်း .. ဘယ်လိုပြောရမလဲ .."

"ဘယ်လိုမှမပြောနဲ့ .. မင်း ငါ့အတွက် လုံ့လစိုက်ပေးဖို့ပဲလိုတာ.."

"မင်း စောစောတည်းက ခုလို လိတ်ပတ်လည်အောင် ရှင်းပြပါလားကွ ..၊ ငါမှ သေချာမသိရတဲ့ကိစ္စကို ငါ ဘယ်လိုလုံ့လစိုက်ရမှာလဲ .."

"ဟုတ်ပြီကွာ .. အခု စိုက်ဖို့ပဲပြောနေတာ .."

ဒါကျမှ အောင်ဟိန်း ကရယ်ကာ မြခေ ပခုံးကို ပုတ်လိုက်ပြီး...

"မင်းက ဘာတွေစိတ်ညစ်နေတာလဲ မြခေ ..၊ မင်းပုံစံနဲ့ ဘာသာယာမှုမှလည်း မင်း စိတ်မဝင်စားဘူး၊ 'အချိုရှာသကာတွေ' ဆိုပေမယ့် မရှာဘဲနဲ့တွေ့မှာမဟုတ်ဘူးလေ ..၊ ရှာမှာမဟုတ်တဲ့ မင်းအတွက် သူ့အလိုလိုရောက်လာတဲ့ ရွှေထုပ်လေးပါကွ .."

"ဟုတ်တယ် .. သူ့ကို သူ့အိမ်က ရွှေထုပ်လေး လို့ခေါ်ကြတာ .."

"မင်းအတွက်လည်း ရွှေထုပ်လေးပါပဲ .."

"အောင်ဟိန်း ကိုယ့်ကိုယ်ကိုယ် စခန်းမှူးဆိုတာ သတိထား .."

"ဘာလဲ .. စခန်းမှူးက သူငယ်ချင်းမိတ်ဆွေနဲ့ တွေ့လည်း မရယ်





ရတော့ဘူးလား .."

သူ စီးကရက် ထုတ်သောက်တော့ အောင်ဟိန်း က မီးခြစ်နဲ့ ကပ်ညှိပေးကာ ..၊

"ဆေးလိပ်သောက်ခြင်းသည် ကျန်းမာရေးကို ထိခိုက်စေသည်တဲ့ .."

"သေချင်နေတာကြာခဲ့ပြီ .."

"အေး .. မသေချင်ကာမှ ပြေးပေါက်မှားနေလိမ့်မယ် .."

ပြောပြီး ရွှေထုပ်လေး ထိုင်နေသည့်စားပွဲဆီ အောင်ဟိန်း က လှမ်းကြည့်၏။

"ကောင်မလေးက တော်တော်လှတယ်ကွ ..၊ အသားအရေကိုကြည်လဲ့နေအောင်လှတာ ..၊ ဆံပင်တွေကရှည်နေတော့ လူ သတိထားမိတာပေါ့၊ ခုခေတ် ဆံပင်ရှည်တွေရှိပေမယ့် တမင်လှအောင်ပြုပြင်ထားကြတာလေ ..၊ ပြီးတော့ အနက်ရောင်သန့်သန့်ဆိုတာလည်း မရှိသလောက်ပဲ .."

"မင်းကို သူ့ရဲ့ ကောင်းခြင်းအဖြာဖြာတွေ ကြည့်ရှုသုံးသပ်နိုင်းနေတာမဟုတ်ဘူး .."

"ဒါပဲရှိတာကို မင်းကလည်း၊ ငါက ကောင်မလေးကို သေချာမေးရမယ်ထင်နေတာ .."

စခန်းမှူးလို့ မိတ်ဆက်ပေးလိုက်တာနှင့် 'ရဲပေါ့နော်' လို့မေးသည်။ ပြီးတော့ ခေါင်းတွင်တွင်ခါ၍ 'အိမ်ကိုမပြန်ဘူး' ဆိုတာပဲပြောနေတော့သည်။

မြခေ လက်မောင်းကိုပဲ ဖက်တွယ်ပုန်းကွယ်နေသဖြင့် တခြားစားပွဲမှာ သွားထိုင်နေနိုင်းလိုက်ရတဲ့အဖြစ်ကိုရောက်သွားခဲ့သည်။

"သူ့အိမ် ဘယ်နေရာ ဘယ်မြို့နယ်မှာ ရှိတယ်ဆိုတာတောင် မသိဘူးကွာ ..၊ မင်း သူ့ကို မေးခွင့်ရလည်း ဘာမှသိရမှာမဟုတ်ဘူး၊ ပြီးတော့ အိမ်ပြန်ပို့မယ့်အရိပ်အမြင်ရင် သူ ဘာမှပြောတော့မှာမဟုတ်ဘူး သေချာတယ် .."



www.burmeseclassic.com

www.burmeseclassic.com



"သူ အပြစ်ကြီးငယ်တစ်ခုခုများ လုပ်ခဲ့သလားမှ မသိတာ .."

"ငါလည်းမသိဘူးလေ .. ဒါပေမယ့် သူ့ကြည့်ရတာ လိမ်ညာဟန်ဆောင်တတ်ရင်တောင် သဘာဝကျကျဖုံးဖိထားနိုင်မယ့်ပုံတော့ မရှိဘူးကွ ..၊ သူပြောနေတာက သူ့ကွာ့းလေးဆိုတာကိုကြောက်ကယ်ချည်းပဲ၊ အဲဒီအဘွားက တော်တော်စည်းကြပ်ထားတဲ့ပုံပဲ ..၊ ခက်နေတာက သူ ဘာဖြစ်လာလာ ငါ့မှာလည်း ငါ့ဒုက္ခနဲ့ငါ .."

"သူကလည်း မင်းကိုမှ ယုံကြည်နေတာကို ..၊ မင်းတို့အဖြစ်ကို ငါ ဘယ်လိုရှင်းပေးရမလဲ၊ သူ့အကြောင်းစုံစမ်းလို့သိရရင်တောင် ပြန်ပို့မယ်မှန်းသိသွားရင် မင်းလက်ထဲကထပ်ပြီး ထွက်မပြေးဘူးလို့ မပြောနိုင်ဘူး .."

"အဲဒီတော့ .. မင်း ဘာမှမတတ်နိုင်ဘူး .. ဒီလိုလား .."

"ဒါက .. ဒီလိုရှိတယ် .."

"မနေ့ညကပဲ သူ့ကြောင့် ငါ ညတွင်းချင်း အချုပ်ထဲရောက်တော့မလို့ .."

"ဒါပေမယ့် မင်း မရောက်ခဲ့ဘူးမို့လား .."

"အောင်ဟိန်း .. မင်း ငါ့ကိစ္စကို ပေါ့ပေါ့လေးတွက်နေတာလား.."

"မတွက်ပါဘူး မြဲဇေ ရာ ..၊ ငါ ပြောချင်တာက ကောင်မလေးက ဂျစ်ပစီလေးလည်းမဟုတ်ဘူး၊ အခြေမဲ့အနေမဲ့မဟုတ်ဘူးဆိုတည်းက သူ ထွက်လာကဲ့ မှတ်တိုင်ကိုသိနိုင်တာပဲ .."

"ငါ သူ့အကြောင်းသိချင်တာမဟုတ်ဘူး .. အောင်ဟိန်း .."

"သိထားမှ မင်း ဆုံးဖြတ်ချက် ဖြတ်သားမှာပေါ့ကွ ..၊ အခု မင်း မပြတ်သားနိုင်တာလည်း သိကားလို့ပဲ၊ ဒီကောင်မလေး မိကောင်းဖခင် သားသမီးလေးသိလို့ မင်း ဥပေက္ခာထားလိုက်ရင် ဒုက္ခတွေ့သွားမှာစိုးနေတာမို့လား ..၊ ပြီးတော့ အခု မင်းနဲ့ သူ့အကြောင်း ငါသိသွားပြီ ညကလိုကိစ္စမျိုးလည်း ထပ်ရှိလာမှာမဟုတ်ပါဘူး .."

"မင်းပြောတော့ .. ငါ သူ့ကို လက်မထပ်ဘဲ ဒီလိုမလုပ်သင့်ဘူး ဆို .."





"မင်း လက်မထပ်ရရေးအတွက်နဲ့တော့ ခုချက်ချင်း ..ခမ်းလယ် ခေါင်မှာ သွားချထားလိုက်လို့ မဖြစ်ဘူးမို့လား ..၊ အဲဒီတော့ ပြန်ပို့ဖို့ကြိုးစားရင်း ဒီကိုင်းခထားပဲနေလိုက်ကွာ ..၊ ငါလည်း ..ပေးမယ်၊ မင်းပြောသလိုဆိုရင် ကောင်မလေးက တော်ဝင်မျိုးနွယ်တွေဘာတွေ လားတောင်မသိဘူး .."

"ဂျွတ် .."

"ဟား .. ဟား .. ဟား .."

"ဟေ့ကောင် .. ဘာရယ်တာလဲ၊ ဟိုကောင်မလေးက အလကား နေရင်း ယုံထင်ကြောင်ထင်ဖြစ်ပြီး လန့်နေရတဲ့အထဲ .."

"လန့်နေလည်း သူ မင်းနားကနေ ဘယ်မှထွက်မပြေးပါဘူးကွာ..၊ ပူမနေစမ်းပါနဲ့ .."

ရွှေထုပ်လေး တကယ်ပဲ မျက်လုံးအပြူးသားနှင့် လှမ်းကြည့်နေတာ မြင်နေရသဖြင့် အောင်ဟိန်း ပိုပြီးရယ်ချင်နေမိသည်။ မြဲဇေ ကတော့ အဆေးအနက်စဉ်းစားနေသည့်မျက်နှာနှင့် နည်းနည်းလေးမှ အပြုံးအရယ် မရှိခဲ့ဘဲ ..၊

"အောင်ဟိန်း .."

"ပြောလေ .. ဘာလဲ .."

"မင်းကို ငါ မပြောဘဲထားတာတွေရှိသေးတယ် ..

"အခုပြောတော့မလား .."

သူ ခေါင်းခါလိုက်ကာ ..၊

"မလိုတော့ပါဘူး .. ဒါပေမယ့် ငါ့အမေနဲ့ ညီမလေး မရိုးသားစွာ သေဆုံးခဲ့ရတာကို မင်းကို ငါ ပြောဖူးတယ် .."

အောင်ဟိန်း မျက်နှာ ချက်ချင်းတည်သွားခဲ့၏။ ပြီးတော့ ခေါင်းညိတ်၍ ..၊

"ဟုတ်တယ် .. ပြောဖူးတယ်လေ .. အခု ဘာဖြစ်နေလို့လဲ .."

"အဲဒီတုန်းက ငါ ကျင်လည်ခဲ့တဲ့ပတ်ဝန်းကျင်က အခု ငါ့နေးကို ရောက်လာကြပြီ .."



www.burmeseclassic.com

www.burmeseclassic.com



အောင်ဟိန်း မျက်မှောင်ကုတ်သွားသည်။

"မင်းကိုငါ အနည်းအကျဉ်းတော့ ပြောခဲ့ဖူးတယ်ထင်ပါတယ်၊ ငါနဲ့ပတ်သက်ထိစပ်နေသမျှ၊ ငါကနှောင်တွယ်နေတယ်လို့ သူတို့ယူဆသမျှ ဘယ်သူ့မှာဖြစ်ဖြစ် အန္တရာယ်ရှိတယ် .."

"ဒါကတော့ မင်းကလည်း .."

"ဥပဒေပဝါနဲ့ အားလုံးကိုခြုံလို့မလုံဘူး ..၊ တစ်ကမ္ဘာလုံးကိုစိုးမိုးဖြန့်ကျက်ထားနိုင်တဲ့ နေ့ရောင်ခြည်တောင်မှ ကမ္ဘာမှာ အရိပ်မရှိအောင် မထိုးဖောက်နိုင်ဘူး .."

"ဒါက ဒါ တစ်ပိုင်းပဲကွ ..၊ မင်း အဲဒီလို အတ္တအစွဲကော ..ထားသင့်ဘူး မြဲစေ .. မင်းရဲ့အမေနဲ့ ညီမ ပက်ပက်စက်စက်ဖြစ်သွားခဲ့တာ မှန်တယ်၊ ဒါပေမယ့် မင်းဆီကို လိုက်လာရင်း တကယ် အက်ဆီးဒင့်ဖြစ်သွားတာလည်း ဖြစ်နိုင်တာပဲ ..၊ ဒါကို ခုတုံးလုပ်ပြီး မင်းကို ခြိမ်းခြောက်ခဲ့တာ မဖြစ်နိုင်ဘူးလား .."

"မဖြစ်နိုင်ဘူး .."

"သူခိုးက ခိုးပါတယ် မပြောဘူး မြဲဇေ .. မင်းကို ခြိမ်းခြောက်ချင်ရင် သူတို့ကို မလုပ်ကြခင်တည်းက မင်းကို မက်ဆေ့ချ်တစ်ခုခုပို့ခဲ့မှာပဲ ..၊ ခုတော့ .. ဖြစ်သွားပြီးမှ ဟားတိုက်ရယ်ပြတာ .."

"မဟုတ်ဘူး သူတို့ ငါ့ကို အမြဲတမ်းခြိမ်းခြောက်နေတာ .."

အောင်ဟိန်း အံ့သြသည့်မျက်ဝန်းတို့နှင့် ကြည့်နေခဲ့၏။

"မြွေမြွေချင်း ခြေမြင်တာမျိုးပဲ ..၊ အမေတို့ အဲလိုဖြစ်သွားပြီဆိုတာနဲ့ သူတို့လက်ချက်မှန်း ငါ ခံစားမိလိုက်တယ်၊ တစ်မျိုန်တည်းမှာပဲ သူတို့ဆီက မက်ဆေ့ချ်ရောက်လာခဲ့တာ ..၊ ဒါပေမယ့် တရားခံဘယ်လို ရှာရှာ ဘာသဲလွန်စမှ မရခဲ့ဘဲ ငါ ဒီတိုင်းကြည့်နေခဲ့ရတယ်၊ ဓားဆွဲ တုတ်ဆွဲပြီး သွေးကြွေးဆပ်တဲ့အလုပ်ကို မလုပ်ဖြစ်ခဲ့ပေမယ့် အပြစ်ရှိတဲ့အတိုင်းတော့ အပြစ်ကျခံစေချင်တယ် .."

"ဟင်း .."

အောင်ဟိန်း သက်ပြင်းချ၍ ရေသန့်တစ်ခွက်ထည့်လိုက်သည်။





ပြီးတော့ မြဲစေ ကို တိုးပေးလိုက်ကာ ..၊

"ရော့ .. ရေသောက်လိုက်ဦး၊ မင်း မပြောနဲ့ ငါတောင် ရင်တွေပူလာပြီ .."

"ပူရင် မင်းပဲသောက်လိုက်တော့ .."

"ဟုတ်တယ် သောက်မှဖြစ်တော့မှာ .."

အောင်ဟိန်း က တကယ်ယူသောက်ပစ်ကာ နောက်တစ်ခွက် ထပ်ထည့်ပြီး ထပ်တိုးပေး၍ ...

"မင်းက ကော်ဖီတစ်ခွက်နဲ့ ပြီးပြီလား .. ဒီလောက် စကားပြောနေတာ ဗိုက်ချောင်နေရောပေါ့ .. တစ်ခုခုထပ်မှာလေကွာ .."

"မင်းချောင်ရင် မင်းပဲထပ်ဖြည့်စမ်းပါ အောင်ဟိန်း ရာ ..၊ စခန်းမှူးဖြစ်နေပြီးတော့ ဘာအကြံဉာဏ်ကောင်းမှလည်းမရဘူး .."

"ဟ .. ငါက မင်းနဲ့ တစ်ခါတလေ ဆုံတုန်း ဟိုတုန်းက ရယ်စရာမောစရာလွမ်းစရာလေးတွေပဲ ပြောကြမလို့လာတာ .."

"ငါက လွမ်းပြီးသားကြီးဖြစ်နေတာ မင်းထက် ဝါရင့်တယ်၊ ငါ့မျက်နှာမြင်မှ လွမ်းစရာတွေ ပြန်သတိရတယ်ဆိုရင် မင်းပဲလွမ်း .."

အောင်ဟိန်း က အသံမထွက်အောင်ကျိတ်ရယ်သည်။ ပြီးမှ မြဲစေရဲ့ စိတ်မရှည်တတ်မှုကိုသိကာ ရယ်ရှိန်ယတ်၍ ..၊

"ကဲပါကွာ .. မင်း ဒီလောက်ထိ သူ့ကို ပြန်ပို့ချင်နေရင် မနက်ဖြန် နောက်အကျဆုံးထားပြီး သူ့အကြောင်း စုံစမ်းပါ့မယ်၊ ဒါပေမယ့် သိရတာမသိရတာကို အကြောင်းပြန်မှာ ပြောတာနော် ..၊ သူ့ဇာတိကို သိရပါ့မယ်လို့တော့ ငါ အာမမခံဘူး၊ ဒါက အချိန်တော့လိုတယ် .."

အချိန်ဘယ်လောက်လောက် လိုပါသလဲ ..၊

မြသား ကို သူ့ဆီးမှာ ဆက်ထားဖို့မဖြစ်နိုင်တော့တာ သူသာ အသိဆုံး ..။ အောင်ဟိန်း ခုလို ရယ်မောမပျက်ပြောနေနိုင်တာကလည်း သူ့အဖြစ်သနစ်တွေကို ဂဃဏန မသိခဲ့လို့ပါ။

လူချမ်းသာတွေမှ ဘယ်လောက်ထိ လောဘဇောတိုက်တယ်ဆိုတာ သူသိသလိုသိခဲ့ရင် ဒီလောက်ထိရယ်နိုင်ဖွယ်မမြင်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို .. ငါပြန်မယ်၊ မင်းအကြောင်းထူးရင် ဖုန်းဆက်ကွာ .."

"ဟ .. နေပါဦး၊ ငါ့မှာလည်း အလုပ်ရှိတာပါပဲ .."

"ငါက ခုထိ တစ်ရေးမှ မအိပ်ရသေးဘူးကွ .."

"ဟာ .. ဟုတ်သားပဲ ဆောရီး .. ဒါပေမယ့် နေဦး မြဲစေ .."

သူ ထရပ်လိုက်ပြီးမှ ပြန်လှည့်ကြည့်တော့ အောင်ဟိန်း က ပါလိုက်ထရပ်ပြီး ..၊

"မင်း လောင်းကစားတွေလျှော့ဖို့သင့်တယ်လို့ မထင်ဘူးလား .."

"မထင်ဘူး .."

"မြဲစေ .. မင်း ငါ့ရှေ့ရောက်လာရင်တော့ ငါ ညာတာလို့ရမှာမဟုတ်ဘူးနော် .."

"ညာစရာမလိုပါဘူး .. မင်းရှေ့ကိုလည်း ဘယ်တော့မှ ရောက်လာဖို့မရှိဘူး .."

"မင်းမှာ ရန်သူတွေပိုများလာတာသိရက်နဲ့ ဒါကျတော့ မဆင်ခြင်ဘူး .."

"ဆင်ခြင်ရင် ငါ ထမင်းငတ်သွားမှာပေါ့ .."

"လုပ်ပြီ မြဲစေ ရာ .. မင်းမှ အပြောကောင်း .."

အပြောကောင်းတယ်ဆိုတော့လည်း နားဆင်သူ နားဝင်ချိုတာပေါ့ ပြောလိုက်ချင်သေးသည်။ သူ အဲ့ဒီလိုဘဝထဲကို ကိုယ့်ကိုယ်ကိုယ် တမင်ပစ်ချထားခဲ့တာပဲ .. ဘာလို့ ဆင်ခြင်ရဦးမှာလဲ ..။

ပြန်လာခဲ့တဲ့ တောက်လျှောက်မှာ သူ မျက်နှာတင်းတင်းနဲ့ တစ်ဖက်လှဲနေသဖြင့် ရွှေထုပ်လေး လှည့်တကြည့်ကြည့်နဲ့ ဘာစကားမှလည်း မစရဲခဲ့ပေ ..။

ထိုစဉ် ဖုန်းဝင်လာတော့ နားထောင်လိုက်ကာ ..၊

"မလာဘူး .."

"..... ..... ..... ....."

"မလာချင်လို့ .."

"..... ..... ..... ....."





"အဲ့ဒါလည်း ပြောလို့မရဘူး .."

ကားစီးရင်း လူက အိပ်ငိုက်လာသဖြင့် အိမ်ရောက်တာနဲ့ အိပ်ရေးဝဝအိပ်လိုက်ဖို့သာ အာရုံထားမိသည်။ ဒါပေမယ့် တိုင်တောင်မကိုင်ရသေးခင် ဒီဖုန်းပဲ ထပ်ဝင်လာကာ ..၊

"ပြော .."

"..... ..... ..... ....."

"မလာဘူးဆိုတာကို ဘာအာမခံချက်ပေးနေရမှာလဲ ..၊ နေပါဦး မင်းတို့သူ့ဒွေးကို အခုလှည့်မေးလိုက်စမ်းပါ၊ ငါ မလာမှာစိုးရိမ်နေတာလား .. လာမှာကို သွေးကြောက်နေတာလားလို့ .."

"..... ..... ..... ....."

ခပ်ရွှဲရွှဲမေးလိုက်ပေမယ့် ပြန်ကြားလိုက်ရသည့်စကားကြောင့် သူ့နှုတ်ခမ်းမှာ ပြုံးရိပ်ထင်သွားသည်။

"အဲဒါ အစတည်းက ရှင်းရှင်းပြောလို့ရတယ် .. ဘာလို့လျှောက်ဆော့နေတာလဲ .."

"..... ..... ..... ....."

"ဒါဆို အခု ပြန်ပြောလိုက်၊ သေချာချင်ရင် ဆယ်ပုံးလိုချင်တယ်၊ အဲဒါပို့ပေးလိုက်လို့ .."

"..... ..... ..... ....."

"နှစ်နာရီမထိုးခင် နာရီစင်နားမှာလာပို့လိုက် ..၊ အဲဒီမှာ ကွမ်းယာရောင်းနေတဲ့ ချာတိတ်ရှိတယ်၊ ဆံပင်တစ်ခြမ်းကအနီ နားသန်သီးလေးနဲ့ .."

သူ ဖုန်းချပြီး ဒီဘက်လှည့်လိုက်တော့ ရွှေထုပ်လေး က ကုလားထိုင်မှာ သူ ချထားပေးသည့်အတိုင်း ငုတ်တုတ်လေးကနေ နေရာမရွှေ့သေးပေ ..။

"ကိုကြီး သွားအိပ်လေ .. သား စောင့်ပေးမယ် .."

"ဘာ .."

"သားက စားသောက်ပြီးပြီ၊ ဆေးလည်းထိုးပြီးပြီ သောက်လည်း



www.burmeseclassic.com

www.burmeseclassic.com



သောက်ပြီးပြီ .. အဲဒါကြောင့် ..”

“ရွှေစင်မြသား ..”

“ရှင် ..”

“မင်းကို ငါ မေးစရာတွေရှိတယ်၊ ဒါပေမယ့် အခု အရမ်းအိပ်ချင်နေလို့ မင်းလည်းသွားအိပ် ..”

“သားမှ မအိပ်ချင်တာ ..”

သူ ဆက်မပြောတော့ဘဲ တစ်နေရာကို ဖုန်းဆက်ပြီးမှာနေကာ ပြီးမှ ပြန်လှည့်၍ ..၊

“ပြောနေတာကြားလား ..”

“ဟင့်အင်း ..”

“ဘာ ဟင့်အင်းတာလဲ ..”

“မအိပ်ချင်လို့ ..”

သူမလည်း နေမကောင်းသေးလို့ အိပ်ခိုင်းနေမိတာဖြစ်သည်။ ဒါပေမယ့် ညတုန်းကနဲ့ ဘာမှမဆိုင်တော့အောင် ကြည်ကြည်လင်လင်ဖြစ်နေသည့် သူမကို တစ်ချက်ကြည့်၍ သူ ဘာမှမပြောတော့ဘဲနေလိုက်သည်။

ဘာကယ်ဆို ညတုန်းကအသည်းအသန်ဖြစ်နေလို့ လိုအပ်သမျှလုပ်ကိုင်ပေးထားခဲ့ပြီးပြီ။ အခု နေကောင်းကောင်း မကောင်းကောင်း သူမ ဘာသာ အိပ်အိပ်မအိပ်အိပ် အနေသာကြီး ..။

“ကိုကြီး နေပါဦး ..”

သူ လှည့်ထွက်လာခဲ့တော့ ရွှေထုပ်လေး က နေရာမှထရပ်လိုက်ပြီး ကုန်းကုန်းကွကွ ဟိုကိုင်ဒီတွဲနှင့် သူ့နားလျှောက်လာကာ ...

“ကိုကြီး .. သားကို အိမ်ပြန်ပို့မလို့ ဟိုရဲကြီးနဲ့ ပြောနေတာလား ဟင် ..”

“ဟုတ်တယ် ..”

“ဟုတ်တယ် ..”

သူမ စိတ်ဆင်းရဲသွားသည့် မျက်နှာလေးနှင့် တိတ်ကျသွားသဖြင့်





ပြန်ငဲ့ကြည့်မိကာ ..၊

“မင်း နေကောင်းမှပါ ..”

မပြန်ချင်တာနှင့် နေမကောင်းအောင်များတစ်ခုခု ထပ်လုပ်နေမလားလို့ တွေးလိုက်မိသေးသည်။ ဒါမှမဟုတ် အောင်ဟိန်း ပြောသလို ထွက်ပြေးသွားနိုင်သလား ..။

တွေးနေမိပေမယ့် တစ်ညလုံးမအိပ်ရသဖြင့် ကျောခင်းလိုက်တာနှင့် ချက်ချင်းအိပ်ပျော်သွားခဲ့၏။ ရွှေထုပ်လေး မျက်ရည်တွေဝေ့တက်လာခဲ့လျက် တရွေ့ရွေ့တိုးလာခဲ့ရင်း မြဲစေ အိပ်ပျော်နေသည့်ခြေရင်းကို ရောက်လာခဲ့၏။

ပြီးတော့ ဆက်လျှောက်ခဲ့လျှင် သူမ အိပ်ခဲ့သော အတွင်းခန်းဆီ ရောက်လာခဲ့၏။ နာကျင်နေသည့် ခြေထောက်တွေကို ငုံ့ကြည့်နေမိရင်း စံအိမ်တော်ကြီးကိုလည်း သတိရလာမိသည်။

“မြို့ထဲမြို့ဆိုက လူတွေအကြောင်း မသိချင်ဖမ်းပါနဲ့ မြေးရယ်၊ လူတွေအများကြီးရှိသလို စိတ်တွေအမျိုးမျိုးပဲ ..၊ ပေါင်းသင်းဆက်ဆံရေးဆိုတာရော ဘယ်လောက်ထိနက်ရှိုင်းသလဲ မြေးသိရဲ့လား ..၊ လူတဲ့ ခတ်နိုင်တယ်ဆိုတာ ဖြစ်နိုင်ချေထဲက ‘နှစ်’ ရာခိုင်နှုန်းလောက်ပဲရှိတာ လူ့စိတ်ဆိုတာ ခန့်မှန်းရအခက်ဆုံးပဲ ..” တဲ့ ..။

အပြင်ကိုလိုက်ချင်ပါသည်ပြောလည်းမရ ..၊ ပေါင်းသင်းဆက်ဆံရေးဆိုတာ လက်တွေ့သိချင်ပါတယ်ပြောတော့ ပိုဆိုးသည်။ သူမအတွက် သိလာလေ ပိုသိချင်လေဖြစ်မှာပဲလို့ ဘွားလေး က တရားသေစွဲမှတ်ထားခဲ့၏။

ထို့ကြောင့် သူမ ဘာဆိုဘာမှမသိခဲ့ပေ။ မွေးတည်းက အိမ်ထဲနဲ့ ခြံထဲအပြင် မြို့ထဲဆိုတာကို နှစ်ခါသုံးခါရောက်ဖူးပေမယ့် ကားထဲကနေ ငုတ်တုတ်ထိုင်ရင်း လှမ်းကြည့်၊ ပြီးတော့ လှည့်ပြန် ..။

“မှန်မချနဲ့ .. မှန်မချနဲ့ .. ဒီနေရာမှာ ကားတွေရှုပ်တယ်၊ ဓာတ်ဆီနံ့တွေနဲ့ ရောဂါရအောင်ကွယ် ..”

ဤသို့သော အကြောင်းတစ်ချို့အပြင် ..၊



www.burmeseclassic.com

www.burmeseclassic.com



"ဒီနားမှာ ကားရပ်ရသလားကွယ် ..၊ ဈေးတန်းရှိနေတော့ လူပေါင်းစုံတယ်၊ ကြော်နံ့လှော်နံ့တွေ ညှော်ပါဘိ .."

ဘွားလေးရဲ့ စိုးရိမ်မှုတွေကြားမှာ သူမ အပြင်လေကို ရှူရှိုက်ခွင့်လေးတောင်မရခဲ့ပေ။ ဒါပေမယ့် အရာရာကိုသိချင် မြင်ချင်စိတ်တွေ အရမ်းများပြီး ဒါကြောင့် ထိုးဖောက်ထွက်လာခဲ့တာမဟုတ်မှန်းတော့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်နေမိသည်။

ရုတ်တရက် အပြစ်တစ်စုံတစ်ရာ မကျူးရပါဘဲ အခန်းထဲထည့်ပိတ်ခံရခြင်းနှင့် ပတ်သက်၍ နောက်ထပ်ပေည်း ဒီ့ထက်ပို၍သာ တင်းကျပ်သဖွယ်ရှိနေသော စည်းမျဉ်းစည်းကမ်းများကို ရိပ်မိလာခဲ့ရသည့်နောက်..၊

ကြင်ရာတော်ရွေးချယ်လက်ဆက်ပေးဖို့ထိ ဘွားလေး စီစဉ်တော့မှာတွေကို သိလိုက်ရသဖြင့် ဒီအခြေအနေတွေကို သူမ ဖန်တီးခဲ့မိတာပင် ..။

အိပ်ခင်းပေါ် လက်လေးအုံရင်ထောက်ပြီး တအိအိထိုင်ချလိုက်မိကာ မျက်ရည်စက်တို့ တလိမ့်လိမ့်ဆင်းကျလာကြ၏။

"ဒီမိန်းကလေး မကြာခင် ခရီးကြမ်းတစ်ခုကိုသွားလိမ့်မယ် .."

ဆရာကြီးဟောသွားတဲ့ စကားတစ်ချို့ကို သူမ ပြန်သတိရမိသည်။ ပြီးတော့ ထပ်ပြောသေးသည်။ သူမရဲ့ ဖူးစာရှင်က 'ဥစ္စာချို့တဲ့ သူဆင်းရဲမျိုး' တဲ့ ..။

ဒါကိုကြားပြီးတာနှင့် ဘွားလေး သူမကို အခန်းထဲထည့်ပိတ်ခဲ့သည်။ ပြီးတော့ ဘွားလေးမျက်နှာကို တစ်နေ့လုံးနေလို့ တစ်ခါတောင်မြင်ခွင့်မရခဲ့တော့ပေ ..။

တင်းကျပ်ပိတ်လှောင်ခံလိုက်ရတာကို သူမ မနှစ်သက်ပေ။ ဘွားလေးတို့ပြောသမျှ ဘယ်အရာမဆို သူမဘက်က ခေါင်းညိတ်နာခံခဲ့ပေမယ့် မပြောမဆို အပြစ်ပေးခံလိုက်ရတာကို ဝမ်းနည်းမိသည်။

ခုတော့ သူမ ဘွားလေးရဲ့စေတနာတွေကို စော်ကားခဲ့မိလို့ ဒုက္ခကောင်းကောင်းကြုံနေရပြီလား ..။

စိတ်ထဲမှာ မကျေနပ်သည့် ခံစားချက်လေးတစ်ချက်က သွေးဆောင်





၍ သူမ မကျွမ်းကျင်နားမလည်သော စိမ်းသက်သည့် ကမ္ဘာခြားတစ်ခုကိုရောက်ခဲ့၏။

တကယ်တော့ သူမအတွက် ကမ္ဘာခြားတစ်ခုကိုရောက်နေရတာနှင့် ဘာမှမခြားနားခဲ့ပေ။ သူများတွေ ခွန်အားအပြည့်နဲ့ ရပ်တည်သွားလာနေကြသော ကမ္ဘာမြေက သူမ ခြေထောက်တွေကိုတော့ နာကျင်အောင် ဒဏ်ခတ်ခဲ့သည်။

အားလုံးသောလူတွေ နေ့စဉ်မက်မက်မောမော စားသုံးနေကြသော အစာအာဟာရတွေကို သူမ ဘယ်လိုမှ မျိုချလို့မရ ..။ ဝမ်းထဲမှာ အစာမရှိ၊ ခြေမှာ ဗလာကျင်းနှင့် သူမ ပြေးလွှားနေခဲ့ရတာ ဘယ်နှစ်ရက်ကယ်နှစ်ညရှိပြီလဲ ..။

ရွှေထုပ်လေး ကိုယ့်အဖြစ်တွေကိုတွေးရင်း ဒူးနှစ်ဖက်ပေါ်လက်တင်ကာ မျက်နှာလေးမှောက်ပြီး အားပါးတရငိုနေမိ၏။ သူမ ဘာလုပ်ရမလဲ၊ ကိုကြီးက အိမ်ကိုပြန်ပို့မယ်ဆိုရင် သူမကို ဘွားလေး ဘယ်လိုပြစ်ဒဏ်ပေးမှာလဲ ..၊

ဘာမှမဟုတ်ဘဲနဲ့တောင် အခန်းတံခါးပိတ်ထားခဲ့တာ၊ ခု သူမ တစ်ကိုယ်လုံးမှာ ဒဏ်ရာတွေနဲ့ ..၊

ငိုရလွန်းလို့ ရင်ထဲမှာမှုလောင်ခြောက်သွေ့လာ၏။ ဘာလုပ်ရမလဲ ဆိုသည့် မေးခွန်းအတွက် အဖြေက ဘာလုပ်ရမှန်းမသိတာတွေပဲပေးနေသည်။

မြစေ မျက်နှာကို မြင်ယောင်လိုက်မိတော့ ပိုကြောက်မိသည်။ သူမကို ချစ်ခင်ကြင်နာစွာ လိုက်ပျော်ကြည်ဖြူခဲ့ကြသည့် လူတွေအများကြီးထဲမှာ မြစေ လို တင်းမာပြတ်သားလွန်းသည့် လေသံဟန်ပန်မျိုး မြစေ နဲ့ကျမှပဲ သူမ ကြုံဖူးပါ၏။

ကိုယ့်အပေါ်မှာ ဟည်ကြည်မှန်ကန်စွာ စောင့်ရှောက်ခဲ့တာမှန်သည်။ ဒါပေမယ့် နူးညံ့လိုက်လျောခဲ့တာ ဘာမှမရှိ။ ခုလည်း သူမ အိမ်ကိုမပြန်ရဲပေ။ မပြန်ပါရစေနဲ့ပြောလည်း ရမှာမဟုတ်တာကို သိနေသဖြင့် နိုတိုးရာမဲ့သည့် ကိုယ့်အဖြစ်ကို ဘယ်ကဘယ်ပုံ ဆက်လက်မောင်းနှင်ရမှန်း



www.burmeseclassic.com

www.burmeseclassic.com



မသိတော့အောင် ပူလောင်နေခဲ့၏။

အတွေးများနှင့် ငိုနေရင်း နေမြင့်တော့ လူက ချွေးပြန်လာသည်။ ရေဆာလာသဖြင့် အပြင်ကို ပြန်ထွက်လာခဲ့လျှင် မြဲစေ အိပ်ခင်းသေးသေးလေးနှင့် ခေါင်းအုံးတစ်လုံးပဲခံကာ နဖူးပေါ်လက်တင်အိပ်နေတာကို ရပ်ကြည့်မိပြန်သည်။

စံအိမ်မှာဆို သူမ ခေါင်းအုံးပျော့ပျော့နှစ်လုံးခံမှ အိပ်တတ်သည်။ ဖက်လုံးကို ဘယ်ညာနှစ်လုံးထားရ၏။ ပြီးတော့ တစ်ခန်းလုံးက အမြဲတမ်းအေးစိမ့်စိမ့်လေးရှိနေကာ သူမ အိပ်နေပြီဆို အားလုံးခြေဖော့လျှောက်ရသည်။ ချွတ်ခနဲအသံတစ်သံမှ မထွက်အောင် လှုပ်ရှားသွားလာရ၏။

ခုကျတော့ သူမ ဖုံအလူးလူးနှင့် ကြမ်းပြင်ပေါ်မှာ ဒီတိုင်းအိပ်ရလေသည်။ ခေါင်းက မာကျောသည့်အရာဝတ္ထုတွေပေါ်မှာ ချလို့မရသည်မို့ ကိုယ့်လက်ဖဝါးနဲ့ကိုယ် ခေါင်းခုအိပ်ရသည်။

ပြေးရလွှားရသည့် သည်းထိတ်ရင်ဖိုဖြစ်ရပ်တွေကြောင့် ခေါင်းချလိုက်သည့်နေရာမှာ တုံးခနဲအိပ်ပျော်ခဲ့၏။

ဖဲမွေ့ရာရွှေကော်ဇောနဲ့ အိပ်စက်ခြင်းက ဖုန်တက်နေတဲ့ကျောတစ်နေရာစာနဲ့ ဘယ်လိုကွာခြားပါသလဲ ..။

အတွေးတစ်ခုမှာ ငြိတွယ်သွားတာနဲ့ ရွှေထုပ်လေး ငေးငိုင်သွားမိတတ်ပြီး သူမ ကြည့်နေတုန်းမှာ မြဲစေ ရဲ့ နဖူးပေါ်တင်ထားသည့် လက်မှာခြင်နားနေတာကိုမြင်လိုက်ရ၏။

ဒီသတ္တဝါလေးက နားပဲနားနေတာလား၊ ကိုက်နေတာလား ..၊

ယင်က နားပဲနားသည်။ ခြင်ကတော့ ကိုက်တတ်သည်ဆိုလျှင် နားနေတာနဲ့ ကိုက်နေတာကို ဘယ်လိုကြည့်လို့သိတာလဲ ..။

ခြေထောက်နာတာကို ဖော့နင်းရင်း အနားကို ဖြည်းဖြည်းလေးကပ်လာခဲ့မိသည်။ ပြီးတော့ ခြင် ဘာလုပ်နေသလဲဆိုတာ သေချာငုံ့ကြည့်ရင်း ကိုယ့်မျက်နှာက သူ့မျက်နှာနဲ့ နီးကပ်သွားခဲ့တာကိုလည်း အမှတ်တမဲ့ ...။

ထိုစဉ် သူမရဲ့ ဆံနွယ်တို့သည် ကျောပြင်ထက်ကနေ ပခုံးနှစ်ဖက်





ကို ကျော်လွန်၍ မြဲစေ ၏ ရင်ဘတ်ပေါ်သို့ ပြုဆင်းကျသွားခဲ့ပြီး ..၊

"ခွပ် .."

"အား .."

"ဟာ .."

အကျင့်ပါနေသည့် လက်က ဖျပ်ခနဲအထိအတွေ့တစ်ခုမှာ ရိုပ်ခနဲပါသွားခဲ့၏။ ရွှေထုပ်လေး ၏ နာကျင်စွာအော်လိုက်သံကိုကြားလိုက်သည်နှင့် မှားသွားပြီကိုသိလိုက်၏။

လူက ငုတ်တုတ်ဖြစ်သွားချိန်တွင် ရွှေထုပ်လေး က သူ့ဘေးမှာခွေခွေလေးလဲကျလျက် ..၊

"မြသား .. ဟိတ် .. ချာတိတ် .."

သူ ဆွဲထူလိုက်တော့ လက်ပေါ်မှာ နွေးနွေးပျော့ပျော့လေးပါလာ၏။ ဒါပေမယ့် နှာခမ်းထောင့်မှာ သွေးစတို့စိမ့်ထွက်ကျနေလျှင် သူ မျက်လုံးပြူးသွား၏။

"မြသား .. မြသား .."

ဘယ်လိုမှ လှုပ်နိုးမရတော့လည်း မျက်နှာကိုရေနဲ့ပက်ပစ်လိုက်မိ၏။

"အင် .."

မျက်နှာလေး ရှုံ့တွသွားပြီး သူမ စတင်လှုပ်ရှားလာ၏။

"မြသား .."

"ကိုကြီး .."

မျက်ဝန်းလေးတွေဖွင့်လာတာနှင့် သူ့ကို အလန့်တကြားကြည့်ပြီး မျက်ရည်တွေ အိခနဲဝိုင်း၏။

"ဆောရီးပါကွာ .. မင်းက အနားမှာ ဘာလာလုပ်တာလဲ .."

"သားက .."

သူမ ဖြေဖို့တော့ကြိုးစားပေမယ့် ကလေးတွေဝမ်းနည်းသလို နှုတ်ခမ်းမဲ့ကျသွား၏။ ပြီးတော့ ရှိုက်ငိုကာ သူ့လက်တွေကို ဖယ်ချပစ်လေသည်။

"မြသား .. ကိုယ် အဲလိုပဲ .. အိပ်ပျော်နေပြီဆို ယောင်တတ်တယ်၊ မင်းကို တမင်လုပ်လိုက်တာမဟုတ်ဘူး .."

www.burmeseclassic.com



သူမ ဘာမှမပြောဘဲ ငိုနေရင်း ရှုန်းထွက်သွား၏။ ပြီးတော့ နှုတ်ခမ်းထောင့်လေးကို လက်ခုံနဲ့ကပ်လိုက်သဖြင့် သွေးစတွေကို မြင်သွားတော့ ပိုဆိုးသွားသည်။

သို့သော် သူ့လက်ထဲက ရုန်းကာ စိတ်လိုက်မာန်ပါထရပ်လိုက်သော်လည်း ယိုင်ခနဲပြန်လဲကျကာ ...၊

"ကျွတ် ... မင်းကို ငါက ဘာဖြစ်လို့ တမင်ရိုက်ရမှာလဲ ...၊ ပြောရင် နားလည်ဖို့မကြိုးစားဘူး ..."

အရိုက်ခံလိုက်ရတဲ့လူကို မျှော်တာတောင် ဒေါသမကင်း ...။

"ငါ့နားကို ဘာလာလုပ်တာလဲ ..."

"ကိုကြီးလက်မှာ ခြင်ကိုက် ... နားနေလို့ ..."

"ဘာ ..."

"ခြင် ... ခြင် ဘာလုပ်နေမှန်းမသိလို့ ... သားက ..."

"မင်းကလေ ..."

ကြားလိုက်ရရင် အထူးတဆန်းတွေနဲ့ သူမ ...၊

မျက်နှာလေးကို စူးစိုက်ကြည့်မိရင်း ကရုဏာစိတ်တွေဖြစ်လာမိလျက် ...၊ ပါးပြင်နုနုလေးထက်က မျက်ရည်ကြောင်းလေးတွေကို နှုးညံ့စွာ သုတ်ပေးမိသည်။ ပြီးတော့ မျက်နှာက ရေစက်တွေသုတ်ဖို့ တစ်ရှူးထုတ်လေး သူမလက်ထဲ ထည့်ပေး၍ ...၊

"နောက်ဆို ကိုယ်အိပ်နေရင် ဘာအကြောင်းပဲရှိရှိ ခပ်လှမ်းလှမ်းကပဲခေါ်၊ အသားလာမတို့နဲ့ ..."

ရွှေထုပ်လေး ကြာကြာလည်း စိတ်မကောက်တတ်ရှာ ...၊

သူ့ကို နားမလည်သလိုလေး မော့ကြည့်နေကာ ...

"နောက်တစ်ခါ သားမှန်းသိရင်လည်း ရိုက်ဦးမှာပဲပေါ့ ..."

"ဘယ်သူ့ကိုမှ ရိုက်ပစ်မယ်ဆိုတာမျိုးမှ မဟုတ်ဘဲ ...၊ အရမ်းသဲဟိထားတတ်လွန်းလို့ အကျင့်ပါနေတာ ..."

ကိုယ်ခံပညာလေ့ကျင့်ထားရဟဲ့အပိုင်းတွေကို သူမ နားရှုပ်သွားအောင် မပြောဖြစ်တော့ဘဲ သိလွယ်မှာကိုပဲ ဦးတည်ပြောပြရင်း သက်





ပြင်းချမိ၏။

နာရီကြည့်လိုက်တော့ သူ အိပ်ခဲ့တာ ပာစ်နာရီတောင် မပြည့်တတ်သေး ...။

ဒါပေမယ့် ပြန်အိပ်ချင်စိတ်လည်းမရှိတော့ဘဲ သူမ လက်လေးကို အသာဆွဲခေါ်ကာ ဧည့်ခန်းမှာထိုင်မိကြ၏။

ပြီးတော့ သူပဲ စကာ ...၊

"ကိုယ့်မှာ ရန်သူတွေအများကြီးပဲ ... ဘာဖြစ်လို့ ရန်သူတွေများနေရသလဲဆိုတာ ကိုယ်လည်းမသိဘူး ..."

စကားပြောရင်း ကိုယ့်ကိုယ်ကိုယ် 'ကိုယ်' ဖြစ်လိုက်၊ 'ငါ' ဖြစ်လိုက် ရောထွေးနေခဲ့၏။ စိတ်ကိုက သူမအပေါ်မှာ ဒေါသနဲ့ သနားငဲ့ညှာခြင်းကို အမြဲတမ်းဒွန်တွဲဖြစ်နေတတ်သည်မို့ ...၊

"မင်းကို ငါ မပတ်သက်ချင်ဘူး မြသား၊ ဒါပေမယ့် လူသားဆန်နေသေးတဲ့စိတ်က ဥပေက္ခာသက်သက်ထားလို့မရဘူးဖြစ်နေတယ်၊ တကယ်ဆို ငါ့ကိုယ်ငါ စက်ရုပ်တစ်ရုပ်လို ဆက်လက်နေထိုင်သွားချင်ခဲ့တာ..."

"ဘာဖြစ်လို့လဲဟင် ..."

"ငါ့အပေါ် ရန်လိုနေတဲ့လူတွေကြောင့် ငါ့အမေနဲ့ ငါ့ညီမ သေခဲ့ရတယ် ..."

"ဟင် ..."

သူမ နားလည်ဟာ မလည်ကာတော့မသိ ...။ သူမအပေါ်မှာ ညှို့သက်နေခဲ့သည့်စိတ်က ကိုယ့်ဒေါသတွေကို နားလည်စေချင်သောဆန္ဒတို့ဖြစ်ခဲ့ရင်း ...၊

"ငါ့ဘဝ အစခြံစံက နုံရှာတယ်၊ ဒါကြောင့် ငါအရမ်းအောင်မြင်ချင်ခဲ့တယ်၊ ငါ ငယ်ငယ်တည်းက စာတော်ခဲ့လို့လည်း အမေက ငါ့အတွက်ဆို အရာရာကိုချို့တဲ့ခံပြီး ပံ့ပိုးပေးခဲ့တယ် ..."

တကယ်တော့ ညီမလေးက သူ့ရဲ့အမွှာ ညီမလေးဖြစ်သည်။ သူ့အတွက် သာလွန်ကောင်းမွန်ခြင်းတွေအားလုံးက ညီမလေးထံပါ ခွဲခြွေယူလာခဲ့သလိုမျိုး 'သူသာလျှင် ပါးနပ်ထက်မြက်လှနေခဲ့လျှက်'



www.burmeseclassic.com

www.burmeseclassic.com



ညီမလေးကတော့ ဉာဏ်ထိုင်းခဲ့သည်။

တစ်တန်းမှာ နှစ်နှစ်ဖြေမှ အောင်တဲ့အထိ ဉာဏ်ရည်နိမ့်ကျနေသဖြင့် ဆန့်ကျင်ဘက်အကျိုးပေးများနှင့် သူတို့မောင်နှမကို သိတဲ့လူတိုင်းက သတိထားမိကြ၏။

နောက်ကျတော့ အလယ်တန်းဆင့်တောင် မဖြေတော့ဘဲ ညီမလေး ကျောင်းထွက်ခဲ့သည်။ အမေ ဈေးရောင်းသလို ရောင်းနိုင်သည့်ပြင် ရပ်ကွက်ထဲက အလုပ်ရှိတွေကအလုပ်ကို အိမ်မှာ ယူလုပ်တာလည်းရှိသည်။

ဈေးရောင်းရင်း လုပ်တာလည်းရှိ၏။ သူ့အကြောင်းတွေကိုပြောပြရင်း အကြာကြီးငြိမ်ကျသွားလိုက်၊ အံကြိတ်နေလိုက်မျက်နှာကို ရွှေထုပ်လေးက မမြင်ဖူးသလို ငေးကြည့်နေခဲ့၏။

သူမအတွက်က ဆင်းရဲတာတွေကိုပြောပြနေလည်း ဆင်းရဲခြင်းအတိမ်အနက်ကို ဘာမှမမြင်ဖူး၊ မသိဖူးသူမို့ ခန့်မှန်းမကြည့်တတ်ပေ။ စိတ်မကောင်းစရာအကြောင်းအရာတစ်ခုအဖြစ် ရင်ထဲမှာ ခံစားမိနေပေမယ့် ဆင်းရဲတာကို သနားရမှာလား ..၊ သေဆုံးကုန်ကြတဲ့လူတွေကိုလား .. ဒါမှမဟုတ် မြစေ ကိုလား ..။

"ငါ ဆယ်တန်းမှာ အောလ်ဒီနဲ့အောင်တယ်၊ အောင်စာရင်းထွက်ပြီးတဲ့နောက်နေ့မှာပဲ နိုင်ငံခြားမှာ ဆေးသွားကုရမယ့် ငါတို့ရဲ့ သချာဆရာက သူနဲ့လိုက်ခဲ့ဖို့ခေါ်တာ၊ အမေကလည်း ငါ့ဘဝမြင့်မားဖို့အတွက် ခွင့်ပြုခဲ့တယ် ..၊ အဲဒီကစပြီး ချီးမြှင့်ထောက်ပံ့ကြတဲ့ ဆရာသမားတွေလက်ထဲမှာ ငါ့ဘဝတဖြည်းဖြည်းပြောင်းလဲလာခဲ့ပြီ အိုင်တီပညာရှင်ဖြစ်လာကဲ့အထိ မြန်မာပြည်ကို လုံးဝမပြန်ဖြစ်ခဲ့ဘူး .."

မြန်မာပြည်ဆိုတာတောင်မှ ကိုယ့်ခြံဝင်းတစ်ခုအပြင် ဘယ်ကိုမှ မသိခဲ့သော ရွှေထုပ်လေး အတွက် နိုင်ငံခြားထိရောက်သွားခဲ့သော မြစေကို အထင်တကြီးငေးလို့ကောင်းနေခဲ့လေသည်။

"တကယ်တော့ အောင်မြင်တယ်ဆိုတာလည်း လောကီချမ်းသာမှုတစ်ခုပါပဲ .. အမြင့်ရောက်လေ လေတိုက်လေ၊ ငါ့ဘဝကတော့ လေရိုးရိုးအတိုက်ခံရတာမဟုတ်ဘူး .. တောင်ပံဖြန့်ပြီး အမြင့်ကြီးပျံတက်





ချက်ရှင်နေတုန်း မီးပင်လယ်ကြီးပေါ်ကို ဖြတ်သန်းခဲ့မိတာမျိုး၊ မီးညွန့်မီးခွယ်တွေဟပ်ပြီး ဒဏ်ရာဗလပွနဲ့ ပြုတ်ကျခဲ့ရတာယ် .."

"ဘာဖြစ်သွားလို့လဲဟင် .. ဘွားလေးပြောပြတော့ 'ပညာရွှေအိုးသူမခိုး' ဆို ..၊ ကိုကြီးက ပညာတွေတတ်တာပဲ .. ပညာတတ်ကြီးဖြစ်လို့ အောင်မြင်တာ ဘယ်သူဖျက်ဆီးနိုင်မှာလဲ .."

သူမလေးရဲ့ မေးခွန်းကိုမဖြေခင် သူမ ဘယ်လိုမှ နားလည်မှာ မဟုတ်သည့် သူ့ဘဝအကြောင်းအရာတွေကို ဆက်ပြောပြဖို့ သင့်မသင့် အရင်ဆုံးတွေးမိလာ၏။

"ပြောပြလေ ကိုကြီး .. သား နားမလည်တာရှိပေမယ့် ပြောပြမှ နားလည်မှာပါ၊ သား မသိတာတွေကို သိလာအောင်ပြောပြမယ့်သူ ကိုကြီးပဲရှိတာ ..၊ သားကိုရှင်းပြဖို့ စိတ်ရှည်ပေးပါ ကိုကြီးရယ်.."

သူ့စိတ်ကိုမှာ ဖြစ်သွားတာကို သူမက သိသွားသလို တောင်းပန်တာသဖြင့် သက်ပြင်းချလိုက်မိသည်။

"ငါ့အကြောင်းတွေက မင်းနားလည်လည် မလည်လည် ထူးခြားတာမှမဟုတ်တာ၊ ပြီးတော့ အရမ်းရှုပ်ထွေးတယ်၊ သာမန်အကြောင်းအရာလေးတွေကိုတောင် မင်း ရုတ်ကရက်နားမလည်နိုင်တာ .."

"ကိုကြီးကို သူတို့က ဘာဖြစ်လို့ရန်ပြုချင်နေကြတာလဲဆိုတာပဲ ပြောလေ .."

"သူတို့ခိုင်းတာကို ငါ လုပ်မပေးခဲ့လို့ .."

"ဘာကိုလဲဟင် .."

သူ သက်ပြင်းချမိပြန်သည်။ ပြီးမှ ...

"စီးပွားပြိုင်ဘက်ချင်းမှာ မရိုးသားတဲ့ဘက်က အကောက်ကြံတာပေါ့ .."

"အဲဒါ ကိုကြီးကို ဘာလုပ်ခိုင်းတာလဲ၊ သူများကိုမကောင်းကြံတာတောင် သူများကိုခိုင်းရတယ်လို့၊ ကိုကြီးပဲ ငရဲကြီးမှာပေါ့ .."

ရွှေထုပ်လေး စကားကြောင့် သူ ပြုံးလိုက်မိသည်။

"သူတို့ ငရဲကြီးစံရမှာစိုးလို့ ကိုကြီးကို အစားခံခိုင်းတာနေမှာ၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒါမျိုး သားတစ်ခါမှ မကြားဖူးဘူး ..”

“မင်း ကြားဖူးတာဘာရှိလို့လဲ ..”

“ဟင် ..”

သူမ ကြောင်ပေါင်တောင်လေးဖြစ်သွားသည်။ ပြီးတော့ ..၊

“အဲဒါမျိုးကလွဲရင် သား ကြားဖူးတာတွေ တော်တော်များများ

ပါတယ်၊ ဘုရားရှင်လက်ထက်က ဇာတ်ဝတ္ထုတွေ၊ ရာဇဝင်ပုံပြင်တွေ

ပြီးတော့ ..”

“မင်းမှာ မိဘတွေမရှိတော့ဘူးလား ..”

“သားမှာ ..”

ရုတ်တရက် စကားဖြတ်ပြီးမေးလိုက်သဖြင့် သူမ လှမ်းကြည့်ကာ

“ကိုကြီး အကြောင်းပြောနေတာ မပြီးသေးဘူးလေ ..”

“မေးတာကိုဖြေပါ .. ငါ မင်းကို မေးစရာရှိတယ်လို့ပြောထားတာ

မှတ်မိလား ..”

“ဟုတ် ..”

“ခု .. မေးပြီး .. ဖြေ ..”

“မိဘတွေတော့ မရှိတော့ဘူး၊ ဘွားဘွားလည်းမရှိတော့ဘူး

ဘွားလေးတစ်ယောက်ပဲရှိတော့တယ်၊ ဘိုးလေးရှိပေမယ့် ဘိုးလေး

အမြဲတမ်း အဓိဋ္ဌာန်ဝင်နေတာ .. သားနဲ့ စကားပြောဖို့တောင် အချိန်မ

ဘူး ..”

“ဒါဆို မင်းပြောနေတဲ့ စံအိမ်အကြီးကြီးမှာ မင်းရဲ့ဘွားလေး

ဘိုးလေးရယ် ဒါပဲရှိတာပေါ့ ..၊ အလုပ်သမားတွေရော ..”

“ရှိတယ် .. လူတွေသုံးဆယ်လောက်ရှိတယ် ..”

“ဟင် .. ဘာ ..”

“ဟုတ်တယ် .. သားနဲ့အတူဆော့ကြတဲ့ စာဥ တို့ချည်းပဲ င

ယောက် ..”

“မင်းက ခုချိန်ထိဆော့နေတုန်းလား ..”

“ဆော့တယ်ဆိုတာ ကလေးပေါက်စလေးတွေလိုမဟုတ်ပါဘူ







သားက အရွယ်ရောက်နေပြီဥစ္စာ လူကြီးလိုပဲဆော့တာ ..”

ကလေးလို့ ပြောတာလည်း ကြိုက်ပုံမပေါ် ..။

ဒီတစ်ခါလည်း ပြုံးလိုက်မိပြန်၏။

“ကိုကြီးက ဘာပြုံးတာလဲဟင် ..”

“ထားလိုက်ပါ .. နောက်တစ်ခုမေးမယ်၊ မင်းကို ယောကျ်ားလေး

စားလို့ အိမ်ကထွက်ပြေးလာတာလား ..”

“ဟုတ်တော့ ဟုတ်တယ် .. ဒါပေမယ့် အဲ့လိုလည်းမဟုတ်ပါဘူး၊

ဘွားလေးက သား စိတ်ဆင်းရဲအောင်တော့ ဖွတ်တရွတ်လုပ်မှာမဟုတ်

ပါဘူး ..၊ ဒါပေမယ့် အဲလိုလုပ်မယ့်ပုံကြီးဖြစ်လာတော့ သားကြောက်

လို့ ..”

ထိုမှစ၍ သူမ ထွက်ပြေးလာခဲ့ပုံကို သေချာပြောပြလိုက်သည်။

မှယာကြွယ် ကနေ ကျောက်ကြီး လက်ထဲရောက်သွားခဲ့တဲ့အထိ ..၊

“အဲဒီတုန်းက မင်း ထွက်ပြေးတော့ လူတစ်ယောက်နဲ့တိုက်မိခဲ့

သေးလား ..”

“ဟင် ..”

ဘယ်လိုလုပ်သိတာလဲလို့တွေးပြီး အံ့ဩသွားပုံက မျက်လုံးတွေပါ

ဝိုင်းနေခဲ့လျက် ..၊

“ကိုကြီး သိတယ် ..”

“အဲ့ဒါ ကိုယ်ပဲဟာ ..”

“ဟင် .. ကိုကြီး ဟုတ်လား ..”

သူ့မျက်ဝန်းမှာ ရယ်မြူးရိပ်တို့ထင်လျက် အင်္ကျီအိတ်ထဲကနေ

တစ်စုံတစ်ရာနှိုက်ယူလိုက်သည်။ လက်ဝါးဖြန့်လိုက်တော့ လက်ထဲမှာ

ရွှေသော့လေးတစ်ချောင်း ..၊

“ဟင် .. အဲ့ဒါ သားလက်ကောက်က နှိပ်ခွေသော့လေး ..”

“မသိဘူး .. မင်းကိုယ့်ကို ပစ်စလက်ခတ်ကိုက်ချပိုက်တော့ ကိုယ်

လည်း လဲပါမသွားအောင် ထိန်းရင်းနဲ့ ဘာတွေဖြစ်ကုန်မှန်းမသိလိုက်

ဘူး၊ မင်း ထွက်ပြေးသွားတော့ ကိုယ့်လက်ထဲမှာ အဲ့ဒါ ကျန်ခဲ့တယ် ..”



www.burmeseclassic.com

www.burmeseclassic.com



သူ လှမ်းပေးနေတာကို လှမ်းယူလိုက်ရင်း ဘွားလေး ကို သတိရမိ၏။ သူမရဲ့ ခြေချင်းတစ်ဖက်မှာလည်း သော့တံလေးပါသည်။

"ငါ့မြေးလေးကို ငါ့ဆီက ဘယ်မှမသွားရအောင် ခြေထိပ် လက်ထိပ်လေး ထည့်ပေးထားတာလေ ..၊ ပုစက်လေးနဲ့အရွယ်ကုန်းကတော့ စိန်ခြူးလေးနဲ့ တလှုပ်လှုပ်လေးပေါ့ .. ခုကျတော့ လှလှစန့်စန့်လေး.." တဲ့ ..။

ဒါပေမယ့် သူမကတော့ ဘွားလေးလက်ထဲက ရုန်းထွက်ခဲ့မိလေသည်။ သူမ မျက်နှာလေး ငေးငိုင်သွားမှ နှုတ်ခမ်းဆောင်ကသွေးစလေးတစ်ချို့နဲ့ မေးရိုးလေးတစ်ဖက်မှာ ရှိညိုနေတာလေးတစ်ကွက်ကို သတိထားမိလိုက်သည်။

ဒီလောက် နာကျင်အောင်ဒဏ်ရာပေးခဲ့တာတောင်မှ သူ့ဆီက နူးညံ့မှုလေးတစ်ချို့နဲ့ပဲ ကျေနပ်သွားခဲ့ရှာတာ တွေးမိတော့သနားသွားမိသည်။

ထို့ကြောင့် နေရာမှထကာ ဓာတ်ဘူးထဲက ရေနွေးလေးနည်းနည်း ရေဖလားထဲထည့်လိုက်ပြီး ရေအေးလေးနဲ့ နွေးရုံလေးစပ်၍ လက်ကိုင်ပဝါအထူစလေးတစ်စနှင့် ..၊

"မင်းမျက်နှာက ဒဏ်ရာကို ရေနွေးဖတ်လေးကပ်ထားလိုက် .. ရော့ .."

ရွှေထုပ်လေး က အငွေ့ထနေသဲ ရေစွက်ကိုမော့ကြည့်ပြီးမှ သူမ ဒဏ်ရာကို လက်ခုံလေးနဲ့ ပြန်ကပ်စမ်းသည်။ ပြီးတော့ ခေါင်းခါ၍—

"ဟင့်အင်း .. နေပါစေတော့ .."

"ဘာဖြစ်လို့လဲ .."

"ဘာမှမဖြစ်ပါဘူး .. ဟင့်အင်း .."

တကယ်တော့ သူမ အဲဒါတွေမလုပ်တတ်ခြင်းကြောင့်ဖြစ်သည်။ ပြီးတော့ လက်ခုံနဲ့ အသာလေးကပ်ထိလိုက်တာတောင် အသားကြေနေသလို မချိမဆန့်နာကျင်သွားတာမို့ ..။

"ရတယ် .. သား နာမှမနာတော့တာ .."

"နေဦး .."





ထင်လို့ထရပ်လိုက်ပေမယ့် မြခေ က အနားမှာဝင်ထိုင်လိုက်ပြီဖြစ်ကာ လက်ကိုပါ မထဖြစ်အောင် ပြန်ဆွဲထားလိုက်လျှင် ..၊

"အား .."

"ဟာ .. ဆောရီး .."

"အဟွန်း .. အ .. ဘာမှမဟုတ်ဘူး .."

ပြုံးပြပြီး ဖုံးပ်လိုက်ပေမယ့် မဲ့နေသေးကာ ..၊

"ကိုကြီးကလည်း စကားပြောနေရင်းနဲ့ .."

"အဲဒါ ဘာဖြစ်လဲ .."

"ထားလိုက်ပါ .."

"ထားလို့မရဘူး .. အခု လက်မောင်းက ဒဏ်ရာပါပြန်ပေါ်လာပြီ .. အပေါ်အကျႌချွတ်လိုက် .."

"ဟင် .."

"ကဲ .. ချွတ်ဆိုချွတ်ကွာ .. ထမငြေးနဲ့နော် .. ပိုဆိုးသွားမယ် .."

သူ ရေနွေးတွေထပ်ထည့်ပြီး ရေအေးနဲ့စပ်နေတာကို စိတ်ပျက်စွာကြည့်နေမိကာ ..၊

"လက်က သက်သာနေပါပြီ .. မျက်နှာကိုပဲ .."

"အကျႌချွတ်လိုက် .."

မြခေ က ဒါပဲပြောပြီး ပြန်လှည့်လာကာ ..၊

"ငါ ချွတ်ပေးရမလား .."

အစတည်းက အမြင်မှတော်ဖြစ်နေရသည့် စိတ်က ဘာလို့ပြုစုပေးမှာလဲဆိုသည့် မာန်မာနနှင့် လုံးထွေးပျောက်ကွယ်နေခဲ့တာဖြစ်၏။ နောက်ကျမှ ဖျတ်ခနဲဖြစ်မိသည့် ကရုဏာစိတ်က ရိုးရိုးရှင်းရှင်း ဒီတိုင်း ..။

"ရေနည်းနည်းအပူဖြည့်လိုက်တာ တောင့်ထား .."

"အား .."

"ဟာ .."

"ဒုန်း .."

သေချာသတိပေးလိုက်မှ အတိအကျပုတ်ချပစ်၏။ ရှေ့ကပြုတ်



www.burmeseclassic.com

www.burmeseclassic.com



ကျသွားသည်နှင့် စိတ်ကထောင်းခနဲကိုသွားကာ ..၊

"မင်း ဒီလောက်တောင် .. ကျွတ် .."

"ပူတာမဟုတ်ဘူး .. ကိုကြီး ပဝါကကြမ်းတော့ ဖိလိုက်ကော့နာတာပေါ့ .. အား .."

အခေါက်လိုက်အတိုင်း ရေပြန်ညှစ်ချပြီး ကျစ်မာသွားသည့်အတိုင်းပဲ ဒဏ်ရာပေါ်တိကပ်လိုက်မိတာ ကိုယ့်ဘာသာ ပြန်ကြည့်မိ၏။

ထိုအခါကျမှ ပဝါကို ပြန်ဖြေချပြီး နအောင်ဖွရဦးမှာကိုသတိရသည်။

ဒါပေမယ့် နောက်ထပ်ပြန်လှပ်ဖို့ထိတော့ သူ စိတ်မရှည်တော့ပေ။ ပြန်လှပ်ပေးချင်သည်ထားဦး ရေနွေးကကုန်ပြီဖြစ်၏။

"ဒါဆို ဒီဘက်နည်းနည်းတိုး .."

"ဘာလုပ်မလို့လဲ .."

သူ့ဘာသာ ခပ်ဖျော့ဖျော့အဝတ်ထုပ်လေးလုပ်ကာ အာငွေ့ပေးလိုက်သည်။ ပြီးတော့ သူမ မေးရိုးအထက်နားလေးမှာ ဖွဖွလေးထိကပ်ပေးလိုက်၏။

ရွှေထုပ်လေး နာမှာကြောက်ကာ မြဲဇေ လက်ပေါ်ကနေ တပ်ဆုပ်ကိုင်ထားလိုက်ပြီး အသက်လေးအောင့်ထား၏။ ဒီလောက်တောင်ကြောက်ရလား ပြောမလို့ စိတ်ကဖြစ်လိုက်သော်လည်း မျက်ခုံးလေးတွေပင့်ကာ မျက်တောင်ဖျားလေးတွေ ယပ်တောင်သဖွယ်ဖြန့်စင်းနေအောင် ပခုံးလေးကျုံ့ထားပြီးကြောက်နေသည့် မျက်နှာလေးကို နီးနီးကပ်ကပ်လေး ငုံ့မိုးကြည့်မိရင်း .. သူ ..၊

ဟင် ..၊

ဒဏ်ရာပေါ်ကို တစ်စုံတစ်ရာမှ ထိပ်ကပ်မလာခဲ့သဖြင့် ဖျတ်ခနဲ မျက်လွှာပင့်ကြည့်မိလျှင် မြဲဇေ ၏ ရှူးခိုက်ငေးနေသော မျက်ဝန်းတို့နှင့် ဆုံမိသွားခဲ့၏။

အမှတ်တမဲ့ကနေ ဇာမေ့တမောငေးနေမိကြကာ ရွှေထုပ်လေး ရင်တွေဝဲအားလှုပ်ခုန်လာတာ ကိုယ့်ကိုယ်ကိုယ် သတိထားမိသွား၏။

ထို့ကြောင့် ကမန်းကတန်း မျက်နှာလွှဲပစ်မိကာ ..၊





"သား ဘာသာလုပ်မယ်နော် .."

သူ့လက်ထဲက ပဝါစကိုဆွဲယူမိ၏။ သို့သော် မြဲဇေ က ဟိုလက်လေး ဖမ်းဆုပ်ထားလိုက်သဖြင့် သူမ ကိုင်ထားသည့် သော့တံလေးက ဇေ ရဲ့ ရှပ်အင်္ကျီအိတ်ထဲကို အလိုအလျောက် ဆင်းသက်လေသည်။

ထိုအဖြစ်ကိုပဲ နှစ်ယောက်စလုံး အကူတူလိုက်ကြည့်ဖြစ်ကြကာ..၊

"မြဲသား .."

".... .... .... ...."

"မင်းချစ်သူဆီကို ထွက်ပြေးလာတာတော့ မဟုတ်ဘူးမို့လား .."

"ဟင့်အင်း .."

"ဘယ်ကို ဘယ်သူ့ဆီသွားမယ်ဆိုတဲ့ အားကိုးမရှိဘဲ မင်းလိုမိန်းလေးက ဒီလောက်ထိရှုပ်ထွေးတဲ့ လူအုပ်ထဲကို ခုန်ဆင်းလာတာ ဘယ်လိုသတ္တိနဲ့လဲ .."

"သား .. ဘာမှမတွေးမိခဲ့ဘူး .."

"ဘာလို့မတွေးမိဘာလဲ .."

"မသိဘူး .. ကြောက်စရာလို့ကို မတွေးမိခဲ့တာထင်တယ် .."

"အကယ်၍ မင်း ဟိုအမျိုးသမီးဆီက မလွတ်မြောက်နဲ့ရင် မင်းဘဝ ဘာဖြစ်သွားမလဲသိလား .."

သူမ မပြောဘဲ ငေးကြည့်နေ၏။

"ဦးကျော်ကြီး ဆိုတဲ့လူဆီကလွတ်မြောက်ခဲ့တာရော .. မင်းကိုယ်မှာ မှဲ့တစ်ပေါက်မစွန်းဘဲ ရှင်ကွက်လာခဲ့တယ်ဆိုတာ ဘယ်သူက သုံးတာလဲ .."

"ကိုကြီးက မယုံလို့လားဟင် .."

"ငါကစ်ယောက်တည်းက မင်းဘဝကို အဆုံးအဖြတ်ပေးမှာ မဟုတ်ဘူး .. ပတ်ဝန်းကျင်ဆိုတာရှိတယ် .."

"သားကိုယ် သား ယုံကြည်ရင်ပြီးတာပဲ .."

"ဘယ်သူပြောတာလဲ .."

"တာကြီး ပြောတာ .."



www.burmeseclassic.com

www.burmeseclassic.com



"တာကြီး ဆိုတာဘယ်သူလဲ .."

"သားရဲ့ နို့ထိန်း၊ သူ့နာမည်က ဓေတ္တာကြီး တဲ့ ..၊ သားက ငယ်ငယ်တည်းက တာကြီး ပဲခေါ်တာ၊ တာကြီးကလေ လူဆိုတာ ကိုယ့်ကိုယ်ကိုယ် အရင်ဆုံးယုံကြည်ရမယ်တဲ့၊ ဒါပေမယ့် သူများကိုယုံကြည်ပါလို့ ဘယ်တော့မှမပြောနဲ့တဲ့ ..၊ ပြီးတော့ ကိုယ့်ကိုယ်ကိုယ် အာမခံရဲတဲ့ လူဆိုရင် စကားမတည်တဲ့လူပဲတဲ့ .."

"အဲဒါတွေက ဟုတ်တယ် .. ဒါပေမယ့် နေရာတကာ ဒီတိုင်းသွားလို့မရတဲ့နေရာရှိတယ်၊ အခု မင်း ငါနဲ့ တစ်ပတ်လောက်အတူရှိနေခဲ့ပြီးပြီ .. စံအိမ်ကနေ ပျောက်သွားပြီး လူစိမ်းယောကျ်ားတွေလက်ထဲမှာ တစ်လက်ပြီးတစ်လက် ပြောင်းနေလာခဲ့တဲ့ မင်းအတွက် အလားအလာကောင်းမရှိဘူး .."

ရွှေထုပ်လေး မျက်နှာမှာ ထိတ်လန့်ခြင်းတို့ ပေါ်လွင်လာခဲ့၏။

"ဒီလိုနေရာမှာ မင်းကိုယ်မင်း ယုံကြည်မှုရှိနေရုံနဲ့ မရတော့ဘူး.."

"ကိုကြီးက .."

"ပြောပြတာ .. မင်းကို ကဲ့ရဲ့နေတာမဟုတ်ဘူး .."

"ကဲ့ရဲ့မယ်ဆိုလည်း ကိုကြီး ဘာပြောပြော သား စိတ်မဆိုးပါဘူး၊ ဒါပေမယ့် သား ဒုက္ခတွေဘယ်လောက်တွေ့တွေ့ ကြောက်လည်း ကြောက်လန့်ခဲ့ရပေမယ့် ကိုကြီးရဲ့ဘေးကို ရောက်လာတဲ့အချိန်ကစပြီး အဲဒါတွေမရှိတော့ဘူး .."

"ဟုတ်တယ် .. မင်း ဘာမှမသိသေးတာ ဘယ်ကြောက်မလဲ.."

"ဘာကိုသိရမှာလဲဟင် .."

"ငါ့ဆီကလိုချင်တာမရနိုင်တဲ့အခါ ငါ့ကိုဒုက္ခပေးဖို့ကြိုးစည်လာတဲ့ရန်သူတွေက ငါနဲ့ထိစပ်ပတ်သက်နေတဲ့လူတွေကိုပဲ တာဂတ်ထားလာကြတာ ..၊ အထူးသဖြင့် ငါ့ဘက်က ဆုံးရှုံးမခံနိုင်တဲ့လူမျိုးပေါ့ .."

ပြောနေရင်း သတိရစရာတွေရှိလာခဲ့ပြန်၏။ သူ့စိတ်အာရုံမှာ ဦးရှိန်မောင် ပြောခဲ့တာတွေ အစီအရီပြန်ပေါ်လာခဲ့သည်။

"ခြိမ်းခြောက်ရုံပေမယ့်လည်း လက်လွန်သွားတဲ့အခါဆိုတာ





တာဝ်တာပဲကွ ..၊ မင်းစိတ်ထဲမှာ ငါတို့ဘယ်လိုလူစားတွေလဲဆိုတာ ရယ်၊ ဒါပေမယ့် ဘာမင်သတ်ပစ်လိုက်တာတော့ မဟုတ်ဘူးဆိုတာရယ်၊ ဒါကိုမှတ်ထားပေး ..၊ ငါတို့က မင်း ဂရုမစိုက်ဘဲနေလို့မရတဲ့ လူတွေဆိုတာ အထူးသဖြင့် နှလုံးသွင်းထားရမှာ .. ဘာဖြစ်လို့လဲဆိုတော့ မင်း အရမ်းတော်နေသရွေ့ ငါတို့နဲ့ တကွေ့ကွေ့မှာ ဆုံမိဦးမှာပဲ .."

ဒီစကားတွေ ပြန်ပေါ်လာခြင်းအတွက် သူ့အကြည့်တွေက ရွှေထုပ်လေးရဲ့ မျက်နှာပေါ်မှာ စူးစိုက်နေခဲ့ပြီး ...

"မင်း ငါ့နားမှာရှိနေတာ အန္တရာယ်အကြီးဆုံးပဲဆိုတာ သိလာလိမ့်မယ်၊ ဒါပေမယ့် သိလာတဲ့အချိန် မင်းကို ငါနဲ့ နေခွင့်မပေးနိုင်ဘူး .."

"ဒီဒဏ်ရာတွေ ရထားတာတောင်မှလား .."

သူမစကားကြောင့် ရယ်မြူးရိပ်နှင့် မျက်ဝန်းတွေမှာ မိန်းမဆိုးလေးတစ်ယောက်အပေါ် အလိုလိုက်ဂရုစိုက်ချင်သော ချစ်စနိုးအမူအရာတွေ စွန်းထင်းနေခဲ့လျက် ...

"မင်းကို ငါ့နားမှာ မထားချင်လို့ တမင်နှိပ်စက်ထားတာမှ မဟုတ်ဘဲ ..၊ ဘာလဲ .. မင်းက အဲ့ဒီလိုထင်နေတာလား .."

သူမ ခေါင်းလေးတော့ ခါပြသော်လည်း ...

"မထင်ပါဘူး .. ဒါပေမယ့် ကိုကြီးက တကယ်ရိုက်ခဲ့တာပဲဟာ..၊ ပြီးတော့ သူများနာသွားတာကို ခုတောင်းလည်းမတောင်းပန်ဘူး .."

"ကိုယ်ကတော့ တောင်းပန်ခဲ့တယ်ထင်တာပဲ .."

"ဟင့်အင်း .. သား မကြားပါဘူး၊ ဟုတ်လို့လား .."

လက်ကိုလွှဲလိုက်ကာမှ ခုချိန်ထိ သူ မလွှတ်ဘဲ ဆုပ်ကိုင်ထားတာကို သတိထားမိသည်။ ထို့ကြောင့် ရုန်းလိုက်ပေမယ့် ...

"မြသား .."

"ဟင် .."

မြစေ က သူမလက်လေးကို သူ့ရင်ဘတ်နဲ့ထိကပ်သွားသည့်အထိ ဆွဲကိုင်ထားလိုက်ကာ မျက်နှာပိုငုံ့လိုက်ပြီး ...

"ဘာဖြစ်လို့ ငါနဲ့နေချင်တာလဲ .."



www.burmeseclassic.com

www.burmeseclassic.com



သူ ဘာမှပြောတာမဟုတ်ဘဲ သူမ လက်ဖျားတွေအေးလာခဲ့သည်။ မျက်နှာလေးတစ်ပြင်လုံး အဖြူတစ်ခြမ်း အနီတစ်ခြမ်းများဖြစ်နေပြီလား မသိ ..။

သူမ အဲဒီလောက်ထိ ရှက်ကြောက်ခြင်းတွေဖြစ်ကာ ရင်ထဲမှာ ဖြောင်းဆန်အောင်ဆူညံလာခဲ့သည်။

"ပြောလေ .."

"ကိုကြီးက လူဆိုးမဟုတ်ဘူးဆိုတာသိလို့ပေါ့ .."

သူက ဘာမှမပြောဘဲ ရွှေထုပ်လေး မျက်နှာကိုပဲ ငုံ့မိုးကြည့်နေခဲ့၏။ ခဏကြာမှ ပင့်သက်ဖွေ့ဖွေ့နှင့် ..၊

"မင်း မျက်လုံးတွေကတော့ အဲဒီလိုပြောချင်တာမဟုတ်ဘူးထင်တယ် .."

"ဟင် .."

"ဘာဖြစ်လို့ ကိုယ့်ကိုကြည့်ပြီး မဖြေတာလဲ .."

ရွှေထုပ်လေး က တစ်ကိုယ်လုံး တုန်ယင်နေပြီလို့ ကိုယ့်ကိုယ်ကိုယ် ထင်ကာ လက်ကိုအတင်းရုန်းလိုက်ပြီး နေရာမှ ထရပ်မိ၏။ မြဲစေ သူမ လက်ကိုကိုင်၍ အတူလိုက်ထရပ်ကာ ..၊

"မင်း မပြန်မချင်း ကိုယ့်ကို ယုံကြည်လို့ရပါတယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ ကိုယ်ဘယ်တော့မှ ဘယ်သူ့ကိုမှ ငြိတွယ်ဖို့ကြိုးစားမှာမဟုတ်လို့ပဲ .."

ဟင် ..၊

ရင်ထဲမှာ လှိုက်ခနဲဟာသွားသည်။ ဟန်ဆောင်သည့်ပညာမှာ သူမ အနည်းငယ်လေးလောက်တောင် မကျွမ်းကျင်ခဲ့သူပါ။

ရှက်ရွံ့တုန်လှုပ်သွားခဲ့တာက တခြား၊ သူ့ဆီက ဥပေက္ခာကိုသာ ရလာလိမ့်မည်ဆိုတာကို ဘယ်လိုမှ လက်မခံနိုင်ခြင်းက သပ်သပ် ..။

သူ မကြင်နာနိုင်ဘူးဆိုတာကို ကြားလိုက်ရသည့်ခဏမှာ သူမ မျက်ဝန်းလေးတွေ သူ့မျက်နှာဆီသို့ ဟန်ဆောင်ခြင်းကင်းမဲ့စွာ ..၊

"ကိုကြီးတဲ့ .."





"သွားတော့ .."

ဆုပ်ကိုင်ထားသည့် လက်လေးကို ဖြေလွှတ်လိုက်ပြီး မြဲစေ မျက်နှာလွှဲ၏။ ပြီးမှ လှည့်မကြည့်တော့ဘဲ ..၊

"ရေမွေးထပ်တည်လိုက်ဦးမယ်၊ မင်း အိပ်ရာထဲမှာ ဖိနပ်တွေချွတ်ပြီး ခဏသွားလှဲနေလိုက်၊ ဒဏ်ရာတွေက လေသလပ်ဖို့လည်းလိုတယ်.."

သူ ရေမွှက်ကိုပြန်ကောက်ပြီး လှည့်ထွက်သွား၏။ မျက်လုံးချင်း မဆုံအောင် နေခဲ့ရပေမယ့် သူမ မျက်ဝန်းလေးတွေကို သူ နားလည်နေသည်။ ဒါပေမယ့် နားမလည်ချင်တော့ပါ။

မင်းရဲ့စိတ်၊ မင်း ရှင်သန်ခဲ့တဲ့ဘဝက အရမ်းကိုနုနယ်လွန်းတယ် မြသား ..၊ မင်းရဲ့ ယုံကြည်စွာအားကိုးမှုတွေကို တစ်လွဲခေါင်းစဉ်တပ်ပြီး ငါ့အပေါ်မှာ မသာယာနဲ့ ..။

ငါ့ရဲ့ရင်ခွင်ဟာ မင်းနဲ့မထိုက်တန်တဲ့ မီးလောင်ပြင်ကြီးပါ။

ချစ်ခြင်းမေတ္တာဆိုတဲ့ စိမ့်စမ်းရေတစ်ပေါက်ဟာ ဘယ်လောက် အေးမြပါတယ်ဆိုဆို မီးပင်လယ်ပေါ်ကျတဲ့ နှင်းစက်ပဲ ..။

အဲဒါကြောင့် နေလိုက်ပါ။ မင်းဘဝနဲ့ မင်း ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၄)

နောက်ထပ်တစ်ရေးပြန်အိပ်လိုက်မိတော့ ညနေစောင်းကျမှ နိုးလာခဲ့သည်။ မျက်လုံးတွေ ဖွင့်လိုက်တာနှင့် တိတ်ဆိတ်နေတာကို သတိထားမိကာ၊ သူမ ဒဏ်ရာတွေ သက်သာလို့အိပ်နေတာလားဆိုသည့် အတွေးကအရင်ဝင်၏။

ထိုစဉ် သူမ အပြင်ထွက်လာ၏။ စကားဝါရောင်နုနု လက်ပြတ်ခါးရှည်ဂါဝန်လေးကို အဖြူရောင်ဆောင်းဘီရှည်ပွပွလေးနှင့် တွဲဝတ်ထားသဖြင့် ညနေခင်းမှာ သူမအလှက ဝင်းထိန်နေလေသည်။

ဆံပင်ရှည်တွေကို ဖြစ်သလို စုသိမ်းကာ ရင်ဘတ်တစ်ခြမ်းပေါ်မှာ ဆွဲတင်ထား၏။ သူမရဲ့ မထူးခြားသောအရာရာက ထူးထူးခြားခြားလှနေသဖြင့် မြဲစေ ငေးခနဲဖြစ်သွားသည်။

ဒါပေမယ့် ချက်ချင်း မျက်နှာပြန်လွှဲ၍ ဧည့်ခန်းစားပွဲပေါ်မှာ လှဲအိပ်နေရာကနေ ထထိုင်လိုက်သည်။ ပြီးတော့ မတ်တပ်ထရပ်လိုက်ရင်း…၊

"မင်း .. ရေချိုးထားတာလား .."

"ဟင့်အင်း .. ရေနွေးပိုနေတာနဲ့ ကိုယ်ဘာသာ ရေပတ်တိုက်လိုက်တာ …၊ ကိုကြီးပဲ ခြေထောက်တွေ ရေမထိရဘူးဆို .."

"ဟုတ်ပေမယ့်၊ ကိုယ်ဘာသာ ရေချိုးခန်းထဲဝင်ပြီး ရေမထိအောင်





ကြံဖန်ချိုးလို့ရတာပဲကွ …၊ ရေမိုးမချိုးတာ ဘယ်လောက်ကြာပြီလဲ .. မင်း"

"ထွက်လာတည်းက ဒီနေ့နဲ့ဆို .."

"ဟား .."

"ဟင် .. ဘာဖြစ်လို့လဲ .. သားကိုယ်က နံနေလို့လားဟင် .."

"မွှေးတာ နံတာ နမ်းကြည့်မှသိမှာပေါ့ကွ .."

လွှတ်ခနဲပြောလိုက်ပြီးမှ သူမ ဝါးပြင်လေးတွေ ရဲတက်သွားတော့ မျက်နှာပျက်သွားသည်။

"ဆောရီး .. မင်း မဟုတ်တာတွေ လျှောက်မေးလို့မှားကုန်တာ၊ ဒဏ်ရာတွေက သက်သာရဲ့လား .."

"ကိုကြီးလုပ်ပေးတာ အရမ်းကောင်းတာ ၂ သိလား .."

ကျွတ် …၊

မြဲစေ မျက်နှာမဲ့သွား၏။

"အာငွေ့နဲ့ဆိုတော့ .."

"တော်ပြီ သက်သာရင် ပြီးတာပဲ .."

အော်ပစ်လိုက်တော့လည်း တက်ကြွစွာ ပြောနေသည့်မျက်နှာလေးက နားမလည်သလို သနားစရာလေး …။

"လမ်းလျှောက်လို့ အဆင်ပြေပြီလား .."

"ဟုတ် .."

"ဒါဆို .. ဒီထိပ်နားမှာ ညစာ သွားစားမယ်၊ မင်းက ကြာစံပြုတ်ပြစ်ပြစ် ခေါက်ဆွဲပြုတ်ပြစ်ပြစ်သောက်ပေါ့၊ ငါ အောင်ဟိန်း ဆီ ဖုန်းဆက်လိုက်ဦးမယ် .."

"ကိုကြီး .."

"ဘာလဲ .."

"ရဲဆီကိုလားဟင် .. သားကို ချက်ချင်းပြန်ပို့တော့မှာလား .."

စိုက်ကြည့်နေပြီးမှ သူ ခေါင်းညိတ်ရင်း လှည့်ထွက်လာနေကာ …

"မင်းကို လူပျောက်တိုင်ထားတာရှိမှပါ …၊ မဟုတ်ရင် သိက်စာ



www.burmeseclassic.com

www.burmeseclassic.com



မသိဘဲ ဘယ်လိုလုပ်ပြန်ပို့မလဲ .."

သူ ဝရန်တာဘက်ကို ထွက်လာခဲ့သည်။ ဖုန်းခေါ်ဖို့လုပ်နေပြီးမှ ငိုင်နေမိ၏။ ဒါပေမယ့် ဘာဆိုင်လို့လဲ ..၊ စိတ်ကိုတင်းကာ ဖုန်းခေါ်ဖို့ လက်တင်လိုက်တာနှင့် အောင်ဟိန်း ဆီကဖုန်းဝင်လာတာနှင့် တိုက်တိုက်ဆိုင်ဆိုင် ..။

"ဟလို .. အကြောင်းထူးပြီလား .."

"အေး .. မင်းကောင်မလေးက တော်ပင်မင်းသမီးကွ .."

"လိုရင်းကိုပြောကွာ .."

"အကုန်လုံးလိုရင်းချည်းပဲ မြစေ .. ငါစခန်းကိုပဲနောက်ကျမှ ရောက်လာတာ၊ လှိုင်ဗုက်ဖြန့်ကျက်ပြီး လူပျောက်တိုင်ထားတာ နယ်က ရဲစခန်းတွေထိပဲ .."

"ဟုတ်လား .."

"အေး.. ကောင်မလေးကိုလည်း မထိခိုက်အောင် လူပျောက်ရှာပုံကတော့ ယဥ်တယ်ကွ ..၊ သက်ဆိုင်ရာ အာဏာရှိသူတွေအပိုင်းကိုပဲ သိစေပြီး သတင်းမပြန့်ဖို့ ဘရိတ်နဲ့ဖွင့်ထားတာ၊ သူ့အိမ်ကလူကြီးတွေလည်း ရန်ကုန်တစ်မြို့လုံး ဖြန့်ရှာနေကြတယ်ဆိုပဲ ..၊ ဒါပေမယ့် ပျောက်သောသူ ရှာရင်တွေ့မှာ .. ကိုယ်ပေါင်ပျောက်နေတဲ့သူကို တွေ့ဖို့ကမလွယ်ဘူး၊ ခုပဲကြည့်လေ .."

"မြသား က ကိုယ်ပေါင်ပျောက်နေတာတော့မဟုတ်ပါဘူး ..၊ သူလည်း ဒုက္ခတွေ့ပြီး ခြေဦးတည့်ရာပြေးနေရတာ .."

"ပြေးတာက အပြေးကောင်းတယ်နော် ..၊ မင်းရင်ဘတ်ကြီးထဲကိုမှ တည့်တည့်ပဲ .."

"လျှောက်နောက်မနေနဲ့ .."

"မင်းနဲ့ ဘယ်လိုလဲ .."

"ဘာ .."

"ငါက မင်းကိုအရင်သတိပေးတာနော် ..၊ ဟိုကိုအကြောင်းကြား





လိုက်ရင် ငါ့အတွက်ဆုလာဘ်တွေလား .. ရာထူးတိုးမလားပဲ .."

"လိုချင်တာယူလိုက်ပေါ့ကွ .. ငါ့ကိုလိပ်စာပြော .."

"ဘာ .. ဟား .. ဟား .. ဟား .."

အောင်ဟိန်း ရဲ့ ရယ်သံကြီး ဟိန်းထွက်လာသည်။ သူလည်း မတားဆီးဘဲ ဒီတိုင်းစောင့်နေလိုက်၏။

"မြစေ ရာ .. ငါ့ကို လိုချင်တာယူဆိုပြီးတော့ ကောင်မလေးကို မင်း ပြန်ပို့မှတော့ ငါက ဘယ်လိုလုပ်ပြီး နာမည်ကောင်းရတော့မှာလဲ.."

"မင်း နာမည်ကောင်းရဖို့အတွက် မြသား ကို မင်းကိုယ်တိုင် အိမ်တိုင်ရာရောက် လိုက်ပို့ပေးမှာလား .."

"ဒါက .."

"မင်းက မင်းတာဝန်ရှိတဲ့အတိုင်း လုပ်သွားမှာ .."

"မင်းကတော့ တာဝန်ဝတ္တရားနဲ့မဟုတ်ဘူးလို့ ဆိုချင်တာလား.."

မြစေ အသံတိတ်သွားတော့ အောင်ဟိန်း ရယ်ပြန်သည်။

"ရယ်မနေနဲ့ကွာ .. နားဝင်မချိုလိုက်တာ၊ ငါပြောချင်တာက မြသားက တခြားမိန်းကလေးတွေလိုမဟုတ်ဘူးကွ .."

"ဘယ်ဟုတ်မလဲ .. မင်းချစ်နေတဲ့ မိန်းမပဲဟာ .."

"အောင်ဟိန်း .."

"ဘာတုံး .."

"မင်းကြီးတော်မို့ နောက်နေတာလား .."

"ငါကြီးတော်နဲ့ဆို နောက်မနေဘူး .. တစ်ခါတည်းထည့်ပေးလိုက်မှာ.."

သူငယ်ချင်းတွေမို့ စကားပြောရင်း ဆဲတာဆိုတာတွေလည်းပါနေခဲ့လျက် ..။

"ငါပြောချင်တာက သူ့ကိုတခြားလူနဲ့ ထည့်လိုက်ဖို့ဆိုရင် ဘယ်လိုမှ အဆင်ပြေမှာမဟုတ်ဘူး .."

"ဟုတ်တယ် .. မင်းနဲ့မှ အဆင်ပြေမှာ .."

"ငါတောင် သူ့အကြောင်းရေရေလည်လည်မသိသေးဘူး .."

www.burmeseclassic.com



"ဒီလောက် ကိုယ်ပိုင်ဇိ ကြံမတ်စောင့်ရှောက်နေတာတောင်မှ လား .."

"ဘာနဲ့မှ မဇိဘူး ဟောကောင် .. စိတ်ကိုမဝင်စားဘူး .."

"အပြောမကြီးနဲ့ အဲဒါမျိုးမှ ပိုအထိနာတာ .."

"သူ့လူကြီးတွေက ရန်ကုန်ထိ ဖြန့်ရှာနေကြတာလား .."

နောက်နေကြတာတွေပြီးတော့ အောင်ဟိန်း ဘက်ကလည်း တည်တည်တံ့တံ့ဖြစ်သွားကာ ..၊

"ဟုတ်တယ် .. အဲဒါကြောင့် မင်းကိုပြောချင်တာ သူတို့က လူအင်အားလည်းတတ်နိုင်တယ်ကွ ..၊ မြို့နဲ့ဝေးတဲ့နေရာကပေမယ့် ရန်ကုန်နယ်ပယ်မှာပဲဆိုတော့ ဒီမြို့ထဲမှာပဲပိုပြီး ဖြန့်ရှာနေကြတာ ..၊ ခုထိ မတွေ့ကြသေးတာကတော့ ကောင်မလေးက မင်းရဲ့တိုက်ခန်းလေးထဲမှာ လုံလုံခြုံခြုံလေးရှိနေလို့ ဖြစ်မှာပေါ့ .."

"မလုံခြုံဘူး အောင်ဟိန်း .. ငါနားမှာနေတာ သူ့အတွက်ပိုပြီးအန္တရာယ်ရှိတယ်၊ မင်းသိတဲ့အတိုင်း ငါက ဘာလုပ်လုပ် လူပြောသူပြောကင်းတဲ့ကောင်မဟုတ်ဘူး .."

"ဘာလုပ်လုပ် တော်တယ်ပဲဖြစ်နေလို့ပါကွာ ..၊ ဒါ စိတ်ညစ်စရာမဟုတ်ပါဘူး .."

"စိတ်ညစ်လို့မဟုတ်ဘူးကွ .. ငါ့အတွက်ငါလည်း ဘယ်တုန်းကမှ မပူခဲ့ဖူးဘူး .."

"အဲဒီတော့ မင်းဘာလုပ်ချင်သလဲ .. သူ့လူကြီးတွေကတော့ ဆက်သွယ်လိုက်တာနဲ့ မိနစ်စက္ကန့်အတွင်း ရောက်လာကြမှာပဲ ..၊ သူတို့က နေရာတိုင်းမှာရှိတယ် .."

ဒါဆို ခရီးတစ်ခုအဖြစ်သွားရတာမျိုး မဖြစ်ဘူးပဲ ..၊

မြသား အတွက် ဘာအန္တရာယ်မှ မရှိနိုင်ဘူးဆိုလျှင် ထိုလမ်းကိုပဲ သူ ရွေးရမှာဖြစ်သည်။ သူမကို ရဲလက်အပ်လိုက်ဖို့လည်းမလို၊ သူ့ပို့ပေးဖို့လည်းမလိုဘဲ ..၊





"သူ့လူကြီးတွေဆီ မင်း အကြောင်းကြားလိုက်လေ ..၊ မနက်ကျရင် ငါ မင်းလက်ထဲလာထည့်ပေးမယ် .."

"အခု .. ဘာဖြစ်လို့လဲ .."

အောင်ဟိန်း တမင်နောက်မေးတာမဟုတ်မှန်း သူသိလိုက်သည်။ ဒါပေမယ့် ခုလည်း မိုးချုပ်သေးတာမဟုတ်ဘဲ သူ ဘာဖြစ်လို့ မနက်ဖြန်မှလို့ ပြောလိုက်မိမှန်း ကိုယ့်ကိုယ်ကိုယ်လည်း နားမလည်တော့ပေ ..။

"မြစေ .."

"ပြော .."

"မင်းကိုယ့်ဒုက္ခကိုယ်မရှာစမ်းပါနဲ့ကွာ ..၊ အခု ဘာမှမဆိုင်ဘူးလို့ ပြောနေရင်းနဲ့တောင် သူ့အတွက် သောကတွေ မင်းခံစားနေရပြီ၊ ငါ အကဲခတ်ရသလောက်ဆိုရင် သူတို့က တော်တော်ခန့်မှန်းရခက်တဲ့လူတွေနော် မလွယ်ဘူး .. ပြီးတော့ ဒီကောင်မလေး ဘယ်လေနဲ့လွင့်ပါလာတာလဲ ငါတို့ဘာမှသိတာမဟုတ်ဘူး၊ တကယ့်အရှုပ်ဇယားကြီးနော်.."

ဘယ်လိုရှုပ်ထွေးမှုတွေရှိနေနေ မြသား ကတော့ ဒီလိုမိန်းကလေးမဟုတ်နိုင်ဘူးဆိုတာ သူ ယုံကြည်သည်။

"ခုလည်း အချိန်ရှိသေးတာပဲ ..၊ သူ့မိဘတွေကို အကြောင်းကြားပြီး ပြန်ပို့လိုက်ပါလား၊ ငါ လာခေါ်ပေးရမယ်ဆိုရင်လည်း အိုခေတစ်ချက်ပဲနှိပ်လိုက် .."

မြစေ ထံမှ တိတ်ဆိတ်နေမြဲဖြစ်လျှင် အောင်ဟိန်း ဘက်ကလည်း ခဏတိတ်သွား၏။ ပြီးမှ ..၊

"မင်းသဘောပဲလေ .. နေက်မှဆိုလည်း ဖြစ်တာပဲ .."

"မဟုတ်ဘူး အောင်ဟိန်း .. ငါ ဒီညပြန်ပို့ပေးမှာ .."

"ဟင် .. ဘာဖြစ်တာလဲ .. ရင်နာနာနဲ့လား .."

"ငါ အဲလောက်ထိမဖြစ်ပါဘူး၊ သူ မပြန်ချင်မှန်းသိလို့ နည်းနည်းတော့ သနားတယ်၊ အဲဒါကိုပြောပြဖို့အချိန်တော့ပေးကွာ .. ငါ ဒီညအေးအေးအေးဆေးဆေး စားလိုက်ချင်တယ် .."



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ .. လုပ်ပါ .. မင်း အိုခေရင်သာ ဖုန်းဆက်လိုက် .."

ညနေခင်းရဲ့ အလှအပတွေအားလုံး ပျောက်ဆုံးသွားခဲ့၏။ လေနုအေး ဆိုတာလည်း လေပွေ့နွေးတွေဖြစ်သွားပြီလားထင်ရလောက်အောင် ကိုယ်က အပူရှိန်းတွေကို မအေးမြစေခဲ့ပေ ..။

ဝရန်တာတန်းတွေပေါ်မှာ ခြေတစ်ဖက်တင်၍ လက်ထောက်ထား ရင်း နေခြည်ဖျော့ဖျော့နှင့် လမ်းဘက်ကို ငုံ့ငေးနေမိ၏။ သူမအပေါ်မှာ သူ ဒီလောက်ထိ ငြိတွယ်သွားခဲ့သလား ..။

ကိုယ့်ကိုယ်ကိုယ် မသိလိုက်ခင် ဝဲဘက်ရင်အုံတည့်တည့်မှာ မီးပွား လေးတစ်စ ဘယ်တုန်းကလွှင့်ကျလောင်ကျွမ်းနေခဲ့တာလဲ ..။ နေးကွေး သော ခြေလှမ်းတွေက လှုပ်လီလှုပ်လဲ့နှင့် နေရာမှ ခွာလာခဲ့ပြီး ..၊

"ကိုကြီး ဘယ်လဲဟင် .."

တံခါးဝဘက်ကိုလှည့်လိုက်ပြီးမှ နောက်ကျောကအသံလေးကြောင့် သူ ခြေလှမ်းတုံ့သွားသည်။

"အပြင်မှာ ထမင်းသွားစားမှာဆို .."

သူ လှည့်လည်းမကြည့်၊ ဖြေလည်းမဖြေ ..။

"ဖုန်းပြောနေတာလည်း အကြာကြီးပဲ .. မှ မသွားသေးဘူးလား.."

သူ ဘာပြောရမလဲ ..၊

မြသား ကို ခေါ်သွားပြီး စားသောက်ရင်းရှင်းပြရမလား ..။

ကျိုခနဲ အံကြိတ်လိုက်မိကာ ခေါင်းခါမိမတတ်ဖြစ်သွားသည်။ သူမကို ပြန်ပို့ဖို့ပြောလိုက်တာနှင့် မျက်ရည်ပေါက်ပေါက်ကျကာ သူ့ ရှေ့မှာ မျက်လွှာချထားလိမ့်မည်။

ဒါပေမယ့် ဂငယ်ပုံမှဲ့ခနဲ တွန့်ခနဲ ကလေးလေးတွေ ငိုသလို ကြိတ် ရှိုက်နေတာကိုတော့ သူမြင်နေရမှာပဲဖြစ်ကာ စားသောက်ပွဲကြီးအလယ် မှာထားပြီး ဘယ်သူမှ စားသောက်ဖြစ်ကြမှာလည်းမဟုတ် ..။

"စောသေးတယ် .. ပြီးတော့ မင်းမျက်နှာက ဒဏ်ရာက ကြည့်ရ ဆိုးနေတော့ မိုးချုပ်မှ ထွက်စားကြတာပေါ့ .."





ပြောပြီး သူ ခြေလှမ်းပြင်လိုက်လျှင် ..၊

"ကြည့်ရဆိုးတော့ ဘာဖြစ်လဲ .. ကိုကြီး ရိုက်ထားတာလို့ ဘယ် သူမှမှ မသိတာ .."

"မြသား .."

သူ ပြန်လှည့်ရပ်လိုက်တော့ ရွှေထုပ်လေး က မျက်လွှာချပစ်ပေမယ့် နှုတ်ခမ်းလေးတော့ စူနေကာ ..၊

"ကိုကြီးသွားရင် သား လိုက်မှာပဲ .."

"ငါက ဘာသွားလုပ်မယ်ထင်လို့လဲ .."

"မသိဘူး .. ကိုကြီး ဘေးမှာနေရမှ သားကိုယ်သား လုံခြုံတယ် ထင်တယ်၊ ကိုကြီးနဲ့ ဘေးဝေးနေရရင် ကြောက်တယ် .."

မေးရိုးအထက်နားလေးမှာ လက်ရာတစ်ချို့ထင်လျက် သူမလေးကို ရိုက်လိုက်မိကာမှ ဒီမျက်နှာလေးကို စေ့စေ့မကြည့်ရက်အောင် ဖြစ်သွား ခဲ့သည်။

သူမကို ဘယ်လောက်ထိ ကရုဏာဒေါသတွေနဲ့ ရစ်ပတ်နှောင်ဖွဲ့ ခဲ့သလဲဆိုတာတွေပါ ခုကျမှသိသာလာခဲ့သည်။

မင်းက 'ရွှေစင်မြသား' ဆိုတဲ့အတိုင်း တန်ဖိုးကြီးရတနာလေးပါ မြသားရယ် ..။

'ရွှေထုပ်လေး' ဆိုတဲ့အတိုင်းပဲ ရိုးသားဖြူစင်တာ မပြောင်းလဲတတ် တာ၊ မမှိန်မဖျော့တဲ့ ဂုဏ်သတ္တိတွေနဲ့ မင်းရဲ့တန်ဖိုးက ငါ့လိုလူနဲ့ဘယ် လိုမှ မပတ်သက်မအပ်စပ်ပါဘူး။

သူ သက်ပြင်းချ၍ မွန်းကျပ်နေတာတွေ ပြေလျော့ပစ်မိသည်။ ဒါပေမယ့် ဘယ်လိုမှလည်း မပြေ ..။

"ရော့ .."

သူ အင်္ကျီအိတ်ထဲက ဘောလ်ပင်နီတိုတိုလေးတစ်ချောင်းကို သူမ လက်နားထိ လှမ်းပေးလိုက်ကာ ..၊

"မင်းအကြောင်းရှိရင် ဒီဘောလ်ပင်နီထိပ်လေးကို နှိပ်ရုံလိုက်.."



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့ ဘာဖြစ်မှာလဲဟင် .."

"ဒီထဲမှာ အချက်ပြစံနစ်ထည့်ထားတာ၊ မင်း ဒါကိုနှိပ်လိုက်တာနဲ့ ငါ့နာရီမှာ လာမြည်လိမ့်မယ် .."

"ခု နှိပ်ကြည့်မယ်နော် .."

ကလေးငယ်လေးတစ်ယောက် အရုပ်တစ်ခုရသလို ဘောလ်ပင်ကို စိတ်ဝင်တစားယူသည်။ နှိပ်ကြည့်ပြီး မြခေ ဆီက အသံသဲ့သဲ့လေး မြည်လာတော့ သူမ သဘောတွေကျနေ၏။

ထိုအသံကို မြခေ ဝိတ်လိုက်မှ အသံရပ်သွားတာကိုလည်း ရယ်ပြန်ကာ..

"ကိုကြီးလို့ လှမ်းခေါ်လို့မရဘူးလားဟင် .."

"မရဘူး .. ဒါ ကစားစရာမဟုတ်ဘူးနော် .. လျှောက်နှိပ်မနေနဲ့.."

"ဟုတ် .."

သူ ထွက်လာခဲ့တော့ သူမ အမေ့တလျော့ကျန်ခဲ့၏။ ပြီးမှ နောက်ကနေ လှမ်းအော်လေသည်။

"ကိုကြီးက ဟိုရဲအစ်ကိုကြီးနဲ့ သွားတွေ့မှာမဟုတ်ဘူးမို့လားဟင်.."

ခဏစောင့်နေပေမယ့် သူ ပြန်မဖြေမှန်းသိလျှင် ..၊

"ကိုကြီး သား မပြန်ချင်သေးဘူးနော် .. နော်လို့ .. ကိုကြီး ကြား လား .."

တကယ်မကြားရဘူးဆိုရင်လည်း ကောင်းသား ..၊





## အခန်း (၂၅)

ဆိုင်ထဲဝင်ထိုင်မိသည်နှင့် သူ့ရှေ့က ကျူးလစ်ပန်းတွေထိုးစိုက်ထားသည့် အလှပန်းအိုးကြီးကို မျက်နှာမူပြီးသားဖြစ်သွားခဲ့၏။

ပြီးတော့ နှင်းဆီအနီရဲရဲတွေနှင့် ကြယ်တာရာပန်းတွေဝန်းရံ၍ အလှဆင်ထားသေးသည့် ကျူးလစ်ပန်းကို တစ်ချို့က ဖွင့်ဟခြင်းလို့အဓိပ္ပာယ်ကောက်ကြ၏။

နှင်းဆီနီနီတွေကတော့ အနီရောင်ရင့်ရင့်မှာ ဆူးတွေကကော့ထောင်နေကြသေးသည်။ ဒီပန်းနှစ်မျိုးကိုပဲ ငေးခနဲကြည့်မိကာ ကိုယ့်အဖြစ်ကို သွားမိပြီး ခပ်မဲ့မဲ့ပြုံးဖြစ်၏။

ထိုစဉ် ဝိတ်တာကောင်လေးရောက်လာကာ ..၊

"အစ်ကို ရေသန့်ပဲလား .."

"အေး .."

ရေသန့်အရင်မှာတတ်သည့် သူ့အကျင့်ကြောင့် ဆိုင်တစ်ဆိုင်ကို တစ်ခါလောက်ထိုင်မိတာနှင့် သူ့ကို ဆိုင်က သတိထားမိသွားတာဂင်။ နောက်တစ်ခါတော့ စားစရာမှာဖို့လည်း အာရုံမရှိပေ ..။

ထိုင်မိတာနှင့် သူ့ဆီကို ဒုတိယအကြိမ် ပြန်ရောက်နေခဲ့သော ရွှေထုပ်လေးကိုထုတ်ယူကြည့်နေမိသည်။ ဘာဖြစ်လို့ အမှတ်တရလုပ်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မှန်းမသိဘဲ မှချိန်ထိ သူမကို ပြန်ပေးဖို့ထပ်မကြိုးစားမိတာကိုလည်း နားမလည် ..။

ကိုယ့်ကိုယ်ကိုယ်တောင် နားမလည်နိုင်တာတွေရှိနေခဲ့သော သူလို လူကို လူတွေကဘာဖြစ်လို့ 'ဒီကောင် သချာတော်တယ်' လို့ပြောနေကြတာလဲ ..။

ထို့ပြင် သူ့ရဲ့ ရန်သူတော်ကြီး ဦးရှိန်မောင် ၏ မကျေမနပ်ရေရွတ်သံတွေကိုမှတ်မိနေသေးသည်။

"မင်းခေါင်းက သချာတွေတွက်နေမှတော့ မင်း မဆင်းရဲနိုင်ပါဘူး၊ လောကမှာ အရာရာကို သချာနဲ့ဖန်ဆင်းထားတာ ..၊ တိုးတက်မှုတိုင်းကလည်း သချာပဲ .. မင်းရဲ့ခေါင်းက မင်းမတွေးပေမယ့် သူ့အလိုလို ပရိုဂရမ်ရေးနေတဲ့ ခေါင်း၊ မင်း အရမ်းတော်နေလေ မင်းဘဝ မအေးချမ်းလေပဲ ..၊ အေး .. ဘယ်လိုမအေးချမ်းတာမျိုးလဲဆိုတာ မင်းမကြာခင်သိရလိမ့်မယ် .." ဟဲ့ ..။

သူတို့ပေးခဲ့တဲ့ လက်တွေ့သင်ခန်းစာက အကျိုးကျေးဇူးကြီးမားလှပါ၏။

ဒီဘဝ ဒီပညာတွေကို သူလုံးဝ ကျောခိုင်းစွန့်လွှတ်ထားပစ်ခဲ့မိတဲ့အထိ ..။

ဦးရှိန်းမောင်၊ ပြီးတော့ ဦးကောင်း၊ ပြီးတော့ အမေရိကမှာ သူ ရင်းနှီးပတ်သက်ခဲ့သော တခြားလူတွေ ..။

အတိတ်မှာ အဆိုးအကောင်း အကျိုးအကြောင်းတွေနှင့် သူ မြန်မာနိုင်ငံပြန်ရောက်လာတော့ နှလုံးသားမှာ အတွင်းကြေဒဏ်ရာနဲ့ဖြစ်သည်။

ဒီလူတွေနဲ့ မပတ်သက်တော့အောင် ကျောခိုင်းထွက်ခွာခဲ့သော်လည်း ဦးလှအောင် နှင့် မြင့်အောင် တို့အဖွဲ့၊ ပြီးတော့ ဦးပညာ နဲ့ ဦးချစ်နိုင်တို့လူစုတွေ ..၊

ထို့ပြင် သူ အတည်အမြဲမနေတတ်ခဲ့သော ရပ်ကွက်ကြိုကြားထဲထိ စုံစမ်းရှာဖွေလာခဲ့ကြသည့်လူတွေ ..။





တစ်ချို့ကို သူက သိပေမယ့် တစ်ချို့ကို သူက မသိဘဲ ..၊

တစ်ချို့က လိုအပ်ချက်ကို ယဉ်ယဉ်လေးပြောကာ တစ်ချို့ကတော့ ခြိမ်းခြောက်မှု၊ လုပ်ကြံမှုတွေနှင့် ..။

သူ့ဆီ အလိုရှိနေကြတာကလည်း အားလုံးအတူတူပဲဖြစ်ကာ အရင်းခံတော့ အမြစ်မြေကဆိုသလို ဦးရှိန်းမောင် ပြောသည့် သချာတွေပဲဖြစ်သသည်။

"ငါလိုချင်တဲ့ ဆော့ဖ်ဝဲမျိုး မင်းပဲရေးနိုင်မှာ .."

"ဒီကုမ္ပဏီရဲ့ လျှို့ဝှက်ဖိုင်ကို မင်းပဲ ဖျက်ပေးနိုင်မှာကွ .."

"ကြိုက်သလောက်ပြော၊ မပြောချင်ရင် ဟောဒီမှာ မင်းကြိုက်တဲ့ ထန်းတွေ ရိုက်ထည့်လိုက်ကွာ ..၊ ဟင့်အင်းဆိုတာမရှိစေရဘူး .."

"အဆိပ် .. မင်းက အဆိပ်လိုပြင်းတဲ့ကောင်ပဲ၊ မင်းဘာသာ လိမ်တာဖြစ်ဖြစ်၊ တကယ်တော်တာဖြစ်ဖြစ် ဒီပွဲမှာ မင်းလျှော့ကစားလိုက်ပါ၊ ဘယ်လောက်လိုချင်သလဲ .."

ဒီလူတွေ .. ဒီမျက်နှာတွေ၊ ပြီးတော့ .. ပြောကြတဲ့စကားတွေ ..။

စိတ်ရှုပ်ထွေးခြင်းက ကြည်နူးလွမ်းမောစရာတွေကိုတောင် တွေးချိန်မပေးတော့ဘဲ မျက်တောင်တစ်ခတ်လေးမှာပဲ အသက်ရှူကြပ်လောက်အောင် ပေါ်လာကြလေသည်။

ထို့ကြောင့် ဘေးမှာရှိနေသည့် ရေသန့်ဘူးကိုဆွဲယူကာ အပေါ်ယံစတ်(ပ်)ကိုဆွဲခွာလိုက်ပြီး ..၊

ဘာဖြစ်တာလဲ ..၊

ဘူးအဖုံးကိုဖွင့်လိုက်တော့ အဖုံးက ပါကင်မဟုတ်ဘဲ ဖွင့်ပြီးသားဖြစ်နေ၏။ အမှတ်တမဲ့ဆွဲဖွင့်လိုက်ရင် သိပ်သိသာမှာမဟုတ်ပေမယ့် သူကတော့သိလိုက်၏။

ဒါ ရိုးသားရဲ့လား ..၊

သံသယလေးတစ်ချက်မှာ သတိဆိုသည့် ဆင့်မအာရုံက နိုးကြားခဲ့သည်။ တစ်ခါက အမှတ်တမဲ့ ပြီးပျောက်ခဲ့သော မြဲသားမှုစကား



www.burmeseclassic.com

တွေ ..၊

"ကားစီးနေတုန်းမပြောနဲ့ ဒီတိုင်းထိုင်နေရင်းနဲ့တောင် သား တစ်ခါမှ ငုတ်တုတ်အိပ်မပျော်ဖူးဘူး .. ပြီးတော့ စံအိမ်မှာဆို သားက စားစရာတွေတစ်မျိုးပြီးတစ်မျိုး တစွတ်စွတ်စားနေတတ်တာ ..၊ ဗိုက်ဆာရင် အိပ်လို့ကိုမရလို့လေ၊ အခု သား ဘာမှမစားဘဲနဲ့ ကိုကြီး ဝယ်ထားတဲ့ ရေဘူးကို ယူသောက်တာပဲရှိတာ .."

သူမ ပြောတုန်းက နောက်ထပ်ဝင်လာသည့် ပြဿနာတွေကြောင့် ဒီအဖြစ်က ပြီးပျောက်သွားခဲ့တာဖြစ်သည်။

"အကျင့်တစ်ခုကို မဖျောက်နိုင်ဘူးဆိုတာ လူတစ်ယောက်အတွက် ပစ္စုပ္ပန်မှာရော အနာဂတ်မှာပါ မကောင်းဘူးကွ .."

ရေသန့်ဘူးကို ဒီတိုင်းပြန်ချထားလိုက်ကာ သူ့အကျင့်ကြောင့် ဆရာ ပြောခဲ့ဖူးတာကို သတိရမိပြန်၏။

"လူတစ်ယောက်က အပြုအမူတစ်ခုကို ပုံမှန်စွဲမြဲသွားပြီဆိုရင် သေားလူလုပ်ကြဲဖို့လွယ်သွားတာပဲ ..၊ ဥပမာ ပိုက်ဆံကို တံတွေးဆွတ်ပြီးမှ ရေတတ်တဲ့ လူတစ်ယောက်က သူ့ဘေားမှာ ရေမြှုပ်ခွက်ဖြစ်ဖြစ် ဘာရှိနေနေ လက်ကိုတံတွေးဆွတ်ပြီးမှပဲ ရေတယ်၊ အဲ့ဒါကိုသိထားတဲ့ လူက ပိုက်ဆံမှာ အဆိပ်လိမ်းထားလိုက်တော့ သူ သေသွားတယ် .." တဲ့ ..။

"ကိုယ်ကလူပဲကွ .. ကိုယ့်မှာ မကောင်းတဲ့အကျင့်တစ်ခုရှိနေမှန်း သိရင် ရအောင်ပြင်နိုင်ရမယ်၊ လူလူချင်း အတူတူပဲကို သူများကလုပ်ကြံတာ ခံလိုက်ရရင် အဲဒါ သူတော်လို့မဟုတ်ဘူး .. ကိုယ်ညံ့တာ .." တဲ့။

ဒါဆို သူ ညံ့နေတာ နှစ်ခါရှိပြီပဲ ..။

သူသောက်မယ့် ရေထဲမှာ အိပ်ဆေးခတ်ထားလို့ မြသား က စားစာခံဖြစ်ခဲ့ပြီးပြီ။ ဒါလည်း သူ သတိမထားမိဘဲ ဆိုင်မှာထိုင်လိုက်တာနှင့် ရေသန့်ကိုပဲ တန်းမှာခဲ့၏။

ဒီတစ်ခါ သူ့ကိုအိပ်စေချင်တာလား၊ သေသွားအောင်လို့လား ..၊





သူကရော သေသွားမှာကို ကြောက်နေတဲ့လူမို့လို့လား ..။

ရေကို ဖန်ခွက်ထဲ ခပ်တည်တည်လောင်းထည့်ကာ မဲ့ပြုံးတစ်ချက် ဖြစ်သွားခဲ့သည်။

"မင်းတို့ သတ်လို့မသေနိုင်ပေမယ့် သူများလုပ်ကြံတာကို နောက်တစ်ခါတော့ ထပ်မခံနိုင်ဘူး .."

ရေတွေကို စားပွဲအလယ်မှာ ရွှေ့ချထားလိုက်ပြီး ပြုံးလိုက်မိ၏။ သူ့ကို တစ်နေရာကနေ စောင့်ကြည့်နေကြသည်ဆိုလျှင် သူသိနေပြီမှန်း ခုလောက်ဆို သူတို့လည်း မြင်ကြလိမ့်မည်။

ဂရုမစိုက်သော မဲ့ပြုံးတို့က နာကြည်းသောအံကြိတ်ခြင်းတို့ကြောင့် ပို၍အကျည်းတန်သွားခဲ့ပြီး ဖုန်းထုတ်ယူလိုက်သည်။

"အောင်ဟိန်း .. အေး .. ငါ့လိပ်စာပြောပြလိုက်တော့ သူတို့သွားခေါ်ကြပါစေ .."

"…. …. …. …."

"စကားမများစမ်းပါနဲ့ကွာ .. ငါအခု အပြင်မှာ .."

"…. …. …. …."

"ဟုတ်တယ် .. သူက အိမ်မှာ .."

စိတ်ထဲမှာ အန္တရာယ်ဆိုတာကို ခံစားမိလိုက်တာနှင့် မြသား နဲ့ ပတ်သက်ပြီး မပြတ်သားခြင်းက ချက်ချင်းပြတ်သားနိုင်ခဲ့၏။

မင်းကိုယ်မင်းပဲ လုံခြုံအောင်ကာကွယ်လိုက်ဦး မြခစ ..။ သူများအတွက်ဆို မင်း ပူမနေနဲ့ ..။

ကိုယ့်ကိုယ်ကိုယ် သတိချပ်ရင်း ကော်ပြန့်စိမ်းတစ်ပွဲမှာလိုက်သည်။

ပုံမှန်အတိုင်းနေ၊ ပုံမှန်အတိုင်းပဲစား၊ မင်း မူပျက်လေ သူတို့တကြံစည်လေ ..။

ဆိုင်ထဲကို လှည့်ပတ်ကြည့်လိုက်တော့ စားပွဲတိုင်းမှာ လူရှိနေသယောင် ခပ်ကျဲကျဲပဲဖြစ်သည်။ အားလုံးက ကိုယ့်အာရုံနဲ့ကိုယ်ရှိနေကြတာ သူလည်း တစ်ခါမှမသိသည့်လူတွေ ..။



www.burmeseclassic.com

www.burmeseclassic.com



သိပ်မကြာလိုက်ခင် ကော်ပြန့်စိမ်းရောက်လာ၏။ သူ ပန်းကန်ကို အနားဆွဲယူလိုက်စဉ် ချထားသည့် ဖုန်းကမြည်လာ၏။ ကိုင်လိုက်တော့ သူ ထင်သည့်အတိုင်း ..။

"ကော်ပြန့်စိမ်းထဲမှာလည်း အဆိပ်ပါနေတယ် ..၊ မင်း စားရဲမှ စားနော် .."

"ခုလို အသိပေးတာ ကျေးဇူးပဲ .."

"မလိုပါဘူးကွာ .. ထင်းခွေမကြုံရင်လည်း ရေခပ်တော့ကြုံဦးမှာပါ၊ ခဲ(ဂဲ)မှန်ဖူးတိုင်း လေးညို့သံကိုသိနေရင် ငါတို့တွေ ငှက်သေသား ဘယ်စားဖူးကြမလဲ .. အဟွန်း .. သတိတော့ထားပေါ့ .."

ဖုန်းထဲကနေ ခပ်မိန့်မိန့်ကြီး ရယ်သွားသေးသည်။ သူကလည်း တစ်ပွဲလုံး ကုန်အောင်စားပေးလိုက်ပြီးမှ နောက်ထပ်ရေသန့်တစ်ဘူးထပ် မှာပြီးသောက်သည်။

အခြေအနေတစ်ခုက ဆိုးမလိုကောင်းမလိုနှင့် ဘာမှမဟုတ်ဘဲ ပြီးဆုံးသွားခဲ့သော်လည်း နောက်ထပ်မြည်လာသည့်ဖုန်းသံက နောက်ပြဿနာ တစ်ရပ်နှင့် ..၊

"ဟလို .."

"မြစေ .."

ဖုန်းထဲကအသံကြောင့် စိတ်ထဲမှာ တစ်ခုခုကိုခံစားမိလိုက်သည်။ ဒီအနီးအနားပတ်ဝန်းကျင်မှာ သူ့ကို မြစေ လို့ခေါ်တဲ့လူသိပ်မရှိ ..။

"မင်း ငါ့အသံကိုမှတ်မိမှာပါ .."

"ဦးရှိန်းမောင် .."

"ဟား .. ဟား .. ဟား .."

ရယ်သံကြီးအရ သူ့စိတ်တွေ အတိတ်ဆီပြန်ပြေးသွားကာ မုန်းတီးနာကြည်းမှုတွေနှင့် တဖျင်းဖျင်းဆူပွက်လာ၏။

ဒီလူကြီးဟာ ငိုနေရင်တောင် ရယ်ရင်းငိုသွားမှာဖြစ်သည့် အထက်စီးဆန်ရခြင်းကို လွန်စွာနှစ်သက်သော ဦးရှိန်းမောင် သာဖြစ်နေခဲ့လျက်..။





"မင်းဘက်ကလည်း ကျောင်းတော်က ရန်စဖြစ်သလို မင်းပြန်သွားလို့ ယိမ်းယိုင်ကျန်ရစ်တဲ့အခြေအနေအရ ငါကလည်း မင်းလိုပဲ မြစေ..၊ ဒါပေမယ့် မင်းကဆုံးရှုံးခဲ့တာအသက်၊ ငါ ဆုံးရှုံးခဲ့ရတာက လုပ်ငန်းစီးပွား .."

"အဲ့ဒီတော့ နစ်နာတာချင်းအချိုးချကြည့်ချင်တာလား .."

"မချပါဘူး .. ဒါပေမယ့် မင်းက ပိုပြီး နားအုံမထင်အောင်ပြောပြချင်တာ ..၊ ငါ့အောင်မြင်မှု ငါ့စီးပွားအပေါ်မှာ ငါ့အသက်လောက် ခုံမင်တယ်ဆိုရင် မင်းနဲ့ငါ လယ်ဗယ်(လ်) ပဲမို့လား ..၊ အဲဒီတော့ ခု ကိုယ်ဆက်သွယ်တဲ့ကိစ္စက သပ်သပ် .."

"ခင်ဗျားနဲ့ကျုပ် ဘာအကန့်နဲ့မှ ပတ်သက်ဖို့မရှိဘူး၊ ခင်ဗျားရဲ့ခေါင်းကို လာမဖြတ်ဘဲ လွှတ်ထားခဲ့တာ ခင်ဗျားဘာသာ မပေါက်ဘူးလား .."

"ပေါက်တာပေါ့ .. ဒါပေမယ့် မင်းကိုယ်တိုင် အားမတန်လို့ မာန်လျှော့သွားတယ်ပဲ အဖြေထွက်နေတာလေ ..၊ အောက်ကနေပြီး ကြောက်ပြီလားလို့ ပြန်မေးမနေစမ်းပါနဲ့ကွာ ..၊ ဒီမှာ မြစေ .. မင်းတို့လို ပညာတတ်တွေ ဘယ်လောက်ပဲ တော်နေနေ ငါတို့ရဲ့ အခိုင်းခံတွေပါပဲ၊ ငါတို့က ငွေများများပေးချင်အောင် မင်းတို့အသေအလဲကြိုးစားကြရတယ်၊ အဲဒီတော့ ရှိခဲ့ဖူးတဲ့ မာနမျိုးတွေ ထပ်ထားနေဦးမယ်ဆိုရင် ဖြစ်ခဲ့ဖူးတဲ့ အဖြစ်မျိုးတွေ မင်းကြုံရလိမ့်မယ် .."

"ဘာ .."

"အချင်းချင်းမို့ ဇက်စမ်ချန်ပဲ ကြိုပြောထားတာပါ .."

ဦးရှိန်းမောင် က အောင်နိုင်သူကြီးလို ရယ်သံတွေထည့်ပေးနေသေးသည်။ ပြီးမှ စိတ်မကောင်းဖြစ်သွားပြန်သည့် သက်ပြင်းချသံနှင့် ..၊

"မင်းရဲ့ဆာ ဂျက်မော်ဂန် ကတော့ သူ့တပည့်နဲ့ မတည့်တဲ့ငါ့ဆီမှာပဲ ဝတ္တရားဝန်တွေထမ်းဆောင်သွားတာလေ၊ သူလုပ်ပေးသွားတာတွေ မနည်းဘူးပဲ ..၊ အဲဒါတွေက ဘာကြောင့်လို့ မင်းထင်လဲ မြစေ ..၊ ငွေ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်ပဲပေါ့ကွ၊ မင်းကလွဲရင် အားလုံးက လူသားဆန်စွာနဲ့ ဘဝကို သက်တောင့်သက်သာဖြတ်သန်းသွားကြတာပဲ ..၊ အင်း .. ဒါတွေကို ကောင်းမြိုင် ဆီကနေ မင်း ကြားပြီးလောက်ပါပြီ .."

ဦးကောင်းမြိုင် နဲ့ ဦးရှိန်မောင် တို့က မြန်မာနိုင်ငံမှာတည်းက အစစအရာရာ ပြိုင်ဆိုင်ခဲ့ကြတာဖြစ်ကာ ဦးရှိန်မောင် က အရင်ဆုံး နိုင်ငံခြားမှာစီးပွားလမ်းပွင့်သွားခဲ့သည်။

ဦးကောင်း ရောက်သွားတော့ ဦးရှိန်းမောင် တို့က အတော်ကြီး မြင့်မားနေပြီဖြစ်လျက် ဦးကောင်း ကို ပြိုင်ဘက်လို့လည်း သဘောမထား၊ ရှိနေတယ်လို့တောင် မထင်ခဲ့ပေ။

ဦးရှိန်မောင် အလိုအရ သူ့ထက်သာလွန်နေသူတွေကိုသာ ပြိုင်ဆိုင် ကျော်တက်ဖို့ ကြိုးစားနေခဲ့တာဖြစ်သည်။ ဒါကို ဦးကောင်း က သူ့ကို တမင်နှိမ်ချပုတ်ခတ်သည်လို့ထင်ပြီး အမုန်းကြီးမုန်းနေခဲ့၏။

နိုင်ငံခြားမှာ အပြိုင်အဆိုင်ကြိုးစားနေကြတာမှန်သော်လည်း စီးပွားဖြစ်ချင်သည့်စိတ်ထက် မောဟမျှဉ်းပြိုင်တွေပဲဖြစ်နေခဲ့ကြကာ မြန်မာ နိုင်ငံသားချင်းအတူတူ သူလုပ်နိုင်သလောက် ငါလုပ်နိုင်ရမယ်ဆိုသည့် လောဘဇောတွေကြောင့် ပိုဆိုးနေခဲ့သည်။

ကြံစည်မှုတွေပါလာကြတော့ ထိခိုက်ပျက်စီးကုန်လေသည်။ ထို ရှုပ်ထွေးမှုတွေထဲမှာ မြဲစေ က လုပ်ငန်းရှင်လည်းမဟုတ်၊ သူတို့ကိုလည်း မသိခဲ့ပါဘဲ သူအလုပ်လုပ်သည့် သူဌေး၏အကျိုးစီးပွားကိုဖျက်ဖို့ ဦး ရှိန်းမောင် က စတင်စည်းရုံးခဲ့သည်။

ဦးကောင်း ကတော့ ဦးရှိန်းမောင် က သတိမထားမိသည့် ရှူ့ထောင့် တစ်နေရာကနေ ပစ်ခွင်းဖို့ လက်နက်ကြီးငယ်တွေနဲ့ ချိန်ရွယ် စောင့်ဆိုင်း နေတဲ့သူဖြစ်၏။

ထိုအထဲမှာ တစ်ဦးပြီးတစ်ဦး လိုအပ်လာကြတာက မြဲစေ ကို အသုံး ချဖို့သာဖြစ်နေခဲ့ကြလျက် ..၊

"မြဲစေ .. မင်း နားထောင်နေပါတယ်နော် .."





ဦးရှိန်းမောင် က သူ့ဘက်က အသံတိတ်နေသဖြင့် မေးခွန်းထောက် လိုက်သေးသည်။ ပြီးမှ ...

"မင်းကြောင့် ပြိုလဲသွားတဲ့ ငါ့စီးပွားရေးတွေကို ငါ့နေရာမှာ ငါ သာမဟုတ်ခဲ့ရင် ဘယ်လိုလူမျိုးမှ ပြန်ပြီးထောင်မတ်အောင်မလုပ်နိုင် ဘူး .."

"အဲဒီတော့ ခင်ဗျားကို ဘယ်သူက ပန်းကုံးပြေးစွပ်မှာလဲ .."

"ဘယ်သူ့ဆီကမှ မလိုချင်ပါဘူး .. မင်းဆီကပဲ၊ ဒါပေမယ့် ပန်း ကုံးမဟုတ်ဘူး .. မင်းလုပ်ပေးနိုင်တာတစ်ခုခု .."

"ဒါဆိုလည်း ခင်ဗျား အိပ်မက်တွေ ဆက်မက်လိုက်ဦး .."

"မင်းပဲ အိပ်မက်တွေထဲက နိုးထဖို့လိုတာပါ၊ မင်းဆရာလိုလူ တောင် ငါ့ရဲ့ရက်ရောမှုကိုနားလည်လို့ .."

"ကျုပ်ဆရာ ဘယ်လိုနေနေ ဘာလုပ်လုပ် သူ့အကြောင်းနဲ့သူ .."

"မဟုတ်ဘူး .. အဲဒီအကြောင်းက ငွေလိုချင်တာတစ်ခုတည်းရယ်၊ လူဆိုတာ ငွေမက်လာရင် သစ္စာမဲ့လာတာပဲ ..၊ ဒါကြောင့် သူ့ကိုလည်း ငါမယုံဘူး၊ သူ ငါ့အတွက် အများကြီးလုပ်ပေးခဲ့သလောက် သူသိတာ တွေက သိပ်များနေတယ် .."

မြဲစေ နားထောင်နေရင်း ရင်ထဲမှာ တင်းခနဲဖြစ်သွားသည်။ ဒီစကား တွေ ဘယ်ကိုဦးတည်နေပြီလဲ ..။

"လူဆိုတာ တစ်ခါမှားရင် မတော်တဆ၊ နှစ်ခါဆိုရင် ကိုယ်ညှံ့ တာကွ ..၊ ငါက လူညံ့အဖြစ်မခံနိုင်ဘူး .."

"ခင်ဗျား ဆရာ့ကို ဘာလုပ်လိုက်တာလဲ .."

"ရှင်းပစ်လိုက်ပြီ .."

"ဘာပြောတယ် .."

"ဟား .. ဟား .. ဟား .."

ဂရုမစိုက်စွာ ရယ်ခြင်းတွေထဲမှာ နားဝင်အဆိုးဆုံးပဲဖြစ်လျက်...

"တောက် .."



www.burmeseclassic.com

www.burmeseclassic.com



"ဒါပဲလေ .. မင်းလည်းလူထဲကလူပဲ မြစေ .. ဘယ်လောက်ဟန်ဆောင်တင်းမာနေနေ ချစ်တတ်တယ်၊ မုန်းတတ်တယ်၊ အခု မင်းချစ်တဲ့လူ ထိခိုက်ပြီဆိုတော့ မင်း ဘာဖြစ်သွားသလဲ .."

"ခင်ဗျား တော်တော်ကို ယုတ်မာလွန်းနေပြီ ဦးရှိန်းမောင် .."

"ငါ့ကိုယ်ငါကတော့ ရဲရင့်တယ်ပဲထင်နေတာ .."

ဦးရှိန်းမောင် က စိန်ခေါ်သည့်ရယ်သံနှင့် သူ့ဒေါသကို နှိုးဆွပေးနေခဲ့လျက် ..၊

"ငါ ရှင်းရှင်းပဲပြောမယ် ..၊ မင်းဆရာ ငါ့ကိုပညာပြသွားတယ်၊ ဒါက မင်းကို ငါ သတိရလာစေတဲ့အကွက်ပဲ .. နောက်တစ်ခုက ငါ မြန်မာနိုင်ငံကိုရောက်လာတာ တစ်ပတ်ရှိပြီ မင်းကို စုံစမ်းတာမရဘူး၊ ကောင်းမြင့်ဆိုတဲ့ကောင် မင်းကို ရှာတွေ့သွားမှ ငါက သူ့ခြေလှမ်းကြောင့် သိခဲ့ရတာ အဲ့ဒါက ငါ့အတွက်ရတက်မအေးနိုင်ဖွယ်နောက်တစ်ခု .."

ဦးရှိန်းမောင် ကလည်း ခံစားချက်ပြင်းပြင်းနှင့် မနားတမ်းပြောချသွားကာ ..၊

"ကောင်းမြင့် ဆိုတဲ့ကောင်က ငါ့အပေါ်မှာ ခဲမိုးလုံ့မိုးရွာဖို့ပဲ စဉ်းစားနေခဲ့တဲ့ကောင်၊ မင်းကြောင့် ငါ့စီးပွားရေး ယိမ်းယိုင်သွားခဲ့တဲ့ကာလမှာ သူက တိုးတက်အောင်မြင်လာတယ် ..၊ သူ့ကို ဖြုတ်လောက်ခြင်းလောက်ပဲ သဘောထားလို့မရတော့ဘူး ..၊ ငါ့ကို ဒုက္ခပေးချင်နေတဲ့ကောင်က ငါ့ကိုမုန်းနေတဲ့ မင်းဆီ ဆက်သွယ်လာတာ ဘာဖြစ်နိုင်မှာလဲ .."

"ကိုယ့်ကို လူချစ်လူခင်တွေ ဒီလောက်များတော့ ခင်ဗျား ဘယ်လိုအိပ်ပျော်တော့မလဲ .."

"ငါ့အတွက် လူချစ်လူခင်တွေ ရနေဖို့မလိုပါဘူး၊ ငါ့စီးပွားတိုးတက်ဖို့က နံပါတ်တစ်၊ ငါချမ်းသာဖို့က နံပါတ်နှစ်၊ နံပါတ်သုံးကလည်း ငါ အောင်မြင်နေဖို့ပဲ .."

သူပြောသမျှ ဦးရှိန်းမောင် ကလည်း တစ်ခွန်းမှမကျန်ခဲ့ပေ ..။





"မင်းဆရာ ပိတ်ဆို့သွားတဲ့ ဆော့ဖ်ဝဲတစ်ခုကို မင်းဖွင့်ပေးရမယ်၊ လိုရင်းက အဲဒါပဲ မြစေ ..၊ မင်းက စိတ်မရှည်တတ်သလို ငါ့မှာလည်း အချိန်တွေပေါ်နေတာမဟုတ်ဘူး၊ မင်းကို စဉ်းစားခွင့်မပေးနိုင်ဘူး၊ ငြင်းပယ်ခွင့်လည်းမပေးနိုင်ဘူး .."

"နေစမ်းပါဦး ခင်ဗျားက ကျူပ်ရဲ့ပတ်ဝန်းကျင်က လူတွေကို တစ်ယောက်ပြီးတစ်ယောက် အမှည့်ခြွေ ခြွေတယ်၊ ကျကျနနကြီး ပါးစပ်အရသာခံပြီး ပြောပြသေးတယ်၊ အခု အာဏာတွေပါဝါတွေနဲ့ ခိုင်းနေပြန်ပြီ၊ ခင်ဗျား မျက်လုံးထဲမှာ ကျူပ်ကို ဘယ်လိုမြင်နေလို့လဲ .."

"သနားစရာသတ္တဝါပဲပေါ့ .. ငွေမမက်ပါဘူးဆိုပြီး ကလေကချေလိုနေပေမယ့် လောင်းကစားဝိုင်းတွေလျှောက်ထိုင်ပြီး စားဖို့အတွက် ယက်ကန်ယက်ကန်ရှာဖွေနေရတဲ့ သတ္တဝါလေးလေ၊ ငွေရှိမှ ထမင်းစားရတာတော့ မင်းသိနေပါတယ် .."

"ဒါဆို ခင်ဗျားကရော ထမင်းစားရရုံပဲ ငွေရှာနေတာလား .."

"ဘယ်ဟုတ်မလဲ .. မင်းလိုကောင်တွေကို ပြားပြားဝပ်သွားအောင် ထိန်းချုပ်နိုင်ဖို့အတွက် ကိုယ့်ဝမ်းဝရုံရှာနေလို့ရမလား ..၊ အခု မင်းကို ငါ အနိုင်နဲ့ပိုင်းပြီးပြောနေနိုင်တာလည်း မင်းထက်ငါက ချမ်းသာလို့ပဲလေ ..၊ မင်းမှာ ငွေမရှိဘူး၊ ငါ့မှာ ငွေရှိတယ်၊ မင်းက အင်အားမဲ့သေမယ့် ငါ့မှာ အင်အားအပြည့်ပဲ ..၊ အဲ့ဒါကြောင့် မင်းကိုထပ်ပြောမယ် .. ငါ့ရဲ့ ငွေတိုက်ခန်းကို ငါဝင်လို့မရအောင် မင်းဆရာလုပ်ခဲ့တယ်၊ ပြီးတော့ ငါကလွဲရင် တခြားလူဝင်လို့ရတယ်လို့လည်းပြောသွားတယ် .."

သူ ဖုန်းနားထောင်နေ[illegible] မိန်းကလေးသံတစ်ချက်ကို သဲ့သဲ့လေး ကြားလိုက်ရ၏။ ထိုအသံကြောင့် သူ့စိတ်လင့်သွားမိစဉ် လက်ကနာရီမှာ အချက်ပြမီးလေး ဖျတ်ခနဲလင်းလာ၏။

တိုးသဲ့သော မြည်သံလေးထွက်ပေါ်လာလျှင် ဖုန်းကိုင်လျက်နှင့် မြစေ ဆတ်ခနဲထရပ်လိုက်၏။

မြသား ..၊



www.burmeseclassic.com

www.burmeseclassic.com



သူမ တစ်ခုခုဖြစ်နေပြီ ..။

ဒီအချိန်မှာ အချက်ပေးသံမြည်သံလာတာဟာ 'မြန်မြန်မြန်ခဲ့ဖို့' အချက်ပေးတာ ဘယ်လိုမှမဖြစ်နိုင် ..။

ဖုန်းထဲက ခပ်ရှူးရှူးသဲ့သဲ့လေးကြားလိုက်ရသည့် မိန်းကလေးအသံက မြသား ပဲလား ..၊

သူ့ရင်တွေ ပူပူလောင်လောင်ကြီးဖြစ်သွားသည်။ အိတ်ထဲက ပိုက်ဆံထုတ်ကာ ပါသလောက်ဒီတိုင်းချထားခဲ့ပြီး ဆိုင်ထဲကထွက်ခဲ့၏။ ဒီလူကြီး မြသား ဆီရောက်နေတာ မဟုတ်ပါစေနဲ့ ..။

"ပြီးတော့ မသေခင်ပြောသွားသေးတယ်၊ ငါ့ငွေတိုက်ထဲကို တခြားလူ ဝင်လာလို့ရတဲ့လမ်းရှိသေးတယ်တဲ့၊ သူချခဲ့တဲ့ မီးပွားကြောင့် ငါ မင်းဆီပဲ ရောက်လာခဲ့တာပဲ ..၊ ဒီရောက်မှ ထပ်သိလိုက်ရတာဟာ မင်းတို့ ဆရာတပည့်နှစ်ယောက်က ငါ့အတွက် ရေနံချေးဝနေတဲ့ မီးစတွေပဲ .."

"အဲဒီတော့ ခင်ဗျားက ဘာတွေဆင်ကြံကြံထားသလဲ .."

ဖုန်းနဲ့နားကို အတင်းဖိကပ်ထားရင်း မြစေ ခြေလှမ်းကိုရပ်ပစ်လိုက်သည်။ ညစ်၏ ပျို့ရွယ်သောအလှက ဖွံ့ဖြိုးစအပျိုရိုင်းလေးနဲ့ တူလေသည်။

မိုးချုပ်စ ပြိုးပြက်လက်နေသော အိမ်မီးလမ်းမီးတို့နှင့် စိုပြည်နေသည့် အမှောင်ထုက နေ့ရဲ့အလင်းရောင်တွေကို ဝါးမျိုထားခဲ့ပြီပေမယ့် လူတွေက မငြိမ်မငြင်သွက်လက်စွာ လှုပ်ရှားနေကြသဖြင့် အလှမပျက်သေး ..။

မြစေ ကတော့ အကြားအာရုံတို့ကို စူးစိုက်ရင်း လူသံတွေ ကားသံတွေနဲ့ အတတ်နိုင်ဆုံးဝေးအောင် ခြေလှမ်းရွှေ့သည်။ ပြီးတော့ ကြားနေရသမျှအသံတွေထဲမှာမှ ဖုန်းထဲကအသံလှိုင်းတွေကလွဲ၍ တခြားဘာအသံမှ ဝင်မလာအောင် အာရုံကိုစူးစိုက်ခွဲခြားနေခဲ့၏။

ဦးရှိန်းမောင် ၏ စကားသံတွေထဲမှာ မိန်းကလေးသံကို နောက်ထပ်သဲ့သဲ့ကြားရသေးသည်။ ပြီးတော့ အသံက နီးလာ၏။ ပြီးတော့





တက်ခေါက်သံ၊ ပြီးတော့ တံခါးပိတ်သံ ..။

ဒါ ကားတံခါးပိတ်သံမှန်းလည်း သူသိနေ၏။ တခြားအသံတွေကိုခွဲထုတ်ဖျောက်ဖျက်နိုင်သည်နှင့် ဦးရှိန်းမောင် ရဲ့ လှုပ်ရှားမှုတွေကိုပဲ သူ မြင်ယောင်လာခဲ့သည်။

ပြီးတော့ နီးကပ်သည့် တံခါးပိတ်သံ ..၊

ဒါက ဦးရှိန်းမောင် ကားထဲရောက်သွားတာဖြစ်နိုင်၏။

"ဟော့ကောင် .. ငါပြောတာ မင်းကြားလား .."

"ကြားတယ် .."

"ငါ ဆင်ကြံပဲကြံကြံ .. ခြသေ့ကြံပဲဖြစ်ဖြစ် မင်း ခုချက်ချင်း ငါ့ကို အဖြေပေးရမယ် .."

"ဘာလဲ .."

"မင်း ငါ့ရဲ့ကိစ္စတွေအားလုံးကို ဆောင်ရွက်ပေးရမယ်၊ ဒါတွေကို မင်းပဲလုပ်နိုင်မှာမို့လို့ မင်းကိုခိုင်းတာ၊ အဲဒါကိုသဘောတူပြီးရင် မင်းနဲ့ ငါ အပေးအယူတစ်ခု အေးဆေးဖြစ်ပြီလို့မှတ် .."

"သဘောမတူရင် .."

"ဖြစ်ပြီးခဲ့တဲ့ အလားတူဖြစ်ရပ်မျိုး မင်းကြုံရဦးမယ်၊ ဒီတစ်ခါ င်းရင်ဘတ် ဘယ်လောက်ကောင်းကောင်း အတွင်းကြေဒဏ်ရာအပြင်း အထန်နဲ့ ဟပ်ထိုးလဲသွားမှာပဲ မြစေ .. ငါပြောရဲတယ် .."

"ခင်ဗျား အဲ့လောက်တော့ မတော်သေးဘူးထင်တယ် .."

"သိချင်ရင် မင်းရွေးလိုက်လေ၊ အွန်(န်)မှာလား အော့(ဖ်)လား.."

မြစေ မျက်လုံးတွေမှိတ်၍ နားထောင်ရင်း ပြုံးလိုက်သည်။ ဦးရှိန်း မောင် သူရှိသည့်ဘက်ကိုမဟုတ်ဘဲ အလယ်တန်းကျောင်းရှိသည့် နောက် သမ်းကနေ ထွက်သွားပြီကိုသိနေလျက် ..၊

ကားရပ်သွားခြင်းကိုတွက်ကြည့်ကာ မီးပွိုင့်မိနေပြီဆိုတာ သေချာ သွားပြန်သည်။ ပြီးတော့ ကားဘီးတဖြည်းဖြည်းရွေ့နေသည်။ ပြီးတော့ ပြီးသွားပြီမို့ မီးပွိုင့်လွတ်သွားပြီမှန်းသိလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ဘက်ကို ဘယ်လိုသွားမလဲ မှန်းကြည့်နေစဉ် ၁၅၇ မှတ်တိုင်ကို ဖြတ်သွားသည့် အသံတစ်ချက်ဝင်လာ၏။ မီးပွိုင့်နဲ့ အနီးဆုံးမှာ ဒီမှတ်တိုင်ပဲရှိသည်ဆိုတော့ ကားဘယ်လိုသွားနေသည်ဆိုတာ အာရုံမှာ ပြန်ထင်လာ၏။

ထို့ကြောင့် ဒီကား ဘယ်ထိဆက်သွားနိုင်သည်ကိုပါ တွက်လိုက်မိလျက်..

"ကျုပ်စဉ်းစားမယ် သုံးမိနစ်ပဲ .."

ပြောပြီး ဖုန်းချပစ်လိုက်သည်။ နောက်ထပ်နံပါတ်တစ်ခုကို ခေါ်တော့ ခုန ရေသန့်ဘူးနဲ့ပြဿနာရှာခဲ့သော လူစုဆီကိုဖြစ်လျက် ...

"အပေးအယူလုပ်မယ် .. ငါနိုင်းတာလုပ်မလား .."

".... .... .... ...."

"အိုခေ .. အခု မင်းဘယ်မှာရှိနေလဲ အနီးစပ်ဆုံးပြော .."

".... .... .... ...."

"အေး .. ငါ ခုချက်ချင်း အရေးကြီးလိုအပ်တဲ့ကိစ္စရှိတယ်၊ အဲဒါ မင်း အောင်မြင်အောင်ဆောင်ရွက်နိုင်ရင် ကြိုက်တဲ့ဝိုင်းကိုရွေးလိုက်နိုင်အောင်ကစားပေးမယ် .."

သူ ဖုန်းနဲ့ အဆက်မပြတ်ညွှန်ကြားနေရင်း နေရာမှ ပြေးထွက်လာခဲ့သည်။ ပြီးတော့ တက္ကစီတစ်စီးကိုတားပြီး ကားပေါ်တက်၍ ...၊

"အောင်ပါကိန်း .. အေး .. ငါ .."

သုံးမိနစ်မပြည့်ခြောက်မီ သူ အားလုံးကိုချိတ်ဆက်ပြီးခဲ့ပြီး ...၊

တစ်ခါခံရရင် မတော်တဆ၊ နှစ်ခါဆို ကိုယ်ညံ့တာလို့ ခင်ဗျားပြောခဲ့တာ ဦးရှိန်းမောင်၊ ကျုပ်က သုံးခါတောင်ခံခဲ့ရတာဆိုတော့ ခင်ဗျားကို အရှုံးမပေးနိုင်တာ သဘာဝကျတယ်မို့လား ...။

နာကြည်းသော မှဲ့ပြုံးတို့သည် အတိုင်းအဆမဲ့ အမုန်းတို့ဖြင့် ...





## အခန်း (၂၆)

"ဟိတ်ကောင် ကားကိုဘယ်လိုမောင်းနေတာလဲ .. မှတ်တိုင်နားကျော မြန်မြန်သွားစမ်း .. တောက် .."

ဦးရှိန်းမောင် ဒေါသထွက်ကာ ထိုင်ရင်းကနေ ကိုယ်လုံးကြီးပါ ကြွခနဲဖြစ်သွား၏။ မှတ်တိုင်ကနေ ကားစပယ်ယာတွေ ခရီးသည်ခေါ်တာ ဆူညံမိုးမွှန်နေ၏။

ဒါကို သူ ၁၅၇ မှတ်တိုင်နားကဖြတ်ကတည်းက စိတ်ထင့်သွားမိတာဖြစ်သည်။ ဖုန်းပြောနေတုန်း ဖုန်းထဲမှာ ဒီအသံတွေဝင်သွားသလား...၊

"တောက် .. အသုံးကိုမကျဘူး .."

ဖုန်းကို ကုတ်အကျီအိတ်ထဲထည့်လိုက်ကာ ကောင်းကောင်းပြေးခွင့်သာသည့် ကိုယ့်ကားအဖြစ်ကိုပဲ အားမလိုအားမရဖြစ်နေမိသည်။

သူ့လိုပဲ သူ့ရဲ့တပည့်ကျော် ဒီမွန်း(န်) ကလည်း အခြေအနေကို သိပ်မှုနေပုံနှင့် မျက်မှောင်ကုတ်ထားတာ မျက်ခုံးနှစ်ဖက် တစ်ဆက်ကျိုးတော့မတတ်ပင် ...။

"ကားက ဘာဖြစ်လို့ ဒီလောက်တဖျစ်ဖျစ် တဖောက်ဖောက်ဖြစ်နေတာလဲ .."



www.burmeseclassic.com

www.burmeseclassic.com



ဒီမွန်း (န်)က မျက်မှန်ကိုဆွဲချွတ်ပစ်ကာ ဒရိုင်ဘာကိုမေးလိုက်လျှင်—

"ဒီလမ်းကြောက ကျောက်စရစ်ခဲလေးတွေများလို့ပါ၊ ရှေ့က ကုန်းဆင်းဆိုမရှိတော့ပါဘူး .."

ဒီမွန်း(န်) နဲ့ ဦးရိုန်းမောင် မျက်လုံးချင်းဆုံသွားကြသည်။ ဦးရိုန်းမောင် နောက်ခန်းမှာဖြစ်ကာ ဒီမွန်း(န်) က ဒရိုင်ဘာရဲ့ဘေးမှာဖြစ်သည်။ နောက်ခန်းထဲမှာတော့ သူ့လူသုံးယောက်နှင့် ရွှေထုပ်လေး ..။

သူတို့ မျက်လုံးချင်းဆုံသွားပြီးမှ ဦးရိုန်းမောင် က နောက်ခန်းထဲမှာ သတိလစ်နေဆဲရှိသည့် ရွှေထုပ်လေး ဆီ နောက်ထပ်မျက်လုံးရောက —

"တောက် .. လုပ်ရတာ ဘာမှကိုအဆင်မချောသေးဘူး .."

"ဟုတ်တယ် .. ဒီကောင်က အသံဖမ်းပြီး ကြိမ်နှုန်းတွက်တဲ့နေရာမှာ ကွန်ပျူတာထက်မြန်တယ်၊ ကျွန်တော်တို့အပြင်မှာမှန်း ခုလောက်ဆို သူသိနေလောက်ပြီ၊ သူ့နားထဲကို အသံတစ်ခုခု ဝင်သွားတာနဲ့ ပြီးပြီ—"

"ဒီကောင်နဲ့ ဖုန်းအကြာကြီး ပြောနေမိတာကိုက ငါမှားသွားတာပေါ့ .. လမ်းကြောင်းပြောင်းစမ်း .."

"ပြောင်းနေပါပြီ .."

ဦးရိုန်းမောင် ၏ အမိန့်သံဆုံးသည်နှင့် ကားက ဝဲဘက်ယာဉ်ကြောထဲ ပြန်ခေါက်ဝင်၏။ သို့သော် ကားကို သေချာပြန်လှည့်လိုက်ကာမှ—

"ဟာ .. ရှေ့မှာဘာလဲကွ .."

"အက်ဆီးဒင့် ဖြစ်ထားတာထင်တယ် .."

"သေစမ်း .."

ဒါကြောင့် ဒီဘက်ရောက်လာတည်းက ကောင်းကောင်းမသွားဘဲ ကျော်တက်လိုက်ရ၊ လမ်းတောင်းနေရနှင့် ကားဘီးလှည့်လိုက်တိုင်း လမ်းနဲ့ပွတ်ကြိတ်၍ စင်ထွက်သော ကျောက်ခဲသံတွေကို အဆက်မပြတ်ကြားနေရတာဖြစ်သည်။





ဒီလောက်သိသာထင်ရှားစွာ ရွှေ့လျားနေကာမှတော့ ဟိုကောင်ဘယ်လိုမှ မသိဘဲနေမှာမဟုတ် ..၊

"ကဲ .. နောက်တစ်ကြောင်း မြန်မြန် ပြန်လှည့်စမ်း .. မဖြစ်ဘူး၊ နောက်က တစ်ယောက်ထွက်စမ်းကွာ .. သွား .. ကားမောင်းနေတာကို ငါ ကန်ထုတ်မိတော့မယ် .."

ကားက လမ်းဘေးမှာ ထိုးရပ်သွားသည်။ နောက်မြီးထဲက လူတစ်ယောက်ဆင်းကာ ဒရိုင်ဘာနှင့် နေရာချိန်းနေစဉ် ဖုန်းဝင်လာ၏။ ရှေ့မှာထိုင်သည့် ဒီမွန်း (န်) က လှည့်ကြည့်ကာ ..၊

"ဟိုကောင်ဆိုရင် မကိုင်နဲ့ ဘော့စ် .. ပြောလို့မရဘူး၊ ဒီကောင် ဒီနားရောက်ရင်ရောက်နေမှာ .."

မြဲစေ ကို သူတို့မမြင်ရသလို မြဲစေ လည်း သူတို့ကို မျက်ခြေပြတ်သွားခဲ့၏။ သို့သော် ဘာကြောင့် သူ့ရဲ့ တွက်ချက်မှုလွဲသွားခဲ့သလဲဆိုတာ မြဲစေ က ချက်ချင်းပြန်ဖမ်းသည်။

ဦးရိုန်းမောင် ဒီလောက်မ'အ'ဘူးဆိုတာ တွေးမိလိုက်တာနှင့် ဖုန်းခေါ်ဆိုဖို့စိတ်ကူးကို ဖျက်ပစ်လိုက်သည်။

ထို့ကြောင့် ကိုယ့်ဘာသာ စွန့်စားဖို့ဆုံးဖြတ်လိုက်ကာ တစ်ဖက်က ပိတ်ထားနိုင်းသည့်လူတွေကို ဖုန်းခေါ်၍ ...

"ဆုံမှတ်ရွှေ့သွားပြီ .. အခု မလိုက်နဲ့တော့၊ ဘာလုပ်ရမယ်ဆိုတာ ပြီးမှ မက်ဆေ့ချ်ပို့လိုက်မယ် .."

ဒါပဲပြောပြီး ဖုန်းချထားလိုက်၏။ ပြီးတော့ ကိုယ့်ဆုံးဖြတ်ချက်ကို ခိုင်မာစေဖို့အတွက် မျက်လုံးတွေမှိတ်ကာ အသက်ခဏအောင့်လိုက်၏။

ခပ်ဖွေ့ဖွေ့ ဖြည်းလေးစွာ ရှူထုတ်လိုက်သည့် လေငွေ့နွေးတို့အဆုံးမှာမှ မျက်လုံးတွေ ဖျတ်ခနဲဖွင့်လိုက်ကာ ..၊

"ကားဆရာ ပြန်ခေါက်ပြီး ညာဘက်ပြန်ချိုးပေးပါ .."



www.burmeseclassic.com

www.burmeseclassic.com



သူ ဦးတည်လိုက်သည့်အတိုင်း ဦးရှိန်းမောင် တို့ကားကလည်း ထိုညာဘက်တွင်ရှိနေခဲ့လေသည်။ သို့သော် ...၊

"ဟာ .. ဟိုကောင်မလေး ."

"တောက် .. လိုက်စမ်း .."

ဒေါသအလျောက် ဦးရှိန်းမောင် လှမ်းအော်၏။ ဒီမွန်း(န်) က ကားဘေးမှာ ခါးထောက်ရပ်နေရင်း ...၊

"ဟော့ .. သိပ်မလိုက်နဲ့ .."

နောက်မှာ ကိုယ့်ကားတစ်စီးပါလာသေးသည်မို့ ဒီကောင်မလေးကို ပြန်မိမှာပဲဖြစ်သည်။ ပြီးတော့ သူမက လှစ်လှစ်ငါအောင် ပြေးရဲပေမယ့် ကိုယ်တွေက ဝရုန်းသုန်းကားလိုက်ဖမ်းလို့မဖြစ် ...၊

"တောက် .."

မြစေ နဲ့ ပတ်သက်လာတိုင်း အမျိုးမျိုးသော စောင့်စားခဲ့ရခြင်းတွေ မပြည့်ဝနိုင်ခြင်းတွေ ဘယ်လောက်များပြီလဲ ...။

အကြိမ်ကြိမ်တက်ခေါက်မိရင်း ဦးရှိန်းမောင် ကိုယ်တိုင် ကားအပြင် ထွက်လာခဲ့၏။

"ဒီဟာမလေးက ဘယ်တုန်းက သတိရနေတာလဲ .."

ဖြေမယ့်သူမရှိဘဲ မေးနေမိလိုက် တက်ခေါက်လိုက်နှင့် ...၊

"ဒီမွန်း(န်) ဟိုကောင်တွေဆီ ဖုန်းဆက်စမ်း .."

"နေဦး ရှိန်းကြီး ကျွန်တော်တို့ မှန်းထားတဲ့အတိုင်းကွက်တိပဲ .. ဟိုမှာ မြစေ ရောက်လာပြီ .."

"ဘာ .."

ရုတ်တရက် ဒေါသနှင့် လှမ်းကြည့်လိုက်မိပေမယ့် အက်ဆီးဒင့် ဖြစ်နေသည့်ဘက်မှာ ထိုးရပ်သွားသည့် တက္ကစီကိုမြင်လိုက်သည်နှင့် ဦးရှိန်းမောင် ခေါင်းတညိတ်ညိတ်ဖြစ်သွား၏။





"ဒီကောင် ငါတို့ကောင်မလေးကို ဆွဲလာတာသိသွားတာကိုး .."

"ဟုတ်တယ် .. ခင်ဗျား ကားပေါ်ကနေ ဖုန်းပြောလိုက်တာလေ၊ ပြီးတော့ ဟိုကောင်မလေးက သတိလစ်နေတာမဟုတ်ဘူး၊ ဒီကောင့်ဆီ တစ်ခုခုမက်ဆေ့ချ်ပို့လိုက်တာဖြစ်နိုင်တယ် .."

"ဟား .. ဟား .. ဟား .."

ဦးရှိန်းမောင် က နားထောင်နေရင်း မျက်နှာကြီးပြုံးလာကာ တဟားဟားရယ်လေသည်။ သူ့မျက်နှာကြီး သွားအဖွေးသား ရယ်နေတာကို တစ်ဖက်မှာ ကားပေါ်ကဆင်းလိုက်သည့် မြစေ ကလည်းမြင်သည်။

လူတွေရှုပ်နေသည့်ကြားထဲကနေ ဖြတ်ဝင်လာကာ ဦးရှိန်းမောင် တို့ဆီမှာပဲ သူ့မျက်လုံးတွေ စူးစိုက်နေခဲ့၏။ ဒီနေရာမှာ ကားတွေပြန် လှည့်ဖို့မလွယ်၊ ရှေ့တိုးမရနှင့်ရှိကာ ဖွတ်ပြန်ခေါက် ပြန်ကွေ့နေကြသည့် ကားတွေက လမ်းလယ်ခေါင်မှာ ဆုတ်မရတိုးမရ တိုးလို့တစ်လစ် ဖြစ်နေတော့ ပိုဆိုးကုန်၏။

ဒါပေမယ့် ဦးရှိန်းမောင် တို့ ကားကတော့ ဒီအခြေအနေကို လက်လျှော့ပြီး ဒီတိုင်းရပ်နေကြတာ မဖြစ်နိုင်ပေ။ ကားထဲကိုလှမ်းကြည့်ပေမယ့် မမြင်ရသလို၊ ရှေ့ကိုပဲ ရဲရဲတင်းတင်းလျှောက်လာခဲ့စဉ် သူ့ လက်က က အချက်ပေးသံလေးမြည်လာသည်။

ဒီတစ်ခါ မရပ်တော့ဘဲ အကြာကြီးမြည်နေ၏။ တော်တော်ကြာမှ ရပ်သွားလျှင် ဖုန်းဝင်လာခဲ့ပြီး ...၊

"မြစေ .."

သူ ဖုန်းကို ကိုင်လိုက်ပေမယ့် ဦးရှိန်းမောင် နဲ့ သူနဲ့က ဝါးနှစ်ပြန် သာသာလောက်သာ ကွာလျက် မြင်ကွင်းမရှင်းပေမယ့် မြင်နေရ၏။

"ဟား .. ဟား .. ဟား .. မင်းက အရမ်းတော်ပါတယ်၊ တကယ် ကို လက်ဖျားခါလောက်ပါရဲ့ ...၊ ဟွန်း .. ဒါပေမယ့် မင်း ဘယ်လောက်



www.burmeseclassic.com

www.burmeseclassic.com



တော်နေနေ မင်းက ခစားအမတ်၊ ငါက ဘုရင်ပဲ ..၊ မင်းတော်နေတာတွေ ငါ့သားမှာပဲ ခစားပြီး ငါ ချီးမြှင့်ပေးသနားတာကို ခံယူစမ်းပါကွာ.."

ဖုန်းပြောနေသည့် ဦးရှိန်းမောင် ကို ကြည့်ရင်း နားထောင်နေသည့် မြစေ ခြေလှမ်းတွေက တစ်လှမ်းချင်းတိုးလာတာ တစ်ချက်မှ မရပ် ..၊

"မင်းခေါင်းထဲက သချိုာတွေနဲ့ ငါ့နောက်ကို ခြေရာကောက်လိုက်နိုင်ပေမယ့် ရာသီဥတုက ငါ့ဘက်မှာကွ ..၊ ငါ့ရဲ့ ဘုန်းကံကြောင့် မင်းရဲ့ ကောင်မလေးက မင်းနဲ့မတွေ့အောင် သူ့အလိုလိုရှောင်ထွက်သွားတာလေ .. ခု မရှိတော့ဘူး .."

ဦးရှိန်းမောင် က ပတ်ဝန်းကျင်ဝဲယာကိုကြည့်၍ လည်ပင်းရှည်ကြည့်ပြသည်။ ပြီးတော့ မြစေ ဘက်လှည့်ကာ ပခုံးကြီးစုံတွန့်မဲ့ပြီး —

"မင်း ငါ့နောက်ကို လက်ပူးလက်ကြပ် လိုက်ဖမ်းတာ တစ်ယောက်တည်းတော့ မဟုတ်လောက်ပါဘူး၊ ရဲတွေဘာတွေခေါ်လာသေးလား၊ ဒါမှမဟုတ် လူမိုက်တွေနဲ့လား .. မင်း ဘာတွေလုပ်လာနိုင်သလဲ ငါ သိတာပေါ့ .."

ဦးရှိန်မောင် ကလည်း သူ့လုပ်ကွက်တွေကို တစ်ကွက်ချင်းတန်းခနဲ ပြောနိုင်နေကာ ..၊

"မင်းက ငါ့ကို လက်ပူးလက်ကြပ်ဖမ်းဖို့ပေမယ့် အခု မရတော့ဘူး၊ ဘယ်လိုလုပ်မလဲ .."

မြစေ တစ်ခွန်းမှမပြောဘဲ ဖုန်းကို အိတ်ထဲ ထည့်ပစ်လိုက်ကာ ရှေ့တည့်တည့်အတိုင်းပြေးလာ၏။ ရုတ်တရက် သူ့ဆီပြေးလာသည်ထင်ကာ ဦးရှိန်းမောင် ဖုန်းကိုင်လျက်နှင့် နောက်ပြန်ခြေလှမ်းဆုတ်သွား၏။

သို့သော် မြစေ သူ့ဆီကို မဟုတ်ဘဲ ရှေ့ကို ဒီတိုင်းပြေးသွားကာ နောက်ဆုံးမှာ ဘတ်စ်ပြန်ဆုတ်ဖို့လုပ်နေသည့် တက္ကစီတစ်စီးပေါ်တက်သွား၏။

"ကြည့်စမ်း .. ဒီကောင် .."





ဦးရှိန်းမောင် ဒေါကြောင်နေတုန်း ဒီမွန်း(န်) က ဖုန်းဆက်နေပြီဖြစ်ကာ ..၊

"စက္ကူ .. နေစိုး တို့နဲ့ ပြောပြီးပြီလား .."

"ပြောပြီးပြီ .. သူတို့လည်း လမ်းပိတ်နေလို့ တန်းစီနေရတယ်တဲ့ ဆရာ ..၊ ကောင်မလေးကိုလည်း မမိသေးဘူး၊ ဆရာက အရမ်းမလိုက်နဲ့ဆိုတော့ မျက်ခြေမပြတ်အောင် သူ့ဆံပင်တွေကို အမှတ်အသားလုပ်ပြီး လိုက်နေရတယ် .."

"တောက် .. မင်းတို့အသုံးကိုမကျဘူး .. လိုက် .. မမိမိအောင်ဖမ်း၊ စက္ကူ တို့ကို လှမ်းရိုက်ပြီး မင်းတို့ပြေးနေတဲ့ ရှေ့ကနေ ပိတ်ဖမ်းထားဖို့ပြော.."

ဒီမွန်း(န်) အမိန့်ပေးပြီးတာနှင့် တံခါးလှည့်ဖွင့်ကာ ..၊

"ရှိန်းကြီး တက်တော့ မရရအောင်ပြန်ခေါ်က်မယ်၊ ဒီကောင်တွေ တုံးတွေ .."

သူတို့ကားပေါ်ကို ပြေးလွှားတက်ကြပေမယ့် ရုတ်တရက် ပြန်လှည့်လို့မရဘဲ ဖြစ်နေကြလျက် ..၊

'သာသွားပြန်ပြီ .. ခွေးသူတောင်းစား မြစေ ..'



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၇)

ဒီဘောလ်ပင်နံလေးကို နှိပ်သာနှိပ်နေမိကာ ဘာမှလည်းပြောလို့မရ၊ ကိုကြီးဆီကလည်း ဘာမှအကြောင်းပြန်ဖို့မရှိဘဲ ပြေးရင်းနဲ့ နှိပ်နေမိရင်း လွတ်ကျလေသည်။

ပြန်ကောက်ဖို့လှည့်လိုက်စဉ် နောက်မှာဝေ့ဝဲနေသည့်ဆံပင်တွေက လှုလှည့်သည့်အတိုင်း ဝဲခနဲပြန်ပါလာ၏။ ဒါပေမယ့် နောက်က လိုက်လာသူတွေကိုကြောက်ကာ ချက်ချင်းပြန်လှည့်ပြေးမိသည်။

ထိုအခါ ဆံပင်တွေနဲ့သူမက ပဝါဖြန့်၍ လိပ်ပြာကကနေသည့်နှယ် ...။

"အင့် ..."

ရုပ်ရှင်ရုံတစ်ရုံရှေ့ ရောက်လာသဖြင့် လူတွေက ပိုကျပ်နေသည်။ သူမ ဗျာများနေသမျှ တစ်ယောက်ယောက်နဲ့ တိုက်မိပြီဆို အင့်ခနဲ ...။

ဒီအချိန်မှာ နာကျင်တာတွေ၊ မောပန်းတာတွေ ဘာမှသတိမရဘဲ သူမ လူတွေကို တိုးတိုက်ပြေးနေရင်း တယ်လီဖုန်းဆိုင်ကို လှမ်းမြင်လိုက်တော့ ဝမ်းသာသွားသည်။

မြဲစေ ကိုင်သည့်ဖုန်းနှစ်လုံးထဲက တစ်လုံးရဲ့ ဖုန်းနံပါတ်ကို သူမ သေချာမှတ်ထားခဲ့၏။ ထို့ကြောင့် ဖုန်းပြောနေသည့် လူတစ်ယောက်ရဲ့





ပေမယ့် တောင်းပန်ခြင်းနှင့်အတူ ဆွဲယူလိုက်မိသည်။

"ခဏလေး ပြောပါရစေနော် .. သားကို လူဆိုးတွေလိုက်နေလို့ပါ"

"ဖွတ်မလုနဲ့လေ .. သူများပြောနေတာကို .."

"ခဏလေးပါ မမရယ် .."

ဖုန်းဆိုင်က အမျိုးသမီးရော ပြောနေသည့်လူပါ သူမ သေလုမျောပါးဖြစ်ပျက်နေတာကို တအံ့တသြကြည့်နေကြတော့သည်။ ဒီက နံပါတ်ကို ခေါ်လိုက်လျှင် ကားပေါ်မှာ မြဲစေ ဆီက ဖုန်းမြည်လာ၏။

PCO ဖုန်းမှန်းသိလိုက်သည်နှင့် မြဲစေ က ချက်ချင်းဖွင့်လိုက်သည်။

"ဟလို .."

"ကိုကြီး .. ကိုကြီးလားဟင် .."

"မြသား .."

မြဲစေ ကိုယ်ကြီးဆတ်ခနဲဖြစ်သွားသည်။

"မြသား .. မင်းဘယ်မှာလဲ .."

"ကိုကြီး သား .. သား ရုပ်ရှင်ရုံနားမှာ၊ သူတို့ သားကို ဖမ်းခေါ်လာကြတာ၊ သား ထွက်ပြေးနေရတာကြာပြီသိလား ..၊ ဘယ်တွေရောက်နေမှန်းလည်းမသိဘူး .. သား ခြေထောက်တွေ သွေးတွေတအားထွက်နေပြီ၊ အရမ်းနာတာပဲ .. သားလေ .."

သူမ ဘာမှဆက်ပြောလို့မရတော့မှန်းသိလိုက်၏။ လူတွေကြားထဲကနေ ထိုးထွက်ပေါ်လာသည့်မျက်နှာနှစ်ခုကို လှမ်းမြင်လိုက်ကာ ခြေဖျားလက်ဖျားတွေပါ အေးစက်သွားသည်။ သူတို့လိုက်လာကြပြီ —

ဖုန်းကို ပုခက်ပေါ်ပြန်တင်လိုက်သော်လည်း နေရာကျသလား မကျဘူးလား မကြည့်မိတော့ဘဲ ချက်ချင်းလှည့်ပြေးခဲ့သည်။

ခဏလေးနားလိုက်သည်နှင့် ကိုယ်ခန္ဓာက တစ်စစီတော့ဆက်ထားသည့် အရုပ်တစ်ရုပ်လို အပုံလိုက်ကြွေကျမတတ် ဖြစ်လာခဲ့၏။

ကိုယ့်ကိုယ်ကိုယ် ပြေးနေတာလား၊ ခြေထောက်တွေက ကျွန်ခဲ့ပြီလား ပြန်ငုံ့ကြည့်မိတဲ့အထိ လေးလံခဲဆွဲနေသည်။ ကိုကြီး အသံကြား



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရမှ တစ်လမ်းလုံး ပြေးလာခဲ့သည့် ခွန်အားတွေ ကြက်ပျောက်ငှက်ပျောက်သွားခဲ့ပြီး မျက်ရည်စက်တွေ တာတမံကျိုးသလို သွန်ကျလာကြသည်။

ကိုကြီး သားဆီကို လိုက်လာခဲ့ပါ။ သားရဲ့ရှေ့ကိုရောက်လာပါစေ။ ဆုတောင်းတိုင်းပြည့်,မပြည့် မသိပေမယ့် သူမကတော့ ကိုကြီးကိုပဲ တတွတ်တွတ်မြည်တမ်းမိ၍ ပြေးနေခဲ့၏။

လူတွေကြားထဲပဲ တိုးနေလို့ နင်လွှတ်မှာလား ..။ ဒီလူတွေက နင့်ကို ကယ်မှာတဲ့လား၊ ဟိုအရင်တစ်ခါ လူစည်ကားတဲ့ရွှေဆိုင်ရှေ့ကြီးမှာတောင် သူတို့မိန်းမပါဆိုပြီး နင့်ကိုဆွဲထုတ်ခေါ်သွားကြတာ ဘယ်သူက ဝင်ကယ်ခဲ့လို့လဲ ..၊

သူမ ခြေလှမ်းတွေ တုံ့ခနဲဖြစ်သွားခဲ့လျက် လူသူကင်းရှင်းသည့် လမ်းသွယ်ဘက်ကို မျက်လုံးရောက်သွားသည်။

"ရွှေထုပ်လေး .."

ဟင် ..၊

သူမကိုယ်လေး တောင့်မတ်သွားခဲ့၏။ ဒီအသံကို သူမ ကောင်းစွာသိနေသည်။ လှည့်မကြည့်ဘဲ သူမ မျက်ဝန်းတွေ ဝိုင်းဝိုင်းလည်နေခဲ့လျက် ကိုကြီးလို့သာ တီးတိုးရေရွတ်နေမိ၏။

"မြသား .. ဟလို .. မြသား .."

အသံတိတ်သွားပေမယ့် မြစေ အရူးတစ်ယောက်လိုခေါ်နေမိသည်။ သူမ ဖုန်းမချသေးပေ။ ဒါပေမယ့် ဒီတိုင်းကိုင်ထားပြီး မပြောဘဲတော့ နေမှာမဟုတ် ..။

"မြသား .. မင်းရှိနေလား .."

သူ ထပ်ခေါ်နေမိဆဲ ဖုန်းချသွားသံ ထွက်ပေါ်လာ၏။ သူမ အန္တရာယ်တွေ့နေပြီမှန်း သိလိုက်ကာ စိုးရိမ်စိတ်က ငယ်ထိပ်ထိ အရှိန်နှင့် တက်ဆောင့်၏။

"ဟော့လူ .. ဟော့လူ .. ဘာလုပ်တာလဲ .. ခုန်ချမလို့လား .."





"ဆောရီးဗျာ .. ကားရပ်ပေးပါ .."

ခြေရောလက်ပါ ပြင်ဆင်လိုက်ပြီးမှ သတိဝင်ကာ တက္ကစီရှင်းဖို့ပါ သတိရ၏။ ရုပ်ရှင်ရုံဆိုတာ မြသား ပြောသွားသဖြင့် ဒီလမ်းဆုံးမှာပဲ ရုပ်ရှင်ရုံရှိနေသည်မို့ ကျော်လွန်သွားမှာစိုးမိသည့်စိတ်ကြောင့်ပါ။

သူ ကားပေါ်ကဆင်းကာ ရုပ်ရှင်ရုံပတ်ဝန်းကျင်မှာ လိုက်ရှာနေတာ ချာလပတ်ရမ်းနေတော့သည်။ ကလေးပျောက်ရှာသလို 'မြသား ဘယ်မှာလဲ' လို့သာ အော်ခေါ်လိုက်ချင်၏။

တစ်သက်နဲ့တစ်ကိုယ်မှာ ကိုယ့်အတွက်ကိုတောင် ဒီလောက်ထိ မပူခဲ့ဖူးပါ။ သူနဲ့ နီးနီးလေးမှာ ရှိနေလျက်နှင့် မြသား ဒုက္ခရောက်နေရသည်။

တွက်ချလိုက်တိုင်း တစ်ခါမှမမှားခဲ့ဖူးပါပဲ ဦးရှိန်းမောင် ဆိုသူနှင့်ကျမှ ကျရှုံးခဲ့ရ၏။ ကိုယ်က အတိအကျတွက်ကြည့်နိုင်ပေမယ့် သူကလည်း ကိုယ်တွက်နိုင်တာကိုသိပြီး ကားကို ဒါရိုက်ရှင်ပြောင်းလဲဝင်ခဲ့၏။

"တောက် .."

လူတွေကြားထဲမှာ ခါးထောက်ရင်း တောက်ခေါက်နေမိကာ လူတွေက လက်ကိုတိုက်ချွသွားလိုက်၊ ရင်ဘတ်တစ်ခြမ်းကို ပွတ်ကာဝ်တိုက်သွားလိုက်နှင့် စိတ်ရောလူပါ ငြိမ်ငြိမ်ရပ်တည်မနေနိုင်ခဲ့ဘဲ ..၊

မြသား က လူတွေထဲမှာပဲ လျှောက်ပြေးနေပါ့မလား ..။

ဖျတ်ခနဲအတွေးတစ်ခု ဝင်လာခဲ့သည်။

"မြို့လယ်ခေါင်လူတွေကြားထဲမှာပဲ သားကို အတင်းဆွဲခေါ်နေကြတာ ဘယ်သူမှ ကယ်မယ့်သူမရှိဘူး၊ လူတွေက မကောင်းတဲ့လူတွေ မဟုတ်ကဟုတ်က ပြောတာကျတော့ယုံတယ်၊ ရှင်းပြနေတာကျတော့ တိုးမပေါက်ဘူး .." တဲ့ ..။

သူမမှာ ဒီလိုစွဲလမ်းမှုလေး ဝင်နေခဲ့သည်။ ဖုန်းဆက်တော့ ဘယ်နေရာလဲ ..၊



www.burmeseclassic.com

www.burmeseclassic.com



သူ နောက်ထပ် ဖုန်းဆိုင်ရှာရင်း ပြေးလွှားရပြန်၏။

ဒါပေမယ့် သိပ်မရှာရဘဲ ဖုန်းဆိုင်ကိုတွေ့သည်။

"ဒီမှာ ညီမ .. ခုန ဆံပင်ရှည်ကြီးနဲ့ ကောင်မလေးတစ်ယောက် ဒီမှာ ဖုန်းလာဆက်သွားလား .."

"ဟင် .."

အမျိုးသမီးက တအံ့တသြမော့ကြည့်ပြီးမှ ဆတ်ခနဲခေါင်းညိတ်၍ ...

"ဟုတ်တယ် .. သူက .."

"သူ ဘယ်ဘက်ကိုပြေးသွားတာတွေ့လဲ .."

ဖုန်းဆိုင်က အမျိုးသမီး ဘာပြောပြော ဆုံးအောင်နားမထောင်နိုင်ဘဲ သူမ လက်ညှိုးထိုးလိုက်သည့်ဘက်ကို ပြေးထွက်လာမိ၏။

သူမ ဘယ်ကိုပြေးနိုင်သလဲ၊ သူမနောက်ကို ဘယ်သူတွေလိုက်နေတာလဲ ..။

ဦးရှိန်းမောင် နဲ့ သူ့ရဲ့တပည့်ကျော် ဒီမွန်း(န်) ကိုပဲ သူသိသည်။ ကျန်တဲ့လူတွေက ဟိုကခေါ်လာတာလား၊ မြန်မာနိုင်ငံရောက်မှ ခေါ်နိုင်းလိုက်တဲ့လူတွေလား ..၊

သူ မသိသောလူတွေကို ဘယ်လိုရှာရမလဲ၊ သူတို့တွေ ကိုယ့်နောက်ရောက်နေသလား ..၊ မြသား ကို မိသွားကြပြီလား ..။ ကိုယ်က မသိ၍ ကိုယ့်ကိုသိနေသူတွေနဲ့ ဘယ်လိုအနိုင်တိုက်ရမလဲ ..။

စိတ်တွေ ရှုပ်ထွေးလာကာ သူ့ရဲ့ ညာဘက်မှာရှိနေသော လူရှင်းသည့် လမ်းဘက်ကို ပြေးဝင်ခဲ့မိသည်။ သူမ လူတွေထဲမှာ ပြေးနေလည်း မထူးဖူးလို့ တွေးမိတာနဲ့ ဒီလမ်းတွေထဲပဲ ဝင်ပုန်းဖို့ ပြေးမှာဖြစ်သည်။

ဒီတိုင်းဖြစ်ဖို့ ဆုတောင်းရင်း ပြေးဝင်လာမိကာ ဆောက်လက်စတိုက်ကြီးတွေနဲ့ ဈေးသည်တွေပစ္စည်းသိမ်းသော ချောင်ကြိုချောင်ကြားပါမကျန်ရှာနေမိသည်။ ထိုစဉ် ..၊

"ဟား .. ဟား .. ဟား .."





အောင်မြင်ခန့်ညားသော ရယ်သံကြီးကို ကြားလိုက်ရလေသည်။

ဦးရှိန်းမောင် ..၊

ဒီရယ်သံအရ မြသား ကို သူတို့ပြန်ရသွားပြီဆိုတာ သိလိုက်ကာ ဒေါသက မီးရှူးတစ်စလို ဒိုင်းခနဲတိုးထွက်၏။

သူ မျက်နှာချင်းဆိုင်လှည့်လိုက်တော့ ဦးရှိန်းမောင် က သူ့ရဲ့ ကိုယ်ရံတော်နှင့် ဘယ်ညာအစောင့်အရှောက်တွေ ခြံရံကာ ဘယ်ကဘယ်လိုထွက်လာသည်တော့မသိပါ။

"အော်ခေါ်ပါလားကွ .. ဘာတဲ့ .. ရွှေစင် ဘာဆိုလား .. ဟား .. ဟား .."

သူ ဘာမှပြန်မပြောဘဲ လမ်းကြားတွင်းထဲမှာ ရပ်ထားသည့် ကားတွေဆီ အကြည့်ရောက်သွားခဲ့သည်။ ဒီလူတွေ လမ်းထဲကကြိုစောင့်ပြီး မြသား ကို အသာလေး ဖမ်းထားလိုက်တာလား ..၊

လမ်းကြားထဲမှာ ကားတွေဟိုတစ်စီး ဒီတစ်စီးရပ်ထားကြတာ သူ ဝင်လာတည်းကမြင်သည်။ ဒီလူတွေကြိုရောက်နေမယ်လို့တော့ မတွေးမိခဲ့ ..။

"ငါ မင်းကို ဂရုမစိုက်လို့ စိန်ခေါ်ထုတ်ခဲ့တာပေါ့ မြစေ ရာ၊ ပြေးနေတာက မင်းတစ်ယောက်တည်း၊ လိုက်တဲ့ခြေထောက်တွေက ဆယ်စုံလောက်ရှိတာ၊ မင်းဖြစ်ဖြစ် ကောင်မလေးဖြစ်ဖြစ် ဒီခြေထောက်တွေကြားထဲက လွတ်အောင်မပြေးနိုင်ပါဘူး .."

"ဘယ်သူက ပြေးနေလို့လဲ ဦးရှိန်းမောင် .."

သူ့ခြေလှမ်းတွေ ဦးရှိန်းမောင် ရှေ့ကို ရဲရင့်စွာတိုးလျှောက်သွားခဲ့လျက် ..၊

"တောလှန့်ပြီး ခြောက်ထုတ်လို့ သမင်တွေပြေးတာ ခင်ဗျား တော်လှပြီထင်နေတာလား .."

"ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ကိုယ်ဆင်တဲ့ ကတုတ်ကျင်းထဲ ခြေကျွံအောင် ဖို့ ဝင်တာမို့လား၊ အခု မင်းကောင်မလေး ချွေးဒီဒီကျအောင် ပြေးနေပြီး



www.burmeseclassic.com

www.burmeseclassic.com



မှ ငါ့လက်ထဲကိုပဲ ..''

''တောက် ..''

''ခွပ် ..''

စိတ်ကထောင်းခနဲဖြစ်ကာ လက်သီးတစ်ချက်က ဘယ်လိုအလျင်နှုန်းနဲ့ ပြေးထွက်သွားမှန်းမသိ ..။ ရိပ်ခနဲမြင်လိုက်ရသည့် လှုပ်ရှားမှုကို သိလိုက်ပေမယ့် ဦးရှိန်းမောင် ဘယ်လိုမှ ပြင်ဆင်ချိန်မရလိုက်ပေ ..။

သွားတွေကျိုးကုန်ပြီလား ..၊ ပါးစောင်တစ်ဖက်လုံး ကွဲထွက်သွားပြီလားမသိ၊ မျက်လုံးထဲမှာ ကြယ်ရောင်စုံတွေ ဖြာထွက်သွားကာ ဒီမွန်း(န်)ကသာ နောက်ကထိန်းထားမပေးခဲ့လျှင် တစ်ကိုယ်လုံးပါ ကြွတက်ပါသွားမလားမဆိုနိုင် ..။

ထိုစဉ် ဒီမွန်း(န်) က ရှေ့တက်လာ၏။ သူ့နောက်မှာလည်း လူသုံးယောက်က ဝိုင်းထားလိုက်ပြီးဖြစ်ကာ ..၊

''ခွေးသူခိုးက တော်တော်လက်သံပြောင်နေတာ .. မင်းတွေ့မယ်''

အသီးသီး ကြိမ်းဝါး၍ လက်သီးဆုပ်ကြီးတွေတဆဆနှင့် ..၊

''ဟေ့ .. နေကြဦး .. အဲ .. အား ..''

ဦးရှိန်းမောင် ကိုယ့်ရဲ့ အောက်မေးရိုးကို လက်နဲ့ကိုင်၍ ဘယ်ညာလှုပ်ရွဲကြည့်နေရင်း မတ်မတ်ပြန်ရပ်ကာ ..၊

''နေကြဦး .. ငါ အဲ့လောက် အလုပ်ရှုပ်မခံနိုင်ဘူး ..''

သူ့လူတွေကိုကြည့်ပြီး တားဆီး၍ နှုတ်ခမ်းထောင့်က သွေးကို လက်ချောင်းတွေနဲ့ သုတ်ပစ်သည်။ ပြီးတော့ သွေးကိုပြန်ကြည့်လိုက်ပြီးမှ မဲ့၍ သူ့ဆီအကြည့်ရောက်လာကာ ..၊

''ဒါက ဒေါသဖြစ်ထိုက်တယ်ဆိုတော့ ထားလိုက်ပါတော့၊ မင်းနဲ့ငါ အမိကရုဏ်းတွေမဖြစ်ချင်ဘူး မြစေ ..၊ ငါတို့က ပညာတတ်တွေပဲကွ .. ပြဿနာတစ်ရပ်ကို ကာယအားနဲ့ ဖြေရှင်းဖို့မလိုပါဘူး၊ ခုဟာကတော့ မင်းက လူငယ်မို့လို့ ငါ ခွင့်လွှတ်လိုက်ပါမယ်၊ ရှုံးတဲ့လူဆိုတာ ပတ်ရမ်းတတ်တာပဲ ..''





''ဘယ်သူက ရှုံးတာလဲ ..''

''မင်းလေ .. မင်း ခုထိ ကိုယ့်ကိုယ်ကိုယ် သဘောမပေါက်သေးဘူးလား ..၊ မင်းကောင်မလေး ငါတို့လက်ထဲရောက်နေပြီ၊ ငါတို့နဲ့ဆွေးနွေးဖို့ပဲ မင်း စိတ်ဝင်စားရမှာ၊ ပဋိပက္ခတွေဖြစ်ကြဖို့မဟုတ်ဘူး..''

မြစေ အံကြိတ်လိုက်သည်။

''ခင်ဗျားလိုလူနဲ့ ဘာမှဆွေးနွေးစရာအကြောင်းမရှိဘူး၊ ခု ဘာလုပ်ချင်တာလဲ၊ သူ့ကိုဖြစ်ဖြစ် ကျုပ်ကိုဖြစ်ဖြစ် ခင်ဗျားကြိုက်သလိုစီရင်လိုက်၊ လူတစ်ယောက်မှာ အသက်နှစ်သက်မရှိဘူး ..''

''ဟုတ်တယ် .. တစ်ခါပဲသေရတာ၊ အဲဒါကြောင့် ငါကလည်း လူများအသက်ကိုသတ်ပြီး ဘယ်သူ့မှာမှ အကျိုးမရှိတာကို မလုပ်တော့ဘူး ..''

''သူ့ကိုလည်းမသတ်ဘူး .. မင်းကိုလည်း မသတ်ချင်ဘူး၊ ဒါပေမယ့်မင်းက ငါခိုင်းတာမလုပ်ဘူးဆိုရင်တော့ ..''

ဦးရှိန်းမောင် က ဒီမွန်း(န်)ကို အဓိပ္ပာယ်ပါပါ လှည့်ကြည့်လိုက်လျှင် ဒီမွန်း(န်)က မျက်နှာရှည်ရှည်ကြီးမှာ ကောက်ကျစ်သော မဲ့ပြုံးတို့နှင့် ..၊

''အထူးသဖြင့် မိန်းကလေးတစ်ယောက်အတွက် အသက်သေတာထက်ဆိုးရွားတာတွေရှိတယ်မို့လား ..၊ မင်းကောင်မလေး ဘာဖြစ်သွားမယ်မှန်း မသိလို့ ဂရုမစိုက်ဘူးဆိုရင် မင်း ခုခေါင်းခါလိုက်လေ၊ ဟွန့်.. ဒီမဆုံး ငါ့ကောင်တွေကို အကောင်ဆုံးဆုအဖြစ် မဲဖောက်ပေးလိုက်မယ် .. ပြီးရင်တော့ သူ့ရဲ့ ရှည်လျားတဲ့ ဆံပင်တွေကို ..''

''တိတ်စမ်း .. ဟိတ်ကောင် ..''

ညာဝိုက်ပစ်ဝင်လာသည့် ခြေကန်ချက်ကို ဒီမွန်း(န်) အပြေးအလွှားရှောင်လိုက်ရကာ နံကြားကနေကပ်၍ လွဲသွားသည့်ကန်ချက်၏ အရှိန်ကြောင့် ဘယ်ထိသွားသလိုလို နားထဲမှာ ဝီခနဲသွား၏။

သို့သော် နောက်ကကောင်တွေ တစ်ယောက်တစ်ချက်ပြေးဝင်ထိုး



www.burmeseclassic.com

www.burmeseclassic.com



ကြသဖြင့် သုံးယောက်နဲ့ မြစေ ရင်ဆိုင်မိသွားသည်။ လက်နှစ်ဖက် မာန်ပါပါပွတ်ခါ၍ ဒီမွန်း(န်) နောက်ဆုတ်ရပ်ကြည့်နေလျှင် …၊

"ဒီမွန်း(န်) ငါတို့အချိန်ဆွဲနေလို့ မရဘူးနော် …"

"မပူနဲ့ ရှိန်းကြီး … ဒီကောင် ဒေါသမွှန်နေတာ၊ ရုတ်တရက် အ မှတွေးနိုင်မှာမဟုတ်ဘူး …"

မြစေ ဘာမှမတွေးနိုင်တာမှန်ပေမယ့် စိတ်နောက်ကိုယ်ပါလုပ် နိုင်စွမ်းတော့ ရှိနေသေးတာ သူတို့မေ့သွားခဲ့ကြသည်။ သုံးယောက် ရင်ဆိုင်နေရင်း တစ်ယောက်ကို လှဲသိပ်လိုက်အပြီးမှာ ဦးရှိန်းမော ကိုသာ ထွက်နေသည့်ဒေါသက စိတ်နဲ့လက်တစ်ထပ်တည်းကျသွားခဲ့

"ဖောင်း …"

"အ …"

သူ့ဆီ အားနဲ့ပြေးဝင်လာသူ၏လက်ကို တစ်ချက်စိုက်ကြည့် မရှောင်ဘဲ ဒီတိုင်းနေလိုက်ပြီး ခါးနဲ့ရင်ဘတ်ကပ်လာကာမှ အသာ ကိုယ်ကိုတိမ်း၍ရှောင်လိုက်၏။

ပြီးတော့ ထိုသူ၏လက်ပြင်ကို လက်ပြန်ပိတ်ရိုက်ထည့်လိုက်လျှ ခါးကိုင်ရင်း အရှိန်နှင့်လွန်ထွက်သွားကာ ဦးရှိန်းမောင် ၏ ဗိုက်ကို ထိုးလိုက်သလိုဖြစ်သွားခဲ့၏။

"အား …"

ဦးရှိန်းမောင် ၏ အော်သံကြီးထွက်လာခဲ့သည်။

"ဟာ … မင်း …"

ဒီမွန်း(န်) ကလည်း အံ့ဩကာ စိတ်လည်းတိုသွား၏။ ပြီးတော ဦးရှိန်းမောင် ကို တစ်ဖက်က ဖမ်းကိုင်ထားလိုက်ကာ ဖုန်းကိုထုတ်၍

"မင်း ခုချက်ချင်းရပ်လိုက် မြစေ … ငါ အခု ဖုန်းဆက်ပြောလို တာနဲ့ မင်းကောင်မလေးဘဝ ပျက်ပြီ …"

မြစေ ၏ ဒေါသလေပွေက ချက်ချင်းရပ်တန့်သွား၏။ သူနဲ့ ဆိုင်ရင်း အလဲလဲအပြိုပြိုဖြစ်နေသည့် နှစ်ယောက်က ခပ်ယိုင်ယိုင်နော





ဆုတ်သွားကြသည်။

ဒီမွန်း(န်) မျက်နှာက စိုးရိမ်ဒေါသများနှင့် လှုပ်လှုပ်ရှားရှားကြီး ဖြစ်နေလျက် …၊

"မင်း ဘယ်လောက်တော်နေနေ … မင်းကောင်မလေးကို အချိန်မီ ကယ်ထုတ်နိုင်မှာမဟုတ်ဘူး …၊ မင်း ငါတို့နဲ့ ဆွေးနွေးမယ်လို့ ခုလက်ခံ လိုက် အားလုံးငြိမ်သက်သွားလိမ့်မယ် …"

"တောက် …"

"ငါတို့က အကြမ်းဖက်ချင်တာမဟုတ်ဘူး၊ လိုအပ်နေကြတာချင်း ဖလှယ်ကြရုံပဲဖြစ်ချင်တာ …၊ မင်းက ငွေကြေးစည်းစိမ်နဲ့ ဖြားယောင်း လို့မရတဲ့ကောင်မို့လို့ ဒီလိုတွေ လုပ်လိုက်ရတာကို နားလည်စမ်းပါ၊ မင်းရဲ့စိတ်ကူးလေးတစ်ချက်နဲ့ မိန်းကလေးတစ်ယောက်ရဲ့ဘဝတစ်ခု လုံးကို ကယ်တင်နိုင်မှာမင်းပဲ …"

အတိတ်က နာကျင်ဖွယ်တွေကို ဘယ်လိုပဲမေ့ပျောက်ဖို့ကြိုးစား သော်လည်း ကြိုးစားလေ တလိပ်လိပ်တင်းကြပ်တက်လာနေလေ …။

ဟိုတုန်းတည်းက သူ့ကိုဒုက္ခပေးခဲ့တဲ့လူကြီး …။

ဒီလူကြီးကြောင့် သူ့မိသားစုတွေ အဖြစ်ဆိုးနဲ့ တိုးခဲ့ရသည်။ သူ ရင်တွဲ ဖက်လက်ဖြစ်ခဲ့ရ၏။ ခု ထပ်ပြီး မသက်ဆိုင်တဲ့သူကို ဒုက္ခပေးနေပြန်ပြီ။

သူ ဘာလုပ်သင့်သလဲ …၊ ထပ်ခါထပ်ခါ အညှုံ့ခံလိုက်လျှော့နေသင့် သလား … အတိုက်အခံပြန်၍ တုံ့ပြန်ရမှာလား …။

ကိုယ့်ဒေါသတွေဘယ်သို့ရှိစေ မြသား ကိုတော့ ကယ်နိုင်မှာမဟုတ် ပေ။ သူ့ကို လိုအပ်နေသူတွေရဲ့ မဆီမဆိုင်အသုံးချဖျက်ဆီးခြင်းကို သူမ တာ မသိနားမလည်စွာပေးဆပ်သွားသင့်သလား …။

မေးခွန်းများစွာရဲ့အဖြေက သူသာ အရှုံးပေးအညှုံ့ခံလိုက်ဖို့ဖြစ်သွား ခဲ့လျက် …၊

"ငါ သူနဲ့စကားပြောချင်တယ် …"

ဒီမွန်း(န်) မျက်နှာ ကွက်ခနဲပျက်သွားသည်။ ဦးရှိန်းမောင် ကိုတွဲ



www.burmeseclassic.com

www.burmeseclassic.com



၍ အနားထိ မောင်းဝင်လာသော ကားထဲကို သူ့လူတွေက ဂရုတစိုက် ထည့်ပေးနေကြသည်။

ဒါကို သူ လှမ်းကြည့်ကာ ..၊

"သူ့အသံကြားရမှ မင်းတို့နဲ့ ငါ ဆက်ဆွေးနွေးမယ် .."

"သူ့ကို ဒီကားထဲမှာလို့ မင်းထင်နေသလား၊ မင်းနဲ့ ဒီလောက် နီးနီးလေးမှာ ငါတို့က ထားပါ့လား မြစေ .. ငါတို့သူဌေး မင်းကြောင့် ဒဏ်ရာ ရထားတယ်၊ အပိုတွေလျှောက်ပြောပြီ အချိန်ဆွဲမနေနဲ့ ..၊ မင်းတို့ချင်း စကားပြောဖို့လည်း အချိန်မပေးနိုင်ဘူး၊ မင်း ခုချက်ချင်း ဆုံးဖြတ်လိုက်.."

သူ မျက်မှောင်ကုတ်ပြီး ငြိမ်သက်နေဆဲရှိ၏။ ဒီမွန်း(န်) က တက် ခေါက်လိုက်ပြီး ဖုန်းကိုဖွင့်၍ ..၊

"မြိုင်ရာဇာ .. ကောင်မလေးကို မင်းတို့လက်ထဲ ..."

"ခဏနေဦး .."

မြစေ ၏ တားဆီးလိုက်သံကြောင့် ဒီမွန်း(န်) မျက်ဝန်းတွေမှာ လျှို့ဝှက်သော ရယ်မြူးရိပ်တို့ ယှက်သမ်းသွားခဲ့၏။

"ငါ ခုလိုက်ခဲ့မယ်၊ သူ့ကိုမြင်ရမှ မင်းတို့ အလုပ်ကို လက်ခံသင့် မသင့် စဉ်းစားမယ် .."

ဒီမွန်း(န်) ဆတ်ခနဲခေါင်းညိတ်၍ ဖုန်းကို အိတ်ထဲပြန်ထည့်လိုက် သည်။ ထိုစဉ် ..၊

"ကိုကြီး .."

ဟင် ..၊

ကားဆီကိုလှမ်းဖို့ပြင်လိုက်သည့် မြစေ ခြေလှမ်းတုံ့ခနဲဖြစ်သွား သည်။ လှည့်ကြည့်လိုက်တော့ ရွှေထုပ်လေး သူ့ဆီပြေးလာနေတာဖြစ် ကာ သူမရဲ့နောက်လမ်းဝထိပ်မှာ ဝရန်းသုန်းကား လိုက်လာကြသော လူတွေက အော်ခေါ်နေကြလျက် ..၊

"ရွှေထုပ်လေး .. သမီးလေး ပြန်လာခဲ့ .."

"ရွှေထုပ်လေး ရေ .."





သူမက ခေါ်သံတွေကို နည်းနည်းလေးမှ ဂရုမစိုက်ဘဲ သူမ ကျော ဆက်က ဆံနွယ်ခြံလွှာတို့ တလွင့်လွင့်ဝဲခါနေအောင် တအားပြေးလာ နေကာ ..၊

"ကိုကြီး မလိုက်သွားနဲ့ .. မလိုက်နဲ့ ကိုကြီး၊ ကိုကြီးကို သူတို့.. သူတို့က ကိုကြီးရဲ့ မှတ်ဉာဏ်တွေကို ဖျက်ဆီးပစ်ဖို့ ပြင်ဆင်ထားခဲ့ပြီး သားတဲ့ ..၊ သူတို့ပြောနေတာတွေ သား အကုန်ကြားတယ် သိလား .. မလိုက်နဲ့နော် .."

ရွှေထုပ်လေး လက်လေးခါပြရင်း တအားအော်ပြောနေရကာ မော ကြီးပန်းကြီးပြေးလာနေတာဖြစ်၏။ ထိုအချိန်တွင် ဦးဝေဠု တို့လူစုနောက် ကို ဒေါ်နံ့သာမွှေး ခြံပြဝါကြီးတကားကားနှင့် ရောက်လာပြီး ..၊

"အလိုလေး .. လေး .. ငါ့မြေးလေး ထွက်ပြေးသွားတာလား .."

"ဟုတ်တယ် မမကြီး .. ခေါ်ထားပြီးမှ မမကြီး ရောက်မလာခင် လေးတင် ပြန်ပြေးသွားတာ .."

"ဒုက္ခတွေများကုန်ပါပြီ .. လိုက်ကြလေ .. နင်တို့ဘာလုပ် .."

လမ်းပေါ်မှာ ဖရိုဖရဲပြန့်ကျနေသော ပန်းနုရောင်တဘက်စောင် လေးနှင့် စောင်ပေါ်မှာ သွေးတွေစွန်းထင်နေသော ခြေဖဝါးရာလေးတစ် ဖက်ကို မြင်သွားကာ ဒေါ်နံ့သာမွှေး မျက်လုံးကြီးပြူးကျယ်သွား၏။

"သွေး .. သွေးတွေ .."

လိုက်ကြည့်တော့ ပဝါပေါ်မှာ စွန်းနေသော သွေးတို့နှင့် ခြေရာ သည် လမ်းပေါ်မှာပါ တောက်လျှောက်ထင်ကျန်ခဲ့လျက် ဒေါ်နံ့သာမွှေး ၏ မျက်လုံးတွေ ရွှေထုပ်လေး ထံမှာ အဆုံးသတ်ကာ ..၊

"ဒါ .. ဒါ .. ငါ့မြေးလေး ခြေထောက် .. ခြေထောက်က .."

"မမကြီး .."

"မေမေကြီး .. မေမေကြီးရေ .. သတိထားပါဦး .."

သူမနောက်မှာ ဘာတွေဖြစ်ပျက်ကျန်ခဲ့သည်ကို မသိဘဲ ရွှေထုပ်လေး သည် လမ်းထိပ်နှစ်ဖက်က လူစုနှစ်စု၏ အလယ်မှာ အရူးမလေးလို ပြေး



www.burmeseclassic.com

လွှားနေခဲ့ပြီး ...၊

"အဲ့ဒါ လူဆိုးတွေ .. ကိုကြီး မလိုက် .. အ .."

"မြသား .."

ရွှေထုပ်လေး ခလုတ်တိုက်လဲမလိုဖြစ်သွားမှ ငေးကြောင်နေခဲ့သည့် မြစေ မျက်လုံးတွေ ရူးရူးရဲရဲပြန်ဖြစ်လာသည်။ ပြီးတော့ မျက်နှာအပျက် ကြီးပျက်နေသည့် ဒီမွန်း(န်) ကိုလှည့်ကြည့်၍ ...၊

"တောက် .."

မြသား ကို ဖမ်းထားသည်ဆိုပြီး သူ အလိမ်ခံရတော့မလို့ တဲ့တဲ့ လေး ...။

ဒေါသနှင့် ပေါက်ကွဲပစ်ချင်ပေမယ့် မြသား ရဲ့ အခြေအနေကို သိလိုက်သဖြင့် ဒီမွန်း(န်) ကျောခိုင်းထားလိုက်ရပြီး ...၊

"မြသား ပြေးမလာနဲ့တော့ .. ရပ်နေ .."

သူမက ခေါင်းခါရင်းဆက်ပြေးလာကာ ...

"ကိုကြီး .. ဟို .. ဟိုမှာ .."

သူမ မျက်လုံးတွေ ကြောက်လန့်စွာ ပြူးကျယ်သွားခဲ့လျက်၊ သူ ဆီးကြိုသည့်လက်တွေနဲ့ ချိတ်ဆက်မလာခဲ့ဘဲ သူ့လက်မောင်းတစ်ဖက် ကို အားပြုဆွဲကာ သူ့ခါးနောက်ကို ပြေးကွယ်လိုက်ပြီး ...၊

"အင့် .."

"မြသား .."

"ရွှေထုပ်လေး .. သမီး .."

ဓားရောင်လက်သွားတာရော ဘယ်ကိုဦးတည်ပြီး ဘယ်သူ့ကို ထိ မှန်သွားသလဲဆိုတာပါ ဦးဝေဠ သေချာမြင်လိုက်ကာ အသံပြာအောင် အော်လိုက်မိ၏။

အဖြစ်သနစ်တို့သည် ခဏအတွင်းမှာ မြန်ဆန်စွာ ဖြစ်သွားခဲ့လျက် သူ့ကိုဖက်ထားရင်း ရွှေထုပ်လေး ရဲ့ ကိုယ်လေး ပျော့ခွေကျသွားလေ သည်။ သူ ကြည့်လိုက်တော့ မြေပြင်ပေါ်ပြုတ်ကျသွားသည့် ဓားနှင့်





ရွှေထုပ်လေး ရဲ့ ကျောပြင်မှာသွေးတွေ ...။

"မြသား .. ဟာ .."

မြသား သူ့နောက်ရောက်သွားပြီး သူမ ဘာလုပ်လိုက်မှန်းသိလိုက် သည့်အချိန်တွင် သူသာနောက်အကျဆုံးသိရသူဖြစ်နေခဲ့လျက် ...၊

"မြသား .."

သူ့တစ်ကိုယ်လုံး ဓာတ်လိုက်ခံရသလို ကျင်ခဲတုန်ခါသွားသည်။ ထိုစဉ် ဝေါခနဲမောင်းထွက်သွားသည့် ကားသံကြောင့် သူ ဆတ်ခနဲဖြစ် သွား၏။

ဒီမွန်း(န်) ...၊

မင်း ဒီလောက် ကားကျပ်ကျပ်ထဲမှာ ဘယ်လောက်ပြေးနိုင်မလဲ...။

"သမီး .. သမီးလေးရယ် .. အောင်မလေး ကိုယ်ကျိုးတော့နည်း ပါပြီ၊ မမကြီးကလည်း စိတ်ထိခိုက်ပြီး လဲနေပြီ၊ သမီးလေး .."

ဦးဝေဠ ပြေးလွှားရောက်လာကာ ပွေ့ဖက်ထားသည့် သူ့လက်တွေ ထို ပုတ်ထုတ်ဖယ်ချပြီး ရွှေထုပ်လေး ရဲ့ ကိုယ်လေးကို ဆွဲပွေ့လိုက်၏။

"သမီးလေးရယ် .. အဲဒါကြောင့် ဒီလောက်ရှုပ်ထွေးပွေလီမ်နေတဲ့ လောကထဲကို မဝင်ချင်ပါနဲ့လို့ ဘဘတို့က တားဆီးခဲ့တာပါ၊ ခုတော့ ငါ့သမီးလေး လူလိမ်လူရှုပ်တွေလက်ထဲမှာ ကိုယ်ကျိုးနည်းရပြီ .."

ဦးဝေဠ ၏ ဒေါသထန်နေသော မျက်လုံးကြီး သူ့ဆီရူးရူးရဲရဲရောက် လာ၏။ သက်ဆိုင်သူတွေလက်ထဲကို သူမ ရောက်သွားပြီမို့ ရင်ထဲမှာ နီးရိမ်ပူလောင်နေပေမယ့် သူ နေရာမှ ထရပ်လိုက်မိသည်။

နောက်ဆံတင်းစရာမလိုတော့သည့်အဖြစ်ကိုပဲ နှစ်သိမ့်ဆုလို သဘော ထားကာ တိုယ်နဲ့သက်ဆိုင်သည့်ပြဿနာတွေကိုရှင်းဖို့အတွက် ဆုံးဖြတ် ၍ ...၊

"ကိုကြီး .."

ရွှေထုပ်လေး က ခေါ်သံယဲ့ယဲ့လေးနှင့် သူ့ဘောင်းဘီခြေသလုံးစ ကို ဆုပ်ဆွဲထားလျက် ...၊

www.burmeseclassic.com



"သား .. သားကိုခေါ်သွားပါ .."

"မဟုတ်သေးဘူး သမီး .."

ဦးဝေမှူ ရွှေထုပ်လေး ရဲ့ လက်ကိုဖြုတ်ချယူဖို့ ထပ်ကိုင်လိုက်မိသည်။ သို့သော် သူမက သူကိုင်လိုက်မှ ပို၍အားပြုဆုပ်ထားကာ သူ့ကိုလည်းမကြည့် ..၊

"ကိုကြီး .. ကိုကြီးကို သား ချစ်တယ် .."

စကားသံလေး အဖျားညွတ်တိုးသဲ့သွားခဲ့ပြီး မျက်ဝန်းလေးတွေမှိတ်ကျသွား၏။

"မြသား .."

"သမီး .. သမီးလေး .."

ဦးဝေမှူ ကတုန်ကယင်ခေါ်နေရင်း ဆုပ်ကိုင်ထားဆဲ လက်လေးကို ဖြုတ်ယူပစ်လိုက်သည်။ မြဲဇေ အနားမှာလာထိုင်လိုက်တာနှင့် တင်းမာသည့် မျက်နှာနှင့်ကြည့်၍ ..၊

"မင်းသွားသင့်ပြီလို့ မထင်ဘူးလား သူငယ် .."

"ကျွန်တော်က .."

"ကလေးက အမိုက်လေးပါ၊ မင်း အခွင့်အရေးမယူပါနဲ့ .."

ပြောပြီးတာနှင့် နေရာမှ ထရပ်ဖို့ပြင်သည်။ ရွှေထုပ်လေး ကိုတစ်ပါတည်းပွေ့ချီ 'မ' လိုက်ပြီး သေချာမတ်တပ်ရပ်လိုက်ပြီးမှ သူ့ကိုပြန်ငုံ့ကြည့်၍ အံကြိတ်သည်။

ပြီးတော့မှ နေရာမှ တလှားလှားထွက်သွားခဲ့၏။ မြဲဇေ .. ထိုနေရာမှာပဲ မလှုပ်မယှက်ထိုင်နေရင်း ဦးဝေမှူ ရဲ့ ခြေလှမ်းတွေကိုငေးကြည့်နေခဲ့သည်။

ပဝါခြုံထားသည့်အဘွားအိုတစ်ယောက် ကတုန်ကယင် ပျာယာခတ်နေတာရော၊ ရွှေထုပ်လေး ကို ဦးဝေမှူ ဒီတိုင်းတောက်လျှောက်ပွေ့ချီသွားတာကိုရော အစအဆုံးကို ကြည့်နေမိရင်း သူတို့အုပ်စု ပျောက်ကွယ်သွားမှ သူ့မျက်လုံးတွေ တစ်နေရာဆီရောက်၏။

သွေးစွန်းနေ သည့် ဓား ..။





မြသား ကို ထိမှန်ပြီးမှ ပြုတ်ကျသွားတာဖြစ်သည်။ သူမကိုယ်ထဲကို ဘယ်လောက်ထိ ထွင်းဖောက်သွားခဲ့သလဲ ..။ အသက်အန္တရာယ်နဲ့ ဘယ်လောက်ထိ နီးသွားသလဲ ..။

တစ်ရှူးတစ်စထုတ်၍ ဓားကိုကောက်ယူလိုက်မိသည်။ ပြီးတော့ သွေးစတွေကိုစိုက်ကြည့်ရင်း အံကြိတ်မိ၏။

"ကိုကြီး မလိုက်သွားနဲ့ .. သူတို့က ကိုကြီးရဲ့ မှတ်ဉာဏ်တွေကို ဖျက်ဆီးပစ်မှာ .."

"သားကိုခေါ်သွားပါ .."

"ကိုကြီးကို သား ချစ်တယ် .."

သူမရဲ့ စကားသံတွေကိုကြားယောင်နေကာ အံကြိတ်ထားရတာ သွားခြေတွေတောင်နာကျင်လာခဲ့သည်။

မင်းပြောခွင့်ရှိတယ် မြသား .. မင်းက ကလေးအမိုက်လေးပဲ ..။

ဒါပေမယ့် မင်းနဲ့ငါက တခြားစီ ..၊



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂၈)

"မင်းဘာလုပ်လိုက်တာလဲ မြဲစေ .."

"ဘာလုပ်လိုက်တယ်ထင်လို့လဲ .."

"ကျွတ် .."

အောင်ဟိန်း ကျွတ်ခနဲစုတ်သပ်ပြီး အနားမှာလာထိုင်သည်။ ပြီးတော့ မမူးသေးသလို ခပ်တည်တည်ထိုင်သောက်နေသော မြဲစေ မျက်နှာကို ခပ်မဲ့မဲ့ကြည့်၏။

ပြီးတော့ ပုလင်းနဲ့ အမြည်းပန်းကန်တွေကိုပြန်ကြည့်ကာ ...

"မင်း မတ်တပ်ရပ်လိုက်ရင် လဲပြီ .."

"ခု မလဲသေးဘူး လဲမှပြော .."

"မြဲစေ .."

"ငါ အေးဆေးသောက်ချင်တယ် ကိုဟိန်း ရာ ...၊ မင်းက ဒီလိုပုံစံနဲ့ ငါ့အိမ်ပေါ်တက်လာတာ မရှက်ဘူးလား .."

"ဘာကိုရှက်ရမှာလဲ .."

"ဒါက ကလေကချေနေတဲ့တိုက်ခန်း .."

"ဟုတ်တယ် .. ထိုင်စရာဆိုဖာကောင်းကောင်းမရှိ၊ အထဲဝင်ထိုင်ဖို့တောင် ခုတင်အိပ်ရာမရှိဘဲနဲ့ .."

"အဲဒါကြောင့် ပြန်တော့ .."





"မင်းလိုကောင် မိန်းမယူပြီး အဲ့ဒီမိန်းမကို ဘယ်လိုထားခဲ့သလဲ လာကြည့်တာ .."

"ဟေ့ကောင် .."

"ဘာလဲ .."

အောင်ဟိန်း က ခပ်စုတ်စုတ်ကုလားထိုင်မှာပဲ ထိုင်ချလိုက်တာ ကိုင်လာသည့် ဖိုင်ကို စားပွဲပေါ်တင်လိုက်၏။ သူ့မှာ တာဝန်နဲ့ဒီဘက်ကို လာတုန်း မြဲစေ ကလည်း 'ဝင်ခဲ့ပေါ့' လို့ အင်တင်တင် မကောင်းတတ်လို့ ဖိတ်ကြားလိုက်သည့် ခွင့်ပြုချက်လေးရတုန်း ...၊

ခွင့်ပြုမိန့်နှင့် အပြေးအလွှားတက်လာခဲ့ရတာဖြစ်သည့် အလျှောက်..၊

"ဦးရှိန်းမောင် က မားဒဏ်ရာနဲ့ ရှောသွားပြီ .."

"သိတယ် .."

"ဒီမွန်း(န်) က လေဆိပ်ကအပြန် ကားတိုက်ခံရလို့ အရေးပေါ် ရောက်နေပြီ၊ ဒါပေမယ့် နှစ်ဆယ့်လေးနာရီတောင်ခံမှာမဟုတ်ဘူးတဲ့.."

"ခုနကမှ ကြားလိုက်တာ .."

"မြဲစေ အဲဒါတွေက မင်းနဲ့မဆိုင်တာ သေချာလား .."

"ဟွန်း .."

မြဲစေ က ဝီစကီလက်ကျန်ကို ဖန်ခွက်ထဲလောင်းထည့်နေရင်း ပခုံးတွန့်သည်။ ပြီးတော့ ပုလင်းခွံကို စားပွဲပေါ်ဒုတ်ခနဲဆောင့်ချလိုက်၏။ ပြီးမှ--

"မင်းက ငါနဲ့ဆိုင်နေတယ်ထင်လို့လား .."

"သူတို့က ( )ထုပ် ( )လေး ကို မတော်မတရားဖမ်းဆီးချုပ်နှောင်ခဲ့တဲ့ လူတွေပါ၊ ပြီး( )ဘာ လက်နက်သုံးပြီး ရန်ပြုခဲ့ကြတယ်၊ သူတို့လက်နက်တွေနဲ့ သူတို့ ( )န်ထိတာ ဒါက မင်းနဲ့ဘာမှမငြိဘူး..."

"ငြိနိုင်တာ( )ာ ဘာလဲ.."

"ဘာမှတော့မရှိဘူး .. ဒါပေမယ့် ငါ့စိတ်ထဲမှာ ဒါ မရိုးသားဘူးလို့ ခံစားမိနေတယ်၊ အခု ဒီမွန်း(န်) သေသွားမယ်ဆိုရင် .."

"ငါသတ်တာ .."

"ဘာ!.."



www.burmeseclassic.com

www.burmeseclassic.com



"မင်း အဲလိုထင်တယ်မို့လား .."

"စိုးရိမ်လို့မေးနေတာ မြစေ .. ဒါကိုမင်းက ဟုတ်ပါတယ်လို့ ဝန်ခံရင်လည်း အမှုက ယာဉ်တိုက်မှုနဲ့ပြီးသွားမှာပဲ ..၊ ဒါပေမယ့် ငါကတော့ မင်းကို အဲဒီလိုလူစားမျိုးမဖြစ်စေချင်ဘူး၊ လူကောင်းမဟုတ်ရင် တောင် လူဆိုးတော့မလုပ်ပါနဲ့ကွာ ..၊ ဒါမျိုးက လက်စရှိသွားရင် နောက်ထပ်လုပ်ဖို့လည်း လက်မရွံ့တော့ဘူး .."

"ပြောလို့မရဘူး ကိုဟိန်း .. ကိုယ့်အသားလာထိရင်တော့ ပုရွက်ဆိတ်တောင်မှ သူ့အဆိပ်ပြပြီးမှ အသေခံသွားတတ်တာ ငါက လူပဲ.."

"မင်းကလည်းလုပ်ပြီ .."

"ဒါပေမယ့် ခုတစ်ခါတော့ ကိုယ့်အကျိုးစီးပွားတစ်ခုခုအတွက်ပဲလုပ်မှာ ..၊ ခံစားချက်နဲ့ ဘာအလုပ်မှ မလုပ်တော့ဘူး .."

အောင်ဟိန်း မြစေ ကိုငေးရင်း အသံတိတ်သွားသည်။ ဒီစကားတွေနဲ့ပတ်သက်ပြီး သူတော်တော်နားလည်သွားရကာ ..၊

"ကောင်မလေးကို တစ်ခါတည်းပြန်ခေါ်သွားကြတာလား .."

မြစေ က ရုတ်တရက်မဖြေဘဲ ထည့်ထားသမျှကို အကုန်လုံးမော့ပစ်လိုက်၏။ ပြီးမှ ဖန်ခွက်ကိုကိုင်ထားရင်း ..၊

"ဒါ သူတို့အလုပ်ပါ .. ငါနဲ့မဆိုင်ပါဘူး .."

"သူတို့အလုပ် သူတို့လုပ်တာပေမယ့် မင်းနဲ့တော့ ဆိုင်တယ်လုပ်စမ်းပါ၊ မင်း ကောင်မလေးကြောင့် .. ခု .."

"အရက်သောက်တာမြင်တိုင်း မင်းတို့ဒီတိုင်းစွပ်စွဲဖို့ပဲသိလား .."

"စွပ်စွဲတာမဟုတ်ဘူး .. သိနေတာ .."

"သူ ငါ့ကြောင့် သေမလိုဖြစ်သွားတာကို စိတ်မကောင်းဖြစ်နေတာ.."

"ဒါပဲလား .."

"အဲ့ဒီနေရာမှာ ငါ့လက်ထဲကနေ ခေါ်သွားတည်းက တစ်ချက်လေးမှ ကြည့်ခွင့်မရတော့ဘူး၊ လုံးဝကိုပျောက်သွားတာ .."

"လူနာမမေးလိုက်ရလို့ ခံစားနေရတဲ့ စေတနာရှင်မျိုး ငါမတွေ့ဘူးပါဘူးကွာ .."





မြစေ က ဖန်ခွက်ကိုဆောင့်ချလိုက်ပြီး လှည့်ကြည့်ကာ ..၊

"မင်းအတွက် အသေခံသွားမယ်ဆိုရင် အဲဒီလူကို မင်း ကျေးဇူးမတင်ဘဲနေမှာလား .."

အောင်ဟိန်း ခပ်အမ်းအမ်းဖြစ်သွားသည်။ ပြီးမှ ကမန်းကတန်းခေါင်းညိတ်၍ ..၊

"အင်းလေ .. တင်တာပေါ့ .."

"အဲ့ဒါတွေ ဘာမှမပြောလိုက်ရဘဲ ငါ့လိုပြီးသွားမယ်ဆိုရင်ရော.. မင်း ငါ့လိုမဖြစ်နိုင်ဘူးလား .."

"မသိဘူး .."

"ကိုဟိန်း .."

"အတည်ပြောနေတာ .. ကျေးဇူးတင်ထိုက်သူတွေကို ကျေးဇူးတင်ဖူးတယ်လေ .. ဒါပေမယ့် ဘာမှမသက်ဆိုင်ကြဘဲနဲ့ ငါ့အတွက်အသေခံကာကွယ်ပေးတဲ့လူမှ မရှိခဲ့တာ၊ အဲဒီတော့ ဘာမှမဆိုင်ဘဲနဲ့ ကျေးဇူးတင်ကြည့်ဖို့ကို ငါဘယ်လိုလုပ်သိမှာလဲ .."

မြစေ မျက်နှာပုပ်သိုးသိုးကြီးဖြစ်သွားသည်။ အောင်ဟိန်း က မချိမချိုကြည့်၍ ..၊

"အသေခံပြီး ချစ်ပြသွားတဲ့ အချစ်တွေကို မင်း မေ့လို့မရနိုင်ဘဲနဲ့ ဘာဖြစ်လို့ အသိအမှတ်မပြုသလို လုပ်နေတာလဲ မြစေ ..၊ ကောင်မလေး က မင်းကိုသံယောဇဉ်ကြီးတယ်၊ မင်းလည်း သူ့ထက်မပိုရင်တောင် သူ့လိုပဲဖြစ်နေတာ အသိသာကြီး .."

မြစေ ဘာမှမပြောတော့ပေ ..။ နေရာမှ စိတ်လိုက်မာန်ပါ ထရပ်လိုက်ပြီးမှ ယိုင်ခနဲဖြစ်သွားသဖြင့် စားပွဲစွန်းကို ဖမ်းကိုင်ထားလိုက်သည်။

သူ ဟန်ဆောင်မကောင်းဘူးဆိုတာ ကိုယ့်ကိုယ်ကိုယ်သိသည်။ ဟန်ဆောင်ဖုံးကွယ်နေရသည့် သိမ်ငယ်ခြင်းကိုလည်း မခံစားနိုင်ပေ။

ထို့ကြောင့် အောင်ဟိန်း ရှေ့မှာ သူ ထိုင်မနေချင် ..။

အောင်ဟိန်း ကလည်း သူငယ်ချင်းမျက်နှာကိုပဲ တကြည့်ကြည့် ဖြစ်နေရကာ ..၊



www.burmeseclassic.com

www.burmeseclassic.com



"မြဲစေ မင်း ငါ့ကို ပွင့်ပွင့်လင်းလင်းပြောစမ်းပါကွာ .. မင်း ဘယ်လိုခံစားနေရသလဲဆိုတာ ငါ မသိချင်ပါဘူး၊ မင်းဘာဖြစ်ချင်သလဲဆိုတာ ပြောကြည့်လိုက်ပါ၊ ငါ ကူညီနိုင်တယ်ဆိုတာ .."

"ဘာ၊..."

"ဥပမာ မင်း ရွှေစင်မြသား ကို တွေ့ချင်တယ်ဆိုရင် လှမမာမေး ချင်ရုံဖြစ်ဖြစ်၊ သံယောဇဉ်နဲ့ကြည့်ချင်တာဖြစ်ဖြစ်ကွာ .."

"အဲဒါ ဘာဖြစ်လဲ .."

"ငါ ကူညီလို့ရတယ် ..၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့ကလေးကို ငါ့ကြောင့် ပြန်ရှာတွေ့တယ်လို့ သတ်မှတ်ထားတဲ့အတွက် မင်းထက်တော့ ပိုပြီးပြောရေးဆိုခွင့်ရှိတယ်လေ .."

"မလိုပါဘူး .. မင်း ငါ့ကိစ္စကို ဒီလောက်ထိခေါင်းထဲထည့်ပြီး အလုပ်ရှုပ်ခံမနေပါနဲ့ .. နှစ်ယောက်ကနေ တစ်ယောက်ဖြစ်သွားတဲ့အတွက် ဟိုးတုန်းကတာဖြစ်တာမျိုးထက် ပိုလည်းနည်းနည်းပဲ .."

"မင်းပဲပြောတော့ .."

"ဟုတ်တယ် .. အခု ငါတစ်ယောက်တည်းနေချင်ပြီမို့ မင်း ပြန်တော့.."

"အေးပါ .. ဒီတိုင်းပြောမယ်ဆိုတာသိပါတယ်၊ လာမယ့် ဖရိုက်ဒေးမှာ အဲဒီအမှုကိစ္စအတွက် ဦးဝေဠု ဆိုတဲ့ ဘဏ္ဍာထိန်းကြီး စခန်းကိုလာမယ်၊ မင်းတစ်ခုခုဆန္ဒရှိရင် ငါ့ကိုဖုန်းဆက်လိုက်ကွာ .. ပြန်မယ် .."

ကျောခိုင်းရပ်နေလျက် စားပွဲမှာ လက်နှစ်ဖက်စလုံးထောက်လိုက်ပြီး ခပ်ငုံ့ငုံ့ပုံစံနှင့် ငြိမ်နေသော မြဲစေ ကို ခဏတော့ရပ်ကြည့်နေမိသည်။

ပြီးတော့မှ ထပ်နှုတ်မဆက်တော့ဘဲ လှည့်ထွက်လာခဲ့မိသည်။ အစက မသိခဲ့ပေမယ့် ပြဿနာတွေ ရှုပ်ထွေးသွားခဲ့သည့်အချိန်မှာ မြဲစေ နဲ့ ရွှေစင်မြသား ရဲ့ သံယောဇဉ်နှောင်တွယ်မှုတွေက မတွေ့ချင်မမြင်ချင်မှ အဆုံးပင် ..။ ထိုနေ့ကအဖြစ်တွေကို ပြန်တွေးမိတော့ သက်ပြင်းချမိသည်။

သူတို့ခေါ်နေကြသည့် 'ရွှေထုပ်လေး' ခေါ် ရွှေစင်မြသား အား ရှာတွေ့နေပြီဆိုတာ အကြောင်းကြားလိုက်တာနှင့် ဦးဝေဠု နဲ့အမျိုးသမီးကြီး တစ်ယောက်က အရင်ရောက်လာခဲ့လျက် ဒေါ်နှံ့သာမွှေး ကိုတော့ မပြော





ခဲ့ကြတာလား၊ ရှေ့ဆင့်နောက်ဆင့်ထွက်လာဖြစ်ကြတာလား၊ ဒါတော့ မသိ..။

ဦးဝေဠု တို့ပဲ လူအုပ်စုခွဲပြီး ထပ်ချပ်မကွာလိုက်ကြတဲ့ပုံစံကတော့ ဘုရင့်နောင်ဖောင်ဖျက်ပြီး တိုက်ပွဲဝင်သလိုမျိုးပင် ..။

"ဒီတိုက်ခန်းလေးမှာလား .. ဘယ်မှာလဲ .."

မြဲစေ ရဲ့ တိုက်ခန်းမှာ ရွှေစင်မြသား ကို မတွေ့ရသည်နှင့် ဦးဝေဠု က လူအင်အားဖြန့်ပြီး ချက်ချင်းခွဲရှာသည်။ အခြေအနေတွေက မထင်မှတ်ဘဲ ရှုပ်ထွေးသွားခဲ့သဖြင့် ဘယ်သူကလူဆိုး၊ ဘယ်သူလူကောင်းလဲဆိုတာ သေချာပြောပြချိန်မရခဲ့တာလည်း မြဲစေ ရဲ့ ကံကြမ္မာပဲလို့ပြောရမလား ..။

ထို့ကြောင့်လည်း မြဲစေ အပေါ် ဦးဝေဠု တို့ဆက်ဆံသွားပုံက သူ့တာဝန်မကင်းဟု ယူဆမိကာ စိတ်မကောင်းဖြစ်နေခဲ့ရသည်။

ခုချိန်ကျမှ ခွဲခြားရှင်းပြနေရင်လည်း မြဲစေ နဲ့ သူ့ရဲ့ ရင်းနှီးမှုကြောင့် ပို၍ရှုပ်ထွေးကုန်မှာပဲရှိတာမို့ မတတ်နိုင်တော့ပေ။ ဆုတောင်းနေဖို့ တစ်ခုပဲရှိတော့သည်။

ဒါကို မြဲစေ ကလည်း မျိုသိပ်ဟန်ဆောင်မနေတော့တဲ့ ရွှေစင်မြသား ကလည်း မြဲစေ ဘက်မှာပဲ ဆက်လက်ရပ်သွားမည်ဆိုလျှင် သူတို့ချင်း ဆုံနိုင်ခွင့်တော့ ရှိလိမ့်မည်ဟု ..။

ဒါမှမဟုတ် အနေဝေးလို့သွေးအေးသွားနိုင်တာမျိုး၊ သူတို့ချင်း သံယောဇဉ်က 'မလွမ်းလောက်ဘူး' ဆိုရင် ...

တစ်ခုခုတော့ ဖြစ်နိုင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၉)

"သား .. ကိုယ့်ကိုယ်ကိုယ် သေသွားပြီထင်နေတာ .."

"မဦးမချွတ် ကလေးရယ် .. ဖွ .. ဖွ .. လွဲပါစေ ဖယ်ပါစေ .."

ဒေါ်ခက္ခာ အသံကိုပါ ဆက်တိုက်ကြားလိုက်ရကာ ဒေါ်နန့်သာမွှေး ခြေလှမ်းရပ်သွားသည်။ ဘေးမှာ ဦးဇေယျ ပါနေသဖြင့် နောက်ပြန်ငဲ့ကြည့်မိရင်း အသံတိတ်စကားသံတွေ ဖြစ်ထွန်းသွားကြ၏။

ဒေါ်နန့်သာမွှေး ရဲ့မျက်နှာပေါ်က တုန်လှုပ်ချောက်ချားမှုကို မမြင်ရက်သလို ဦးဇေယျ က မျက်လွှာချလိုက်ရင်းဝင့်သက်ရှိုက်သည်။ အခန်းထဲမှာ ရွှေထုပ်လေး ရဲ့ စကားသံက အဖျားခတ်တုန်ယင်နေခဲ့ပြီး ..၊

"သားကဖြင့် မလွဲစေချင်ပါဘူး .."

"အလိုလေးတော် .."

"ဘွားလေးတို့ကို မြင်လိုက်တည်းက သားကို ပြန်ခေါ်တော့မှာပဲ ဆိုတာသိတယ် .."

"ခေါ်ရမှာပေါ့ ရွှေထုပ်လေး ရယ် .. ကလေးလေးက အရမ်းငယ် သေးတယ်လေ .."

"မငယ်ဘဲနဲ့ .."

"ဟုတ်ပါတယ် .. ဒါပေမယ့် အတွေ့အကြုံဘာမှမရှိဘူးမို့လား၊ ဒါကြောင့်လည်း လူဆိုးတွေလက်ထဲမှာ ကလေး ဒုက္ခတွေပင်လယ်ဝေ





နေတာပေါ့ .."

"လူဆိုးတွေက ကိုကြီးကို မနိုင်ပါဘူး၊ ကိုကြီး ရှိနေရင် ဘာမှ ဖြစ်ဘူး၊ အဲဒါ သားသိတယ် .."

"ဖြစ်လို့ပဲ .. အခု .."

"အဲဒါ ကိုကြီးကို စိုးရိမ်ပြီး သား တမင်ကာကွယ်လိုက်လို့ထိတာ."

"ဘာပဲဖြစ်ဖြစ် .. သူ့ကြောင့် ရန်သူတွေက ရန်ပြုတာမို့လား .."

"ကိုကြီးကို ဘွားလေးတို့က လူဆိုးလို့ပြောနေကြတာပါ .."

"လူဆိုးမို့ ဓားလက်နက်တွေနဲ့ ပစ်ခတ်သတ်ပုတ်နေကြတာပေါ့ ကလေးရယ် .."

"ကိုကြီးက ဆော့ဖ်ဝဲအင်ဂျင်နီယာ တာကြီး ရဲ့ ..၊ ပြီးတော့ သူများ လုံးဝမတူအောင်တော်တာ၊ ကိုကြီးပညာကိုအသုံးချပြီး စီးပွားရေး သမားတွေက အချင်းချင်းလုပ်ကြံဖြုတ်ချချင်တာနဲ့ ခုလိုတွေဖြစ်ကုန် တာ ..၊ တကယ်တော့ ကိုကြီးကမှ သနားစရာကောင်းတာ .."

"ဖြစ်ရလေ .."

"တာကြီးနော် .."

"သော် .. မဟုတ်ပါဘူး၊ လူဆိုးမဟုတ်ပေမယ့် သူ့ပုံစံကြီးက အားတွားကြိုင်းကြိုင်းကြမ်းပုံကြမ်းတမ်းကြီးလေ ..၊ အဲ့ဒါကို သနားစရာ လို့ အံ့သြလို့ပါ .."

ဒေါ်နန့်သာမွှေး နားထောင်နေရင်း အခန်းရှေ့မှာပဲ ခြေစုံရပ်နေမိတာ သိမဲ့သွားသည့်အတိုင်း ..၊

"ပြီးတော့ ကလေးရယ် .. သူက လူကြမ်းပုံကြီးနဲ့၊ ကလေးက ဖက်ဖက်နူးနူးညှံ့ညှံ့လေးရယ် .. အသက်ချင်းကွာတာလည်း သိသာ ယ်၊ သူ့ပုံစံအရ ချစ်ခင်ကြင်နာတတ်မယ့်ပုံလည်းမရှိပါဘူး .."

"ချစ်ခင်ကြင်နာကြတဲ့လူတွေကျတော့ သားကို လိမ်ကြ၊ ယုတ်မာ တာပဲ ..၊ တာကြီး တို့ပြောတဲ့ လူဆိုးလူကောင်းဆိုတာ ဘယ်မှာလဲ၊ မ်းတမ်းတာ နူးညံ့တာတွေနဲ့ ဘာကိုဆုံးဖြတ်ကြတာလဲ၊ သားကိုဖ ကြုံခဲ့ရတာတွေ သားပဲ သိတာ၊ ကိုကြီးနဲ့ သား မတွေ့ခဲ့ရင် ခုလောက်



www.burmeseclassic.com

www.burmeseclassic.com



ဆို သားဘဝ တစ်စစီဖြစ်နေပြီသိလား ..."

ပြောရင်း ဟီးခနဲငိုချလိုက်သဖြင့် ကြားနေရသည့် ဒေါ်နန့်သာမွေး လက်တုန် ခြေတုန်ဖြစ်သွားသည်။ ဦးဝေဠု ကိုလည်း အားကိုးသလိုမော့ကြည့်မိသည်။

ဦးဝေဠု က ခေါင်းခါပြရင်း အသာနေလိုက်ဖို့ အသံတိတ်အကြံပြု၏။

"ကိုကြီးနဲ့နေရင် သား ဘာမှမဖြစ်ဘူး၊ ခုလည်း ဒဏ်ရာရပေမယ့် သား ဘာဖြစ်လို့လဲ ..."

"ပစ်လိုက်တဲ့ဓားက ထိရုံပဲထိပြီး ပြန်ပြုတ်ကျသွားတာလေ ...၊ ဒဏ်ရာ က နက်နက်ရှိုင်းရှိုင်းမဖြစ်တော့ သေကွင်းသေကွက်တွေ မထိဘူးလေ၊ အဲဒါကြောင့် ဘာမှမဖြစ်တာမဟုတ်ဘူးလား ကလေးရယ် ..."

"တာကြီး က ပြောပြန်ပြီ ..."

"မဟုတ်ပါဘူးကွယ် .. တာကြီး က ရွှေထုပ်လေး စိတ်သက်သာရာရအောင်လို့ပါ၊ မမကြီးအနေနဲ့ကျတော့လည်း အဲဒီလိုအခြေမဲ့အနေမဲ့ လူငယ်တစ်ယောက်နဲ့ ရွှေထုပ်လေး ကို ..."

"အခြေအနေမမဲ့ပါဘူး ..."

"ရွှေထုပ်လေး ရယ် .. ကလေးနဲ့ သူနဲ့က ဘယ်လိုမှ ..."

ရွှေထုပ်လေး မျက်ရည်ပေါက်ကြီးတွေ တလိမ့်လိမ့်ကျလာသဖြင့် ဒေါ်ခတ္တာ စကားမဆက်နိုင်တော့ပေ။

"မငိုပါနဲ့ကလေးရယ် .. တာကြီး ဘာမှမပြောတော့ဘူးနော် ..."

"တာကြီး ..."

"ဟင် ... ပြောလေ .. ပြော .."

"သားကို ကိုကြီးက လာမကြည့်တာမဟုတ်ဘူးမို့လားဟင် ..."

"ဟုတ်တယ် သမီး ...၊ လာကိုမကြည့်တာ တကယ်ပါ .."

"ဟင့်အင်း .. ဒါဆိုလည်း ဘဘနဲ့ ဘွားလေးတို့ တစ်ခုခုပြောလိုက်လို့နေမှာပဲ .. ကိုကြီးက ရက်စက်သလိုနေပေမယ့် သား ဒုက္ခရောက်ရင် အမြဲကယ်တင်ခဲ့တာ .."

"အခု .. ကလေးက မိဘလက်ထဲပြန်ရောက်သွားပြီမို့လို့ စိတ်ချသွားတာနေမှာပေါ့ .."





မေးနေဖြေနေတာတွေကို ကြားကာ ဦးဝေဠု မျက်နှာပျက်သွားသလို ဒေါ်နန့်သာမွေး ကိုကြည့်မိသည်။

ဒေါ်နန့်သာမွေး ဘာမှမပြောပေမယ့် နဂိုတည်းက ဇရာထောင်းနေပြီဖြစ်သည့် မျက်နှာက ဒီနေရာမှာပဲ ဗုန်းဗုန်းလဲတော့မတတ်ပင် ...။

ဆိုစဉ် သူတို့မကြားချင်ဆုံးသောစကားကို ရွှေထုပ်လေး က ဆိုလာလျက်..

"ကိုကြီးနဲ့ သား ခဏလောက်တွေ့ချင်တယ် .."

"ဟင် .."

"ဘွားလေးက သားကို ဘာအခွင့်အရေးမှပေးမှာမဟုတ်တော့ဘူး တာကြီးရဲ့ .. ကြင်ရာတော်ရှာမယ်ဆိုတာကိုလည်း အားချင်းစီစဉ်တော့မှာပဲ၊ သားကို ဒါလေးတစ်ခုတော့ တာကြီး ပြောပေးလေနော် .."

"အဲ့ဒါကြီးကိုတော့ တာကြီး ဘယ်ပြောရဲမလဲ ရွှေထုပ်လေး ရယ်၊ ဒါတော့ မခိုင်းပါနဲ့ ကလေးရယ် .. တာကြီး ကိုသနားပါ .."

ဒေါ်နန့်သာမွေး နေရာမှ လှည့်ထွက်သွားလျှင် ဦးဝေဠု နောက်ကနေ ခွာခွာလိုက်လာကာ ...၊

"ကလေးဆိုတော့ စွဲမိစွဲရာပါ၊ မမကြီး ကိုယ့်စိတ်ကို ချမ်းသာအောင်ထားပြီး ကျန်းမာရေးကိုပဲ ဂရုစိုက်ပါ၊ ဒီလိုမျိုးလည်း နောက်ထပ် ထပ်ဖြစ်မှာမဟုတ်လို့ မပူပါနဲ့ ...၊ ကြာကြာနေရင် ကလေး မေ့ပျောက်ရှင်းပြန်ဖြစ်သွားမှာ ... ကျွန်တော်တို့အားလုံး ခါတိုင်းထက် အထူးဂရုစိုက်ပြီး ကြပ်မတ်ပါ့မယ်.."

ဒေါ်နန့်သာမွေး တစ်လှမ်းချင်းသွားနေရင်း ဘာစကားမှမပြန်ဘဲနေ၏။ သူမစိတ်ထဲမှာ အလိုလိုသိနေတာက အရာရာဟာ ကိုယ်ထင်ထားတဲ့အတိုင်း ဘယ်တော့မှ ဖြစ်မလာနိုင် ...။

ဒါဆို လုပ်သမျှမဖြစ်သည့်အတွက် ဖြစ်သလိုလုပ်လိုက်ဖို့ ဆုံးဖြတ်ရမှာလား ...၊

တင်းတင်းဆုတ်ထားဆဲ နှုတ်ခမ်းသားတွေက အလျှော့ပေးမှာမဟုတ်သည့် ပြတ်သားမှုများနှင့် ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၀)

သူ ကားရပ်လိုက်တာနှင့် မလှမ်းမကမ်းက အနက်ရောင်ကားလေးကို မျက်လုံးရောက်သွားခဲ့၏။ တက္ကစီခရှင်းပေးနေတုန်းမှာပဲ ထိုကားနက်လေးပေါ်က အောင်ဟိန်း ဆင်းလာကာ ...၊

"ဒီတစ်ခါ တော်တော် ဝိုင်းကြီးပုံပဲ .."

သူ ဆွဲထားသည့် ငွေအိတ်ကိုကြည့်၍ မတည်မပြုံးမျက်နှာနှင့်ပြောသည်။ မြစေ ကလည်း ဂရုမစိုက်စွာ တစ်ခွန်းမှမဖြေဘဲ အိမ်တံခါးဖွင့်နေ၏။

"မြစေ .."

"... ... ... ..."

"မင်း အဲ့ဒါတွေ ဘာလို့ပြန်လုပ်နေတာလဲ ...၊ ဒီလိုကောင်တွေကပဲ မင်းကို အန္တရာယ်ပေးနေတာ၊ မင်း မသိတာလည်းမဟုတ်ဘူး .."

မြစေ က လှည့်လည်းမကြည့်၊ တစ်ခွန်းမှပြန်မပြောဘဲ ပိုက်ဆံအိတ်ကို ကြမ်းပြင်ပေါ်မှာဖြစ်သလိုပစ်ချလိုက်သည်။ အောင်ဟိန်း က တစ်အိမ်လုံးကို လိုက်မော့ကြည့်၍ ဘာတွေသဘောပေါက်ပြီး ခေါင်းခါမှန်းမသိ..။

အိမ်က ပျဉ်ထောင်ပျဉ်ခင်းလေးဖြစ်ကာ မိသားစုလေးငါးယောက်နေလောက်အောင် ကျယ်ဝန်း၍ သေသေသပ်သပ်လည်းရှိသည်။





ဒါပေမယ့် တစ်အိမ်လုံးမှာ ဖယောင်းပုဆိုးတွေချည်းအပြည့်ခင်းထားကာ အိမ်ထောင်ပရိဘောဂပစ္စည်းတော့ ဘာတစ်ခုမှမရှိပေ။

"မင်းလည်း စောင်တစ်ထည်ဖျာတစ်ချပ်နဲ့ပဲ တစ်အိမ်တက်ဆင်းပြောင်းနေရတာ ဝါသနာပါနေတာလား ..၊ ဒါမှမဟုတ် အကုသိုလ်တွေကြီးနေတာလားပဲ .."

"အဲဒါကို ဘယ်ကဘယ်လိုသတင်းရပြီး ဒီထိလိုက်လာတာလဲ .."

မြစေ က လှည့်မကြည့်ဘဲပြောကာ ကုတ်အင်္ကျီကြီးကိုချွတ်ပြီး နံရံက သံတစ်ချောင်းမှာ ချိတ်ထားလိုက်၏။ ဒါကိုလည်း အောင်ဟိန်း က သတိတရလိုက်ကြည့်လေသည်။

တခြားသော သူဌေးတွေ အိမ်မှာ၊ ကားပေါ်မှာ၊ အလုပ်ရုံးခန်းမှာ ဘယ်မှာဖြစ်ဖြစ် လေအေးပေးစက်နဲ့နေကြတာမို့ ကုတ်အင်္ကျီတွေ၊ ဂျာကင်တွေနဲ့ အချိန်ပြည့် စမတ်ကျနေကြတာဖြစ်သည်။

မြစေ ကတော့ လေအေးပေးစက်လည်းမလို၊ စမတ်ကျအောင် တမင်ဖန်တီးနေတာလည်းမဟုတ်ဘဲ ဒီလိုဝတ်စားနေထိုင်တာကိုက သူ့စတိုင်လ်ဖြစ်နေကာ ပူပူအိုက်အိုက် အမြဲတမ်းဒီတိုင်း ..။

"ငါက မင်းကိုပဲ စောင့်ကြည့်နေတော့လည်း သိနေတာပေါ့ကွာ.."

"နိုင်လုံတဲ့ သက်သေရအောင်လား .."

"ဟုတ်တယ် .. မင်းတို့ဝိုင်းကို လာဖမ်းပြီး မင်းကို လက်ထိပ်ခတ်ချင်တာ .."

မြစေ က ခပ်မဲ့မဲ့ပြုံးပြီး စီးကရက်မီးညှိ၏။

"ငါ့ကို ရေလေးဘာလေး မတိုက်တော့ဘူးလား .."

"မောလာတာက ငါ .."

"ငါက မင်းဧည့်သည် .."

"မခေါ်ဘဲလာတဲ့ဧည့်သည်ဆိုတာ ဒီလိုပဲ ..၊ ကိုယ့်ဘာသာအကြောင်းရှာလာပြီး ကိုယ့်အကြောင်းနဲ့ကိုယ်ပဲ ပြန်ကြတာ .."

"တော်တော်ခင်ဖို့ကောင်းတဲ့ ကောင် .."



www.burmeseclassic.com

www.burmeseclassic.com



ရွှံ့တွတွမျက်နှာနှင့် ကျိန်ဆဲရင်း ခေါင်းရင်းဘက်မှာချထားသည့် ရေသန့်ဘူးကို လှမ်းဆွဲသည်။ ပြီးတော့ လက်နှစ်လုံးလောက် ကျန်နေသည့် ရေကို ကိုယ့်ဘာသာဖွင့်သောက်ပြီးမှ ...၊

"ကိုယ့်အကြောင်းနဲ့ကိုယ် ပြန်ရမှာပေမယ့် ဒီနေ့တော့ မပြန်ဘူး..."

မြဲစေ စီးကရက်ကို နှုတ်ခမ်းကဖြုတ်လိုက်ပြီး လှည့်ကြည့်သည်။ အောင်ဟိန်း ကလည်း ခပ်တည်တည် ...။ နှစ်ယောက်စလုံး အဓိပ္ပာယ်တွေနဲ့ ကြည့်နေကြပြီးမှ ...၊

"မင်းက ငါ့ကို ဘာလုပ်စေချင်တာလဲ အောင်ဟိန်း၊ လောင်းကစားတာလည်းမကြိုက်ဘူး၊ နိုင်ငံခြားသွားမှာကိုလည်း တားချင်နေတယ်..."

"တားချင်တာမဟုတ်ဘူး .. အတိအကျတားမှာ .."

"ဘာအကြောင်းနဲ့လဲ .."

"မသွားစေချင်လို့ပေါ့ကွ .. စိတ်လေလို့၊ အသည်းကွဲလို့၊ ကြီးပွားချင်လို့ ခေါင်းစဉ်အမျိုးမျိုးနဲ့ နိုင်ငံခြားကိုထွက်နေကြတယ်၊ တခြားသူတွေ ဘာကြောင့်ထွက်ထွက် .. မင်းကိုတော့ တားရမှာပဲ၊ မင်း မရောက်ဖူးတဲ့နေရာတွေလည်း မဟုတ်ဘူး၊ မင်းအတွက် အကောင်းဆုံးနေရာလည်းမဟုတ်ဘဲနဲ့ .."

"ဒီမှာရော ဘာကောင်းတာရှိလို့လဲ .."

"ကောင်းအောင်ကြိုးစားလို့ရတယ် မြဲစေ ...၊ မင်းက မင်းကိုယ်မင်း ဖျက်နေတာ၊ မင်းတတ်တဲ့ပညာတွေနဲ့ ကိုယ့်နိုင်ငံမှာပဲ တာဝန်ထမ်းပါကွာ ...၊ ကိုယ်ပိုင်အလုပ်နဲ့ နေမယ်ဆိုလည်း မင်းက သူဌေးပဲ၊ ငွေစက္ကူ အတုလုပ်သုံးတာကမှ အန္တရာယ်ကြီးသေးတယ်၊ မင်းခေါင်းက ငွေထွက်နေတဲ့ခေါင်း ...၊ တမင်တကာ မင်း ကိုယ့်ကိုယ်ကိုယ် အရှုံးပေးနေတာ.."

မြဲစေ က သောက်ကာစ စီးကရက်ကို နံရံမှာ ဖိချေပစ်လိုက်သည်။ ဒါကိုကြည့်၍ အောင်ဟိန်း က စကားမဆက်တော့ဘဲနေလျှင် သူ ချာခနဲ လှည့်လာကာ ...၊

"ငါ ဘာကိုမှ အရှုံးမပေးဘူး၊ သူဌေးလို့ ထင်နေတဲ့ ငါကလည်း ဘာမှမဟုတ်တဲ့ကောင်ပဲ ...၊ ငါ့ကို မင်း အဲဒီလိုမြင်ပေးရင် ကျေးဇူးတင်တယ် အောင်ဟိန်း ...၊ ငါ့ကိုယ်ငါ ဘာဆိုတာသိကိုမသိချင်တော့ဘူး.."

"လူတစ်ယောက်ကို 'ဒီလူဘယ်လိုလူ' ဆိုတာ ပတ်ဝန်းကျင်က သတ်မှတ်တာကွ ...၊ အဲဒါကို မင်းလိုချင်တိုင်းမရဘူး၊ မလိုချင်ဘူးဆိုလို့လည်းမရဘူး၊ ဒါတွေ မင်းသိပါတယ် မြဲစေ ရာ ...၊ စင်ကာပူကိုမသွားပါနဲ့ .. အဲဒီကနေ ဘယ်နိုင်ငံတွေထပ်ရောက်သွားမယ်ဆိုတာ ငါ ကြိုတွေးမိနေတယ် .."

အောင်ဟိန်း က သူ့ရှေ့ကို တိုးလျှောက်လာကာ တောင်းပန်စည်း ရှိုးသည့်မျက်နှာလေးသံနှင့် ...

"ငါ မင်းကို သူငယ်ချင်းလိုရော .. ကိုယ့်ညီအစ်ကိုတစ်ယောက်လိုရော .. မင်းလိုလူကို မ ဆုံးရှုံးချင်ဘူး၊ ဒီခေတ်ထဲမှာ နိုင်ငံခြားခရီးသွားတယ်ဆိုတာ ခေတ်ရဲ့စတိုင်လ်ဖြစ်ချင်ဖြစ်မယ် .. ငါ့အတွေးအခေါ်တွေကလည်း ဟောင်းချင်ဟောင်းနေမယ်ကွာ .. ဒါပေမယ့် .."

"အောင်ဟိန်း .."

ခေါ်လိုက်တာကတော့ မျက်နှာကိုစေ့စေ့ကြည့်၍ ဖြစ်ပေမယ့် နှုတ်ခမ်းတို့ကို တင်းခနဲ စေ့ပိတ်ရင်း မြဲစေ က တစ်ဖက်လှည့်သွားသည်။ ပြီးမှ ကျောခိုင်းထားလျက်နှင့် ...၊

"ငါ .. ငါသွားမှဖြစ်မယ် အောင်ဟိန်း .."

"မင်း ရွှေစင်မြသား ကြောင့် .."

"ဟုတ်တယ် .."

သူ ဖျတ်ခနဲ ပြန်လှည့်လာကာ ...၊

"ငါ ဘယ်လိုမှ နေလို့မရဘူး၊ ဘာမှမဟုတ်တာလေးတွေကို ဘယ်လိုဖျောက်ဖျောက်မရဘူး ...၊ သူ့အကြည့် သူ့အသံတွေ၊ ပြီးတော့ သူ့မျက်ရည်တွေ .. ကျွတ် .."

"သူ ဒုက္ခတွင်းထဲရောက်သွားတာမှ မဟုတ်ဘဲကွာ ...၊ ကိုယ့် ဘေးမှာ ရှိတာထက်တောင် လုံခြုံနေတာပဲ ...၊ မင်း အဲဒီလိုဖြေကြည့်စမ်းပါ .."







www.burmeseclassic.com

www.burmeseclassic.com



"မရဘူး .."

ဘယ်လိုမေးလို့မှ မဖြေခဲ့ဘဲ ဝန်ခံနေတော့လည်း မျက်နှာတစ်ပြ
လုံး ရဲရျိတ်နေလျက် ခုပဲ ငိုချလိုက်တော့မလိုလို ..။ ဒါပေမယ့် မြ
ကို သူ စနောက်ပြီးတော့တောင် မပြုံးရက်ခဲ့ပေ။

"ငါက အဲဒီလို ဖြစ်မနေသင့်တဲ့ကောင်ပဲ .. မဖြစ်အောင်လည်
ကြိုးစားခဲ့တာ .. ဒါပေမယ့် မရဘူး .."

"မြဲစေ ရာ .. ချစ်တဲ့စိတ်ဆိုတာ လိုသလိုနိုင်းစေလို့ရတာမျိုး
မဟုတ်ဘဲကွ .."

"ရတယ် ငါရအောင် ကြိုးစားမယ်၊ သူရော သူ့မိသားစုတွေရော
အားလုံးက ငါနဲ့ ဘယ်လိုမှမအပ်စပ်တဲ့လူတွေ .."

"ဒါပေမယ့် မင်း သူ့ကြောင့် ကိုယ်ကျော်နိုင်းခဲ့တဲ့ ပတ်ဝန်းကျင်
ထဲကို ပြန်သွားမယ်ဆိုတာတော့ ပျော့ညံ့တာပဲ .."

"အဲ့ဒါလည်း ပတ်ဝန်းကျင်က သတ်မှတ်တာပဲလား .."

"ခု .. ငါပြောနေတာ .."

"ဟွန်း .."

မြဲစေ က အံကြိတ်ထားရင်းမှကာ အခန်းတစ်ခုထဲဝင်သွားသည်
ပြီးတော့ ပြန်ထွက်လာကာ လက်ထဲမှာ လက်ဆွဲအိတ်လေးတစ်လုံး
ပါလာလျက် ..၊

"တစ်သက်လုံး ငါ့ထင်ရာ ငါလုပ်ခဲ့တာ .."

သူပြောသမျှကို ဂရုမစိုက်ဘွာပယ်ချ၍ ငွေအိတ်ကိုပြန်ကောက်ပြီး
ကိုင်လာသည့် အိတ်ထဲထပ်ထည့်၏။ အောင်ဟိန်း သူ ကျရှုံးသွားပြီဆို
တာ သိလိုက်ပြီး သက်ပြင်းချမိ၏။

"မင်း ဘယ် ဖလိုက်နဲ့လဲ .."

"ည ဆယ့်နှစ်နာရီမကျော်ခင် တစ်ချိန်ချိန် .."

"ဘာလဲ .. မင်းကိုငါ နှောင့်ယှက်မှာစိုးလို့လား .."

"အဲဒါတွေလျှောက်မေးမနေနဲ့ကွာ ..၊ ရော့ .. ဒါတွေဘဏ်ထဲထည့်





ထားပေး .."

"အေး .. မင်း ငါ့ကို အဲဒါပဲနိုင်း၊ ပြောစရာရှိတာကျတော့ ဘာမှ
ပွင့်ပွင့်လင်းလင်းမရှိဘူး .."

"ငါ့အကြောင်းနဲ့ ငါပါကွာ .."

"ဟုတ်ပါတယ် .. ကိုယ့်အကြောင်းနဲ့ကိုယ်ပါ၊ အဲဒီအကြောင်း
ကလည်း မင်းမှာပဲရှိတာ သူများမှာမရှိဘူး .."

အောင်ဟိန်း က ရွဲ့ပြောတော့ မြဲစေ တစ်ခုခုပြောတော့မလို လှည့်
ကြည့်သည်။ ဒါပေမယ့် အိတ်ကိုသာချပေးထားခဲ့ပြီး ဘာမှမပြောဘဲ
လှည့်ထွက်သွားလေသည်။

"အေးပေါ့ .. အဲ့ဒီလို ညှို့ဝတ်ကျောတာ ကျေးဇူးပဲ မြဲစေ ..၊ ငါ
တံခါးတွေပိတ်၊ သော့ပါခတ်ခဲ့မယ် .. အဆင်ပြေမယ်မို့လား .."

အောင်ဟိန်း အသံကြောင့် ဝါးလုံးကွဲမရယ်နိုင်ပေမယ့် ပြုံးတော့ ပြုံးခဲ့
မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၁)

"ဘယ်လိုလဲ .. မင်းတို့အထင်ကြီးလွန်းနေတယ်ဆိုတာ ငါပြောတာ မမှန်ဘူးလား၊ မင်းတို့ကောင် ရှုံးပြန်နေပြီ .."

ဘားရဲ့ နောက်ခန်းမှာဆိုလို့ ဦးဝေဠု ဝင်လာခဲ့မိကာ လူတွေဝိုင်းပတ်ရပ်နေသည့် အုပ်စုနှင့် ခပ်လှမ်းလှမ်းမှာရပ်နေလိုက်၏။

ထို့ကြောင့် သူနဲ့ နီးကပ်နေသည့် လူငယ်သုံးယောက်ထံမှ စကားသံတွေကို ဒီတိုင်းကြားနေရကာ ..၊

"မင်းတို့က ကိုယ်ထင်ရာတွေမြင်နေကြတာပါ၊ အဆိပ် ဆိုတဲ့ ကောင် ရှုံးပြန်တဲ့ပွဲမျိုး တစ်ခါမှမကြုံခဲ့သေးပါဘူး၊ သိပ်မကြာဘူး မင်း ကြည့်လိုက်၊ ဘယ်ပွဲမှာ ဘယ်လိုတွေးနေနေ ဘယ်လောက်ရှုံးရှုံး ပွဲသိမ်းပေးမှာက သူပဲ .."

"မင်း သူ့ဘက်က လောင်းထားလို့ ဒီလောက်အမွှန်းတင်နေတာလား၊ သူ သိပ်တော်တယ်ဆိုလည်း ဖဲဝိုင်းမှာပဲနေမှာပေါ့ .."

"မင်း အဲလိုထင်ရင် စောင့်ကြည့်လိုက်လေ၊ မြဲစေ ဆိုတဲ့ နာမည်ပျောက်ပြီး အဆိပ် လို့ ဘာကြောင့် တွင်နေသလဲဆိုတာ သိသွားလိမ့်မယ် .."

ဘောလုံးပွဲက အသံတစ်သံတည်းထွက်နေပြီး လူသံတွေကတော့ ဟာခနဲထွက်လာလိုက်၊ အားမလိုအားမရ စုတ်သပ်တက်ခေါက်သံတွေ





ထွက်နှင့် အားလုံး၏အာရုံတွေက တီဗီဖန်သားပြင်ပေါ်မှာပဲ ဖြစ်နေခဲ့ကြ၏။

ဦးဝေဠု နေရာမှ ပြန်လှည့်လာခဲ့ကာ ဖုန်းထုတ်ယူလိုက်သည်။

အဆိပ် ..၊

မြဲစေ ဆိုတဲ့လူငယ်က အဆိပ် တဲ့လား ..။

ဘာပဲဖြစ်ဖြစ် သူတို့အားလုံး ဆုံးဖြတ်ခဲ့ကြပြီးဖြစ်သည့်အတိုင်း ဒီကောင်လေးနဲ့ စကားပြောရဖို့ကရှိနေသည်။

"ကျွတ် .."

ဖုန်းခေါ်နေတာ သုံးခါရှိပြီပေမယ့် မကိုင် ..။

အထဲပြန်ဝင်သွားပြီး လက်တို့ခေါ်ဖို့ကလည်း မဖြစ်နိုင် ..၊

ပြန်ဝင်သွားရမလား၊ ဖုန်းထပ်ခေါ်ရမလား စဉ်းစားနေမိစဉ် အထဲကနေ မြဲစေ ထွက်လာတာမြင်လိုက်၏။ သူ့ပုံစံက ရှေ့ကိုပဲ ဦးတည်ပြီး လှမ်းသွားတာမို့ ဦးဝေဠု ကမန်းကတန်းလိုက်ခဲ့၏။ သို့သော် ...

"အဆိပ် .."

သူ့ထက်ဦးသည့် လူနှစ်ယောက်က သူ့ရှေ့က ရောက်သွားကြကာ..

"မင်းကို ငါတို့ဆရာကြီးက ဂုဏ်ပြုညစာနဲ့ကြိုနေတယ် .."

မြဲစေ က နောက်ကိုပြန်ငဲ့ကြည့်ပြီးမှ ကိုယ်တစောင်းလှည့်ရပ်လိုက်သည်။

"ဟွန်း .. ဦးရှိန်းမောင် ကိစ္စအတွက် မင်းကို အားပါးတရ ဂုဏ်ပြုချင်လို့ပါ၊ ဒီည ဒင်နာအတွက် .."

"ဒီမှာ .."

မြဲစေ အသံကို ဦးဝေဠု နားစွံ့နေမိကာ သူတို့ရဲ့ အနီးအနားမှာပဲ ဒီတိုင်းရပ်နေလိုက်၏။

"မင်းတို့ ဆရာကိုပြောလိုက်၊ ကိုယ်ကငြိုးနေရင် ကိုယ့်လက်နဲ့ ကိုယ်တိုင်ဆုပ်ချေမစ်လိုက်ရမှ ကျေနပ်ရတယ်၊ အဲဒီလို သက်သောင့်သက်သာကျေနပ်မှုတွေနဲ့ ပိုက်ဆံကုန်ခံမနေနဲ့လို့ .."

ည၏ အမှောင်ရိပ်ကို ဆိုင်ထဲမှ မီးအလင်းရောင်က ဖြိုခွင်းထား



www.burmeseclassic.com

www.burmeseclassic.com



လျက်၊ သူတို့မျက်နှာပေါ်က အပြုံးတွေကို မြဲစေ ၏ ပျက်ရယ်ပြုသော စကားက ပျောက်ကွယ်စေခဲ့၏။

"ဟီတ်ကောင် .. ငါတို့ဆရာက .."

"ငတုံး .."

"ဘာကွ .."

"ပြန်ပြောလိုက် မင်းတို့သူဌေး ဦးကောင်းမြိုင် ကို အဲဒီလိုခပ်ညံ့ညံ့ ငတုံးတွေနဲ့ မြဲစေ က တစ်ပိုင်းတည်းမထိုင်ဘူးလို့ .."

"အံမာ .. ကြည့်စမ်း .."

"လူပါးဝလိုက်တာ .. တောက် .."

မကျေမချမ်းရေရွတ်နေကြပေမယ့် ဘာမှလည်းမလှုပ်ရှားဘဲ ဒီတိုင်းကျန်ရစ်ကြ၏။ မြဲစေ လှည့်မကြည့်ဘဲ ဆက်လျှောက်လာခဲ့သည်။

ဦးရှိန်းမောင် တို့ကို ဘယ်လမ်းကမှ လွတ်မသွားအောင် ပိတ်ဆို့တားဆီးနိုင်ဖို့အတွက် ရန်သူနဲ့ပေါင်းပြီး သူ အင်အားသုံးခဲ့ရသည်။

သေသွားကြတဲ့ နှစ်ယောက်မှာ မရည်ရွယ်ဘဲဖြစ်ခဲ့တာရှိသလို သူ တမင်တွန်းထည့်လိုက်တာတွေလည်းပါသည်။ ဘာပဲဖြစ်ဖြစ် ပုထုဇဉ် ပီသချင်သည့်စိတ်က သည်းခံမျိုသိပ်နိုင်ခြင်းကို အဆုံးသတ်ပေးခဲ့တာပဲ ဖြစ်လေသည်။

ဒါတွေအားလုံးအတွက် မဆီမဆိုင်ကျေနပ်ပျော်ရွှင်နေခဲ့သူက ဦးကောင်းမြိုင် ..။

သူ့ရဲ့ မဟာရန်သူတော်ကြီးကို သူ ဘာမှအားမထုတ်လိုက်ရဘဲ ကိုယ့်ကြောင့် ရှင်းလင်းပြီးသားဖြစ်သွားတာကို တော်တော်ကြီး ဝမ်းမြောက်ဝမ်းသာဖြစ်နေခဲ့သည့်ပုံ ..။

ခြေလှမ်းတွေကို ကြည့်ရှုလျှောက်နေရင်း နာရီကိုပင်ကြည့်လိုက်မိသည်။

သို့သော် နာရီကြည့်ရင်း သူ့အာရုံတွေက နောက်က လှုပ်ရှားမှုတစ်ခုဆီ စူးစိုက်သွားခဲ့၏။

ထို့အတူ ခြေလှမ်းတွေပါ တုံ့ရပ်သွားခဲ့ပြီး နာရီရှိနေသည့်လက်ကို





သောင်းဘီအိတ်ထဲထည့်လိုက်ကာ ..၊

"တွေ့ချင်လို့ ဖုန်းဆက်ခေါ်တာမို့လား .. ဘာဖြစ်လို့နောက်က လိုက်နေတာလဲ .."

လှည့်မကြည့်ဘဲ မေးလိုက်ပေမယ့် သူ မေးလိုက်သည့်အတိုင်း အရိပ်တစ်ရိပ်က သူ့ဘေးရောက်လာ၏။ ငုံ့ကြည့်လိုက်တော့ မြဲစေ မျက်နှာတင်းသွားသည်။ ပြီးတော့ မျက်ခုံးတွေတွန့်ကုတ်ကျသွားရင်း..၊

"ခင်ဗျားပဲကိုး .."

"ဟုတ်ပါတယ် .. ကျုပ်ကလည်း ဘယ်သွားသွား မင်းရဲ့ကျော်ကြားမှုတွေကိုပဲ ကြားနေရလို့ .."

"အဲဒါကြောင့် နောက်ယောင်ခံလိုက်နေတာလား .."

"နောင်ယောင်ခံနေတာမဟုတ်ဘူး၊ မင်းပြောသလို ကျုပ်ကတွေ့ချင်လို့ဖုန်းဆက်ခဲ့တာလေ .. ဘာကိစ္စ နောက်ယောင်ခံလိုက်နေရမှာလဲ၊ မင်းက မိတ်ဟောင်းမိတ်သစ်တွေနဲ့ စကားလက်ဆုံကျနေလို့ ဘေးမှာ ရပ်နေရတာ .. ကျုပ်ကို မင်းမြင်တယ်မှတ်နေတာ .."

မြဲစေ က သိသာအောင် အံကြိတ်ထားသည့်မျက်နှာနှင့် အလင်းရောင်ကျနေသော ဦးဝေဠု မျက်နှာကိုစူးစိုက်ကြည့်၏။ ဦးဝေဠု ကလည်း သိနေသည်။

သူ သယ်ဆောင်လာခဲ့သည့် ဆောင်ရွက်စရာကိစ္စအဝဝဟာ ဒီနေရာမှာပဲ ပြီးပြတ်သွားဖို့မလွယ် ..။

"ဘာကိစ္စရှိလို့လဲ .."

မေးလာပုံက မာဆတ်ဆတ်စိန်ခေါ်သံလိုမျိုး ..။

"ပထမဆုံး ပြောချင်တာက မင်းရဲ့ကျော်ကြားမှုတွေနဲ့ပတ်သက်ပြီး .."

"ခင်ဗျားနဲ့ စကားအများကြီးပြောနေဖို့အချိန်မရဘူး ဦးဝေဠု .. လိုရင်းကိုပြောပါ .. ဘာကိစ္စလဲ .."

"မောင်ရင်က မောင်ရင့် ကျော်ကြားမှုတွေကြောင့် တော်တော်လေး ပြည့်ဝကျေနပ်နေတဲ့ပုံပဲ ..၊ မဟုတ်တဲ့နေရာတွေမှာ မိုးျအောင်တော်



www.burmeseclassic.com

www.burmeseclassic.com



နေလည်း ဒါ ဂုဏ်ယူစရာမဟုတ်ဘူး ..”

“ဒါဆို .. ခင်ဗျားက လူညံ့ဖြစ်သွားပြီ ..”

“ဘယ်လို ..”

“ညံ့တဲ့လူတွေ ကိုယ့်ကိုယ်ကိုယ် ဖြေသိမ့်တွေးပြီး ဖြစ်လာတဲ့ စကားတွေပါ၊ လူဖြစ်လာရင် တော်ဖို့ထက်ဖို့က အဓိက၊ ဘယ်လိုအရည်အချင်းကြောင့်ပဲဖြစ်ဖြစ် ..”

“မင်းက မလွယ်ဘူးပဲ ..”

“ကျုပ် အတွက်တော့ မလွယ်ဘူးဆိုတာ ဘာမှမရှိဘူး၊ ဘယ်သူတွေက လူဆိုးလို့ပြောပြော .. အဲ့ဒီလူဆိုးတွေထဲမှာ ကျုပ်က ပိုဆိုးရဲတဲ့ လူဆိုးပဲ ..၊ အဲဒါလည်း သူတို့ထက် ပိုတော်နေမှဖြစ်တာ ..”

“မင်း လူဆိုးမဟုတ်သေးပါဘူး၊ တိုက်ခိုက်လောင်းကစားတာတွေ ကျွမ်းကျင်နေတာနဲ့ လူဆိုးလို့တော့ ငါ မသတ်မှတ်ဘူး၊ ဒါတွေကို ကောင်းတဲ့ဘက်မှာ ထူးချွန်လာအောင်ပြုပြင်မယ်ဆိုရင် ..”

“ပြုပြင်စေချင်တဲ့ အကြောင်းက ..”

“မင်းကို ‘ရွှေစံအိမ်’ က လက်ခံချင်လာတဲ့ လူတော်လူကောင်းလေးတစ်ယောက်အဖြစ် ..”

“ဘယ်သူက လူတော်လူကောင်းဖြစ်ချင်နေလို့လဲ ..”

ဦးဝေဠု မျက်လုံးတွေ အလင်းရောင်ခပ်ပျပျထဲမှာပဲ ပြုံးပြက်လက်သွား၏။ ကိုယ်က မိန်းကလေးရှင်၊ ဒီထက်ပိုပြောလို့လည်းမကောင်း၊ ဒီလောက်ပြောနေရင်လည်း သိသင့်ပြီမဟုတ်ဘူးလား ..။

“ခင်ဗျားပြောချင်တာ ဒါပဲလား ..”

“ဟော့ .. မင်းက ရိုင်းလှချေလား ..”

ခြေတစ်လှမ်းရွှေ့လိုက်ပြီး မြဲစေ က မျက်နှာချင်းဆိုင်ပြန်နေကာ..၊

“ကျုပ် ဘယ်လိုလူဆိုတာ ခင်ဗျားသိပြီးသားပဲ ဦးဝေဠု ..”

“ကျုပ် ‘ရွှေထုပ်လေး’ ရဲ့ အုပ်ထိန်းသူဆိုတာလည်း မင်းသိရမှာပေါ့ ..”

“ဟွန်း ..”





မြဲစေ က မျက်နှာလွှဲပြီး မဲ့လိုက်သဖြင့် ထိုမဲ့ပြုံးကို ဦးဝေဠု သေချာမြင်လိုက်၏။ ဒီကောင်လေး တော်တော်မလွယ်မှန်းသိလိုက်ကာ၊ စိတ်တိုမိတာတွေရော၊ စိတ်မကောင်းခြင်းတွေလည်းဖြစ်မိကာ ..၊

“ရွှေထုပ်လေး ကပြောတော့ မင်းက ပညာတတ်၊ စိတ်ရင်းကောင်းနဲ့ ကူညီတတ်တဲ့သူတဲ့ ..”

“အခု မဟုတ်ဘူးဆိုတာ ပြန်ပြောပြလိုက်ပါ၊ ကျုပ်က လူဆိုး၊ လူကောင်းတွေကို အထင်မကြီးတတ်တဲ့ .. ကိုယ့်ကိုယ်ကိုယ် လူကောင်းဖြစ်ဖို့လည်း ဘယ်တော့မှ ကြိုးစားမှာမဟုတ်တဲ့ ..”

သူက အသက်တစ်အောင့်နှင့် စိုက်ကြည့်ပြီးမှ ..၊

“အထူးသဖြင့် လူတောမတိုးနိုင်အောင် တုံးတစ်ရိုးအနေတဲ့ အဲ့ဒီလိုမိန်းကလေးမျိုးအတွက် မနေ့ကအဖြစ်ကို ဒီနေ့ထိ သတိတရနဲ့ ခေါင်းထဲထည့်ထားမှာမဟုတ်ဘူးဆိုတာ ..”

စကားတွေ တရစပ်ပြောချလိုက်ပြီးမှ လှည့်ထွက်လာခဲ့၏။ ထိုစဉ် ဖုန်းမြည်လာသဖြင့် ထုတ်ကြည့်လိုက်တော့ အောင်ဟိန်း ..၊

ဖုန်းက အလင်းရောင်နှင့် သူ့မျက်နှာတင်းမာနေကာ ကျိုခနဲအံကြိတ်သည်။ ပြီးတော့ ဖုန်းကိုကဒ်တွေထုတ်ကာ တစ်စစီဖြုတ်၍ လမ်းဘေးကို လွှဲပေါက်ပစ်ခဲ့၏။

မြန်မာနိုင်ငံက ဘယ်လိုအပိုင်းအစကိုမှ သယ်မသွားလိုတော့ခြင်းသည် အတိတ်ကိုနောက်ထပ်မေ့ဖို့ကြိုးစားရခြင်းသာဖြစ်လျက် ..၊

‘မင်းအကြောင်းတွေ ဘယ်သူပြောတာမှ မကြားချင်တော့ဘူး မြသား ..’

‘ငါ မင်းကိုမေ့ချင်တယ်၊ မင်းလည်း ငါ့ကို မေ့နိုင်ပါစေ ..’

‘ငါ့သမီးလေးရဲ့ မျက်ရည်တွေကို ငါ မြင်ရဦးမှာပဲ မြဲစေ ..’ လို့ ရေရွတ်ရင်း မြဲစေ လှုပ်ရှားသွားသမျှကို ဦးဝေဠု ဒီတိုင်းရပ်ကြည့်ရင်း ကျန်ခဲ့လေသည်။

မြဲစေ ဆိုတာ နားလည်ရခက်သည့်လူမျိုးမှန်း တွေးမိသော်ငြား ဒီလောက်ထိ မာကျောနေလိမ့်မယ်လို့တော့ မထင်မိပေ။

www.burmeseclassic.com



ကလေးရဲ့ ငေးငိုင်ငြိမ်သက်၍ ကြိတ်မှိတ်ခံစားနေခြင်းကို ဘယ်လိုမှ မကြည့်ရက်တော့ဘဲ 'ကံစီမံရာအတိုင်းပဲ' လို့ မမကြီးနဲ့ သူတို့ တိုင်ပင်ဆုံးဖြတ်ခဲ့သည်။

ထို့ကြောင့် မြဲစေ ကို ကိုယ်တိုင်တွေ့ပြီး ပြုပြင်သင့်တာတွေပြောပြဆုံးမဖို့ ...၊

သူတို့ဘက်က ဘယ်လောက်ထိလုပ်ပေးနိုင်တာတွေပြောပြပြီး ကလေးကိုပဲ ကြင်နာစွာစောင့်ရှောက်ပေးဖို့ ...၊

'လုပ်သလိုမဖြစ်မှတော့ ဖြစ်သလိုလုပ်ရတော့မှာဖြစ်ကာ' အကောင်းဆုံးဖြစ်သွားစေချင်သည့်ဆန္ဒနဲ့ ကလေးတွေကို ထိမ်းမြားပေးဖို့အထိ သူတို့အများကြီး တိုင်ပင်ဆွေးနွေးခဲ့ကြသည်။

'ရွှေစံအိမ်' ဆိုတာ ကြားလိုက်တာနှင့် အဆင်မပြေတာ မရှိနိုင်ဘူးလို့တွေးမိခဲ့တာကလည်း မြဲစေ ဘက်က ဒီလိုတုန့်ပြန်လာမည်လို့ မထင်မိခဲ့တာကြောင့်ပင် ...။

ခုတော့ ရွှေစံအိမ် က ဒီလူတစ်ယောက်ရဲ့ အမြင်မှာ 'စာကလေးအိမ်' လေး တစ်အိမ်လိုလား ...၊ ဒါမှမဟုတ် ရွှေထုပ်လေး က သူ့အတွက် သူပြောသလောက် မိန်းကလေးမျိုးလား ...။

အရာရာသည် မထင်တာတွေပဲဖြစ်လာခဲ့ရလျက် ...၊





အခန်း (၃၂)

လေဆိပ်အဆောက်အဦးထဲမှာ လက်ပိုက်ရပ်နေရင်း အချိန်တွေကို စိတ်တိုလာမိသည်။ မနေ့ညက သူ ထွက်သွားပြီလို့ ထင်အောင် တမင်ပြောခဲ့တာမို့ အောင်ဟိန်း လေဆိပ်ထိလိုက်လာသေးလား .. မလာတူးလား သူမသိပေ။

ဒီမနက်တော့ လေယာဉ်ထွက်ခွာချိန်ကို သိနေပေမယ့် မြန်မြန်ပွက်ချင်စိတ်တွေသာ ကြီးစိုးနေခဲ့လျက် အချိန်တွေကုန်ခဲ့တာကို မကျေမနပ်ဖြစ်လာခဲ့၏။

သို့သော် သူ စိုးရိမ်နေခဲ့သလိုမဟုတ်ခဲ့ဘဲ သူ့မြင်ကွင်းထဲကို ဝင်လာတာက ရွှေထုပ်လေး ပဲဖြစ်နေခဲ့ရာ ...၊

"ကျွတ် .."

သူမပုံစံလေးက သူနဲ့စတွေ့တုန်းကအတိုင်း ဆင်စွယ်ရောင်ရွှေနားကွပ်သော ခါးရှည်လက်ရှည်အင်္ကျီပွပွလေးနှင့် ဘောင်းဘီရှည်ပွပွကို ဝတ်ထား၏။

ခံပင်ရှည်တို့ကိုလည်း ထိုစဉ်ကအတိုင်းပဲ ပြန်ချထားကာ အနည်ငယ်ကွဲပြားသွားတာက သူမ ပါးပြင်ထက်မှာ ပါးကွက်လေးနှစ်ဖက်နှင့် နဖူးကဆံပင်တွေကို ဘီးကုတ်လေးနဲ့ သိမ်းလှန်ထားခြင်းပင် ...။

www.burmeseclassic.com



သူမရဲ့ နောက်ကျောက ဓားဒဏ်ရာ သက်သာသွားပြီလား၊ သူမ နေမကောင်းဘဲနဲ့များ လိုက်လာတာလား ...၊

"ကျွတ် .."

နောက်ထပ်စုတ်သပ်မိပြန်ကာ နာရီကိုငုံ့ကြည့်မိ၏။ ရွှေထုပ်လေး က ဆံနွယ်ရှည်တို့၏ အောက်ဖျားလေးတွေ လွန့်ခနဲတွေ့ခနဲစဲခါသွားတဲ့ အထိ လူတွေထဲမှာ ချာချာလည်အောင် လိုက်ရှာနေသည်။

သူမ ပတ်ဝန်းကျင်မှာ ရွှေစံအိမ်ကလူတွေ ဘယ်သူ့ကိုမှ မမြင်ပေ။ နေရာမှ ချက်ချင်းထ၍ ကွယ်ရပ်တစ်ခုမှာ နေရာယူထားခဲ့ပေမယ့် မြဲစေ ရဲ့ အကြည့်တွေက ရွှေထုပ်လေး ရဲ့ လှုပ်ရှားမှုအတိုင်းမှာပဲရှိနေခဲ့၏။

ပါးပြင်ထက်မှာ ပါးကွက်လေးတွေထင်နေတာကို ကြည့်ခြင်းအား ဖြင့် သူမ အကြီးအကျယ်ဒဏ်ရာမရခဲ့တာတော့ သေချာပါသည်။ ထို့ ပြင် မချိတရိလူမမာဘဝကနေ ထလိုက်လာတာလည်း မဖြစ်နိုင် ...။

မင်းဘာတွေပူနေတာလဲ မြဲစေ ...၊

ကိုယ့်အတွက်ကို မပူဘဲနဲ့ စံအိမ်ကြီးထဲမှာ အခြွေအရံသင်းပင်း တွေနဲ့နေတဲ့ မိန်းကလေးကို ဘာဖြစ်လို့တွေပူနေတာလဲ၊ ထားလိုက် တော့ ...။

သူ ကိုယ့်ကိုယ်ကိုယ် သတိပေးဆုံးမရင်း ရှေ့ဆက်မည့်ခြေလှမ်း ကို ရဲရဲစွာလှမ်းထွက်လာခဲ့သည်။

လေယာဉ်ထွက်ခွာချိန် သတိပေးကြေညာသံထွက်လာသည်နှင့် ခရီး သည်တွေ လှုပ်လှုပ်ရှားရှားဖြစ်ကုန်ကြ၏။ လက်ကနာရီကို ပင့်ကာ မှန်နဲ့ချိန်ကြည့်လိုက်တော့ ရွှေထုပ်လေး ရဲ့ ပြေးလွှားနှုန်းပိုမြင့်လာကာ အရူးမလေးအတိုင်း ...။

မင်း မရူးပါဘူး မြသား ရယ် ...။ မင်းကြောင့် ကြာရင်ကိုယ်ပဲရူး မှာ ...။

သူ လေယာဉ်ပေါ်ရောက်လာတဲ့အထိ စိတ်တွေက လေဆိပ်အဆောက် အဦးထဲမှာ ပြေးလွှားကျန်ရစ်ခဲ့သော သူမထံမှာသာ ...။





လေယာဉ်ပြေးလမ်းပေါ်မှာ ပြေးလွှားနေစဉ် လေယာဉ်ကပြေးနေ တာမဟုတ်ဘဲ သူ ကိုယ်တိုင်ပြေးလွှားနေသလိုခံစားနေရ၏။ ဒါမှမဟုတ် သူမ ပြေးလွှားရင်းမောဟိုက်နေတဲ့ ရင်ခုန်သံတွေလား ...၊

ဒဏ်ရာက သက်သာပျောက်ကင်းသွား၍ဖြစ်စေ၊ လူမမာမဟုတ် တော့ဘူးပဲဖြစ်ပါစေ၊ ဒီလောက်ထိ ပြေးလွှားပြီး စိတ်မောလူမောဖြစ်သွား ခဲ့ရင်တော့ တစ်နေရာရာမှာ သူမ ပုံလဲသွားနိုင်လေသည်။

ဒီသောကတွေနဲ့ သူ ရောက်သွားခဲ့တာ ဂျပန်နိုင်ငံထိ ...။

"ဒီမှာ မင်းအဆင်ပြေရဲ့လား မြဲစေ .."

ဆရာဂျက်မော်ဂန် ရဲ့ ညီဝမ်းကွဲ ဂျွန်ဟဲလ်ဆင်န် က သူ ပြန်ရောက် လာပြီဆိုတည်းက စင်ကာပူကနေစောင့်ကြိုနေတဲ့အထိ တာဝန်ကျေခဲ့ သည်။

သူ့အစ်ကိုနဲ့ ပတ်သက်သော ကောင်းခြင်းဆိုးခြင်းအရာရာအတွက် တာဝန်ရှိသူတစ်ယောက်ကဲ့သို့ မြဲစေ ကို ဂရုစိုက်စောင့်ရှောက်တာမျိုး ဖြစ်လျက် ...၊

"ငါတို့တွေ ကိုယ်လုပ်မယ့်အလုပ်ပေါ်မှာပဲ အာရုံစိုက်ကြမယ်၊ တခြားဘယ်သူ့အသုံးချတာမှလည်း ခံစရာမလိုဘူး ...၊ ငါ့အစ်ကိုက သူ့ ရဲ့စိတ်တောလေအတွက် မီးမရှောင် ဆူးမရှောင်ဖြတ်နင်းသွားခဲ့တာ ...၊ ငါတို့ ဒါမျိုးထပ်မဖြစ်စေရဘူးကွာ .."

သူ ကျေကျေနပ်နပ်ခေါင်းညိတ်ခဲ့သည်။ ဒါပေမယ့် ကိုယ်ရှိနေ ရာမှာ စိတ်ကမရှိခဲ့ဘဲ လုပ်ရမယ့်အလုပ်ဆိုတာကိုလည်း စိတ်မဝင်စား ဘဲ ဖြစ်နေခဲ့၏။

"ဟလို .."

".... .... .... ...."

"ဟိုင်း .. ဆရာ .."

".... .... .... ...."

"ဆောရီးပါ ဆရာ .. ကျွန်တော် ခုချိန်ထိ ဘာမှကိုမလုပ်ရသေး



www.burmeseclassic.com

www.burmeseclassic.com



လို့ပါ ..''

"..... ..... ..... ....."

"ဟုတ်တယ် .. အင်း .. စိတ်ချပါ၊ သိရမှာပါ ..''

"..... ..... ..... ....."

"အိုခေ ..''

ဖုန်းချလိုက်ပြီး ယောင်ချာချာလေလွင့်နေသည့်စိတ်နှင့် လက်ပ် တော့ပ်ကိုကိုင်၍ တိုက်ကြီး၏ ခေါင်းမိုးထိပ်ထိ တက်လာခဲ့မိသည်။

သူသွားလေရာ လက်ပ်တော့ပ်ကို သယ်နေသဖြင့် မသိတဲ့လူတွေ ကတော့ အလုပ်တော်တော်ကြိုးစားနေသည်လို့ထင်ကြလိမ့်မည်။ တကယ် က သူ ဒီလိုမဟုတ်ပေ။ ဘယ်လိုဟုတ်နေတာလဲဆိုတာကျတော့ ကိုယ့် ကိုယ်ကိုယ်တောင် ပြန်မမေးချင် ...။

ပျို့မျစ်သောည၏အလှကို ငေးရင်း ကောင်းကင်ပြာကြီးကပဲ ကိုယ့် ကို လက်သီးပုန်းထိုးတော့မယ့် ကိုယ်ဖျောက်ဝိဇ္ဇာကြီးလိုလို ...။

သူ ဒီတိုင်းကျောခင်းချလိုက်ရင်း ပြုံးမိသည်။ သို့သော် မပီပြင် သော အပြုံးတို့က နာကျင်မှုတို့ဖြင့် မလှမပရှိကာ ...၊

'မင်း အဆင်ပြေမှာပါ' လို့ တစ်ယောက်တည်းပြောမိပြန်၏။

သူ သိချင်နေတာ လေဆိပ်အဆောက်အဦးထဲမှာ သူမ ဘာတွေ ဖြစ်ပျက် ကျန်ရစ်ခဲ့သလဲဆိုတာပင် ...။ သူမကို ဘေးအန္တရာယ်ကင်းစွာ ရှိနေစေချင်၏။

ကျောခိုင်းထားရစ်ခဲ့ပေမယ့် လုံးဝမေ့ပျောက်နိုင်ဖို့က မလွယ်သေး ထို့ကြောင့် ဒါကိုတော့ သိချင်နေခဲ့မိသည်။ သူမရဲ့ဘေးမှာ ဦးဝေဠု တို့ တစ်ယောက်ယောက်ရှိနေကြမှာပဲလို့ တွေးခဲ့တာမှန်ရဲ့လား ...။

အကယ်၍ သူမ တစ်ယောက်တည်းဆိုလျှင် ထိုနေရာမှာ သူမ ဘာဆက်လုပ်မှာလဲ ...၊

'ထားလိုက်တော့' လို့ ကိုယ့်ကိုယ်ကိုယ် ဘယ်လိုစိတ်တင်းလို့ မရပါလား ...။





အတွေးတို့ကို မေ့ဖျောက်ဖို့ကြိုးစားရင်း လက်ပ်တော့ပ်ကိုဖွင့်လိုက် မိသည်။ ထိုင်းမှိုင်းလေးလံနေခြင်းတွေက မေးလ်တက်လာတာကိုမြင် လိုက်တော့ လှုပ်လှုပ်ရှားရှားကြီးဖြစ်သွားခဲ့၏။

မြဲစေ ...

မင်းဖုန်းတွေ ဘယ်ဖုန်းမှ သုံးစားမရအောင် ဘယ်လိုစီရင် ထားလိုက်တာလဲ ...၊ တစ်လုံးမှ ခေါ်လို့မရဘူး။ မင်းရဲ့ကောင်မလေး မင်းဆီကို ပြန်ပြေးလာသေးတယ်၊ မင်းက မရှိတော့ဘူးဆိုတော့ ဘာ ဆက်ဖြစ်သွားမှာလဲ မသိဘူး၊ ကောင်မလေး အခု ပျောက်နေတယ် ...။

သူ ဒီရောက်မှ ပထမဆုံးရောက်နေသည့် မေးလ်ကို ဖတ်မိကာ ရူက ငုတ်တုတ်ထထိုင်ခြင်းသို့ရောက်၏။

ဒုတိယပို့လိုက်သည့် မေးလ်မှာလည်း မြသား ကို မတွေ့သေးဘူး ဖြစ်နေလျှင် စိတ်တွေပူလောင်ကာ ဖုန်းခေါ်ဖို့ကို စိတ်စောစွာဖြင့် ...၊

"ဟလို .. ပြော .. ဘာကိစ္စလဲ ..''

သူ ဖုန်းဆက်လိုက်တာနှင့် အောင်ဟိန်း ခပ်ငေါ့ငေါ့လေသံက သည်းယားဖွယ်အတိ ...။

"ဟလို .. ဘာလဲ .. မေးလိုက်ရင် ဘာတွေဖြစ်လာဖို့ရှိလဲ တွေးနေ ဘာလား ...၊ မင်း ဖုန်းကိုင်ပြီဆိုတည်းက မင်းရင်ထဲကို ငါမြင်တယ်၊ နေရာတကာ ချုပ်နှောင်တားဆီးနေတာ မင်းရင်ဘတ်ကြီး မီးမလောင် သေးဘူးလား မြဲစေ ...၊ မင်းက ကိုယ့်ကိုယ်ကိုယ် မခံစားတတ်သလိုနေ ပေမယ့် မင်းကမှ နေရာတကာ ရင်ဘတ်နဲ့တွေးနေတဲ့လူ ..''

သူ ဘာမှမပြောရသေးဘဲ သူ့ဖုန်းမှန်းသိလိုက်တည်းက အောင်ဟိန်း ညည်းဖိပြောနေခဲ့လျက် ...၊

"မြသား အကြောင်း မင်းသိချင်နေတာမို့လား ..''

"သူ့ကိုတွေ့ပြီလား ..''

"မတွေ့သေးဘူး .. ငါလည်း အဲဒီကိစ္စအတွက် သိပ်မကူညီနိုင်ဘူး .. နယ်စပ်ကို အမှုကိစ္စတစ်ခုနဲ့ ဒီညနေပဲ ထပ်သွားရဦးမှာ၊ အဲဒါ

www.burmeseclassic.com



ကြောင့် မင်းမသိချင်မှန်းသိပေမယ့် ငါ မေးလ်ပို့ပြီး သတင်းပေးခဲ့တာ ပေါ့ ..''

''ဦးဝေမှူ ငါ့ဆီရောက်လာသေးတယ် ..''

''ဟုတ်လား .. ဘယ်ကိုလဲ၊ မင်း မသွားခင်ကလား .. ခုလား ..''

''လုပ်မနေစမ်းပါနဲ့ .. ငါ အဲဒီညက မသွားဖြစ်တာ မင်းဆီကနေ သူသိသွားတာပဲ ..''

အောင်ဟိန်း က ခပ်သဲ့သဲ့ရယ်ကာ ..၊

''မင်းက အိုင်တီသမားမဖြစ်ဘဲ အထူးအေးဂျင့်ဖြစ်ရမှာ .. ဒါပေမယ့် ငါ မင်းဆီကိုမလွှတ်ပါဘူး၊ သူ ဖုန်းဆက်လို့ပြောပြလိုက်တာ၊ ပြီးတော့ သူတို့ကတောင် မဆက်ချင်လို့ ဖြတ်ချသွားခဲ့ပြီးမှ ဖုန်းနဲ့ ကွန်တက်(ထ်) ပြန်လုပ်တော့ မင်းတို့ဆက်ဆံရေး မဆိုးရွားလောက်ဘူးထင်လို့ပါ .. ဘာတွေလာပြောသွားလို့လဲ ..''

ပြန်မေးလိုက်တိုင်း အဖြေ ပြန်မလာတတ်တာသိပေမယ့် အောင်ဟိန်း အတန်ကြာအောင် စောင့်နေခဲ့၏။ မြဲစေ က ပင့်သက်ရှိုက်ကာ ..

''ငါ အမေရိကကိုသွားတော့မှာ ..''

''ကြည့်ရတာ ခု စင်ကာပူမှာမဟုတ်တော့ဘူးထင်တယ် ..''

''ငါ ဘယ်မှာဖြစ်ဖြစ် အမေးအမြန်းထူမနေပါနဲ့ကွာ ..၊ မင်းပြော သလိုပဲ ကိုယ့်ရင်ဘတ်မှာလောင်တဲ့မီးကို မငြိမ်းနိုင်ပေမယ့် လောင်စာ ထပ်ဖြည့်ဖို့ထိ ငါ မမိုက်ချင်ဘူး၊ သူ့လိုမိန်းကလေးက သူတော်ကောင်း နဲ့တွေ့မှာပဲ .. ငါ့က မနေနိုင်လို့ မေးပေမယ့် သူ့ကို လုံခြုံမှုပေးနိုင်တဲ့ သူတွေ သူ့ဘေးမှာရှိပြီးသားပါ ..''

''မြဲစေ ရာ .. မင်း အဲဒါကမှ လောင်စာဖြည့်တာနဲ့တူတာ မှ လည်ရဲ့လား ..၊ ရင်ဘတ်ကိုလောင်တဲ့မီးက ထင်းမီးသွေးကနေဖြစ်တာ မဟုတ်ဘူး၊ လျှပ်စစ် ဓာတ်ငွေ့တွေထက်လည်း ပြင်းတယ်၊ အဲဒါသော အပူတွေ၊ နှလုံးသားတစ်ခုလုံးကိုတောင် ပျော်ဆင်းသွားစေနိုင်တဲ့ အပူ မီး ..''





''ထားလိုက်တော့ကွာ .. မင်း တတ်နိုင်သလောက်တော့ ကူညီ လိုက်ပါ၊ ငါ မတန်မရာဆုပ်ကိုင်ထားမိလို့ အဲဒီလက်ကို တစ်ကြိမ်ဖြုတ် ချခံရပြီးပြီ ..''

''လူကြီးတွေကတော့ကွာ ..''

''မင်း တခြားပြောစရာမရှိတော့ရင် ငါ ချလိုက်တော့မယ် ..''

''မြဲစေ ..''

''ပြော ..''

''ထားလိုက်တော့ဆိုတဲ့စကားတွေပဲ မင်းပြောနေပေမယ့် တကယ် မထားနိုင်ဘူးမို့လား .. ကောင်မလေးလည်း သနားပါတယ်တယ်ကွာ..''

''ဂွတ်ဒ်နိုက် ..''

သူ ဖုန်းချပစ်လိုက်သည်။ မနေနိုင်မထိုင်နိုင် ဖုန်းခေါ်ခဲ့မိတာလည်း ကိုယ် ..၊

နေနိုင်အောင်နေလိုက်ဖို့ တစ်ထိုင်တည်းဆုံးဖြတ်လိုက်မိတာလည်း ကိုယ်ပဲဖြစ်ကာ နောက်ထပ် မပြတ်သားသောဆုံးဖြတ်ချက်တွေ ဘယ်နှစ် ခါလောက်ချမိဦးမလဲဆိုတာမသိ ..။

ရင်ဘတ်ထဲမှာ တကယ်လောင်နေခဲ့သည်ဆိုလျှင် ဒီမီးက ဘာမီး လဲ ..၊

မေးခွန်းတစ်ခုဆိုပေမယ့် အဖြေကိုတော့ မသိချင်ပေ ..။
လောင်နေပြီဆိုရင်လည်း ငြိမ်းလိုက်ရုံ ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၃)

"ရွှေစင် .."

စိမ်းသက်သော ရေမွှေးနံ့နှင့်အတူ ရောက်လာတော့လည်း နာမည်၏ ရှေ့တစ်ပိုင်းကိုမှ ခွဲထုတ်ခေါ်လေသည်။ ရွှေစင်မြသား ဆိုသည့်နာမည်က ရှည်နေလို့လား .. ဒါမှမဟုတ် ဒီနာမည်ကိုဘယ်လိုပဲ ပိုင်းဖြတ်ခေါ်ခေါ် ရနေလို့ ထင်သလိုခေါ်နေကြတာလား ..။

သူမက ကိုယ့်ကိုယ်ကိုယ် 'သား' လို့ပဲပြောနေကျပါ။ ဘွားလေးတို့ကတော့ 'ရွှေစံအိမ်' က မျိုးဆက်သွေး ရတနာရွှေထုပ်လေးဟုဆိုကာ 'ရွှေထုပ်လေး' ပဲခေါ်ကြသည်။

တစ်ချို့ကျတော့ ရွှေစင်မြသား ဆိုပြီး ပြည့်ပြည့်စုံစုံ၊ ကိုကြီးကခေါ်တော့ 'မြသား' တဲ့ ..။

သူမရဲ့ နာမည်ကို ဘယ်လိုပဲ ပိုင်းဖြတ်ခေါ်ကြပါစေ ကိုကြီးရဲ့ 'မြသား' လို့ခေါ်သံသည်သာ သူမနားထဲမှာ နားဝင်ချိုဆုံးဖြစ်လျက်၊ ကိုယ်နဲ့လက်ထပ်ပေါင်းဖက်ရမည့် သတို့သားရဲ့ 'ရွှေစင်' ဆိုတာကြီးကိုတော့ နားခါးသွားလေသည်။

"ရွှေစင် .."

နောက်ထပ်ခေါ်မှ လှည့်ကြည့်ဖြစ်ကာ ..၊

"ဒီမှာ မပြီးသေးဘူး .."





ပြင်ဆင်ပေးနေသည့် မိတ်ကပ်ဆရာမကို မှန်ထဲမှာပြလိုက်ပြီး ချက်လုံးချင်းမဆုံခင် ရွှေထုပ်လေး မျက်နှာပြန်လွှဲ၏။ နှုတ်ခမ်းကော့ကော့နှင့် ဖူးငုံအိထွေးနေသည့် နှုတ်ခမ်းလွှာလေးတွေကို ညိုမောင်း က စူးစိုက်ကြည့်နေပြီး ပြောဖို့စကားကို လျှာပေါ်မှာ ပြန်စီနေမိတာလား ..၊

"အဟမ်း .."

သူ့အသံသာ ချောင်းဟန့်၍ အရှိန်ယူလိုက်ရင်း ..၊

"ဦးကျော် ခဏထွက်ပေးပါလား .."

"ရတယ် .. ရတယ် .."

ဆံထုံးမှာ စပယ်ပန်းကုံးလေးတွေကို သေချာလှအောင် အနုစိပ်ပန်ပေးနေရင်း ခေါင်းညိတ်၍ လက်စသတ်လိုက်သည်။ ပြီးတော့ ကန့်ကလျှထွက်သွားလျက် ..၊

"ဟဲ့ .. မြန်မြန်လုပ်ကြနော် .. ပွဲချိန်နောက်မကျဖို့ အန်တီကြီးက သေချာမှာထားလို့ .."

သမင်လည်ပြန်ကြည့်၍ ထပ်ဆင့်မှာခဲ့သေး၏။ ညိုမောင်း ၏ အကြည့်တွေ ရွှေထုပ်လေး ဆီ ပြန်ရောက်ကာ ပါးနီမို့မို့လေးမှာတင်ထားသည့် ပါးကွက်ပါးလေးကိုကြည့်၍ ..၊

"ဟိုလေ .. အဲ့ဒါလို့မေးကြည့်တာပါ၊ ရွှေစင် က မင်္ဂလာဆောင်တဲ့ပွဲကို ပါးကွက်နဲ့တက်မှာလား .."

"ဟုတ် .."

"အဲဒါက ဟိုကွာ .. ဘယ်လိုပြောရမလဲ ..၊ သတို့သမီးဝတ်စုံနဲ့ ဆံထုံးနဲ့ဆိုတော့ သိပ်မလိုက်ဖက်ဘူးလားလို့ .."

"သားက ကြိုက်လို့ .."

"ကြိုက်လို့ .."

"အင်း .."

"ဘာဖြစ်လို့လဲဟင် .. ရွှေစင် က ပါးကွက်မရှိရင် မနေတတ်ဘူးမျိုးလား .."

တစ်ချက်မှ မကြည့်ဘဲနေသည့် သူမ မျက်ဝန်းလေးတွေ မှန်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ပဲ သူ့ဆီပင့်တက်လာ၏။ ထူသိပ်နေသော မျက်တောင်ကော့တို့၏ အကူအညီနှင့် သူမရဲ့ မျက်ဝန်းလေးတွေက ပို၍တောက်ပနေကြသည်။

ပါးကွက်လေးတင်ထားပေမယ့်လည်း လှနေတာပင် ..၊ သို့သော်...

"ဆောရီးနော် .. စိတ်မဆိုးပါနဲ့ ..၊ ပါးကွက်နဲ့လည်း လှပါတယ်၊ တို့က သူများတွေမေးလာရင် 'ဒါကြောင့် ဒီလိုလုပ်လာတာပါ' ဆိုတာမျိုး ပြန်ပြောနိုင်အောင် ကြိုသိထားချင်လို့မေးတာပါ .. စိတ်မဆိုးနဲ့နော်.."

ရွှေထုပ်လေး က သူ့ကိုစူးစိုက်ကြည့်နေပေမယ့် မြင်ယောင်နေမိတာက ကိုကြီးကိုဖြစ်သည်။ ညိုမောင်း က တွင်တွင်တောင်းပန်နေလေ ရက်စက်ရင့်သီးတတ်သော ကိုကြီးကို သတိရမိလေ ..။

ယောကျ်ားချင်းတူပြီး စရိုက်အသွင်တွေဘယ်လိုကွာခြားသွားရဲ့သလဲဆိုတာ သူမ မသိပါ။ ဒါပေမယ့် ကိုကြီးထံမှ တောင်းပန်သည့်စကားကို သူမ ဘယ်တုန်းကမှ မကြားခဲ့ဖူးတာ သေချာ၏။

ကိုယ့်ကိုမှ မဟုတ် ..၊

တခြား ဘယ်သူ့ကိုမှ ကိုကြီး တောင်းပန်တာမကြားခဲ့ဘူးပါ။ ထို့ပြင် ယောကျ်ားတစ်ယောက်ထံမှ နူးညံ့ခံယသော ဆက်ဆံပုံမျိုးကိုရရှိခဲ့ပြီး တစ်ယောက်ကတော့ ကြိမ်းမောင်းမာန်မဲခြင်းတွေသာပေးခဲ့၏။

ဒါပေမယ့် သူမနားထဲမှာ ကိုကြီး ဘာပြောပြော တမာလိုခါးပေမယ့် ပျားသကာလိုချိုနေခဲ့သည်။ ဒီလူက သကာလိုချိုနေခဲ့ပေမယ့် သူမ နားဝင်မချိုနိုင်တာ ဘာကြောင့်လဲ ..။

ဘယ်သူတွေကမှန်ပြီး ဘယ်သူတွေက မှားနေခဲ့လို့လဲ ..။ သူမမြင်မြင်သမျှ အရာအားလုံးဟာ ကြမ်းပေါ်မှာ ဖျာခင်းအိပ်ခဲ့ရသော ကိုကြီးရဲ့ အနီးအပါးပတ်ဝန်းကျင်လောက် မခမ်းနားဘဲဖြစ်နေသည်။

ကြားသမျှအသံတွေအားလုံးကိုလည်း နားခါးနေခဲ့၏။ သူမ အတွက် အရာရာတိုင်းက ကိုကြီးကသာ ဖန်ဆင်းပေးထားခဲ့သလို၊ ကိုကြီး ပျောက်ကွယ်နေသမျှ အရာရာဟာ အဓိပ္ပာယ်မဲ့နေသည်သာ ..။

"ရွှေစင် .."

"ဟင် .. ဟုတ် .. ဘာပြောလိုက်တာလဲဟင် .."





"ဪ .. ရွှေစင် က အတွေးလွန်နေတာကိုး၊ တို့က တို့ကို စိတ်ဆိုးသွားပြီထင်နေတာ .."

"ဘာအတွက်လဲ .."

"ပါးကွက်ကွက်ထားတာ မင်္ဂလာပွဲနဲ့ မလိုက်ဘူးပြောမိလို့လား .. အဲ့ဒါကို စိတ်မဆိုးဘူးမို့လားဟင် .."

"ဟင့်အင်း .. မဆိုးပါဘူး၊ သား သနပ်ခါးလိမ်းချင်တယ်ဆိုလို့ ဘွားလေးကတောင် စိတ်ဆိုးသေးတယ်၊ သားက ကိုယ်လုပ်ချင်တာလုပ်ပြီး ဘာဖြစ်လို့ စိတ်ဆိုးရမှာလဲ .."

"ဟုတ်လား .."

ညိုမောင်း ပြုံး၍ကျေနပ်စွာ ခေါင်းညိတ်နေ၏။ ညိုမောင်း ဆိုပေမယ့် အသားကဖြူဖြူပါ။ ပြီးတော့ ခပ်သွယ်သွယ်ကိုယ်ဟန်နှင့် အရပ်အမြင့်ကလည်း မနိမ့်မမြင့်လောက်သာ ..။

ဒီလူကို ဘာဖြစ်လို့ 'ညိုမောင်း' လို့ပေးထားခဲ့သလဲဆိုတာမသိ..။ ပြေပြစ်သည့် မျက်နှာကလည်း ရယ်နေ[illegible]ရှုံ့နှုပ်ချော့မွေ့နေသေးသည်။

ဘွားလေးကပြောတော့ 'မြေးထက် သုံးနှစ်နီးပါးပဲ အသက်ပိုကြီးတာ' တဲ့ ..။ မသိလျှင် ရှယ်တူမတိမ်းမယိမ်းလောက်ပဲထင်ရလောက်ပေသည်။

တစ်ယောက်ကိုတစ်ယောက် ငေးကြည့်နေကြပေမယ့် ရွှေထုပ်လေးရဲ့ မျက်ဝန်းတွေက သက်ဝင်လှုပ်ရှားခြင်းကင်းမဲ့နေကာ၊ ညိုမောင်း ရဲ့ မျက်ဝန်းတွေကတော့ ရွှန်းရွှန်းစက်စက် ..။

"ရွှေစင် က တို့ကို လက်မထပ်ချင်ဘူးလို့ငြင်းခဲ့တယ်နော် .."

"ဟုတ် .."

"ကိုယ်တို့ချင်း မတွေ့ဘူးဘဲနဲ့ ဘာဖြစ်လို့ ငြင်းတာလဲဟင် .. တို့ကတော့ 'ရွှေစင်မြသား' ဆိုတဲ့နာမည်လေးကိုကြားတည်းက စိတ်ဝင်စားနေတာ .."

"ဒါဆို .. ရှင်ကအစတည်းက မိန်းမလိုချင်နေလို့ဖြစ်မှာပေါ့ .."

"ဟာ .. အဲ့လိုကြီးမဟုတ်ဘူးလေ .."



www.burmeseclassic.com

www.burmeseclassic.com



ညိုမောင်း ပျာပျာသလဲ ငြင်းရင်း ရှုံ့မဲ့သွားသည့် မျက်နှာကိုလည်း ဖုံးဖိဖို့ကြိုးစားနေလျက် ...၊

"အဲ့လိုမပြောရဘူး ရွှေစင် ရဲ့ .. တို့ကအစတည်းက မိဘသဘော တူတာကိုပဲ လက်ထပ်ဖို့ဆုံးဖြတ်ထားခဲ့တာလေ ..၊ ပြီးတော့ ရွှေစင် ပုံစံလေးကို မေမေကပြောပြတယ်၊ နာမည်လေးကိုက ချစ်ဖို့ကောင်းနေတော့.."

ချစ်တဲ့စကားပါသွားပြီမို့ ညိုမောင်း က ပြုံးရိနေသည့် မျက်ဝန်းတို့နှင့် စိုက်ကြည့်ကာ ..၊

"ရွှေစင် .."

"ရှင် .."

"အခု .. ကိုယ်တို့မြင်ဖူးကြပြီဆိုတော့ တို့နဲ့လက်ထပ်ဖို့အတွက် ရွှေစင့် ခံစားချက်တွေပြောင်းလဲသွားရဲ့လား .."

"ဟင့်အင်း .."

ရွှေထုပ်လေး က ခေါင်းခါလိုက်သည့်ပြင် အားနာရကောင်းမှန်း မသိစွာ မျက်နှာကို သေချာကြည့်၍ ဒုတိယမ္ပိ ခေါင်းခါပြန်၏။ ပြီးမှ...

"မပြောင်းပါဘူး .. မြင်ဖူးရုံနဲ့ ဘာကိုပြောင်းလဲရမှာလဲ ..၊ အမြဲအတူတူနေတဲ့ လူချင်းတောင်မှ မပြောင်းခဲ့ဘဲနဲ့ .."

"ဘယ်လို .."

သူက သားကိုမြင်တာနဲ့ ပြောင်းလဲသွားသည်တဲ့ ..။

ကိုကြီးကတော့ နေ့နေ့ညည အတူနေပြီး အမြဲမြင်နေရတာတောင် သားကို မကြင်နာခဲ့ပေ။

ဒါပေမယ့် သူမ နှလုံးသားက ဘယ်သူကြင်နာတာကိုမှ ခံစား သာယာတတ်ခြင်းမဖြစ်တော့အောင် ဥပေက္ခာကိုပဲ တမ်းတမက်မောနေခဲ့ပြီဖြစ်သည်။

ကိုကြီးက သားကို မုန်းနေတာမဟုတ်ပေ ..။ တမင်စိမ်းကားပြနေတာလည်း မဟုတ်ဘဲ မနူးညံ့တတ်သော ကိုကြီးရဲ့အကြည့်တွေ အပြောတွေကိုက အမြဲတမ်း အဝါကဒ်ပြနေခဲ့တာဖြစ်သည်။

ဒါပေမယ့် ကိုကြီးကိုပဲ သား ချစ်သည်။

"သား .. အရမ်းချစ်တာပဲ .."





"ဟင် .. ဘယ်သူ့ကိုလဲ .."

စိတ်တစ်ချက်လွတ်သွားသဖြင့် ရင်ထဲရှိတဲ့အတိုင်းပြောလိုက်ပြီးမှ ညိုမောင်း ကိုသတိရသည်။ ထို့ကြောင့် အားနာသွားမိကာ ..၊

"ရှင့်ကိုပြောတာမဟုတ်ပါဘူး .."

ညိုမောင်း မျက်နှာပျက်သွားခဲ့လျက် ...၊

"ဟုတ်ပါတယ် .. တို့ကလည်း အံ့ဩသွားလို့ပါ၊ ရွှေစင် မှာချစ်သူရှိနေတာလားဟင် .."

သူမ ဘာပြောရမှန်းမသိ၊ ဒါပေမယ့် ချစ်သူမပြောနဲ့ နူးညံ့လိုက်လျောမှုလေးတောင်မရခဲ့သည့် ကိုယ့်အဖြစ်ကို ရောယောင်ခေါင်းညိတ်လို့ မဖြစ် ..။

ချစ်တဲ့အကြောင်း ကိုယ့်နှုတ်ကထွက်ဆိုခဲ့ပြီးမှ 'မရှိပါဘူး' လို့ပြောရင်ရော ဒီလူက ယုံပါ့မလား ..၊

ယုံယုံ မယုံယုံ ဒါဟာ တကယ့်အမှန်တရားပါပဲ ..။

ဟိုဘက်ဒီဘက် လှမ်းကျော်တွေးတတ်လာသည့် ကိုယ့်ကိုယ်ကိုယ် သတိထားမိတော့ ပြုံးလိုက်မိကာ ..၊

"ချစ်သူမရှိပါဘူး .."

"အိုခေ .. တော်သေးတာပေါ့ကွာ ..၊ တို့များခွေးရတော့မှာလားလို့.."

သူ ချက်ချင်းယုံကြည်ကျေနပ်သွားကာ သူမက ပြန်ပြီးအံ့ဩသွားမိလျက် ..၊

"အားက ချစ်သူရှိလျက်နဲ့ ညာလိုက်တာလို့ ရှင်မထင်ဘူးလား.."

"ညာလိုက်တာဆိုရင်လည်း ဒါတို့ကို လက်ထပ်နိုင်ဖို့အတွက် ရွှေစင့် ခေါင်းထဲမှာ ဦးစားပေးအဆင့်နဲ့ သတ်မှတ်ထားလို့ ညာတာပဲ ..၊ တို့ကျေနပ်ပါတယ်၊ ပြီးတော့ .. ကိုယ်တို့ရဲ့ အမျိုးဘာသာယဉ်ကျေးမှုတိုက အရမ်းကိုမြင့်မြတ်သန့်စင်တာ ..၊ ချစ်သူထားဖူးတယ်ဆိုတာလေးနဲ့ မိန်းကလေးတစ်ယောက်ရဲ့ ဂုဏ်သိက္ခာကို အထင်မြင်သေးစရာမှမလိုပါဘူး .."

သူ ဘာကိုဆိုလိုတာမှန်း သိပ်တော့မသိပေမယ့် ..၊

www.burmeseclassic.com



"ယောကျ်ားတစ်ယောက်နဲ့ မွန်းလွဲမိုးချုပ်အတူတူရှိနေရင်တောင် ဒီမိန်းကလေးမှာ တန်ဖိုးမဲ့နေပြီ၊ အခု ဘွားရဲ့မြေးက ရက်ပေါင်းများစွာ နှစ်ယောက်တည်းနေလာခဲ့တာ ..၊ မြေးကို ဒီတိုင်းထားလို့ ဘယ်လိုမှမဖြစ်ဘူး မြေး .. အခု ပြီးခဲ့တဲ့ မှားယွင်းမှုကို ဝန်ခံရဲပေမယ့် နောက်မမှားပါဘူးလို့ ဘယ်သူမှ အာမမခံနိုင်ဘူး ..၊ အဲဒါကြောင့် နောက်ထပ်ပြီး မြေး ခဏခဏထွက်ပေါက်မရှာတော့အောင် ဘွားလေးတို့ စီစဉ်စရာရှိတာ စီစဉ်ရလိမ့်မယ် .." တဲ့ ..။

ဘွားလေး ပြောတဲ့အကြောင်းအရာတွေကိုပဲ ဒီလူပြောနေတာဆိုလျှင် ..၊

"သားက စံအိမ်က ထွက်သွားပြီး အပြင်မှာ .."

"အဲဒါတွေကို လူကြီးတွေက ပြောပြလို့သိပြီးပါပြီ ..၊ မေမေတို့ကတောင် ရွှေစင့် ကို သနားနေကြသေးတယ်၊ ဘွားကိုလည်း အကြံပေးတယ်လေ၊ လူငယ်တစ်ယောက်ကို ထိုက်သင့်တဲ့ လွတ်လပ်ခွင့်လေးတော့ ပေးသင့်ပါတယ်တဲ့ ..၊ ဘွားကလည်း အဲဒါကြောင့် ရွှေစင့် ကိုတို့မိသားစုလက်ထဲအပ်ချင်တာပါတဲ့ .."

သူ အပြုံးမပျက်ပေမယ့် ရွှေထုပ်လေး စိတ်ပျက်ငေးငိုင်သွားခဲ့၏။ သူမက အဲဒီလို သူတကာလက်အပ်ပြီး ဆုံးမခိုင်းရလောက်တဲ့အထိ ဆိုးသွမ်းခဲ့သည်လား ..။

ကိုကြီး နိုင်ငံခြားသွားတော့မည်ဆိုတာကြားပြီး သူမ စိုးရိမ်ဗျာများသွားခဲ့သည်။ ထို့ကြောင့် ကိုကြီးဆီကို ပြန်ထွက်ပြေးခဲ့မိတာလည်း ဘယ်လိုဆုံးဖြတ်ချက်မျိုးမှ မပါခဲ့ပါ။ ဒါပေမယ့် သူမ ညိုမောင်း နဲ့ လက်ထပ်ပါ့မယ်လို့ ခေါင်းညိတ်ခဲ့ရတဲ့အထိ ပြန်လည်ပေးဆပ်ခဲ့ရသည်။

ဒုတိယအကြိမ် ထပ်မံမိုက်မဲမိခဲ့တဲ့အတွက် သူမကိုယ်တိုင် ခေါင်းညိတ်နာခံလည်း မှန်ပါသည်။

မှန်တာတွေထဲမှာ မှားနေတာက သူမ စက္ကန့်တွေ ရွေ့လျားနေတဲ့အတိုင်း ရင်ထဲမှာ ပူလောင်ခြင်းက သက်တမ်းရင့်လေပြင်းထန်လာလေ..။

တကယ်ဆို သူမ တစ်ကိုယ်လုံးမှာ သတို့သမီးဝတ်စုံအပြည့်နှင့်





ညှော်ခံပွဲတက်ရန် နာရီပိုင်းသာလိုတော့သည်။

"ကဲ .. ကဲ .. ပွဲချိန်ကပ်နေပြီဆိုတော့ လာပြီနော် .."

ဦးကျော် ခေါ် မာမီကျော် က အရပ်ကြီးကလန်ကလား၊ ပုံစံကကန့်ကလျနှင့် အခန်းထဲပြန်ဝင်လာသည်။ ပြီးတော့ အပြုံးဝန်းတွေဆေပြီး ထရပ်လိုက်သည့် ညိုမောင်း ကို အကဲခတ်ကာ ..၊

"အဆင်တွေပြေနေကြတဲ့ပုံပဲ .. ဘယ်လိုလဲ .. တို့ရဲ့စံပယ်ပန်းတွေနဲ့ ဒီနိုင်းဆန်းတွေနဲ့ သတို့သမီးလေး လှရဲ့လား .."

"သိပ်ကိုလှနေတာပါ .. ဦးကျော် ကို ကျေးဇူးတင်တယ် .."

"ဒီကလေးလေးကတော့ ပျော်ပုံမပေါ်သေးဘူး၊ ဒါပေမယ့် မပူနဲ့ သတို့သားရေ .. ယောဒီပါးကွက်လေးတွေမှာ မျက်ရည်စိုသွားရင် အလှပျက်ပြီ .. ဒါကြောင့် ကလေးကငိုမှာမဟုတ်ပါဘူး .."

မာမီကျော် က ရွှေထုပ်လေး ကို အိမ်ထောင်မပြုချင်သေးသည့် မိန်းမငယ်လေးတစ်ယောက်လို ချစ်စနိုးကြည့်ပြီး စ,နေသေး၏။

ဒါပေမယ့် ရွှေထုပ်လေး ကိုယ့်ကိုယ်ကိုယ်သိနေသည်။ ဒီပါးကွက်တွေ ကွက်ပစ်လိုက်တာက ကိုယ့်ကိုယ်ကိုယ် သတို့သမီးဆိုတဲ့ ပြင်ဆင်မှုတွေထဲက တစ်စိုးတစ်စိလေးနုတ်ထွက်ချင်ခဲ့တာသာဖြစ်သည်။

သူတို့ပြောသလို လုံးဝမဟုတ် ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၄)

"ဟာ .. မြဲစေ .."

မျက်စိရှေ့ရောက်လို့သာ မြဲစေ လို့ခေါ်လိုက်ရသည်။ ကိုယ့်မျက်စိကိုတောင် မယုံနိုင် ...၊

"မင်း .. ခုမှ ရောက်လာတာလား .. ညတည်းကလား .."

"ခုပဲ .."

"ဟာ .."

ဆွေးမြေ့ကြေကွဲသွားသည့်မျက်နှာကြီးနှင့် ဟာခနဲဖြစ်သွားတော့ မြဲစေ မျက်မှောင်ကုတ်သွားသည်။

"ဘာဖြစ်သွားတာလဲ .."

အောင်ဟိန်း တံတွေးမျိုချရင်း ဆံပင်တွေကိုပဲ အမိပ္ပာယ်မဲ့ ဖိသပ်ချနေမိသည်။ ပြီးတော့ .. ကိုင်ထားသည့် ဘောလ်ပင်နဲ့ကိုချ၍ ဖိုင်ကိုပါ ပိတ်ထားလိုက်၏။

"ထိုင်လေကွာ .."

ပြောလိုက်ပေမယ့် ပွင့်လင်းလိုက်လှဲသော ဖော်ရွေမှုတွေပျောက်ဆုံးနေခဲ့ပြီး ခြောက်ကပ်ကပ် ...။

"မထိုင်ချင်ပါဘူး .. ငါ သိချင်လို့ မင်းဆီတန်းဝင်လာတာ .. မြသား





ဘာဖြစ်လို့လဲ .."

"ဘာမှမဖြစ်ပါဘူး .."

ခေါင်းခါပြလိုက်ရင်း စားပွဲမှထကာ အပြင်ကိုထွက်လျှောက်လာခဲ့မိ၏။ ကော်ရစ်ဒါရောက်တော့ မြဲစေ ကလည်း သူ့ဘေးမှာပါလာသည်မို့ ...

"ဟောကောင် .. ဒရမ်မာရိုက်နေတာမဟုတ်ဘူး .. ဘာတွေဖြစ်နေတာလဲ ရှင်းရှင်းပြော .."

"ဒီနေ့ မြသား လက်ထပ်တဲ့နေ့ပဲ .."

မကောင်းသည့် သတင်းတစ်ခုခုဆိုတာ တွက်မိခဲ့ပေမယ့် ဒီလိုသတင်းမျိုး ဖြစ်နိုင်သည်လို့တော့ မထင်ခဲ့မိပေ။ သူ စိုးရိမ်ခဲ့တာက မြသား အိမ်ပြန်မရောက်သေးဘဲ အန္တရာယ်တစ်စုံတစ်ရာတွေ့သွားမှာကိုပင် ...၊

မလုံမလဲ ဖျတ်ခနဲ လွှဲပစ်လိုက်သည့်မျက်နှာကို ဟန်ဆောင်ကန့်လန့်ကာဖြန့်ကာ၍ တည်ငြိမ်ခြင်းဖြင့် ပြန်လှည့်လိုက်ရကာ ...၊

"ဒါလည်း သူ့အတွက်ကောင်းပါတယ် .."

မျက်တောင်များတို့ ခပ်စိုက်စိုက်လွှဲချထားသဖြင့် မျက်နှာကို တည်ငြိမ်အောင်ကြိုးစားထားပေမယ့် အက်ရှနေသော စကားသံတို့က မတည်ငြိမ်နိုင် ...။

အောင်ဟိန်း က သူငယ်ချင်းဖြစ်သူရဲ့ ပခုံးကို ခပ်ဖိဖိဆုပ်ကိုင်လိုက်ကာ ...

"မင်းအတွက်တော့ ဘယ်လိုမှ မကောင်းနိုင်ဘူးဆိုတာ ငါသိပါတယ် မြဲစေ .. ငါ မင်းကို အကြောင်းကြားဖို့လည်း ကြိုးစားပါတယ်၊ ဒါပေမယ့် မင်း သူ့အတွက် ဒီလောက်ထိ မလူပ်ရှားတော့ဘူးလို့ တွက်လိုက်မိလို့ပါ ...၊ မင်း ဝန်မခံပေမယ့် သံယောဇဉ်ကြီးနေပြီဆိုတာ ငါသိတယ်၊ ပြီးတော့ သံယောဇဉ်ဘယ်လိုရှိရှိ မင်း မျက်နှာလွှဲတော့မှာပဲလို့ ငါထင်ခဲ့တာ .."

"ထားလိုက်ပါ .. သူ ဒီလိုဆုံးဖြတ်လိုက်တာ ကောင်းပါတယ်.."

"ငါ ရက်စက်ခဲ့သလိုဖြစ်သွားသလားလို့ တွေးလိုက်မိတယ်၊ နောက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး သူ တစ်ခုခုဖြစ်သွားရင် ငါ့ပယောဂမကင်းတာမျိုးထပ်ပြီး မခံစားချင်လို့ ...၊ ဒါပါပဲ .. မင်းပဲ အကြီးကြီးလျှောက်တွေးနေတာ .."

ပြောပြီးတာနှင့် သူ ကျောခိုင်းလိုက်သည်။

"မြဲစေ .. မင်း သူ့ပွဲကိုတက်ဦးမှာလား .."

"ဘာကိစ္စနဲ့လဲ .."

"ငါ့စိတ်ကူးအတိုင်းပြောရရင် မင်း ရောက်လာတာကို ကောင်မလေးမသိစေချင်ဘူး .."

"ငါက သိအောင်ကြိုးစားမယ်လို့ မင်းက ထင်နေတာလား .."

"မထင်ပါဘူး .."

သူ့ဘက်ကို မြဲစေ ပြန်လှည့်လာတော့ အောင်ဟိန်း က ခေါင်းခါပြကာ ...၊

"တကယ်မထင်ပါဘူး .. ဒါပေမယ့် ချစ်တဲ့စိတ်ဆိုတာ ရင်ဘတ်ထဲကဖြစ်တာကွ ...၊ သူက မင်းရဲ့ ဦးနှောက်နဲ့ ပြေးတိုင်ပင်မှာမဟုတ်ဘူး၊ အထူးသဖြင့် ချစ်ကြတဲ့လူတိုင်း စိတ်ချင်းနီးကြတယ်၊ အချစ်ရဲ့ ဂုဏ်သတ္တိကိုက ဘယ်ဆုံးဖြတ်ချက်ကိုမှ မနာခံတတ်ခြင်းပဲ .."

"အဲဒါတွေ ငါ စိတ်မဝင်စားဘူး .. မင်းလည်းတော်တော့ .."

ပြောပြီးတာနှင့် လှည့်မကြည့်စတမ်းထွက်လာခဲ့မိသည်။

မင်းတော်တော့လို့ အောင်ဟိန်း ကို တားဆီးခဲ့ပေမယ့် သူ့ရင်ထဲမှာရော တကယ်ပြီးရဲ့လား ...၊





အခန်း (၃၅)

သူ ထွက်သွားတာသိပ်မကြာသေးတာမို့ ရန်ကုန်မှာ သူငှားထားသည့် ရပ်ကွက်စုံ နေရာစုံက တိုက်ခန်းတွေ၊ အိမ်တွေ ဘယ်မှာသွားနေနေ နေသေးသည်။

ဒါပေမယ့် ရွေးချယ်စရာမလိုဘဲ ရောက်လာခဲ့တာက ရွှေထုပ်လေး သူ နေခဲ့တဲ့ တိုက်ခန်းလေးကိုပဲဖြစ်၏။

တစ်ယောက်တည်း ပြန်ရောက်လာတော့ ပူလောင်ခြင်းက သိသာ ဖြစ်ထွန်းနေသည်။ အတူနေခဲ့တဲ့ကာလက သိပ်တော့မကြာခဲ့ပေမယ့် မရဲ့ စကားသံလေးတွေကိုပဲ သတိရနေသည်။

သူမ လှုပ်ရှားသွားလာနေခဲ့သည့် ပုံရိပ်လေးတွေက နေရာတကာ..။

"ဟင်း .."

ရင်ထဲက ပူလောင်မှုတွေက သက်ပြင်းချလိုက်ခြင်းကြောင့် လျော့သွားခဲ့ရင်လည်း ကောင်းသား ...။

စာအိတ်လေးထဲမှာ သူ သွားလေရာမှာပါနေခဲ့သည့် ရွှေသော့လေး ချောထည့်ပိတ်လိုက်သည်။ သူတမင်တကာ အမှတ်တရထည့်ယူ တာတော့မဟုတ်ပေ။

ဒါပေမယ့် ဒီသော့လေးကို အိတ်ထဲမှာထည့်ထားရခြင်းအတွက်



www.burmeseclassic.com

www.burmeseclassic.com



ဒါလေးကို ကိုင်လိုက်မိတိုင်းဖြစ်ပေါ်လာတတ်သည့် ခံစားချက်လေးကို သဘောကျမိ၏။

ဒါလေး သူမကို ပြန်ပေးဖို့အတွက်တော့ သူ ကိုယ်တိုင်မလုံးပမ်းခဲ့မိတာအမှန်ပင် ..။ ခုတော့ အမှတ်တမဲ့တွေကနေ အမှတ်တရတွေဖြ မလာချင်တော့ပါ။

ထို့ကြောင့် သူမလေးကို ပြန်ပေးခဲ့ဖို့ သူ ဆုံးဖြတ်လိုက်တာဖြစ်သည် ဒီမှာ တစ်ညအိပ်ပြီးတာနဲ့ ပြန်တော့မည်။ သူ့အတွက်က ပြန်လာခဲ့ခြင်း အတွက် သွားရောက်နှုတ်ဆက်ရမည့်လူမရှိသလို၊ ထွက်ခွာသွားဖို့အတွ လည်း ခွင့်ပန်နှုတ်ဆက်ရမည့်သူ မရှိပေ ..။

အပေါ်ထပ်ကနေ စာအိတ်လေးတစ်လုံးကိုပဲကိုင်ကာ လှေကားထ တွေကို တစ်ထစ်ချင်းနင်းဖြတ်ဆင်းလာခဲ့ရင်း နားထဲမှာ လှုပ်ရှားသံသဲ ကို ကြားလိုက်ရင်း ..၊

သူ မြန်မာနိုင်ငံကိုပြန်ရောက်လာတာ ဖင်ပူအောင်မထိုင်ရသေး အနှောင့်အယှက်တွေဝင်လာတော့မှာကို တွေးမိကာ မျက်နှာက အလို နေရင်းတင်းသွား၏။

နားနဲ့ မျက်စိကိုအလုပ်ပေး၍ အောက်ထပ်ကိုရောက်တော့မှ ဘ အသံလဲဆိုတာ နားစွင့်ကြည့်မိသည်။ အသံက စာကြည့်ခန်းလို့သတ်မှ ပေမယ့် ဘာမှမရှိသော အခန်းတစ်ခုထဲကဖြစ်ကာ၊ ခပ်ဟဟပွင့်နေသေ တံခါးကြားကနေ လှုပ်ရှားနေသည့်အရိပ်တစ်ရိပ်ကို မြင်လိုက်ရ၏။

သူ့ခြေလှမ်းတွေ ထိုဆီတောက်လျှောက် လှမ်းသွားမိကာ စိတ် လည်း ရှိသင့်တာထက်ပို၍ တိုတောင်းနေသဖြင့် ..၊

"ဟော့ .. ထွက်ခဲ့စမ်း .. ဒီတစ်ခါ မင်းတို့နဲ့ငါ ဘဲစားဘဲခြေပဲ .."

ပြောရင်း တံခါးကို ဆောင့်ကန်ဖွင့်ပစ်လိုက်သည်။ သူ့ဘက် ဖျတ်ခနဲလှည့်လာသည့် မျက်နှာလေးက ပြူးဝိုင်းနေသည့် မျက်ဝန်း တွေနှင့် တအံ့တသြ ..။

"ကိုကြီး .."

"မင်း .."





သူကိုယ်တိုင် ကိုယ့်မျက်စိကိုယ် မယုံနိုင် ..၊

"မင်း .. ဒါက .."

သူမကိုယ်မှာ ဆေဒါရောင် ဖြူလွနေသော မြန်မာသတို့သမီးဝတ်စုံ နှင့် မို့မို့ပုံ့ပုံ့ ဆံထုံးလေး၏ ညာဘက်အောက်စပ်လေးမှာ စပယ်ပန်းတွေ ပြည့်ပြည့်သိပ်သိပ်ပန်ဆင်ထားသည်။

မကျဉ်းမကျယ်နဖူးပြေပြေလေးကို အပြောင်သိမ်းထားသဖြင့် လက်ဝတ်ရတနာတွေနဲ့ ပြိုးပြက်လက်နေသော သူမကို မြင်လိုက်ရတာ မိုးနတ်ဒေဝီငယ်တစ်ပါးနှင့် တူနေလေသည်။

တစ်ယောက်ကိုတစ်ယောက်က အံ့သြငေးမောရင်း ရွှေထုပ်လေး ကျောခိုင်းနေရင်းကနေ ဒီဘက်လှည့်လာသည်။ ပြီးတော့ တုန်ယင်လာ သည့် နှုတ်ခမ်းဖျားတို့မှ စကားသံထွက်မလာသေးဘဲ လက်ညှိုးထိုးလိုက် ..င်း ကတုန်ကယင်နှင့် ..၊

"ကိုကြီး .. ကိုကြီး ဒီမှာရှိနေတယ်ပေါ့ .. ဟုတ်လား .."

မေးခွန်းနှင့်အတူ မျက်ရည်စက်တွေ ပိုးပိုးပေါက်ပေါက်ကျလာ ကြ၏။ မြဲဇေ ကတော့ သူမရဲ့မေးခွန်းကြောင့် မျက်နှာမှာ ကရုဏာဒေါသ တွေ ခုန်ပေါက်တက်လာခဲ့လျက် ..၊

"မင်းက ငါ ဒီမှာ ရှိနေမှန်းသိလို့လာတာမဟုတ်ဘူး .. ဟုတ်လား ..ါဆို ဘာလာလုပ်တာလဲ .. ဒီတံခါးကို ငါ ပိတ်ထားခဲ့တာ ဒီတံခါးတွေ ..လိုပွင့်မနေရင် မင်းဘယ်ဆက်သွားမှာလဲ .."

မေးနေရင်း ပခုံးနှစ်ဖက်ကို ဒေါသနှင့် ဆုပ်ကိုင်ပစ်လိုက်၏။ နှုတ် ..ခမ်းလေးပွင့်ဟသွားပေမယ့် ရွှေထုပ်လေး ဘာမှမဖြေနိုင် ..။

"မေးနေတာကိုဖြေစမ်း .."

"သား .."

"ပြော .. မင်းထင်သလိုမင်းလုပ်နေကျ .. အခု ဘာအားကိုးနဲ့လဲ.. ..ါ ဒီမှာရှိမနေရင်ဆိုတဲ့ ခြွင်းချက်နဲ့ မင်းတွေးထားခဲ့သလား .."

"မတွေးခဲ့ဘူးလေ ..၊ ကိုကြီး ဒီမှာရှိမနေတော့ဘူးလို့ပဲ သူ..က ..င်နေခဲ့တာ .."



www.burmeseclassic.com

www.burmeseclassic.com



သူမမှာလည်း ဒေါသစိတ်ဆိုတာရှိသည်။ ဒါပေမယ့် ဒေါသသည် ဒေါသသံမထွက်ခဲ့ဘဲ အပြစ်ပေးခံနေရသည့် ကလေးတစ်ယောက် ငိုယိုရှင်းပြနေသကဲ့သို့ ရှိုက်သံများနှင့် ရောထွေးနေလျက် ...၊

"ကိုကြီး ဒီလောက်ထိ ရှောင်ပုန်းနေနိုင်မယ်လို့ သားကမှမထင် တာကြီးကို၊ သား ဘယ်လောက်ထိလိုက်ရှာနေခဲ့သလဲဆိုရင် .."

"မင်းကို ငါ အဲ့ဒါတွေ မေးနေတာမဟုတ်ဘူး .."

"ကိုကြီး မေးတာက သားကို ဒေါသထွက်ပြီး ဆူဖို့မာန်ဖို့ချည်း မို့လား .. သား မသိဘူး၊ ဒီအိမ်ထဲမှာ ကိုကြီး မရှိခဲ့ရင် သား ဘာဖြစ်မ ဆိုတာရော၊ ဒီအိမ်ထဲကို မဝင်ရရင် ဘယ်ကိုသွားရမလဲဆိုတာရော၊ သား ဘာမှမသိဘူး ...၊ သား သိနေတာ အိမ်ထောင်မပြုချင်တာတစ်ခုပဲ .."

"ကျွတ် .."

စုတ်သပ်ခေါင်းခါရင်း သူ့လက်တွေ ပခုံးသားလေးတွေပေါ်က ပြေကျသွားခဲ့၏။ ထိုအခါ ရွှေထုပ်လေး သည် သူ့ရင်ခွင်ထဲကို တိုးဝ ဖက်တွယ်လာခဲ့ပြီး ...

"ကိုကြီးကို အရမ်းချစ်တယ် .."

သူ့လက်တွေ ဒီတိုင်းဆန့်ကျနေခဲ့ရင်း လှုပ်ရှားနေသည့်စိတ် ဘယ်လိုထိန်းချုပ်ရမှန်းမသိ၊ သတို့သမီးဝတ်စုံနှင့် ညှော်ခံပွဲကနေထွ ပြေးလာခဲ့သည့် မိန်းမငယ်လေးတစ်ယောက်ကို သူ ဘယ်လိုအင်အာ ဆီးကြိုရမလဲ ...၊

ဟိုအရင်အခါ အတူနေခဲ့ဖူးကြတာက သူမ ဒုက္ခရောက်နေတာ ကယ်တင်ထားခဲ့တာဖြစ်သည်။ အခု သူ့ရင်ခွင်ထဲကို ဝင်လာခဲ့တာ တ သက်တာလက်တွဲဖော်အဖြစ် ...၊

"မဖြစ်ဘူး မြသား .."

"ဟင့်အင်း .. သား ကိုကြီးနဲ့ ခဏလေးဝေးသွားရတာတောင် မတတ်ခံစားခဲ့ရတာ၊ ကိုကြီးနဲ့ မဟုတ်ဘဲ သား ဘယ်သူနဲ့မှ လက်မထပ်ဘူး

သူမ ပခုံးလေးတွေကိုကိုင်၍ ရင်ခွင်ထဲက ဖယ်ထုတ်မလို့ပြင်လို လျှင် ဖက်တွယ်ထားသည့် သူမရဲ့ လက်လေးတွေပို၍တင်းကျပ်သွားခဲ့ပြီး





"သား .. ကိုကြီးနဲ့ပဲနေချင်တယ် .. ဟင့်အင်း .."

"နေလို့မရဘူး မြေး .. ခု ချက်ချင်း ဒီဘက်ကိုပြန်လာခဲ့ .."

ဟင်!...၊

ရွှေထုပ်လေး မျက်လုံးပြူးသွားသည်။ သူက ကျောခိုင်းထားပေ မယ့် သူမရဲ့ ရှေ့မှာ ဘွားလေးတို့က ရပ်နေကြကာ ...၊

"မြေးကို ဘွားလေးတို့ အများကြီးအလိုလိုက်ခဲ့ပြီးပြီ၊ မြေးဟာ ဆိုဆုံးမမရတဲ့မိန်းကလေးတစ်ယောက်မဟုတ်ဘူးလို့ ဘွားလေး ယုံကြည် တယ်၊ ဒီအခြေအနေတွေရောက်နေပြီးမှ ဘွားလေး တို့ကို သိက္ခာကျ အရှက်ရအောင်ထပ်မလုပ်ပါနဲ့ .."

"ဟုတ်ပါတယ် ကလေးရယ် .. ကလေးကိုယ်တိုင် ဒီတစ်ခါမမိုက် တော့ပါဘူးလို့ .."

"ဟင့်အင်း .. သား အဲ့ဒီလိုမပြောခဲ့ဘူး .."

ဦးဇေဠ သက်ပြင်းချလိုက်မိသည်။ ကွယ်နေသည့် မစို့မပို့မျက်နှာ လေးကို မမြင်ရသမျှ မြဇေ ရဲ့ ကျောပြင်ကိုပဲကြည့်၍ ...၊

"မပြောခဲ့ပေမယ့် ကလေးရယ် .. သမီး မငြင်းဆန်မငြူစူပဲ နာခံ ပေးခဲ့တာမဟုတ်ဘူးလား ...၊ အစစအရာရာကြည်ဖြူလိုက်လျောနေကြ တဲ့ မောင်ညိုမောင်း တို့မိသားစုကိုလည်း .."

"ကြည်ဖြူလိုက်လျောပေးနေတိုင်း သားကဲ ပြန်ချစ်လို့မှမရတာ၊ သူနဲ့အတူတူနေရတော့ သေချာလာလေ ရှုံးချင်လေ၊ အဲ့ဒါကြောင့် သား ဘယ်လိုမှ မျိုသိပ်မနေနိုင်တော့လို့ ထွက်ပြေးလာခဲ့တာ ...၊ လက်ထပ်ပြီး မှဆို သားမှာ ဘာအခွင့်အရေးရှိတော့လို့လဲ .."

ပြောနေကြတာတွေကို နားထောင်ရင်း မြဇေ က မြသားရဲ့ လက်လေး တွေကို ထပ်ကိုင်၍ ဖြည်ချလိုက်သည်။ သူတစ်ခုခုဝင်ပြောဖို့ ဆုံးဖြတ် လိုက်တာပေမယ့် သူ ဘာမှမပြောရသေးမီ ...၊

"ဘယ်လိုလဲ မောင်မြဇေ .. မင်း ဒီဘက်မလှည့်တော့ဘူးလား.."

ဒေါ်နံ့သာမွှေး ရဲ့လေသံက အထက်စီးဆန်ဆန် ခပ်မိန့်မိန့်လှောင် ရယ်ဟန်နှင့် ...၊



www.burmeseclassic.com

www.burmeseclassic.com



"မင်းအနေနဲ့ ငါတို့ကို မျက်နှာမကြည့်ဝံ့စရာဖြစ်လောက်တဲ့ အနေအထားမျိုးတော့ ရှိမနေလောက်ဘူးထင်တာ .."

မြစေ မျက်နှာမှာ လှို့ဝှက်သည့် မဲ့ပြုံးတစ်ချက်ထင်သွားသည်။ ပြီးမှ ဒီဘက်ကိုအေးဆေးလှည့်လာကာ ...၊

"အစက ရှိမနေခဲ့ပေမယ့် ခုရှိနေပြီဆိုရင်တော့ မျက်နှာမှာ ပူရှိန်းရှိန်းဖြစ်တာမျိုးရှိရင်ရှိမှာပေါ့ .."

"ဘာ .."

ဒေါ်နန့်သာမွှေး လက်သီးနှစ်ဖက်ဆုပ်နှင့် အော်သည်။ ဦးဝေဋ္ဌ ကတော့ ဒီလိုမျက်နှာစကားသံတွေကို ကြားသိခဲ့ဖူးတာမို့ မျက်မှောင်ကုတ်နှင့်ကြည့်နေပေမယ့် ထူးခြားပေါက်ကွဲမိတာမျိုးမဖြစ် ...။

ထို့ပြင် ကိုယ့်လူက သူ့ရင်ခွင်ထဲမှာ ကုတ်နဲ့ကော်ထုတ်ယူတာတောင် ကျွာကျလာဖို့ မသေချာသော အခြေအနေက လုပ်ချင်သလိုမဖြစ်၊ ပြောချင်တိုင်းပြောလို့မရသော စီရင်ချက်ချထားသည့်နှယ် ...၊

"မင်း ဘယ်လိုပြောလိုက်တယ် မောင်မြစေ ...၊ မင်းက ငါ့မြေးကို အရယူတော့မယ်လို့ကြေညာတဲ့သဘောလား .."

"အဲ့ဒါက အဒေါ်ရဲ့ ထင်မြင်ချက်တွေပေါ်မှာပဲ မူတည်ပါတယ်.."

"ဟေ့ .. စကားကိုတည့်တည့်ပြောစမ်း၊ ဒီမှာ အလျှောက်ကောင်းတော့ အထောင်းသက်သာတယ်တဲ့ .. မင်းကိုယ်မင်း ယဉ်ကျေးဖို့လိုနေပြီဆိုတာ တွေးမိရဲ့လား .."

"ဘယ်တုန်းကမှ မတွေးခဲ့ဖူးတာ အဲဒီကိစ္စပဲ .."

မြစေ မျက်လုံးတွေက အရိုင်းဆန်စွာ ရူးရူးရဲရဲဖြစ်နေခဲ့လျက် ...၊

"ဘယ်သူ့ဆီက ယဉ်ကျေးလိမ္မာမှုကိုမှ မမျှော်လင့်ဘူး၊ ကိုယ်ကလည်း ဘယ်သူ့အပေါ်မှာမှ ယဉ်ကျေးဖို့ စိတ်မကူးဘူး၊ အဲ့ဒါ ကျွန်တော်ပဲ .."

"သိတယ် .. မင်းအကြောင်း ငါ ကြားခဲ့တယ်၊ လာစမ်း .. မြေး၊ ဒီလောက်ထိမိုက်ရိုင်းနေတဲ့လူကို ဘာဖြစ်လို့ကပ်ဝဲနေတာလဲ ...၊ သူ့ဆီက ငါ့မြေးဘာတွေရမှာမို့လို့လဲ .. လာခဲ့ ဒီဘက်ကို .."

"ဟင့်အင်း .."





ရွှေထုပ်လေး က မြစေ က သူမကိုကျောပေးထားပေမယ့်၊ ကျောပြင်ကိုပဲ နောက်ကနေ ဖက်ထားကာ ခေါင်းတွင်တွင်ခါနေ၏။

"တောက် .."

ဒေါ်နန့်သာမွှေး သည်းခံနိုင်စွမ်းကုန်ခဲ့ရလျက် ...၊

"ကိုဝေဋ္ဌ .. သွားပါ၊ အတင်းဆွဲခေါ်စမ်းပါ .."

"ဟင့်အင်း .. ဟင့်အင်း .. ကိုကြီး သားကိုဆွဲထားပေးပါ၊ သားပြန်မလိုက်ဘူး .."

ဦးဝေဋ္ဌ ခြေလှမ်းတော့ပြင်သည်။ ဒါပေမယ့် သူ့ခြေလှမ်းကိုစိုက်ကြည့်နေသည့် မြစေ ရဲ့ မျက်လုံးတွေကြောင့် ရှေ့ဆက်မတိုးတော့ဘဲ စိတ်လျှော့လိုက်သလို ပင့်သက်ရှိုက်၏။

"ကိုဝေဋ္ဌ ဘာလုပ်နေတာလဲ .."

"ရွှေထုပ်လေး က ဒီလိုအကြမ်းဖက်ထိန်းချုပ်နေရမယ့် မိန်းကလေး မဟုတ်ပါဘူး၊ မမကြီး ကိုယ့်စိတ်ကို တစ်ထစ်လောက်လျှော့လိုက်ပါ–"

"ဘာပြောတယ် .."

"မမကြီးကို ကျွန်တော်ပြောစရာရှိပါသေးတယ်၊ ခုလောက်ဆို ဟိုမှာလည်းပွဲပျက်သွားလောက်ပါပြီ .."

"ဩော် .. ဟိုပွဲမဖြစ်တော့တာနဲ့ ငါက ဒီလောက်မိုက်ရိုင်းတဲ့လူလက်ထဲမှာ ငါ့မြေးလေးကို ထားခဲ့ရမယ်ပေါ့ .."

ဒေါ်နန့်သာမွှေး ဖိုးဖဲကတ္တီပါဝတ်စုံပျော့ပျော့လက်လက်နှင့် ဝဝကြီး ပခုံးထက်မှာ ဘယ်ညာစုံချထားလျက် ...၊ စိန်နဲ့ မြ နှစ်တန်းသွားနှစ်ထပ်ကြိုးကုံးရှည်ကြီးကလည်း ရျက်လောက်ထိ ရှည်လျားလွဲခါနေသည်။

ရွှေထုပ်လေး ရဲ့ မင်္ဂလာပွဲကို တကယ်ကို ကျေနပ်ပျော်ရွှင်စွာ တက်ရောက်ဖို့ပြင်ဆင်ထားခဲ့တာဖြစ်သည်။ ခုတော့ ...၊

"ညည်း .. ညည်းက ငါ့ကို ဒီလိုလူရဲ့ရှေ့မှာ မလေးမစားပြက်ရယ်ပြုလိုက်တာပေါ့ ဟုတ်လား ရွှေထုပ်လေး .. ဟင် .. ငါ့ရဲ့ မျက်နှာကို ညည်းက အိုးမည်းသုတ်လိုက်တာပေါ့ .."

ဒီလိုလုပ်လိမ့်မည်လို့ ထင်တော့ထင်ခဲ့ပေမယ့် မဖြစ်နိုင်ဘူးလို့ပဲ



www.burmeseclassic.com

www.burmeseclassic.com



ထင်ခဲ့သည်။ ထို့ကြောင့် ရှက်၍ခံပြင်းသောစိတ်က မာန်မာနတို့နှင့် ပေါင်းစည်း၍ ...

"သူက ညည်းအကြောင်းကို မသိခင်ကန်းက မကြင်နာခဲ့ဘူးမို့လား ..၊ ခုကျမှ အရယူတော့မယ်ဆိုတာလေ .."

ဒါတွေ ရွှေထုပ်လေး ပဲပြောပြခဲ့တာပါ။ ဒီကောင်လေး ခပ်တည်တည်ခပ်ကင်းကင်းနေခဲ့တာတွေသိရလို့ သူတို့အားလုံးကြိတ်၍ သက်ပြင်းချမိကြသည်။

'မောင်မင်းကြီးသား အသက်ရှည် အနာကင်းပါစေ' လို့တောင် ဆုတောင်းမိခဲ့သေး ..။

ခုတော့ ဒီယုန်မြင်လို့ ဒီခြုံထွင်တတ်တဲ့ လူစားပါပဲ .. ဘာများထူးသေးလို့လဲ ..။

"အဲ့ဒါတွေ မြေး ပြန်စဉ်းစားစမ်း .. သူက မြေးကိုငွေမက်လို့ မြေးကိုယူပြီး ချမ်းသာချင်လို့ပြောင်းလဲသွားတာ .."

"ကိုကြီးက အဲ့လိုလူမဟုတ်ပါဘူး .. ဘွားလေးရယ် .."

"ညည်းလေး အဲ့ဒီလိုယုံကြည်နေအောင် ညည်းတစ်ယောက်ကိုတော့ အယုံသွင်းထားမှာပေါ့၊ ဟော့ .. မင်းပြောလိုက်စမ်း ငွေဘယ်လောက်လိုချင်သလဲ .."

မြစေ က သူ့အလှည့်ရောက်လာကာမှ ပြုံးသည်။ ပြီးတော့ ခေါင်းခါ၍..၊

"ရွှေထုပ်တစ်ထုပ်လုံးကို ရနေကာမှ ငွေဘာလုပ်ဖို့လဲ .. ကျွန်တော်က တော့်းမှမဟုတ်တာ .."

"ကြည့်စမ်း .."

"မကြီး .."

"ဖယ်စမ်း .."

ဦးဝေဠု က မြစေ မျက်နှာကိုကြည့်ပြီး နားလည်နေသည်။ ဒေါ်နှံ့သာမွှေး က ဂရုမစိုက်ဘဲ လက်ကိုလွှဲရမ်းပစ်ကာ ..၊

"ဟေး .. ဒီမှာ၊ ငါ့မြေးကို ငါခေါ်လို့ရမှာမဟုတ်တော့ ငါ့ဘာသာ အိမ်ပြန်ပြီး ခေါင်းအုံးပေါက်အောင်ငိုပစ်လိုက်မယ် ..၊ ဒီလိုသွေးမျိုးကို





မလွှမ်းဘူး .."

"ကောင်းတယ် .. လူတိုင်း ကိုယ့်အသက်လေးကိုတော့ ရှင်သန်အောင် ကြံဖန်မွေးကြရတာပဲ၊ စိတ်ချမ်းသာမှ အသက်ရှည်မှာ .."

"ကိုကြီး .."

"ပြောပြတာ .."

"အေး .. ငါကလည်း မင်းကိုသိအောင်ပြောပြဦးမယ်၊ ရွှေစံအိမ်က ရွှေတွေကို အပိုင်ချုပ်ချင်နေတဲ့မင်းကိုရော၊ ရွှေစံအိမ်ကို လူမထင်ဘဲ သူခိုးဂျပိုးနဲ့မှ ပေါင်းဖက်ချင်တဲ့ ငါ့မြေးကိုရော .."

ရွှေထုပ်လေး ရဲ့ မျက်နှာပေါ်ကိုအကြည့်ရောက်သွားတော့ ဒေါ်နှံ့သာမွှေး အကြည့်တစ်ချက် ဝေ့ခနဲရှိဝေသွားခဲ့၏။ ပြီးမှ ပြန်လွှဲပစ်ကာ ...

မင်းလိုလူ ငါ့ရဲ့ ရွှေစံအိမ်မှာမိသားစုဝင်မဖြစ်ရဘူး၊ ဟောဒီလို မြေးမိုက်ကိုလည်း တစ်သက်လုံးခွင့်မလွှတ်ဘူး၊ ဒီနေ့ကစပြီး ရွှေစံအိမ်ရဲ့ အမွေဆက်ခံခွင့်ရှိသူအဖြစ်ကနေ အမွေပြတ်ကြေညာမယ် ...၊ သင်းနဲ့ ရွှေစံအိမ် ဘာမှမပတ်သက်တော့ဘူး .."

ဒေါ်နှံ့သာမွှေး ထမိစတစ်ဖက်'မ'၍ မြစေ နဲ့ ရွှေထုပ်လေး ကို စူးစူးစိမ်းစိမ်းကြီးစိုက်ကြည့်နေ၏။ ပြီးတော့မှ အားလုံးရှေ့ကနေ လှည့်ထွက်လာခဲ့လေသည်။

ရွှေထုပ်လေး နှုတ်ခမ်းပွင့်ဟဒေးရင်း လိုက်ကြည့်နေလျက်၊ တွန်းချခဲ့သည့် ဦးဝေဠု ကို အကြည့်ရောက်သည့်အခါ မျက်ဝန်းမှာ မျက်ရည်စတို့ ဝေ့သီနေပြီဖြစ်၏။

ဦးဝေဠု မြစေ ကို တင်းမာသုန်မှုန်နေသည့်မျက်လုံးတွေနဲ့ကြည့်နေပေမယ့် ရွှေထုပ်လေး ကိုတော့ နူးညံ့ကြင်နာသည့်အကြည့်တို့နှင့် နှုတ်ဆက်လေသည်။

လူကြီးတွေရဲ့ စေတနာအရာတော့ ဒီလိုမဖြစ်စေချင်ပေမယ့် အခုရာဟာ ကိုယ့်သဘောအတိုင်း ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၆)

"ဟုတ် .. ဟုတ်ကဲ့ ဘွားလေး .."

ဖုန်းချထားလိုက်ပြီး ရွှေထုပ်လေး ထိုနေရာမှာပဲ ငိုင်တွေရပ်နေမိသည်။

ရက်ကို လစားလို့ လကို နှစ်စားခဲ့ပြီ ..၊

ကိုကြီးကိုတော့ ဘွားလေးနဲ့ ကျေလည်ငြိမ်းချမ်းအောင် ဘယ်လိုမှ ပြောလို့မရခဲ့ပေ။ နေရာမှ တစ်လှမ်းချင်းထွက်ခဲ့ရင်း ရေချိုးခန်းရှေ့မှာ ခြေစုံရပ်၏။

အထဲမှာ ရေချိုးနေသံမကြားရတော့သဖြင့် မကြာခင် ကိုကြီး ထွက်လာတော့မှာကိုသိနေ၏။ သူမ ဘာပြောရမလဲ ..။ ကိုကြီး ဘယ်လိုမှ ကြိုက်မှာမဟုတ်ပေမယ့် ဘွားလေးတို့ကစပြီး ခွင့်လွှတ်ကြည်ဖြူပါသည် ဆိုတာကိုတော့ သူမ လက်စံချင်နေမိ၏။

"မြေးကို ဘယ်လောက်ထိကောင်းတဲ့တိုက်ကြီးဆောက်ထားပေးသလဲ ..၊ ဒီချိန်ထိ ဘွားတို့ကို မြေးက မဆက်သွယ်မတောင်းပန်ဘဲနေတာကရော .. သင်းကဘာတွေလွှမ်းမိုးချုပ်ကိုင်ထားလို့လဲ .." တဲ့ ..။

ဘွားလေးတို့ကလည်း သားကိုမပြတ်နိုင်၍သာ ဆက်သွယ်လာပေမယ့် ကိုကြီးကိုတော့ သိပ်ကျေလည်ချင်ပုံမပေါ်ပေ ..။

ဒီနှစ်ဖက်ကြားမှာ သူမက နှစ်ဖက်စလုံးကိုခင်တွယ်ပေမယ့် ဘယ်ဘက်ကမှ မရပ်တည်ရခဲ့တာလည်း ဒီနေ့ထိပင် ..။





"မြေးကို အမွေကိစ္စ စီစဉ်ပေးဖို့ရှိတယ်၊ သူနဲ့လက်ထပ်ခဲ့တာကို ခွင့်လွှတ်ပေးလိုက်ပေမယ့် သူကိုယ်တိုင် မတောင်းပန်ဘဲ စံအိမ်ကို ဝင်ထွက်ခွင့်မပြုနိုင်ဘူး ..၊ အဲဒီတော့ သူလိုက်လာချင်ရင် သူ့ဘာသာ ဆုံးဖြတ်ပါစေ .."

လို့လည်း ထည့်သွင်းကြိမ်းမောင်းသွားသေးသည်။ သူမ ဘာလုပ်ရမလဲ ..၊

ကိုကြီးကလည်း ဒီလိုကိစ္စမျိုးကို စဉ်းစားဆုံးဖြတ်မှာထက် သူမ စံအိမ်ကိုပြန်ခွင့် ရရေး,မရရေးကတောင် မသေချာ ..။

"မင်း မျက်နှာငယ်ရမယ့်အလုပ်တွေ ကိုယ်မလုပ်တော့ဘူး၊ မင်းလည်း ကိုယ့်ကို ဦးနှောက်ခြောက်စရာတွေ ဘာမှလာထည့်မပေးနဲ့ ..၊ ကိုယ့်နားမှာနေတော့မယ်လို့ မင်းဆုံးဖြတ်ပြီးရင် မင်းရဲ့ ရွှေစံအိမ်ကြီးကို မေ့လိုက်တော့ .." တဲ့ ..။

"မတ်တပ်စုံရပ်ပြီး မမေ့နိုင်စရာတွေ တွေးနေတာလား .."

ဟင် ..၊

မြဲစေ ရဲ့အသံကိုကြားလိုက်ရတော့ ရေချိုးခန်းထဲကမဟုတ်ဘဲ ကိုယ့်နောက်က ..၊

"ကိုယ် အပြင်သွားမလို့ .. လိုက်မလား .."

"ကိုကြီး .."

ရွှေထုပ်လေး ကမန်းကတန်းလှည့်ခေါ်လိုက်ပေမယ့် မျက်နှာကို ကြည့်ပြီး ဘာပြောရမှန်းလည်းမသိ ..။

"ပြောလေ .. ဘာလဲ .."

"ဟို .."

"အင်း .."

"ခုနလေးက ဖုန်းလာတာလေ .."

"ကြားသားပဲ ဘာဖြစ်လို့လဲ .."

"အဲ့ဒါ .. ဟို .. ဘွား .. ဘွားလေးဆီက .."

မြဲစေ တစ်ဖက်ကို ချာခနဲလှည့်ထွက်သွားပြီးမှ ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာတဲ့လဲ .."

ရွှေထုပ်လေး ကလည်း သူ့ ကျောခိုင်းပစ်လိုက်ကာမှ ပြောဖို့စကားတွေကို ရှောရှောရှူရှူပြောနိုင်ခြင်းသို့ရောက်ကာ ..၊

"သားအသက် နှစ်ဆယ့်နှစ်နှစ်ပြည့်သွားပြီတဲ့ .."

"အဲဒီတော့ ဘာဖြစ်လဲ .."

"အစဉ်အလာအရ အသက်နှစ်ဆယ့်နှစ်နှစ်ဆိုရင် အမွေဆက်ခံခွင့်ရှိတဲ့သူကို လွှဲပေးကြရတာဆိုတော့ .."

မြဲစေ ဖျတ်ခနဲပြန်လှည့်ရပ်ကာ ...

"မင်းနဲ့ ပတ်သက်တဲ့အပိုင်းကိုပြော .. မဆိုင်တာတွေကို ကိုယ်စိတ်မဝင်စားဘူး .."

"ကိုကြီးရယ် .. အမွေဆက်ခံခွင့်ရှိတဲ့သူက သားပဲဥစ္စာ၊ အခု သားကို အမွေကိစ္စအတွက်ပြန်လာဖို့ .."

"မသက်ဆိုင်ဘူးဆိုတာ အဲ့ဒါကိုပြောတာ မြသား၊ သူတို့ကိုယ်တိုင်မင်းကို အမွေပြတ်စွန့်လွှတ်ထားပြီးသား၊ အခု မင်းကို ပြန်ခေါ်နေတယ်ဆိုရင်ပြောလိုက်၊ ရှိသမျှပစ္စည်းတွေ လမ်းဆုံမှာပုံပြီး ခေါင်းလောင်းထိုးလှူပစ်လိုက်တော့လို့ .."

"ကိုကြီး .."

သူ့ ခြေလှမ်းကျဲတွေမြန်သလောက် ရွှေထုပ်လေး က အပြေးအလွှားလိုက်လာခဲ့ပြီး ..၊

"ကိုကြီး .."

"ဘာလဲ .. ပြော .."

ပြန်လှည့်ပြီး မေးဆတ်မေးလိုက်သည့်မျက်နှာကြီးကိုကြည့်၍ ရွှေထုပ်လေး ဘာမှပြောမထွက်တော့ဘဲငေးကြည့်နေမိလျှင် ...

"အမွေရတော့မယ်ဆိုရင် ပြေးလွှားရောက်လာမှာပဲလို့ မင်းအိမ်ကလူတွေထင်နေကြတယ်၊ ရွှေငွေရတနာတွေကို လူ့ကိုင်းမက်မောတယ်ဆိုပြီး လူတစ်ယောက်ရဲ့ မာနနဲ့ သိက္ခာကို အုတ်ကျိုးတစ်လုံးလောက်တောင် တန်ဖိုးထားရမှန်းမသိကြတာလည်း မင်းအိမ်ကလူတွေပဲ .."





"အခု အဲလိုမဟုတ်တော့ပါဘူး .. ကိုကြီးရယ် .."

"ဘာလို့မဟုတ်ရမှာလဲ မြသား ..၊ မင်းအိမ်ကဖုန်းလာတိုင်း ငါနားထောင်တယ် .."

"ဟင်!..."

ရွှေထုပ်လေး မျက်တောင်ဖျားလေးတွေပါ ပင့်ခနဲကြွတက်သွား၏။ ဘွားလေးပြောသမျှစကားတွေက ကိုကြီးနဲ့ ပတ်သက်ပြီး နူးညံ့ချိုသာတာဘာမှမပါပေ ..။

ဒါတောင် ကိုကြီးက မသိသလို မျိုသိပ်ဟန်ဆောင်နေနိုင်ခဲ့တာလား ..။

"တစ်နေ့နေ့ မင်း ဒီလိုပြောလာမှာပဲဆိုတာလည်းသိတယ်၊ အဲဒီတော့ ဘယ်တုန်းကမှ မပြောင်းလဲခဲ့တဲ့ ငါ့သဘောထားကိုလည်း ခုထပ်ပြောမယ်၊ မင်း ငါ့မိန်းမအဖြစ်နဲ့ ရွှေစံအိမ်ကို ဘယ်တော့မှ မပြန်ရဘူး .."

ရွှေထုပ်လေး ရင်ထဲမှာနင့်သွားသည်။ ဒီတိုင်းပြောလာနိုင်တာကိုသိပေမယ့် တခြားနေရာတွေမှာ အလိုလိုက်ဂရုစိုက်လာတာတွေရှိခဲ့တော့ ကိုကြီး ခွင့်ပြုမလားလို့ မျှော်လင့်ခဲ့မိတာအမှန်ပင် ..။

ရွှေထုပ်လေး ကိုကြီးကို စိတ်မဆိုးပေမယ့် ကွယ်ရာပြေးသွားပြီး ကြိတ်ငိုနေမိသည်။ ကိုကြီး အပြင်ထွက်သွားတော့ အားပါးတရငိုချလိုက်မိကာ ပြန်လာတော့လည်း ခဏတော့ ဟန်ဆောင်နေလိုက်ရပေမယ့် ငိုပြီးရင်းငို ..။

"ဒေါ်တိုး .. မြသား ထမင်းစားပြီးပြီလား .."

"စားတော့ စားတယ် သား ..၊ နည်းနည်းလေးပဲ .."

ကိုကြီး ပြန်လာသည့်အသံကိုကြားကာ သူမ မျက်ရည်တွေသုတ်၍ အိပ်ပျော်နေသလိုနေလိုက်သည်။

မြဲစေ ကုတ်အင်္ကျီကိုချွတ်ပြီး ချိတ်မှာသေချာချိတ်ပြီးမှ ပြန်ထွက်သွား၏။ လောင်းကစားအလုပ်တွေ ဘာမှမလုပ်တော့ဘဲ အေးဆေးအင်ဂျင်နီယာအဖြစ်နဲ့ပဲ ကိုကြီးနေခဲ့သည်။

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံခြားခရီးထွက်ရတာတွေရှိပေမယ့် တစ်ပတ် ဆယ်ရက်လောက်ပဲကြာကာ အလွန်ဆုံးကြာတာက ဆယ့်ငါးရက်လောက်သာဖြစ်သည်။

ဒါပေမယ့် တစ်နေ့တခြား ကိုကြီး ကြီးပွားလာခဲ့တာ ငွေကို တွင်းထဲကနှိုက်ယူနေတဲ့အတိုင်းပင် ..။

"ပူမနေနဲ့ ဥပဒေနဲ့မကင်းတာ ငါ ဘာမှမလုပ်ဘူး" လို့ပြောပြီးတည်းက သူမလည်း ဘာမှထပ်မမေးရဲတော့ပေ။

ခုဆို ခြံကျယ်ကြီးထဲမှာ ဝရန်တာသုံးဖက်ပါသည့် အဖြူရောင်နှစ်ထပ်တိုက်ကြီး ဟီးထနေသည်။

ခေတ်မီဒီဇိုင်းနှင့် ရေကူးကန်ထည့်ထားပုံကြောင့် ပတ်ဝန်းကျင်မှာ ပေါ်လွင်နေ၏။ ကိုကြီးက အိမ်အကူတွေခေါ်ပြီး သူမအတွက် လိုလေသေးမရှိ ထားပေးခဲ့သည်။

နိုင်ငံခြားသွားသည့်အခါ သူမကိုခေါ်သွားတာလည်းရှိဖူးသလို၊ အိမ်မှာပဲနေခဲ့ရတာတွေလည်းရှိ၏။ ဘွားလေးတို့ဆီက ဘာမှမဆက်သွယ်ခင်ကတော့ သူမလောက်ပျော်တဲ့သူ ဘယ်သူမှရှိမည်မထင်ခဲ့ပေ။

ဒါပေမယ့် ခုကျတော့ သူမရဲ့ ပျော်ရွှင်မှုက တစ်ခြမ်းပဲ့လကလေးကို မော့ကြည့်နေရသလိုပါလား ..။





အခန်း (၃၇)

စောစီးစွာအိပ်ရာဝင်နေပြီး အိပ်လို့လည်းမပျော် ..။ မနက်ဖြန်ဆို သူမရဲ့ နှစ်ဆယ့်နှစ်နှစ်ပြည့်မွေးနေ့ဖြစ်သည်။ မနက်က ကိုကြီး အပြင်ထွက်သွားတုန်းကလည်း ဘွားလေး ဖုန်းဆက်သေးသည်။

ကိုကြီးပြောသလို ပြန်မပြောရဲပေမယ့် သူမရဲ့အဖြစ်တွေက မပြတ်သားနိုင် ..။

"တစ်ယောက်တည်းထွက်ပြီး ဘာလုပ်နေတာလဲ .."

"ကိုကြီး .."

"ဘာဖြစ်လို့ ထမင်းမစားတာလဲ .."

"ကိုကြီးကိုစောင့်နေတာ .."

"ဟွန်း .."

စီးကရက်ကို နှုတ်ခမ်းကဖြုတ်ပြီး မဲ့လိုက်သည့်အပြုံးကြောင့် ရွှေထုပ်လေး လှဲနေရာကနေ ထထိုင်လိုက်သည်။

ထုံးခြောက်ရောင်သမ်းနေသော အဝါနုရောင်ညဝတ်အင်္ကျီပွပွလေးနှင့် ရှည်လျားသော ဆံနွယ်တို့က သူမရဲ့ ပခုံးနှစ်ဖက်ကိုကျော်၍ ရင်ဘတ်ပေါ်မှာ ကပိုကရိုကျနေသည်။ ကျောပြင်ထက်မှာ ဝဲဖြာပျော့ဆင်းနေကြတာလည်းရှိကာ သူမက ဆံပင်တစ်ဖက်ကို နားနောက်မှာ ဖြီးသလိုသိမ်းညှပ်ထားလိုက်ပြီး ...၊



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီးက ဘာဖြစ်လို့ အဲလိုကြီးပြုံးတာလဲ .."

"ပြုံးချင်လို့ပေါ့ကွ .."

ပြောပြီး သူ့ အင်္ကျီချွတ်နေသဖြင့် ရွှေထုပ်လေး မွေ့ရာပေါ်ကဆင်းကာ သူ့ကို ဝိုင်းကူရင်း ..၊

"သားက ကိုကြီးနဲ့စားချင်လို့ တမင်စောင့်နေတာ၊ သား ညာပြောနေတယ်မှတ်လို့လားဟင် .."

"ညာတတ်နေပြီလို့ တွေးမိတာပါ၊ မင်း ကိုယ့်ကို ညဘက်ထမင်းစား ဘယ်တုန်းက စောင့်ဖူးလို့လဲ .."

"ကိုကြီးက .."

"ဟုတ်တယ် .. ကိုယ် အိမ်ပြန်ချိန်မမှန်လို့ မစောင့်နဲ့လို့ မှာထားခဲ့တယ်၊ မင်းလည်းမစောင့်ခဲ့ဘူး .."

"ဒါပေမယ့် ဒီတိုင်းဆက်သွားနေရင် ကိုကြီးနဲ့သား ဘယ်တော့မှ ညစာလက်ဆုံစားရတော့မှာမဟုတ်ဘူးလေ .."

မြဲစေ က ရှပ်အင်္ကျီကြယ်သီးတွေဖြုတ်နေရင်း ရွှေထုပ်လေး ကို စိုက်ကြည့်သည်။ မျက်တောင်ကော့ကော့၊ နှာတံချွန်ချွန်လေးနှင့် စုအွေးသော နှုတ်ခမ်းသားတွေက မီးရောင်အောက်မှာထင်းနေသည်။

ပါးမို့လေးတွေ ပန်းနုရောင်သမ်းနေတာက ပို၍လှနေ၏။

"ဘာကြည့်နေတာလဲ .. သား ပြောတာကိုမယုံသေးလို့လား .."

"မင်း အရမ်းလှလို့ကြည့်နေတာ .."

မြဲစေ က ရွှေထုပ်လေး ကို ဆွဲဖက်ထားလိုက်ကာ မျက်နှာလေးကို နူးညံ့နွေးသိမ့်သောအနမ်းတို့ဖြန့်ခင်းနေရင်း ..၊

"မင်းကလေ စလို့စမှန်းမသိ .. ပြောလိုက်ရင် အဲ့ဒီလိုကြည့်တာလေးတွေနဲ့ .."

"ဟင် .. စတာ .. ဟုတ်လား .. ကိုကြီးက ဒါဆို .."

ရွှေထုပ်လေး ကိုယ့်လောဘနဲ့ကိုယ် ဝမ်းသာအားရထဖြစ်ကာ သူ့အနမ်းတွေကိုရှောင်၍ စကားပြောဖို့ကြိုးစား၏။

မြဲစေ က အတင်းလိုက်ဖမ်းပြီး မရမကနမ်းကာ ...

"ဟုတ်တယ် .. မင်းပြောသမျှ ဒီလောက်ယုံကြည်ပေးနေတဲ့ကောင်





ကို မယုံဘူးလားမေးနေလို့ .."

ရွှေထုပ်လေး စိတ်ခါတ်ကျသွားကာ မျက်နှာလေး ချက်ချင်းညှိုးသွားခဲ့၏။ သူမ မျှော်လင့်တကြီးဖြစ်သွားတာက ဒါကိုမဟုတ် ...

"ဖယ်ပါကွာ .. စေတနာပါတာလည်းမဟုတ်ဘဲနဲ့ ကိုယ့်ဘာသာချွတ်ပါ့မယ် .."

"ဟာ .. ပါပါတယ် ကိုကြီးကလည်း၊ ကိုကြီးရဲ့ ကြယ်သီးပေါက်တွေက ကျဉ်းနေတဲ့ဥစ္စာ .."

သူ ချွတ်လိုက်သည့်ကုတ်အင်္ကျီကို လက်တစ်ဖက်မှာတင်ထားပြီး ကြယ်သီးတွေကို ဝိုင်းဖြုတ်ပေးပေမယ့် တုံ့နှေးနေသဖြင့် မြဲစေ က သူမ လက်ကို လက်နဲ့တိုက်ဖယ်ကာ ..၊

"ဘာကြောင့်ဖြစ်ဖြစ် ရပြီ .. ဖယ်တော့ .."

"ကိုကြီး .."

"ဟင် .."

"ကိုကြီးက သားကို တစ်ခုခုစိတ်ဆိုးနေတာလား .."

"ကျွန်တော်က ခင်ဗျားကိုလား .."

ခပ်ရွဲ့ရွဲ့ပြန်မေးတော့ ရွှေထုပ်လေး က ယောင်တောင်ပေါင်တောင် ခေါင်းညိတ်လိုက်၏။ ပြီးတော့မှ မြဲစေ ပိုပြီးစိတ်တိုစရာဖြစ်သွားမှာ တွေးမိကာ ချက်ချင်းခေါင်းခါ၍ ..၊

"သားက ဘွားလေးခေါ်တာကို သွားချင်တယ်ပြောမိလို့ ကိုကြီး စိတ်ဆိုးနေတာလားလို့ .."

မြဲစေ က အင်္ကျီကိုဆွဲချွတ်ပစ်လိုက်ပြီး တစ်ဖက်လှည့်ပြုံးသည်။ ဒါပေမယ့် သူမဘက်ကိုပြန်လှည့်လိုက်သည့်မျက်နှာက တည်တည်တံ့တံ့ မြဲနေခဲ့လျက် ..၊

"ဟုတ်လို့လား .. ကိုယ်ကတော့ မင်းကိုမသွားရဘူးပြောလိုက်လို့ ကိုယ့်ကို စိတ်ဆိုးနေတယ်ပဲထင်တာ .."

"သား .. ကိုကြီးကို ဘယ်တုန်းကမှ စိတ်မဆိုးခဲ့ဘူး .."

"စိတ်မဆိုးခဲ့ဘူးဆိုတာက အတိတ်၊ ပစ္စုပ္ပန်နဲ့မဆိုင်သေးဘူး .."

"ခုလည်း ဒီတိုင်းပဲ .."



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို မျက်လုံးထဲမှာ ဘယ်အိုင်က လျှံလာတဲ့ ရေတွေလဲ .."

"သားမှာ .."

ကိုယ့်မျက်ရည်ကို သတိမေ့ကာ မြဲစေ ပြောလိုက်မှ မျက်တောင်တဖျတ်ဖျတ်ခတ်၍ ခေါင်းလေးငုံ့သွား၏။ ပြီးတော့ သူ သတိပေးလိုက်မှ ငိုချင်သွားကာ မျက်ရည်ကို ဖျောက်ဖျက်ဖို့ကြိုးစားတာမရတော့ဘဲ သူ့ရှေ့ကနေ ထွက်ပြေးဖို့ ခြေလှမ်းပြင်လိုက်၏။

မြဲစေ က သူမ ပခုံးလေးနှစ်ဖက်ကို ဖျတ်ခနဲဆွဲလှည့်ယူကာ ..၊

"ဘယ်မှာ သွားငိုမလို့လဲ .."

"ကိုကြီးကလည်း ကိုကြီးကို စိတ်ဆိုးလို့မဟုတ်ပါဘူးဆို .."

"မင်းဟာ စိတ်မဆိုးဘူးဆိုပြီး မျက်ရည်တွေနဲ့ တိုက်ခိုက်နေတာပဲ.."

"အဲ့လိုမဟုတ်ပါဘူး .. သား ငိုချင်လို့ .."

"ငိုချင်လို့ ငိုတယ် .. ဒီလိုလား .."

"ထိန်းတော့ ထိန်းထားတာပဲ ကိုကြီးရယ် .. မျက်ရည်က ကျကျလာတာ သား ဘာလုပ်ရမလဲ .."

"ကိုယ်သုတ်ပေးမယ် .."

သူမ တစ်ကိုယ်လုံးကို ပွေ့ပိုက်ထားလိုက်ပြီး ဆံနွယ်ရှည်တို့ကို နမ်းမိသည်။ ပြီးမှ နဖူးပြေပြေလေးကစ၍ သူမရဲ့ မျက်နှာလေးပေါ်မှာ သူ့အနမ်းတွေနဲ့ မျက်ရည်တို့ကိုခြောက်သွေ့စေခဲ့ပြီး ..၊

"မင်းအတွက် ကိုယ် မွေးနေ့လက်ဆောင်ဝယ်လာတယ် .."

"မွေးနေ့လက်ဆောင် .."

လက်ဆောင်သံကြားလိုက်ပြီး ဝမ်းမြောက်ဝမ်းသာဖြစ်သွားသည့် မျက်နှာမျိုး ရွှေထုပ်လေး မှာ မဖြစ်ခဲ့ဘဲ သူ့မျက်နှာကို မော့ငေးနေခဲ့၏။

သူမ တစ်ခုခုပြောချင်နေသည်မှန်းသိပေမယ့် မြဲစေ က မသိသလိုနေကာ အညိုရောင် ကတ္တီပါကြီးတစ်ပုံးကို သွားသယ်လာခဲ့၏။ ပြီးတော့ ..

"ရတနာပစ္စည်းတွေဆို မင်းမမက်မောဘူးဆိုတာ ကိုယ်သိတာပေါ့ .. ဒီမှာလာကြည့် .."

သူကိုယ်တိုင်ပဲ အပေါက်လေးတွေပါသည့် ကတ္တီပါပုံးကို သေချာဖွင့်ပြလိုက်လျှင် ..၊





"ဟယ် .. ခွေးလေး .. ဟုတ်တယ်နော် .. ခွေးလေးမို့လားဟင် .."

ရွှေထုပ်လေး ထခုန်မတတ် လှုပ်ရှားသွားလျှင် မြဲစေ က ပြုံးလိုက်ပြီး ..

"ဟုတ်တယ် .. 'ပိုမာရိန်းနယား' မျိုးလေ .."

"ချစ်စရာလေး .."

သူ ထုတ်မပေးသေးခင် ရွှေထုပ်လေး က အတင်းပွေ့ချီလိုက်၏။ နှုတ်သီးသေးသေးချွန်ချွန်လေးနှင့် မျက်လုံးလေးတွေက ဝိုင်းစက်လက်တောက်နေလေသည်။

ရွှေရောင်နှင့် မယော်ဂနီရောင်ရောကာ တလက်လက်ပြောင်နေသော အမွေးလေးတွေက ရှည်လျားထောင်ကားနေကြ၏။ ရုတ်တရက်ဆို နှုတ်သီးနဲ့ မျက်လုံးလေးပဲ မြင်နေရကာ ကိုယ်ခန္ဓာပါပျောက်နေတော့သည်။

"အရုပ်လေးကျနေတာပဲနော် .. ကြည့်ပါဦး၊ သူ .. သူ သားကို နမ်းနေတယ်၊ ကြည့်လိုက်တာလည်း စိမ်းနေတာပဲ .."

"သူ့သခင်မဖြစ်မယ့်သူမှန်းသိလို့ မှတ်နေတာဖြစ်မှာပေါ့ ..၊ မနက်ဖြန် သူ့ကို ထရိန်နင်ပေးဖို့ ခွေးထရိန်နာလာလိမ့်မယ် .."

"အို .. ဘာလုပ်ဖို့လဲ ကိုကြီးကလည်း ဒီသေးသေးလေးကို သား ထိန်းနိုင်ပါတယ် .."

"ဒါပေမယ့် တစ်လလောက်တော့ ထရိန်နာလိုတယ်ကွ ..၊ သူ့ကျန်းမာရေးနဲ့ အစားအသောက် ဘယ်လိုဂရုစိုက်ပေးရတယ်ဆိုတာကို သူ လုပ်ပြမှ မင်းသိမှာ၊ မဟုတ်ရင် သိန်းလေးဆယ်က တစ်လလောက်နဲ့ ပလုံသွားလိမ့်မယ် .."

"ဟင် .. သိန်းလေးဆယ်တောင် ..၁"

"ဟုတ်တယ် .. မင်းရယ်အောင် ဘယ်လိုလုပ်ရမလဲ စဉ်းစားရတာ သိန်းလေးဆယ်ထက်မကဘူး ..၊ နောက်ထပ်ပြီး ဒီကောင်ရှောသွားရင် ဘာ့စရာဆေးမရှိတော့ဘူးဖြစ်သွားမှာ၊ အဲဒါကြောင့် ခွေးထရိန်နာက လိုအပ်လိုတာ .."

"ကိုကြီးက သားကို ချစ်သလိုပဲနော် .."

"ဘာ .."

"မဟုတ်ပါဘူး .. ကိုကြီးက တစ်ခါမှ ချစ်တယ်လို့မပြောခဲ့ဘဲနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဂရုစိုက်လာတာတွေလည်းရှိတော့ ..”

“မင်းကို မချစ်ဘူးလို့ရော တွေးမိသေးလား ..”

“နည်းနည်းတော့ တွေးမိတယ် ..”

“မတွေးမိပါဘူးလို့ ပြောလိုက်ရင် မရဘူးလား ..”

“တွေးမိလို့ တွေးမိတာကိုပြောတာလေ၊ အဲဒါကို ကိုကြီးက ချစ်တယ်လို့မပြောတဲ့အတွက် လျှောက်တွေးမိလာတဲ့ အကျိုးတရားတွေပေါ့ ..”

မြစေ က သူမ နဖူးလေးကို လက်ဖဝါးနဲ့မနာအောင် တွန်းပစ်လိုက်ပြီးပြုံး၍ ...

“ဒါကျတော့ လည်တယ်နော် ..”

“ကိုကြီး ..”

“ပြော ..”

“သားက ကိုကြီးဆီက မွေးနေ့လက်ဆောင်တောင်းမလို့ ..”

“မင်းတောင်းမှာကို မပေးနိုင်လို့ ကိုယ်ပေးနိုင်တာအရင်ဝယ်ပေးလိုက်တာ ..”

ဒါကျတော့ သူပဲစကားဖြတ်၍ လှည့်ထွက်သွား၏။ မနက်ဖြန်ဘွားလေးကို တိကျတဲ့အဖြေပေးရတော့မှာမို့ ရွှေထုပ်လေး ကလည်း ခွေးလေးကိုပိုက်ထားရင်း နောက်ကလိုက်သွားမိကာ ..၊

“ကိုကြီး ..”

“ဘာလဲ .. ကိုယ် ထမင်းစားမလို့ ..”

“သားနဲ့ အတူတူစားမယ်လေ၊ ခဏလေးပါ .. ကိုကြီးကိုပြောစရာရှိလို့ ..”

မြစေ သူမဘက်ကိုပြန်လှည့်ရပ်လိုက်ပြီး ..၊

“မွေးနေ့လက်ဆောင်ဆိုတာ တောင်းယူရတာမဟုတ်ဘူး ..”

“ဒါပေမယ့် ကိုယ့်ကိုချစ်တဲ့မိသားစုတွေကတော့ ‘ဘာလိုချင်သလဲ’ လို့မေးကြတာပဲဥစ္စာ ..”

“ငါက မင်း ယောကျ်ား ..”

“ဘာပဲဖြစ်ဖြစ် မိသားစုပဲဟာ ..”

မြစေ က သူမကိုစူးစိုက်ကြည့်၍ ..၊

“ကဲ .. ပြော ..”





ရွှေထုပ်လေး ဖျတ်ခနဲမျက်လွှာချ၏။ ပိုမာလေးကို ကျောသေသပ်နေပြီးမှ ပြန်မော့ကြည့်ကာ ...

“မနက်ဖြန် ဘွားတို့ဆီကို သား ခဏလေးသွားပါရစေ –”

“အဲ့ဒီခဏလေးကစပြီး အမြဲတမ်း ပတ်သက်ဖို့တွေဖြစ်သွားမှာကိုယ် လုံးဝခွင့်မပြုဘူး ..”

မြစေ မျက်နှာပေါ်က နူးညံ့လိုက်လျောချင်နေသည့်အပြုံးတွေ အကြည့်တွေအားလုံး ပျောက်ဆုံးသွားခဲ့ပြီး ...

“တစ်ခုတော့ ပြောစရာရှိတယ် ..”

သူမရှေ့မှာပဲ ခပ်နွဲ့နွဲ့ခါးထောက်လိုက်ကာ ..၊

“မင်း သိပ်သွားချင်နေရင် ငါ့ဘက်က စည်းသုံးတန်တားမယ်၊ မင်းလိုက်နာနိုင်ရင်ပေါ့ ..”

“စည်းသုံးတန် ..”

“ဟုတ်တယ် .. နံပါတ် တစ် ညဥ့်နက်အောင်မနေရဘူး၊ နံပါတ်နှစ် အမွေအနှစ်ဆိုတာမပြောနဲ့၊ ငါ့မြေးဆိုတဲ့အမှတ်နဲ့ စားစရာတစ်ခုခုပါးစပ်ထဲ လာခွံ့ကျွေးရင်တောင် မင်း၊ မစားရဘူး ..”

နံပါတ်စဥ်တွေကိုနားထောင်ရင်း ရွှေထုပ်လေး ရဲ့ မျက်နှာမှာ သွေးဆုတ်ဖြူရော်သွားခဲ့၏။

“နံပါတ်သုံး ..”

မြစေ က လက်သုံးချောင်းထောင်ပြလိုက်ပြီးမှ ..၊

“နောက်ထပ် ငါမသိတဲ့ လုံးဝမဆက်သွယ်ရဘူး၊ လိုရင်းက ဖုန်းကွန်တက်(တ်)လုံးဝမလုပ်ရဘူး ..”

ရွှေထုပ်လေး ခေါင်းမညိတ်နိုင်သလို ခေါင်းလည်းမခါနိုင်ခဲ့ပေ။ မျက်ဝန်းမှာ မျက်ရည်တွေကသာ ပြည့်ပြည့်သိပ်သိပ်ဖြစ်လာခဲ့လျက် ..၊

သူသာလျှင် ကိုယ့်ဘဝရဲ့ ရှင်ဘုရင်လေး ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၈)

"မြေးရော .. ငါ့မြေးလေ .."

"ဟို .. ဟိုမှာ .."

"အို .. မြန်မြန်ပြောစမ်းပါ၊ ဘာဖြစ်လို့ အထစ် .. အထစ်လုပ်နေတာလဲ .."

စာဥ နဲ့ မယ်နီ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကြရင်း ဘယ်လိုမှ ရှေ့ဆက်မပြောနိုင်ဘဲဖြစ်နေကြ၏။ ညှော်ခံပွဲက မြို့ထဲမှာ အကြီးအကျယ်လုပ်တာမျိုးမဟုတ်ပေ။

အပြင်ဧည့်သည်အနည်းငယ်သာပါကာ၊ ထိုထဲမှာမှ အစိကက တိုင်းတရားရုံးရှေ့နေတွေနှင့် သက်သေလူကြီးများပဲဖြစ်သည်။

ဒါပေမယ့် အိမ်ကအလုပ်သမားထုနှင့်ပေါင်းလိုက်တော့ စံအိမ်ကြီးရဲ့ ဘေးတွဲကပေါ်လ်ကြီးထဲမှာ စားပွဲခင်းထားသမျှအပြည့်၊ လူလည်း အပြည့်။

ပြီးတော့ စံအိမ်ကြီးထဲမှာပေမယ့် ခေတ်မီစွာပြင်ဆင်ထားတာရို့ မိုးချုပ်စမှာပဲ ရောင်စုံမီးတွေနှင့် လှပစိုပြည်နေ၏။

ပရိသတ်ကလည်း လာစေချင်သမျှ မိတ်ဆွေသင်္ဂဟတို့စုံနေပြီ။ ဖြစ်စေချင်သည့် အမွေကိစ္စအတွက် စီစဉ်ဆောင်ရွက်ပေးကြမည့် ရှေ့နေနဲ့ လူကြီးတွေလည်း အဆင်သင့်ဖြစ်နေကြပြီဖြစ်၏။

ဒေါ်နှံ့သာမွှေး မြေးကို ပြန်ရှာကာမှ ဘယ်မှာမှမတွေ့တော့ စိုးရိမ်စိတ်တို့ စတင်ဖိစီးစပြုလာခဲ့ပြီး ...၊





"မြေးလေး ခုနက နင်တို့နဲ့စကားပြောနေသေးတယ်မို့လား .."

"ဟုတ်ကဲ့ မမကြီး .. အဲဒါ .. ဟိုလေ .."

သူတို့မျက်နှာတွေ စိုးရိမ်ကြောက်လန့်ခြင်းကြောင့် ဖျော့တွင်းနေကြစဉ် ဒေါ်ခတ္တာ အနားရောက်လာပြီး ...

"မမကြီး .."

"ဟင် .. ဟဲ့ .. ငါ့မြေးရော .."

"ရွှေထုပ်လေး ပြန်သွားပြီ မမကြီး .."

"ဘာ .. ဘာပြောတယ် .."

ဒီက လူစုရဲ့အခြေအနေကို လှမ်းမြင်ကာ ဦးဆွေ လည်းရောက်လာ၏။

"မမကြီး ဘာဖြစ်လို့လဲ .."

"ကလေး ပြန်သွားလို့ .."

ဒေါ်ခတ္တာ တ ဝင်ဖြေပေးလိုက်ကာ၊ ဒေါ်နှံ့သာမွှေး ကို ပြန်လှည့်ကြည့်၍...၊

"သူ့ခမျာလည်း သူစိမ်းဖက်နေပြီဆိုတော့ မမကြီးရယ် .. ဟို .. ကလေးကိုတော့ .."

"ငါ့မြေးကို ငါ့ရင်ခွင်ထဲက ဆွဲထုတ်သွားတာအားမရလို့ .. သင်းက..."

"ပညာပြနေတာမဟုတ်ဘူး မမကြီး .. အဲ့ဒါ အတ္တကြီးဆိပ်တက်နေတဲ့ မာနပဲ .."

ဦးဆွေ က ဝင်ပြောပြီး ဝိုင်းဖွဲ့စကားပြောရင်း ရယ်မောနေကြသည့် ရှေ့နေကြီးတွေဆီလှည့်ကြည့်လိုက်သည်။

လူကြီးတွေအားလုံးက ရွှေထုပ်လေး ကို အမွေလွှဲပေးဖို့ကိစ္စအတွက် စောင့်ဆိုင်းနေကြပြီ ...၊

"အားလုံးစီစဉ်ပြီးနေကာမှ လူကြီးတွေကို အားနာစရာကောင်းတယ်၊ ကလေးဆီကို ကျွန်တော် ဖုန်းဆက်ကြည့်မယ် .."

"တောက် .."

ဒေါ်နှံ့သာမွှေး တားလည်းမတားနိုင် ...။ ဒေါသတွေလည်းတငွေ့ငွေ့ လိပ်တက်နေရလျက် တက်ခေါက်ရင်း မျက်လုံးတွေက မီးစင်းဝင်းတောက်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီသတ္တဝါလေး ဘာဖြစ်လို့ ဒီလောက်တောင် မာနကြီးနေရတာလဲ ..။

မွေးနေ့ပွဲကို မြေးတစ်ယောက်တည်းရောက်လာတည်းက သူမ နားလည်လိုက်သည်။ ပြီးတော့ ညှေ့ခံပွဲမှာထိုင်နေပေမယ့် မြေးလေး ဘယ်မှာရှင်ရှင်ပျပျရှိလို့လဲ ..။

ဒီကောင်လေးနဲ့ နေတော့ဆိုပြီး ပစ်ထားလိုက်တည်းက စုမှ ပြန် ပြီး ပြေလည်သင့်မြတ်ကြတာ ..။ ဒါတောင် မြေးလေးရောက်လာခဲ့တာ ဝမ်းပမ်းတသာမရှိ ..။

"ဘာတွေဖြစ်နေကြတာလဲ .."

"အစ်ကို .."

ဦးမြတ်သခင် ၏ မျက်ခုံးထူထူ မေးရိုးကားကားနှင့် ခန့်ညားသော မျက်နှာက ရူးရဲလက်တောက်နေသော မျက်လုံးအစုံကြောင့် ရှုံ့ခြားနေသည်။

အပြင်မှာနေတာထက် အမိဌာန်ဝင်နေသည့်ကာလကပဲ ပိုများနေ သဖြင့် အိမ်တွင်းရေး တော်တော်များများကို ဦးမြတ်သခင် သိပ်မသိပေ။

သို့သော် မေးလိုက်သည့်အကြည့်တွေကတော့ ကြိုသိထားပြီးသည့် မျက်လုံးတွေနဲ့ တူနေသဖြင့် ..၊

"အစ်ကို့မြေးလေး ခု ပြန်သွားပြီတဲ့ အဲဒါ အစ်ကိုသိလား .."

"သိတယ် .."

ဦးမြတ်သခင် က အဖြူရောင်မုတ်ဆိတ်တစ်ချို့ကို လက်ညှိုးလက်မ တို့နှင့်သပ်၍ သက်ပြင်းချရင်း ..၊

"မင်းလည်း ကျုပ် ဒီလောက် ဆုံးမနားချနေတာတောင်မှ အတ္တစွဲ လည်းမကျွတ်၊ ဒေါသတွေလည်း ကြီးနေတုန်းပဲကိုး .."

"မဟုတ်ပါဘူး အစ်ကိုရယ် .. ကျွန်မ ပစ်ထားခဲ့မိပါတယ်၊ ဒါပေမယ့် ကျွန်မတို့ပဲ ပြန်ခေါ်ခဲ့တာလေ .. ခေါ်တာကလည်း အမွေလွှဲပေးဖို့ကိစ္စပဲ .."

"ရဖို့ရှိရင်တော့ ပြေးလွှားရောက်လာမှာပဲလို့ထင်ပြီး ထင်သလို မဖြစ်လို့ မင်း ဒေါသထွက်နေတာပေါ့ .."

အစ်ကိုကတော့ ဟုတ်မှပေါ့ ..။

ဖွင့်မပြောရဲပေမယ့် ရင်ထဲက နာကျင်သံတွေကိုတော့ ကိုယ့်ဘာသာ ကြားလိုက်မိ၏။ တရားနဲ့နေလာတဲ့သူက တရားနဲ့ဖြေနိုင်လိမ့်မည်။





သူမအတွက်ကတော့ ငါ့သွေး၊ ငါ့မြေးဆိုသည့် အတ္တသောဘာစိတ် တွေနဲ့ စည်းစိမ်ဥစ္စာပေါ်မှာလည်း တဏှာမကင်းနိုင် ..။

"မွေး .."

"ရှင် .."

တွေးနေပေမယ့် ခေါ်တော့လည်း မဆိုင်းမတွထူးလိုက်ရ၏။ ဦးမြတ်သခင် က ဇနီးဖြစ်သူကိုကြည့်၍ ...

"မင်းကို ကျုပ်က အပြစ်တင်နေတာမဟုတ်ဘူး .."

ဒေါ်နှံ့သာမွေး ၏ စိတ်အတွေးတွေကို သိနေသည့်နှယ် ..။

"စိတ်တစ်ခုကို ထိန်းချုပ်ဖို့ဆိုတာ ကိုယ့်ကိုယ်ကိုယ်တောင် မလွယ် တာ၊ သူများရဲ့စိတ်ကို မင်းဘယ်လိုလုပ်ဖတ်နိုင်မှာလဲ .."

"ကျွန်မလည်း သူ့ကို စိတ်ဝင်စားလွန်းလို့ မဟုတ်ဘူးအစ်ကို၊ သွေးသားသံယောဇဉ်ဆိုတာကို သင်းက ခုတ်ဖြတ်ဖို့ကြိုးစားနေတာ.."

"မင်းကစပြီး ခုတ်ဖြတ်ခဲ့တာပဲ .."

"မိဘတိုင်းရဲ့ စေတနာက ခေတ်အဆက်ဆက် ဒီတိုင်းပဲလေ ..၊ ဘာများပြောင်းလဲခဲ့လို့လဲ .."

"သားသမီးတွေက နားလည်တတ်ကြပြီဆိုတဲ့ခေတ်ရော မင်းကြား ဖူးလို့လား၊ ငွေဆိုတာ သည်းခြေကြိုက်တာမှန်တယ်၊ ဒါပေမယ့် လူတိုင်း တော့ မဟုတ်နိုင်ဘူးကွ ..၊ တစ်ချို့တစ်လေဆိုရင် သူတို့ရဲ့ ခံစားရပုံတွေ နင့်သီးလွန်းလို့ ငွေကြေးစည်းစိမ်ကိုတောင် မုန်းနေကြတာတွေရှိတယ် .."

"စိတ်ကူးယဉ်ထဲက ထွက်လာတဲ့စကားတွေပါ .."

"ဒါဖြင့် အခု မင်းဒေါသထွက်နေတာ စိတ်ကူးယဉ်ပြီးတော့လား"

ဒေါ်နှံ့သာမွေး ၏ သည်းမခံနိုင်တော့ခြင်းက ဆတ်ခနဲကြည့်လိုက် ခြင်းသို့ရောက်ကာ ..၊

"အစ်ကိုက ကျွန်မကိုပဲ တရားမသိ ဓားမကြည့်လို့ပြောချင်တာ လား ..၊ ကျွန်မ ဒေါသထွက်နေတာက ပေးတာကိုတောင် မယူဘဲ ခေါင်းမာ တွေပြနေလို့ ကရုဏာစိတ်နဲ့ဖြစ်တဲ့ ဒေါသပါ .."

ဦးမြတ်သခင် က သက်ပြင်းချပြန်ကာ ..၊

"ကျုပ်ပြောနေတာကလည်း မင်း ဖြေသိမ့်နိုင်ဖို့ပါ၊ ဘုရားရှင်ဟော

www.burmeseclassic.com



ခဲ့တဲ့ တရားတော်မှာ ဒေါသထွက်ရခြင်းအကြောင်းတွေမပါဘူး၊ ဒေါသကိုပယ်ဖို့ပဲ ..၊ ပုထုဇဉ်ဖြစ်တဲ့အတွက် မပယ်နိုင်တာကိုထား၊ ဒါ မကောင်းဘူးဆိုတဲ့အသိစိတ်လေးကို မလွှတ်အောင် သတိထားရမှာပေါ့ ..၊ လူဖြစ်နေတဲ့အတွက် ဆင်ခြင်တုံတရားဆိုတာရှိကိုရှိရမယ်၊ မဟုတ်ရင် ကျုပ်တို့က တိရစ္ဆာန်နဲ့ ဘာကွာတော့မှာလဲ .."

ဦးမြတ်သခင် က ဖုန်းပြောပြီး ပြန်လျှောက်လာသည့် ဦးဝေဠု ကိုလည်း လှမ်းကြည့်သည်။ ပြီးမှ ပြန်လှည့်ကာ ...

"ကျုပ်တို့က မြေးကိုချစ်ခင်တွယ်တာပြီး ကိုယ့်ကိုယ်ကိုယ်တောင် မထင်မှတ်လောက်တဲ့ ခွင့်လွှတ်လိုက်လျောမှုတွေပေးခဲ့ရပြီးပြီ၊ ဟိုတစ်ယောက်ကျမှ ချန်လှပ်ခွဲခြားနေတာမှန်ပါ့မလား .."

လင်မယားနှစ်ယောက် မျက်လုံးချင်းဆုံသွားကြ၏။

"မင်း အဲဒါလေးတစ်ချက်ကို လိုက်လျောဖို့ကြိုးစားနိုင်ရင် ခက်ခဲပေမယ့် အားလုံးအေးချမ်းသွားမှာပါ .."

ဒေါ်နို့သာမွှေး မျက်နှာမှာ ညှို့သက်မှုတစ်စုံတစ်ရာ ရှိမနေပေမယ့် ခုခံငြင်းဆန်ခြင်းတော့မရှိ ..။

ထိုစဉ် ဦးဝေဠု ပြန်ရောက်လာကာ ...

"ကျွန်တော် ဖုန်းခေါ်တာ သုံးခါမကိုင်ဘူး၊ လေးခါကျမှ ကလေးပြန်ဖြေတယ် .."

"ဟင် .. မကိုင်ဘူးဟုတ်လား .."

ဖြစ်သွားခဲ့သည့် နောက်ထပ်ဒေါသထွက်စရာတစ်ခု ..၊

"ပြောစမ်းပါဦး .. ကိုင်တော့ ဘာတဲ့လဲ .."

ဦးဝေဠု မျက်နှာမကောင်းတာကိုမြင်တည်းက တုံ့ပြန်ချက်မကောင်းခဲ့ဘူးဆိုတာကိုတော့ တွေးမိသည်။ ဒါပေမယ့် ..၊

"နောက်ထပ် ဖုန်းမဆက်ပါနဲ့တဲ့ .."

"ဘာ .."





အခန်း (၃၉)

"မင်း ဘာပြောလိုက်သလဲ .."

"ဖုန်းမဆက်ပါနဲ့လို့ပြောလိုက်တယ်၊ ကိုကြီး အဲ့ဒီလိုပြောစေချင်တာမို့လား .."

"ဟား .. ဟား .. ဟား .."

ဒီလို ဟက်ဟက်ပက်ပက်မရယ်ခဲ့တာကြာပါပြီ။ ဒီနေ့ ရယ်ဖြစ်လိမ့်မည်လို့လည်း မထင်ခဲ့ပေ။ သူ ရယ်နေတာကို ရွှေထုပ်လေး ငေးစိုက်ကြည့်ခဲ့သည့် မျက်ဝန်းတွေထဲမှာ နာကျင်မှုတွေရှိနေမည်မှန်းမသိခဲ့တာကတော့ အဆိုးရွားဆုံးပဲဖြစ်ကာ ..၊

"ကောင်းတာပေါ့ .. မင်းရဲ့ ရွှေစံအိမ်ကြီးက ရွှေသခင်တွေ ခုဆိုအားလုံးနားလည်နေလောက်ပြီ၊ မြဲစေ ဘယ်လိုလူလဲဆိုတာ .."

"သားလည်း အခု နားလည်သွားပါပြီ .."

"ဘာ .."

"သား .. ကိုကြီးနဲ့ မနေတော့ဘူး .."

"ဘာပြောတယ် .. ဟေ့ .."

သူမလေး ချာခနဲလှည့်ထွက်သွားတိုင်း နွဲ့ခါသွားတတ်သည့် ဆံနွယ်တို့က လူကို နှုတ်ဆက်သွားတာလား .. လှောင်ရယ်သွားသည်လား မသိ။



www.burmeseclassic.com

www.burmeseclassic.com



ပြန်လှည့်မကြည့်ဘဲ ထွက်သွားတော့ စိတ်တိုမိခြင်းက ပိုကဲလျက်…၊

"မြသား .. မင်းကို ငါခေါ်နေတာ .. ခု ရပ်နေစမ်း .."

လှမ်းပြောမိရင်း လက်ကပါ ဆွဲလိုက်မိ၏။ သို့သော် .. သူဆုပ်ကိုင်လိုက်မိတာ မြသား ရဲ့ လက်မဟုတ် …၊

ဟင် …၊

မျက်လုံးတွေ ပွင့်သွားတော့ ညဥ့်၏ တိတ်ဆိတ်ခြင်းနှင့် အပြာရောင်ညအိပ်မီးလေးက သူ့ အိပ်မက်မက်နေမှန်းဖော်ပြနေကြ၏။

မြသား ဘယ်ရောက်သွားလဲ …၊

မြသား ဘက်က အိပ်ခင်းကို သူ ဖိဆုပ်ထားမိဆဲရှိကာ လက်ကိုလွှတ်၍ ငုတ်တုတ်ထထိုင်လိုက်မိသည်။ အိပ်ရာထဲမှာ မြသား မရှိပေ။

ညက မွေးနေ့ကို သူကိုယ်တိုင်လိုက်ပို့ပြီး သူပဲ ပြန်စောင့်ခေါ်လာခဲ့သည်။ သိပ်မကြာခင် စံအိမ်က ဖုန်းလာတော့လည်း မြသား ကို သတိပေးသလိုကြည့်ပြီးမှ သူ ထွက်လာခဲ့၏။

သူ့သဘောထားကိုပြောပြီးသားမို့ သူမ ဒါကိုလွန်ဆန်ပြီး ဘာမှလုပ်မှာမဟုတ်ပေ။

ထို့ပြင် မွေးနေ့ကပြန်လာပြီး အလုပ်စားပွဲမှာထိုင်ကာ ကိုယ့်အလုပ်နဲ့ကိုယ် ရှုပ်နေပေမယ့် သူမ အခန်းအောင်းသွားပြီး လုံးဝပြန်ထွက်မလာတော့တည်းက ငိုနေပြီဆိုတာလည်း သိနေခဲ့၏။

သူမ တကယ်ပဲ သူ့အိပ်မက်ထဲကအတိုင်း နာကျင်စွာခံစားနေရပြီလား …။

စိုးရိမ်စိတ်တို့ဖြင့် သူ ခြေလှမ်းတွေကျဲနေခဲ့၏။ ပြီးတော့ ရေချိုးခန်း၊ ရေအိမ်မကျန် အခန်းတွေထဲကို ပြေးလွှားရှာမိသည်။

"မြသား .."

စိတ်ပူလာတာနဲ့အမျှ ခပ်တိုးတိုးခေါ်ကြည့်မိပြန်ကာ ဝရန်တာကိုသတိရပြီး အောက်ထပ်ကို လှေကားတစ်ထပ်လောက်ထိဆင်းပြီးမှ ပြန်ပြေးတက်ခဲ့၏။





ဒါပေမယ့် ဝရန်တာမှာလည်းမရှိ …။

သူမ တကယ် ထွက်သွားပြီလား …၊

ဘယ်လိုမှ လက်မခံနိုင်ခြင်းကြောင့် ဒေါသစိတ်ပါ ဒွန်တွဲပါလျက်အခန်းထဲပြန်ဝင်ခဲ့မိသည်။ ညဝတ်အင်္ကျီလဲပြီး အပြင်ထွက်ရှာဖို့ စိတ်စောစွာရှိနေစဉ် …၊

"ဟင် .. မြသား .."

အဝတ်ဗီရိုကိုဖွင့်ဖို့ လက်လှမ်းလိုက်စဉ် ရွှေထုပ်လေး က အဝတ်လဲသည့် ကန့်လန့်ကာနောက်ကနေ ထွက်လာ၏။

သူမ မျက်နှာလေးတစ်ပြင်လုံး နီရဲနေကာ၊ မျက်ခွံလေးတွေလည်းမို့အစ်နေ၏။ ပြီးတော့ သူ့ကို မြင်လိုက်တိုင်း ခံစားချက်ဟူသမျှကိုအနိုင်ယူကျော်ဖြတ်ပြီး ပြုံးပြနေကျမျက်နှာလေးက မြေပြေပြစ်ခြစ်တော့ရှိပေမယ့် အပြုံးအရယ်ကင်းမဲ့နေခဲ့၏။

"မြသား .. မင်း ဒီထဲမှာရှိနေတာလား .."

"ဟုတ် .."

"ဘာလုပ်နေတာလဲ .."

"ငိုနေတာ .."

သူ့ အိပ်ပျော်သွားတာ နှစ်နာရီလောက်ပဲရှိလိမ့်ဦးမည်။ ဒါပေမယ့်နှစ်နာရီလောက် ဒီထဲမှာဝင်ငိုနေတယ်ဆိုတာ နည်းတဲ့အချိန်လား …၊

"ဘာဖြစ်လို့လဲ ကိုကြီး၊ သားက ကိုကြီး နိုးသွားမှာစိုးလို့ပါ .. ပြီးတော့ .."

"ပြီးတော့ .. ဘာဖြစ်လဲ .."

"သားကိုယ်သား သေချာချင်လို့ .."

"ဘာ .."

ရွှေထုပ်လေး က မျက်ရည်ပြည့်လျှံနေသော မျက်ဝန်းလေးတွေနဲ့ သူ့ကို သနားခံသလိုမော့ကြည့်သည်။ အပြာရောင် မီးပွင့်လေးရဲ့ အလင်းရောင်က မှုန်ပျပျပေမယ့် မျက်ရည်တွေ တလက်လက်လျှပ်ခတ်နေတာ



www.burmeseclassic.com

www.burmeseclassic.com



ကို ဒီတိုင်းမြင်နေရသည်။

ထို့ပြင် သူမ ဝတ်ထားသည့် အဖြူရောင်ညဝတ်ဂါဝန်လက်ပြတ်လေးက အမှောင်ထဲမှာ မွှေးထင်းနေ၏။

"ပြောလေ မြသား ..၊ မင်းကို ကိုယ်အစတည်းက ပြောထားပြီးသား၊ ဘာဖြစ်ဖြစ် ရင်ထဲမှာ ထားစရာမလိုဘူး၊ အတွင်းစိတ်တစ်မျိုး အပြင်တစ်မျိုးနဲ့ ဆက်ဆံတာ အကြီးမားဆုံး မရိုးသားမှုပဲ .."

"ကိုကြီးပြောတော့ .. သားက တုံးတစ်ရိုးအလွန်းတယ်ဆို၊ လူမှန်ရင် မျိုးသိပ်နိုင်ရမယ် .. ဟန်ဆောင်တတ်ရတယ်ဆို .."

သူ့ခဏာတော့ ဆွံ့အသွားမိကာ ..၊

"အဲဒါကြောင့် မင်းက ငါ့ကျမှ ဒီပညာတွေနဲ့ တိုက်ခိုက်တာလား.."

"မဟုတ်ပါဘူး၊ ခုချိန်ထိ ကိုကြီးအပေါ်မှာ သား ဟန်ဆောင်ဆက်ဆံခဲ့တာ ဘာမှမရှိဘူး၊ ကိုကြီးနဲ့ပတ်သက်ပြီး မကျေနပ်တာ ဘာမှလည်း ရင်ထဲမှာ မထားဘူး၊ အဲဒါကြောင့် အခုပဲပြောတော့မလို့ ကိုယ့်ကိုယ်ကိုယ် သေချာမှထွက်လာခဲ့တာ .."

"ဘာကိုလဲ .."

"သား .."

ရွှေထုပ်လေး မျက်တောင်ဖျားလေးတွေ ပြန်လည်စိုက်ကျသွား၏။ ထိုအခါ မျက်ရည်စက်တို့ ပိုးပိုးပေါက်ပေါက်လိမ့်ဆင်းသွားကြ၏။ ပြီးမှ ဒီတိုင်း ခေါင်းလေးငုံ့ကာ ...

"ဘွားလေးတို့ဆီကို သား ပြန်တော့မယ် .."

"ဘာပြောတယ် .."

သူ့ တစ်ကိုယ်လုံး မီးဟပ်ခံလိုက်ရသလို ပူလောင်သွား၏။ သူမ ပခုံးလေးနှစ်ဖက်ကိုပါ ဆုပ်ကိုင်ဆွဲယူလိုက်မိလျက် ..၊

ရွှေထုပ်လေး ၏ ဝမ်းပမ်းတနည်းရှိုက်သံတွေလည်း တစ်ကနေ ပြန်စလာခဲ့ပြီး သူ့လက်ထဲကနေ ပြန်ရုန်းထွက်ဖို့ကြိုးစားရင်း ..၊

"သားကို အဲ့လောက်ထိ အသုံးချရရင် ကျေနပ်ပါနေတော့ ..၊





ကိုကြီးက ဘွားလေးတို့ကို စိတ်နာတိုင်း သားကို တည်ကြက်လုပ်ပြီး-"

"မင်း တော်တော့ .."

"ဟင့်အင်း .. သားပြောမှဖြစ်မယ်၊ ပြောခဲ့ပြီးမှ သားသွားမှာ .."

"ဘယ်သူ့ခွင့်ပြုချက်နဲ့လဲ .."

"ကိုကြီး ခွင့်ပြုမှဖြစ်မှာပါ ..၊ ဒါပေမယ့် ခွင့်ပြုပြုမပြုပြု သား ဒီထက်ငိုဖို့လည်း အင်အားမရှိတော့ဘူး .."

ပြောရင်း သူ့လက်တွေကို အတင်းဖယ်ချပေမယ့် မြဲစေ က နည်းနည်းလေးမှ မလျှော့ ..။

"ဒီနေ့ သား နားလည်သွားပြီ၊ ဘွားလေးတို့က သားရဲ့မွေးနေ့ကို သေချာခင်းကျင်းပြင်ဆင်ပေးပြီး စောင့်နေတယ်၊ သားက ရောက်အောင်သွားပြီး ရင်ဘတ်ကိုခြေစုံကန်ထွက်လာခဲ့တယ်၊ တကယ်ဆို မသွားရဘူးလို့ပြောခဲ့ရင်တောင် သား ကိုကြီးစကားကို နားထောင်မှာပါ .."

စကားသံတို့က ရှိုက်သံများနှင့် လုံးထွေးရှုပ်တစ်ချို့ကဲ မပီသ ..။

"ဘွားလေးတို့လည်း မွေးနေ့ပွဲကြီးနဲ့ အရှက်တကွဲဖြစ်ကျန်ခဲ့မှာမဟုတ်ဘူး၊ ခုတော့ .. ကိုကြီးက ဒီလိုဖြစ်အောင်တမင်လုပ်ခဲ့တာ၊ ဘွားလေးတို့က အမွေလွှဲပေးမယ်ဆိုလို့ ကိုကြီး အမွေမမက်ဘူးဆိုတဲ့ မာနတွေပြချင်လို့ တမင်လုပ်တာ၊ အဲဒါတွေကို အစကနေပြန်တွေးကြည့်လိုက်တော့ သားကို လက်ထပ်ခဲ့တာကိုက .."

"မင်း တိတ်စမ်း .."

ပခုံးကိုကိုင်ပြီး ဆောင့်ခါပစ်လိုက်သဖြင့် ရွှေထုပ်လေး ခေါင်းတွေ ခါ မူးမိုက်သွားသည်။ မြဲစေ က သူမရဲ့ မေးဖျားလေးကို စိတ်လိုက်မာန် ပါ ဆွဲမော့ယူလိုက်ပြီး ..၊

"အစက ပြန်တွေးကြည့်လိုက်တော့ မင်း စဉ်းစားသုံးသပ်တာတွေ အားလုံးမှန်နေတယ်ပေါ့ .."

"ဟုတ်တယ် .. သားကို ကိုကြီး နည်းနည်းလေးမှ မေတ္တာမရှိဘဲနဲ့ လက်ထပ်ခဲ့တာ .."

www.burmeseclassic.com



"တောက် .."

"သားက ဖွတ်အတင်းလိုက်ကပ်နေလို့၊ ပြီးတော့ .. ဘွားလေးတို့က ကိုကြီးနဲ့ မာနကို ပုတ်ခတ်စော်ကားလိုက်လို့၊ အဲဒါကြောင့် ကိုကြီးက သားကို .."

"ဟုတ်တယ်ကွာ .. အဲဒါတွေအားလုံးမှန်တယ်၊ နောက်ထပ်လည်း အသုံးချဖို့တွေရှိသေးတော့ မင်းကို ငါ ပြန်ခွင့်မပြုနိုင်ဘူး၊ ရှင်းတယ် နော် .."

"ဟင့်အင်း .."

"မရဘူး .."

သူမ ကိုယ်လေးကို ဆွဲမွေ့လိုက်ကာ မွေ့ရာဆီပြန်လှည့်ခဲ့သည်။ ပြီးတော့ မွေ့ရာထက်သို့ချသိပ်လိုက်ရင်း သူ့ပါး ရောလှဲလိုက်ကာ ..၊

"တော်တော် လူကဲခတ်ကောင်းတဲ့ မိန်းမ .."

ရွှေထုပ်လေး ရဲ့ ကျောအောက်မှာ ရောက်သွားသည့် လက်တစ်ဖက် ကို ပြန်ဆွဲမထုတ်ဘဲ တစ်ဖက်နဲ့ သူမရဲ့ နဖူးဆံစလေးတွေကို ပွတ်သပ် ပေးမိသည်။

ပြီးတော့ ညင်သာစွာနမ်းလိုက်ပြီး မျက်ရည်တွေကို တယုတယ သုတ်ပေးရင်း ..၊

"မင်းမရှိရင် ကိုယ်ဘယ်လိုမှ မနေတတ်တော့ဘူး၊ မင်းကို လာ ထပ်လိုက်တည်းက မင်းနဲ့ကိုယ် နှစ်ယောက်တစ်ဘဝ ထူထောင်ခဲ့ြ တာ၊ ကျန်တာဘာမှမပါဘူး .."

ရွှေထုပ်လေး သူ့ကိုမယုံနိုင်သလို မော့ငေးနေခဲ့၏။ နညက်ဝင်း နေသည့် ပါးပြင်လေးကို ဖွဖွလေးပွတ်သပ်ပေးရင်း မျက်နှာလှလှလေး ငုံ့မိုးကြည့်မိကာ မျက်ဝန်းတို့အတန်ကြာဆွဲငင်နေခဲ့ကြသည်။

"မင်းရဲ့ ဘွားလေးတို့ စော်ကားသွားတာကို ကိုယ်ဒေါသဖြစ်ခဲ့ မှန်တယ်၊ ဒါပေမယ့် တနုံ့နုံ့နာကြည်းနေခဲ့တာမျိုးမဟုတ်ဘူး၊ သူတို့ က မောက်မောက်မာမာစကားတွေထွက်လာတိုင်း ကိုယ်မချေမငံ





ပြောခဲ့တာတွေကလည်း အဲဒါ ရင်ထဲမှာဖြစ်လာတဲ့အတိုင်းပဲ၊ သူတို့ကြောင့် မင်းကို ခုတုံးလုပ်ပြီး ကလဲ့စားချေရတဲ့အထိ ကိုယ့်ရင်ထဲမှာ အုံ့ခွဲခဲ့တာ ဘာမှမရှိဘူး .."

"ကိုကြီးက .."

"အဲ့ဒါ မင်းကြောင့်ပဲ ..၊ ကိုယ်ဖြစ်လာတဲ့ ဒေါသတွေက မင်းဘက် ကို လှည့်လိုက်တဲ့အချိန်မှာ ဘာမှတင်ကျန်မနေခဲ့ဘူး၊ မင်း တွေ့နပ် လောက်တဲ့ သာယာနူးညံ့မှုတွေ ကိုယ်မပေးခဲ့မိတာလည်း မင်း အရမ်း ကို ကလေးဆန်ပြီးဖြူစင်နေလို့ပဲ .."

သူ ပြောတာတွေကို လက်ခံယုံကြည်နေတာလား၊ မယုံကြည်သေး တာလား ဘာမှန်းမသိပေမယ့် ရွှေထုပ်လေး က ဘာမှလည်းမမေး ..။

"ကလေးဆန်တယ်ဆိုတာ ဖြူစင်တဲ့ အဓိပ္ပာယ်ပါပဲ၊ ဒါပေမယ့် အဲဒါကို ကိုယ်မလိုချင်ဘူး၊ ခုပဲ .. မင်း ချက်ချင်းဆုံးဖြတ်ပစ်လိုက်တာ ကိုယ့်ကိုထားခဲ့ဖို့ .."

"ချက်ချင်းမဆုံးဖြတ်ပါဘူး .. သား အစ်ညလုံး ထိုင်တွေးနေတာ ပါ .."

"ဘဝနှစ်ခု ပေါင်းစည်းထားတဲ့ နှောင်ဖွဲ့မှုကို တစ်ညတည်းနဲ့ ပြောင်း လဲဖို့ဆုံးဖြတ်နိုင်တာ မင်း သိပ်ကို ရင့်ကျက်နေပြီလို့ ထင်သလား"

"မရင့်ကျက်ပါဘူး .. ဒါပေမယ့် ကိုကြီးက သားကို .."

"မင်းကြောင့် ကိုယ်တစ်သက်လုံး လှည့်မကြည့်တော့ဘူးလို့ ဆုံး ဖြတ်ခဲ့တဲ့ အတိတ်ထဲကို ပြန်ဝင်ခဲ့တယ်၊ အမေရိကမှာပဲ အခြေချတော့ မလို့ ပြင်ဆင်ခဲ့သမျှအားလုံး မင်းအတွက်နဲ့ပဲ ကိုယ်ပြောင်းလဲပစ်ခဲ့တာ၊ အဲဒါတွေကျတော့ ဘာဖြစ်လို့ မမြင်တာလဲ .."

ရွှေထုပ်လေး မျက်ရည်တွေဝေ့လာတော့ မျက်ဝန်းလေးတွေ မှိတ် သွားအောင် ငုံ့နမ်းလိုက်ပြီး မျက်ရည်စတို့ကို သူ့ပါးပြင်နဲ့ ပွတ်တိုက် သုတ်ပေးမိကာ ..၊

"မင်းရဲ့ ဘွားလေး ကိုယ့်ကို ဒီလောက်ထိ အထင်သေးကဲ့ရဲ့ခဲ့



www.burmeseclassic.com

www.burmeseclassic.com



တာ ကိုယ့်ဘက်က ဒီလောက်တော့ တုံ့ပြန်သင့်တယ်လို့တွက်ခဲ့တာလည်း ကိုယ့်အမှန်တရားနဲ့ကိုယ်ပဲ၊ မွေးနေ့လုပ်ပေးတာ အမွေလွှဲဖို့ကိစ္စပါပါနေတဲ့အတွက် မင်းကိုလွှတ်လိုက်ရင် ကိုယ်က အမွေတွေလိုချင်လို့ ပြေးလွှားရောက်လာတယ်ဖြစ်မယ်၊ မလွှတ်ဘဲနေရင်လည်း မင်း စိတ်ဆင်းရဲမှာ ကိုယ်သိတယ် ..."

ထူးထူးခြားခြား စိတ်ရှည်လက်ရှည်ရှင်းပြနေသည့် မြဲစေ ကို ရွှေထုပ်လေး က အံ့သြသည့်မျက်ဝန်းလေးတွေနှင့် ငေးကြည့်နေ၏။

ပြီးတော့ .. မျက်ဝန်းနှင့် နှုတ်ခမ်းသားလေးတွေမှာ ပြုံးလဲ့သော ကြည်စင်မှုတွေ ခိုတွဲလာခဲ့သည်။

"ကိုယ့်စိတ်ကလည်း မင်းရဲ့ ဘွားလေးတို့ အထင်မြင်သေးနေတဲ့ စက်ကွင်းထဲက လွတ်မြောက်ချင်တယ်၊ မင်းကို ကိုယ် ဖိနှိပ်ဆက်ဆံသလိုဖြစ်ခဲ့တာတွေရော၊ ညက မွေးနေ့ပွဲမှာဖြစ်ပျက်ခဲ့တာတွေထိ ကိုယ့်အမှားတွေရှိရင် ရှိနေလိမ့်မယ်၊ အဲဒါတွေအားလုံးက မင်းထင်သလို တစ်ခုမှမဟုတ်ဘူး ..."

"ဒါဆိုဘာလဲဟင် .."

"ဘာလို့ထင်လဲ .."

"ကိုကြီး ပြောလေ .."

"မင်းကြောင့်ပဲ .."

နှုတ်ခမ်းလေးကို ငုံ့နမ်းလိုက်လျှင် ရွှေထုပ်လေး က မျက်နှာလေးလွှဲရှောင်ပစ်ကာ ...၊

"ကိုကြီးကလည်း ဘယ်လိုကြီးဖြေမှန်းမသိဘူး .."

"ဘယ်လိုဖြေစေချင်လို့လဲ .."

"သားအတွက် ကိုကြီး ပြောင်းလဲခဲ့တာတွေကိုပဲပြောနေတာ၊ ချစ်တယ်လို့လည်းမပါဘူး .."

"ချစ်လား မချစ်လားသိချင်ရင်၊ ချစ်တာ မချစ်တာကိုပဲမေးပေါ့ကွ .."





"အဲဒါကို မေးရမှာ ကြောက်နေလို့ .."

"ဘာဖြစ်လို့ကြောက်တာလဲ .."

"ကိုကြီးက မချစ်ဘူးလို့ ပြတ်ပြတ်သားသားကြီးပြောချလိုက်မှာစိုးလို့ပေါ့ .."

"ခုထိ ထင်နေတုန်းပဲလား .."

မေးလိုက်ပြီး မြဲစေ က သူ့မ ခါးလေးကို သိမ်းပိုက်ပွေ့ဖက်ထားလိုက်ကာ ...၊

"မင်း ယုံကြည်အောင် သေချာချစ်ပြမယ် .."

"ကိုကြီး နေဦး .. သား မေးစရာကျန်သေးတယ် .."

"မင်းကို ကိုယ့်ဘဝနဲ့ထပ်တူ ကိုယ့်အသက်လောက်တန်ဖိုးထားတယ် .. ပြီးတော့ သိပ်ချစ်တယ် .."

ရပြီလား .. လို့ တိုးတိုးလေးပြောလိုက်တော့ ရွှေထုပ်လေး မျော့သွားသည်။ မျိုသိပ်ခံစားခဲ့ရသမျှတွေလည်း အားလုံးပျောက်ကွယ်လေသည်။

ပြီးတော့ အနမ်းများနှင့် ညသည် ရင်ခုန်သံတို့ကြောင့် နပျိုစေခဲ့သလား ...၊

သူ့ရင်ခွင်ထဲမှာ နွေးနေသည်မှလွဲ၍ ပူတာလည်းမသိ၊ အေးတာလည်းမသိ ...၊

ထို့ပြင် မိုးလင်းသွားတာကိုလည်းမသိလိုက် ...၊

www.burmeseclassic.com

## အခန်း (၄၀)

"ကိုကြီး .."

သူ အပြင်ကိုရောက်ခါနီးမှ နောက်ပြန်လှည့်ကြည့်လိုက်သည်။ ရွှေထုပ်လေး က သူ့နားထိပြေးလာကာ ...

"သားက ကိုကြီးကော်ဖီသောက်ဖို့စောင့်နေမှာပဲဆိုပြီး မြန်မြန်ထွက်လာတာ .."

"ကိုယ်ကလည်း မင်း အိပ်ရေးပျက်မှာစိုးလို့ မနှိုးခဲ့တာ၊ သွားပြန်အိပ်လေ ...၊ ကိုယ် အလုပ်ကိစ္စအရေးကြီးနေလို့ ညတည်းက အလုပ်တွေကိုလက်စသတ်ထားရတာ .."

သူ့မျက်နှာတလည်း သိပ်မသိသာပေမယ့် မျက်လုံးတွေကတော့ အိပ်ရေးပျက်ထားမှန်းသိသာနေတာပင် ...။

"ကိုကြီးက အဝေးကြီးသွားရမယ်ဆိုတာ ဘာလို့ကြိုမပြောတာလဲ၊ သားလည်း ကိုကြီးလိုပဲ လိုက်ထမှာပေါ့ .."

"လိုက်ထပြီး ဘာလုပ်မှာလဲကွ ...၊ ကိုယ့်အလုပ်ကိစ္စ ကိုယ်ပဲသွားရမှာ၊ အလကား နှစ်ယောက်ပင်ပန်းတယ် .."

ပြောပြီး ခေါလှမ်းပြင်မိ၏။ သို့သော် စိတ်ထဲမှာတစ်ခုခုတွေးလိုက်မိကာ ...

"ကိုယ့်ကိုပြောစရာရှိလို့လား .."





မညာတတ်သည့် မျက်ဝန်းလေးတွေက ပြုံး၍ခေါင်းခါလိုက်သည့်အောက်မှာ ရောယောင်ပျောက်မသွားခဲ့ပေ။ သူမဘက်ကို ခြေဖ က တည့်တည့်ပြန်လှည့်လိုက်ရင်း ...၊

"ပြော .. ဘာလဲ .."

"ဟင့်အင်း .. ဘာမှ အရေးမကြီးပါဘူး၊ ပြန်လာမှပဲပြောတော့မယ် .."

"အိုခေ .. ဒါဆို သွားပြန်အိပ်တော့ .."

နာရီကြည့်လိုက်တော့ ခုနစ်နာရီခွဲပဲရှိသေးသည်။ ထို့ကြောင့် ရွှေထုပ်လေးရဲ့ နဖူးလေးကို လက်သီးဆုပ်နဲ့ ကပ်တွန်းလိုက်ရင်း ..၊

"ဒေါ်တိုး ကို ဘရေ့ဖက်(စ်) တစ်ခုခုလုပ်ခိုင်းလိုက်၊ စားပြီးမှ ပြန်အိပ်၊ ကိုယ် လန့်(ချ်)အမီ ပြန်လာခဲ့မယ် .."

ပြောပြီး ဧည့်ခန်းဘက်ကို ထွက်လာခဲ့စဉ် ...၊

"ဘယ်မှာလဲ ငါ့မြေး .."

အိမ်ထဲကို ချဉ်းနင်းဝင်ရောက်နေပြီဖြစ်သော ဒေါ်နန့်သာမွေး နှင့် အဖော်မိန်းကလေးနှစ်ယောက်က သူ့ကိုကျော်၍ အထဲကိုမျှော်ကြည့်ကြသေးသည်။ ထိုစဉ် ရွှေထုပ်လေး ကလည်း အပြင်ကိုထွက်လာပြီဖြစ်ကာ ...၊

"ဘွားလေး .."

"ဟုတ်တယ် .. မြေးက မလာနိုင်တော့ ဘွားလေး လိုက်လာရတယ် .."

ရေညှိစိမ်းရောင် ပိုးထမီပြောင်နှင့် ဖက်ဖူးရောင်အင်္ကျီလက်ရှည်ခါးရှည်ပွပွပေါ်မှာ အစိမ်းရောင်ကတ္တီပါအပါးသား တဘက်ကိုခြုံထား၏။

တစ်ကိုယ်လုံး အစိမ်းရောင်တွေဖြန့်ခင်းထားပေမယ့် ဒေါ်နန့်သာမွေး၏ မျက်ဝန်းတွေက မှိန်ဖျော့သွားလိုက်၊ ရူးရဲသွားလိုက် ...။

တစ်သက်လုံး ထမ်းပိုးမော်ကြွားလာခဲ့သည့် မာန်မာနတို့သည် ခင်ပွန်းဖြစ်သူ၏ ဖျောင်းဖျနားချမှုကြောင့် သို့တည်းမဟုတ် မြေးဆိုသော နှောင်တွယ်မိသည့် သံယောဇဉ်ကြိုးမျှင်ကြောင့် ...၊



www.burmeseclassic.com

www.burmeseclassic.com



"မင်းက အမြင်သွားတော့မယ့်ပုံပဲ ..၊ ဒါပေမယ့် ငါက ပြောစရာရှိလို့လာတာ .."

မြစေ မျက်နှာတင်းသွားသည်။ သို့သော် .. ရွှေထုပ်လေး ကို ပြန်ငဲ့ကြည့်လိုက်ပြီး တွန့်ကုတ်ထားမိသည့် မျက်ခုံးနှစ်ဖက်က မသိမသာ ပြေကျသွားခဲ့လျက် ..၊

"ဖြစ်ပါတယ် .. ပြောပါ .."

သူကလည်း ထိုင်ပါလို့မပြော၊ ဒေါ်နှံ့သာမွှေး ကလည်း ဒီတိုင်း မတ်တပ်ရပ်နေရင်းဖြင့် ...

"ငါ့မြေးကို ငါတို့နဲ့ ဘယ်လောက်ထိ ဖြတ်တောက်ထားဖို့စိတ်ကူးထားသလဲ ..၊ အခု ငါတို့က ပြန်လာပါခေါ်တာတောင် မင်းက ခွင့်မပြုနိုင်ဘူးဆိုတာကရော .."

"စိန်ခေါ်ပြီဆိုရင် ပွဲကစတာပဲ ..၊ ကျွန်တော့်ဘက်က ဘွာမခတ်ဘူးဆိုတဲ့သဘောပါ .."

"ဘာ .."

"ကျွန်တော်ကစတာမဟုတ်တဲ့အတွက် ကျွန်တော့်ဘက်က အဆုံးသတ်ပေးစရာမလိုဘူး .."

"မင်း .. မင်းက .. ငါတို့နဲ့ ပြိုင်ဆိုင်တိုက်ခိုက်နေတာလား ..၊ ငါတို့က ပြန်ခေါ်ချင်ရင် မင်းကို ခြေသလုံးဖက်တောင်းပန်ရမယ်ပေါ့ဟုတ်လား .."

မြစေ က မျက်နှာမှာလှုပ်ရှားပြောင်းလဲခြင်း တစ်ချက်မှမဖြစ်ခဲ့ဘဲ နာရီပင့်ကြည့်သည်။ လူကြီးတစ်ယောက်ကို ပမာမခန့်ပြုမူခြင်းမို့ ဒေါ်နှံ့သာမွှေး အံတကြိတ်ကြိတ်ဖြစ်နေခဲ့လျက် ..၊

"မင်းဟာ တော်တော်ဘဝင်မြင့်ပြီး မောက်မာတဲ့ .."

"ဘွားလေး .."

"တိတ်တိတ်နေစမ်း မြေး ..၊ မြေးကို သူ ဘယ်လောက်ထိလွှမ်းမိုးထားသလဲဆိုတာ ဘွားလေး သိတယ် .."

"ကျွန်တော် သူ့ကိုဘာနဲ့မှ ချုပ်ကိုင်မထားပါဘူး၊ အစကရော..





ခုရောပဲ .."

"ဒါဆိုဘာလို့ ဒီစကားတွေပြောနေတာလဲ ..၊ မြေးတို့ စွေးနွေးလို့မပြီးဘဲ ဘာလို့ပြန်ခေါ်သွားတာလဲ .."

ဒေါသထွက်လွန်းလို့ ရောက်လာခဲ့တဲ့ ရည်ရွယ်ချက်တွေလည်း မေ့ပျောက်ကုန်သည်။ စကားလုံးတွေပါ ထစ်ငေါ့နေခဲ့လျက် ..၊

"နောက်ထပ် ဖုန်းတောင်မဆက်ပါနဲ့ဆိုတာလည်း အဲဒါ ခင်ဗျားတို့ချတဲ့ စကားတွေ .."

"ကျွန်တော့်သဘောကိုပြောခဲ့ဖူးတာပါ၊ ဒီလိုပြောလိုက်ဆိုတာမျိုးတော့ နှုတ်တိုက်ချမပေးခဲ့ပါဘူး .."

ဘယ်လိုစိတ်နဲ့ ပြောနေမှန်းမသိပေမယ့် ပြောသမျှစကားတွေက လူကိုရွဲ့ချိတ်နေသလို ခံစားနေမိကာ ဒေါ်နှံ့သာမွှေး က မျက်မှောင်ကုတ်၍ကြည့်နေ၏။

"ခုလည်း .. သူ့ကို ကျွန်တော်အလိုလိုက်ဖို့ ဆုံးဖြတ်ထားပါတယ်.."

ပြောပြီး ရွှေထုပ်လေး ဘက်ကိုလှည့်သွားခဲ့သည်။ နှစ်ဦးနှစ်ဖက်ကြားမှာ ဒေါ်နှံ့သာမွှေး တို့ကိုကျောပေးထားခဲ့ပြီး ..၊

"မင်းရဲ့ ဘွားလေးနဲ့ လိုက်သွားချင်ရင် သွားလို့ရတယ်၊ ကိုယ့်ကိုအတိရရင် ပြန်လာခဲ့၊ ကိုယ် ဒီမှာပဲစောင့်နေမယ် .."

ပြောလိုက်တာကတော့ နားထောင်လို့ကောင်းနေသေးသည်။ သို့သော် ...

"တစ်ခုပဲ ကိုယ့်စကားနားထောင် .."

နောက်ကနေ တိတ်ဆိတ်စွာ နားစွင့်နေခြင်းကို သူ ပြန်ငဲ့ကြည့်သည်။ မျက်ဝန်းတွေ ဆုံစေတာမျိုးမဟုတ်ဘဲ ရွှေထုပ်လေး ဘက်ကိုပြန်လှည့်၍ ...

"ဘယ်စာချုပ်မှာမှ လက်မှတ်မထိုးရဘူး၊ ပေးစာကမ်းစာမရှိရဘူး .."

"ဟေ့ .."

သူ ခြေလှမ်းပြင်ပြီးမှ ရှေ့ဆက်မတိုးဖြစ်သေးတာနှစ်ပါရှိပြီ ..၊



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နံ့သာမွှေး က သူ့ရှေ့ထိ ခြေလှမ်းတိုးကပ်လိုက်ပြီး ..။

"မင်းက ငါတို့ရှေ့မှာတောင် ဒီလိုပြောရဲတယ် ဟုတ်လား .."

"ကျွန်တော့်ဇနီးကို ကျွန်တော် ပြောပြတာပါ၊ အစတည်းက ထား ထားခဲ့တဲ့စည်းကို ကိုယ့်ကြောင့် မပျက်စေဖို့ .."

"အခု ငါကိုယ်တိုင် လာခေါ်နေပြီပဲ၊ ငါ့မြေးလေး ဒီတစ်ယောက်ပဲ ငါတို့ရွှေစံအိမ်ရဲ့ အမွေဆက်ခံခွင့်ရှိတဲ့သူ၊ ဆက်ခံခွင့်ရှိနေတဲ့သူကို ငါတို့က .."

"အမွေပြတ်စွန့်လွှတ်ထားပြီးသားဆိုတာ တစ်နိုင်ငံလုံးသိတယ်.."

"သိသိမသိသိ .. ဒါက ကရုဏာဒေါသနဲ့ ဖြစ်သွားခဲ့တဲ့ကိစ္စ .."

"အဲဒီကရုဏာဒေါသက ကျွန်တော့်ရဲ့ ဂုဏ်သိက္ခာကို မှန်တိုင်းတစ်ခုလို မွှေနှောက်ဖျက်ဆီးပြီးမှ ကျေအေးငြိမ်သက်သွားတယ်ဆိုရင် ရွှေစင်မြသား မဟုတ်တဲ့ ကျွန်တော်က အဒေါ်တို့ရဲ့ ပြောင်းလဲမှုတွေကို အသိအမှတ်မပြုဘူးဆိုတာ လွန်သွားသလား .."

"ဘယ်လို .."

ထူတန်းနေသည့် မျက်ခုံးအစုံက ပြေပြေပြစ်ပြစ်ရှိနေသော်ငြား၊ အေးစက်တည်ငြိမ်နေသော မျက်လုံးတွေက လူသေတစ်ယောက်နှင့်တူနေ၏။

ဒီကောင်လေး၏နာကျည်းမှုအင်အားက သေးသေးလေးမှမဟုတ်ဘဲ ..။

မျက်လုံးချင်းဆုံနေမိစဉ် ဒေါသတွေအစား အံ့သြခြင်းတို့ဖြစ်တည်လာခဲ့၏။ ပြီးတော့ စိုးရိမ်စိတ်တို့စတင်ဖိစီးလေသည်။

"မီးကိုရေကနိုင်တာမှန်ပေမယ့် တစ်ချို့မီးပွားတွေက ရေနဲ့ပတ်လိုက်မှ ပိုပြီးပြန့်ကားကြီးမားသွားကြတာရှိတယ်၊ အနိုင်အရှုံးဆိုတာ ယှဉ်ပြိုင်မှုမရှိသေးဘဲ ကြိုတင်ခန့်မှန်းလို့ကောင်းတဲ့အရာမဟုတ်ဘူးကွ.."

ခင်ပွန်းဖြစ်သူပြောတာတွေကိုလည်း သတိရလာမိကာ ..။

"လုံ့လ ဝီရိယအကျိုးဆိုတာရှိတယ်၊ ဗုဒ္ဓဘာသာတရားမှာ ကံ့ကံ၏အကျိုးကိုဖယ်ထားလို့လည်းမရဘူး၊ လုပ်သလိုမဖြစ်လို့ ဖြစ်သလိုလုပ်





လိုက်ရတယ်ဆိုတာတွေက ကံ့ကံ၏အကျိုးပဲ၊ ခင်း သူတို့နှစ်ယောက်ကို မင်းရဲ့ဒေါသရှိသလောက် ခွဲပစ်ဖို့ကြိုးစားခဲ့တာ ရောလို့သား .. အဲဒါ သူတို့ရဲ့ ကံတရားပဲပေါ့ .."

"ဟုတ်တယ် မမကြီး .. ကလေးကို ကျွန်မ်တော်တို့ ဆုံးရှုံးခံနိုင်ဘူး၊ ကလေးကလည်း သူ့အတွက်ဆုံးရှုံးမခံနိုင်လို့ သူ့လိုအပ်ဆုံးလူကို ရွေးချယ်သွားတာ၊ အခြေအနေအရပ်ရပ်ကို အကောင်းဆုံးဖြစ်စေနိုင်တဲ့သူက ဒီကောင်လေးပဲ .. ကျွန်တော်တို့အများကြီး စဉ်းစားရမှာ .."တဲ့..။

ကိုဝေဠု ကတော့ ပထမဆုံး ဆုံခဲ့ပြီးတည်းက "ဒီကောင်လေးက ခပ်ပျော့ပျော့ခပ်ညံ့ညံ့တော့မဟုတ်ဘူး၊ မာနကြီးတယ်၊ ရိုင်းတယ် .."

လို့ ရေရွတ်ခဲ့သည်။ ကောင်းတာ ဆေဖန်တာလား၊ စိတ်ပျက်ဖွယ်တွေပြောပြခဲ့တာလား ထိုစဉ်ကလည်း ဂရုစိုက်ဖို့ဆိုတာ ခေါင်းထဲမှာ မရှိခဲ့ပေ။

ခုတော့ ဒေါ်နံ့သာမွှေး တွေးနေရပါပြီ။ သင်းကလေးရဲ့ မျက်နှာကို တည့်တည့်ကြည့်ပြီး ချိုးဖဲ့ပြောဆိုခဲ့တာက ကိုယ်ပဲဖြစ်ကာ အားလုံးဝိုင်းဝန်းကားဆီးနေသည့်ကြားက အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခဲ့တာလည်း ကိုယ် ..။

ဒါပေမယ့် လူငယ်တစ်ယောက်ကို ကိုယ်ကစပြီး အဆင်ပြေအောင်ကြိုးစားရမည်ဆိုတာကျတော့ ..၊

"ကိုယ် သွားမယ်နော် .. မင်းလိုက်သွားဖြစ်ရင် ကိုယ့်ဆီဖုန်းဆက်.."

"နေဦး .."

တတိယအကြိမ်မြောက် ခြေလှမ်းတုံ့သွားပြန်ကာ ..၊

"မင်းကိုရော .. ငါ့မြေးကိုပါ စံအိမ်က လက်ခံကြိုဆိုဖို့ ဖြင်ဆင်ထားတယ်ဆိုရင်ရော .."

ရွှေထုပ်လေး မျက်နှာဝင်းလက်သွား၏။ သို့သော် မျက်ခုံးတန်းတို့တွန့်ကုတ်သွားခဲ့သည့် မြစေ မျက်နှာပေါ်က အလိုမကျမှုကိုမြင်လိုက်တော့ စိတ်ဓာတ်ကျသည့်မျက်နှာလေးဖြစ်သွားရှာသည်။ သူတို့ကတော့ မသိ ..။



www.burmeseclassic.com

www.burmeseclassic.com



မြဲစေ ရဲ့ မျက်လုံးထဲကို ဒေါ်နန့်သာမွေး က စူးစိုက်ကြည့်နေကာ မြဲစေ က တည်ငြိမ်သည်ထက်ပိုမိုသော အေးစက်ခြင်းဖြင့် ..၊

"မသိတဲ့ တစ်စုံတစ်ယောက်ကိုမပြောနဲ့ .. ရင်းနှီးတဲ့လူဆိုရင်တောင် ကျွန်တော်က ဖိတ်တိုင်းမသွားဘူး .."

"မင်းကို ပွဲတက်ဖို့ခဏတစ်ဖြုတ်ဖိတ်တာမဟုတ်ဘူး၊ ငါတို့ရဲ့ မိသားစုဝင်အဖြစ် လက်ခံပေးဖို့ စဉ်းစားခဲ့ကြတာ .."

"ခေါင်းရှုပ်ခံမနေပါနဲ့ .. ကျွန်တော်က မိသားစုမရှိတဲ့ကလေးကချေဆိုတော့ ရုတ်တရက်မိသားစုရှိလာရင် အံဝင်ခွင်ကျနေတတ်မှာမဟုတ်ဘူး .."

"မြဲစေ .."

".... .... .... ...."

"မင်းက ငါ့ကိုတစ်ခုချင်းပြန်ပြီး ထိုးနှက်နေတာလား ..၊ ငါတို့က ရွှေထုပ်လေး ကို ပိုးမွေးသလို မွေးလာခဲ့ရတဲ့ မိဘဆိုလည်းဟုတ်၊ ဘိုးဘွား အုပ်ထိန်းသူတွေလည်း ဖြစ်နေတာ၊ သားသမီးအပေါ်ထားတဲ့ မိဘမေတ္တာကို .."

"ကျွန်တော့်မှာ မိဘမရှိတော့ဘူး .."

"ရှိခဲ့တာကိုပါ ဖျောက်ဖျက်ပစ်မှာလား မြဲစေ .. မင်းကို မွေးခဲ့တဲ့ မိဘကိုလေ .."

"ပွန်း .."

သူက ခပ်မှဲ့မှဲ့ပြုံးလိုက်ပြီး ကိုင်ထားသည့် ဖိုင်နဲ့အိတ်ကို ဧည့်ခန်းက ရှိုးကေ့စ်ပေါ်မှာ သွားတင်ထားလိုက်သည်။ ပြီးတော့ ရွှေထုပ်လေး ကို လှမ်းကြည့်ပြီးမှ မျက်လုံးချင်းမဆုံလိုက်ဘဲ ပြန်လှည့်၍ ...

"ညောင်သီးက ညောင်ပင်ကသီးတာပဲ .. ဒါပေမယ့် ညောင်ပင်အောက်မှာပဲ ပေါက်တာမဟုတ်ဘူး၊ ပြောပြီးပြီပဲ ကျွန်တော်က ကလေးကချေ .."

"မင်းက ငါ့ကိုရွဲ့နေတာပဲ ..၊ ဒီကလေးကချေဆိုတဲ့ ခေါင်းစဉ်အောက်က တမင်တကာ နှုတ်ထွက်မပေးဘဲနေတာ .."





"အဲ့ဒီခေါင်းစဉ် အခေါ် ကိုယ်တိုင်တပ်သွားတာပါ။ [illegible] လျှောက်ဖြတ်သန်းခဲ့တဲ့ ခြေထောက်ကို ဖဲမွေ့ရာပေါ်တင်လို့ [illegible] လို့ရရင်တောင်မှ ရေစိုကွက်တော့ စွန်းသွားမှာပဲ .. အဲဒီတော့ အရာရာကို မပြောင်းလဲဘဲ လက်ခံပေးစေချင်တယ် .."

"မင်း ဘာပြောတာလဲ .."

"ကျွန်တော့်ဘဝကို စိတ်မဝင်စားဖို့ .."

"ဟဲ့ .. မဝင်စားလို့ဖြစ်မလား၊ မင်းက ရွှေထုပ်လေး ရဲ့အိမ်ထောင်ဘက်ဖြစ်နေပြီ .."

"အဲဒါက ဒီအိမ်ထဲမှာဟုတ်တယ်၊ ခြံပြင်ရောက်သွားရင်မဟုတ်တော့ဘူး .."

"ဘာ .. ဘာပြောတယ် .."

"အခေါ်တို့ ဖြစ်စေချင်တဲ့အတိုင်းပြောပြတာ၊ ရွှေထုပ်လေး ကို ကြိုက်တဲ့နေရာခေါ်သွား၊ သူ ပျော်သလောက်နေပါစေ .. ကျွန်တော့်ဆီ ပြန်မလာမချင်း မငြိုမငြင်စောင့်နေပါ့မယ် .."

"ဘယ်တော့မှ ပြန်မလာရင်ရော .."

မြဲစေ ရဲ့ မျက်လုံးတွေ ရွှေထုပ်လေး ဆီ တိုက်ရိုက်ကျရောက်သွားသည်။ ပြီးမှ ...

"အဲဒါ သူ့ ဆုံးဖြတ်မှာပါ၊ ဘယ်တော့မှ ပြန်လာလို့မရမယ့်လမ်းကို ကျွန်တော်ပြောပြပြီးသား .."

"ကောင်းပြီ .."

ဒေါ်နန့်သာမွေး ၏ ခံရခက်နေသော မာနမျက်နှာကြီးက မြေပေါ်သို့ ကျမလိုနှင့် မာကျောနီမြန်းလာခဲ့လျက် ..၊

"မြေးကို ဘွားလေး အပြင်ကစောင့်မယ် .."

မြေးဖြစ်သူကို လှမ်းကြည့်ပြောရင်း ပြန်ထွက်သွားလေသည်။ [illegible] ဆံပင်တွေသပ်ရင်း ဆိုဖာမှာစိတ်ပျက်လေးတွဲစွာ ထိုင်ချလိုက်သည်။

ပြီးတော့ ဖုန်းခေါ်လိုက်ပြီး ..၊

"ကိုငြိမ်း ရေ ဆောရီးဗျာ .. တစ်ယောက်ယောက်လွှတ်ပြီး လာရူ



www.burmeseclassic.com

www.burmeseclassic.com



နိုင်းလိုက်ပါလား .."

".... .... .... ...."

"အေးဗျာ .. အဆင်ပြေရင်ပြီးတာပဲ၊ ဒါဆို မနက်ဖြန်တွေ့မယ်.. အိုခေ .."

သူ ဖုန်းပြောပြီး အိမ်ထဲကို လှည့်ကြည့်မိသည်။ ခေါက်တိုး အထဲက ထွက်လာပြီး မီးဖိုချောင်ဘက်ဝင်သွားတာမြင်လိုက်သည်။ ရွှေထုပ်လေး ကတော့ ထွက်မလာ ..။

သူ စိတ်ထင့်သွားကာ နေရာမှထလာခဲ့သည်။ အခန်းထဲဝင်လိုက်တာနှင့် သူထင်သည့်အတိုင်း ရွှေထုပ်လေး က ခရီးဆောင်သေတ္တာလေးထဲကို သူမ လိုချင်သည့်အမှတ်တရ ပစ္စည်းလေးတွေထည့်နေတာက ကတုန်ကယင် ..။

သူ နောက်ကနေ တိတ်ဆိတ်စွာတိုးသွားပြီး ကြည့်လိုက်တော့ သေတ္တာထဲမှာ အင်္ကျီအဝတ်စားဘာမှမပါ။

"ဒါ ဘာလုပ်နေတာလဲ မြသား .."

လှည့်ကြည့်သည့် မျက်ဝန်းလေးတွေက ငိုနေပေမယ့် ထူးခြားစွာ အေးစက်နေခဲ့လျက် ..၊

"ဘွားလေးနဲ့ လိုက်သွားမလို့ .."

"အဲဒါ .. ဒါတွေလိုလို့လား .."

"လိုတယ် .."

ခေါင်းညိတ်ဖြေကာ မျက်ရည်တွေသုတ်ပစ်၏။ ဆံပင်တွေကို နဖူးကသိမ်းကာ ဘီးကုပ်လေးနဲ့ထိုးထားသဖြင့် မျက်နှာပြည့်ပြည့်လေးက မှုန်ညက်ဝင်းစက်နေ၏။

ကြေးဥစိမ်းရောင် ဖျော့ဖျော့လေးနှင့် ရွှေလိုဝင်းနေသည့် သူမရဲ့ တစ်ကိုယ်လုံးက ဝင်းထိန်နေလေသည်။ ထို့ပြင် ခါးရှည်လက်ပြတ် ပွပွလေးက ခါးစည်းလေးမို့ သူမရဲ့ အလှအပတွေက ရှုမငြီးဖွယ် ..။

သူ ရှေ့ထပ်တိုးကာ ...

"ဘာရှာနေတာလဲ .."





"ကေတီ .."

ပိုမာလေးကို သူမက ကေတီ လို့ နာမည်ပေးထားသည်။ အမြဲတမ်း အိပ်ရာပေါ်မှာ တင်ထားနေကျဖြစ်ကာ တစ်ခါတစ်ခါ မှန်တင်ခုံပေါ်မှာ ရှိနေတတ်၏။

ခုတော့ ဘယ်မှာမှ ရှိမနေသဖြင့် ရွှေထုပ်လေး က ခုတင်အောက်မှာ ခုံကြားတွေပါမကျန် လိုက်ရှာနေသည်။

"နေပါဦး .. ဒါတွေပါအောင်ယူနေတာက မင်း ကိုယ့်ဆီကို ပြန်မလာတော့ဘူးလို့ ဆုံးဖြတ်လိုက်တာလား .."

ရွှေထုပ်လေး က ရှိုးကေ့စ်ကြားထဲ ငုံ့ကြည့်နေရာကနေ သူ့ကိုမော့ကြည့်၏။ ရှည်လျားစွာ စင်းကျနေကြသည့် ဆံနွယ်တွေကို လည်ပင်းကြားကနေ တစ်ချက်ခါပြီးမှ ကိုယ်ကိုမတ်မတ်ရပ်လိုက်၍ ..၊

"ဟုတ်တယ် .. သားဖြစ်နေကြားနေတာတွေက သားကို ဆုံးဖြတ်သင့်တဲ့အတိုင်း လမ်းပြပေးလိုက်တာ .."

သူက စိုက်ကြည့်နေကာ ..၊

"မင်းရဲ့ အဘွားက မှန်တယ်၊ ကိုယ်မှားတယ်ပေါ့ .."

"ကိုကြီးကို မှားတယ်လို့တော့ သား မထင်ပါဘူး၊ ဒါပေမယ့် သားမှားနေတာကို နားလည်သွားတယ်၊ ဘွားလေး ဒီထိလိုက်လာတာရော ကိုကြီးကို အလျှော့ပေးခဲ့တာတွေရော အားလုံးက သားကြောင့်ပါ.. ပြီးတော့ .."

မပြောဘဲ သူ့မျက်နှာကို လှမ်းကြည့်သည်။ သူကလည်း ဘာမှ မမေးဘဲ ဆက်ပြောလာမှာကို စောင့်နေခဲ့သည်။

"ကိုကြီးက ဘွားလေးကို အနိုင်ယူလွန်းတယ် .. အဲဒါလည်း သားကြောင့် .."

"ကိုယ်ကတော့ မင်းကြောင့် အများကြီးလျှော့ပေးလိုက်တာ .."

ဟုတ်လား ဆိုသည့် အငေါ်တူးသည့်အကြည့်လေးတွေ သူ့ဆီ ရောက်လာသည်။ သူမ ဒါတွေတောင် တတ်နေပြီပဲ ..။

စိတ်ထဲမှာ ရေရွတ်မိပေမယ့် သူ ဒါကိုမပြောဖြစ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ပျော်သလိုနေပါဆိုတဲ့ စကားကိုပြောဖို့ ကိုယ့်အတွက်မလွယ်ဘူး .."

"လွယ်ပါတယ် .. ကိုကြီး ဒီလောက်လွယ်လွယ်လေးပြောလိုက်တာတောင် ဘာကို မလွယ်ဘူးပြောတာလဲ ..၊ ဘွားလေးတို့က သားကို ချစ်လွန်းလို့ ကိုကြီးရဲ့အရိပ်အာဝါသထဲထိလာပြီး ပြေလည်ဖို့ကြိုးစားတာ၊ ကိုကြီးကတော့ ဘယ်မျက်နှာကိုမှ မငဲ့ဘဲ ရက်ရက်စက်စက် ပြောလွှတ်တယ်၊ သားက ကိုကြီးလက်ထဲမှာ ဘာတန်ဖိုးမှမရှိတဲ့ အရုပ်တစ်ရုပ်လိုပဲ .."

ပြောနေရင်းငိုသည်။ ဒါပေမယ့် သူမ မျက်ရည်တွေကိုပါ နာကြည်းနေမိပြီဖြစ်၏။ ပူနွေးစွာ လိမ့်ဆင်းလာသမျှ မျက်ရည်တွေကို အင်တိုက်အားတိုက် ဖျက်ချပစ်ရင်း ..၊

"ဟုတ်ပါတယ်၊ သားက မလိုချင်လည်းပေး .. မငြင်းရဘဲ ကြွေခဲ့တဲ့ ပန်းလိုမျိုး .."

"စကားတွေတတ်လှချေလား မြသား .."

"နောက်တောင်ကျနေပါသေးတယ်၊ တကယ်ဆို ကိုကြီးနဲ့အတူနေပြီး သား ဒီ့ထက်ပိုတတ်ရမှာ၊ ပြီးတော့ ဒီ့ထက်ပိုပြီးမာကျောနေသင့်တာ ..၊ နောက်ထပ် မိဘတွေမျက်ရည်ကျ စိတ်ဆင်းရဲအောင် သား မလုပ်တော့ဘူး၊ ကိုကြီးကို သတိရတိုင်း ငိုမယ်၊ မျက်ရည်တွေ အင်အားမဲ့သွားတဲ့အခါ မေ့နိုင်သွားမှာပါ .."

ပြောနေရင်း ခွေးလေးကိုရှာဖွေခြင်းမှ ရုတ်သိမ်းကာ အိတ်ကိုတစ်ဆုံးပိတ်လိုက်သည်။ ပြီးတော့ ခုတင်ပေါ်မှာ တင်ပါးလွှဲလေးထိုင်နေရာမှ ထရပ်လိုက်လျှင် ..၊

"နေဦး .. အခု စိတ်လိုက်မာန်ပါလုပ်တာဆိုရင် စကားကိုအပြတ်ပြောမသွားဘဲ ဒီတိုင်းနေလို့ရတယ် .."

"စိတ်လိုက်မာန်ပါတော့မဟုတ်ဘူး၊ ကိုကြီးကို သတိရလို့ မနေနိုင်တော့ရင်လည်း .."

"တောင်းပန်တိုင်း ကျေအေးပေးတတ်တဲ့အကျင့် ကိုယ့်မှာမရှိဘူး.."





"မတောင်းပန်ပါဘူး၊ ဒါဖြင့် ကိုကြီးကရော သားကို သတိရစရာအကြောင်းမရှိတော့ဘူးလား ..၊ သားက သတိရမှာတွေပဲ ဘာဖြစ်လို့ပြောနေတာလဲ .."

"ကိုယ်က ဟန်ဆောင်နိုင်တယ် .. မင်းက .."

"သားလည်း ဟန်ဆောင်နိုင်အောင်ကြိုးစားမယ် .."

မာဆတ်ဆတ်ပြောပြီး အိတ်ကို ခုတင်ပေါ်ကနေ တယုတယဆွဲချလိုက်သည်။ ပြီးတော့ ထပ်ကျလာသည့်မျက်ရည်တွေကို လက်ခုံလေးနဲ့ ကပ်သုတ်ရင်း ...

"သားက အရမ်းချစ်နေမှန်းသိလို့ ကိုကြီးက မာနတွေကြီးပြနေတာ၊ အဲ့ဒါတွေ ခု သား နားလည်သွားပြီ၊ နောက် ဘယ်တော့မှ ချစ်ရင်ချစ်တယ်လို့မပြောဘူး၊ သတိရရင်လည်း ရတယ်မပြောဘူး၊ ကိုကြီးတောင် ဟန်ဆောင်နိုင်ရင် သားက ဘာလို့ဟန်မဆောင်နိုင်ရမှာလဲ.."

တစ်ယောက်တည်းစိန်ခေါ်ပြီး တစ်ဖက်သတ်ပွဲကြမ်းနေသည့် သူမကိုကြည့်၍ မြစေ နှုတ်ခမ်းမှာပြုံးရိပ်ထင်သွားသည်။

"ဘွားလေး ပြောဖူးတယ် 'လိုက်လွန်းရင်ပြေးတယ်' တဲ့ ..၊ မလိုက်တော့ဘဲ ခြေစုံရပ်နေကြည့်လိုက် 'သူ ပြန်လှည့်ကြည့်လာလိမ့်မယ်' တဲ့.."

"မင်း ထွက်သွားတာနဲ့ ကိုယ်က မနေနိုင်မထိုင်နိုင် ဖြစ်သွားမယ်လို့ထင်တာလား .."

ရွှေထုပ်လေး က သူမကိုယ်တိုင် ဒါကို စိတ်ဝင်စားသွားသလို သူ့မျက်နှာကိုလှည့်ကြည့်၏။ ပြီးတော့ သေတ္တာရဲ့ လက်ကိုင်ကိုဆုပ်ကိုင်ထားပြီး ငိုင်တွေသွားသည်။

"ပြောပါဦး .. မင်းထင်သလိုဖြစ်မလာခဲ့ရင် မင်းကိုယ်နဲ့ တကယ်ပြတ်စဲနိုင်ပါ့မလား .."

"မပြတ်နိုင်လည်း ပြတ်နိုင်အောင်နေမယ်၊ ကိုကြီးက သားစိတ်ကိုသိနေလို့ အမြဲတမ်းအနိုင်နဲ့ပိုင်းနေတာ .. အခု သားကိုဟင်မကတော့ဘူး ဘွားလေးတို့ကိုပါ နိုင်တယ်၊ သား ဝမ်းနည်းတယ်သိလား .. ကိုကြီးနဲ့ဒီလို မာကျောနိုင်တာ သားကိုမချစ်လို့၊ ကိုကြီးက သားကို ဘယ်တုန်း



www.burmeseclassic.com

www.burmeseclassic.com



ကမှ မချစ်ခဲ့ဘူး၊ ချစ်တယ်လို့ပြောခဲ့တာလည်း သားကို ကလေးချော့သလို ချော့ခဲ့တာ ..

ကလေးချော့သလို ချော့ခံခဲ့ရတာအတွက် မကျေမနပ်အော်ဟစ် ရန်တွေ့နေပေမယ့် ဟီးခနဲငိုချလိုက်တာကျတော့ သူမကိုယ်သူမ ဘယ်လိုပုံစံပေါက်သွားသလဲဆိုတာ သိရဲ့လား ..၊

ပြီးတော့ တစ်ရှူးစထုတ်ယူပြီး နှာခေါင်းကိုဖိပွတ်ပစ်သည်။ သေတ္တာကိုလှတ်၍ တစ်ရှူးကို အမှိုက်ပုံးထဲသွားထည့်၏။ ပြီးတော့ နောက်ထပ်တစ်စထုတ်ယူပြီး ထပ်ငိုဖို့အသင့်ဖြစ်ရင်း ...

"အမွေအနှစ်တွေကို ကိုကြီး မမက်သလို သားလည်း မမက်ဘူး၊ ဒါတွေကို ယူပါရစေ .. သွားပါရစေလို့ရော ကိုကြီးကို ပူဆာခဲ့ဖူးလို့လား.."

"မင်းက မပူဆာပေမယ့် သူတို့က မင်းအမွေဆက်ခံဖို့ အသက်ပြည့်ပြီဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ လိုက်လာကြတာ .."

"အဲ့ဒါကရော ဘာဖြစ်သွားနိုင်လို့လဲ ကိုကြီးရဲ့ ..၊ အခိကက ဘွားလေးတို့နဲ့ ကိုကြီး အဆင်ပြေပြေဆက်ဆံသွားကြဖို့ပဲ .."

"မင်း အဆင်ပြေအောင် ကိုယ် ခွင့်ပြုခဲ့တာပဲ .."

"ဘာကိုခွင့်ပြုတာလဲ .. ကန့်သတ်တားမြစ်ချက်တွေနဲ့ ပြန်လွှတ်တာလား ..၊ မလိုက်နာနိုင်ရင် ဘယ်တော့မှ ပြန်မလာနဲ့ဆိုတဲ့ ကြိမ်းဝါးမှုတွေနဲ့လား .."

ရွှေထုပ်လေး က သူ့ရှေ့ထိတိုးလာပြီး ရဲရဲတောက်မေးခွန်းတွေနဲ့ တုံ့ပြန်တိုက်ခိုက်လာသည်။ ပြီးတော့ ပြောနေတာအားမရတဲ့ သူမမှာပဲ မျက်ရည်တွေတလည်လည်နှင့် ..၊

"လူကြီးတွေပြောတာကြားဖူးတယ်၊ 'မယားပြောတော့ တစ်ည' တဲ့ .. သား ကိုကြီးကို မတောင်းဆိုရဲပေမယ့် ဒီလိုဖြစ်စေချင်ပါတယ်ဆိုတာတွေပြောလာခဲ့တာ .. တစ်ညလည်းမကဘူး တစ်လလည်းမဟုတ်ဘူး၊ နှစ်နဲ့ချီနေပြီ .."

ပြောပြီးတော့ ကိုင်ထားသည့် တစ်ရှူးစနဲ့မျက်လုံးတွေကို ဖိပွတ်နေ၏။ စိုလိုက်သွေ့လိုက်နှင့် ပွတ်အားကြောင့် မျက်တောင်ဖျားလေးတွေ





က တစ်ပင်ချင်းပေါ်လွင်ကာ ဗိုလ်ကျော့ညွှတ်လာကြ၏။

မျက်နှာလေးတစ်ပြင်လုံးလည်း နီရဲနေပြီဖြစ်တာ ..

"ကိုကြီးကို သားကလွှမ်းမိုးနိုင်ဖို့နေနေသာသာ .. သားကို ကိုကြီး ဘယ်လောက်ထိ ဂရုမစိုက်သလဲဆိုတာတွေပါ အခု အားလုံး သူသိထုန်ပြီ၊ သား ဝမ်းနည်းတယ်သိလား ..၊ ကိုကြီးကိုယ်တိုင်ခေါင်းထုတ်နေကာမှ သားက ဘာဖြစ်လို့မသွားနိုင်ရမှာလဲ .."

နောက်ထပ် မျက်နှာကို ထပ်ပွတ်ဖို့ပြင်လိုက်တော့ သူမလက်ကိုဖမ်းကိုင်ထားလိုက်ပြီး တစ်ရှူးစကို ဆွဲယူပစ်လိုက်၏။

ရွှေထုပ်လေး က လက်ကိုပြန်ရုန်းလိုက်ကာ ...

"လာ .. ကေတီ .. လာ .."

ကေတီလေးက ဘယ်အောက်ကထွက်လာသည်မသိ၊ သူမက ကောက်ကာချီလိုက်ပြီး သေတ္တာကိုတစ်ဖက်ကဆွဲ၍ ...

"သား သွားတော့မယ် .."

"မင်းကို ကိုယ်လိုက်ခေါ်မှာမဟုတ်ဘူးနော် .."

သူမ ပြင်ထားသည့် ခြေလှမ်း တုံ့ခနဲဖြစ်သွားသည်။ ပြီးမှ နှုတ်ခမ်းသားလေးတွေကို ခပ်တင်းတင်းဖိပိတ်ပစ်လိုက်ပြီး မျက်နှာလေးမော့၍ဆက်ထွက်သွား၏။

"မြသား .."

မြန်မြန်ထွက်သွားပြီး အော်ငိုပစ်လိုက်ချင်ပေမယ့် သူ့ အသံကြားလိုက်တာနှင့် ခြေထောက်တွေက အမိန့်ကိုနာခံဖို့ အသင့်တုံ့ရပ်နေခဲ့ပြီးဖြစ်လျက် ..၊

"သား ဘာမှပြောစရာမရှိတော့ဘူး .."

"ကိုယ့်မှာရှိသေးတယ် .."

သူ့အသံ ကိုယ့်ကျောနောက်ကိုရောက်လာသဖြင့် လှည့်ကြည့်ရန် မျက်နှာငှဲလိုက်ပေမယ့် ..၊

"မင်းကို သွားခွင့်မပြုနိုင်ဘူး .."

သူမ ခါးလေးကို နောက်ကနေ သိမ်းဖက်ထားလိုက်ပြီး နားသယ်



www.burmeseclassic.com

www.burmeseclassic.com



စပ်ဆံစလေးတွေကို သူ့နှုတ်ခမ်းသားတွေနဲ့ ထိကပ်နမ်းသည်။ ပြီးတော့...

"ခုနကပြောတာ မင်း ကိုယ့်ကို မတောင်းဆိုခဲ့ပေမယ့်လို့ပါတယ်၊ ခု တောင်းဆိုကြည့်လေ၊ တစ်ညကြာအောင် မစောင့်ရဘူး .. ခုချက်ချင်း ဖြေပေးမယ် .."

ရွှေထုပ်လေး အံ့သြသွားကာ မျက်ဝန်းလေးတွေပါ ပြူးကျယ်သွား၏။ တစ်ဖက်မှာ ပွေ့ပိုက်ထားသည့် ကောင်မလေး ကိုရော ကိုင်ထားသည့် သေတ္တာကိုပါ လွှတ်ချလိုက်မိကာ ..၊

"ကိုကြီး တကယ်လားဟင် .."

"အင်း .."

"ဒါဆို .."

"ငြိမ်ငြိမ်နေကွာ .. ဒီတိုင်းပဲမေးလိုက် .."

"ဟင့်အင်း .. ကိုကြီး မျက်နှာကိုကြည့်ချင်လို့ .."

"နောက်မှကြည့် .."

မြစေ က ရွှေထုပ်လေး ကို အထုပ်လေးတစ်ထုပ်လို ပွေ့ပိုက်၍ တပ်မက်မြတ်နိုးသော အနမ်းများဖြင့် ကြာရှည်စွာ ..၊

"မင်းကို ကိုယ်က လွယ်လွယ်လေးထည့်ပေးလိုက်ပြီး အေးဆေး နေခဲ့နိုင်မယ်ထင်နေလို့လား .."

"ဒါဆို ခုနကထိ မင်းနောက်ကို လိုက်လာမှာမဟုတ်ဘူးလို့ ကိုကြီး ဘာလို့ပြောနေတာလဲ .."

"မင်း ဘယ်လောက်ထိ မျှော်လင့်ခံစားနေခဲ့ရသလဲဆိုတာ သိချင်လို့.."

ပြောနေရင်း ရွှေထုပ်လေး ကိုယ်လေးကို မျက်နှာချင်းဆိုင်လှည့်ယူ လိုက်ပြီး စူးစိုက်ကြည့်သည်။

"ကိုယ့်တစ်ဘဝလုံးမှာ သူစိမ်းမိန်းမတစ်ယောက်ကို ချစ်ခဲ့ဖူးတာ မင်းပဲရှိတယ်၊ ကိုယ့်စိတ်တွေကို ပြောင်းလဲစေခဲ့တာလည်း မင်းပဲ ..၊ ကိုယ် မာနတွေထပ်မပြချင်ဘူး၊ ဒါပေမယ့် ကိုယ် ဒီ့ထက်လည်းလိုက် လျော့မပေးနိုင်ဘူးဖြစ်နေတယ်၊ ဘယ်လိုပုံစံနဲ့ပဲဖြစ်ဖြစ် မင်းရဲ့ဘွားလေး သတ်မှတ်ခဲ့ဖူးတဲ့ဘောင်ထဲဝင်သွားမှာပဲ .. အဲဒါကို ကိုယ်မလိုချင်ဘူး.."





ရွှေထုပ်လေး က ဝမ်းသာလွန်းတော့လည်း မျက်ရည်စတို့စွတ်သီလျက်။

"ဘွားလေးဆီက အဲ့ဒီလိုစကားမျိုးတွေ ထပ်ပြောလာခဲ့ရင် သား ကိုကြီးဘက်က ရပ်တည်ပါ့မယ် ..၊ ဘာမှဖြစ်မလာသေးတာတို့တော့ မာနတွေနဲ့ စည်းတားမထားပါနဲ့ ကိုကြီးရယ်၊ သားလေ .. ကိုကြီးကို ဘွားလေးတို့ အထင်လွဲငြိုငြင်မှာကို မခံနိုင်သလို ဘွားလေးတို့ကို ကိုကြီး ထ ရန်သူလိုဖြစ်နေတာမျိုးလည်း မဖြစ်စေချင်ဘူး .."

"စကားတွေ တော်တော် တတ်လာတယ်နော် .."

"ကိုကြီးက တုံးတစ်ရိုးအလွန်းတယ်လို့ပြောခဲ့တာ .. ဒီလိုပဲလေ့လာ ထားရတာပေါ့ .."

"ဒါဆို ကိုယ်ပေးတဲ့လက်နက်နဲ့ ကိုယ်ခံလိုက်ရတာပဲ .."

"သား ဘာပြောလို့လဲ .."

"ဟုတ်လား .. မပြောရသေးဘူးလား၊ တော်သေးတာပေါ့ .."

"ကိုကြီးကလည်း .."

ရွှေထုပ်လေး က သူ့ရင်ဘတ်ကို လက်သီးဆုပ်လေးနဲ့ထုပြီး ရယ် သည်။ ထိုစဉ် ဖုန်းသံကြားလိုက်ရသဖြင့် ရွှေထုပ်လေးက လှည့်ကြည့် သည်။ မြစေ က သူမ မျက်နှာလေးကို သူ့ဘက်ကိုပြန်လှည့်စေလျက်။

"မကိုင်နဲ့ဦး .. ကိုယ်မေးတာ အရင်ဖြေ .."

"သား ဖြေတာကို ကိုကြီး ဖြေရမှာလေ .."

"အိုခေ .. ဒါဆိုမေး .."

ရွှေထုပ်လေး ရုတ်တရက်ဘာမေးရမှန်းမသိဖြစ်သွားသည်။ ကိုယ် ပြောခဲ့တာတွေ တကယ်အများကြီးပါ။ ဒါပေမယ့် ခုတော့ ကိုယ့်ဘာသာကိုယ် ဘာတွေပြောခဲ့မိမှန်းတောင် မသိတော့ပေ။

ဟိုတုန်းက သူမ ဘာတွေတောင်းဆိုချင်ခဲ့တာလဲ .. ခုရော ဘာမေး ဖို့ရှိခဲ့သလဲ ..။

"မေးလေကွာ .."

"မသိတော့ဘူး .."

"မယားပြောရင်တစ်ညဆိုတာလေ ..၊ ဘာတွေပြောဖို့စုဆောင်း



www.burmeseclassic.com

www.burmeseclassic.com



ထားတာလဲ .. အခု ခင်ဗျားယောကျ်ားနားထောင်ပြီ .. ပြော ..”

ရွှေထုပ်လေး က ပခုံးလေးတွေ လှုပ်နေအောင်ရယ်သည်။ ပြီးတော့ သူ့ခါးကို ပြန်ဖက်ထားလိုက်ပြီး ပန်းနုရောင်တက်နေသည့် မျက်နှာလေးကိုကွယ်၍ ...

“ဘာမှမဟုတ်တော့ဘူး .. ထားလိုက်တော့ ..”

“ဒါဆို ကိုယ်က ဘာမှမေးဖို့မလိုတော့ဘူးပေါ့ ..၊ နောက်ပြီးမှ တောင်းဆိုရင်မရတော့ဘူးနော် ..”

“မဟုတ်ဘူးလေ .. ကိုကြီးပဲ တစ်ညမစောင့်ရဘူး ဖြေပေးမယ်ဆိုတော့ .. သားပြောသမျှကို လိုက်လျောဖို့သေချာနေတာပဲမဟုတ်ဘူးလား..”

“ပြောသမျှဆိုတာတော့ .. ဟုတ်ချင်မှဟုတ်မှာပေါ့ ..”

“ဟင့်အင်း .. တစ်ခုတည်းပါ ..”

“သတိရသွားပြီလား ..”

“အင်း .. ဟိုလေ .. ကိုကြီး ..”

ထိုစဉ် တိတ်ကျသွားသည့်ဖုန်းက ထပ်မြည်လာသဖြင့် ရွှေထုပ်လေး အသံတိတ်သွားကာ ..၊

“ဖုန်းကိုင်လေ ကိုကြီး ..”

“ထားလိုက်ပါ .. မင်းရဲ့ ဘွားလေးတို့ပဲဖြစ်နေရင် မင်းနဲ့ကိုယ် အပြီးသတ်ဆွေးနွေးပြီးမှ သူမေးတာကို ကိုယ် ပြန်ဖြေနိုင်မှာ ..”

“အပြီးသတ်ဆွေးနွေးမယ် .. ဟုတ်လား ..”

“ဟုတ်တယ် အဲဒါကြောင့် မင်းပြောချင်တာကို အရင်ပြောခိုင်းနေတာ .. ပြီးရင် ကိုယ့်အလှည့် ..”

ရွှေထုပ်လေး မျက်နှာလေးတစ်ချက်ပျက်သွားသည်။ ပြီးမှ သူ့ကို မော့ကြည့်၍ ...

“သား ဘာမှမတောင်းဆိုပါဘူး၊ ဘွားလေးတို့နဲ့ သားတို့နှစ်ယောက် မိသားစုတစ်စုတည်းလို နွေးနွေးထွေးထွေး သာသာယာယာနေချင်တာ..”

“ဒါပဲလား ..”

“ဟုတ် ..”





“ဒါဆို .. ကိုယ်ဖြေမယ်၊ နွေးထွေးသာယာဖို့တော့ ပေးရှာ[illegible] မယ့် မင်း စိတ်ချမ်းသာအောင် ကိုယ်အတတ်နိုင်ဆုံး လိုက်လျောမယ်၊ ဥပမာ အဲဒီက ကိစ္စအဝဝကို ကိုယ်နဲ့သက်ဆိုင်မှုနေသလို သဘောထားပြီး ကိုယ့်ကို လိုအပ်လာရင် မငြိုမငြင်ပါဝင်ကူညီပေးတာမျိုး .. မင်းသွားချင်တဲ့အချိန် ကိုယ်လိုက်ပို့မယ် ..၊ ပြီးရင် ကိုယ်တိုင်လာခေါ်မယ်၊ ဘယ်တုန်းကမှ ဘာမှမငြိခဲ့ဘူးကြသလို ဝင်ထွက်သွားလာတာမျိုးတွေ..”

“ဟုတ် ..”

“ကိုယ် မင်းကို ဘယ်လောက်ထိ ကြင်နာယုယသလဲဆိုတာ မင်းကိုယ်တိုင်ခံစားယုံကြည်ပြီး ခုနပြောခဲ့တဲ့ နာကျင်မှုတွေဘာမှမရှိတော့အောင် မင်းကိုချစ်မယ် ..”

“ဟုတ် ..”

“ဘာလဲ .. ‘ဟုတ်’ ဆိုတာနဲ့ ပြီးသွားလို့မရဘူး၊ ကိုယ် အဲ့ဒီလို လိုက်လျောမှုတွေ မင်းကျေနပ်ပြီဆိုရင် ကိုယ်ပြောဖို့တွေလာဦးမှာ ..”

“ပြောလေ ..”

“ဒါဆို ကျေနပ်ပြီပေါ့ ..”

“ဟုတ် .. အဲ .. ကျေနပ်တယ် ..”

ခေါင်းလေးညိတ်၍ရယ်နေရင်း မြဲစေ က ငုံ့မိုးကြည့်နေသဖြင့် သူမမျက်နှာကို ငုံ့ပစ်မိသည်။ မြဲစေ က မေးဖျားလေးကို ပြန်မော့စေလျက် ..၊

“ကိုယ့်ကိုကြည့် ..”

လို့ပြောပြီးမှ ...

“ကိုယ် မင်းရဲ့စံအိမ်ကလူတွေနဲ့ မပတ်သတ်ချင်တာတွေထဲမှာ ဘယ်သူမှမသိတဲ့ အကြောင်းရင်းတစ်ခုရှိသေးတယ် .. အဲဒါက ..”

သူ စကားသံဆောတိတ်သွားကာ ရွှေထုပ်လေး ရဲ့ နှုတ်ခမ်းသားလေးတွေကို သူ့လက်မနဲ့ ဖွဖွလေးထိကိုင်နေ၏။ ပြီးတော့ ငုံ့နမ်းကာ..

“မင်းအတွက် အလိုအပ်ဆုံး ကိုယ်တစ်ယောက်ပဲဖြစ်နေချင်လို့..”

ဖုန်းသံနောက်ထပ်မြည်လာပေမယ့် သူ့ရဲ့ အဆုံးမဲ့အနမ်းများကို အချိုးဆေးရင်း ပြန်လည်တိတ်ကျသွားခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ...၊

"မင်းက တွယ်တာနေမယ့် ဘယ်သူ့ကိုဖြစ်ဖြစ် ကိုယ် နာလိုမှာ မဟုတ်ဘူး၊ အဲဒီတော့ ကိုယ့်ကို မင်းဘယ်လောက်ချစ်နိုင်သလဲဆိုတာ သက်သေပြမှဖြစ်မယ် .."

ရွှေထုပ်လေး ကြည်နူးသွားမိသည်။ ပြီးတော့ သူ့ရင်ခွင်ကျယ်မှာ မျက်နှာအပ်နစ်၍ နမ်းမိသည်။ ဘယ်လောက်ချစ်တဲ့သက်သေဆိုတာ ချစ်သူတို့ရဲ့ကုန်ဆုံးသွားတဲ့ နေ့ရက်တွေပဲမဟုတ်ဘူးလား ...။

အမှတ်တမဲ့ကျော်ဖြတ်ခဲ့တဲ့ နေ့ရက်တွေမှာ အဖြေမရှာမိခဲ့ဘူးဆိုလျှင် အနာဂတ်နေ့ရက်တွေကို မြန်မြန်ဆန်ဆန်ဝါးမျိုပစ်ရတော့မည်ထင်သည်။

သူမ တွေးနေတုန်းမှာ မြဲစေ က နဖူးချင်းထိကပ်ငုံ့၍ ...

"ဘယ်လိုလဲ .."

"ပြမယ် .."

"ခုလား .."

"သက်သေလေ .."

"မနက်ဖြန် .."

"ဘယ်လို .."

"မနက်ဖြန်တွေမှာ သက်သေရှိတယ် .."

"ဟွန်း .."

မြဲစေ က ပြုံးသွားပြီးမှ ရယ်လိုက်ကာ ...

"လည်ပါတယ် .. မင်းက ကိုယ့်ရဲ့ဆရာမကြီး .."

**ဝရိသတ်အတွက်**

**ထာဝရ**



www.burmeseclassic.com